လယ်တွင်းသား

# စောချစ်

## ရွှေကော်ဇော ရောနှောလို့ထိုင်



ဤ လယ်တွင်းသားစောချစ်၏ "ရွှေကော်ဇောရောနှောလို့ထိုင်" ဝတ္ထုကို
စာမူခွင့်ပြုချက်အမှတ်-၆၈၅/၉၆(၁၁)အရ ဦးညွန့်ဝေ(၀၅၄၂၅)၊ ပြုံးပန်းတစ်ရာပုံနှိပ်
တိုက်၊ ၂၀၁၊ ၃၀လမ်း၊ အလုံ၊ ရန်ကုန်မြို့မှပုံနှိပ်ပြီး၊ မျက်နှာဖုံး ခွင့်ပြုချက်အမှတ်-
၆၆၂/၉၆(၁၂)အရ ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်း ပုံနှိပ်တိုက် ၁၇၁၊ ၃၃လမ်း၊
ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး၊ ဦးလှဌေး (၀၁၁၈၃)၊ လှဌေးစာပေ- ၂၅၊ ၁၂၆လမ်း၊
ရန်ကုန်မြို့မှ ၁၉၉၇ခု၊ ဖေဖော်ဝါရီလတွင် အုပ်ရေ ၅၀၀ကို တန်ဖိုး ၂၀၀/ကျပ်ဖြင့်
ထုတ်ဝေလိုက်ပါသည်။

ဖြန့်ချိရေး- ပြုံးပန်းတစ်ရာစာပေ၊ ဖုန်း - ၂၄၅၃၆၀

လယ်တွင်းသား

# စောချစ်

## ရွှေကော်ဇော ရောနှောလို့ထိုင်







## အခန်း (၁)

မြင်နိုင်သောနေရာမှစပြီး သူ့ကိုမြင်ချင်သည်။ မြင်သည့်နှင့်ရင်မှာလှုပ်ရှားမှုလေးများကို ခံစားရမည်။ ရောက်မလာနိုင်သေးဟု သိသော်လည်း အကြည့်ကို လမ်းမှမခွာနိုင်။

မျဉ်းဝါကြားမှာ ကူးသန်းနေသော လူတန်းကြီးကို ဒေါ်လှပို ထမင်းဆိုင်မှာ ထိုင်၍ ကြည့်နေမိသည်။ နည်းနည်းစောသေး၍ ဒေါ်လှပို ထမင်းဆိုင်မှာ လူ မစည်သေး။ ဤအချိန်အရောက်လာထားမှ ထိုင်နေကျ ထောင့်စားပွဲလေးမှာ နေရာရသည်။ ဤစားပွဲမှ လှမ်းကြည့်လျှင် လမ်းမကြီးကိုမြင်ရသည်။

မျဉ်းဝါကြားမှာ ကူးသန်းနေသော လူတန်းကြီးကို တွေ့ရသည်။

"ဩော်... လူတွေနော် လှုပ်ရှားသွားလာ နေလိုက်ကြတာ... "

ဘာမှန်းမသိစွာ တွေးရင်း ထွေးမြင့် ရင်ထဲမှာ မောသလိုလို ခံစားရသည်။

အားလုံးမှာ သုတ်သုတ်ပြာပြာ သွားလာနေကြသည်။ ကားများကလည်း လမ်းမကြီးပေါ်မှာ ရေစီးကြောင်းကြီးလို ဒရောသောပါး စီးမျောနေကြသည်။ မျဉ်းဝါကြားနား ရောက်လျှင် ကားတန်းကြီးများ တုန့်သွားသည်။ တခါတရံ အတန်းလိုက်ကြီး ရပ်သွားသည်။

လူအုပ်ကြီး ဖြတ်ကူးနေသည်။ ဤလူအုပ်ကြီးထဲမှာပင် ဤမျဉ်းဝါကြားမှာ သူ့ကို စောင့်ပြီးရှာရမည် ဖြစ်သည်။ သို့သော် ခက်ခက်ခဲခဲ မရှိပါ။ သူလာလျှင် သိသာသည်။ လူအများကြားမှာပင် သူ့အလှက ပေါ်လွင်သည်။

တီ… တီ…

တီ… တီ… ။

ကားဟွန်းသံတွေ ဆူညံနေသည်။ ကားတန်းကြီး ဖြတ်သွားနေကြပြီ။ လူအများ ရပ်စောင့်နေကြရပြန်သည်။ ကားတွေကလည်း အလျင်လိုသည်။ မြန်သည်။ လူများကလည်း လောသည်။ အချို့ဆို မျဉ်းဝါကြားမဟုတ်သော နေရာမှပင် ဖြတ်ပြေးနေကြသည်။ ဟွန်းသံတွေ ဆူညံသွားပြန်သည်။

"ဩော်… ရန်ကုန်မှာရှိတဲ့ လူတွေ ကားတွေ အားလုံးဟာ… သုတ်သီးသုတ်ပျာနဲ့ အလျင်စလို ဖြစ်နေကြတာချည်းပါပဲလား… "

အညာကျေးလက်မှာ နေရခဲ့ရသည့် ငယ်ဘဝကို





ထွေးမြင့် တသမိသည်။ ဘွဲ့ရပြီးသည်နှင့် ဆရာ တစ်ယောက်၏ အကူအညီနှင့် ရန်ကုန်မှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးချုပ်မှာ စာရေးဝန်ထမ်း အလုပ်ရသည်။ နေဖို့ကလည်း ရုံးမှ ညွှန်ကြားရိပ်သာမှာ စောင့်ရှောက်ပေးရင်း ကိုယ့်အတွက် နေစရာ အခန်းတစ်ခုနှင့် ကုတင်တစ်လုံးရသည်။ နေစရိတ်နှင့်ဘတ်စ်ကားစရိတ် မကုန်သော်လည်း အညာမှ အစ်မထံသို့ ငွေတစ်ပြားမှ မပို့နိုင်။

မိဘမရှိတော့သော်လည်း အစ်မခမျာ ထွေးမြင့်ကို ဘွဲ့ရသည်အထိ ပညာသင်ပေးခဲ့ရှာသည်။ အစ်မတို့ မိသားစုမှာ စီးပွားရေး အဆင်ပြေသော်လည်း ကျေးဇူးတရားကို နားလည်စွာဖြင့် ငွေပို့ချင်သည်။ သို့သော် ကိုယ်တစ်ယောက်တည်းပင် လစာလေးနှင့် ချွေချွေတာတာ စားသုံးနေရသည်။

"လာကြပါ… ထိုင်ကြပါ… ထမင်းစားမှာလား… ကြက်သား၊ ဆိတ်သား၊ ဆိတ်ကလီဇာ၊ ငါးမြင်း၊ ငါးခူကြော်နှပ်၊ ငါးဘတ်မွှေ၊ ငါးသလောက်ပေါင်း ဘာသုံးဆောင်ကြမလဲ… ဟင်းစုံ ရပါတယ်… "

ဒေါ်လှပိုက ဟင်းများကို နှုစဉ်ရွတ်နေကြအတိုင်း အသံ တစာစာနှင့်ပြောနေသည်။

"ဟဲ့… စားပွဲရှင်းပေး… နေရာချပေး… လက်ဆေးရေပေး… "

ကောင်လေးများကိုလည်း လှမ်းအော်လိုက်သေးသည်။ နောက်ထပ် လူနှစ်ယောက် ဝင်လာပြန်သည်။

"လာပါခင်ဗျာ… ဒီဘက်မှာထိုင်ပါ… "

ကောင်လေးတစ်ယောက် နေရာချပေးနေသည်။ မကြာခင် ဆိုင်ထဲမှာ လူပြည့်သွားတော့မည်။

"ဒေါ်လှပို... သီးစုံချဉ်ရည်ဟင်း ချန်ထားဦးနော်... "

"အေးပါဟဲ့... သိပါတယ်... "

နေ့လည် ဆယ့်တစ်နာရီခွဲမှ ဆယ့်နှစ်နာရီခွဲတွင် ဒေါ်လှပိုဆိုင်မှာ လူစည်နေကျ။ ဒေါ်လှပို ဆိုင်က ဈေးသက်သာသည် တခါပြင်မှ သုံးဆယ်။ အစားနည်းလျှင်ဝသည်။ မဝလျှင် လိုက်ပွဲထပ်ယူ ငါးကျပ်။ ပန်းကန်သေးနှင့်ပေး၍ နည်းတော့ နည်းသည်။ အစားသန်လျှင် လေးဆယ်၊ ငါးဆယ် ကုန်မှဝမည်။ သီးစုံချဉ်ရည်ဟင်း တစ်ပန်းကန်ယူလျှင် တစ်ဆယ်ကျပ် ထပ်ကုန်မည်။

ဆိုင်ထဲသို့ နောက်ထပ် လူသုံးယောက် ဝင်လာပြန်သည်။ ထိုလူများကို ဒေါ်လှပို စိတ်ဝင်စားလိမ့်မည်။

ထွေးမြင့် စိတ်မဝင်စားနိုင်ပါ။ ထွေးမြင့် စိတ်ဝင့်စားသည်က လမ်းမပေါ်မှ မျဉ်းဝါကြား။ သူထိုင်နေကျနေရာမှ မြင်နိုင်သမျှ မျဉ်းဝါကြား၏ တစ်ဖက်ထိပ် လက်ဖက်ရည်ဆိုင်အထိ အကြည့်ကို စူးစိုက်လျက်။

ကဲသည်ဟု ဆိုချင်ဆို မြင်နိုင်သမျှ အစလေးမှစပြီး မြင်ချင်သည်။ ရင်ထဲမှာ မျှော်မောလေးကို ခံစားရသည်။ နှစ်သက်ဖွယ်ကောင်းသောအမော။ မျဉ်းဝါကြားမှာ လူတွေ ဖြတ်ကူးနေကြသည်။ တစ်ဖက်မှ ကူးသူများကို အာရုံစိုက်ပြီး ကြည့်နေသည်။ လာတော့မည်... ။





ရင်ထဲမှာ နွေးထွေးသော လှုပ်ရှားမှုလေးကို ခံစားရသည်။ နှစ်သက်ဖွယ်သောလှုပ်ရှားမှု။ ရုံးပိတ်ရက်များမှအပ နေ့တိုင်း ဤနေရာမှာ ဤသို့ထိုင်ပြီး ဤသို့မျှော်ရသည်။ အသေးစိပ် ခံစားရသည်လေးများအားလုံးက တန်ဖိုးကြီးမားလှသည်။

ဆိုင်ထဲသို့ လူများဝင်လာသံ၊ ခေါ်သံ၊ နေရာချပေးသံ၊ ဟင်းနာမည်များ ရေရွတ်သံတို့ကို ပုံမှန်အတိုင်း ကြားနေရသည်။ ကိုယ့်ဘေးနားမှ ခုံမှာပင် လူများရောက်လာကြပြီ။

သို့သော် ထွေးမြင့် လှည့်မကြည့်နိုင်။ မျဉ်းဝါကြားဆီသို့သာ အာရုံစူးစိုက်လျက်...

"ဟော... ဟော... ဟိုမှာ... သူ... သူ... သူလာနေပြီ.."

ကိုယ့်ရင်ထဲမှာတင် ဝမ်းသာ အားရစွာ ပြောနေမိခြင်းဖြစ်သည်။ အပျော်စိတ်၊ ကြည်နူးစိတ်နှင့် နှလုံးခုန်သံ စည်းချက်မြန်လာသည်။ မျှော်နေရသည့်ဆန္ဒ ပြည့်ဝသွားပြီ။

ကြည်စင်သောကောင်းကင်မှာ လမင်းကြီးကို မြင်ရသည်နှယ် တင့်ရွှန်းကျက်သရေ ရှိလှသည်။ အပျော်ကြောင့်လား၊ အမောကြောင့်လား၊ ခွဲခြားမနေနိုင်သော ပင့်သက်တစ်ရှိုက်ကို ရှူလိုက်သည်။

တစ်ဖက် ပလက်ဖောင်းပေါ်မှတဆင့် မျဉ်းဝါကြားပေါ်သို့ ရောက်လာပြီ။ လှပစွာ လျှောက်လှမ်း၍ လာနေပြီ။

"အို... မြင်နေရတာ ကျက်သရေရှိလိုက်တာ... "

ထွေးမြင့်ရင်ထဲမှာ မြည်တမ်းနေမိသည်။ အရပ်က သွယ်သွယ်မြင့်မြင့် သို့သော် ကျစ်လစ်သည်။ ဝတ်ဆင်ထားသည်

က အထက်အောက်ဆင်တူ အဝါရောင်မှာ အစိမ်းပွင့်သေးသေး လေးများပါသော ဝတ်စုံ။ နက်မှောင်ထူထဲ၍ အိအိထွေးထွေး ရှိသော ဆံပင်များက ကျောပြင်တစ်ဝက်လောက်ထိ ဝဲဖြာကျ လျက်။

မျဉ်းဝါကြားမှာ ဖြတ်သွားနေသော မိန်းကလေးဟူ သမျှမှာ သူသာ အလှဆုံး။ လမ်းလျှောက်သည်ကလည်း သူသာ ကြည့်အကောင်းဆုံး။ နွဲ့သည်လည်းမမည်၊ မာသည်လည်း မဟုတ်။ မြင်သူတကာကို စိတ်ဝင်စားအောင် ဆွဲဆောင်မှုအပြည့်။ ဤမြင်ကွင်းကို နေ့စဉ် ကြည့်မြင်ရသော်လည်း ကြည့်၍မဝ။

လမ်းမကြီး အလယ်သို့ရောက်လာပြီ။ ဖြတ်မောင်း သွားသော ကားတစ်စီးကြောင့် ရပ်စောင့်နေရရှာသည်။ ကိုယ့် ဖက်ကို မျက်နှာမူထားသည်မို့ ရှေ့ဖက်မှအလှကို စိတ်တိုင်းကျ ကြည့်ခွင့်ရသည်။ အချိုးအဆစ် ပြေပြစ်ကျနသည်။ ကားကို ရပ် စောင့်နေပုံလေးက ချစ်စရာ။ ဖြူဝင်းသော မျက်နှာလေးက အဝေးမြင်မှာပင် အလှပေါ်လွင်နေသည်။

ယာဉ်ထိန်းရဲက ခရာမှုတ်ပြီး လက်ပြ၍ ကားတန်း ကြီးကို အရပ်ခိုင်းလိုက်သည်။ မျဉ်းဝါကြားပေါ်မှ လူများ လမ်း တစ်ဖက်ဆီသို့ ဆက်ကူးလာကြသည်။ မိန်းကလေး၏ ခြေ တစ်လှမ်းတိုင်းကို ထွေးမြင့်စောင့်ကြည့်နေသည်။ မျဉ်းဝါကြား ဆုံးသွားပြီ။ ပလက်ဖေါင်းပေါ် လှမ်းအတက်မှာ ခြေသလုံး ကလေး ဝင်းကနဲ လျပ်ပျက်သွားသည်။

ပလက်ဖေါင်း အတိုင်း ဆက်လျှောက် လာနေပြီ။





အမြင်အာရုံကို ပို၍ ပို၍ နီးကပ်စွာ ခံစားရသည်။ ထမင်းဆိုင် ထဲသို့ ဝင်လာသည်။

ဒေါ်လှပို၏ ထမင်းဆိုင်လေး ပို၍ အရောင်တောက် သွားသည်။ ဆိုင်ထဲမှာ ရှိသူများ၏ မျက်လုံးအလင်းတန်းများ အားလုံး အဝါရောင်ဝတ်စုံလေးဆီမှာ သွားစုကြသည်။ အချို့က ထမင်းစားလက်စပင် ရပ်သွားသည်။

"တယ်လှပါလား.. " ဟု သူတို့ရင်ထဲမှာ မှတ်ချက် ချနေကြမည်ကို ထွေးမြင့် သိနေပါသည်။ အကြည့်များက စူးစူး ရဲရဲ။ ကြည့်လိုက်ကြလေ ကြည့်ကြ။ အကြည့်ဝန်တို မနာလိုခြင်း မဖြစ်မိ။ အဝါရောင်ကလေးက ထွေးမြင့် ထိုင်နေသော စားပွဲ ဘေးထိ ရောက်လာနေပြီ။

စောင့်နေသောထွေးမြင့်ကို ပြုံးပြသည်။ အချစ်၏ သင်္ကေတများပါ၍ သိပ်လှသော အပြုံး။

မိန်းကလေးက ပလပ်စတစ်အိတ်နှင့် ထည့်ထားသော ထမင်းဗူးလေးကို ထွေးမြင့်ရှေ့မှ စားပွဲပေါ်တင်လိုက်သည်။ ပြီး တော့ ကုလားထိုင်လွတ်မှာ ဝင်ထိုင်သည်။ ထွေးမြင့်နှင့် မျက်နှာ ချင်းဆိုင်။

ဘေးဝိုင်းများမှ အကြည့်မျက်လုံးများ သူတို့ဘာသာ သိမ်းဆည်းသွားကြသည်ကို ထွေးမြင့် သတိထားမိသည်။ ဘယ် သူ့အတွက် ဤမျှ လှနေရသည်ကို သိသွားကြပြီ။

"ဟင်း... ဟင်း... မှတ်ထား... အဲဒါ... ငါ... "

ချောမောလှပသော အေးမွန်၏ချစ်သူ ဖြစ်ရသည်ကို

ထွေးမြင့် ဂုဏ်ယူနေမိသည်။

လုပသော အပြုံးချင်းဖလှယ်ကြသည်မှ အပ တစ်ယောက်နှင့်တစ်ယောက် အထူးပြောစရာမရှိ။ စောင့်သူက ပုံမှန်အတိုင်း ဆယ့်ငါးမိနစ်ခန့် စောရောက်နေကျ။ လာသူက ပုံမှန်အတိုင်း ဆယ့်တစ်နာရီခွဲတွင် သူ့ရုံးမှထွက်သည်။ လမ်းဖြတ်ကူးရသည့် အချိန်ကြောင့် စောလျှင် ငါးမိနစ်။ နောက်ကျလျှင် ငါးမိနစ်။ နေ့စဉ်ကိစ္စမို့ ပုံမှန် အသားတကျ ရှိနေကြပြီ။

ဆိုင်မှကောင်လေးက သီးစုံချဉ်ရည်ဟင်း တစ်ပန်းကန် စားပွဲပေါ် လာချပေးသည်။ သီးစုံချဉ်ရည်ဟင်းနံ့ သင်းသင်းကြောင့် ထွေးမြင့် ထမင်းပိုဆာလာသည်။ သီးစုံချဉ်ရည်ဟင်းကလည်း သစ်သီးစုံနှင့် ပူပူလေးမို့ စားချင်စရာ။

"ဘာဟင်းစားမှာလဲ... "

စားပွဲထိုးကောင်လေးက ထွေးမြင့်အတွက် ဟင်းမေးခြင်းဖြစ်သည်။ ထွေးမြင့်က အေးမွန်ကို လှမ်းကြည့်သည်။

"ကြိုက်တာမှာလေ... "

အေးမွန်က ထွေးမြင့်ကို တာဝန် ပြန်လွှဲသည်။

"ငါးမြင်းစားမလား... "

"ငါးခူကြော်နှပ်... "

ဆိုင်မှကောင်လေးကို ထွေးမြင့် လှမ်းကြည့်လိုက်သည်။

"ငါးခူကြော်နှပ်နဲ့စားမယ်... "

အေးမွန်၏ ထမင်းဘူးလေးကို ထွေးမြင့် လှမ်းယူပြီး





ဖွင့်လိုက်သည်။ ထမင်းထဲမှာ တစ်ပိုင်းမြုပ်နေသော စတီးဇွန်းတစ်ချောင်းနှင့် ကြက်ဥဟပ်ဖရိုက်ကြော် နှစ်ခု။

တစ်ခုက ကိုယ့်အတွက်ဖြစ်သည်ကို ထွေးမြင့်သိနေသည်။ ဆိုင်မှကောင်လေးက ထမင်းပွဲ ဟင်းပွဲများ လာချပေးသည်။ ထွေးမြင့်က သူ့ပန်းကန်ထဲမှ ခက်ရင်းကိုယူ၍ အေးမွန်ထမင်းဘူးထဲမှ စတီးဇွန်းလေးကို တူးဖော်ပြီး အေးမွန်ကို ပေးသည်။

ကြက်ဥဟပ်ဖရိုက်တစ်လုံးကို သူ့ပန်းကန်ထဲသို့ ထည့်ယူလိုက်သည်။ ထမင်းဘူးလေးကို အေးမွန်ရှေ့သို့ ချပေးသည်။ ငါးခူကြော်နှပ် ပန်းကန်ကိုလည်း အေးမွန်ပန်းကန်နှင့် အနီးဆုံးရောက်အောင် တိုးပေးသည်။

ထမင်းစားရင်း တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။ ချစ်ရည်ရွှန်းလဲ့သော မျက်လုံး များမှာ အဓိပ္ပါယ်တွေ အများကြီးပါသည်။ မြတ်နိုးခြင်း၊ ကြင်နာခြင်း၊ နှစ်သိမ့်ခြင်း၊ အားပေးခြင်း။

ထမင်းစားရာမှာ နှစ်ဦးသား အကြိုက်ညီကြသည်က ဒေါ်လှပို၏ သီးစုံချဉ်ရည်ဟင်း ဖြစ်သည်။ နှစ်ယောက်စလုံး သီးစုံချဉ်ရည်ဟင်းကို အဓိက အားပြုစားကြသည်။ သီးစုံချဉ်ရည်ဟင်းမှာပင် ဇွန်းလက်ဆုံကြသည်။ ထိုသို့ လက်ဆုံတိုင်း တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး နှစ်ခြိုက်စွာ ပြုံးကြသည်။

ဒေါ်လှပိုဆိုင်မှ သီးစုံချဉ်ရည်ဟင်းကလည်း လူကြိုက်များ၍ နည်းနည်းနောက်ကျသည်နှင့် ကုန်သွားသည်။ ထို့ကြောင့်

ထွေးမြင့်က ကြို့ပြောထားရသည်။ သီးစုံချဉ်ရည်ဟင်းကို ကြိုက်၍သာမက သီးစုံချဉ်ရည်ဟင်းကို အကြောင်းပြုပြီး ဖြစ်ပေါ်လာရသော ကြည်နူးမှုကလေးများကို အဆုံးရှုံးမခံနိုင်။

"ကိုထွေးကို တိုင်ပင်စရာတစ်ခုရှိတယ်... "

ထမင်းစားပြီးသည်နှင့် အေးမွန်ထံမှ ပြောနေကျမဟုတ်သော စကားအဆန်း ကြားရသည်။ အေးမွန်ကို ထွေးမြင့်လှမ်းကြည့်လိုက်သည်။ တိုင်ပင်မည့် စကားကို စောင့်စားလျက်။

"မမသူဇာက သူတို့လုပ်နေတဲ့ တီသုံးလုံး ကုမ္ပဏီပြောင်းလုပ်ဖို့ မနက်က လာပြောတယ်... "

အေးမွန်က အေးအေးဆေးဆေး ပြောခြင်းဖြစ်သော်လည်း ထွေးမြင့်အတွက် အလေးအနက် စဉ်းစားစရာ ဖြစ်ရသည်။ မမသူဇာဆိုသူကို ထွေးမြင့် သိပါသည်။ ယခင်က အေးမွန်တို့ရုံးမှာပင် အေးမွန်နှင့်အတူ လုပ်ကိုင်ခဲ့သူ။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရုပ်ချောချော ဖြစ်သည်။ လွန်ခဲ့သော နှစ်လကမှ တီသုံးလုံး ကုမ္ပဏီသို့ အလုပ်ပြောင်းသွားခြင်း ဖြစ်သည်။

"ဒီအလုပ်က ထွက်ရမှာလား... "

မေးဖို့မလိုသော မေးခွန်းကို ထွေးမြင့် မေးမိခြင်း ဖြစ်သည်။ အေးမွန် ခေါင်းညိတ်ပြသည်။

"သူတို့ ကုမ္ပဏီက လခ ဘယ်လောက်ပေးမှာလဲ... "

"စစချင်း နှစ်ထောင့်ငါးရာတဲ့... ဝတ်စုံနှစ်စုံပေးမယ်... ဖိနပ်ဖိုးက ရှစ်ရာပေးမယ်တဲ့... ဝတ်စုံက နှစ်လတစ်ကြိမ် သုံးလတစ်ကြိမ်လောက် ပုံစံပြောင်းပြီး အသစ်ချုပ်ပေး





မယ်တဲ့... မမသူဇာတောင် ခုဆို နှစ်မျိုး လေးစုံရနေပြီ..."

အေးမွန်ပြောပုံမှာ စိတ်ဝင်စားမှုအပြည့် ဖြစ်နေသည်ကို ထွေးမြင့် သတိထားမိသည်။

"မမသူဇာကို ကြည့်ရတာ ပိုပြီးတော့လည်း ပြောင်ပြောင်လက်လက် ဖြစ်လာတယ် ကိုထွေးရဲ့... သုံးလလောက်လုပ်ပြီးရင် သူ့လခ သုံးထောင်ဖြစ်မယ်တဲ့... ပြီးတော့... သူတို့ ကုမ္ပဏီက သုံးလတစ်ခါ ခြောက်လတစ်ခါ မြတ်ရင်မြတ်သလို ဆုကြေးလည်း ပေးတယ်တဲ့... "

အေးမွန်မှာ မျှော်လင့်ချက်တွေ တပွေ့တပိုက်ကြီးနှင့် ဖြစ်နေသည်။

"အလုပ်က ဘာတွေလုပ်ရမှာလဲ... "

"ကောင်တာ အရောင်းတာဝန်ပေါ့... သူတို့ ကုမ္ပဏီက နိုင်ငံခြားနဲ့ ဖက်စပ်လေ... လူသုံးကုန်ပစ္စည်း၊ ဇိမ်ခံပစ္စည်းတွေပေါ့... အဲဒါတွေ ရောင်းရမှာ... ဒေါ်လာနဲ့လည်း ရောင်းတယ် ကျပ်ငွေနဲ့လည်း ရောင်းတယ်ဆိုတော့... နိုင်ငံခြားသားတွေလည်း လာဝယ်တာ ရှိတယ်တဲ့။ အလုပ်ခန့်ပြီးရင် အင်္ဂလိပ်လိုပြောလို့ရအောင် စပီကင်လဲ တက်ရမယ်တဲ့... "

"သူဇာမြင့်က တတ်သွားပြီလား... "

အေးမွန် ခေါင်းညိတ်သည်။

"သူ နည်းနည်းပါးပါး ပြောတတ်နေပြီတဲ့... "

"အေးမွန် ပြောရဲပါ့မလား... "

အေးမွန်ပုံလေးက နှိုးနှိုးအေးအေးမို့ ထွေးမြင့် မေးခြင်း ဖြစ်သည်။

"သင်ပေးရင်တော့ ပြောရဲမှာပေါ့.. မမသူဇာက ပြောတယ် ပြောရင်း အလေ့အကျင့် ရသွားမှာပါတဲ့... "

"အလုပ်ချိန်ကရော... "

"မနက် ရှစ်နာရီကနေ ညနေ ခြောက်နာရီအထိ၊ ဖယ်ရီကြိုမယ်... ပြန်ပို့ပေးမယ်... စနေနေ့လဲ အလုပ်ဆင်းရတယ်တဲ့... တနင်္ဂနွေတစ်ရက်ပဲ နားရတယ်... "

ထွေးမြင့် စိတ်ထဲမှာပင် တွက်ကြည့်သည်။ မနက် ရှစ်နာရီမှ ညနေ ခြောက်နာရီ တနေ့ အလုပ်ချိန် ဆယ်နာရီ။ ယခုရုံးမှာ မနက် ကိုးနာရီခွဲမှ ညနေ လေးနာရီခွဲအထိ တနေ့ အလုပ်ချိန် ခုနစ်နာရီ။ တချို့က မနက်ဆယ်နာရီခွဲမှ လာပြီး ညနေ လေးနာရီ ပြန်ချင်သည်လည်း ရှိသည်။ နေ့ခင်း ထမင်းစားချိန် တစ်နာရီခန့် နားသည်။ ဟိုသွား ဒီသွား ရှိသေးသည်။ လက်ဖက်ရည်သောက်တာနဲ့ အသုပ်စားတာနဲ့ ဆေးလိပ်သောက်တာနဲ့ စကားစမြည် ပြောကြတာနဲ့ တစ်ပတ်မှာ တကယ်လုပ်တဲ့အချိန်နာရီ နှစ်ဆယ်မှ ရှိပါ့မလား။ ထွေးမြင့် ကိုယ့်ဘာသာ ပြန်တွေးကြည့်ခြင်းဖြစ်သည်။ ကုမ္ပဏီမှာက တစ်ပတ်မှာ နာရီခြောက်ဆယ် လုပ်ရမည်။ ပြီးတော့ တကယ့်အလုပ်ချိန်အပြည့် လုပ်ရမည် ထင်သည်။

"အေးမွန်က လုပ်ချင်လို့လား... "

အေးမွန် ခေါင်းညိတ်ပြသည်။





"အိမ်မှာက တစ်လ သုံးထောင်လောက် ရရင်တောင် မြေးအဖွားနှစ်ယောက် ချွေချွေတာတာစားမှ လောက်မှာ ကိုထွေးရဲ့... ဖွားဖွားရှိတာလေးတွေ ရောင်းချပြီး ဖဲ့စားနေရတာ... ဖွားဖွားမှာလည်း ရောင်းစရာ အတွင်းပစ္စည်း သိပ်မကျန်တော့ဘူး... နောက်ပြီး ဒီအလုပ်ကို ရချင်တဲ့သူတွေ အများကြီးပဲ... မမသူဇာက ပြောတယ်... "

အေးမွန်မျက်နှာလေးကို ထွေးမြင့်လှမ်းကြည့်လိုက်သည်။

"ကောင်တာမှာ အရောင်းတာဝန်ဆိုတော့ အေးမွန် ရုပ်လှလို့လဲ လိုချင်တာ ဖြစ်မှာပေါ့.. "

"ဟုတ်ပါတယ်... မမသူဇာကလဲ ဒီလိုပြောပါတယ်... သူတို့ ဘော့စ်တွေကလည်း ရုပ်ချောချောလေးတွေပဲ ရှာပေးပါ.. လို့ ပြောတယ်တဲ့... "

"အဲ့ဒီလူတွေကရော... စိတ်ချရပါ့မလား... "

"အိုး... ကိုထွေးကလဲ... သူတို့က တကယ့် သူဌေးတွေ ကိုယ်နဲ့ တွေ့ဖို့တောင် မလွယ်ဘူး... ကိုယ်က အလုပ်ချိန် အတွင်း ကောင်တာမှာပဲ ရှိနေရမှာ... သူတို့နဲ့ ဆက်ဆံစရာအကြောင်းလဲ ဘာမှ မရှိပါဘူး... "

"သူ့တို့ ကုမ္ပဏီကို နိုင်ငံခြားသားတွေ စိတ်ဝင်စားစေချင်လို့ လှတဲ့ မိန်းကလေးတွေ ရချင်တာ ဖြစ်မှာပေါ့.."

အေးမွန်က မလုပ်ရသေးသော အလုပ်ဘက်မှ ကာကွယ် ပြောဆိုနေသည်။

"အေးမွန်က ဒီအလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်ထားပြီလား.."

အေးမွန် ခေါင်းညိတ်ပြသည်။

"ကိုထွေးရော သဘောတူတယ် မဟုတ်လား.. "

ကိုယ့်ဘာသာ အဖြေရှိပြီးဖြစ်လျက် မလိုသောအမေး ကို မေးသည်ဟု ထွေးမြင့် ခံစားရသည်။

မေးပုံကလည်း "သဘောတူတယ်မဟုတ်လား" နိမိတ် ပြပင်မဟုတ် သဘောတူခိုင်းခြင်းဖြစ်နေသည်။ တကယ်တော့ မတူဘူးဟုလည်း ပြောပိုင်ခွင့်မရှိ။ နော်ဇာရွှေကုံး တစ်နိုင်လုံးကို လုံးလုံး မယ်ထွေးမပိုင်သေးသောဘဝ။

ပြီးတော့ အေးမွန်ရမည့် အခွင့်ကောင်းကို ဟန့်တား သလို ဖြစ်ဦးမည်။ ထွေးမြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ သူ့အိမ်မှာ မစားလောက်၍ လိုသည်ကို ကိုယ်ကလည်း စိုက်ထုတ် ပေးနိုင်သည်မဟုတ်။

"ပြောလေ... ကိုထွေးလဲ သဘောတူတယ် မို့လားလို့... "

အေးမွန် မေးပုံက ချွဲချွဲလေး။

"မေးစရာမလိုပါဘူး အေးမွန်ရယ်... အေးမွန်အတွက် ပို ကောင်းမှာ အေးမွန်တိုးတက်မှာဆိုရင် ဘာမဆို သဘော ကျပါတယ်... "

"ကောင်းတယ် ဒါမှကိုထွေး.. "

အေးမွန် ဝမ်းသာသွား၍ စားပွဲပေါ်မှာရှိနေသော ထွေးမြင့်၏ လက်ကို သွယ်ပျောင်းသော သူ့လက်ချောင်းလေးများ နှင့် ဆုပ်ကိုင်ထားလိုက်သည်။





"ဒါဆို... မမသူဇာပေးထားတဲ့ လျှောက်လွှာပုံစံ ဖြည့်ပေး လိုက်တော့မယ်နော်... "

အေးမွန် တက်ကြွနေသည်။

"ဘယ်တော့လောက် အလုပ်ပြောင်းရမှာလဲ... "

"အမြန်ဆုံးတဲ့ ဒီလကုန်ရင်ပေါ့.. "

လကုန်ရန် ငါးရက်သာ လိုတော့သည်ကို လခထုတ် ရက်တွက်နေရသော ထွေးမြင့် အတိအကျ သိနေသည်။ စိတ်ထဲ မှာ စိုးရွံ့နေသလိုလို ခံစားရသည်။ သို့သော် ဘာကို စိုးရွံ့မှန်း ထွေးမြင့် ကိုယ့်ဘာသာမသိ။

"နေ့တိုင်း ဒီဆိုင်လေးမှာ ခုလိုဆုံခွင့်ရော ရဦးမှာလား.. "

"အို ကိုထွေးကလဲ... ဘာလို့ မဆုံရမှာလဲ... ကုမ္ပဏီဆိုင်နဲ့ ခုရုံးကလဲ ဘာဝေးတာမှတ်လို့... အခုလာနေကျ အချိန် အတိုင်း အေးမွန်လာမှာပေါ့.. "

အေးမွန်က ကြည်ကြည်လင်လင်နှင့် စိတ်ပါလက်ပါ ပြောနေရှာသည်။

"အေးမွန်နဲ့ခုလို ချစ်နေရတာလေး ပျက်သွားမှာကို သိပ် စိုးရိမ်တာပဲ... "

ထွေးမြင့်၏လေသံက အေးမွန်ကြားလောက်ရုံသာ ဖြစ်သည်။

"ဘာလို့ ပျက်ရမှာလဲ ကိုထွေးရယ်... မဟုတ်တာတွေ စိုးရိမ် မနေပါနဲ့... အေးမွန်ကသာ ကိုထွေးကို စိုးရိမ်ရမှာ... "

ထွေးမြင့် ခေါင်းရမ်းပြသည်။

"မစိုးရိမ်နဲ့... "

"ဒါဆို အေးမွန်ကိုလဲ မစိုးရိမ်နဲ့... "

အေးမွန်က ထွေးမြင့်လက်ကို ဆုပ်ကိုင်လိုက်သည်။ ထွေးမြင့်ကလည်း အေးမွန်၏ လက်ကလေးကို အပြန်အလှန် ဆုပ်ကိုင်ထားလိုက်သည်။

အချစ်နှင့်ထုံမွှမ်းနေသော ချစ်သူနှစ်ဦး၏ အကြည့်များသည် အချစ်မှအပ ဘာကိုမျှမသိသော မူးယစ်မေ့လျော့မှုများနှင့်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၂)

ချစ်သူနှင့်အတူ လက်ချင်းတွဲ၍ တော်ဝင်တံတားပေါ်သို့ တက်လာခဲ့ကြသည်။ ထွေးမြင့်ရင်ထဲမှာ အပျော်လှိုင်းများ၏ သွပ်ရှားမှုကြောင့် လေပေါ်မှာ လမ်းလျှောက်သလို ခံစားနေရ၏။ တံတား၏ အလယ်သို့ရောက်သောအခါ ညာဘက်သို့ လှမ်းကြည့်လိုက်သည်။ ဆူးလေစေတီတော်ကြီးကို ဖူးမြင်ရသည်။

"အေးမွန် ခဏရပ်ပါဦး... "

နှစ်ဦးသား တံတားအလယ်မှာ ရပ်လိုက်ကြသည်။

"ကြည့်ပါဦး ဆူးလေစေတီတော်ကြီး... "

အေးမွန် လှမ်းကြည့်ရင်း ခေါင်းညိတ်ပြသည်။

"လမ်းပေါ်ကို ကြည့်လိုက်ပါဦး... "

မော်တော်ကားလှလှလေးများ အောက်ဘက်မှာ ပြေးနေကြသည်။ ရန်ကုန်မြို့ကြီးကို အပေါ်စီးမှ မြင်နေရ၏။

"လှတယ်နော်... "

ထွေးမြင့်အသံက မြူးမြူးကြွကြွ။

အေးမွန်က ခေါင်းလေးညိတ်ပြသည်။ ချစ်သူနှင့်အတူ မြင်ရသော အဆောက်အဦးဟူသမျှ ကားဟူသမျှ လူဟူသမျှ ထွေးမြင့်အတွက် အားလုံးလှနေသည်။ အေးမွန် လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

အေးမွန်ထံမှ အကြည့်လေးတစ်ချက်နှင့်အတူ နုညက်သော အပြုံးပန်းလေးကို မြင်လိုက်ရ၍ ထွေးမြင့် သက်ပြင်း တစ်ချက် ရှိုက်လိုက်ရသည်။

"လာ... အေးမွန်... ရုပ်ရှင်ရုံထဲ ဝင်ကြစို့... "

အေးမွန်က ဘာမျှမပြော။ ချစ်စဖွယ်အကြည့်လေးနှင့် သဘောတူကြောင်းပြသည်။ အေးမွန်၏ အကြည့်တစ်ချက်တိုင်းသည် မြားတစ်စင်းဖြစ်၍ ထွေးမြင့်နှလုံးသားကို ထိမှန်သည်။ အေးမွန်၏ လက်ကလေးကို ဆုပ်ကိုင်၍ ရဲရင့်ရုပ်ရှင်ရုံဘက်သို့ လျှောက်ခဲ့ကြသည်။

ပြနေသည်က ကုလားကား။ ကိစ္စမရှိ။ ဘာကားဖြစ်ဖြစ်။ ချစ်သူနှင့်အတူထိုင်ပြီး ကြည့်စရာရှိနေဖို့သာလိုသည်။

ရဲရင့်ရုပ်ရှင်ရုံအောက်ရောက်တော့ လက်မှတ်ရုံရှေ့မှာ လူအများကြီး တွေ့ရသည်။ ထွေးမြင့်က လက်မှတ် နှစ်စောင်ကြိုတင် ဝယ်ထားပြီး ဖြစ်သည်။

ပွဲပြရန် လိုသေးသော်လည်း ရုံထဲသို့ ဝင်ခဲ့ကြသည်။ ရဲရင့်ရုံမှ ကိုမြမောင်၏ အကူအညီနှင့် အထူးတန်းနောက်ဆုံး အတန်းမှာ ထွေးမြင့်လက်မှတ် နှစ်စောင်ရခဲ့သည်။





ရုံထဲရောက်တော့ လူများများစားစား မရောက်သေး။ အထူးတန်းမှာ ပိုနည်းသေးသည်။ နောက်ဆုံး အတန်းမှာ တယောက်မျှပင် မရှိသေး။

"ကောင်းတယ်... "

ထွေးမြင့်ရင်ထဲမှာတင် ပြောလိုက်ခြင်းဖြစ်သည်။

ခုံနံပါတ်က ငါးနှင့်ခြောက်။ နှစ်ယောက်အတူ ဘေးချင်းယှဉ်၍ ထိုင်လိုက်ကြသည်။ ပထမဆုံးအကြိမ် ချစ်သူနှင့်အတူ ရုပ်ရှင်ရုံထဲမှာ ထိုင်ဘူးခြင်း ဖြစ်သည်။

ယခင်က တစ်ကြိမ် ခေါ်ဘူးသည်။ အေးမွန် ငြင်းသည်။ အခွင့်အရေးယူချင်သည် ထင်မှာစိုး၍ ထွေးမြင့် ထပ်မပြောခဲ့။ အခုတစ်ခါမှာတော့ အေးမွန်ကပင် စနေတစ်ရက်ကိုထွေးအတွက် အချိန်ပေးမည်ဟု ပြောလာသည်။

ကုမ္ပဏီမှာ အလုပ်ပြောင်းလျှင် စနေနေ့များ အားတော့မည်မဟုတ်။ တနင်္ဂနွေပိတ်ရက်မှာလည်း လျှော်ရ ဖွပ်ရ အိမ်မှုကိစ္စ လုပ်ရမည်ဟုဆိုသည်။ ကုမ္ပဏီသို့မပြောင်းခင် စနေတစ်ရက် အခွင့်အရေးပေး၍ ရုပ်ရှင်လက်မှတ် အပြေးအလွှား စီစဉ်ရခြင်းဖြစ်သည်။

လက်တန်းပေါ်မှာတင်ထားသော အေးမွန်၏ လက်ကလေးက ဆုပ်ကိုင်ချင်စဖွယ် ဖြူသွယ်သန့်စင်သည်။ ဘေးဘက်မှ အေးမွန်၏ မျက်နှာလေးကို ထွေးမြင့်လှည့်ကြည့်လိုက်သည်။

အေးမွန် ပြန်ကြည့်သည်။

"ချောလိုက်တာ... "

ထွေးမြင့်က တိုးတိုးပြောတော့ အေးမွန်မျက်လွှာလေး ချသွားသည်။

"ပို့ချစ်စရာကောင်းသွားတယ်... "

အေးမွန် မနေတတ်တော့၍ ထွေးမြင့် ပေါင်ကိုထု သည်။

"ထပ်ထုဦး... "

အေးမွန်က မထုတော့ပဲ ထွေးမြင့်ပခုံးကို ရိုက်သည်။

"အင်း... လောကမှာ ခံချင်စရာ အကောင်းဆုံး အထု အရိုက် များပါပဲ... "

ထွေးမြင့်က ကျေနပ်နှစ်သက်စွာ ခံယူနေ၍ အေးမွန် ဆက်ပြီး မထုချင်တော့ပါ။

"ကိုထွေးက သိပ်ပြောတတ်တာပဲ... "

နှစ်ယောက်စလုံး ပျော်နေကြသည်။

"ဩော်... ခဏနေခဲ့ဦးနော်... မေ့လိုက်တာ... "

ထွေးမြင့် နေရာမှထ၍ အပြင်သို့ ခပ်သွက်သွက် ထွက် သွားသည်။ အေးမွန် မတားလိုက်နိုင်။ ဘာမှန်းလည်းမသိ၍ တစ်ယောက်တည်း ထိုင်ကျန်ရစ်သည်။ ခဏအတွင်းမှာပင် ထွေးမြင့် ပြန်လာသည်။

လက်ထဲမှာ နေကြာစေ့ နှစ်ထုပ်ပါလာသည်။ ရုပ်ရှင် အတူကြည့်သော ချစ်သူများ၏ အချစ်သင်္ကေတ နေကြာစေ့ လေးများ အခွံခွာပေးကြသည်ကို ဖတ်ဖူး ကြားဖူး၍ ဖြစ်သည်။

"ရော့... "





ထွေးမြင့်က သူ့နေရာမှာ ပြန်ထိုင်ရင်း နေကြာစေ့ တစ်ထုပ်ကို အေးမွန်လက်သို့ ပေးသည်။

"ဩော်... ကိုထွေးရယ် အေးမွန်အိတ်ထဲမှာ ပါတယ်... "

"သိမှမသိဘဲ... အဲဒါထားလိုက်... ဒါစား... "

ထွေးမြင့်က သူ့နေကြာစေ့ထုပ်ကို စဖောက်နေပြီ။ ပြီး တော့ နေကြာစေ့လေးများကို အခွံခွာနေသည်။ အေးမွန်က သူ့ နေကြာစေ့ထုပ်ကို မဖောက်သေး။ ထွေးမြင့် သဘောကျသည်။ ကိုယ်က အရင်ပေးခွင့် ရချင်သည်။

သို့သော် နေကြာစေ့ အခွံနွှာနေသော ထွေးမြင့်၏ လက်ထဲသို့ အေးမွန်က ခဲပတ်ခွာပြီးသား ချောကလက်ပြားလေး ထည့်ပေးသည်။

"ဟာ သူက အရင်ဦးသွားပြီ... "

ထွေးမြင့်က ချောကလက်ပြားလေးကို ပါးစပ်ထဲသို့ ထည့်လိုက်ပြီး အေးမွန်လက်ထဲသို့ အခွံနွှာပြီးသား နေကြာစေ့ လေးများထည့်ပေးလိုက်သည်။

များများမရသေး။ ခုနစ်စေ့ခန့်သာ ရှိသေးသည်။ အေးမွန်က လက်ခံရယူပြီး သဘောကျစွာ ပြုံးနေသည်။

ချောကလက်ခံစားမှုနှင့်နေကြာစေ့ခံစားမှု။

ရုံထဲမှာ လူများပြည့်လာပြီ။ မီးပွင့်လေးများ တဖြည်း ဖြည်း ပိတ်သွားကြပြီ။ ရုံထဲမှာ အမှောင်ထု လွှမ်းသွားသည်။

အေးမွန်လက်ကလေးကို ဆုပ်ကိုင်လိုက်ရုံနှင့် ရင်ခုန် သံတွေက မြန်လွန်းနေသည်။ ပခုံးချင်း ထိနေကြသည်။ အိထွေး

နူးညံ့သော အတွေ့နှင့်အတူ သင်းသင်းမွှေးသော ရနံ့လေးကိုပါ ရနေသည်။

ရုပ်ရှင်ဇာတ်ကားက စတင်ပြနေပြီ။ သတို့သမီးနှင့် သတို့သားတို့၏ ကြီးကျယ်ခမ်းနားသော လက်ထပ်ပွဲနှင့် ဇာတ်ကားကို စထားသည်။

သတို့သမီးက ကုလားမချောချောလေး။ သို့သော် အေးမွန်လောက် ချောသည်ဟု ထွေးမြင့်မထင်။

"တွေ့လား.. ကုလားမင်းသမီးထက် ပိုချောတဲ့ မိန်းကလေးကို ချစ်သူအဖြစ်နဲ့ ရထားတဲ့ကောင်... "

ထွေးမြင့်က လက်မထောင်၍ သူ့ကိုယ်သူ ဂုဏ်ယူလိုက်သည်။

"မဟုတ်ပါဘူး.. သူက ပိုချောပါတယ်... "

အေးမွန်က ပိတ်ကားပေါ်မှ မင်းသမီးလေးကို လက်ညှိုးထိုးပြသည်။ သတို့သမီးရော သတို့သားပါ ဝတ်စုံအဖြူနှင့် ဖြစ်သည်။ သတို့သမီး၏ နဖူးမှာ ဆေးနီစက်လေး ပါသည်။

"ဘယ်ကလာ ပိုချောရမှာလဲ အေးမွန်တစ်ဝက်တောင် မမှီဘူး... "

"သေချာတာကတော့ ဟိုသတို့သားထက် ကိုထွေးက ပိုလှတယ်... "

အေးမွန်က ပိတ်ကားပေါ်မှ သတို့သားကို ပြသည်။ သတို့သားက အသားမည်း၍ ဝတ်စုံအဖြူက ပေါ်လွင်နေသည်။ လည်ပင်းမှာ ပန်းကုံးအနီကိုလည်း ဆွဲထားသေးသည်။





"ဟုတ်တယ်... သိပ်သေချာတယ်... "

ထွေးမြင့်က မငြင်းရုံမက အားရပါးရ ထောက်ခံ၍ အေးမွန်ထံမှ ရယ်သံလေး ထွက်လာသည်။

သတို့သားနှင့် သတို့သမီးမှာ ချမ်းသာသူများ ဖြစ်ဟန်တူသည်။ မင်္ဂလာဆောင်က တော်တော် ကြီးကျယ်ခမ်းနားသည်။

မင်္ဂလာဆောင်ပြီးတော့ ပန်းကုံးများနှင့် အလှဆင်ထားသော ကားအဖြူလေးမှာ သတို့သားနှင့် သတို့သမီး ပါသွားကြသည်။

ထွေးမြင့်နှင့်အေးမွန် အားကျစွာ ကြည့်နေကြသည်။ ကိုယ့်ဘဝက သူတို့နှယ် မင်္ဂလာဆောင်ရန် မလွယ်။ သူတို့နှယ် စီးစရာ ကားမရှိ။

ကားအဖြူလေးက ခြံဝန်းကျယ်ကြီးတစ်ခုအတွင်း ဝင်သွားသည်။ ခြံထဲမှာ သစ်ပင်ပန်းပင်များ၊ စိမ်းလန်းသော မြက်ခင်းပြင်ကြီးများ၊ လှပသောလမ်းများနှင့် ခမ်းနား တင့်တယ်သည်။

ကားအဖြူလေးက ကြီးမားလှပသောတိုက်အိမ်ကြီး၏ ဆင်ဝင်အောက်မှာ ရပ်သွားသည်။ သူတို့နေဖို့ အိမ်ကြီးဖြစ်မည် ထင်သည်။ သတို့သားနှင့် သတို့သမီး အိမ်ကြီးထဲသို့ အတူဝင်သွားကြသည်။

ခမ်းနားသော ဧည့်ခန်းကျယ်၊ ခမ်းနားသော ထမင်းစားခန်းတို့ကို ဖြတ်ပြီး၊ ခမ်းနားသော လှေကားကြီးအတိုင်း အပေါ်သို့ တက်သွားကြသည်။

အိပ်ခန်းကျယ်ကြီးထဲမှာ အိစက်ညက်ညောသော နှစ်ယောက်အိပ် ခုတင်ကြီးက မင်္ဂလာသတို့သားနှင့်သတို့သမီးတို့ကို စောင့်ကြိုလျက်။

ကြည့်နေရင်းနှင့် ထွေးမြင့်ရင်ထဲမှာ သတို့သားနှင့်သတို့သမီးကို သူနှင့်အေးမွန်အဖြစ် မြင်လာသည်။

သတို့သားက သတို့သမီးကို ပွေ့ဖက်လိုက်သည်။ သတို့သမီးက သတို့သားရင်မှာ နွဲ့နွဲ့လေး ကပ်မှီလျက်။ နှစ်ဦးသား အိစက်ညက်ညောသော မွေ့ရာကုတင်ကြီးပေါ်မှာ ထိုင်လိုက်ကြသည်။ သို့သော် ပွေ့ဖက်ထားသည်က မပျက်။

သတို့သားက သတို့သမီးကို နမ်းသည်။ နှစ်ဦးသား တင်းကျပ်စွာ ပွေ့ဖက်ထားလျက် အိပ်ရာကုတင်ပေါ်မှာ လဲကျသွားကြသည်။ သတို့သား၏လက်က အိပ်ရာကုတင်ဘေးရှိ စားပွဲပေါ်မှ မီးခလုပ်ကို နှိပ်လိုက်သည်။ မှောင်အတိ ကျသွားသည်။

အေးမွန်၏ လက်ကလေးကို ထွေးမြင့်တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်မိသည်။ အောက်ထပ်မှ အသံသေး အသံကြောင်နှင့် အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ထွေးမြင့် သက်ပြင်းချလိုက်မိသည်။

"ကိုယ့်ဘဝက သူတို့နှယ် ပြည့်စုံသော် ကောင်းလေစွ" ဟု တမ်းတမိသည်။

သူတို့လို ခမ်းနားစွာ မင်္ဂလာဆောင်ချင်သည်။ သူတို့လို စီးစရာ ကားရှိချင်သည်။ ပြီးတော့ သူတို့လို ခြံကျယ်ကြီးထဲမှ





အိမ်ကျယ်ကြီးမှာ အေးမွန်နှင့် နှစ်ယောက်အတူ လွတ်လပ်စွာ နေချင်သည်။

သို့သော် ကိုယ့်ဘဝက သူတို့နှင့် တခြားစီ။ အေးမွန်ရော ရုပ်ရှင်ထဲမှ သတို့သား သတို့သမီးတို့၏ ကြီးကျယ်ခမ်းနားသော ချမ်းသာကြွယ်ဝမှုကို အားကျနေလေမလား။

အေးမွန်ဖက်သို့ လှည့်ကြည့်သည်။ အေးမွန်ကတော့ ပိတ်ကားဆီသို့ ကြည့်လျက်။

"အို... ကြမ်းလှချည်လား... "

အေးမွန်၏ ညာဖက်အစွန်မှ ခုံနံပါတ် (၁) နှင့် (၂) မှာ ထိုင်နေကြသော အတွဲသည် သတို့သမီးနှင့် သတို့သား မီးပိတ်သွားသည်ကို အားကျဟန် တူပါ၏။ တစ်ဦးနှင့်တစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ပြီး မျက်နှာချင်း ထိကပ်နေကြသည်။

အေးမွန်ကို ထွေးမြင့် သိပ်ချစ်ပါသည်။ သို့သော် ထိုသို့ မပြုချင်။ လက်ကလေးကို ဆုပ်ကိုင်ပြီး ရင်ခုန်ရသော အမောမျှကိုသာ သဘောကျသည်။

ရုပ်ရှင်ရုံထဲမှာ ဘေးလူများအမြင်တွင် မိန်းကလေး၏ ဂုဏ်သိက္ခာကို မထိခိုက်စေချင်။ အေးမွန် ထိုဘက်သို့လှည့်ကြည့်ပြီး မြင်မည်ကိုပင် စိုးရိမ်မိသည်။ ထောင့်စွန်းမှ အတွဲကတော့ ပတ်ဝန်းကျင်ကို လုံးဝ ဂရုမစိုက်တော့ပါ။

"ဟင် အရှက်အကြောက် နည်းလိုက်ကြတာ... "

ထွေးမြင့် စိတ်ပျက်မိသည်။ သူတို့ကိုမြင်ရသည်မှာ အချစ် ခံစားချက်မဟုတ်။ ရမက်လွန်ကဲမှုများ ဖြစ်နေသည်။ သူတို့ကို မကြည့်ချင်တော့၍ ပိတ်ကားဆီသို့ အာရုံပြောင်းလိုက်သည်။

မင်းသား မင်းသမီး ကုလားလို ပြောနေကြသည်။ ဘာမှ နားမလည်။ ကုလားကား ထုံးစံအတိုင်း အဆိုအက အမျိုးစုံကိုလည်း ကြည့်ရသည်။ ဇာတ်လမ်း အဆက်အစပ်ကို သိပ် နားမလည်ပါ။ ကုလားမင်းသမီးလေး၏ အလွမ်းခံစားချက်များကိုလည်း မြင်ရသည်။

အိပ်ရာကုတင်ကြီးပေါ် မှာအိပ်လျက် မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျနေသည်။ သူ့ယောက်ျားကို မတွေ့ရ၊ ဘာကြောင့်ငိုမှန်းမသိ။ အေးမွန် အာရုံ စူးစိုက်စွာ ကြည့်နေသည်။ ကုလားမင်းသမီးလေးကို သနားနေဟန်တူသည်။

"အေးမွန်... "

ထွေးမြင့် တိုးတိုးလေး ခေါ် လိုက်သည်။

"ကိုထွေး... "

အေးမွန်က ပြန်ခေါ်ခြင်းဖြင့် ထူးလိုက်သည်။

"သနားနေလား... "

အေးမွန်ခေါင်းညိတ်ပြသည်။

"နားလည်လို့လား... "





အေးမွန် ခေါင်းရမ်းပြ၍ နှစ်ဦးသား ရယ်ကြရသည်။ ဘေးခွန်မှ အတွဲကတော့ ဝမ်းနည်းစရာလည်း သိမည်မထင်၊ ဝမ်းသာစရာလည်း စိတ်ဝင်စားမည်မဟုတ်။ ရမက်ကျွန်အဖြစ်မှ မတော်လှန်နိုင် ဖြစ်နေသည်။

အချစ်၏ မြင့်တက်မှု အထွတ်အထိပ် ရောက်လျှင် ရမက်သို့ ကူးပြောင်းသွားမည် ဖြစ်သော်လည်း ရမက်သည် အချစ်၏ သိမ်မွေ့နူးညံ့သော အလှတရားများကို သေးနုတ်သွားစေသည်ဟု ထွေးမြင့် စဉ်းစားနေမိသည်။

အေးမွန်ကို သန့်ရှင်းစင်ကြယ်စွာ ချစ်ချင်သည်။ ချစ်သူဘဝမှာ အချစ်၏ သိမ်မွေ့နူးညံ့သော အလှတရားများကို အေးမွန်နှင့်အတူ အပြည့်အဝ ခံစားချင်သည်။

"ငါ့ချစ်သူက သာမန်မဟုတ်ဘူး.. သိပ်လှ သိပ်ချစ်စရာကောင်းတဲ့ မိန်းကလေး... "

ဘေးမှာရှိနေသော အေးမွန်အပေါ် အကြင်နာစိတ်များ ကြီးမားစွာ ဖြစ်ရသည်။ တင်းတင်းဆုပ်ထားသော လက်ကလေးကို ပို၍ တင်းအောင် ဆုပ်ကိုင်လိုက်မိသည်။ အေးမွန် လှည့်ကြည့်သည်။ ရုပ်ရှင်ရုံ အမှောင်တွင်းမှာ လင်းလက်သော မျက်လုံးများ အကြည့်ခြင်း ဆုံကြရသည်။

ရင်တွင်းမှာ တင်းကျပ်လာသော ခံစားမှုများကြောင့် နှစ်ယောက်စလုံး သက်ပြင်း ဖြိုင်တူ ချမိကြသည်။ ဆုပ်ကိုင်ထားသောလက်များမှာ ချွေးစေးလေးများနှင့် စွတ်စိုလာကြသည်။

ရုပ်ရှင်ကြည့်ရင်း အကြည့်ချင်းဆုံရ၊ ရင်ခုန်ရ၊ လက်ချင်းဆုပ်ကိုင်ရင်း သက်ပြင်းမောလေးတွေချရ၊ အချစ်၏ သိင်္ဂါရရသများကို ရင်နှင့်အပြည့် ခံစားကြရသည်။

ချစ်သူနှစ်ဦးအတွက် မမေ့နိုင်စရာ ကြည်နူးခဲ့ရသော အချစ်နေ့ကလေး ဖြစ်ပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၃)

"ဖွားဖွား… အေးမွန်ကို ကြည့်ပါဦး… "

"ဟယ်… လှလိုက်တာ မြေးရယ်… "

အဖွားက သူ့မျက်လုံးလေးများ ပြုံးဝိုင်းနေအောင် ကြည့်ရင်း အံ့သြ သဘောကျနေသည်။ အေးမွန်က ကုမ္ပဏီမှ ပေးသော ဝတ်စုံအသစ်ကို ဝတ်ပြီး ဖွားဖွားရှေ့မှာ လမ်းလျှောက်ပြသည်။

ရပ်ပြီး တစ်ပတ်ပြန်လှည့်လိုက်တော့ ကျောပြင်ထက်မှ ဆံပင်များ ဝဲဖြာသွားသည်။ ရွှေအိုရောင်မှာ အဖြူရောင်ကော်လံ၊ အဖြူရောင် ရင်စေ့အနားနှင့်အဖြူရောင် ခါးစည်းပါသော အထက်အောက် တဆက်တည်း ချုပ်ထားသည့် ဝတ်စုံဖြစ်သည်။

"စကပ် အပြာရင့်၊ ခါးပတ် အဖြူ၊ အပေါ်အင်္ကျီ အပြာနုတစ်စုံရှိဦးမယ် ဖွားဖွားရဲ့… "

"လှတယ် မြေးရယ်... နေပါဦး ဒီဝတ်စုံက ဘယ်လောက်ပေးရတာလဲ မြေးရဲ့... "

"တစ်ပြားမှ မပေးရဘူး အလကားပေးတာ... နောက်တစုံလဲ တစ်ပတ်အတွင်း ပေးဦးမှာ... "

"ဩော်... ဟန်ကျလိုက်တာ မြေးရယ်... ကိုယ်ဘာသာချုပ်ရင် အများကြီးကျမှာ... "

"ကျတာပေါ့ ဖွားဖွားရဲ့... ဒီမှာ ကြည့်ပါဦး... ကန်တော့နော် ဖွားဖွား... "

ကတ္တီပါအနက်ခုံမှာ ရွှေရောင်ကြိုးများနှင့် ကွင်းထိုးထားသည့် ဒေါက်မြင့် ဖိနပ်ဖြစ်သည်။

"အင်း ဖိနပ်ကလဲ အကြီးကြီးပါလား... "

"မကြီးပါဘူး ဖွားဖွားရဲ့... "

အေးမွှန်က စီးပြသည်။ ခြေထောက်နှင့် အတော်ပင်ဖြစ်သည်။ ခွာဒေါက်က မြင့်နေ၍ အကြီးကြီး ထင်ရခြင်း ဖြစ်သည်။

"ဒီမှာကြည့် ဖွားဖွား... "

အေးမွှန် ကြော့ကြော့ကြွကြွလေး လမ်းလျှောက်ပြသည်။

"လှလိုက်တာ မြေးရယ်... မြေး ဖေဖေနဲ့မေမေ မြင်စေချင်လိုက်တာ... မြေးရဲ့မေမေနဲ့တူလို့ မြေးကလှတာ... မြေးမေမေကလဲ သိပ်လှတဲ့ မိန်းမ... "

ဖွားဖွား ဒေါ်အေးချစ်ခမျာ အေးမွှန်ကို ကြည့်ပြီး သူ့သမီးကို သတိရနေရှာသည်။

"မေမေက လှမှာပေါ့... ဖွားဖွားကလှတာကို... "

အေးမွှန်က ဖွားဖွား၏ သေးသွယ်သောကိုယ်လေးကို ဖက်ထားလိုက်သည်။

"အင်း အင်း... ဖွားဖွားက ခုတော့ အဖွားအိုကြီး ဖြစ်နေပါပြီ မြေးရယ်... "

"အဖွားအိုကြီး မဖြစ်သေးပါဘူး... မြေးနဲ့အတူ အသက်အရှည်ကြီး နေရဦးမှာနော် ဖွားဖွား... "

"အေးပါ မြေးရယ်... နေမှာပါ... မြေးအိမ်ထောင်ကျပြီး... စိတ်ချ မျက်နှာလွှဲရမှ ဖွားဖွား သေပါ့မယ်... "

"ဟင့်အင်း အဲဒီကျရင်လဲ မသေရသေးဘူး... "

"အေးပါ မြေးရယ်... မသေသေးပါဘူး... မြေးအလုပ်က ဘယ်တော့ ပြောင်းရမှာလဲ... "

"အခုလာမယ့် တနင်္လာနေ့... "

"အလုပ်က ပင်ပန်းမှာလား မြေးရယ်... "

"မပင်ပန်းပါဘူး ဖွားဖွားရဲ့ အခုထက်တောင် သက်သာဦးမယ်... "

"ကောင်းတာပေါ့ မြေးရယ်... ပိုက်ဆံလဲ ပိုရ ပိုလဲသက်သာ ငါ့မြေးလေး ကံကောင်းလိုက်တာ... "

"လခအပြင် လက်ဆောင်တွေလဲ ရဦးမှာ... အပိုဆုကြေးတွေလဲ ရဦးမှာ... "

အေးမွှန်က ထပ်ဖြည့်သည်။

"ကောင်းတာပေါ့မြေးရယ်… "

ကလေးနှယ် ပျော်မြူးစွာပြောနေသော အေးမွန်ကို ကြည့်ပြီး ဒေါ်အေးချစ် သဘောကျနေသည်။

"အရင်ကလို ဘတ်စ်ကားခလည်း မကုန်တော့ဘူး ဖွားဖွား ရဲ့… "

"ဘာဖြစ်လို့ မကုန်တာလဲ… "

"သူတို့က ကားနဲ့လာကြိုမှာ ညနေလဲ ကားနဲ့ပြန်ပို့မှာ… "

"ဩော်… ဟန်ကျလိုက်တာ မြေးရယ်… ကျန်းမာ ချမ်းသာ ကြပါစေတော်… "

ဒေါ်အေးချစ်က ဘယ်သူမှန်းမသိသူများကို ဆုတောင်းမေတ္တာ ပို့နေသည်။

"မမသူဇာကပြောတယ်… ရေခဲမုန့်တို့ ချောကလက်တို့ လက်ဆောင်ရတယ်တဲ့…အဲဒီကျမှ ဖွားဖွားကို ချောကလက် အကောင်းစားတွေ ကျွေးမယ်နော်… "

"ဩော်… မြေးရယ်… "

ဒေါ်အေးချစ်မှာ သိပ်လိမ္မာသော မြေးချောလေးကို ကြည့်၍ ပီတိဖြစ်နေရှာသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၄)

ယနေ့ တနင်္လာနေ့။

အေးမွန် အလုပ်စ ပြောင်းသောနေ့ဖြစ်သည်။ နေ့လည် ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ်မှာ ထွေးမြင့် ပုံမှန်အတိုင်း ဒေါ်လှပို ထမင်းဆိုင်ရောက်သည်။ ထိုင်နေကျစားပွဲလေးမှာ ထိုင် ပြီး အေးမွန်လာမည့် မျဉ်းဝါကြားဆီ ကြည့်ရင်း မျှော်သည်။

ကားများ လူများ ခါတိုင်းလိုပင် ရှုပ်ရှက်ခတ်အောင် သွားလာနေကြသည်။ မရပ်မနား သွားလာနေကြသည်။ ဤမျှ များပြားသော ကားများကို အံ့ဩနေမိသည်။ သို့သော် ဤမျှ များ ပြားသော ကားများတွင် ကိုယ့်မှာ ကားမရှိသည်က ပို၍ အံ့ဩ စရာကောင်းသည်ဟု တွေးပြီး ထွေးမြင့်ပြုံးမိသည်။

ဒေါ်လှပို၏ ဆိုင်ထဲမှာ တဖြည်းဖြည်း ထမင်းစားသူ များ များလာသည်။ လက်မှနာရီကို ကြည့်လိုက်သည်။ ၁၁ နာရီ

ခဲ့ပြီ။ အေးမွန်လာတော့မည်။ မျဉ်းဝါကြားဆီသို့ ပို၍ အာရုံ စူးစိုက်ထားလိုက်သည်။

"အို... ဟိုမှာ... "

မျဉ်းကြားပေါ်မှာ သွယ်သွယ်မြင့်မြင့် အမျိုးသမီး တစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။ သို့သော် အချိုးအဆစ်မကျ၍ အေးမွန်မဟုတ်။

နောက်တစ်ယောက်။ အချိုးအဆစ်ကျသည်။သို့သော် သွယ်သွယ်မြင့်မြင့် မဟုတ်။

နောက်တစ်ယောက် တွေ့ရပြန်ပြီ။ သွယ်သွယ်မြင့်မြင့် ဖြစ်သည်။ အချိုးအဆစ် ကျသည်။ လှသည်။ သို့သော် လမ်းလျှောက်ပုံက ဝင့်ဝင့်ကြွားကြွား နိုင်လွန်းသည်။ သူ့အလှကို လူတိုင်းက စိတ်ဝင်စားကြမည်ဟု နားလည်ထားဟန်နှင့် မာန်တက်နေပုံရသည်။ လှသော်လည်း ပွသည်။

အေးမွန်က နာမည်နှင့်လိုက်အောင် အေးသည်။ မွန်သည်။ လမ်းလျှောက်ပုံကလည်း ယဉ်သည်။

ဆိုင်ထဲမှာ ခေါ်သံ၊ မှာသံ၊ စားသံ၊ သောက်သံ၊ စကားပြောသံများ ဆူညံနေသည်။ ဒေါ်လှပိုဆိုင်မှာ စားသောက်သူများနှင့် စည်ကားနေပြီ။

အေးမွန်ကို မမြင်ရသေး။ လက်မှနာရီကို ကြည့်မိရပြန်သည်။ ၁၁ နာရီ မိနစ် ၄၀။ ခါတိုင်းဆိုလျှင် ဒီအချိန်မှာ ရောက်နေပြီ။ ၁၁ နာရီခွဲထက် စောလျှင် ငါးမိနစ်။ နောက်ကျလျှင်လည်း ငါးမိနစ်။





"ဘာဖြစ်လို့ပါလိမ့်... "

ထွေးမြင့်စဉ်းစားရပြီ။ အေးမွန် မလာတော့ဘူးလား။ ခါတိုင်းရောက်နေကျထက် နောက်ကျ၍ အားပျက်မိသည်။

"အလုပ်အသစ်က ထွက်ခွင့်မပေးလို့လား... "

နေ့စဉ်တွေ့နေကျ ဆုံစည်းမှုလေး ပျက်သွားမှာကို စိုးရိမ်မိသည်။ "အေးမွန်ကတော့ လာမယ်လို့ အသေအချာ ကတိပေးသွားတာပဲ... "။ မျှော်လင့်စိတ်နှင့် မျဉ်းဝါကြားဆီသို့ အာရုံ စူးစိုက် နေရပြန်သည်။

ကားလမ်းဆီမှ ယာဉ်ထိန်းရဲ၏ ခရာမှုတ်သံများ ကြားရသည်။ ကားတန်းကြီး ရပ်သွားသည်။ လူအုပ်ကြီး လမ်းမကို ဖြတ်ကူးနေသည်။ ထွေးမြင့် လူအုပ်ကြီးကို အသေအချာ ကြည့်နေသည်။

အေးမွန်မပါ။

ယာဉ်ထိန်းရဲက လက်မြှောက်၍ ကားများကို တားထားသည်။ လူများ ကူးခွင့် အကြာကြီးပေးထားသည်။ အေးမွန်ကို မတွေ့ရ။

"မဟုတ်တော့ဘူးထင်တယ်... "

ထွေးမြင့် မျှော်လင့်ချက် နည်းလာသည်။ ယာဉ်ထိန်းရဲက ခရာမှုတ်ပြီး မြှောက်ထားသော လက်ကိုချလိုက်သည်။

တီ... တီ...

တီ... တီ...

မော်တော်ကားများ ရွေ့လျားနေကြပြီ။ မျဉ်းဝါကြားမှာ

ကူးသူများ မရှိတော့ပါ။

"ဟော... ဟိုမှာ... ဟုတ်တယ်... သေချာတာပေါ့... "

မျဉ်းဝါကြား၏ တစ်ဖက်ထိပ်မှာ အေးမွန်ကို လှမ်းမြင်ရသည်။ ခုမှ ရောက်လာခြင်းဖြစ်သည်။ ထွေးမြင့်ရင်ထဲမှာ ပျော်သွားသည်။ နောက်ကျသော်လည်း မပျက်မကွက် ရောက်လာသော အေးမွန်ကို ကျေးဇူးတင်မိသည်။

မော်တော်ကားရေစီးကြောင်းကြီးက လျှင်မြန်စွာ စီးဆင်းနေသည်။ ဟော... လူတွေက အတင်းဖြတ်ကူးနေကြပြီ။ ကားတွေကလည်း မရပ်ဘူး အန္တရာယ်များလှသည်။

ဟော... အေးမွန် ကူးလာပြီ။ ထွေးမြင့်စိုးရိမ်စွာ ကြည့်နေမိသည်။

"အို... "

ကားတစ်စင်းက လူများကို ဦးစားမပေးပဲ အတင်းတိုးဝင်မောင်းနေသည်။ အေးမွန် လမ်းအလယ်သို့ ရောက်လာပြီ။ ယာဉ်ထိန်းရဲက ကားတွေ ဘာလို့ တားမပေးတာပါလိမ့်။ ယာဉ်ထိန်းရဲကို မကျေနပ်။

ခရာမှုတ်သံ ကြားရပြီ။ ကားတန်းကြီး ရပ်သွားပြီ။ အေးမွန်နှင့်အတူ လူအများ ဆက်ကူးလာကြပြီ။ ထွေးမြင့် စိတ်အေးသွားရသည်။

အေးမွန်ဆိုင်ထဲရောက်တော့ ၁၂ နာရီထိုးရန် ၁၀မိနစ်သာ လိုတော့သည်။

"မလာတော့ဘူးလားလို့... "





ဆိုင်ပြောင်းသည့် ပထမနေ့မှာပင် အပြောင်းအလဲစကား စပြောရသည်။

"ဆိုင်ကဝတ်စုံနဲ့ အပြင်ထွက်လို့ မရဘူးလေ... မမသူဇာက ဆိုင်မှာတင် စားဖို့ ပြောပါတယ်... ကိုထွေးစောင့်နေမှာသိလို့ အဝတ်အမြန်လဲပြီး ထွက်လာရတာ... လမ်းလျှောက်ရတာကလဲ... အရင်ရုံးထက် ပိုဝေးတယ်... "

အေးမွန်၏ နဖူးမှာ ချွေးကလေးများ စို့နေသည်ကို ထွေးမြင့်လှမ်းကြည့်နေမိသည်။ ကိုယ်စောင့်နေမည်ကို အလေးအနက်ထားပြီး ရောက်လာသော ချစ်သူလေးကို ကျေးဇူးတင်နေမိသည်။

"အချိန်ကလဲ သိပ်မရဘူး ကိုထွေးရဲ့... သူတို့ကလည်း စားချိန်ရယ်လို့ အနားပေးထားတာ မဟုတ်ဘူး... သူများတွေကတော့ ဝယ်သူပါးတဲ့အချိန်လေးမှာ ကိုယ့်ကောင်တာနဲ့ကိုယ်စားလိုက်ကြတာ... "

ကုမ္ပဏီအလုပ်ဆိုသည်မှာ တန်အောင်ပေးပြီး တန်အောင်ခိုင်းသည်ကို ထွေးမြင့် နားလည်လိုက်ပါသည်။

"မမသူဇာကို အေးမွန် ကောင်တာ ခဏအကြည့်ခိုင်းပြီး နားလည်မှုနဲ့ ထွက်လာရတာ... ဟိုရောက်ရင်လဲ ကုမ္ပဏီဝတ်စုံ အမြန်ပြန်ဝတ်ရဦးမယ်... "

ထွေးမြင့် ထမင်းမြန်မြန် မှာလိုက်ရသည်။ နှစ်ဦးသား ခပ်မြန်မြန် စားရသည်။

မျက်လုံးအကြည့်ချင်း ဆုံရသည်။ ချဉ်ရည်ဟင်းမှာ

လက်ချင်းဆုံ၍ ပြုံးရသည်။ သို့သော် အားလုံးမှာ ခပ်မြန်မြန် ခံစားရခြင်း ဖြစ်သည်။ ထမင်းစားပြီးတော့ ယခင်ကလို ထိုင် စကားပြောခွင့်မရ။ စားပြီးသည်နှင့် ပြန်ထွက်ရပြီ။

ထွေးမြင့်လိုက် ပို့ရင်း နှစ်ယောက်အတူ လျှောက်ရ သည်။ လမ်းမကြီးနှစ်ခုကို ကျော်ရ၍ အတော်ဝေးဝေး သွားရ သည်။ အေးမွန်၏ ကောင်တာက တတိယအထပ်မှာ ထွေးမြင့် က ကုမ္ပဏီတိုက်ရှေ့အထိသာ လိုက်ပို့သည်။

"သွားတော့မယ်... အေးမွန်... "

"အေးမွန်ကလည်းအပေါ်အထိလိုက်ရန်မခေါ်တော့ပါ။

"ဟုတ်ကဲ့... ကိုထွေး... "

နှုတ်ဆက်စကားဆိုပြီး လှေကားဆီသို့ သုတ်သုတ် ကလေး လျှောက်သွားသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၅)

တီ... တီ...

အိမ်ရှေ့မှ ကားဟွန်းသံ ကြားရသည်။

"ဟော... ဖယ်ရီ လာကြိုနေပြီ ဖွားဖွားရေ.. "

အေးမွန် အဆင်သင့် ဖြစ်နေပါသည်။ ခါတိုင်းလို ခြင်းဆွဲစရာမလို။ သူများတွေလဲ ခြင်းမပါ။ စလင်းဘတ်အိတ် အနက်လေးလွယ်ပြီး ထမင်းဘူးလေးကိုင်၍ အိမ်ထဲမှ ထွက်လိုက် သည်။

"အေး... အေးသွား... သွား... လာကြိုတဲ့ ကားကြီးကလဲ ကောင်းလိုက်တာ... မှန်လုံဆိုတော့ မိုးတွင်း မိုးစိုမှာလဲ မစိုး ရဘူး... "

"အဲဒါ လိုက်(တ်)အောစ်တဲ့ ဖွားဖွားရဲ့... "

အေးမွန်က သူ့အဖွားနားကပ်ပြီး ခပ်တိုးတိုး ပြော

မြူးပန်းတောင်ရာစာပေ

လိုက်သည်။

"အင်း... အင်း... ကောင်းလိုက်တာ..."

အေးမွန် သွက်သွက်ကလေး ထွက်လာခဲ့သည်။ ကားပေါ်ရောက်တော့ သူ့ထက် လုပ်သက်ရင့်သော အစ်မကြီးများကို ပြုံးပြလိုက်သည်။ အစ်မကြီးများက ငေးကြည့်နေရာမှ ချစ်ခင်စွာ ပြုံးပြကြသည်။

"ညီမလေးက ချောလိုက်တာ... ကုမ္ပဏီဝတ်စုံနဲ့လည်း သိပ်လိုက်တာပဲ... လာ... ဒီမှာထိုင်..."

မိုးစန္ဒာဆိုသော အစ်မကြီးက အေးမွန်ကို သူ့ဘေးမှာ လာထိုင်နိုင်းသည်။

"ဟော့... မရဘူး ညီမလေး ဒီမှာလာထိုင်..."

နောက်ဖက်ခုံမှ အစ်မ နှစ်ယောက်ကလည်း သူတို့ခုံမှာထိုင်ရန် ခေါ်နေသည်။ အေးမွန် ပြုံးပြလိုက်ပြီး အထိုင်လွယ်ရာ မိုးစန္ဒာ ဘေးမှာပင် ထိုင်လိုက်သည်။ နောက်ဖက်မှ အစ်မနှစ်ယောက်ကို မျက်လုံးအကြည့်ဖြင့် ခွင့်လွှတ်ရန် တောင်းပန်လိုက်ရသေးသည်။

"ဒါမှ ငါ့ညီမဟော့..."

မိုးစန္ဒာ ဝမ်းပမ်းတသာ နေရာပေးသည်။ မော်တော်ကားမောင်းထွက်လာသည်။ ခါတိုင်းဆိုလျှင် ဘတ်စ်ကားမှတ်တိုင်အထိ ဆယ့်ငါးမိနစ်ခန့် လမ်းလျှောက်ရသည်။ ကားစောင့်ရသည်က ဆယ့်ငါးမိနစ် ဆယ့်ရှစ်မိနစ်။ ကားလာပြန်တော့ အလုအယက် တက်ရသည်။ အတိုးခံရသည်။ အတွန်းအတိုက် ခံရ





သည်။ ကားပေါ်ရောက်တော့ ထိုင်စရာမရှိ။ အတိုးလွှတ် အတိုက်လွှတ်မည့် နေရာကိုရှာပြီး ရပ်ရသည်။ ဒါတောင် မလွှတ်ချင်။

မိန်းကလေးချောချောမြင်လျှင် တမင်ကပ်လာသော ယောကျ်ားများ ရှိသည်။ စီးရသည်က ဘာမှမဟုတ်။ မှတ်တိုင်တိုင်းရပ်ပြီး ဆင်းလိုက်ကြ တက်လိုက်ကြ မိနစ်ငါးဆယ်။ တခါတရံ တစ်နာရီခန့်ကြာမှ ဆင်းရမည့် မှတ်တိုင်ရောက်သည်။

လူများလာလေ အတွန်းအတိုက် အဖိအညှပ် ခံရလေဖြစ်သည်။ အပြန်ဆိုလျှင် ချွေးစော်နံ၊ အရက်စော်နံ မှိုတ်ကျိတ်ခံရသည်။

ခုတော့ ဘတ်စ်ကားစီးရသည့် ပြဿနာအားလုံးမှ လွတ်မြောက်သွားပြီ။ ထိုင်ရသည်ကလည်း အိစက် ညက်ညောသော ဆိုဖာထိုင်ခုံနှင့်။ ကားထဲမှာ ရေမွှေးနံ့ကလေး သင်းနေသည်။ မှန်တံခါးများ ပိတ်ပြီး လေအေးစက်ကလေး ဖွင့်ထား၍ အေးအေးစိမ့်စိမ့်ကလေး နေ၍ကောင်းသည်။

ကိုယ့်ကားနှင့်ကိုယ်မို့ မိနစ်နှစ်ဆယ်ခန့်သာကြာသည်။ ထိုင်၍ကောင်းနေတုန်းမှာ တီသုံးလုံး ကုန်တိုက်သို့ ရောက်သွားသည်။ ကိုယ်လို ဆင်တူဝတ်ထားသည့် ချောချောလေးတွေ ကုန်တိုက်ထဲသို့ ကျက်သရေရှိစွာ ဝင်ခဲ့ကြသည်။

အေးမွန် တတိယထပ်မှ ကိုယ့်ကောင်တာ ရှိရာသို့ လာသည်။ ကုန်တိုက်အတွင်းမှာလည်း အနံ့သင်းသင်းကလေး မွှေးနေသည်။ လေအေးစက်ဖွင့်ထား၍ အေးစိမ့်စိမ့်ကလေး နေရသည်။

"ဟော... အေးတို့အဖွဲ့ ရောက်လာပြီ... "

မမသူဇာက အရင်ရောက်နှင့်နေ၍ အေးမွှန်ကို နှုတ်ဆက်သည်။

"ဟုတ်ကဲ့ မမသူဇာ... "

အေးမွှန် ကိုယ့်ကောင်တာ ကိုယ်ဝင်ရသည်။ စလင်းဘက်နှင့် ထမင်းဘူးလေးကို ကောင်တာအတွင်းမှ စက္ကူဗူးခွံအလွတ်မှာ ထည့်ထားပြီး ကောင်တာဝန်းကျင် သန့်ရှင်းရေး လုပ်သည်။ ကိုယ်ကောင်တာမှ ပစ္စည်းများကို အသေအချာ စစ်ဆေးရသည်။ အမြင်တင့်မှ ရောင်းပန်းလှမည်မို့ လိုအပ်သည်တို့ကို ပြင်ပြင်ဆင်ဆင် ပြန်လုပ်ရသည်။

အေးမွှန်တာဝန်ယူရသည့် ကောင်တာမှာ ဝီစကီမျိုးစုံ၊ ကော့ညက်မျိုးစုံ၊ ရှန်ပိန်မျိုးစုံ၊ နိုင်ငံခြားအရက်များနှင့် ငါးသုံးလုံး၊ ဘင်ဆင်၊ မာလ်ဗိုရို စသည့် စီးကရက်မျိုးစုံ ဖြစ်သည်။

အားလုံးပြင်ဆင်ပြီးတော့ ကောင်တာအတွင်းမှာပင် အလုပ်ပန်းပြ၍ မတ်တပ်ရပ်နေရသည်။ ကောင်တာအတွင်းမှာ ထိုင်စရာခုံမရှိ။ အရောင်းမိန်းကလေးအားလုံး အလုပ်ချိန်အတွင်းမှာ မတ်တပ်သာနေရသည်။ အဝယ်လာသူများကို ပြုံးရွှင်ချိုသာသော မျက်နှာလေးနှင့် ဆက်ဆံရသည်။

ကုန်မျိုးစုံရောင်းသော ကုန်တိုက်ကြီးများလောက်တော့ လူတွေ များများလာခြင်းမရှိ။ လာသူများကလည်း အထက်တန်းကျကျ လူများဖြစ်သည်။ နိုင်ငံခြားခရီးသည်များနှင့် သံရုံးများမှ နိုင်ငံခြားသားများသာ အလာများသည်။ အချို့သော လူ





ဝယ်များ မယောင်မလယ်နှင့် ရောက်လာကြသည်လည်း ရှိသည်။

ကောင်တာထဲမှ ပစ္စည်းများကို ဟိုမေးသည်မေးနှင့် ဈေးမေးသည်။ မြန်မာငွေနှင့် ရောင်းသလားဟုမေးသည်။ ရောင်းသည်ဆိုတော့လည်း ဝယ်နိုင်သည်မဟုတ်။ များသောအားဖြင့် ကောင်တာထဲမှ ပစ္စည်းထက် ကောင်တာနောက်မှ မိန်းကလေးများကို ကြည့်ပြီး မယောင်မလည်နှင့် ပြန်ဆင်းသွားကြသည်။

"အေးဆုမွှန်... အရောင်းမန်နေဂျာခေါ်တယ်... ကောင်တာကို ဘေးကောင်တာကလူ အပ်ထားခဲ့ပါတဲ့... "

"အေး... သွားလေ... ကောင်တာ... မမသူဇာ ကြည့်ထားလိုက်မယ်... "

အေးဆုမွှန်ဟု ခေါ်သည်ကို ကိုယ့်နာမည်မှန်းမသိ မမသူဇာပြောမှ ကိုယ့်ကိုခေါ်မှန်း သတိထားမိသည်။ လျှောက်လွှာတင်စဉ်က အေးမွှန်ဆိုသော နာမည် ရိုးလွန်းသည်ဆိုပြီး လျှောက်လွှာ လက်ခံသော အစ်မကြီးက "အေးဆုမွှန်" ဟု ပြင်ပေးခဲ့သည်။ "ဆု" ပါတော့ ဂျပန်မလေးနှင့် တူသည်ဟု ပြောသည်။

အေးမွှန် မကန့်ကွက်ဘဲ လက်ခံခဲ့သည်။ ဘေးကောင်တာမှ မမသူဇာကို အကြည့်တစ်ချက်နှင့် တာဝန်လွှဲခဲ့ပြီး ထွက်လာခဲ့သည်။ မမသူဇာက ခေါင်းတစ်ချက်ညိတ်ပြီး လက်ခံထားလိုက်သည်။ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။ ဘာကြောင့်ခေါ်မှန်းမသိ။

"အရောင်းမန်နေဂျာ" ဟု ဆိုင်းဘုတ်တင်ထားသော အခန်းတွင်းသို့ မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်သည်။ မန်နေဂျာက စားပွဲနောက်မှ ကုလားထိုင်မှာ ထိုင်နေသည်။

ဒေါ်သက်ထားဝေဆိုသော အစ်မကြီးဖြစ်သည်။ စားပွဲရှေ့မှာ အေးမွန် မတ်တပ်ရပ်နေသည်။ ထိုင်စရာ ခုံတစ်လုံး ရှိသော်လည်း အထိုင်မခိုင်း၍ မထိုင်ရ။

"အေးဆုမွန်... ဟုတ်လား... "

မေးပုံက အထက်စီးလေသံနှင့်...

"ဟုတ်ပါတယ်... "

"မင်းက လူသစ်နော် ဟုတ်လား.. မနေ့ကမှ ဝင်တာ..."

အေးမွန် ခေါင်းညိတ်ပြသည်။

"ခေါင်းနဲ့စကားမပြောရဘူးကွယ်... နှုတ်နဲ့ပြောပါ.."

"ဟုတ်ကဲ့... ဟုတ်ပါတယ်... "

"အေး.. လူသစ်ဆိုတော့ ပထမအကြိမ်အနေနဲ့ သတိပေးရတာဖြစ်မှာပေါ့.. "

"ရှင်... "

ကိုယ်မှာ အပြစ်တစ်ခုခု ရှိနေပြီဟု အေးမွန် နားလည်လိုက်သည်။ သို့သော် ဘာအပြစ်မှန်းမသိ။

"မနေ့ကနေ့လည် မင်းဘယ်သွားတာလဲ... "

"ရှင်... "

အေးမွန် ဘာပြောရမှန်းမသိ။ ဒေါ်သက်ထားဝေက အေးမွန် မျက်နှာကို လှမ်းကြည့်နေသည်။ အကြည့်ချင်း မပြိုင်ဝံ့၍





အေးမွန် မျက်လွှာချထားလိုက်သည်။

"ဆယ့်နှစ်နာရီကျော်မှ ပြန်လာပြီး ကုမ္ပဏီအဝတ်လဲဝတ်နေတာကို တွေ့ရတယ်... "

"ကျွန်မ အပြင်ထွက်ပြီး ထမင်းစားတာပါ.. "

"မလုပ်ရဘူး... "

ဒေါ်သက်ထားဝေ၏ လေသံကြောင့် အေးမွန်ကိုယ်လေး တောင့်တင်းတင်း ဖြစ်သွားသည်။

"အလုပ်ချိန်အတွင်း ခွင့်ပြုချက်မရှိဘဲနဲ့ အပြင်မထွက်ရဘူး၊ အလုပ်ချိန်အတွင်းမှာ ကုမ္ပဏီအဝတ်ကို ချွတ်ပြီး တခြားအဝတ်နဲ့ လဲဝတ်တာ လုံးဝမလုပ်ရဘူး.. အလုပ်ချိန်အတွင်း ထိုင်မနေရဘူး.. ဝယ်သူမရှိရင် ကိုယ့်ကောင်တာကိုယ် သပ်ယပ်အောင် သန့်ရှင်းအောင် အမြင်အပြလှအောင် ပြုပြင်နေရမယ်... အလုပ်ချိန်အတွင်း ဧည့်သည်လက်ခံပြီး စကားပြောနေတာ မလုပ်ရဘူး... အလုပ်ချိန်အတွင်း အပြင်ထွက်ပြီးစားတာ ဈေးဝယ်သွားတာ မလုပ်ရဘူး... ထမင်းဘူးပါရင် ဝယ်ယူမရှိတဲ့အခါ အလုပ်ကို မထိခိုက်အောင် စားပါ.. ဆိုင်ဝန်ထမ်းချင်း ကောင်တာကူးပြီး စကားပြောနေတာမျိုး မလုပ်ရဘူး... ဆိုင်ဝန်ထမ်းဟာ အလုပ်ချိန်အတွင်း ကိုယ့်အလုပ်မှာပဲ စိတ်ဝင်စားနေရမယ်... မင်းက လူသစ်မို့ ဒီတစ်ခါနောက်ဆုံးအနေနဲ့ သတိပေးလိုက်မယ်ကဲ... သွားတော့..."

ဒေါ်သက်ထားဝေက ပြောစရာရှိသမျှ ပြောပြီးသည်နှင့် အေးမွန်ကိုမကြည့်တော့ဘဲ သူ့အလုပ်သူ ဆက်လုပ်နေသည်။ အေးမွန်အခန်းထဲမှ ပြန်အထွက်တွင် မျက်ရည်တစ်ပေါက် ကျလာသည်။ လက်ကိုင်ပါဝါဖြင့် တို့၍ သုတ်ပစ်လိုက်သည်။ အခြားသောကောင်တာမှ အမများ မမြင်စေချင်။ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ တစ်ရက်သာ အလုပ်ဆင်းပြီးသေးသည်။ ထိုတစ်ရက်အတွက် သတိပေးခံရ၍ ရှက်မိသည်။ ကောင်တာသို့ပြန်ဝင်တော့ မမသူဇာက အေးမွန်ကို လှမ်းကြည့်နေသည်။ ကောင်တာဘေးချင်းယှဉ်လျှက်မို့ သူ့ဘက်မှ နယ်ကုန် အထိ လျှောက်လာပြီး...

"ဘာဖြစ်လို့လဲ အေးမွန်..."

ဟုမေးသည်။ အေးမွန်က သတိပေးခံရသည်ကို အမှန်အတိုင်း ပြောလိုက်သည်.

"အေးဟုတ်တယ်... ဒါကြောင့်မို့ အေးမွန်ကို မနေ့က ဒီမှာပဲ စားလိုက်ဖို့ မမသူဇာ ပြောတာပေါ့... အေးမွန်က သွားချင်နေတော့ အတင်းတားလို့လဲ မကောင်းဘူးလေ..."

"ကိုထွေးကတွေ့နေကျဆိုတော့ စောင့်နေတယ် မမသူဇာ... သူမျှော်နေရမှာကို သနားလို့ သွားမိတာ... အေးမွန်က ဒီကုမ္ပဏီစည်းကမ်းမှ မသိဘဲ..."

"ဒီနေ့ရော..."

"ဒီနေ့တော့ ဘယ်သွားလို့ ဖြစ်တော့မလဲ..."

"အေး... ဟုတ်တယ်..."





ရေမွှေးပုလင်းဝယ်ချင်သော အမျိုးသမီးနှစ်ဦး ရောက်လာ၍ သူဇာသူ့ကောင်တာဘက်သို့ ပြန်လျှောက်သွားသည်။ အေးမွန်လည်း ကောင်တာ၏ အလယ်သို့သွား၍ ရပ်နေလိုက်သည်။ ဘတ်စ်ကားစီးရသည့်ဒုက္ခမှ လွတ်မြောက်သော်လည်း ကောင်တာမှာ တစ်နေ့လုံး ရပ်နေရသည့် ဒုက္ခကိုခံစားရသည်။

ယခင်ရုံးမှ စားပွဲနှင့် ကုလားထိုင်လေးကို လွမ်းမိသည်။ နိုင်ငံခြားသားနှစ်ဦး အေးမွန်ကောင်တာဆီကို လျှောက်လာနေကြသည်။ အေးမွန်စိုးရိမ်စိတ် ဖြစ်မိသည်။ ကိုယ်ကလည်း အင်္ဂလိပ်လို ကောင်းကောင်းမပြောတတ်။ အသားဖြူနီစပ်၊ အရပ်မြင့်မြင့်၊ ဆံပင်နီနီ၊ နှာခေါင်းချွန်ချွန် မျက်လုံးဝါကြောင်ကြောင်ဖြစ်သည်။ ဘောင်းဘီတိုနှင့် ရင်ဘတ်မွှေးများပေါ်အောင် ကျယ်သီးဖြုတ်ထားသည်က ပြောင်းဖူးမွှေးရောင် နှုတ်ခမ်းမွှေးနှင့် ဖြစ်သည်။

သူ့ထက်နည်းနည်း ငယ်ပုံရသည်က နှုတ်ခမ်းမွှေးမပါဘောင်းဘီရှည်နှင့် တီရှပ်နှင့် ဖြစ်သည်။ လက်ပေါ်မှ အမွှေးများက ဖြူဖြူဝါဝါ အရှည်ကြီးတွေ ဖြစ်သည်။

အင်္ဂလိပ်လား အမေရိကန်လား အေးမွန် မခွဲခြားတတ်။ အနောက်တိုင်းသားဖြစ်မှန်းတော့ သိသည်။ နှုတ်ခမ်းမွှေးနှင့်လူက အေးမွန်ကို လှမ်းစကားပြောသည်။ သူဘာပြောမှန်း အေးမွန်မသိ။ ဘေးကောင်တာမှ သူဇာလည်း အဲဒီလောက်အထိ မပြောတတ်။

အေးမွန်၏ အခက်အခဲကို လှမ်းမြင်နေသော မိုးစန္ဒာက လျှောက်လာသည်။ သူက အင်္ဂလိပ်လို ကောင်းကောင်း ပြောတတ်သည်။ မိုးစန္ဒာနှင့် နှုတ်ခမ်းမွှေး အပြန်အလှန် စကားပြောကြသည်။

"ညီမလေး… ဘလက် အကြီးတစ်လုံး ယူမယ်တဲ့ ပေးလိုက်"

"ဟုတ်ကဲ့… မမ"

အေးမွန် ဘလက်လေဘယ် ဝီစကီပုလင်းကြီးတစ်လုံး ကောင်တာထဲမှ ထုတ်ပေးသည်။ ဈေးနှုန်းက ကပ်ထားပြီးသား ဖြစ်သည်။ နှုတ်ခမ်းမွှေးနှင့်လူက ဒေါ်လာပေးချေပြီး ဝယ်သည်။ မိုးစန္ဒာက အင်္ဂလိပ်ကို ကျေးဇူးတင်ကြောင်း ပြောသည်။ အေးမွန်ပေးသည့် ဘလက်လေဘယ်ပုလင်းကို လှမ်းယူ၍ နှုတ်ခမ်းမွှေးနှင့်လူက အေးမွန်ကို ကြည့်နေသည်။ အားနာခြင်းမရှိ စူးစူး စိုက်စိုက် အသေအချာ ကြည့်ခြင်းဖြစ်သည်။ ပြီးမှ…

"ဗဲရီးဗျူးတီးဖူလ်… "

ဟု ပြောသည်။

မိုးစန္ဒာ သဘောကျစွာပြုံးပြီး။

"ကျေးဇူးတင်ပါတယ်လို့ အင်္ဂလိပ်လိုပြောလိုက် ညီမလေး"

ဟု ပြောသည်။

"သင့်ခ်ယူ… "

အေးမွန် မဝံ့မရဲ ပြောလိုက်သည်။

"အိုး… ဂွတ်… "





မျက်နှာဖြူကြီး သဘောကျစွာပြုံးသည်။

နောက်တစ်ယောက်က "ဆီးယူ… အဂိန်း… " ဟု ပြောသည်ကိုလည်း အေးမွန် နားလည်သည်။

ပြန်မပြောတတ်၍ ခေါင်းညိတ်ပြလိုက်သည်။ သူ ည်း သဘောကျစွာပြုံးပြီး မျက်နှာဖြူနှစ်ဦး ထွက်သွားကြသည်။

နောက်ထပ် မြန်မာလူငယ် နှစ်ယောက်လာ၍ ငါးသုံး ုံး တစ်တောင့်ဝယ်သည်။ အေးမွန်ကို သဘောကျစွာ ကြည့် ွားကြသည်။

သို့သော်မျက်နှာဖြူများလောက် အကြည့်မရဲ။အကြည့် ရိုင်း။ အေးမွန်ကိုသိပ်လှသည်ဟုလည်း ပြောသွားကြသည်။ သို့ သော် နှုတ်နှင့်မဟုတ်။ မျက်လုံးများနှင့်။ ကိုယ့်ကောင်တာမှ ရောင်းရခြင်းအတွက် အေးမွန် သဘောကျနေသည်။

"ကဲ… အေးမွန် လူရှင်းတုန်း ထမင်းစားထားရအောင်… ဆယ့်တစ်နာရီခွဲပြီ… "

"ရှင်… "

အေးမွန် စိတ်မကောင်းဖြစ်ရသည်။ ကိုယ့်အလုပ်နှင့် ိုယ် ပစ္စည်းများ ရောင်းနေရ၍ ထွေးမြင့်နှင့် ထမင်းစားချိန်ကို ေ့နေမိသည်။

"သူ မျှော်နေရှာတော့မယ်… "

မည်သို့မျှလည်း အကြောင်းမကြားနိုင်။ ကိုယ်က ာဝတ်လဲခွင့်မရှိ ဆိုင်မှ ထွက်ခွင့်မရ။ ဆယ့်တစ်နာရီကတည်းက ေါ်လှုပိုဆိုင်မှာ ကိုထွေး ရောက်နေလိမ့်မည်။ ထိုင်နေကျနေရာ

လေးမှာထိုင်ပြီး မျဉ်းဝါကြားဆီသို့ စောင့်ကြည့်နေလိမ့်မည်။

"ကိုထွေးရယ်... "

အေးမွန် ထမင်းဘူးကို မထုတ်နိုင်သေးဘဲ တွေတွေ ငေးငေး ဖြစ်နေမိသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၆)

ထမင်းဆိုင်ထဲမှာ ခေါက်သံ၊ ပြောသံ၊ စားသောက်သံများ ဆူညံနေရာမှ တဖြည်းဖြည်း လျော့ပါးသွားပြီ။ ထွေးမြင့်လက်မှ နာရီကို လှမ်းကြည့်ချင်စိတ်မရှိ။ သို့သော် မကြည့်ပဲနှင့် သိနေပါသည်။ ဆယ့်နှစ်နာရီခွဲလောက် ရှိနေပြီ။ မျဉ်းဝါကြားဆီသို့ မျှော်မယ်ချက်မဲ့စွာ ငေးကြည့်နေမိဆဲ။

"အကို ထမင်းစားတော့မလား... "

ဆိုင်မှကောင်လေးက လာမေးသည်။

"မစားတော့ပါဘူးကွာ... "

ထွေးမြင့် စိတ်ပျက်စွာ ဖြေလိုက်သည်။

"သီးစုံ ချဉ်ဂျည်ဟင်းချန်ထားတယ်... "

"စားမဲ့လူရှိရင် ရောင်းလိုက်ပါကွာ... "

ထွေးမြင့်နားမှ ကောင်လေးထွက်သွားပြီ။

"သူ ဘာဖြစ်လို့ မလာတာပါလိမ့်... "

ထွေးမြင့် ရင်ထဲမှာ အကြိမ်ကြိမ် မေးနေမိသော မေးခွန်းဖြစ်သည်။

"လာမှာ မဟုတ်တော့ပါဘူး... " ဟု သိနေပြီ။

သို့သော် ထိုင်နေရာမှ ထ၍မရ။ ဆက်၍ ထိုင်မနေသင့်ဟုလည်း သိနေသည်။ တစ်ကိုယ်လုံးမှာ အားမရှိသလို ခံစားရသည်။ ထသွားသင့်ပြီဟု သင့်ပါသည်။ ထသွားတော့မည်ဟုလည်း ဆုံးဖြတ်ပြီး ဖြစ်ပါသည်။

"အေးမွှန်ရယ်... "

ရင်ထဲမှာ ပင်ပန်းလွန်းလှသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



အခန်း (၇)

ယနေ့ စနေနေ့။

ခါတိုင်းဆိုလျှင် ရုံးပိတ်ရက် အနားရသောနေ့။ ခုတော့ အလုပ်ဆင်းနေရသည်။ နားနေကျရက်မှာ အလုပ်ဆင်းရ၍ ပိုပြီး ပင်ပန်းသလို ခံစားရသည်။ စနေနေ့မှာ ခါတိုင်းရက်များထက် ပိုပြီး ဝယ်သူကလည်း များနေသည်။ တစ်မနက်လုံး မနားရ။ ၁၂ နာရီထိုးသည်အထိ မနက်စာ စားခွင့်မရ။

ကောင်တာအားလုံးမှာပင် ဝယ်သူများနေသည်။ သူဇာမြင့်၏ ရေမွှေးရောင်းသော ကောင်တာနှင့် အေးမွှန် အရက်ရောင်းသော ကောင်တာမှာ လူအများဆုံးဖြစ်သည်။ အရက်က ရေမွှေးထက်ပင် ပိုရောင်းရသေးသည်။ ရောင်းရငွေကလည်း အဆမတန် ကွာခြားသည်။

တစ်နာရီထိုးခါနီးအထိ အေးမွန် မနက်စာ မစားရသေး။ သူဇာမြင့်ကတော့ သူ့ဘက်မှာ လူရှင်းသွား၍ ထမင်းဘူးလေးဖွင့်ပြီး စားနေပြီ။ အေးမွန်ကောင်တာသို့ လူလတ်ပိုင်း နှစ်ယောက် လျှောက်လာကြသည်။ တစ်ယောက်က တီရှပ်အဝါ၊ တစ်ယောက်က တီရှပ်အဖြူ။ နှစ်ယောက်စလုံး ဂျင်းပဲန် အပြာနုရောင် ဝတ်ထားကြသည်။

"ဘလူးလေဘယ်ရှိသလား... "

တီရှပ်အဖြူနှင့်လူကမေးသည်။

"ဟုတ်ကဲ့ ရှိပါတယ်... "

အေးမွန်စရောက်ကတည်းက တစ်ပုလင်းမျှ မရောင်းရသေးသော ဘလူးလေဘယ်ဖြစ်သည်။ အေးမွန် ကောင်တာမှာရှိသည့် အရက်ပုလင်းများတွင် ဈေးအကြီးဆုံးဖြစ်သည်။

"ဘယ်လောက်လဲ... "

အေးမွန် အလွတ်မရသေး။ ပုလင်းထည့်ထားသည့် ဘူးခွံမှာ ကပ်ထားသော ဈေးနှုန်းကို လှမ်းကြည့်လိုက်သည်။

"တစ်သောင်းလေးထောင်... "

အေးမွန်က ကြည့်ပြီး ပြောခြင်းဖြစ်သည်။

တီရှပ်အဝါနှင့်လူ ပုခုံးတွန့်သွားသည်။

"ထုတ်ပြပါ... "

အေးမွန် ကောင်တာထဲမှ ထုတ်ပြသည်။ ဘူးခွံက အပြာနုရောင်ဖြစ်သည်။





"အပြင်က စတိုးဆိုင်တွေမှာ ရောင်းတာထက်တောင် ငါးရာပိုနေပါသေးလား... "

တီရှပ်အဝါနှင့်လူက ပြောခြင်းဖြစ်သည်။

"ဟုတ်ပါတယ်... ကျွန်မတို့ဆီမှာက ပစ္စည်းစစ်တာ အာမခံတယ်... "

ဘေးကောင်တာမှ သူဇာမြင့်ပြောသည်ကို အတုနိုးပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"ဒီလောက်ဈေးကြီးတာ ဝယ်မှတော့ ငါးရာကွာတာ ကြည့်မနေနဲ့ ကိုယ်လူ... အာမခံတာပဲ ဝယ်ခဲ့မယ်... "

တီရှပ်အဖြူနှင့်လူက ပိုပြီး ရက်ရောဟန်တူသည်။

"ဘူးခွံ ဖွင့်ကြည့်မယ်နော်... "

တီရှပ်အဖြူနှင့်လူက ပြောရင်းနှင့် ဘလူးလေဘယ်ဘူးကို ကောင်တာပေါ်မှာ လှဲလျက်တင်လိုက်သည်။

"ဟုတ်ကဲ့ ကြည့်ပါ... "

တီရှပ်အဖြူက ဘလူးလေဘယ်ဘူးခွံ အပေါ်မှ ပလပ်စတစ်အခွံကို ဆွဲချွတ်လိုက်သည်။ ဘူးခွံကို ဖွင့်လိုက်သည်။ အထဲမှာ ပိုးစလေးပေါ်တွင် ပုလင်းနေရာလေးအတိုင်း လဲလျောင်းနေသော အရက်ပုလင်းကို မြင်ရသည်။ လုပ်ထားပုံမှာ လှပသည်။ ခမ်းနားသည်။ ပုလင်းလည်ပင်းမှာ ဖြူနက်ကြား ကြိုးနှင့် ဖဲပြားလေးရှိသည်။ စာအုပ်အနက်သေးသေးလေးလည်း ပါသည်။ လူနှစ်ယောက် ပုလင်းကို ထုတ်ကြည့်သည်။

"မင်းဟာ တစ်ပက်ကို ထောင့်ငါးရာလောက် ကျနေပြီ.."

တီရှပ်အဝါနှင့်လူက နှမြောဟန်တူသည်။

"ကျပစေပေါ့.. မင်းမသောက်ဘူးသေးဘူးဆိုလို့ ဝယ်တာပဲ သောက်ပေါ့.. ငါကတော့ သောက်ဘူးတယ်..."

"မင်းဟာက တစ်ပက်သောက်တိုင်း စပို့ရှပ်အကျီအကောင်းစား တစ်ထည်ဖိုး ဖြစ်နေတယ်..."

"ဟာ.. ဟေ့ကောင် အဲဒီလို စဉ်းစားနေရင်တော့ ဘာမှ လုပ်လို့ ရမှာမဟုတ်ဘူး... ကဲယူမယ်..."

တီရှပ်အဖြူဝတ်က ဘူးကို နေသားတကျ ပြန်ထည့်နေသည်။

အေးမွှန်က အံ့သြနေသည်။ ဤမျှ ဈေးကြီးသော အရက်ကို ဘာကြောင့် သောက်မှန်း နားမလည်။ ရေမွှေးပုလင်း ငါးထောင် ရှစ်ထောင်ဆိုလျှင် ဈေးကြီးလွန်းသည် ထင်နေသည်။ ခုတော့ သောင်းကျော်တန် အရက်ပုလင်းကို ရက်ရောသူက ငွေချေနေပြီ။

"လာ သွားမယ်"

ဝယ်သူ နှစ်ယောက် ထွက်သွားကြပြီ။ အရက်တစ်ပုလင်း တစ်သောင်းလေးထောင်။ တစ်ပက်သောက်တိုင်း ထောင့်ငါးရာတန် စပို့ရှပ်တစ်ထည်။

မိန်းမတွေ ရေမွှေးဝယ်သည်ကမှ အဓိပ္ပါယ်ရှိသေးသည် ဟု အေးမွှန် စဉ်းစားနေသည်။ ရေမွှေးပုလင်းက အကြာ





ကြီး သုံးရသည်။

"အေးမွှန်ရှိလား.."

ဝင်ပေါက်မှာ မေးသံကြားရသည်။

"အေးမွှန်တော့မရှိဘူး.. အေးဆုမွှန်ဆိုတာတော့ ရှိတယ် ဟိုကောင်တာမှာ.."

အေးမွှန် လှမ်းကြည့်လိုက်သည်။

"အို... ကိုထွေး..."

အေးမွှန် အံ့သြဝမ်းသာဖြစ်သည်။ အေးမွှန်ရှိရာ ကောင်တာသို့ ထွေးမြင့်လျှောက်လာသည်။ ထွေးမြင့်က အေးမွှန်၏ အထက်အောက် တစ်ဆင်တည်း တစ်ဆက်တည်းချုပ်ထားသော ဝတ်စုံကို လှမ်းကြည့်သည်။

အေးမွှန်က ကြော့ကြော့လေးဖြစ်အောင် ကိုယ်နေဟန်ကို ပြင်လိုက်သည်။ ကုမ္ပဏီဝတ်စုံနှင့် လှပနေသည်ကို ချစ်သူ မြင်စေချင်သည်။ သို့သော် ထွေးမြင့်က ဝတ်စုံအကြောင်း ဘာမျှ မပြော။

"အေးမွှန် ထမင်းဆိုင်ကို တစ်ပတ်လုံး ရောက်မလာဘူးနော်..."

မေးခွန်းမဟုတ်။

အေးမွှန် ခေါင်းညိတ်ပြသည်။

"နေ့တိုင်း ၁၂ နာရီခွဲအောင် စောင့်တယ်.. အေးမွှန် ဘာလို့ မလာတာလဲ..."

အေးမွန် ဘေးပတ်ဝန်းကျင်ကို အကြည့်တစ်ချက် ဝေ့လိုက်သည်။ ညွှ်သည်နှင့် စကားပြောနေသည်ကို ဒေါ်သက်ထားဝေ မြင်သွားမှာ စိုး၍ ဖြစ်သည်။

"ဒီဆိုင်ရဲ့ စည်းကမ်းက အလုပ်ချိန်အတွင်း အပြင်မထွက်ရဘူး ကိုထွေး... အေးမွန် တစ်ရက်ထွက်လာမိတာ နောက်တစ်နေ့ကျတော့ အရောင်းမန်နေဂျာက ခေါ်ပြီးဆူတယ်... နောက်ကို လုံးဝ မထွက်ရဘူးလို့ သတိပေးတယ်... ကိုထွေး မျှော်နေမှာသိတယ်... ကိုထွေးဆီ ဘယ်လို အကြောင်းကြားရမှန်းမသိလို့ စိတ်ညစ်နေတာ... "

"အေးမွန်တို့ ကုမ္ပဏီ အလုပ်ကနေ့လည် ထမင်းစားချိန်တောင် မနားရဘူးလား... "

"ဆိုင်ဆိုတော့ ထမင်းစားချိန်ရယ်လို့ အနားပေးတာ မရှိဘူး... လူရှင်းတဲ့ အချိန်မှာ စားရတာ... "

အေးမွန်၏ ကောင်တာထဲမှာ ထိုင်စရာမရှိ မတ်တပ်ရပ်နေရသည်ကို ထွေးမြင့် သတိထားမိသည်။

"ထိုင်စရာ ခုံလဲ မရှိဘူးလား... "

အေးမွန် ခေါင်းရမ်းပြသည်။

"သိပ်ညောင်းရင်တော့ ဟိုကုတ်ပြားလေး ခင်းထားတဲ့နေရာမှာ ခဏထိုင်တယ်... အရောင်းမန်နေဂျာ မမြင်အောင်ပေါ့"

အေးမွန်ကိုကြည့်ပြီး ထွေးမြင့် စိတ်မကောင်းဖြစ်ရသည်။





"အခုလို ညွှ်သည်နဲ့စကားပြောရင်ရော... "

"ဈေးဝယ်လာတဲ့လူ အနေနဲ့ပြောရတာပေါ့.. ကိုထွေး ဘာယူမလဲ... "

အေးမွန်မေးပုံက ပြုံးပြုံးလေး။ ကောင်တာထဲမှပုလင်းများကို ကြည့်ပြီး ထွေးမြင့် ခေါင်းရမ်းပြလိုက်သည်။ ကပ်ထားသော တန်ဖိုးများက သူဝယ်နိုင်သော ဈေးနှုန်းမဟုတ်။ သူနှင့် အေးမွန် အဆက်အစပ် ဝေးသွားသလို ခံစားရသည်။ စကားပြောနေရသည်မှာလည်း မှန်ကောင်တာကြီးခြားလျက်-

"ပြော နေဦး... အေးဆုမွန်ဆိုတာက အေးမွန် နာမည်လား... "

အဝင်ပေါက်တွင် အေးမွန်မရှိ။ အေးဆုမွန်သာ ရှိသည် ဟု ပြောသည်ကို ထွေးမြင့် သတိရ၍ ဖြစ်သည်။ ထွေးမြင့်ကို အားနာစွာကြည့်လိုက်သည်။

"ဒီဆိုင်ကို စဝင်တဲ့နေ့က လျှောက်လွှာလက်ခံတဲ့ အစ်မကြီးက အေးမွန်ဆိုတာ ရိုးတယ်ဆိုပြီး 'အေးဆုမွန်' လို့ ပြောင်းပေးလိုက်တာ... "

အေးမွန် ရှင်းပြသည်။

"ရိုးတာကောင်းတာပေါ့.. အေးမွန်ရယ်... သူတို့က ဆန်းစေချင်တာလား.. "

"သူတို့ဆိုင်မှာ လုပ်ရတော့ သူတို့အကြိုက်ပေါ့ ကိုထွေးရယ်"

"အဓိပ္ပါယ်မရှိပါဘူး... သူတို့ဆိုင်စည်းကမ်း လိုက်နာရင် ပြီး

ရောပေါ့... ကိုယ့် နာမည်ကိုတော့ အပြောင်းခိုင်းခွင့် မရှိပါဘူး... "

ဤဆိုင်နှင့် ဤကုမ္ပဏီကို ထွေးမြင့်ရင်ထဲမှာ မကျေမနပ် ဖြစ်မိသည်။ အေးမွန် ဘာမျှ ရှင်းမပြတတ်ပါ။

"နာမည်ပြောင်းဖို့ လက်ခံလိုက်တာ ငါမှားသလား... "

ဟု ပြန်စဉ်းစားနေမိသည်။ သို့သော် 'အေးဆုမွန်' ဆိုသော နာမည်လေးမှာ သူမူလ နာမည်နှင့်လည်း သိပ်မကွာ အလယ်မှာ ဆုလေးတစ်လုံးသာ တိုးလာခြင်းဖြစ်သည်။

ပိုလည်းလှပြီး ခေတ်လည်းမီသွားသည်ဟု ထင်၍ လွယ်လွယ်ကူကူ လက်ခံလိုက်မိခြင်း ဖြစ်သည်။ သို့သော် ထိုအကြောင်းများကို ရှည်ရှည်ဝေးဝေး ရှင်းမပြချင်တော့ပါ။

"အေးလေ... နာမည်ပြောင်းပေမဲ့... ကိုယ့်ဘဝကိုတော့ ပြောင်းမသွားစေနဲ့ပေါ့... "

"စိတ်ချပါ ကိုထွေး မပြောင်းပါဘူး... "

ထွေးမြင့် ကျေနပ်သွားအောင် အေးမွန်ပြောလိုက်သည်။

"ကိုထွေးကတော့ အေးမွန်လို့ပဲ ခေါ်နိုင်မယ်... "

အေးမွန် ပြုံးလိုက်သည်။

"ကိုထွေးကြိုက်သလိုခေါ်ပါ... "

"အေးမွန်လို့ ခေါ်ရတာ သိပ်ကျက်သရေ ရှိတာပဲ အေးတာလဲ ကောင်းတယ်... မွန်တာလဲကောင်းတယ်... နှစ်ခုပေါင်း





ပြီး အေးမွန်လို့ ခေါ်ရတာလဲ သိပ်ကောင်းတယ်... ဆုက ဘာကြီးမှန်းလဲ မသိဘူး... "

အစ်မကြီး ပြောသည့် ဂျပန်မလေးနှင့်တူသည် ဆိုသာ စကားကို မပြောရဲပါ။ ပြောလိုက်လျှင် ပို၍ စိတ်ဆိုးမည်။

"ဒါဆိုရင် အေးမွန်နဲ့တွေ့ဖို့ အခွင့်အရေးက... "

အေးမွန် ဘယ်လိုပြောရမှန်းမသိ။ အလုပ်ချိန်အတွင်း လည်း မတွေ့နိုင်။ အသွားအပြန်ကလည်း ဖယ်ရီနှင့်ဖြစ်၍ ချိန်မရှိ။ တစ်ပတ်မှာ တနင်္ဂနွေ တစ်ရက်သာ အားရသည်။ ရက်တွင် အိမ်မှာ လျှော်ရဖွပ်ရ မီးပူတိုက်ရ မနေမနား ရသည်။

"ရှူး အေးမွန်... "

တစ်ဖက်ကောင်တာမှ သူဇာမြင့်က လှမ်းသတိပေး ည်။ အေးမွန်ကြည့်လိုက်တော့ မှန်တံခါးဖွင့်၍ ထွက်လာသော သက်ထားဝေကို တွေ့ရသည်။

"တနင်္ဂနွေနေ့ နေ့လည်... "

ထွေးမြင့်ကြားရုံ အေးမွန်တိုးတိုးပြောသည်။

"ဆယ့်တစ်နာရီခွဲ အရောက်လာခဲ့... ဒေါ်လှပို ဆိုင်မှာ ထမင်းစားမယ်... အဲဒီကစောင့်နေမယ်... "

ဒေါ်သက်ထားဝေကိုကြောက်၍ ထွေးမြင့် မြန်မြန် သွားအောင် အေးမွန် ခေါင်းညိတ်ပြလိုက်သည်။

"ဆယ်တစ်နာရီခွဲ အရောက်လာနော်... ဆိုင်ကျမှ ထမင်း

အတူစားမယ်... "

ထွေးမြင့်က သေချာအောင် ထပ်ပြောနေ၍ အေးမွန် အမြန် ခေါင်းညိတ်ပြလိုက်ပြန်သည်။ အေးမွန် ထိတ်ထိတ် လန့် လန့် အမူအရာကို သနား၍ ထွေးမြင့် ပြန်ထွက်သွားပါသည်။

❖ ✣ ❖ ✣ ❖ ✣ ❖



## အခန်း (၈)

ယနေ့ တနင်္ဂနွေနေ့ အေးမွန်နှင့်တွေ့ရန် ချိန်းထား သာနေ့။

ထွေးမြင့် အိပ်ရာကုတင်ပေါ်မှာ လှဲလျက် ခေါင်းရင်း တင်းပေါက်မှ မြင်ရသော ကောင်းကင်ပြင်ကြီးဆီသို့ အဓိပ္ပါယ် ေးကြည့်နေမိသည်။ ကောင်းကင်တွင် တိမ်မျှင်လေး တစ်စက် င်မရှိ။ ကောင်းကင်ပြာပြာက ပိုမြင့်ပြီး ပိုဝေးသွားသလို မြင်ရ ည်။

ရင်ထဲမှာလည်း အေးမွန်နှင့် ပိုဝေးသွားသလို ခံစား သည်။

"အေးမွန်ရယ် လုပ်ရက်လိုက်တာ... "

စိတ်ထဲမှာ မကျေမနပ် ခံစားရသည်။

"သူ ငါ့အပေါ်မှာ အလေးအနက်မှ ထားရဲ့လားမသိဘူး.. "

ထွေးမြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ ကိုယ့်ဘက်မှ အလေးအနက်ထားလွန်းသည်ကို လျှော့ပစ်ချင်မိသည်။ သို့သော် လျှော့မရ၍ ခံစားရလွန်းသည်။

"ဟိုနေ့က ငါမြန်မြန် ပြန်သွားအောင်လို့ သူ ခပ်လွယ်လွယ် ကတိပေးလိုက်တာလား... "

အရောင်းမန်နေဂျာ ထွက်လာကြောင်း မိုးသူဇာ သတိပေးသည်နှင့် ထိတ်ထိတ်ပျာပျာ ဖြစ်နေသော အေးမွန်မျက်နှာကို မြင်ယောင်မိသည်။ ထွေးမြင့်ကတော့ ချစ်သူနှင့်တွေ့ရမည့် တနင်္ဂနွေနေ့ကို မျှော်လင့်ချက်ကြီးစွာ စောင့်စားခဲ့ရသည်။

တနင်္ဂနွေနေ့ရောက်သည်နှင့် မနက်ကတည်းက တက်ကြွ ပျော်ရွှင်နေသည်။ မေးချင်သည်များကို စဉ်းစားထားသည်။ ပြောရမည့် စကားများကို တွေးထားသည်။ ချိန်းထားသည့်အချိန်ကို နာရီ တကြည့်ကြည့်နှင့် စောင့်ရသည်။

အချိန်က ကုန်ခဲလွန်းလှသည်။ ဆယ့်တစ်နာရီထိုးအောင် နာရီလက်တံများကို လှည့်ပတ်လိုက်ချင်သည်။ ဆယ်နာရီထိုးတော့ ရေချိုး၊ အဝတ်အစားလဲသည်။ ဆယ်နာရီခွဲသည်နှင့် ထွက်လာခဲ့သည်။ ဖြည်းဖြည်းလာသည်ပင် ဒေါ်လှပိုဆိုင် ရောက်တော့ ဆယ့်တစ်နာရီထိုးရန် ဆယ့်ငါးမိနစ် လိုသေးသည်။

ကိစ္စမရှိ၊ ထိုင်နေကျ စားပွဲကုလားထိုင်မှာ ထိုင်ရသည်နှင့်ပင် စိတ်ထဲမှာ ကြည်နူးမှုတွေကအပြည့်။ ကြည့်နေကျ မျဉ်းဝါကျားဆီသို့ကြည့်သည်။ နှစ်သက်စရာ ကဗျာတစ်ပုဒ်၊ ဘဝဆန်သော ဝတ္ထုတစ်ပုဒ် ဖတ်နေရသည့် အရသာမျိုး ခံစားရသည်။





ယောက်ျားများ၊ မိန်းမများ ပုံစံမျိုးစုံ၊ အသက်အရွယ်မျိုးစုံ မျဉ်းဝါကျားမှာ ဖြတ်ကူးနေကြသည်။ တချို့က အနီးအပါးမှာ နေကြသည့် ကူးနေကျ သန်းနေကျလူများ။ ကားလမ်းမှာ ကူးနေသည်ဟုပင် သတိထားမိပုံမရ။

တချို့က ရန်ကုန်သူ၊ ရန်ကုန်သား၊ မျဉ်းဝါကျားမှာ ကူးနေပုံကို ကြည့်ရုံနှင့် သိသာသည်။ တချို့က တစ်ယောက်လက်တစ်ယောက်ဆွဲပြီး ကားများကို ကြောက်ကြောက်လန့်လန့် ကြည့်၍ ထိတ်ထိတ်ပျာပျာနှင့် မြန်မြန် သုတ်သုတ် ကူးနေကြသည်။

မျဉ်းဝါကျား ကူးခါနီးမှ မိန်းကလေးက သူ့အဖော်ကောင်လေး၏ လက်မောင်းကို ဆုပ်ကိုင်သွားသော အတွဲလေးတစ်တွဲကိုလည်း မြင်ရသည်။ ထွေးမြင့်သဘောကျသည်။အေးမွန်နှင့်အတူ မျဉ်းဝါကျားကို ကူးပြီး အေးမွန်၏အားကိုး ခံချင်စိတ်၊ အေးမွန်၏ ကြင်ကြင်နာနာ ဖေးမကူညီချင်စိတ် ဖြစ်မိသည်။

လူအုပ်ကြီးက ဖြတ်လိုက်၊ ကားတန်းကြီး ရပ်သွားလိုက်၊ ကားတန်းကြီး မောင်းသွားလိုက်၊ လူများရပ်စောင့်လိုက်နှင့် အကြိမ်ပေါင်းများစွာ ကြာသည်အထိ အေးမွန်မလာ။

၁၁ နာရီခွဲမှာ ပိုမျှော်သည်။ ထုံးစံအတိုင်း သီးစုံချဉ်ရည်ဟင်း အချန်ခိုင်းထားသည်။ သို့သော် ရုံးပိတ်ရက်မို့ ဒေါ်လှပိုဆိုင်မှာ ခါတိုင်းလောက် လူမများ။ အေးမွန်လာလျှင် ဘာဟင်းစားရမည်ကိုပင် ထွေးမြင့် တွေးထားသည်။

မျဉ်းဝါကျားကို မျက်ခြေပြတ်မခံ။ သို့သော် ရုံးမှလာသည် မဟုတ်၍ မျဉ်းဝါကျားမှ လာပါ့မလား ဆိုသည်က မသေ

မြူးပန်းတစ်ရာစာပေ

ချာ။ မည်သို့ပင်ဖြစ်စေ မျိုးဝါကျားက လာမည်ဟု သဘောထားပြီး စောင့်ကြည့်နေရသည်က ရင်ထဲမှာ ကြည်နူးသည်။ မျိုးဝါကြားမှ မလာပဲ ရုတ်တရက် ဆိုင်ထဲရောက်လာလျှင်လည်း တမျိုးပျော်ရမည်။

စထိုင်ကတည်းက သွားနေကြသော ကားများကို ရေတွက်ထားလျှင် လေးငါးထောင်လောက်တော့ ရှိလောက်ပြီဟု တွေးနေမိသည်။ ဆယ့်နှစ်နာရီထိုးသည်အထိ ဒေါ်မွန်မလာ။ ထွေးမြင့်ရင်မှာ မောလာသည်။ သူဘာလို့ နောက်ကျတာပါလိမ့်။ လာရောလာပါ့မလား။ သံသယဖြစ်လာရသည်။

သို့သော် စောင့်ရမည်က ကိုယ့်တာဝန်။ မျှော်လင့်ချက်ကို လွယ်လွယ်နှင့် မဖျက်ချင်။

ဆယ့်နှစ်နာရီခွဲပြီ။

တစ်နာရီထိုးပြီ။

ထမင်းလည်း မစားရသေး။ စားချင်စိတ်လည်းမရှိ။

"ဒီနေ့လည်း ထမင်းမစားဘဲ ပြန်ရဦးမှာလား.. "

စိတ်မကောင်းစွာ တွေးမိသည်။ မျှော်လင့်ချက် နည်းလာသည်။

တစ်နာရီခွဲ။ မျှော်လင့်ချက်မရှိ။

သို့သော် ထ၍မရ ပြန်ချင်စိတ်မရှိ။ စိတ်အားပျက်စွာ ဆက်ထိုင်နေသည်။ ဒေါ်လှပိုသိပါသည်။ ဆိုင်မှ ကောင်လေးများပင် သိသည်။

"စားတော့မလား.. "





ဟု လာမမေးကြ။

၂ နာရီထိုးပြီးမှ ထွေးမြင့် ဆိုင်မှ ထပြန်လာခဲ့သည်။

ဘယ်သူမှ ဘာမျှမပြောခဲ့။ ဘယ်သူကမှလည်း ဘာမျှမမေးကြ။

နေ့ခင်းနေက ပူလွန်းလှသည်။ ထွေးမြင့်ရင်ထဲမှာ ပို၍ပူသည်။ ခြေဦးတည့်ရာ လျှောက်သွားမည်ဟု တွေးပြီးမှ သွားချင်စိတ်မရှိ။ ကိုယ့်အခန်းသို့သာ ပြန်လာခဲ့မိသည်။ အဝတ်အစားများပင် လဲချင်စိတ်မရှိ။ အိပ်ရာကုတင်ပေါ်မှာ ခြေပစ်လက်ပစ်ပွဲချလိုက်မိသည်။

ပင်ပန်းသည်။ ရင်ထဲမှာ တင်းကျပ်နေသည်။

"ဒေါ်ဆုမွန်ဖြစ်သွားတဲ့ ဒေါ်မွန်ရယ်... နာမည်ပြောင်းသလို စိတ်ထားတွေရော ပြောင်းသွားပြီလား.. "

လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

သိပ်ချစ်ခဲ့ရသောဒေါ်မွန်။ ဆံပင်ရှည်လေးနှင့် မြန်မာဆန်ဆန် လှသောဒေါ်မွန်။ ကိုယ့်လိုပင် အလေးအနက် ရှိမည်ဟု ထင်ခဲ့သည်။

"ခုတော့ လွယ်လွယ်ကတိပေးပြီး လွယ်လွယ်ကတိဖျက်သူ ဖြစ်နေပြီလား.. "

မကျေနပ်သော အတွေးများနှင့် မွန်းကျပ်စွာ ခံစားရသည်။

အားလုံးကို မေ့ပစ်ချင်သည်။ ပြူတင်းပေါက်မှ မြင်ရသော ကောင်းကင်အမြင့်ကြီးသို့ ငေးကြည့်နေမိသည်။ ထို

ကောင်းကင် အမြင့်ကြီးမှာ အေးမွန်ကို မြင်နေရပြန်သည်။

အေးမွန်က အမြင့်ကြီးကိုရောက်ပြီး ငါနဲ့ ဝေးသွားပြီ လား။



## အခန်း (၉)

နဖူးပေါ်စို့လာသော ချွေးပေါက် ကလေးများကို အေးမွန် လက်ကိုင်ပဝါနှင့် တို့၍သုပ်ပြီး လက်မှ နာရီကို ကြည့်လိုက်သည်။ နှစ်နာရီရှိနေပြီ။

"အို... "

အေးမွန် စိတ်မကောင်းဖြစ်ရသည်။

ဘယ်နည်းနှင့်မျှ မမှီနိုင်တော့ပါ။ ထမင်းဆိုင်သို့ လာခဲ့မည်ဟု ကိုထွေးကို ကတိပေးခဲ့သည်။ သူ့ခမျာ တမျှော်မျှော်နှင့် စောင့်နေရှာလိမ့်မည်။ ကိုထွေးကို သနားမိသည်။

၁၂ နာရီလောက် အရောက်သွားလျှင် စိတ်ရှည်လက်ရှည် စောင့်နေသည့် သူ့ကို မှီနိုင်မည်။ ခုအချိန်ထိတော့ စောင့်နေမည်မထင်။ စားပွဲမှာထိုင်၍ စာရင်းရေးနေသော ဂိုဒေါင်မှူး ပစ္စည်းထိန်းကို မကျေမနပ်ဖြစ်မိသည်။ သူသာရှိနေလျှင် အစော

ကြီးပြီးနိုင်သည်။ သူနောက် ကျနေ၍ အစီအစဉ်များ အားလုံး လွဲကုန်ရသည်။

တနင်္ဂနွေနေ့ ပစ္စည်းထုတ်ရမည်ကို ကြိုသိခဲ့လျှင်လည်း ကိုထွေး ချိန်းခဲ့သည်ကို လက်ခံခဲ့မည်မဟုတ်။ စနေနေ့ ညနေပိုင်းကျမှ ကောင်တာများမှာ လျော့သွားသော ပစ္စည်းများကို ဖြည့်ရန် သူဇာမြင့်နှင့်အေးမွန် ဂိုဒေါင်သွားပြီး ပစ္စည်းများ ထုတ်ရမည်ဟု အရောင်းမန်နေဂျာက လာပြောသည်။

"ဟေး... ကောင်းတယ်... "

သူဇာမြင့်က ဝမ်းသာနေသော်လည်း အေးမွန် စိတ်ပျက်မိသည်။ တနင်္ဂနွေနေ့မှာ နားခွင့်မရဘဲ ပစ္စည်းထုတ်ရမည်ကို သူဇာမြင့် ဘာကြောင့် ဝမ်းသာမှန်း အေးမွန် နားမလည်နိုင်ခဲ့။

အလုည့်ကျ ပစ္စည်းထုတ်ရသူသည် အချိန်ပို လုပ်ခ အဖြစ် တစ်ရက်မှာ ၂၅၀ ကျပ် အပိုရသည်ကို ပစ္စည်းထုတ်ရန် သွားမှ သူဇာမြင့်က ပြောပြသည်။

"တစ်ရက်ဆိုပေမယ့်... မနက်ပိုင်းတင်ပြီးတာပဲ... နောက်အကျဆုံး ဆယ့်တစ်နာရီလောက်ဆိုပြီးတာ... ဆယ့်နှစ်နာရီဆို အိမ်ပြန်ရောက်ပြီ"

သူဇာမြင့်က ရှင်းပြသည်။

"ဒါဆို တော်ပါသေးရဲ့... "

အေးမွန် စိတ်အေးခဲ့ရသည်။

မော်တော်ကားသမားက ပုံမှန်အတိုင်း လာကြိုသည်။ ဂိုဒေါင်သို့ မနက် ရှစ်နာရီရောက်သည်။ သို့သော် ဂိုဒေါင် တာဝန်ခံ





က မရောက်သေး။ အေးမွန်တို့ စောင့်နေရသည်။ ဆယ်နာရီထိုးမှ ရောက်လာသည်။

သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဆောင် ဝင်နေရ၍ ဟု ပြောသည်။ ဝတ်ဆင်လာသည်က တောက်တောက်ပြောင်ပြောင်။ သူရောက်ပြီးမှ ပစ္စည်းများ ထုတ်ရသည်။

ကောင်တာအားလုံးအတွက် တာဝန်ယူထုတ်ရခြင်းဖြစ်၍ ပစ္စည်းကများသည်။ ဆယ့်နှစ်နာရီထိုးမှ ပစ္စည်းထုတ်၍ ပြီးသည်။ အလုပ်သမား ကောင်လေးနှစ်ယောက်က ပစ္စည်းများကို ကားပေါ်တင်သည်။

သူဇာမြင့်က ထမင်းဆာပြီဆို၍ ဂိုဒေါင်တာဝန်ခံက ထမင်းလိုက်ကျွေးမည်ဟု ပြောသည်။ အေးမွန်က မစားလိုကြောင်း အတင်းငြင်းသည်။ ကိုထွေးစောင့်နေမည်။ မြန်မြန်ပြီးလျှင် မှီလိုမှီငြား ထမင်းဆိုင်သို့ အမြန်ဆုံး လိုက်သွားချင်သည်။

သို့သော် သူဇာမြင့်က စားချင်နေသည်။

"ကျွန်တော် ကျွေးပါ့မယ်ဗျာ... ကျွန်တော် နောက်ကျတာ ကျွန်တော့်မှာ တာဝန်ရှိပါတယ်... "

"သေချာတာပေါ့ဗျာ... ကျွေးသင့်တာပေါ့... "

ကားသမားလည်း ဆာနေပြီ။ နောက်ဆုံးတော့ အများဆန္ဒကို အေးမွန် လိုက်လျောရသည်။ ကိုယ်တိုင်လည်း ဆာနေပါပြီ။ ထမင်းဆိုင်က မဝေးလှပါ။ ကားနှင့်သွားသည်မို့လည်း ခဏနှင့် ရောက်သွားသည်။ သို့သော် မှာသောဟင်းများ ကြော်လှော်ချက်ပြုတ်သည်ကို စောင့်ရသည်ကကြာသည်။

တရုတ်စာဖြစ်၍ ဆာဆာနှင့်စား၍ ကောင်းပါသည်။ ငါးခေါင်းဟင်းချိုသောက်ရင်း သီးစုံချဉ်ရည်ဟင်းနှင့် စောင့်နေမည့် ကိုထွေးကိုသတိရပြီး စိတ်မကောင်းဖြစ်မိသည်။

ထမင်းစားပြီးတော့ ၁-နာရီထိုးပြီ။ ဂိုဒေါင်တာဝန်ခံက ထုတ်ယူသော ပစ္စည်းစာရင်းကို အမျိုးအမည်အလိုက် လယ်ဂျာစာရင်းမှာ သွင်းသည်ကို စောင့်ရသည်၊ ဘောက်ချာမှာ ပြေစာဖြတ်ပိုင်းများ ရေးသည်ကို စောင့်ရပြန်သည်။ ခဏပါဟု ပြောသော်လည်း ၁ နာရီခွဲသွားပြီ။

"ကဲ... ရော့... ဆောရီးပဲဗျာ... "

ပြေစာဖြတ်ပိုင်းများကိုပေးရင်း ဂိုဒေါင်တာဝန်ခံက အားနာစကား ဆိုသည်။ ပစ္စည်းများ ကားပေါ်တင်ပြီး ဆိုင်သို့ပြန်သွားရသည်။ ကားပေါ်မှ ပစ္စည်းများကို အလုပ်သမား အကူအညီနှင့် ဆိုင်ပေါ်သို့ တင်ရသည်။

ပစ္စည်းများအားလုံးစုံတော့ စာရင်းနှင့်တိုက်ပြီး ပြန်စစ်ရသည်။ အားလုံး ပြည့်စုံ ကိုက်ညီပြီဆိုမှ ဆိုင်မှာ အသင့်စောင့်နေသော အရောင်းမန်နေဂျာ ဒေါ်သက်ထားဝေကို ပစ္စည်းများ အပ်ရသည်၊ အားလုံးပြီး၍ ဆိုင်ပေါ်မှပြန်ဆင်းတော့ ၂ နာရီခွဲနေပြီ။

❖ ✣ ❖ ✣ ❖ ✣ ❖



အခန်း (၁၀)

"ထွေးမြင့်ရေ... ထွေးမြင့်ရှိလားဟေ့... "

အပြင်ဘက်မှ လှမ်းခေါ်နေသော ကိုရွှေဝင်း၏ အသံကြားရသည်။ ထွေးမြင့်ကောင်းကင်ကြီးကို ကြည့်နေရာမှ မျက်စိမှိတ်ထားလိုက်သည်။ ကိုရွှေဝင်း ဝင်လာလျှင် စကားပြောနေရမည်စိုး၍ အိပ်ချင်ယောင် ဆောင်နေလိုက်ခြင်း ဖြစ်သည်။ ဘယ်သူနှင့်မျှ မတွေ့ချင်။ ဘာစကားမျှလည်း မပြောချင်။

"ထွေးမြင့်ရေ.. "

ကိုရွှေဝင်း ထပ်ခေါ်သံကို ကြားရသည်၊ ထွေးမြင့် ထူးပဲ နေလိုက်သည်။

"ဟေ့ကောင် အပြင်မှာ ဧည့်သည်ရောက်နေတယ်... "

ထွေးမြင့်မယုံ။ ကိုရွှေဝင်း ညာသည်ဟု ထင်သည်။ ဘယ်က ဧည့်သည်မျှ လာစရာမရှိ။ ကိုရွှေဝင်း အခန်းထဲ ဝင်လာ

သံ ကြားရသည်။ ထွေးမြင့် အိပ်ချင်ယောင် ဆောင်နေသည်။

"ဟာ… ဒီကောင် အိပ်နေတာကိုး… ဟေ့ကောင် ထွေးမြင့် ထ… ထ… အပြင်မှာ ညှိသည်ရောက်နေတယ်… "

ထွေးမြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ ကိုရွှေဝင်း မျက်နှာက ပြုံးဖြီးဖြီး ဖြစ်နေသည်။

"ဘယ်က ညှိသည်လဲဗျ… မဖြစ်နိုင်ပါဘူး… ခင်ဗျား ညာနေတာ… "

"ဟာ… ဒီကောင် မင်းဘာသာ ထွက်ကြည့်ပါလားကွ… "

"မကြည့်တော့ဘူးဗျာ… တော်ပြီ… "

ထွေးမြင့်က တစ်ဖက်သို့ စောင်းအိပ်လိုက်သည်။

"အေး… မတွေ့ချင်လဲနေ… နောက်မှ ငါမပြောဘူး အပြစ်မတင်နဲ့… "

ကိုရွှေဝင်း ပြန်ထွက်သွားသည်။ ထွေးမြင့် နားစွင့်နေသည်။ အပြင်မှ ကိုရွှေဝင်း၏ စကားသံ ကြားရသည်။

"မယုံဘူးတဲ့ ပြန်အိပ်နေတယ်… "

"ရှင်… အေးမွန်လို့ ပြောပေးပါရှင်… "

"ဟင်… "

အေးမွန်၏အသံကိုကြား၍ အိပ်ရာပေါ်မှ အမြန် ထလိုက်သည်။ ကိုရွှေဝင်း ပြန်ဝင်လာသည်နှင့် အပေါက်မှာဆုံမိသည်။ ကိုရွှေဝင်းကို တွန်းဖယ်ပြီး အပြင်သို့ အမြန်ထွက်လိုက်သည်။

"ဟာ… ဒီကောင်… "





ကိုရွှေဝင်း ပြန်ထွက်သွားသည်။ ရုံးရှေ့မှ ခုံတန်းပြာလေးမှာ ထိုင်စောင့်နေသော အေးမွန်ကိုတွေ့ရ၍ ထွေးမြင့် ဝမ်းသာသွားသည်။ အေးမွန်က ထမင်းစားချိန်အမှီ ရောက်မလာနိုင်သည့်အကြောင်းနှင့် ပစ္စည်းထုတ်ပြီးမှ အိမ်မပြန်သေးဘဲ လာတွေ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

"လာ… ဒါဖြင့် အခု ဒေါ်လှပိုဆိုင်သွားမယ်… "

ထွေးမြင့်က သူ စိတ်မကောင်း၍ မနက်စာ မစားခဲ့ကြောင်းကို ပြောပြသည်။ နှစ်ဦးအတူ ဒေါ်လှပိုဆိုင်သို့ သွားကြသည်။ ထွေးမြင့်ရင်ထဲမှ မကျေနပ်ချက်များအားလုံး ပျောက်ကွယ်သွားကြပြီ။ အပျော်ကလေးများနှင့်အတူ ဗိုက်ကဆာလာသည်။

ဒေါ်လှပိုဆိုင်မှာ လူရှင်းနေသည်။ မနက်စာကို ညနေနာရီကျော်မှ စားရသည်။ သူ့အတွက် ချန်ထားသော သီးစုံချဉ်ရည်ဟင်းကလည်း ဘယ်သူကိုမှ မရောင်းရသေး၍ ကျန်နေသည်။

"အေးမွန် မစားတော့ဘူးနော်… "

အေးမွန်က စားလာခဲ့ပြီ ဖြစ်ကြောင်း ရှင်းပြသည်။

"ဟာ မရဘူး… အတူစားရမယ်… "

ထွေးမြင့်က ထမင်းနှစ်ပွဲမှာသည်။ အတင်းအစားခိုင်းသည်။ အေးမွန်ငြင်း၍ မရ။ ရှားရှားပါးပါး နှစ်ယောက်အတူစားရသည့် အခွင့်ထူးလေးကို ထွေးမြင့်ရအောင် ယူလိုက်သည်။ ထမင်းစားရင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ခံစား

မှုလေးတွေ ဖြစ်ရသည်။ တစ်ယောက်ပန်းကန်သို့ တစ်ယောက် အပြန်အလှန် ဟင်းထည့်ပေးရင်း ကြည်နူးကြရသည်။

"နောက်တစ်ပတ် တနင်္ဂနွေ... "

ထမင်းစားအပြီးမှာ နောက်တစ်ကြိမ် တွေ့ခွင့်ရရေး ကို ထွေးမြင့်မေးရသည်။

"ဒီတစ်ပတ် ဘာမှမလုပ်နိုင်တော့ နောက် တနင်္ဂနွေကျရင် လျှော်စရာရှိတာတွေ လျှော်ရဦးမယ် ကိုထွေးရယ်... "

ထွေးမြင့် ရင်မောရသည်။ နောက်တစ်ကြိမ် တွေ့ခွင့် ကို အကြာကြီးစောင့်ရဦးမည်။

"အဲဒီနောက် တနင်္ဂနွေ... "

အေးမွှန် ခေါင်းညိတ်၍ ထွေးမြင့် ဝမ်းသာရသည်။ သို့သော် ခေါင်းညိတ်ပုံက လေးလေးပင်ပင် ဖြစ်နေသည်ကိုလည်း ထွေးမြင့်သတိထားလိုက်မိပါသည်။

❀ ⁘ ❀ ⁘ ❀ ⁘ ❀



၈၁

အခန်း (၁၁)

ယနေ့ တီသုံးလုံး ကုမ္ပဏီအရောင်းဆိုင်သို့ အေးမွှန် အလုပ်ဝင်၍ တလပြည့်သောနေ့ဖြစ်သည်။ လစာ ၂၅၀၀ ကျပ် ထုတ်ရသည်။ တနင်္ဂနွေနေ့ အချိန်ပိုလုပ်အားခနှင့်ဆိုလျှင်အားလုံး ၂၇၅၀ ကျပ် ထုတ်ရသည်။ ညနေကျတော့ ငါးနာရီမှာ ဆိုင်ပိတ် ပြီး အားလုံး ပျော်ရွှင်စွာနှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ ယနေ့ညတွင် သုံးလပတ် ဆုကြေးငွေ ပေးအပ်ပွဲနှင့် ညစာစားပွဲ ရှိသည်။ မင်္ဂလာဒုံ လေဆိပ်မှ အိုအေစစ် စားသောက်ဆိုင်မှာ စားရမည်။

"အေးမွှန်လာလေ... ဝတ်စုံအသစ် ထုတ်ရမယ်... "

သူဇာမြင့် ခေါ်ရာသို့ အေးမွှန် လိုက်သွားရသည်။ အခန်းတစ်ခုမှာ ကိုယ့်အရွယ် ကိုယ့်အတိုင်းအတာနှင့် ထုတ်ယူ ရကြသည်။ ဂျင်းအပြာနုရောင် ဘောင်းဘီရှည်နှင့် အင်္ကျီ လက်ဆက်တစ်စုံအပြင် အနက်ရောင်ရှူးဘိနပ်တစ်ရံ၊ အပြာနု

ရောင်ခြေအိတ်တစ်စုံပါသည်။ ညစာစားပွဲတွင် ဝတ်ရမည်။ ရေချိုးချိန်မရသော်လည်း မျက်နှာသစ်ပြီး မိတ်ကပ်လိမ်းရသည်၊ ပြီးတော့ ဝတ်စုံများကို ဝတ်ကြသည်။

"အို... ငါ့ညီမလေးက လှလိုက်တာဟယ်... အရပ်ကလဲမြင့် ကိုယ်ခန္ဓာကလဲ အချိုးကျတော့ သိပ်ကြည့်လို့ကောင်းတာပဲ... "

မိုးစန္ဒာက အားပါးတရ ချီးကျူးနေသည်။

"ဒီနေ့ညတော့ အေးအလှဆုံး ဖြစ်နေမှာ သေချာတယ်..."

သူဇာမြင့်ကလည်း ချီးကျူးနေပြန်၍ အေးမွန်ဘယ်လို နေရမှန်းမသိ။ ဘောင်းဘီရှည်ကိုလည်း ခုလို တခါမှ မဝတ်ဖူး၍ နှုတ်ခမ်းလေး ရှက်နေသည်က ပို၍ ချစ်စရာ ဖြစ်နေသည်၊

"ဒါပေမဲ့ တစ်ခုပဲ ပြောစရာရှိတယ်... "

မိုးစန္ဒာကို အေးမွန်လှမ်းကြည့်လိုက်သည်။

"ဆံပင်ရှည်ဖြစ်နေတာက ဒီဝတ်စုံနဲ့မလိုက်ဘူး... "

မိုးစန္ဒာ၏ စကားကြောင့် အေးမွန်ဆံပင်အတွက် အနေ ခက်သွားသည်။

"အေး... အဲဒါတော့ ဟုတ်တယ်... "

သူဇာမြင့်ကလည်း ထောက်ခံသည်။ အေးမွန် ဆံပင်ရှည်များကို ကိုင်ကြည့်ပြီး စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေသည်။

"ဒါပေမဲ့... အလှပျက်လောက်အောင်တော့ မဟုတ်ပါဘူး"

မိုးစန္ဒာက ပြင်ပြီးအားပေး၍ တော်ပါသေးသည်၊ ခြောက်နာရီခွဲမှာ အားလုံးပြင်ပြီးဖြစ်၍ ကိုယ့်ဖယ်ရီနှင့်ကိုယ်





အိုအေစစ် စားသောက်ဆိုင်သို့ သွားကြရသည်။ ခုနစ်နာရီ ဆိုင်ရောက်သည်။ ကြိုတင် ဘွတ်ကင်လုပ်ထားသော စားပွဲများမှာ နေရာယူထားကြရသည်။ ခုနစ်နာရီခွဲခါနီးမှ ကုမ္ပဏီလူကြီးပိုင်းမှ ပုဂ္ဂိုလ်များ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ ခုနစ်နာရီခွဲမှာ လူစုံသည်။

ကုမ္ပဏီပိုင်ရှင်များနှင့် လူကြီးများက စားပွဲနံပါတ် တစ်မှာ ထိုင်ကြသည်။ အေးမွန်တို့ထိုင်ရသည်က စားပွဲအမှတ် နှစ်။ ကုမ္ပဏီမှ လူကြီးများ စကားပြောကြသည်။ စင်ကာပူမှ ပုဂ္ဂိုလ်တစ်ဦးက စကားပြောသည်။ အင်္ဂလိပ်လို ပြောခြင်းဖြစ်သည်။

ကုမ္ပဏီ ရှယ်ယာအဖွဲ့ဝင် ဦးလင်းဇော်ဦးက မြန်မာဘာသာ ပြန်ပေးသည်။ အားလုံးကိုယ့်အလုပ်ကို တာဝန်ကျေအောင် ကြိုးစားကြ၍ လုပ်ငန်းအောင်မြင် တိုးတက်သည်ကို ဝမ်းသာကြောင်း၊ တာဝန်ကျေသူအားလုံးကို နှုတ်နဲ့ချီးကျူးရုံ မလုံလောက်ကြောင်း တိုးတက်လာတဲ့ အကျိုးအမြတ်ကိုလဲ မျှဝေခံစားခွင့်ရအောင် ခုလို သုံးလတစ်ကြိမ် ဆုပေးခြင်းဖြစ်ကြောင်း၊ ဆက်ပြီး ကြိုးစားကြစေချင်ကြောင်း၊ ကုမ္ပဏီလုပ်ငန်းများ ပိုမိုတိုးတက်၍ အကျိုးအမြတ် ပိုရသည်နဲ့အမျှ လုပ်ကိုင်ဆောင်ရွက်ကြသူအားလုံးကို ဆုကြေးငွေများ တိုးပြီး ပေးသွားမှာဖြစ်ကြောင်း၊ ဒီနေ့ ညစာစားပွဲမှာ အားလုံး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပျော်ရွှင်ကြစေချင်ကြောင်း ပြောကြားပြီး နိဂုံးချုပ်သွားသည်။

အားလုံးလက်ခုပ်တီးကြသည်။ အေးမွန်လည်း အများနှင့်အတူ လက်ခုပ်တီးသည်။ ပြီးတော့ ကုမ္ပဏီပိုင်ရှင် ငါးဦးက

ဝန်ထမ်းများကို ဆုကြေးငွေများ ပေးကြသည်။ သုံးလပြည့်တာဝန်ထမ်းဆောင်ထားသူများကတစ်ဦးလျှင်သုံးထောင်စီဆုကြေးရသည်။ အေးမွန်က တစ်လသာ ရှိသေး၍ ဆုကြေး တစ်ထောင်ရသည်။

ညနေကရခဲ့သည် ၂၇၅၀ နှင့်ဆိုလျှင် အားလုံးပေါင်း ၃၇၅၀ ကျပ်ရသည်။ လက်ဆောင်ခွဲတမ်းရသော ရေမွှေးပုလင်းကို မမသူဇာ ရောင်းပေးသည့် ငွေနှင့်ပေါင်းလျှင် ယခု တစ်လမှာ အားလုံးပေါင်း ၄၀၀၀ ကျော်ရသည်။

တခါမျှ မစားဘူးသော ခမ်းနားသည့် ညစာစားပွဲကြီးကိုလည်းတက်ခွင့်ရသည်။ အိုအေစစ် စားသောက်ဆိုင်မှာ ကာရာအိုကေ သီဆိုမှုများနှင့် စတင်ဖျော်ဖြေနေပါပြီ။ စားပွဲထိုးများက စားသောက်ဖွယ်ရာများကို စတင်ချပေးနေကြပြီ။ လူကြီးဝိုင်းမှာတော့ ဘီယာပုလင်းများ၊ အေးမွန်၏ ကောင်တာမှာ ရောင်းသည့် ဈေးကြီးသော ဝီစကီပုလင်းများကို တွေ့ရသည်။ အေးမွန်တို့စားပွဲရှေ့မှာတော့ လူစေ့တက်စေ့ အချိုရည်တစ်ဘူးစီ ရသည်။

"အေး... အရင်က ဒီလို ညစာစားပွဲကြီးတွေ စားဘူးလား"

သူဇာမြင့်က သူ့ဘေးမှ အေးမွန်ကို တိုးတိုးမေးကြသည်။ အေးမွန် ခေါင်းရမ်းပြသည်။

"မမသူဇာလဲ အရင်က မစားဘူးပါဘူး... ဒီကုမ္ပဏီရောက်မှ ဒါနဲ့ဆို... နှစ်ခါ စားဘူးပြီ... အကောင်းစားတွေ အလှ ပယ်အဝစားရမှာ... နောက်လဲ ဒီလို စားပွဲတွေ အေး စားရဦးမှာ... "





သူဇာမြင့်က အေးမွန်၏ အချိုရည်ဘူးကို အပေါ်မှ ဘွင်းလေးဆွဲဖြုတ်ပြီး ဖွင့်ပေးသည်။ စားပွဲထိုးများက ဟင်းပန်းကန်ကြီးများ လာချပေးနေကြသည်။ ငါးအကောင်လိုက် ချိုချဉ်ကြော်၊ ပုဇွန်နှင့် ပြောင်းဖူးကြော်၊ ဘဲအကြွပ်ကြော်၊ ဝက်စတူး၊ ဆိပ်သားပေါင်း၊ အစုံကြော်၊ ပန်းပွင့်ကြက်သားကြော်၊ ငါးမန်းတောင်ဟင်းချို။

အားလုံးစုံ၍ စတင်စားခါနီးမှာ စားပွဲတစ်ခု လူကြီးမှတ်တပ်ထ၍ အေးမွန်တို့ စားပွဲများပါ အားလုံးမတ်တပ် ရပ်လိုက်ကြသည်။ စက်ပိုင်သားက သူ့လက်ထဲမှ အရက်ဖန်ခွက်ကို မြှောက်ပြီး အင်္ဂလိပ်လိုပြောသည်။ ဦးလင်းဇော်ဦးက သူ့ခွက်ကို မြှောက်ပြီး ဘာသာပြန်သည်။ အေးမွန်တို့ မြန်မာမိန်းကလေးများ အားလုံးကို အချိုရည်ဖန်ခွက်များကို ကိုင်မြှောက်ထားကြရသည်။

"ကျွန်တော်တို့အားလုံးရဲ့ ကျန်းမာပျော်ရွှင်ရေးနဲ့... ကျွန်တော်တို့ တိုသုံးလုံး ကုမ္ပဏီလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက်..."

ဦးလင်းဇော်ဦးက သူ့လက်မှ ဖန်ခွက်နှင့်စက်ပိုင် လုပ်ငန်းရှင်၏ ဖန်ခွက်ကို ထိတိုက်လိုက်သည်။ ပြီးတော့ လူကြီးဝိုင်းက တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဖန်ခွက်ချင်း ထိခတ်သံများ ထွက်ပေါ်လာသည်။ အေးမွန်တို့ဝိုင်းမှာလည်း အချိုရည် ဖန်ခွက်ချင်း ထိခတ်သံများ ထွက်ပေါ်လာသည်။ အေးမွန် မလုပ်စဖူးသည်များကို လုပ်နေရ၍ ရှက်သလိုလို ခံစားရသည်။

သို့သော် အများနည်းတူ လုပ်ရသည်။ အရင်ဆုံး သူဇာ၏ ဖန်ခွက်နှင့် ထိတိုက်လိုက်သည်။ ပြီးတော့ မမမိုးစန္ဒာ၊

ပြီးတော့ အခြားလူများနှင့်... ။ ဖန်ခွက်သံလေးများ စဲသွားတော့ ကိုယ့်ခုံမှာကိုယ် ပြန်ထိုင်ကြသည်။ ထမင်းစားကြသည်။ ဟင်းတွေက သိပ်ကောင်းသည်။ ထမင်းနည်းနည်းနှင့် ဟင်းများများ စားရသော ညစာစားပွဲဖြစ်သည်။

"ငါးမန်တောင်ဟင်းချိုက သိပ်ဈေးကြီးတယ်... အားရှိတယ်သောက်... "

မိုးစန္ဒာက အေးမွန်အတွက် ပန်းကန်လုံးနှင့် ခပ်ထည့်ပေးသည်။ ထိုအချိန်တွင် လူကြီးများက သူတို့စားပွဲမှ ထလာကြပြီး ဝန်ထမ်းအလုပ်သမားများ၏ စားပွဲကို လိုက်နှုတ်ဆက်သည်။ ဝန်ထမ်းများ စားနေရင်းမှ မတ်တပ်ရပ်လိုက်ကြသည်။

"အိုး... ထိုင်ကြပါ... စားပါ... စားရင်း စကားပြောလို့ရပါတယ်... "

အသက်ငါးဆယ်ခန့်ရှိ ဖြူဖြူသန့်သန့် ကုမ္ပဏီ အကြီးအကဲက အထိုင်နိုင်းသည်။ သို့သော် မည်သူမျှ မထိုင်ကြပါ။

"အဲဒါ ဦးဝင်းထွန်း... ဒီကုမ္ပဏီမှာ အကြီးဆုံး... "

သူဇာမြင့်က မိုးစန္ဒာကို တိုးတိုးလေးကပ်ပြောသည်။ ဦးဝင်းထွန်းကို အေးမွန် ခုမှ မြင်ဖူးခြင်းဖြစ်သည်။ ကိုယ့် ကုမ္ပဏီ၏ အကြီးဆုံး သူဌေးကို မှတ်ထားလိုက်သည်။

"စားလို့ ကောင်းကြရဲ့လားဟေ့... "

ဦးဝင်းထွန်းက မေးခြင်းဖြစ်သည်။ အားလုံးနီးပါး ဖြေကြသော်လည်း အေးမွန် နှုတ်နှေးနေ၍ မဖြေလိုက်ရ။

"ကုမ္ပဏီမှာ လုပ်ရတာကော ပျော်ကြရဲ့လားဟေ့... "





"ပျော်ပါတယ်... "

ယခုတစ်ခါတော့ အေးမွန်ပါ ရောယောင် ဖြေမိသွား ည်။

"သူက လူသစ်လား... အရင်က မတွေ့ဖူးပါဘူး... "

ဦးဝင်းထွန်းက အေးမွန်ကို ညွှန်ပြ၍ မေးသည်။ ည့်အားလုံး အေးမွန်ထံ ရောက်သွားကြသည်။ ဂျင်း င်းဘီ၊ ဂျင်းအကျႌ အပြာနုရောင်ဝမ်းဆက်နှင့် အေးမွန် သွယ် မြင့်မြင့်လေး လှနေသည်။

"ဟုတ်ပါတယ် သူဌေး... သူက အလုပ်ဝင်တာ တစ်လပဲ ရှိပါသေးတယ်... သူ့နာမည်က အေးဆုမွန် တဲ့... "

အေးမွန်ဘေးမှာ ရပ်နေသည့် မိုးစန္ဒာကသွက်လက်စွာ သည်။

"ဪ... အေး... အေး... တီသုံးလုံး ကုမ္ပဏီက ပျော်စရာကောင်းပါတယ်ကွ အလုပ်ကို ကြိုးစားလုပ် ဟုတ်လား..."

အေးမွန် ဦးဝင်းထွန်းကို ခေါင်းညိတ်ပြသည်။

"ပါးစပ်ကပြောလိုက်လေ... "

ဘေးစားပွဲမှ ဒေါ်သက်ထားဝေ၏ အသံကို ကြားရ

"ဟုတ်ကဲ့ရှင့်... "

အေးမွန်ထံမှ အသံလေးထွက်လာသည်။

ဦးလင်းဇော်ဦးက စက်ဘူမှ ဖက်စပ် သူဌေးကို ်လို ပြောပြနေသည်။ စက်ဘူသူဌေးက အေးမွန်ကို ကြည့်

နေသည်။

"ဟောင်းဒူးယူဒူး... "

အင်္ဂလိပ်လိုနှုတ်ဆက်သည်။ အေးမွန်က ဘာပြန်ပြော ရမှန်းမသိ။

"ဟောင်းဒူးယူဒူးလို့ပဲ ပြန်ပြောလိုက်... "

မိုးစန္ဒာက တိုးတိုးလေး သင်ပေးသည်။

"ဟောင်းဒူးယူဒူး... "

စက်ာပူသူဌေးကိုကြည့်ပြီး အေးမွန်ပြောလိုက်သည်။ မပြောစဖူး ပြောထွက်ရ၍ ရှက်စိတ်ကြောင့် မျက်နှာတစ်ခုလုံး ထူထူပူပူဖြစ်နေသည်။ စက်ာပူသူဌေးက အေးမွန်ကို သဘောကျစွာ လက်ဆွဲနှုတ်ဆက်သည်။

"သူက တို့ တီသုံးလုံး ကုမ္ပဏီမှာ ဖက်စပ် ပါတနာတစ်ယောက် ဖြစ်ပါတယ်... စက်ာပူကနေ တို့ကုမ္ပဏီကို ပစ္စည်းတွေ တာဝန်ယူပြီး ပို့ပေးရတဲ့ သူလဲ ဖြစ်ပါတယ်... နာမည်က မစ္စတာယန်းတဲ့... "

ဦးလင်းဇော်ဦးက အားလုံးကို စက်ာပူသားနှင့် မိတ်ဆက်ပေးသည်။

"တို့ကုမ္ပဏီမှာ သုံးလတစ်ကြိမ် ဘောနပ်စ်ပေးတာနဲ့ မစ္စတာယန်းရောက်နေတာနဲ့ ဆုံသွားတော့ ဒီနေ့ ညစာ စားပွဲက ပိုပြီး ပြည့်စုံသွားတာပေါ့... "

ဦးဝင်းထွန်းပြောသည်ကို ဦးလင်းဇော်ဦးက မစ္စတာယန်း နားလည်အောင် အင်္ဂလိပ်လို ပြန်ပြောသည်။





"ရက်စ်... ရက်စ်... ဗဲရီးဂွတ်... "

မစ္စတာယန်း ပျော်ပျော်ရွှင်ရွှင် ပြန်ပြော၍ ဦးဝင်းထွန်းနှင့် ဦးလင်းဇော်ဦးတို့က စပြီး လက်ခုပ်တီးသောကြောင့် အားလုံး သက်ခုပ်တီးကြသည်။

"ကဲကဲ... ကျန်တဲ့ လူတွေနဲ့လဲ မိတ်ဆက်ပေးပါဦး... ဒေါ်သက်ထားဝေ... "

ဒေါ်သက်ထားဝေက မိန်းကလေးတစ်ဦးစီ၏ အမည်ကိုပြောပြ မိတ်ဆက်ပေးသည်။ မစ္စတာ ယန်း ခင်မင်ရင်းနှီးစွာ သက်ဆွဲနှုတ်ဆက်သည်။ ပြီးတော့ လူကြီးများဝိုင်း ကူးသွားသောကြောင့် အေးမွန်တို့အားလုံး ပြန်ထိုင်ပြီး ညစာ ဆက်စားကြသည်။ ဘာရာဇ်ကေ စင်မြင့်ပေါ်မှာ မိန်းကလေးတစ်ယောက်က 'ကိုကို အွန်မကို ချာတိတ်လို့ မခေါ်နဲ့... ' ဆိုသော သီချင်းကို လှုပ်လှုပ်ရှားရှားလေး သီဆိုနေပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀

# အခန်း (၁၂)

ညနေတိုင်း (၅) နာရီမှ (၆) နာရီထိ အေးမွန် အင်္ဂလိပ် စကားပြောသင်တန်း တက်ရသည်။ ကုမ္ပဏီအပေါ်ထပ်မှ အခန်း တစ်ခုမှာပင် သင်ရခြင်းဖြစ်သည်။ အေးမွန်နှင့်အတူ သင်တန်း တက်ရသူ ငါးဦးရှိသည်။ အပြင် အင်္ဂလိပ် စကားပြောသင်တန်းမှ ဆရာမ ဒေါ်အင်ဂျရင်း လာသင်ပေးခြင်းဖြစ်သည်။

သင်တန်းတက်ချိန်မှာ မြန်မာလို လုံးဝ မပြောရ။ ပြော ဖြင့် စကားတစ်လုံး ဒဏ်ငွေတစ်ကျပ် သတ်မှတ်ထားသည်။ အပြန်အလှန် ပြောဆိုခြင်းများကို ကိုယ့်အချင်းချင်း လေ့ကျင့် ရသည်။

အေးမွန် ရှက်နေ၍ မရတော့ပါ။ မလွဲသာ မရှောင် သာ ပြောရသည်။ ပြောရင်း ပြောရင်းနှင့်လည်း နှုတ်ရဲလာသည်။ နှစ်ပတ်ခန့် သင်ပြီးသောအခါ ကုမ္ပဏီက ကြီးကြပ်သူများထဲမှ

အင်္ဂလိပ်စကား ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သူများ တစ်ရက်ခြား ဝင်ရောက်ပြီး အင်္ဂလိပ်လို အမေးအဖြေလုပ်၍ စစ်ဆေးသည်။

ကိုယ့်ကောင်တာမှ ကိုယ်နှင့်သက်ဆိုင်သော ပစ္စည်းများ ရောင်းဝယ်ရာတွင် ပြောဆိုရမည့် စကားများကို သင်ပေးသည်။ အေးမွန်တို့ တစ်ရက်ထက်တစ်ရက် တိုးတက်၍ ပြောရဲလာကြသည်။ ပြောသော အကျင့်ရလာသည်။ သင်ပေးသော ဆရာမ ဒေါ်အင်ဂျရင်းက လေသံ အဖိအဖော့များ ပို၍ စနစ်ကျအောင် ပြုပြင်ပေးသည်။

နိုင်ငံခြားသား လာဝယ်တိုင်း အေးမွန်တို့ သင်ကြားလေ့ကျင့်ထားသည်များကို ပြောကြည့်ရသည်။ အလေ့အကျင့်ရအောင် လုပ်ရခြင်းဖြစ်သည်။ စပြောသော ရက်များတွင် ရှက်သလိုလို ကြောက်သလိုလို ဖြစ်နေသော်လည်း နောက်ပိုင်းတွင် ကိုယ်ပြောသည်ကို နိုင်ငံခြားသားများ နားလည်ကြောင်း တွေ့ရသောအခါ အေးမွန် အားတက်လာသည်။ ပြောရဲလာသည်။

သို့သော် နိုင်ငံခြားသားများက အခြားစကားများ မေးခြင်းပြောခြင်း ပြုသောအခါ အေးမွန် နားမလည် ဖြစ်ရသည်။ အချို့မေးခွန်းကို နားလည်သလိုလို ရှိသည်။ သို့သော် ပြန်မပြောတတ်။ ကိုယ်ပြောတတ်သည်က သင်ထား သလောက်သာ ဖြစ်သည်။

ထိုအခါမျိုးတွင် မိုးစန္ဒာရောက်လာတတ်သည်။ မိုးစန္ဒာကတော့ ပြည့်ပြည့်စုံစုံ အမှန်ကြီး မဟုတ်သည့်တိုင် သူနားလည်





ကိုယ်နားလည်တော့ ပြောတတ်သည်။ မိုးစန္ဒာကို အေးမွန် အားကျသည်။

"မမမိုးလောက် တတ်ချင်လိုက်တာ.. "

"နောက်ကျရင် ပြောရင်း တတ်သွားမှာပေါ့.. အေးမွန်လဲ ဂရက်ကျူရိတ် တစ်ယောက်ပဲဟာ.. ပြောတတ်ချင်တဲ့စိတ် ရှိဖို့ပဲလိုတယ်... "

မိုးစန္ဒာကအားပေးသည်။ အေးမွန် ပြောတတ်ချင်ပါသည်။ ဆရာမ သင်ပေးသည်ကို အသံထွက်ပုံကစပြီး အသေအချာ နားထောင်သည်။ လေ့ကျင့်ရသည့် အခါများမှာလည်း မရှက်မကြောက် ပြောကြည့်သည်။ ဆရာမ ဒေါ်အင်ဂျရင်းက အေးမွန်၏ ကြိုးစားမှုကို သဘောကျသည်။

အရောင်းမိန်းကလေးများ အပြာနုရောင် ဂျင်းဝမ်းဆက် ဝတ်ရသည့်နေ့တွင် အင်္ဂလိပ်စကားပြောသင်တန်းချိန်မှာ အေးမွန်ကိုကြည့်ပြီး ဒေါ်အင်ဂျရင်း တအံ့တသြ ချီးကျူးသည်။

"အေးဆုမွန်ရယ်... လှလိုက်တာ... အံ့သြစရာ... "

ဆိုသည်ကို အင်္ဂလိပ်လိုပြော၍ အေးဆုမွန် မျက်နှာလေး ရှက်စနိုးဖြင့် ပန်းနုရောင်သန်းသွားသည်။ ဆရာမအင်ဂျရင်းက အေးမွန်၏ ပုခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း အနီးကပ် ကြည့်နေသည်။

"ယောက်ျားတွေ မပြောနဲ့.. မိန်းမချင်းတောင် ကြည့်လို့ မဝဘူး... "

ဆိုသည်ကို ဆရာမ အင်ဂျရင်းက အင်္ဂလိပ်လိုပြော

သည်။

"ဟုတ်တယ် ဆရာမ... ဆံပင်တိုနဲ့ ဒီဝတ်စုံနဲ့ဆိုရင် သူ အရမ်းလိုက်မှာ... "

"အို ယူဖောင်း စပိ(က်)အင် မြန်မာ... "

အေးမွန်နောက်မှ အလုပ်ဝင်သော စုထားက ပြောချင်ဇောနှင့် မေ့ပြီး မြန်မာလို ပြောလိုက်၍ ဆရာမက စကားလုံး အရေအတွက်နှင့် တွက်ပြီး ဒဏ်ရိုက်သောကြောင့် အားလုံး ရယ်ကြရသည်။

စုထား ငွေနှစ်ဆယ် ဒဏ်ကြေးထိသွားသည်။ နောက်တော့ အင်္ဂလိပ်စကားပြော ဆက်သင်ရင်း ဆရာမ အင်ဂျရင်းက အေးမွန်၏ ဆံပင်ရှည်ကြီးကို မကြာခဏ လှမ်းကြည့်နေသည်။ ဆံပင်ရှည်နေသည်ကို ဖြတ်ပစ်ချင်သော ကြည့်ပုံကြည့်နည်းဟု အေးမွန် ထင်သည်။

ဆရာမဆံပင်ကလည်း တိုတိုလေးဖြစ်သည်။ ဆရာမ ကြည့်ဖန်များသောအခါ အေးမွန် အနေရခက်လာသည်။ ဆံပင်ရှည်နေသည်ကိုပင် ရှက်ရတော့မလို ခံစားလာရသည်။

ညနေ (၆) နာရီတွင် သင်တန်းပြီး၍ အခန်းအပြင် ထွက်သည်နှင့် အေးမွန်ဘေးသို့ စုထား ရောက်လာသည်။

"အေးဆုမွန်ကြောင့် စုထား ငွေနှစ်ဆယ်ထွက်သွားတယ်... ထွက်ချင် ထွက်ပစေ... ဆရာမ မပြောခင်ကတည်းက အေးဆုမွန်ကိုကြည့်ပြီး ဒီဝတ်စုံနဲ့အေးဆုမွန်နဲ့ ကြည့်လို့ကောင်းလိုက်တာ... ဆံပင်က ရှည်နေတော့ တမျိုးဖြစ်နေ





တယ် ဆံပင်တိုနဲ့ဆိုရင် အရမ်းလှမှာလို့ တွေးပြီးလိုက်မဲ့ ဆံပင်ကို ပုံဖော်ကြည့်နေတာ... ဆရာမက ပြောလိုက်တော့ စုထားမနေနိုင်တော့ဘူး... မြန်မာလို ပြောမိသွားတယ်... ကောင်းပါတယ်... အင်္ဂလိပ်လို ပြောရင်လည်း အဲဒီလို စိတ်ထဲရှိတဲ့အတိုင်း အဓိပ္ပါယ်ပေါ်အောင် ပြောတတ်မှာ မဟုတ်ဘူး... "

စုထားစကားကို နားထောင်ရင်း အေးမွန်ပြုံးနေသည်။

"အေးဆုမွန်က အရမ်းလှတာပဲ ဆံပင်တိုသာ ဖြတ်လိုက်ရင် ဆရာမပြောသလိုပဲ မိန်းမချောင်းတောင် ဒေးရမှာ... "

အေးမွန် ပြုံးမိရပြန်သည်။

"ဖြတ်မလား... "

စုထားက ဇွတ်တရွတ် မေးနေပြန်သည်။

"ဖြတ်ရင် ဘယ်လိုပုံ ဖြတ်ရမှာလဲ... ဒိုင်ယာနာ ပုံလား..."

"ဟာ အေးဆုမွန်ကလဲ အောက်လိုက်တာ... ဒိုင်ယာနာကေဆိုတာ ဒိုင်ယာနာနဲ့လိုက်အောင် ညှပ်ထားတာ... ကိုယ်နဲ့လိုက်ချင်မှလိုက်မှာပေါ့... အေးဆုမွန်ကေ ညှပ်ရမှာ... "

အေးမွန်ရယ်သည်။

"မရယ်နဲ့... တကယ်... ကိုယ်ညှပ်နေတဲ့ အဝင်းနဲ့အထွန်း ညီအစ်မ အေးလေ ညီအစ်ကို... ဟယ် ထားပါတော့... ရုပ်ရှင်မင်းသမီးတွေ အလှပြင်တဲ့ဆိုင်... အေးဆုမွန် မျက်နှာ အေးဆုမွန် အရပ်နဲ့လိုက်တဲ့ အေးဆုမွန်ကေ ညှပ်ပေးလိုက်မယ်... "

အေးဆုမွန် သဘောကျစွာ ပြုံးမိရသည်။ သို့သော် သူ့ ဆံပင်ရှည်ကြီးများကို အေးမွန် နမြောနေသည်။ ပြီးတော့ ကိုထွေးမျက်နှာကိုလည်း မြင်ယောင်လာသည်။ ကိုထွေး သိပ်သဘောကျသည်ဆိုသော ဆံပင်ရှည်ကြီးများ။ အေးမွန်၏ ကောင်တာအထိ စုထားလိုက်လာသည်။

"အေးဆုမွန် အခုထားတဲ့ ဆံပင်ရှည်က မြန်မာဆန်ဆန် လုံချည်နဲ့ မြန်မာဝတ်စုံနဲ့ဆိုရင် သိပ်ကြည့်လို့ ကောင်းမှာပါ အခုတော့ ကုမ္ပဏီမှာ ဝတ်ရတာက လုံချည်မှမရှိပဲ... စကပ်ရှိတယ်... အထက်အောက်တွဲရက် ဝတ်စုံရှိတယ်... အဲဒါလဲ စကပ်လိုပါပဲ မထူးပါဘူး... ပြီးတော့ ဘောင်းဘီရှည်ရှိတယ်... တစ်ခုမှ ဆံပင်ရှည်နဲ့ အဆင်မပြေဘူး..."

"စုထားရေ... ဖယ်ရီနောက်ကျမယ်နော်..."

"ဟုတ်ကဲ့ အစ်မ..."

သူဇာမြင့် သတိပေးလိုက်မှ စုထား သူ့ပစ္စည်းများသိမ်းရန် သူ့ကောင်တာသို့ ပြေးထွက်သွားလေသည်။



# အခန်း (၁၃)

လေးထပ်မြင့်သော အဆောက်အဦးကြီးကို ထွေးမြင့်ကြည့်လိုက်သည်။ တတိယအထပ်မှာ အေးမွန်ရှိသည်။ သို့ ဤအဆောက်အဦးမှာ ကိုယ်နှင့်ရင်းနှီးခြင်းမရှိ။ သူစိမ်းသလို ရင်ထဲမှာ ခံစားရသည်။

အေးမွန်နှင့်တွေ့ချင်လွန်း၍သာ လာခဲ့ရခြင်း ဖြစ် ။ အေးမွန်နှင့်မတွေ့ရသည်မှာနှစ်ပတ်ကျော်သွားပြီ။ မနေ့က နေ့နေ့မှာ အေးမွန်လာမည် ပြောပြီး မလာခဲ့။ ယခင် တစ်ခါ ညနေမှ ရောက်လာမည်လားဟု မျှော်ခဲ့သေးသည်။ လုံးဝ မလာ။

လေးလံသောခြေလှမ်းများဖြင့် လှေကားကို တက်လာ ။ ခေတ်နှင့်အညီ ပေါ်ပေါက်လာသော ကုမ္ပဏီဖြစ်သော် က်လှေကားမရှိ။ ဓါတ်လှေကားမရှိ။ ခေတ်မမှီသေးသည်

ကိုပင် အေးမွန်နှင့် သိပ်မဝေးသေးသလို တွေး၍ ကျေနပ်ရပါ သေးသည်။

တတိယအထပ်ရောက်တော့ အစောင့်ရှိသော်လည်း ယခင်ကလို မေးစရာမလို။ အေးမွန် ကောင်တာရှိရာသို့ လျှောက်လာခဲ့သည်။

ထွေးမြင့်ကို အေးမွန်လှမ်းမြင်သည်။ အားနာသော မျက်နှာမှာ အားလျော့သော အပြုံးလေးနှင့် ဆီးကြိုနေသည်။

"ဟာ... ဒီလို ဖြစ်သွားပြီလား.. "

ကောင်တာရှေ့ရပ်မိမှ အေးမွန် တစ်ကိုယ်လုံးကို မြင်ခွင့်ရ၍ ထွေးမြင့် တအံ့တသြ ဖြစ်မိသည်။ ဂျင်းဘောင်းဘီ အပြာနုရောင် ဝတ်စုံဝတ်ရသောနေ့ဖြစ်သည်။

အချိုးအဆစ် ပြေပြစ်ကျနမှုကို ပိုမိုပေါ်လွင်သော်လည်း မြန်မာဝတ်စုံဝတ်ထားသည်လောက် ယဉ်ကျေးသိမ်မွေ့သည်မထင်။ ထွေးမြင့်ကြည့်နေပုံကိုသိ၍ ဘောင်းဘီဝတ်ထားသော အေးမွန် အနေရခက်နေသည်။

"ဟင်... အေးမွန်... ဆံပင်တွေ... "

ထွေးမြင့် အတိတ်တလန့် သတိထားမိသွားသည်။ အေးမွန်ပင်လျှင် ထွေးမြင့်ကိုကြည့်၍ ယောင်ယမ်းပြီး သူ့ဆံပင်ကို စမ်းမိလျက်သား ဖြစ်သွားသည်။

"အေးမွန်ကို စမြင်ရကတည်းက တစ်မျိုးဖြစ်နေတယ်ထင်တာ... သွားပါပြီအေးမွန်ရာ... နှမြောစရာကောင်းလိုက်တာ.. "





ထွေးမြင့် စိတ်မကောင်းစရာ ဖြစ်ရသည်။ သူမြတ်နိုးသော ထွေးထွေးအိအိရှိလှသည့် ဆံပင်အရှည်ကြီးများ နေရာ ကွေ့ကွေ့ဝိုက်ဝိုက် ကျနေသော ဘိုကေသာသာ ဆံပင်တို ။

"အေးမွန် ဒီလောက်အထိ ပြောင်းလဲသွားပြီကိုး.. "

ထွေးမြင့် စိတ်မကောင်းဖြစ်ရသည်။

"ကိုထွေးရယ်... ဒီမှာက စကပ်ဝတ်ရတယ်... ဘောင်းဘီဝတ်ရတယ်ဆိုတော့ ဆံပင်ရှည်နဲ့ ဘယ်လိုမှ မလိုက်လို့ပါ"

အေးမွန်က ဘေးမှလူများမကြားအောင် ခပ်တိုးတိုး င်းချက် ပေးသည်။ ထွေးမြင့် နားလည်သွားပါသည်။ ကိုဆိုင်ထဲမှာ ဤအကြောင်းများ ဆက်ပြီး ဆွေးနွေးမနေ ၊ သို့သော် မျက်စေ့ အကြည့်က ဆံပင်များဆီသို့ ရောက်သွား န်သည်။

ဆံပင်ရှည်ကြီးများကို ပြန်လည်မြင်ယောင်၍ နှမြော ပါသည်။ ခုခေတ်ခုခါတွင် မိန်းကလေးများ ဆံပင်တိုထား မှာ အဆန်းမဟုတ်ပါ။ ထွေးမြင့်နားလည်ပါသည်။ အေးမွန် အသက်များစွာ ကြီးသူများပင် အေးမွန်ထက် တိုသော များထားနေကြပါပြီ။

သို့သော် အေးမွန်နှင့် ဆံပင်ရှည် သိပ်ကြည့်ကောင်း ၊ အမှန်အတိုင်းပြောလျှင် ဤဆံပင်များကြောင့်ပင် နှအေးမွန် ပြီး စိတ်ဝင်စားခဲ့ခြင်း ဖြစ်သည်။ သူနှင့် မတွေ့ခင်ကတည်း အေးမွန်ကိုယ်တိုင် ဆံပင်ရှည်ကို အမြတ်တနိုး ထားခဲ့ခြင်း

ဖြစ်သည်။ ထွေးမြင့်နှင့် ချစ်သူဖြစ်ပြီးတော့လည်း ဤဆံပင်မျ
ကို ထွေးမြင့်မြတ်နိုးခဲ့သလို အေးမွန်ကိုယ်တိုင်လည်း နှစ်သက်စွ
ထိန်းသိမ်းခဲ့သည်။

ကုမ္ပဏီကိုအလုပ်ပြောင်းမှအေးမွန်အတွက် အပြော
အလဲတွေ များလွန်းလာသည်။ နောက်ထပ် ဘာတွေ ပြောင်း
ဦးမလဲ။ မိမိတို့၏ ချစ်သူဘဝလေးပါ ခိုင်မာမှု မရှိတော့သ
ထွေးမြင့် ခံစားရသည်။

"အေးမွန် မနေ့က ဘာလို့မလာတာလဲ... "

လာရင်းအကြောင်းက ဤစကားကို မေးရန်ဖြစ်သ

"ဟုက်တယ်... ကိုထွေးရယ်... မနေ့က ဒီကုမ္ပဏီပိုင်
ဦးဝင်းထွန်းရဲ့ တူမတစ်ယောက် အင်းလျားလိပ်မှာ မင်္ဂ
ဆောင်တယ်လေ... အေးမွန်တို့ ဆိုင်ဝန်ထမ်းအားလုံး ဝ
ကူကြရတယ်... မင်္ဂလာဆောင်ပြီးတော့လည်း သတို့
သတို့သမီးက ထမင်းကျွေးနေတာနဲ့... လက်ဖွဲ့ပစ္စည်း
လွှဲအပ်နေရတာနဲ့ သုံးနာရီကျော်မှပဲ ပြန်ရတယ်... အေး
လဲ သိပ်ပင်ပန်းနေတာနဲ့ ကိုထွေးဆီ မလာနိုင်တော့တာ

အေးမွန်၏ မျက်နှာလေးကို ထွေးမြင့်ကြည့်နေသ
အမှန်အတိုင်း ပြောနေမှန်းသိပါသည်။

"အခု တနင်္ဂနွေရော... "

"ကိုထွေးအိမ်လာခဲ့ပါလား... "

အေးမွန်ပြောသည်မှာ ပို၍ သင့်တော်သည
ထွေးမြင့်နားလည်လိုက်သည်။





"ကောင်းတယ်... လာခဲ့မယ်... "

တစ်ပတ် သည်းခံစောင့်မည်။ ပြောချင်သည်များကို
နှစ်ယောက်တည်းတွေ့မှပဲ ပြောတော့မည်ဟု ဆုံးဖြတ်လိုက်
သည်။

"ဆယ့်တစ်နာရီလောက် အရောက်လာခဲ့မယ်... "

အေးမွန် ခေါင်းညိတ်သည်။

ထွေးမြင့် ဘယ်ကောင်တာကိုမှ အကြည့်မရောက်
တော့ပဲ ပြန်ထွက်လာခဲ့သည်။

✿ ✣ ✿ ✣ ✿ ✣ ✿

## ဒသန်း (၁၄)

အေးမွန်တို့ အင်္ဂလိပ် စကားပြောသင်တန်း တစ်လ [illegible]အောင် သင်ပြီးသည့်တစ်ညနေတွင် သင်တန်းခန်းအတွင်း [illegible]သင်းဇော်ဦး ဝင်လာသည်။ ဒေါ်သက်ထားဝေပါ လိုက်လာ [illegible] အခြားမိန်းကလေးများ မတ်တပ်ရပ်လိုက်ကြ၍ အေးမွန် [illegible] မတ်တပ်ရပ်လိုက်သည်။ ဦးလင်းဇော်ဦးက ထိုင်ကြရန် [illegible]လိုပြောပြီး သင်တန်းသူများကို အင်္ဂလိပ်လို နှုတ်ဆက် [illegible]အေးမွန်တို့လည်းပြန်ပြီးနှုတ်ဆက်ကြသည်။ ဒေါ်အင်ဂျရင်း [illegible]င်းဇော်ဦးတို့ အင်္ဂလိပ်လို စကားပြောနေကြသည်။ သင် [illegible]ကြောင်း ပြောနေကြခြင်းဖြစ်သည်။

ဦးလင်းဇော်ဦးမှာ ကုမ္ပဏီအစုရှယ်ယာဝင်များထဲတွင် [illegible]ငယ်ဆုံးဖြစ်သည်။ အင်္ဂလိပ်စာ အဓိကဘာသာနှင့် [illegible] ကောလိပ်သို့ သွားသည်။ ကောလိပ်မှာ လေးနှစ်အလုပ်,လုပ်

သည်။ ငွေကြေးစုဆောင်းမိသည်။ ယခုဖက်စပ်လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းရှင်နှင့်လည်း အဆက်အသွယ်ရ၍ ခင်မင်ရင်းနှီးခဲ့သည်။

ဤကုမ္ပဏီမှာ ရှယ်ယာများ ပါသော်လည်း သူပိုင်သီးသန့် ကုမ္ပဏီတစ်ခု ရှိသေးသည်။ နိုင်ငံခြားပစ္စည်းများ သွင်းကုန်များ ဖြန့်ချိရေးဖြစ်သည်။ သူ့ကုမ္ပဏီမှာ သူကိုယ်တိုင် အချိန်ပြည့် ဆောင်ရွက်နေရသောကြောင့် တီသုံးလုံး ကုမ္ပဏီသို့ အရောက်နည်းသည်။ အခြားကုမ္ပဏီ အစုစပ်သူဌေးများကို မကြာခဏ တွေ့ရသော်လည်း ဦးလင်းဇော်ဦးကို ထမင်းစားပွဲပြီးသည့်နောက် ခုတစ်ကြိမ်သာ ပြန်တွေ့ရခြင်းဖြစ်သည်။

ဦးလင်းဇော်ဦး အင်္ဂလိပ်စကား လည်လည်ပတ်ပတ် ပြောတတ်သည်ကို အေးမွန်သဘောကျမိသည်။ ဦးလင်းဇော်ဦးက ဆရာမ အင်္ဂလိပ်ရင်းနှင့် ပြောနေရာမှ သင်တန်းသူ ခြောက်ဦးဘက်သို့ လှည့်လိုက်သည်။ ဦးလင်းဇော်ဦး ဝတ်ထားသည်က အသားရောင်ဘောင်းဘီရှည်ပွပွ ချုပ်ထားသောပုံဖြစ်သည်။ အပေါ်မှာ နိုင်ငံခြားဖြစ် ရှပ်အင်္ကျီအဝါ လက်တိုဝတ်ထားသည်။ အသားဖြူသည်။ သန့်ပြန့်သော ရုပ်ဆင်းရှိသည်။ ငယ်ရွယ်နုပျိုသော ဂုဏ်ကလည်း အခြားအစုရှယ်ယာဝင်များထက် ပို၍ အထင်ကြီး လေးစားစရာဖြစ်နေသည်။

ဦးလင်းဇော်ဦးက အေးမွန်တို့ကို ကုမ္ပဏီ၏ ရောင်းဝယ်ရေးလုပ်ငန်းမှာ နိုင်ငံခြားသားများနှင့် ဆက်ဆံနေရ၍ အင်္ဂလိပ်ပြောခြင်းကို နားလည်ရန် လိုအပ်ကြောင်း ကိုယ်က





သည်း ကိုယ်ရောင်းဝယ်နေသည့် ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနိုင်ရန် လိုအပ်ကြောင်းများကို အင်္ဂလိပ်လို ရှင်းလင်းပြောပြသည်။

ဦးလင်းဇော်ဦး ပြောပြနေပုံမှာလွယ်ကူသော အင်္ဂလိပ်စကား အသုံးအနှုန်းဖြစ်၍ အေးမွန်တို့နားထောင်ရသည်မှာ အားလုံးနားယူည်သည်။

ရှင်းလင်းလွယ်ကူစွာ ပြောပြတတ်ပုံကို အေးမွန်သဘောကျနေသည်။ ဦးလင်းဇော်ဦး ပြောပြသည်မှာ ကိုယ်သိသော စကားလုံးများချည်း ဖြစ်သည်။ အေးမွန်တို့ စီကာစဉ်ကာ မပြောတတ်၍သာ အခက်တွေ့နေရခြင်း ဖြစ်သည်။

သူလို စီကာစဉ်ကာ ပြောတတ်ချင်သည်။ ဦးလင်းဇော်ဦးက ပြောဆို၍ ပြီးသောအခါ တစ်ဦးချင်း၏ ကောင်ဘာလိုက်ဆိုင်ရာ ပစ္စည်းများအကြောင်း အင်္ဂလိပ်လိုမေးသည်။ ဈေးနှုန်းများကို အင်္ဂလိပ်လိုမေးသည်။ ပစ္စည်းအမျိုးအစား မှန်ကန်ခြင်းရှိမရှိ အင်္ဂလိပ်လိုမေးသည်။ သင်ကြားလေ့ကျင့်ထားသည်များဖြစ်၍ ပြောနိုင်ကြပါသည်။

အေးမွန်အလှည့်သို့ မရောက်သေး။ အေးမွန်ရင်ထဲမှာ လှုပ်ရှားနေသည်။ ကုမ္ပဏီမှ လူကြီးတစ်ယောက်နှင့် အင်္ဂလိပ်လို ပြောရမည်ကို ကြောက်စိတ်ဖြစ်နေသည်။ ရှေ့မှ မိန်းကလေးများပြောသည်ကို ဦးလင်းဇော်ဦးက ပြုံးပြုံးရယ်ရယ်နှင့် ပြင်ဆင်ပေးနေသည်။

ဦးလင်းဇော်ဦး၏ နှုတ်ခမ်းများ ထူးထူးခြားခြား နီမြန်း

နေသည်ကို ကြောက်နေသည့်ကြားမှပင် သတိထားမိသည်။

ရှေ့မှမိန်းကလေးနှင့် မေး၍ဖြေ၍ပြီးသွားပြီ။ အေးမွန်က နောက်ဆုံးဖြစ်သည်။ အေးမွန်ဆီသို့ ဦးလင်းဇော်ဦး လာနေသည်။ ဘေးမှ ဆရာမ အင်ဂျရင်းလည်း ပါသည်။

ဦးလင်းဇော်ဦးကို ရဲရဲမကြည့်ဝံ့၍ ဘေးမှဆရာမ အင်ဂျရင်းကို လှမ်းကြည့်လိုက်သည်။ ရဲရဲပြောရန် အားပေးခြင်းဖြစ်သည်။

ဦးလင်းဇော်ဦးက အေးမွန်ကို သေသေချာချာ ကြည့်ပြီး..

"ဟော... မင်းက သိပ်လှတဲ့မိန်းကလေးပါလား.. မင်းခေါင်းက ဆံပင်တွေ ဖြတ်ပစ်လိုက်ပြီလား.. ညစာစားတဲ့နေ့တုန်းက ဆံပင်အရှည်ကြီးနဲ့ပါ.."

ဦးလင်းဇော်ဦး တအံ့တသြပြောနေသည်က သူ့ကို မှတ်မှတ်ရရ ရှိသည်ကို သိရ၍ အေးမွန်ရင်ထဲမှာ ကျေနပ်သလိုဖြစ်မိသည်။

ဦးလင်းဇော်ဦးက နာမည်မေးသည်။

"အေးဆုမွန်" ဟု ဖြေလိုက်သည်။

အခုပြောင်းလဲသွားသောဆံပင်က အေးမွန်မျက်နှာလေးနှင့် ကြည့်ကောင်းကြောင်း၊ ယခုဝတ်စုံနှင့်လည်း ပို၍ လိုက်ဖက်ကြောင်း ပြောဆိုချီးမွမ်းနေသည်။

ဆရာမ အင်ဂျရင်းကလည်း အေးမွန်သိပ်လှကြောင်း အင်္ဂလိပ်စကားပြောသင်ရာမှာလည်း စိတ်ပါဝင်စားစွာ ကြိုးစား





ကြောင်းများကို ပြောပြသည်။

"အို... သိပ်ကောင်းတာပေါ့.. မင်းဆက်ကြိုးစားပါ.. မင်းတိုးတက်စရာ အခွင့်အလမ်းတွေ အများကြီးရှိတယ်.. လုပ်သက်ဘယ်လောက်ရှိသွားပြီလဲ..."

နှစ်လခန့်သာရှိကြောင်း အေးမွန်က အင်္ဂလိပ်လို ဖြေသည်။

ဦးလင်းဇော်ဦးက အေးမွန်မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်နေသည်။ ဦးလင်းဇော်ဦး၏ မျက်လုံးများမှာ လင်းလက်တောက်ပ၍ ကိုယ့်လူကြီးလည်းဖြစ်သောကြောင့် အေးမွန် မျက်လွှာချထားလိုက်ပါသည်။

"မင်းက ကြိုးစားတယ်... စိတ်ဝင်စားတယ်ဆိုရင် မင်းကို ဖင်မလီအယ်လ်ဘန် ပေးလိုက်မယ်.. တိပ်ခွေပါ ပေးလိုက်မယ်... ကြိုးစား.. ဟုတ်လား..."

ဦးလင်းဇော်ဦးကို အေးမွန် ကျေးဇူးတင်စွာ ကြည့်လိုက်မိပါသည်။

"ကျွန်မ ကြိုးစားပါ့မယ်.. အကြီးအကဲရဲ့ ကျင်နာစွာ ကူညီခြင်းအတွက် ကျေးဇူးတင်ပါတယ်.."

အင်္ဂလိပ်လို ချောချောမောမော ပြောထွက်သွားသည့်အတွက် အေးမွန်ကိုယ့်ဖာသာ အံ့သြနေမိသည်။ ဦးလင်းဇော်ဦးကလည်း ခင်မင်ရင်းနှီးစွာ ကြည့်နေမိသည်။ ဦးလင်းဇော်ဦး ငြိမ့်မြပြီး သဘောကျစွာ ပြုံးနေသည်။

"မင်းကို ထပ်ပြောလိုက်ဦးမယ်... မင်း ဒီဆံပင်ပုံစံနဲ့ သိပ်လိုက်တယ်..."

ဆရာမ အင်ဂျရင်းက သဘောကျစွာရယ်ရင်း ခေါင်းငြိမ့်ထောက်ခံသည်။ ဦးလင်းဇော်ဦး အခန်းထဲမှ သွက်လက်ပေါ့ပါးစွာ ထွက်သွားသည်။

စုထားက သူအကြံပေးသော ဆံပင်ပုံစံအတွက် လက်မထောင်ပြပြီး ဂုဏ်ယူနေသည်။ အေးမွန်ကိုယ်တိုင်လည်း ကိုယ့်ဆံပင်ကိုယ် ကျေနပ်စိတ်ဖြစ်ရသည်။



အခန်း (၁၅)

အေးမွန်နေသည်က အင်းစိန်နှင့်သာကုန်းဖြစ်၍ ဝေးသည်။ ထွေးမြင့်နေရာမှသွားလျှင် ကားနှစ်ဆင့်စီးရသည်။

ဤခရီးကို ထွေးမြင့်မကျွမ်း ယခင်ကရောက်ဘူးသော်လည်း အေးမွန်နှင့်အတူလိုက်သွားခြင်း ဖြစ်သည်။

ကိုးနားရီကတည်းက ထွေးမြင့်ထွက်လာခဲ့သည်။ ကားစောင့်ရ၊ ကားပြောင်းစီးရသည်ကြောင့် ဆယ်နာရီခွဲမှ အင်းစိန်ရောက်သည်။

ကားမှတ်တိုင်မှ အေးမွန်တို့အိမ်ရောက်သည်အထိ ခြေကျင်လျှောက်ရသေးသည်

ဆယ့်တစ်နာရီမတ်တင်းမှ အေးမွန်တို့ အိမ်ရောက်သွားသည်။ အဝင်လမ်းက ကျဉ်းသည်။ ကားတစ်စီးဝင်သာရုံသာ ရှိ၏။ ခြံဝင်းကမကျယ်။ နှစ်ထပ်အိမ်၏အောက်ထပ်မှ

အခန်းနှစ်ခန်းတွင် တစ်ခန်းကို အေးမွန်တို့ မြေးအဖွားငှားနေခြင်း ဖြစ်သည်။

"ဟော... ကိုထွေးလာပြီ..."

အေးမွန် ဝမ်းသားအားရပြေးလာပြီး ကြိုသည်။

ဆံပင်တိုလေးများက အေးမွန်၏ လည်ပင်းအထက်မှာ ဘေးဘယ်ညာ လှုပ်ခတ်နေလျက်...

အေးမွန်ကိုလှမ်းကြည့်ပြီး ထွေးမြင့်စိတ်မကောင်းဖြစ်မိသည်။ ဆံပင်ရှည်ကြီးများကို မြင်ယောင်၍ နှမြောနေသည်။ အိမ်မှာ လုံချည်ဝတ်ထားသည်မို့ ဆံပင်တိုနှင့် ကြည့်မြင်ရသည်မှာ ပိုပြီးအကြည့်ရဆိုးသလို ထင်မိသည်။

"အေးမွန်ဆံပင်တွေ ကုမ္ပဏီက ဖြတ်ပစ်ခိုင်းတာလား..."

ရင်ထဲမှ မကျေနပ်စိတ်ကြောင့် တွေ့တွေ့ချင်း မေးလိုက်မိသည်။

"မဟုတ်ပါဘူး... ကုမ္ပဏီမှာ က စကပ်ဝတ်ရ ဘောင်းဘီရှည်ဝတ်ရဆိုတော့ ဆံပင်ရှည်နဲ့ မလိုက်လို့ပါ... အားလုံးကလဲ ဆံပင်ပုံစံပြောင်းဖို့ အကြံပေးကြတယ်... ဒါနဲ့စုထားဆိုတဲ့မိန်းကလေးက သူညှပ်နေကြဆိုင်ခေါ်သွားပြီး ဒီပုံညှပ်ပေးတာ..."

စုထားဆိုသော မိန်းကလေးကို မကျေနပ်... အားလုံးကိုလည်း မကျေနပ်။

"ခုလို လုံချည်နဲ့ဆိုရင် ဒီဆံပင်ပုံစံက လုံးဝမလိုက်တော့ဘူး..."





အိမ်ခန်းဆီသို့ နှစ်ယောက်အတူ လျှောက်လာရင်း ထွေးမြင့် မကျေနပ်ချက်ကို ဆက်ပြောနေမိသည်။

"ဒီလို လုံချည်ဝတ်တဲ့ရက်ကလဲ တစ်ပတ်မှ တစ်ရက်ထဲရှိတယ် ကိုထွေးရဲ့... ကျန်တဲ့ရက်တွေက ကုမ္ပဏီမှာ နေရတာ..."

"သိပ်တော့ မဆိုင်ပါဘူး... နိုင်ငံခြားရုပ်ရှင်တွေထဲမှာလဲ ဆံပင်ရှည်နဲ့မိန်းမတွေ တွေ့ဘူးပါတယ်..."

အိမ်နားရောက်လာပြီ

အေးမွန်က လက်ကာပြသည်။

"တော်ပြီ မပြောနဲ့တော့ ကိုထွေး... ဖွားဖွားကလဲ ဆံပင်ရှည်ကြီးတွေ ဖြတ်ပစ်လို့ နှမြောနေတာ..."

အေးမွန်က ခပ်တိုးတိုးပြောသည်။

"ဖွားဖွားမှန်တာပေါ့... ဟုတ်တာပဲ နှမြောစရာ သိပ်ကောင်းတာ..."

ထွေးမြင့်မှာ ဖွားဖွားနှင့်သဘောတူ၍ ပိုပြီးပြောအားနေသွားသည်။

"ရှူး... မပြောပါနဲ့တော့ဆို... ကိုထွေးသဘောမကျရင် အရှည်ပြန်ထားပေးမယ်..."

အေးမွန်တောင်းပန်၍ ထွေးမြင့်ဆက်မပြောတော့ပါ အရှည်ပြန်ထားပေးမယ် ဆိုသောစကားကြောင့်လည်း ကျေနပ်ဖြစ်လိုက်ရသည်။ အိမ်ထဲသို့ နှစ်ယောက်အတူ ဝင်လိုက်ကြသည်။

ဖွားဖွားက ခေါက်ဆွဲသုပ်စားနေသည်။

"လာ... လူလေးထိုင်... အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်ထားတယ်... ဖွားဖွားက လူကြီးမို့ အုန်းနို့မစားရဲလို့ သုပ်စားရတာ..."

"ဖွားဖွားမှာ သွေးတိုးရှိလို့လား..."

"ဩော်... ဒီအသက်အရွယ်ဆိုတော့ ရှိတာပေါ့ကွယ်... အနေအစား ဆင်ခြင်ရတာပေါ့..."

"ကိုထွေးဆာပြီလား... စားတော့မလား..."

အုန်းနို့ခေါက်ဆွဲကို ထွေးမြင့်သိပ်ကြိုက်သည်။ ဗိုက်ကလည်း ဆာနေပြီ။

"အေးမွန်ရော... စားတော့မှာလား..."

"စားမယ်လေ..."

ထွေးမြင့်ခေါင်းညိတ်ပြ၍ အေးမွန်သဘောကျပြုံးသည်။ နှစ်ယောက်အတူ အုန်းနို့ခေါက်ဆွဲစားရင်း ထွေးမြင့်က အေးမွန်၏ ဆံပင်တိုကို လှမ်းကြည့်လိုက်သေးသည်။

အေးမွန်က သူ့ဆံပင်ကို လက်ကလေးတစ်ဖက်နှင့် မလုံမလဲ ကာထားလိုက်သည်။

✿ ✣ ✿ ✣ ✿ ✣ ✿



## အခန်း (၁၆)

"အေးဆုမွန်... ဒေါ်သက်ထားဝေ ခေါ်နေတယ်..."

"ရှင်..."

မိုးစန္ဒာ၏စကားကြောင့် အေးမွန်ထိတ်လန့်သွားသည်။

"ဟုတ်... ဟုတ်ကဲ့..."

အေးမွန်ကောင်တာမှ ထွက်လာခဲ့သည်။

"ငါ့မှာ ဘာအပြစ်များ ရှိလို့ပါလိမ့်..."

ဒေါ်သက်ထားဝေ အဆူအပြောခံရမှာကို အေးမွန်ကြောက်နေသည်။

မှန်တံခါး တွန်းဖွင့်ဝင်လိုက်သည်နှင့် ဆုံလည်ကုလားထိုင်မှာ ထိုင်လျက် သူ့ဘက်သို့ ကြည့်နေသော ဒေါ်သက်ထားဝေကို တွေ့ရသည်။

မျက်နှာက တည်တည်တင်းတင်း။

အေးမွှန်မျက်လွှာချ ခေါင်းငုံ့လျက် ဒေါ်သက်ထားဝေ၏ စားပွဲဘေးမှာ ရပ်လိုက်သည်။

"မင်းက အင်္ဂလိပ်လို စကားပြောရတာ စိတ်ဝင်စားသလား"

"ရှင်... "

"ဘာကြောင့်မေးတာပါလိမ့်" ဟု အေးမွှန် စိုးရိမ်နေသည်။

"ငါမေးတာဖြေပါ.. "

"ဟုတ်... ဟုတ်ကဲ့... စိတ်ဝင်စားပါတယ်... "

"အေး... ကောင်းတယ်... ရော့... ဟော့ဒီမှာ.. "

ဒေါ်သက်ထားဝေက စက္ကူအိတ်ကြီးတစ်ခုနှင့် ထည့်ထားသော စာအုပ်နှင့်တိတ်ခွေကို ပေးသည်။

"ဦးလင်းဇော်ဦးပေးလိုက်တာ... "

"ဩော်... "

အပြစ်ပြောရန်ခေါ်သည် မဟုတ်မှန်း သိရ၍ အေးမွှန် ဝမ်းသာသွားသည်။

"မင်း ကြိုးစားပေါ့... ကုမ္ပဏီပိုင်ရှင်လူကြီးတွေ သဘောကျရင်... တိုးတက်ဖို့ အခွင့်အလန်း ရှိတာပေါ့.. "

"ဟုတ်ကဲ့... ကြိုးစားပါမယ့်... "

စက္ကူအိတ်ကြီးကို လှမ်းယူရင်း အေးမွှန်ဝမ်းသာနေသည်။

"ကဲ သွားတော့.. "





"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်... "

တကယ်ပင် အေးမွှန် ရင်ထဲမှာ ကျေးဇူးတင်နေသည်။ သို့သော် ဒေါ်သက်ထားဝေကို မဟုတ်။ ပြောသွားသည့် စကားအတိုင်း မှတ်မှတ်ရရပေးပို့လိုက်သော ဦးလင်းဇော်ဦးကို ကျေးဇူးတင်ခြင်းဖြစ်သည်။

ဒါကြောင့်မို့လဲ အခုလို ချမ်းသာပြီး ငယ်ငယ်ရွယ်ရွယ်၏ ကုမ္ပဏီကြီးတွေ တည်ထောင်နိုင်တာ။ ဦးလင်းဇော်ဦးကို အထင်ကြီး လေးစားမိသည်။

ဒေါ်သက်ထားဝေအခန်းမှအထွက်တွင် စက္ကူအိတ်ကြီးကို ရင်ခွင်မှာ အမြတ်တနိုး ပွေ့ပိုက်ထားလိုက်သည်။

✿ ✿ ✿

## အခန်း (၂၀)

ဦးလင်းဇော်ဦး ပေးလိုက်သည့် ဖင်မလီအယ်လ်ဘန် စာအုပ်ကို ရသည့်နေ့မှစ၍ အေးမွန်ဖတ်သည်။ ဆိုင်မှာ ဝယ်သူတိုင်း စာအုပ်ကိုဖွင့်ဖတ်ပြီး ခပ်တိုးတိုး လေ့ကျင့်သည်။ အချို့ အကြောင်းများ၊ အသုံးအနှုန်းများကို အလွတ်ကျက်သည်။ အိမ်မှာကျတော့ အသံ ခပ်ကျယ်ကျယ် နှင့် လေ့ကျင်ခွင့်ရသည်။

"ဟောင်းဒူးယူဒူး"

"မြေးရဲ့ဘာတွေ ကျက်နေတာလဲ... "

ဒေါ်အေးချစ်က နားမလည်။

"အင်္ဂလိပ်စာတွေ ကျက်နေတာ ဖွားဖွား.. "

"ဟင်... ငါ့မြေးက စာမေးပွဲဖြေရမှာ မို့လား.. "

"ဟင်း ဟင်း.. ဟုတ်တယ် ဖွားဖွားရေ.. ဘဝစာမေးပွဲ..."

ဒေါ်အေးချစ် ဘာမျှဆက်မမေးတော့ပါ။ အေးမွန်

ဆက်၍ လေ့ကျင့်သည်။

"နိုက်(စ်)တူမိ(တ်)ယူ"

အသံထွက်တွေ မှန်ရဲ့လားမသိ။ အေးမွန်ကိုယ့် ဘ
သာ သံသယဖြစ်မိသည်။ ဦးလင်းဇော်ဦးက တိတ်ခွေပါ ပေးလို
သော်လည်း အေးမွန်မှာ ကက်ဆက်မရှိ။

"ကက်ဆက်သာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ..

အသံထွက်ကိုပါဖွင့်ပြီး နားထောင်၍ရမည်။ က
ဆက်တစ်လုံး တမ်းတမ်းတတ ဖြစ်မိသည်။

"ငါ ငွေစုပြီးတော့ ဝယ်ဦးမယ်... "

ကက်ဆက်အသေးလေးတစ်လုံးဝယ်ရန် စဉ်းစားထာ
လိုက်သည်။

✿ ✢ ✿ ✢ ✿ ✢ ✿



## အခန်း (၁၈)

"ဟယ်... ကိုထွေး... "

ကောင်တာရှေ့မှာ ဒေါ်သက်ထားဝေ ရှိနေစဉ် ထွေးမြင့်လာနေသည်ကို မြင်ရ၍ အေးမွန်စိတ်ထဲမှာ ထိတ်လန့်သွားသည်။ ထွေးမြင့်က ဘာမှုမသိဘဲ စကားလာပြောနေမှာကို ပိုးသည်။ အေးမွန်မသိသလို လုပ်နေသည်ကို ထွေးမြင့် သတိထားမိသည်။ ရင်ထဲမှာလည်း မကျေမနပ် ဖြစ်မိသည်။

"ငါလာတာ... မြင်ရက်သားနဲ့... "

အေးမွန်ကောင်တာဆီသို့ ထွေးမြင့်လျှောက်သွားသည်။ တော်သေးသည်။ ဒေါ်သက်ထားဝေက ဝယ်သူလာသည်ထင်၍ သူ့အခန်းဆီသို့ ပြန်လျှောက်သွားသည်။ အေးမွန် စိတ်အေးသွားပြီ ထွေးမြင့်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဘာဝယ်မှာလဲ ကိုထွေး... "

နောက်ပြောင်ကျီစယ်၍ မေးလိုက်ခြင်းဖြစ်သည်။

"လူကိုဝယ်ချင်တာ... "

ထွေးမြင့်က ပြုံးပြီး ခပ်တိုးတိုးလေး ပြောသည်။

"ဈေးသိပ်ကြီးတယ် ကိုထွေးရဲ့... "

"ထောင့်ငါးရာ ပေးမှာပါ.. "

"ထောင့်ငါးရာဆိုရင် ရက်ဒ်အသေး တစ်လုံးတောင် မရဘူး ရှင့်... "

အေးမွန်က ရက်ဒ်လေဘယ် ပုလင်းပေါ်မှာကပ်ထားသော တန်ဖိုးကိုပြသည်။

"ဒေါ်လှပိုဆိုင်မှာ ထမင်းစားနေရင်း အေးမွန်ကို သိပ်လွမ်းလာလို့ ခဏလေးမြင်ရမြင်ရ လာကြည့်တာ... "

ထွေးမြင့်ကိုကြည့်ပြီး အေးမွန် စိတ်မကောင်းဖြစ်သည်။ နှစ်ယောက်အတူ စားနေကျ ဆိုင်လေးမှာ ခုတော့ သူ တစ်ယောက်တည်းစားရင်း သတိရနေလိမ့်မည်။ ဒေါ်လှပို ထမင်းဆိုင်လေးကို မျက်စိထဲမှာ မြင်ယောင်လိုက်သည်။ ခုတော့ ငါ့ အခြေအနေမျိုး ပြန်မရနိုင်တော့ပါ။

"မလာနိုင်တော့မှန်းသိပေမဲ့ မျဉ်းဝါကျားဆီကို လှမ်းကြည့်နေမိတုန်းပဲ... "

ထွေးမြင့်ကို အေးမွန် သနားမိသည်။

"အေးမွန်လဲ လာချင်ပါတယ်... "

ရင်ထဲမှာ တကယ်ဆန္ဒဖြစ်ပေါ်လာ၍ ပြောလိုက်ခြင်းဖြစ်သည်။ လှပသော အေးမွန်မျက်နှာလေးကို ထွေးမြင့် ကြည့်နေမိသည်။ အေးမွန်ကလည်း ပြန်ကြည့်နေမိသည်။ ဆုံမိကြသော အကြည့်များသည် နှလုံးသားအထိ နက်ရှိုင်းလျက်...

ကိုယ့်အလုပ်နှင့်ကိုယ် စိတ်ဝင်စားစရာ အပြောင်း





အလဲမျိုးစုံနှင့် ကြုံနေရသည်မို့ ချစ်သူကိုပင် မေ့မေ့ပျောက်ပျောက် နေခဲ့သော အေးမွန်၏ ရင်မှာ အသစ်တဖန် ပြန်လည်လှုပ်ရှားလာရသည်။

"တစ်ရက်တစ်လေ ခွင့်ယူလို့မရဘူးလား... "

ထွေးမြင့်က တွေ့ချင်သည်။ အေးမွန် ခေါင်းရမ်းပြသည်။

"ခွင့်ယူတာ... ရက်ပျက်တာ... သူတို့ သဘောမကျဘူး..."

ထွေးမြင့် ဘာဆက်ပြောရမှန်းမသိ။

"ဟဲလို... ပလိစ်နိုးမိ ဘင်ဆင်စီးကရက်... "

နောက်ဖက်မှ အင်္ဂလိပ်လို ပြောလိုက်သောစကားသံကြား၍ ထွေးမြင့်လှည့်ကြည့်သည်။

ဂျပန်တစ်ယောက်ဖြစ်သည်။ အသားဖြူသော်လည်း အနီရောင်သမ်းနေသည်။

"ရှိပါတယ်... "

အေးမွန်က အင်္ဂလိပ်လိုဖြေသည်။ ဘင်ဆင်စီးကရက်တစ်တောင့် ထုတ်ပြသည်။ ဈေးနှုန်းမေး၊ ဈေးနှုန်းဖြေပြီး ဂျပန်က သယ်ရန် ငွေထုတ်နေသည်။ အေးမွန်မျက်နှာက ပြုံးပြုံးလေး ဖြစ်သည်၊ အင်္ဂလိပ်လို သွက်လက်စွာ ပြောနေသော အေးမွန်ကိုကြည့်ပြီး ထွေးမြင့် အံ့သြနေသည်။ အေးမွန်ကတော့ ထွေးမြင့်ကိုပင် ခေတ္တမေ့လျော့သွားသည်။ အရောင်းအဝယ် ငွေချေပြီးတော့ ကိုဂျပန်မှာ အေးမွန်ကိုကြည့်ပြီး သဘောကျနေဟန်တူသည်။

"ဝှတ်ထိစ်ယူအာနိမ်း... "

"အေးဆုမွန်... "

"အိုး... ဝဲရိုးဗျူးတီးဖူးလ်နိမ်း... "

ဂျပန်က အေးမွန်၏ နာမည်ကို သဘောကျနေသည်။ 'ဆု'ပါ၍ ဂျပန်ဆန်နေသောကြောင့်လားမသိ။

အေးမွန် ပြန်ပြုံးပြ သည်။ ဂျပန်က နောက်ထပ် အရက်ပုလင်းများကို လက်ညှိုးထိုး ပြပြီး မေးနေပြန်သည်။

"အေးမွန်... ပြန်တော့မယ်... "

ထွေးမြင့် နှုတ်ဆက်သံကြောင့် အေးမွန်လှည့်ကြည့်သည်။ အေးမွန် မတားတော့ပါ။

သို့သော် မျက်နှာပေါ်မှာ အားနာခြင်း၊ တောင်းပန်ခြင်းများက ပေါ်လွင်နေသည်။ ဂျပန်က ထွေးမြင့်ကို လှည့်ကြည့်သည်။ ထွေးမြင့်ကတော့ အေးမွန်ကိုသာ ကြည့်လျက်...

"မသွားခင်တော့ ပြောခဲ့ချင်ပါတယ်... အေးမွန်ဆိုတဲ့နာမည်လေးက ပိုလှပါတယ်... "

ထွေးမြင့် ပြောပုံမှာ လွမ်းသံလေးပါနေသည်။ ပြောပြီးသည်နှင့် ချာကနဲ လှည့်ထွက်သွားသည်။

သူကျေနပ်အောင် အေးမွန် ခေါင်းညိတ်ပြလိုက်ချင်သည်။

သို့သော် ထွေးမြင့်က နောက်ကို လုံးဝပြန်မကြည့်တော့ပါ။

❖ ✣ ❖ ✣ ❖ ✣ ❖



## အခန်း (၁၉)

ယနေ့မှ တိုက်တိုင်ဆိုင်ဆိုင် ထမင်းဆာ၍ လက်မှ နာရီကို ကြည့်လိုက်တော့ ၁၁ နာရီခွဲ တိတိ။ ဆိုင်ထဲမှာ ဝယ်သူလည်း ရှင်းနေသည်။

"ဩော်... ကိုထွေးရယ်... "

ထွေးမြင့်နှင့်အတူ ဒေါ်လှပိုဆိုင်မှာ ထမင်းစားကြသောအချိန်ဖြစ်သည်ကို သတိရမိသည်။

"မလာနိုင်မှန်းသိပေမဲ့ မျဉ်းဝါကျားကို ကြည့်နေမိဆဲပါ"

ကိုထွေးပြောခဲ့သည်။ ခုတော့ သူတစ်ယောက်တည်း စားနေ ရလိမ့်မည်။ ထွေးမြင့်ကို မြင်ယောင်၍ ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။ သိပ်ချစ်တတ်သော်လည်း အခွင့်အရေး မယူတတ်သော ချစ်သူကို လေးစားမိသည်။ တစ်နေရာတည်းမှာ အတူမစားရသော်လည်း ချစ်သူနှင့်အတူ စားချိန်

တူချင်သည့်စိတ် ဖြစ်လာသည်။ စက္ကူပုံးထဲမှာ သိမ်းထားသော ထမင်းဘူးလေးကိုယူရန် ကောင်တာနောက်ဖက်သို့ လျှောက်သွားလိုက်သည်။

"ဟယ် ... ဟိုမှာ ဘော့စ် ဦးလင်းဇော်ဦး လာနေတယ်"

မိုးစန္ဒာ၏ အသံကို ကြား၍ အေးမွန်နောက်လှည့်ကြည့်လိုက်သည်။

ဟုတ်သည်။ ဦးလင်းဇော်ဦး အရောင်းခန်းမထဲသို့ လျှောက်လာနေသည်။ သွက်လက်ဖြတ်လတ်သော မိုးစန္ဒာက ဦးလင်းဇော်ဦး ကို သွားကြိုနေပြီ။

"ဂွတ် အာဖတာနွန်း ဆာ"

ကောင်းသောနေ့လည်ခင်းဖြစ်ကြောင်း နှုတ်ဆက်နေပြီ။ မိုးစန္ဒာမှာ အမျှားနည်းတူ ကောင်တာတစ်ခုတွင် တာဝန်ယူရသူသာ ဖြစ်သည်။

သူ့ကောင်တာမှာ ထောပတ်ဘူးများ၊ အသားဘူး ငါးဘူးများ သစ်သီးဘူးများ ရောင်းသည်။ သူ့မှာ ကြီးကြပ်ရေးတာဝန်မရှိ၊ သို့သော် မိုးစန္ဒာသည် ပင်ကိုယ်ကပင် သွက်လက်သည်။ ဘယ်သူ့ကိုမဆို ရင်းရင်းနှီးနှီး ဆက်ဆံ၍ ကူညီတတ်သည်။

ကောင်တာတိုင်းမှာ အခက်အခဲရှိလျှင် မိုးစန္ဒာရောက်သွားတတ်သည်။ ကူညီဖြေရှင်းပေးသည်။ မသိလျှင် ကြီးကြပ်ရေးတာဝန်ရှိသူဟု ပင်ထင်ရသည်။

ခုလည်း ဦးလင်းဇော်ဦး လာသည်ကိုမြင်ရုံနှင့် အပြေး





အလွှား သွားကြို၍ နှုတ်ဆက်ပြီး ဖြစ်နေသည်။ ကျန်လူများ ကိုယ့်ကောင်တာမှာပင် ရပ်လျက် ဦးလင်းဇော်ဦးကို စောင့်ကြည့်နေကြသည်။

အေးမွန် ထမင်းဘူးမယူဖြစ်တော့ပဲ ကောင်တာရှေ့ပိုင်းသို့ ပြန်လျှောက်လာခဲ့ရသည်။ ဦးလင်းဇော်ဦးနှင့် မိုးစန္ဒာက အင်္ဂလိပ်လိုပြောရင်း လျှောက်လာနေကြသည်။

ဦးလင်းဇော်ဦး ဝတ်ထားသည်က ချောကလက်ရောင် ဘောင်းဘီရှည်ပွပွနှင့် ဖြူဖွေးနေသော တီရှပ်အင်္ကျီဖြစ်သည်။ မိုးစန္ဒာက အပြာနုရောင်စကပ် ရှပ်အင်္ကျီအဖြူနှင့်။ မိုးစန္ဒာမှာ အသားဖြူသည်။ ကိုယ်ခန္ဓာအချိုးအစားရော မျက်နှာပါ ကြည့်၍ကောင်းသူဖြစ်သည်။ အထူးသဖြင့် နှုတ်ခမ်းနီကို ထူးထူးခြားခြား လှပအောင် ဆိုးတတ်သူဖြစ်သည်။

ဦးလင်းဇော်ဦးက ငါးပေဆယ်လက်မခန့်ရှိ၍ အရပ်မြင့်သူဖြစ်သည်။ မိုးစန္ဒာကလည်း ငါးပေလေးလက်မခန့်ရှိ၍ ဗန်းကလေးထဲမှာ အရပ်မြင့်သူဖြစ်သည်။ နှစ်ယောက်အတူယှဉ်တွဲ၍ လျှောက်လာကြသည်ကိုကြည့်ပြီး 'လိုက်ဖက်ညီလိုက်တာ' ဟု အေးမွန်စိတ်ထဲမှာ သဘောကျစိတ် ဖြစ်မိသည်။

အေးမွန်၏ ကောင်တာရှေ့သို့ ရောက်သောအခါ ဦးလင်းဇော်ဦးက အေးမွန်ကို လှမ်းကြည့်ပြီး ရပ်လိုက်သည်။ အင်္ဂလိပ်လို နှုတ်ဆက်သည်။ အေးမွန် အင်္ဂလိပ်လို ပြန်နှုတ်ဆက်သည်။ ပစ္စည်းများအကြောင်း အင်္ဂလိပ်လိုမေးသည်။ အေးမွန် အင်္ဂလိပ်လို ဖြေသည်။

ဦးလင်းဇော်ဦးက ဈေးဆစ်ကြည့်သည်။ အေးမွန်က ဈေးနှုန်းမှာ ပုံသေကပ်ထားပြီးဖြစ်ကြောင်း ဈေးမလျှော့နိုင်ကြောင်း အင်္ဂလိပ်လို ရှင်းပြသည်။

"ဟ ချာတိတ်... မင်းအတော် ဟုတ်နေပြီပဲ... "

ဦးလင်းဇော်ဦးက မြန်မာလိုချီးကျူးသည်။ အေးမွန် ဝမ်းသာကြည်နူးဖြစ်ရသည်။

"ဒါပေမဲ့... ချာတိတ်... မင်းအသံထွက်တွေ နည်းနည်းလေး လွဲနေသေးတယ်... အသံထွက်တွေသာ မှန်လိုက်ရင် သိပ် ကောင်းသွားမယ်... မင်း... ငါပေးထားတဲ့ တိတ်ခွေ ဖွင့်နား မထောင်ဘူးလား... "

အေးမွန် ဘာမျှမဖြေ။

"တခါမှ ဖွင့်မကြည့်သေးဘူးလား... "

ဦးလင်းဇော်ဦး ထပ်မေး၍ အေးမွန်ခေါင်းညိတ်ပြ လိုက်ရသည်။

"ဟ... ဘာလို့ ဖွင့်မကြည့်တာလဲ... "

"အေး... အေး... "

အေးမွန် ရှေ့မဆက်နိုင်။ အေးမွန်ဟု ပြောမည်ပြုပြီးမှ သူ့ ကုမ္ပဏီနာမည်မှာ အေးဆုမွန် ဖြစ်သည်ကို သတိရ၍ ဖြစ်သည်။

အေးဆုမွန် ဟုလည်း သုံးလုံးနာမည်ကြီးနှင့် မပြော ချင်။

"ပြောလေ... ပြောပါ.. "





အေးမွန်ကြောက်နေသည်ထင်၍ ဦးလင်းဇော်ဦးက အားပေးသည်။

"အေး... မှာ ကက်ဆက်မရှိသေးလို့ ဆရာ... "

ကိုယ့်ဟာကိုယ် အေးဟုသုံးမိပြီး ဦးလင်းဇော်ဦးကို ဆရာဟု ခေါ်မိသွားသည်။ သူများခေါ်သလို 'ဘော့စ်' 'သူဌေး' သည်ဖြင့် မခေါ်ချင်၍ ဖြစ်သည်။ ဦးလင်းဇော်ဦးက အေးမွန် ကို ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ... ဒါဆိုရင် မင်းဆီကို ငါကက်ဆက်လေး တစ်လုံး ပို့ပေးလိုက်မယ်... "

"နေ... နေပါစေ ဆရာ... ဒီလကုန်ရင် အေးဝယ်မှာပါ.."

ဦးလင်းဇော်ဦး ပြုံးလိုက်သည်။ ဒေါ်သက်ထားဝေ မှန် တံခါးဖွင့်ပြီး ထွက်လာကြိုသည်။ ဦးလင်းဇော်ဦးဒေါ်သက်ထားဝေ ခန်းသို့ လျှောက်သွားသည်။ မိုးစန္ဒာ သူ့ကောင်တာရှိရာသို့ ပြန် သွားသည်။

နာရီဝက်ခန့်ကြာတော့ ဒေါ်သက်ထားဝေအခန်းမှ ဦးလင်းဇော်ဦး ပြန်ရောက်လာသည်။ မည်သူ့ကိုမျှ နှုတ်ဆက်ခြင်း မှာ အေးမွန်ကောင်တာရှေ့မှ ဖြတ်သွားသော်လည်း အေးမွန်ကို ကြည့်၍ပင်မကြည့်။

သို့သော် ညနေ (၅)နာရီခန့်တွင် လူငယ်တစ်ဦး ရောက်လာသည်။ အေးဆုမွန်ကိုမေးပြီး 'ဦးလင်းဇော်ဦး ပေးလိုက် ပါ' ဟု ပြော၍ ကတ်ဘူးနှစ်ခု ပေးသွားသည်။

အစိမ်းရောင် ကတ်ဘူးလေးကို အေးမွန်ဖွင့်ကြည့်

သည်။ အထဲမှ ကက်ဆက်သေးသေး တစ်ခု ထွက်လာသည်။ အသစ်စက်စက်ဖြစ်သည်။ ဒေါ်းမွန် ဘယ်လိုဖွင့်၍ ဘယ်လို အသုံးပြုရမည်မှန်းမသိ။ ထုံးစံအတိုင်း မိုးစန္ဒာ ရောက်လာသည်။

"ဟယ်... ကောင်းလိုက်တာ အိုင်ဝါအမျိုးအစား ဆောင်းဘောက်လဲပါတယ်... နားကြပ်လဲပါတယ်... အသံသွင်းတာ လဲပါတယ်... အောတိုရီဘတ်စ်... ဈေးကြီးတယ်... တစ်သောင်းကျော်လောက်ရှိတယ်... "

"ဟင်... ဟုတ်လား... "

ဒေါ်းမွန် အံ့သြသွားသည်။ ဤမျှ သေးသေးလေးကို ဤမျှ ပေးရမည်မထင်။ မိုးစန္ဒာ နောက်ထပ် ကတ်ဘူးတစ်ခုကို ဖွင့်ကြည့်သည်။ အင်္ဂလိပ်သီချင်းခွေ အသစ်များနှင့် အခွေလွတ် နှစ်ခွေ ပါသည်ကိုတွေ့ရသည်။

"ဟယ် သီချင်းတွေက အကောင်းတွေချည်းပဲ... "

မိုးစန္ဒာက တစ်ခွေကိုရွေးပြီး ကက်ဆက်ထဲသို့ ထည့်သည်။ အီးယားဖုံး ဂျပ်ပင်ကို ကက်ဆက်အပေါက်မှာ ထိုးလိုက်သည်။

"ရော့... နားထောင်ကြည့်... "

အီးယားဖုံးကို ဒေါ်းမွန်၏နားမှာ တပ်ပေးသည်၊ ကက်ဆက်ကို ဖွင့်လိုက်သည်။

"ဟယ်... တကယ့် ကက်ဆက်ကြီးရဲ့အသံ ကျနေတာပဲ"

ဒေါ်းမွန် အံ့သြသဘောတကျ ဖြစ်နေသည်။

"ကဲ... အိမ်မှာကျရင် နားထောင်ပြီး လေ့ကျင့်ကြည့်ပေ





တော့... "

အပိတ်၊ အဖွင့်၊ အသံအတိုး၊ အကျယ်၊ ရှေ့ရစ်၊ နောက်ရစ်နှင့် အခွေသွင်းပုံ ထုတ်ပုံများကို မိုးစန္ဒာက သင်ပေးသည်။ ဘေးဘက်ကောင်တာမှ သူဇာမြင့် သဘောကျစွာ လှမ်းကြည့်နေသည်။

"ဆိုင်မှာလဲ ဝယ်သူမရှိတဲ့အခါ နားကြပ်နဲ့ နားထောင်လို့ ရတယ်မဟုတ်လား... "

သူဇာမြင့်က လှမ်းမေးသည်။

"ရတာပေါ့... သူများ အနှောင့်အယှက် မရှိရင် ပြီးတာပဲ"

မိုးစန္ဒာက ရဲရဲအဖြေပေးပြီး သူ့ကောင်တာဆီသို့ ပြန်သွားသည်။ သီချင်းကို ဒေါ်းမွန် ဆက်နားမထောင် တော့ဘဲ ကက်ဆက်လေးကို မူလအစီအစဉ်အတိုင်း နေသားတကျ ပြန်ထည့်သည်။

အိမ်ရောက်သည်နှင့် စကားပြောအခွေထည့်ဖွင့်ပြီး နားထောင်မည်။ အသံထွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားမည်ဟု စိတ်ထဲမှာ ဆုံးဖြတ်လိုက်သည်။

သူ့အပေါ်မှာ စေတနာထား၍ ဤမျှ တန်ဖိုးကြီးသော ကက်ဆက်ဝယ်ပို့လိုက်သည့် ဦးလင်းဇော်ဦးကိုလည်း ကျေးဇူးတင် ခင်ခင် ခင်မင်လေးစားစိတ်များ ရင်ထဲမှာ ဖြစ်နေမိသည်။

✿ ✿ ✿ ✿

# အခန်း (၂၀)

"အေးမွန်ရေ.. အေးမွန်... "

အိမ်ရှေ့မှခေါ်သံကြား၍ ဒေါ်အေးချစ်ထွက်ကြည့်သည်။

"ဩော်... ဟိုသူငယ်... "

"ထွေးမြင့်ပါ အဖွား... "

"အေး... အေး... မောင်ထွေးမြင့်... "

"အေးမွန်ရော အဖွား.. "

"ဩော်... ဒီနေ့ ဂိုဒေါင်မှာ ပစ္စည်းထုတ်ဖို့ အလှည့်ကျလို့တဲ့... အချိန်ပိုအလုပ်ဆင်းရတယ်... "

"ဟင်... ဒါဆို တနင်္ဂနွေတစ်ရက်တောင် မနားရတော့ဘူးပေါ့.."

" အေးပါကွယ်... သူတို့ဟာ.. ပိုက်ဆံတော့ ပိုရပါရဲ့...

မြူးပန်းတောစ်ရာစာပေ

ဒါပေမဲ့ ပင်ပန်းလိုက်တာ… အိမ်ရောက်ရင်လည်း စားသောက်ပြီးရင် ကက်ဆက် ဆိုတာလေး နားထောင်လိုက်…အင်္ဂလိပ်စကားပြောကျင့်လိုက်နဲ့ မနားရပါဘူး…"

" သြော်… အေးမွန်… ရယ်ပင်ပန်းလိုက်တာ… "

ထွေးမြင့် ရင့်ထဲမှာတင်ပြောနေမိခြင်းဖြစ်ပါသည်။

" ပစ္စည်းက ဘယ်မှာသွားထုတ်ရတာလဲအဖွား"

" အဲ့ဒါတော့ မသိပါဘူးကွယ်… "

မွန်သည် မသိနိုင်ဟုထွေးမြင့်စဉ်းစားမိသည်။

" သူဘယ်အချိန် ပြန်လာမှာလဲသိလားအဖွား… "

"အင်း…ဒါလဲအသေအချာ ဘာမှပြောမသွားပါဘူးကွယ်…"

ထွေးမြင့် ရင်မောရသည်။

" ထိုင်ဦး… လေကွယ်… "

" မထိုင်တော့ပါဘူးအဖွား…ကျွန်တော်သွားတော့မယ်… "

" အေး… အေး… "

ထွေးမြင့် ထွက်လာခဲ့ပါသည်။ ကားနှစ်ဆင့်စီးပြီး အဝေးကြီးကလာခဲ့ရသည်။ မတွေ့ရတော့ ပိုမောသွားသည်။

✿ ✣ ✿ ✣ ✿ ✣ ✿



## အခန်း (၂၁)

အေးမွန်တို့ ယခုတစ်ခါ ပစ္စည်းထုတ်ရသည်က ယခင် …ထောင်မဟုတ်။ ဗဟန်းရှိ ခြံဝင်းကျယ်ကြီးတစ်ခုအတွင်းမှ …က်ဟောင်းကြီးတစ်ခုမှာဖြစ်သည်။

အေးမွန်အတူ တာဝန်ကျသူမှာ စုထားဖြစ်သည်။

"ခြံကြီးနဲ့တိုက်ကြီးက ကြောက်စရာဟယ်… တိတ်လို့ ဘာသံမှလဲ မကြားရဘူး… "

စုထားက အေးမွန်လက်ကို ဆုပ်ကိုင်လိုက်သည်။

"ကြောက်စရာ မရှိပါဘူးဟယ်… ကားသမားလဲ ရှိသေးတာပဲ… "

သို့သော် ကားသမားက ကားပေါ်မှာတင် ကျန်ရစ်…ည်။

"လာ… စုထား ရှေ့ဘက်က တံခါးဖွင့်ထားတယ်… "

အုပ်ဖွဲ့နေသော မရမ်းပင်ကြီးအောက်မှဖြတ်၍ ရှေ့ဘက်သို့ အေးမွန်နှင့်စုထား လျှောက်သွားကြသည်။

“အထဲကို ငါမဝင်ရဲဘူးဟယ်… ငါတို့မိန်းကလေးနှစ်ယောက်ထဲ… မတော်မလျော်… ”

“ဟယ်… စုထားကလဲ… အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး… ”

အေးမွန် သတ္တိမွေးလိုက်သည်။

“လာပါ… ”

စုထားကိုခေါ်၍ ရှေ့ဘက်အပေါက်မှ ဝင်လိုက်သည်။

“ဟယ်… ”

အေးမွန် ဝမ်းသာသွားသည်။ တိုက်ကြီး၏ ရှေ့ဘက်အခန်းတွင် ဦးလင်းဇော်ဦးရောက်နေသည်။ ဂိုဒေါင်တာဝန်ခံနှင့်အတူ ပစ္စည်းလက်ကျန်စာရင်းများ စစ်ဆေးနေသည်။ အေးမွန်ကြောက်စိတ် မရှိတော့ပါ။

“ဂွတ်မောနင်း ဆရာ… ” ဟု နှုတ်ဆက်လိုက်သည်။

“ဟေး… ချာတိတ်… ဂွတ်… မောနင်း… ”

ဦးလင်းဇော်ဦးက စာရင်းတွက်နေရာမှ မော့ကြည့်၍ ဝမ်းသာအားရ ပြန်နှုတ်ဆက်သည်။

“ဒီနေ့… ကုန်ထုတ်လှည့်ကျလို့လား… ”

ဦးလင်းဇော်ဦး မြန်မာလိုပင် မေးသည်။

“ဟုတ်ကဲ့ဆရာ… သူကစုထား… ”

အေးမွန်နှုတ်သွက်နေပြီး စုထားနှင့်ပင် မိတ်ဆက်ပေးလိုက်သည်။





“သိတယ်လေ… အေးဆုမွန်နဲ့အတူ အင်္ဂလိပ် စပီကင်တက်တဲ့အထဲမှာ ပါတာပဲ… ဟုတ်တယ်မို့လား… ”

စုထားပြုံးပြီး ခေါင်းညိတ်ပြသည်။

“ကဲ… ထိုင်ကြ… ”

ဘေးမှ ခုံလွတ်များမှာ အေးမွန်နှင့်စုထား ဝင်ထိုင်လိုက်သည်။

“ကဲ… ကိုညွန့်တင်… စာရင်းစစ်တာကို ခဏထား… သူတို့လိုချင်တဲ့ ပစ္စည်းတွေ ထုတ်ပေးလိုက်ဦး… ”

အေးမွန်က ထုတ်ယူမည့် ပစ္စည်းစာရင်းကို တင်ပြသည်။

“ဒီမှာပဲ ထိုင်စောင့်နေ… ”

ကိုညွန့်တင်က စာရင်းစာရွက်ယူပြီး ထိုင်ရာမှ ထလိုက်သည်။

“ဟော့ ဘာလူးနဲ့… သန်းဝင်းရှိလားဟေ့… ပစ္စည်းထုတ်ရအောင်… ”

ကောင်လေးနှစ်ယောက် နောက်ဖေးမှထွက်လာပြီး ကိုညွန့်တင်နှင့်အတူ ဂိုဒေါင်ဘက်သို့ လိုက်သွားကြသည်။

“ဒါက ဆရာ့ခြံ ဆရာအိမ်လေ… အခု ပစ္စည်းထားတော့ ဆရာ့ ဂိုဒေါင်ပေါ့… ”

“ဆရာက ဒီမှာနေတာလား… ”

မိသားစုများကို မမြင်၍ အေးမွန် မေးခြင်းဖြစ်သည်။

“အမြဲတမ်းတော့ မနေပါဘူး… အပေါ်ထပ်မှာ ရုံးခန်းရှိ

တယ်... အိပ်ချင်တဲ့အခါအိပ်ဖို့ အိပ်ခန်းလဲရှိတယ်... တခါ တလေ... ဒီမှာပဲအိပ်တယ်... ယောမင်းကြီးလမ်းမှာလဲ အခန်းရှိတယ်... "

အေးမွန်ခေါင်းညိတ်သည်။

"ဆရာက ချမ်းသာလိုက်တာနော်... အလုပ်လဲ သိပ်ကြိုးစား တာပဲ... "

"အင်း ဆရာနဲ့ အလုပ်လုပ်ရင်တော့ တိကျမှ ကြိုက်တယ်၊ ဒါကြောင့် လက်ကျန်စာရင်းတွေ ကိုယ်တိုင် လာစစ်နေ တာ... "

"အမြဲတမ်း ဒီလို လာစစ်နေတာပဲလား... ဆရာ... "

စုထားက စပ်စုသည်။

"တစ်ပတ်မှ တစ်ခါလောက်ပါ... "

"ဒါဆို တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတာ... အေးမွန်တို့ ကံ ကောင်းတာပေါ့... "

အေးမွန် ဝမ်းသာနေသည်။

"အေး... ဟုတ်တယ်... ကံကောင်းတာပေါ့... နေဦးကွ... မင်းတို့ ပိုက်ကောင်းအောင် တစ်ခုခုကျွေးရမယ်... "

ဦးလင်းဇော်ဦးလည်း ဝမ်းသာနေသည်။

"နေပါစေဆရာ... အေးတို့ စားခဲ့ပါပြီ... "

"ဟာ... မဟုတ်တာ... စားခဲ့လဲ ထပ်စားပေါ့... "

ဦးလင်းဇော်ဦး ခိုင်းစရာ လူ ရှာသည်။ မရှိသေး။ ကောင်လေးနှစ်ယောက်မှာ ဦးညွန့်တင်နှင့် ပါသွားသည်။





"ဘယ်လိုလဲ အေးဆုမွန်... တိတ်ခွေဖွင့်ပြီးနားထောင်ရဲ့ လား... "

"ထောင်ပါတယ်ဆရာ... "

"အသံထွက်တွေရောပြင်နိုင်သလား... "

"ဟုတ်ကဲ့... ပြင်နိုင်ပါတယ်ဆရာ... "

"သူက သိပ်ကြိုးစားတယ်... ဆရာ ခုဆိုရင် သူ့အသံထွက် တွေ သိပ်ကောင်းနေပြီ... နိုင်ငံခြားသားတွေ လာဝယ်ရင် လဲ သူကောင်းကောင်း ပြောတတ်နေပြီ... "

စုထားက ကြားမှ ဖြတ်၍ထောက်ခံချက်ပေးနေသည်။

"ကြိုးစားရမှာပေါ့... ကုမ္ပဏီအလုပ်ဆိုတာ ကြိုးစား သလောက် တက်လမ်းရှိတယ်... ခုဆို ကုမ္ပဏီတွေကလည်း အများကြီးဖြစ်လာပြီ... "

အေးဆုမွန်ရော စုထားပါ ခေါင်းညိတ်လိုက်ကြသည်။ ဦးညွန့်တင် ဂိုဒေါင်ဘက်မှ ပြန်ဆင်းလာသည်။

"ကောင်လေးတွေ ပစ္စည်းထုတ်နေပြီလား... "

ဦးလင်းဇော်ဦးက နေရာမှထရင်း လှမ်းမေးသည်။

"ဟုတ်ကဲ့ ထုတ်နေပြီ... "

"အေး... ထုတ်ပြီးရင် ပစ္စည်းတွေ သေသေချာချာ စစ်... ပြီးတော့ သူတို့ကားပေါ် တင်ထားလိုက်... ကုန်ထုတ် ဘောက်ချာစာရင်းလဲလုပ်ထား... ကျွန်တော် သူတို့ကိုမနက် စာ သွားကျွေးလိုက်ဦးမယ်... "

"ဟုတ်ကဲ့ပါ ဆရာ... "

"ကဲ... လာ ချာတိတ်နှစ်ယောက်... "

အေးမွန်နှင့်စုထားတို့ ဦးလင်းဇော်ဦးနောက်မှ ပါသွားကြသည်။ တိုက်၏ဘေးဘက်မှာ ဦးလင်းဇော်ဦး၏ ပါဂျဲရိုးကားရှိသည်။ အေးမွန်နှင့်စုထားက ကားနောက်ပိုင်းမှာ ထိုင်ကြသည်။ ကားထဲမှာ မွှေးသောရနံ့လေး သင်းနေသည်။ ကားထွက်လိုက်သည်နှင့် အေးစိမ့်သော အရသာလေးကို ခံစားရပြန်သည်။

အေးမွန်နှင့်စုထားတို့ တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်လိုက်ကြသည်။ 'ကောင်းလိုက်တာ' ဟူသောအဓိပ္ပါယ်နှင့် ကျေနပ်မှုကို ဖေါ်ပြခြင်းဖြစ်သည်။ ဦးလင်းဇော်ဦး၏ကားက မြန်သည်။ အိုရီရင်တယ်လ်ကို ခဏလေးနှင့် ရောက်သွားသည်။

"ဒီဆိုင် ရောက်ဖူးလား... "

စုထား၏အမေးကို အေးမွန် ခေါင်းရမ်း၍ ဖြေလိုက်သည်။ ဆိုင်ထဲမှ အပြင်အဆင်က ခမ်းနားသည်။

"လာ ထိုင်ကြ... "

သီးသန့်စားပွဲလေးတစ်ခုမှာ ဦးလင်းဇော်ဦးက နေရာယူလိုက်သည်။ အေးမွန်နှင့်စုထား ဘေးတစ်ဘက်ဆီမှာ ထိုင်ကြသည်။ ဦးလင်းဇော်ဦးက စားစရာများ မှာသည်။ မစားဖူး ထူးဆန်းသော အစားအစာများကို အေးမွန်စားရသည်။ စားသောက်ပြီးကြသည့်အချိန်မှာ...

"ခဏနော် အေးဆုမွန် ငါ တွိုင်လက်ဝင်ချင်လို့... "

စုထားက ကိုးတိုးပြောပြီး ထွက်သွားသည်။ စားပွဲမှာ ဦးလင်းဇော်ဦးနှင့် အေးမွန် နှစ်ယောက်တည်း ကျန်ခဲ့သည်။





"ချာတိတ်ကို ဆရာပြောချင်တာရှိတယ်... "

"ရှင်... "

ဦးလင်းဇော်ဦးကို အေးမွန်လှမ်းကြည့်လိုက်သည်။

"ဦးလင်းဇော်ဦးဇနီးက မော်လမြိုင်မှာ... ချမ်းသာတယ်တဲ့၊ ဒါပေမဲ့ သူတို့အိမ်ထောင်ရေး အဆင်မပြေကြဘူးထင်တယ်၊ သူ့မိန်းမ တစ်ခါမှ လာတာ မတွေ့ရဘူးတဲ့... မိုးစန္ဒာပြောတာပဲ"

မမသူဇာ ပြောဖူးသည်ကို အေးမွန် သတိရလာသည်။ ဦးလင်းဇော်ဦးက တည်ငြိမ် အေးဆေးစွာပင် ပေါက်စီတစ်လုံးယူ၍ သူ့ရှေ့မှ ပန်းကန်ထဲသို့ ထည့်လိုက်သည်။

"တောင်ကြီးမှာ ,ကုမ္ပဏီခွဲတစ်ခုဖွင့်ဖို့ အစီအစဉ်လုပ်နေတယ်... "

"တီသုံးလုံး ကုမ္ပဏီကလား ဆရာ... "

အေးမွန် စိတ်ထဲမှာ စိုးရိမ်စိတ် လျှော့ပါးသွားသည်။ ဦးလင်းဇော်ဦး ခေါင်းရမ်းပြသည်။

"ဆရာ့ ကုမ္ပဏီခွဲ ဖွင့်မှာ... "

ဦးလင်းဇော်ဦးကို အေးမွန် လှမ်းကြည့်လိုက်သည်။ ဦးလင်းဇော်ဦးက အေးမွန်ကို ပြန်မကြည့်။

"ချာတိတ်ကို ဆရာသဘောကျတယ်... မင်းက ကြိုးစားတယ်... ခုဆိုရင် အင်္ဂလိပ်လိုပြောတာလဲ တော်တော်ဟုတ်နေပြီ... ဆက်ကြိုးစားရင် မင်း... ပိုတော်လာမှာ အသေအချာပဲ... လုပ်ငန်းလုပ်တာလဲ သေချာတယ်လို့...

ဒေါ်သက်ထားဝေ ပြောတယ်... ”

သူကြောက်နေခဲ့ရသောဒေါ်သက်ထားဝေကိုအေးမွန် ကျေးဇူးတင်လိုက်သည်။

“ချာတိတ် ဆရာ့ကုမ္ပဏီကို ပြောင်းလုပ်မလား... ”

“ရှင်... ”

အေးမွန် ဘယ်လိုပြောရမှန်းမသိ။

“ပြောင်းရင် တောင်ကြီးတိုက်ခွဲမှာ မင်းကိုတာဝန်ပေးချင်တယ်... ”

“အေးမွန်မှာ ဖွားဖွားရှိသေးတယ်... ”

“ကောင်းတာပေါ့... မင်းအတွက် အဖော်ရတာပေါ့... တောင်ကြီးမှာ နေစရာပေးမယ်.. ပြီးတော့ မင်းကိုအင့်ချာချ် အဆင့်တိုးပြီး လစာသက်သက် ငါးထောင်ပေးမယ်... မင်း ကြိုးစားလို့ ဆိုင်ခွဲအောင်မြင်ရင် အိုဗာတိုင်တို့ ဘောနပ်စ်တို့ ဆိုတာတွေလဲ ရမှာပေါ့.. ”

“အေးမွန် လုပ်နိုင်ပါ့မလား ဆရာ... ”

အေးမွန် ကိုယ့်ဘာသာ မယုံရဲပါ။

“အေးမွန် တစ်ယောက်တည်းမှ မဟုတ်ပဲ... အဲဒီမှာဆရာနဲ့ အစုစပ်လုပ်မဲ့ ရှယ်ယာအဖွဲ့ဝင်ရှိမယ်... ဆရာလဲ မကြာခဏ ရောက်နေမှာပဲ... အေးမွန်က ဆိုင်အရောင်းအဝယ်ပဲ တာဝန်ယူရမှာ”

“ဆရာ... ဦးဝင်းထွန်းတို့က သဘောတူပါ့မလား ဆရာ...”

“အဲဒါက ဆရာပြောမှာပေါ့.. ”





အေးမွန် ဘာဆက်ပြောရမှန်း မသိတော့ပါ။ ရာထူးတိုးသည်ကိုလည်း လိုချင်သည်။ တောင်ကြီးမှာ နေစရာရမည်။ လစာကလည်း ငါးထောင်။ အေးမွန်ဘက်မှ ငြင်းစရာမရှိပါ။ သို့သော် ထွေးမြင့်ကို သတိရလိုက်သည်။

“ကိုထွေးနဲ့ဝေးသွားရတော့မှာ... ”

“နောက်ဆို ရန်ကုန်ပြန်ပြောင်းရမှာလား ဆရာ... ”

“ပြောင်းရမှာပေါ့.. လောလောဆယ် ဆရာ့အတွက် ဟိုမှာလူယုံရှိဖို့ လိုလို့ပါ.. ”

“ကုမ္ပဏီက အခြားဘယ်သူတွေ ခေါ်အုံးမှာလဲ... ”

“တစ်ယောက်ထက် ပိုခေါ်ရင်တော့ ကောင်းမှာမဟုတ်ဘူး... တီသုံးလုံးအတွက်လဲ ငှဲရသေးတယ်... လိုချင်တာက တော့ သုံးယောက်လောက်ရှိတယ်... ဒါပေမဲ့ လောလောဆယ်တော့ ချာတိတ်တစ်ယောက်ပဲ တောင်းမှကောင်းမယ် မင်းကအလုပ်ဝင်တာလဲ သိပ်မကြာသေးဘူးဆိုတော့ မင်းကို ဦးဝင်းထွန်းအပါအဝင် ကျန်တဲ့ရှယ်ယာတွေကလဲ ပေးဖို့ သိပ်ဝန်လေးမှာ မဟုတ်ဘူး... ”

အေးမွန် ခေါင်းညိတ်လိုက်မိသည်။

“ဘယ်တော့လောက် သွားရမှာလဲ ဆရာ... ”

“လိုပါသေးတယ်... ဟိုမှာ အားလုံး အသင့်ဖြစ်မှဆိုတော့ နောက်ထပ် သုံးလ လေးလ ကြာဦးမှာပါ.. ခုဟာက ကြုံလို့ အခွင့်သင့်တုန်းမို့ ပြောထားနှင့်တာပါ.. ”

စုထားပြန်လာနေပြီ။

"ဆရာ့ကို အေးကူညီပါ့မယ်ဆရာ... "

စုထား မရောက်လာမီ အေးမွန် ကတိစကား ဆိုပြီး သားဖြစ်သွားသည်။

❖✢❖✢❖✢❖



## အခန်း (၂၂)

အေးမွန် တီသုံးလုံး ကုမ္ပဏီသို့ ရောက်သည်မှာ သုံးလ တိတိပြည့်သောနေ့ ဖြစ်သည်။ ညနေပိုင်း ၄ နာရီခွဲ ဆိုင်ပိတ်ပြီး ချိန်မှာ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

ယနေ့ ဝတ်စုံအသစ် ထုတ်ပေးသည်။ ကိုယ့်ဝတ်စုံနှင့် ကိုယ် ဝတ်ကြည့်ပြီး အလှပြင်ကြ၊ လိုအပ်သည်တို့ကို ပြုပြင်ကြ ဖြစ်နေကြသည်။

ဘောင်းဘီရှည်အနက်ရောင်နှင့် အင်္ကျီက အဖြူရှပ် လက်တိုဖြစ်သည်။ အင်္ကျီ၏ အိတ်ထောင်အထက်မှာ ကုမ္ပဏီ တံဆိပ်နှင့်အတူ အနီရောင်တီသုံးလုံးက တောက်ပနေကြသည်။ ယနေ့ည ရွှင်ရယ်ဂါးဒင်းမှာ ညစာစားကြရမည်။

"လှလိုက်တာဟယ်... ဒီဝတ်စုံက နင့်အတွက် လုပ်ထားတာကျနေတာပဲ... နင်နဲ့သိပ်လိုက်တာပဲ... "

အေးမွှန်ကို ကြည့်ပြီး သူဇာမြင့်က တအံ့တသြ ဒိုးကျ
နေသည်။

"ဟုတ်တယ်... အမှန်ပဲ... အေးဆုမွှန်... ညီမလေးက သိပ်
လှတာပဲ... ဒီဝတ်စုံနဲ့လဲ အရမ်းလိုက်တယ်... "

မိုးစန္ဒာကပါ ထပ်ဆင့်ပြောနေပြန်သည်။ ဘေးမှာ ရှိ
သော စုထားက လက်မထောင်ပြသည်။

"ဟင်း.. ဒီဆံပင်ကြောင့်ပါနော်... ဒီဆံပင်က စုထား ညှပ်
နိုင်းထားတာ... "

အေးမွှန်မှာ ဝိုင်းဝန်းချီးကျူးနေကြသည့်ကြားမှာ
အနေရခက်နေသည်။

"ကဲ... အားလုံး အဆင်သင့်ဖြစ်ရင် အောက်ကို ဆင်းကြ
သွားကြမယ်... "

ဒေါ်သက်ထားဝေ၏ စကားကိုကြားသည်နှင့်အေးမွှန်
တို့အားလုံး အောက်သို့ဆင်းကြသည်။ အောက်မှာ ကားများ
အဆင်သင့် စောင့်နေကြသည်။ ကိုယ်စီးနေကျ ဖယ်ရီကားပေါ်
မှာ တက်ကြရသည်။ ခြောက်နာရီလေးဆယ့်ငါးမှာ ရှိုင်ရယ်
ဂါးဒင်းသို့ရောက်သည်။

"အို... လှလိုက်တာ... "

ညအချိန်တွင် ဤနေရာသို့ အေးမွှန် တခါမျှ မရောက်
ဘူးပါ။ ကန်တော်ကြီးက မီးရောင်စုံတို့နှင့် လှပနေသည်။ ကရဝိတ်
က ရှုမငြီးစရာ။ အနောက်ဖက်မှာ ရွှေတိဂုံစေတီတော်က ကြည်
ညိုစရာ။ ရှိုင်ရယ်ဂါးဒင်းမှာ တာဝန်ရှိသူများက စောင့်ကြိုလျက်။





"ကဲ... လာကြ... "

ခန်းမကျယ်ကြီး အတွင်းသို့ ဝင်ကြရသည်။ ရှေ့ပိုင်း
...သော စားပွဲလေးခုမှာ ကြိုတင်စီစဉ်ထားသည့်အတိုင်း အား
...လုံးကို နေရာချပေးသည်။ ကုမ္ပဏီ လူကြီးများ တစ်ဦးပြီးတစ်ဦး
ရောက်လာကြသည်။ အေးမွှန် စောင့်ကြည့်နေသော်လည်း
ဦးလင်းဇော်ဦးကို မတွေ့ရသေး။ ကုမ္ပဏီမှ အကြီးဆုံး ဥက္ကဋ္ဌ
...သို့ ဦးဝင်းထွန်းလည်း မရောက်သေး။ ခုနစ်နာရီခွဲ တိတိမှာ
ဦးဝင်းထွန်း ရောက်လာသည်။ ဦးဝင်းထွန်းကို အားလုံးလိုလိုပင်
...တ်တပ်ရပ်၍ ဆီးကြို နှုတ်ဆက်ကြသည်။

"ထိုင်ကြပါ.. ထိုင်ကြပါ.. "

ဦးဝင်းထွန်းက အားလုံးကို အထိုင်ခိုင်းသည်။ ခုချိန်
...ထိ ဦးလင်းဇော်ဦး ရောက်မလာသည်ကို အေးမွှန်သတိထား
...သည်။

"သူဘာလို့ မလာတာပါလိမ့်..."

အားလုံးနေရာယူပြီးသည်နှင့် လုပ်အားဆုချီးမြှင့်ပွဲ
...ခမ်းအနား စတင်သည်။

သုံးလပြည့်ပြီးသော မိန်းကလေးများကို ကုမ္ပဏီလူကြီး
... တစ်သောင်းစီပေးသောအခါ အေးမွှန်ပါ တစ်သောင်းရ
...သည်။ နောက်တစ်လတွင် အေးမွှန်၏လခမှာ သုံးထောင်သို့
...သွားပြီ ဖြစ်သည်။ ဆုပေးပွဲအခမ်းအနား ပြီးသည်နှင့် စားပွဲ
...များက စားသောက်ဖွယ်ရာများ လာချပေးကြသည်။

အေးမွှန်မှာ ယနေ့ပွဲတွင် ထူးထူးခြားခြားလှပနေ

သည်။ ထုံးစံအတိုင်း လူကြီးများက ကုမ္ပဏီအတွက် အားလုံး အတွက် ဆုတောင်းပြီး ဖန်ခွက်ချင်း တို့ထိကြသည်။ ကျန်ခွက် များမှလည်း မတ်တပ်ရပ်၍ အချိုရည်နှစ်ခွက်ချင်း တို့ထိကြ သည်။

"ဦးလင်းဇော်ဦး မလာဘူးလား မမ..."

အေးမွန်သိချင်သည်ကို မိုးစန္ဒာက ဒေါ်သက်ထားဝေ အား မေးသံကြားရ၍ အေးမွန်နားစွင့်နေလိုက်သည်။

"ဦးလင်းဇော်ဦး မရှိဘူး... တောင်ကြီးသွားနေတယ်..."

"ဩော်... တောင်ကြီးမှာ ဆိုင်ခွဲဖွင့်မယ်ဆိုတာအတွက် သွား နေတာကိုး..."

အေးမွန် နားလည်သွားပါသည်။ လူကြီးဝိုင်းမှာ စတင် စားသောက်နေကြပြီမို့ အေးမွန်တို့ဝိုင်းလည်း စားရန် ပြင်ဆင် ကြပြီ။

"ဒါက ငါးမန်းတောင် ဟင်းချိုနော်... ဒီဟင်းချိုတင် တင် သောင်းကျော် ကျတယ်..."

"ရှင်..."

ဒေါ်သက်ထားဝေရှင်းပြ၍ အံ့အားသင့်သော အသံ တစ်သံ ထွက်လာသည်။ ပန်းကန်ကြီးထဲမှတဆင့် ကိုယ့်ပန်းကန် လေးများထဲသို့ ခတ်ယူကြရသည်။ တန်ဖိုးကြီးလွန်းသော ဟင်းချို ဖြစ်၍ အေးမွန် မဖိတ်အောင် အသေအချာ သတိထားသည်။

"ငါ... အခုခတ်ယူလိုက်တာ ငါးရာဖိုးလောက် ရှိနေမလား မသိ..."





အေးမွန်တွေးလိုက်မိသေးသည်။

"ငါးမန်းတောင်အစစ်ဆိုတော့ အားရှိတယ်တဲ့..."

ဒေါ်သက်ထားဝေက ဆက်ရှင်းပြနေသည်။ ဘာ အားရှိမှန်းတော့ ဒေါ်သက်ထားဝေကိုယ်တိုင်မသိ။ အားရှိသည် ဆိုသည်ကို အထင်ကြီးစိတ်နှင့် အေးမွန်သောက်သည်။ ဈေးကြီး မှန်းသည်ဆို၍လည်း တန်ဖိုးထား၍ သောက်ရသည်။ သောက် ရင်းနှင့် အေးမွန်ပြုံးလိုက်မိသေးသည်။ ဒေါ်လှပိုဆိုင်မှ ငါးကျပ် တန်သော သီးစုံချဉ်ရည်ဟင်းကို သတိရ၍ ဖြစ်သည်။

"ဩော်... ငါ့ဘဝက တော်တော့်ကို ခြားနားသွားတာ ပါလား..."

နောက်ထပ် ငါးမန်းတောင်ဟင်းချိုတစ်ဇွန်းကိုခပ်၍ မြည်းစမ်းသာခဲ့ပြီး သောက်လိုက်မိသည်။

✿ ✿ ✿ ✿

## အခန်း (၂၃)

ကျူရှင်မှ သင်ပေးလိုက်သည်များကို ပြန်ဖတ်ရန် အင်္ဂလိပ်စာအုပ်ကို ရှေ့မှာချ၍ စာကြည့်စားပွဲမှာထိုင်လိုက်သည်။

"ဒီစာမေးပွဲကို အောင်ချင်တယ်... စီမံတစ် အလုပ်ကို ငါရမှ ဖြစ်မယ်..."

ထွေးမြင့် စိတ်အားထက်သန်နေသည်။

အေးမွန် ကုမ္ပဏီအလုပ်ပြောင်းသွားပြီးနောက် အေးမွန်နှင့် အလှမ်းကွာသွားသလို ရင်ထဲမှာ ခံစားရသည်။ အေးမွန်က လှခများသည်။ အပြင်အဆင်ပြောင်းသွားသည်။ အင်္ဂလိပ်စကား ပြောတတ်ဆိုတတ်ဖြစ်လာပြီ။ ယခင်ကထက် ပို၍ ရဲတင်းသွက်လက်လာသည်။ အေးမွန်ပြောင်းလဲသွားသည်မှာ အမှန်ဖြစ်သည်။

"သူ့ကိုယ်သူ ငါ့ထက်ပိုမြင့်သွားပြီထင်ပြီ... ငါ့ကိုများအထင်

သေးသွားပြီလား..."

ထွေးမြင့် စိုးရိမ်စိတ် ဖြစ်မိသည်။ တွေ့ရသည်က လည်း သိပ်ကိုနည်းသွားသည်။ တွေ့ရပြန်တော့လည်း ခဏလေး။ ပြီးတော့ သူတို့ဆိုင်မှာမို့ လွတ်လွတ်လပ်လပ် ပြောခွင့်မရ။ ထွေး မြင့်ပင့်သက်တရှိုက်ရှူလိုက်သည်။

"ငါလဲ အဆင့်မြင့်အောင် ကြိုးစားရမှာပေါ့ အေးမွန်ရာ..."

ရှေ့ဘက်မှ စာအုပ်တစ်ထပ်ကို လှမ်းကြည့်လိုက် သည်။ ကံကောင်းသည်။ မခေါ်သည်မှာ ကြာပြီဖြစ်သော စီး (၁) အဆင့်ဝန်ထမ်းစာမေးပွဲကို ယခုနှစ်မှာ ခေါ်ထားပြီ။ အဖြေ ခံရလျှင် ဒု-ဦးစီး ဖြစ်မည်။ ဒု-ဦးစီးဖြစ်လျှင် တက်လမ်းရှိသွား ပြီ။ ရှေ့တစ်ဆင့်တက်လျှင် ဦးစီးအရာရှိ ဖြစ်မည်။ လက်ထောက် ညွှန်မှူး၊ ဒု-ညွှန်မှူးမှ ညွှန်ကြားရေးမှူး စသည်ဖြင့် အဆင့်ဆင့် တက်နိုင်သည်။ ထို့ကြောင့် ထွေးမြင့် ဖြေဆိုရမည့်စာမေး အတွက် ကျူရှင်တက်နေသည်။ ဖြေရမည်က အင်္ဂလိပ်စာ မြန်မာစာ၊ အထွေထွေဗဟုသုတ။ ကိုယ်တိုင်လည်း ရှာဖွေဖတ် မှတ်ပြီး မှတ်စုများ ထုတ်ရသည်။

"ငါကြိုးစားမယ် အေးမွန်ရယ်... ငါ့အဆင့်အတန်းကိုလဲ မြင့် အောင်မြှင့်ရမှာပေါ့..."

ယနေ့သင်လိုက်သည်များကို ပြန်ကြည့်ရန် အင်္ဂလိပ် စာအုပ်လေးကို ထွေးမြင့်ဆွဲယူလိုက်ပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၂၄)

"ဟယ်... ဆရာ ဦးလင်းဇော်ဦး... ဩော်... နောက်မှာ ဦးဝင်းထွန်းလဲ ပါတယ်..."

အေးမွန် သူကောင်တာတွင် ဈေးရောင်းနေရင်းမှ ရောင်းခန်းမတွင်းသို့ ဝင်လာကြသော ကုမ္ပဏီလူကြီးနှစ်ဦးကို မြင်လိုက်သည်။

"ငါတို့ ရောင်းဝယ်နေတာကို လာစစ်တာလား မသိ..."

အေးမွန်ကောင်တာရှေ့မှာ ဂါဝန်ဝတ် နိုင်ငံခြားသူ သမီးကြီးနှစ်ဦး ရှိနေသည်။ အေးမွန် သူ့ကောင်တာတွင်းမှာ နေခြင်း ရှိမရှိ မျက်စိတစ်ချက်ဝေ့၍ ကြည့်လိုက်သည်။ သေးသည် မနက်ကမှ ရှင်းလင်းထား၍ သန့်သန့်ပြန့်ပြန့် သည်။ အမျိုးသမီးကြီးနှစ်ဦးမေးမြန်းနေသည်ကို အေးမွန် လိပ်လို ပြန်ရှင်းပြနေသည်။

အမျိုးသမီးကြီးတစ်ဦးက ကော့ညက် တစ်ဗုလင်း ဝယ်သည်။ အေးမွန်က စက္ကူနှင့် သေသေလပ်သပ်ရစ်ပတ်ပြီး ဆိုင်တံဆိပ်ပါသော ပလပ်စတစ်အိတ်မှာ ထည့်လာသည်။ ဦးလင်းဇော်ဦးနှင့် ဦးဝင်းထွန်း အေးမွန်၏ ကောင်တာရှေ့သို့ ရောက်လာသည်။ အေးမွန်က နှစ်ဦးလုံးကို ပြုံး၍ကြည့်လိုက်ပြီး အင်္ဂလိပ်လို နှုတ်ဆက်လိုက်သည်။ ဦးလင်းဇော်ဦးနှင့် ဦးဝင်းထွန်းက ခေါင်းညိတ်ပြကြသည်။

ဂါဝန်ဝတ် အမျိုးသမီးကြီးတစ်ဦးက အေးမွန်ကို ထောပတ်ဘူးလိုချင်ကြောင်း အင်္ဂလိပ်လို ပြောသည်။ အေးမွန်က ထောပတ်ဘူးသုံးမျိုးသုံးစားထုတ်ပြပြီး အင်္ဂလိပ်လို ရှင်းပြသည်။ ဦးလင်းဇော်ဦးနှင့် ဦးဝင်းထွန်းက ရပ်ကြည့်နေကြသည်။ အမျိုးသမီးကြီးကထောပတ်ဘူးတစ်ဘူး ဝယ်သွားသည်။ ဦးလင်းဇော်ဦးနှင့် ဦးဝင်းထွန်းတို့ ကျန်ကောင်တာများကို လှည့်လည်ကြည့်ကြသည်။ မိုးစန္ဒာ၏ ကောင်တာရှေ့သို့ရောက်သောအခါ ပြောဆိုနှုတ်ဆက်ရင်း ရယ်မောနေကြသည်ကို အေးမွန်လှမ်းမြင်ရသည်။ ဒေါ်သက်ထားဝေလည်း ရောက်နေသည်။ မိုးစန္ဒာ၏မျက်နှာလေး ရွှင်လန်းစွာပြုံးရယ်ရင်း ရှင်းပြနေပုံကို အေးမွန်သဘောကျသည်။

"ငါ့ထက်အများကြီးသာတာပဲ..."

အေးမွန် အားကျမိသည်။ ဦးဝင်းထွန်းက မိုးစန္ဒာ ကောင်တာမှ သားရေအိတ်တစ်ခုကို ဝယ်၍ ဘေးကောင်တာမှ စုထားတို့ပါ ရယ်နေကြသည်။ မိုးစန္ဒာက သားရေအိတ်ကိုစက္ကူ





အိတ်တစ်ခုနှင့် ထည့်မှည်လုပ်နေ၍ ဦးဝင်းထွန်းက လက်ကာပြ ပြီး အိတ်ကို ယူသွားသည်။ မိုးစန္ဒာ ရယ်နေသည်။ ပြီးတော့ ဦးဝင်းထွန်းနှင့် ဦးလင်းဇော်ဦးတို့ ဒေါ်သက်ထားဝေနှင့် အတူ အတွင်းခန်းသို့ ဝင်သွားကြသည်။ ခဏကြာတော့ ဒေါ်သက်ထားဝေ အတွင်းခန်းမှ ပြန်ထွက်လာပြီး အေးမွန်ကို လက်ယပ်ခေါ်သည်။

"ကြည့်လိုက်ဦးနော်..."

အေးမွန်က သူ့ကောင်တာကို သူဇာမြင့်သို့ အပ်ခဲ့သည်။ သူဇာမြင့် ခေါင်းညိတ်ပြသည်။ ဒေါ်သက်ထားဝေ အခန်းဆီသို့ အေးမွန်ခပ်သုတ်သုတ်လေး သွားနေသည်။ ကောင်တာအားလုံးမှ အေးမွန်ကို လှမ်းကြည့်နေကြသည်။ အပြာရောင် ကောတ်နှင့် ရှပ်အင်္ကျီအဖြူဝတ်သောနေ့ ဖြစ်သည်။ အေးမွန်၏ ဖြူဖွေးသော ခြေသလုံးလေးများမှာ ခြေလှမ်းလိုက်တိုင်း လှပစွာ ဝင်းလက်နေကြသည်။ ဆံပင်တိုလေးကလည်း ဆကပ်တိုတိုနှင့် လိုက်နေသည်။ အချိုးအဆစ်ကျ၍ ကျစ်လျစ်စွာ တင့်တယ်သော ကိုယ်လုံးကိုယ်ပေါက်ကို ကုမ္ပဏီဝတ်စုံက တိကျစွာ ပေါ်လွင်စေသည်။

ဒေါ်သက်ထားဝေ အခန်းထဲသို့ ရောက်သောအခါ စားပွဲမှာ ထိုင်နေကြသော ဦးဝင်းထွန်း၊ ဦးလင်းဇော်ဦးနှင့် ဒေါ်သက်ထားဝေတို့ကို တွေ့ရသည်။

သုံးဦးလုံးပင် အေးမွန် အခန်းထဲသို့ ဝင်လာသည်ကို ကြည့်နေကြသည်။ အေးမွန် ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားသည်။

"ငါ့ကိုဘာလို့ ခေါ်တာပါလိမ့်... ငါ့မှာအပြစ်တစ်ခုခုများ ရှိလို့လား..."

အေးမွှန် မလုံမလဲ ဖြစ်မိသည်။

"အဲဒီမှာထိုင်..."

ဒေါ်သက်ထားဝေက ခုံလွတ်တစ်ခုကို ညွှန်ပြသည်။ အေးမွှန်ထိုင်ရသည့်ဘက်မှာ သုံးဦးလုံးကို ရင်ဆိုင်လျက် ဖြစ်သည်။ အေးမွှန်အနေကျုံ၍ ခေါင်းငုံ့ထားသည်။

"အေးဆုမွှန် ဒီကုမ္ပဏီမှာလုပ်တာ ဘယ်လောက်ကြာသွားပြီလဲ..."

မေးသူ ဦးဝင်းထွန်းကို အေးမွှန် လှမ်းကြည့်လိုက်သည်။

"ငါးလရှိပါပြီ..."

"အင်း... ဒီကုမ္ပဏီမှာလုပ်ရတာ ပျော်ရဲ့လား..."

"ဟုတ်ကဲ့... ပျော်ပါတယ် ဦး..."

"ဘာအခက်အခဲများ ရှိသလဲ..."

"မရှိပါဘူး..."

ထိုမေးခွန်းများကို ဦးဝင်းထွန်းဘာကြောင့် မေးနေမှန်း အေးမွှန်မသိ။

"ဒီကုမ္ပဏီမှာ အေးဆုမွှန်မကျေနပ်တာ ဘာမှ မရှိပါဘူးနော်..."

"ဟုတ်ကဲ့... မရှိပါဘူး ဦး..."

"အခုလက်ရှိရနေတဲ့ လစာက..."





"သုံးထောင်ပါ..."

ဦးဝင်းထွန်းက ခေါင်းညိတ်ပြသည်။

"အရောင်းအဝယ်နဲ့ ပတ်သက်လို့ အင်္ဂလိပ်လိုလဲ တော်တော် ပြောနိုင်နေပြီနော်..."

အေးဆုမွှန်က မဖြေသေးဘဲ ဦးလင်းဇော်ဦးကို လှမ်းကြည့်လိုက်သည်။ ဦးလင်းဇော်ဦးက အားပေးသောသဘောနှင့် ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့... ကြိုးစားနေရတုန်းပါပဲ..."

"နောက်ဝင်တဲ့အထဲမှာတော့ သူအတော်ဆုံးပါပဲ သူဌေး..."

ဒေါ်သက်ထားဝေက ဖြည့်ပေးသည်။ ဦးဝင်းထွန်း ခေါင်းညိတ်သည်။

"အေးဆုမွှန်ကို ဦးတို့ဘာလို့ ခေါ်တွေ့တာလဲ သိလား..."

"မသိပါဘူး... ဦး..."

ဦးဝင်းထွန်း ခေါင်းညိတ်ပြန်သည်။

"မသိရင်တော့ ဦးကပဲ စပြောရမှာပေါ့..."

စိုးရွံ့စိတ်ကြောင့် အေးမွှန်ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ခံစားနေရသည်။

"ဦးတို့ကုမ္ပဏီအနေနဲ့ အေးဆုမွှန်ကို သဘောကျပါတယ်... အေးဆုမွှန် အလုပ်ကြိုးစားတယ်... တိုးတက်မှုရှိတယ်... ရောင်းတာဝယ်တာမှာလဲ ဆက်ဆံရေးကောင်းတယ်... ဒါကြောင့်မို့ အခုလဲ လစာသုံးထောင်အထိ တိုးပေးထားပြီ။... ခြောက်လပြည့်ရင် သုံးထောင်ငါးရာအထိ တိုးပေးမှာ

ပါ.. တစ်နှစ်လောက်ဆိုရင် မင်းကိုအင်ချတ် နေရာအထိ တိုးပေးနိုင်ပါတယ်...

"အဲဒီလိုအထိလဲ ဦးတို့ ရည်မှန်းထားပါတယ်... ဒါပေမဲ့ အခုဟာက မင်းကို ဦးလင်းဇော်ဦးက သူ့ကုမ္ပဏီမှာ ပြောင်းပြီးလိုချင်တယ်..."

ခေါ်ယူတွေ့ဆုံခြင်း အကြောင်းကို အေးမွန်နားလည်သွားပါပြီ။ ဦးလင်းဇော်ဦးကို လှမ်းကြည့်လိုက်ချင်သည်။ သို့သော် မကြည့်မိအောင် စိတ်ကို ထိန်းချုပ်၍ ခေါင်းငုံ့ထားသည်။

"ဦးလင်းဇော်ဦးက မင်းကို တစ်ခါတည်း အင်ချတ်နေရာ ပေးပြီး ခေါ်မှာပါ။ လစာလဲ ငါးထောင်အထိပေးမယ်လို့ ပြောထားတယ်... ဟုတ်တယ်နော် ဦးလင်းဇော်ဦး..."

"ဟုတ်ပါတယ်..."

ထိန်းချုပ်ထားသည့်ကြားမှ ဦးလင်းဇော်ဦးထံသို့ အကြည့်တစ်ချက် ရောက်သွားသည်။

"အမှန်အတိုင်းပြောရရင် ဦးတို့မင်းကို မပေးချင်ပါဘူး... အရင်ကဒီလိုပေးခဲ့ဘူးတဲ့ အစဉ်အလာလဲမရှိပါဘူး..."

အေးမွန် စိတ်လှုပ်ရှားစွာ နားထောင်နေသည်။

"ဒါပေမဲ့ ... ဦးလင်းဇော်ဦးကလဲ တခြားလူမှမဟုတ်ဘဲ... ဒီကုမ္ပဏီရဲ့ ရှယ်ယာဝင်... ဒီကုမ္ပဏီစပြီး တည်ထောင်ကတည်းကပါခဲ့တဲ့လူ...ပြီးတော့ဦးလင်းဇော်ဦးရဲ့စနိုးကက်(ပ်) ဆိုတာကလဲ ဒီကုမ္ပဏီနဲ့ ဆက်စပ်နေတာပါပဲ... ကုန်ပစ္စည်းတစ်ချို့ဟာ ဦးလင်းဇော်ဦး ကုမ္ပဏီက ယူနေရတာပဲ..."





"အခုသူက တောင်ကြီးမှာ ဆိုင်ခွဲဖွင့်မယ်ဆိုတော့... ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်လိုချင်တယ်... အဝေးမှာဆိုတော့ မျက်နှာလွှဲရမဲ့ လူမှဖြစ်မယ်... "

"ဦးလင်းဇော်ဦးဟာ မင်းကို တွေ့ထားပြီး သဘောကျနေတယ်... အဲဒီတော့ ဦးတို့ကုမ္ပဏီလူကြီးတွေကို တရားဝင်ပြောပြီးတောင်းတယ်... တကယ်လို့မတောင်းဘဲ ဈေးပိုပေးပြီးခေါ်သွားရင်လဲ ဖြစ်တော့ဖြစ်တာပါပဲ... ဒါပေမဲ့ မကောင်းဘူးပေါ့..."

အေးမွန် ခေါင်းညိတ်လိုက်သည်။

"ခုဟာကျတော့ ဦးတို့ဘက်က စဉ်းစားပေးရတာပေါ့.. ကိုယ့်လူကို မပေးချင်ပေမဲ့... သူကလဲထောက်ထားရမဲ့လူဖြစ်နေတယ်... နောက်ပြီးတော့ အေးဆုမွန်အနေနဲ့လဲ... လောလောဆယ်ရာထူးတက်ပြီး လစာ ငါးထောင်ရမယ်...

"လူတစ်ယောက်ရမဲ့ တက်လမ်းနဲ့ အခွင့်အရေးကိုလဲ ဦးတို့ကမပိတ်ပင်ချင်ဘူး...

"ဦးတို့ကုမ္ပဏီအနေနဲ့ဆိုရင်... လောလောဆယ်တော့ ဒီလောက်အထိမပေးနိုင်သေးဘူး... ဘာဖြစ်လို့လဲဆိုတော့ အေးဆုမွန်ရဲ့ရှေ့မှာ... ခုနှစ်လ၊ ရှစ်လအထိ လုပ်ငန်းအတွေ့အကြုံရှိထားတဲ့ လူတွေကို ကျော်ပေးလို့မကောင်းဘူး..."

ဦးဝင်းထွန်းကို လေးစားစွာ လှမ်းကြည့်ပြီး အေးမွန်ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်ပါသည်။

"တစ်နှစ်ပြည့်ပြီးရင်တော့ ဦးတို့လဲ ပေးမှာပါ.. ဒါမှမဟုတ်လို့ ကုမ္ပဏီက ဆိုင်ခွဲတွေဖွင့်လို့ လိုအပ်လာရင်လဲ ဒီထက်စောရင်စောမှာပေ့ါ... ဆိုင်ခွဲတွေဖွင့်ဖို့လဲ အစီအစဉ်ရှိပါတယ်..."

ဒေါ်သက်ထားဝေ ခေါင်းညိတ်ပြသည်ကို အေးမွန်သတိထားလိုက်မိသည်။

"အဲဒီတော့ ဦးပြောချင်တာက အဆုံးဖြတ်ပေးဖို့ အေးဆုမွန် လွတ်လွတ်လပ်လပ် စဉ်းစားပါ။ အေးဆုမွန်ရဲ့ ဆန္ဒအတိုင်း ဦးတို့ခွင့်ပြုမယ်...

"ဦးလင်းဇော်ဦးရဲ့ စနိုးကက်(ပ်) ကုမ္ပဏီမှာ ပြောင်းလုပ်မယ်ဆိုရင်လဲ ဦးတို့ခွင့်ပြုပါ့မယ်... တကယ်လို့ မပြောင်းချင်ဘူး.. တီသုံးလုံးကုမ္ပဏီမှာပဲ ဆက်ပြီး နေချင်တယ်ဆိုရင်လဲ... ဦးလင်းဇော်ဦးက ခွင့်ပြုပြီး တခြားသင့်တော်မဲ့ တစ်ယောက်ကိုရှာရမှာပေ့ါ.. ဟုတ်တယ်နော် ဦးလင်းဇော်ဦး... "

ဦးလင်းဇော်ဦး ခေါင်းညိတ်ပြသည်။

"ကဲ... အဲဒီတော့... အေးဆုမွန်က ဆုံးဖြတ်ပြီး အဖြေပေးဖို့ပါပဲ..."

ဦးဝင်းထွန်းက စကားတွေ အများကြီး ပြောပြီးသွား၍ ဒေါ်သက်ထားဝေ ထည့်ပေးထားသည့် အေးနေသော ရေနွေးကြမ်းပန်းကန်ကို လှမ်းယူသောက်နေသည်။

အေးမွန် စိတ်ထဲမှာ ဦးဝင်းထွန်းကို အားနာနေသည်။ တကယ်ပြောင်းရတော့မယ်ဆိုမှ ဤကုမ္ပဏီမှာ လုပ်ရ သည်ကို





ပျော်သည်ဟု ရင်ထဲမှာ ခံစားရသည်။ မမသူဇာ... မိုးစန္ဒာနှင့် ရှုထားတို့ မျက်နှာများကို မြင်လာသည်။

ကျန်အမကြီးများက သိပ်အခင်ကြီး မဟုတ်သေးသော်လည်း သူ့ကိုချစ်ချစ်ခင်ခင် ရှိကြသည်။ တောင်ကြီးဆိုလျှင် နေရာအသစ်ပြောင်းရမည်။ ဖွားဖွားကို ထားခဲ့ရမှာလဲ မဖြစ်နိုင် ဖွားဖွားက အသက်ကြီးပြီ၊ ဒါပေမဲ့ တောင်ကြီးမှာ ဖွားဖွားနေချင်မှာလား။ အေးမွန်စဉ်းစားရပြီ။

"ကဲ... အေးဆုမွန်... သူဌေးပြောတာကို နားလည်ပြီဆိုရင်... ဆုံးဖြတ်ပေတော့... လူကြီးတွေက မင်းဆုံးဖြတ်တဲ့ အတိုင်း ခွင့်ပြုမယ်လို့ ပြောထားပြီ။ ဘယ်လိုလဲ..."

ဒေါ်သက်ထားဝေက အဖြေအတွက် အေးမွန်ကိုမေးနေပြီ။

"ကျွန်တော်နည်းနည်းပြောချင်ပါတယ် ဦးဝင်းထွန်း..."

ဦးလင်းဇော်ဦး ကခွင့်တောင်းသည်။

"ပြောပါ.."

"ဒီလို... အေးဆုမွန်... ဆရာ့ကုမ္ပဏီက တောင်ကြီးမှာခွဲဖို့ ဟိုမှာအားလုံး အစီအစဉ်လုပ်နေပါပြီ ဆရာကိုယ်တိုင်သွားပြီး စိတ်တိုင်းကျ စီစဉ်နေတာပါ.."

"အစတုန်းကတော့ နောက်ထပ်သုံးလလောက်မှ ဖွင့်ဖြစ်ဖို့ပါပဲ။ ဒါပေမဲ့ ဆရာက မီးထွန်းပွဲတော်အမီ တောင်ကြီးဆိုင်ကို ဖွင့်ချင်တယ်။ ဖွင့်ဖွင့်ချင်း အေးဆုမွန်တို့လို ကျွမ်းကျင်တဲ့လူ... ဆက်ဆံရေးကောင်းမွန်တဲ့ လူပဲရှိချင်တယ်...

"ဘယ်လောက်အထိ အကူအညီတောင်းချင် တာလဲဆိုရင်... ဆိုင်မဖွင့်ခင် တစ်လကြိုပြီး အေးဆုမွန်ကို တောင်ကြီးမှာရှိစေချင်တာပါ..."

ဦးလင်းဇော်ဦး ကို အေးမွန်လှမ်းကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့... ဆိုင်မဖွင့်ခင် တစ်လလောက်ကတည်းကကြိုပြီး ရောင်းမယ့်ပစ္စည်းတွေကို ဆိုင်ဖွင့်တာနဲ့ အသင့်ခင်းကျင်း ရောင်းချနိုင်အောင် စီစဉ်ပေးရမယ်... ဆရာက ရန်ကုန်ကနေ ပစ္စည်းတွေ ပို့ပေးရမှာဆိုတော့ တောင်ကြီးမှာ ယုံကြည်စိတ်ချရတဲ့လူ ရှိဖို့လိုတယ်... ဟိုမှာ ကုမ္ပဏီရဲ့ ရှယ်ယာဝင် ဦးစိုင်းနွတ်ဆိုတာ ရှိပါတယ်... သူကလဲ အားလုံးတာဝန်ယူပြီး လုပ်ပေးမှာပါ။ ရောင်းမဲ့ မိန်းကလေးတွေကလဲ တောင်ကြီးက ဒေသခံမိန်းကလေးတွေ ချည်းပါပဲ... ရွေးထားပြီးပါပြီ...

ဒါပေမဲ့ ဆိုင်ကို ကောင်တာတွေခွဲတာ... ပစ္စည်းတွေ အစီအစဉ်ချပြီးထိုင်တာ... ဆိုင်ပြင်ဆင်တာအားလုံး အေးဆုမွန်က အင်ချာ်အဖြစ် တာဝန်ယူစီစဉ်ပေးမှ ဖြစ်မှာမို့ပါ... အလုပ်လက်ခံတယ်ဆိုရင် အေးဆုမွန် ဒီဆိုင်မှာ ဒီလကုန်တဲ့အထိပေါ့... နောက်ထပ်အရက်နှစ်ဆယ် ကျန်တယ် ဟုတ်လား..."

ဒေါ်သက်ထားဝေ ခေါင်းညိတ်သည်။

"လစာကတော့ စလုပ်တဲ့လကစပြီး အင်ချာ်ရာထူးနဲ့ အင်ချာ်လစာရမှာပါ... ဆရာအနေနဲ့က အေးမွန်ကို





ရာထူးတိုးပေးပြီး ဒီကုမ္ပဏီက လုယူတာမျိုး မဟုတ်ပါဘူး... တိသုံးလုံးကုမ္ပဏီကိုရော အေးဆုမွန်ကိုရော အကူအညီ တောင်းတာပါ..."

ဦးဝင်းထွန်း ခေါင်းညိတ်သည်။

ပြီးတော့ အေးဆုမွန်ကို လှမ်းကြည့်ပြီး ပြုံးပြသည်။

"ကဲ... ဆုံးဖြတ်လို့ရပြီလား အေးဆုမွန်..."

ဦးဝင်းထွန်းကို အေးမွန် လေးစားစွာ လှမ်းကြည့်လိုက်သည်။

"အေး... ဒီမှာလုပ်ရတာ ပျော်ပါတယ် ဦး... ဒီမှာအားလုံးလဲ အဆင်ပြေပါတယ်... အခုဟာကတော့ ဆရာဦးလင်းဇော်ဦးအတွက် အကူအညီလိုတာမျိုးဖြစ်နေတယ်ဆိုရင် အေး... ပြောင်းလုပ်ပေးပါ့မယ်..."

အေးဆုမွန် ခေါင်းငုံ့ထားလိုက်သည်။

"ကဲ... အဖြေရသွားပါပြီ ဦးလင်းဇော်ဦး..."

ဤအဖြေပင်ဖြစ်မည်ဟု ဦးဝင်းထွန်းကလည်း မျှော်လင့်ထားပြီးသားမို့ ထူးခြားသော စိတ်ခံစားချက် မဖြစ်တော့ပါ။

"အေးဆုမွန်အနေနဲ့... ဦးလင်းဇော်ဦး ယုံကြည်အားကိုးတဲ့အတိုင်း အကောင်းဆုံးဖြစ်အောင် ကူညီပါ... ဦးတို့ကုမ္ပဏီ ဦးတို့ဆိုင်ကိုလည်း ရန်ကုန်ရောက်တိုင်းဝင်ပါ... ဟိုမှာလုပ်ရင်းကိုင်ရင်းနဲ့ အတွေ့အကြုံအရ အကြံကောင်းဉာဏ်ကောင်းရတာရှိရင်လည်း ဦးတို့ကုမ္ပဏီကို အကြံပေးပါ..."

"ဟုတ်ကဲ့ စိတ်ချပါ ဦး..."

ဦးလင်းဇော်ဦးကို အေးမွန် လှမ်းကြည့်လိုက်သည်။ ဦးလင်းဇော်ဦးက အေးမွန်ကို ပြုံးပြသည်။ ခံစားမှုပါသည့် လှိုက်လှဲသောအပြုံးဖြစ်သည်ဟု အေးမွန်ရင်ထဲမှာ နားလည်လိုက်သည်။

✤ ✣ ✤ ✣ ✤ ✣ ✤



## အခန်း (၂၅)

အင်းစိန်မှ အေးမွန်တို့အိမ်သို့ ထွေးမြင့်ရောက်သွားချိန်မှာ အေးမွန်တို့မြေးအဖွားကို အိမ်ထဲမှာ တွေ့ရသည်။ အေးမွန်က အဝတ်များကို အိတ်တစ်ခုမှာ ထည့်နေသည်။

"ဟယ်... ကိုထွေးလာတယ်..."

ထွေးမြင့်ကိုမြင်သည်နှင့် အေးမွန်အပြေးအလွှားကြိုသည်။ အေးမွန်၏ ဝမ်းသာအားရဖြစ်သော မျက်နှာနှင့် ...လှဲသောကြိုဆိုမှုကြောင့် ထွေးမြင့်ရင်ထဲမှာ မကျေမနပ်...နေသည်များ အားလုံးပျောက်ကွယ်သွားကြရသည်။

"လာ... ကိုထွေး... ဆိုင်ရောက်သေးလား..."

"ရောက်ပါတယ်..."

အေးမွန်သွက်လက်သော အမေးကို ထွေးမြင့်က ...ဆေးစွာ ဖြေလိုက်သည်။

"ဒါဆို မမသူဇာနဲ့ ပေးခဲ့တဲ့စာ ရလား..."

"ရလို့ အိမ်လိုက်လာတာပေါ့... အေးမွန်ကုမ္ပဏီပြောင်းပြီး

တောင်ကြီးကို ပြောင်းရမယ်ဆို..."

အေးမွန် ခေါင်းငြိမ့်ပြသည်။

"အေးမွန် ကိုထွေးနဲ့လည်း ဘယ်လိုဆက်သွယ်ရမှန်း မသိဘူး... အလုပ်အပြောင်းအလဲဆိုတော့ လက်ရှိကုမ္ပဏီမှာလည်း ကုန်ပစ္စည်းနဲ့စာရင်းတွေ အသေအချာလုပ်ပြီး လွှဲပေးရတယ်... တောင်ကြီးဆိုင်အတွက် လိုအပ်တာတွေ မေးရ.. မြန်းရ.. လေ့လာရ.. ယူသွားသင့်တာတွေ ရှာရဖွေရဆိုတော့ အားချိန်ကလဲ မရှိဘူး..."

"ဟုတ်တယ်... မောင်ထွေးမြင့်ရယ် သူ့ကိုမြင်ရတာနဲ့တောင် ဖွားဖွားမောတယ်... "

"ဘယ်တော့သွားမှာလဲ အေးမွန်... "

"သဘက်ခါ သွားမှာ..."

"ဖွားဖွားရော တစ်ခါတည်းလိုက်မှာလား..."

"မလိုက်သေးပါဘူးကွယ်... နောက်တစ်ခေါက်မှ လိုက်ရမှာ..."

"ခုဟာက ကြိုတင်ပြင်ဆင်ဖို့သွားမှာ ကိုထွေး... တစ်ပတ်လောက်ပဲ ကြာမှာ... နောက်တစ်ခေါက် အပြီးပြောင်းမှ ဖွားဖွားကို တစ်ခါတည်းခေါ်သွားမှာ..."

"ဟိုမှာနေစရာရော..."

"အားလုံးရှိပြီးသား ကိုထွေး..."

ထွေးမြင့် သက်ပြင်းတစ်ချက် ချသည်။

ချစ်သူနှင့် အဝေးကြီးခွဲနေရမည်ကို စိတ်မကောင်း





ဖြစ်သည်။ အေးမွန်ရိပ်မိပါသည်။ ကိုထွေးကိုကြည့်ပြီး အေးမွန်ကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်ရသည်။

"အိမ်လခကျတော့ ကိုယ့်ဘာသာပေးရမှာလား..."

"မဟုတ်ဘူး ကိုထွေး... ကုမ္ပဏီက ငှားထားတဲ့အိမ်ရှိတယ်... အေးမွန်လခရော..."

"ငါးထောင်..."

အလွန်ကောင်းသော အခွင့်အရေးဟု ထွေးမြင့် ...းလည်လိုက်ပါသည်။ အေးမွန်ငြင်းနိုင်မည် မဟုတ်ပါ။ ငြင်း...ည်းမငြင်းသင့်ပါ။

"ကောင်းပါတယ်... အေးမွန်အခုလို တိုးတက်သွားတာ ဝမ်းသာပါတယ်..."

ထွေးမြင့် လူကြီးစိတ်ထား၍ ပြောသင့်သောစကား ပြောရခြင်းဖြစ်သည်။

"အေးမွန် တွေ့ကြုံရတာတွေ ကိုထွေးဆီ စာရေးမှာပေါ့..."

အေးမွန်ပြောပုံက ချစ်စဖွယ် အကြည့်လေးနှင့်..."

"ဒီမှာ ဖွားဖွားတစ်ယောက်ထဲနေခဲ့ရတော့... ဘာကူညီပေးရမလဲ..."

"ဖြစ်ပါတယ်... အပေါ်ထပ်အိမ်ရှင် ကြီးကြီးစိုးတို့သားအမိက တာဝန်ယူပါတယ်... ဟိုဘက်ခန်းက ဆရာမလေး နုနုကလည်း ဖွားဖွားနဲ့ သိပ်ခင်တယ်... ဖွားဖွားအတွက် စိတ်ချဖို့ ပြောပါတယ်... သိပ်လည်း ကြာမှာမှ မဟုတ်ပဲ..."

"တို့လဲ ရွှေလထဲမှာ စီမံ (၁) စာမေးပွဲဖြေရမယ်..."

ထွေးမြင့်က သူ့အကြောင်းကို သတင်းကောင်းပေး ချင်သည်။

"ဟုတ်လား.. ကောင်းတာပေါ့.. ကိုထွေးရမှာပါ.. ကိုထွေး က တော်တာပဲ..."

ထွေးမြင့် ခေါင်းရမ်းပြသည်။

"အဲဒီလောက်တော့ မလွယ်ဘူးထင်တယ်..."

"ဖြေရမယ့်လူက ငါးထောင်လောက်ရှိမယ်... လိုတာက လူငါးဆယ်လောက်ပဲလို့ သိရတယ်... ကိုယ့်ထက်တော်တဲ့ လူတွေကလဲ အများကြီးပါဦးမယ်... ရဖို့က သိပ်မသေချာ ဘူး..."

"ကိုထွေး ကြိုးစားပေါ့..."

"ကြိုးစားရမှာပေါ့... အခုလဲ ကျူရှင်တက်နေတယ်... ဒါကြောင့် အေးမွှန်ဆီလဲ မရောက်ဖြစ်တာ..."

"ကိုထွေးအောင်မှာပါ..အောင်ပါစေလို့အေးမွှန် ဆုတောင်း ပေးမှာပေါ့.."

ထွေးမြင့်ရင်ထဲမှာ ကျေနပ်စွာ ခံစားရသည်။

"ဟဲ့... မြေး ဆယ့်နှစ်နာရီ ထိုးတော့မယ်... မောင်ထွေးမြင့် ကို ကျွေးရင်းစားလိုက်ကြ... ဖွားဖွားက စားပြီးပြီ..."

"ဟုတ်တယ်... ကိုထွေး... ထမင်းစားကြမယ်..."

ကိုထွေး ညနေကျမှ ပြန်နော်..."

ထွေးမြင့် ခေါင်းငြိမ့်လိုက်ပါသည်။



## အခန်း (၂၆)

ရေပြင်ကျယ်နှင့် ကုန်းဂမူစိမ်းစိမ်းလေးများပေါ်မှာ ...ပ်ွနေသော သစ်ပင်ကြီးများနှင့် ကန်တော်ကြီးသည် အေးချမ်း ...လှပသာယာနေသည်။ ရေပြင်စပ်မှ ကန်ပတ်လမ်းကလေးက ...င်များရဲလျှက် လျှောက်လှမ်းချင်စရာ ညီညာပျံ့ပျူးနေသည်။ ...ယ်ညီ အဆင်းညီသော ချစ်သူအတွဲလေးတစ်တွဲ ပခုံးချင်း ...ည်တစ်ခါ ခွာချည်တလှည့်နှင့် ဖြည်းဖြည်းမှန်မှန်လေး ...ျှောက်လှမ်းနေသည်။ မနက်ခင်း၏ နေခြည်မျှင်တန်းလေးများ ... သစ်ပင်သစ်ရွက်များမှ ထိုးဖောက်၍ ချစ်သူနှစ်ယောက်ကို ...န်းဆုပေးနေကြသည်။

ထွေးမြင့်က အေးမွှန်၏ လက်ကလေးကို ဆုပ်ကိုင် ...လိုက်သည်။ ထွေးမြင့်၏မျက်နှာကို အေးမွှန်လှမ်းကြည့် ...ည်။ ထွေးမြင့်က ဘာစကားမျှမပြော၍ ထွေးမြင့်၏လက်ကို

အေးမွန် တင်းတင်းလေး ပြန်ဆုပ်ထားလိုက်သည်။ နှစ်ဦးသား ရင်ထဲမှာ လှုပ်ရှားမှုလေးများ ဖြစ်ပေါ်လျက် မနက်ခင်းဖြစ်၍ ဥယျာဉ်တွင်းမှာ လူရှင်းနေသည်။ ထိုင်ချင်စရာ ထိုင်ခုံပြာကလေး များကို တွေ့ပါ၏။ သို့သော် မထိုင်မိကြ။ အတူတွဲ၍ လျှောက် လှမ်းနေသည်က ဘဝလမ်းပေါ် ရောက်နေရသလို၊ သို့သော် မကြာခင်မှာပင် အဝေးကြီးကို ခွဲခွာကြရမည် ဆိုသောအသိတ လွမ်းမောစရာ။

ထွေးမြင့်မနေက အေးမွန်တို့အိမ်မှာ တစ်နေကုန်သွား သည်။ အေးမွန်နှင့်အတူ နေ၍ စကားတွေပြောရသည်က ကြည် နူးစရာ။ အေးမွန်ယူသွားရမည့် ပစ္စည်းများကို ကူညီပြင်ဆင် ပေးသည်။ လိုအပ်သည်တို့ကို အေးမွန်နှင့်အတူ အင်စိန်ဈေးသို့ သွား၍ ဝယ်ကြရသည်။ မနက်စာရော ညစာပါ အေးမွန်တို့ အိမ်မှာပင် အေးမွန်နှင့်အတူ စားရသည်။ ဖွားဖွားရှိနေ၍ အကြည့်ချင်းသာ လွမ်းစကားဆိုရသည်။ တစ်ခါတစ်ရံ တီးတိုး စကားဆိုခွင့်ရသော်လည်း ဈေးမြင့်ရင်ထဲမှာ အားမရ။ မခွဲခွာ ခင် ချစ်သူနှင့် လွတ်လတ်စွာ တွေ့ချင်သည်။ တွေ့ခွင့်ရဖို့ အေးမွန် နှင့် ညှိနှိုင်းရသည်။ နေ့ခင်းပိုင်းနှင့် ညနေပိုင်းမှာ အေးမွန် လုပ်စရာ များမည်မို့ မနက်စောစော ကန်တော်ကြီးမှာ ဆုံကြ ခြင်း ဖြစ်သည်။ ကန်ရေပြင်ပေါ်မှာ ဖြတ်လာသည့် လေအေး လေးက ပြေးပြေးလွှားလွှားနှင့် ချစ်သူနှစ်ဦးကို ထွေးပွေ့သွား၏။

"ထိုင်တော့မလား အေးမွန်..."

ထွေးမြင့်အသံက ညင်ညင်သာသာလေး။





အေးမွန်ခေါင်းညိတ်ပြသည်။ ကန်ရေစပ်မှ ဖျဉ်းမပင် အုတ်လေးအောက်ရှိ ခုံတန်းလေးမှာ ထိုင်ကြသည်။ အရှေ့ဘက် မှာ ကရဝိတ်ကို မြင်ရသည်။ အနောက်ဘက်မှာ ရွှေတိဂုံစေတီ တော်ကြီးကို ဖူးမျှော်နိုင်သည်။ ထိုင်မိသည်အထိ ဆုပ်ထားသော လက်များကို မဖြုတ်မိကြ။ လက်တွဲပြုတ်သွားမှာကို ကြောက်နေ ကြသည်။ ကန်ထဲမှ လှိုင်းအိလေးများသည် နေခြည်မှာ ရွှေရည် လိမ်းနေ၏။

"တောင်ကြီး အပြီးပြောင်းသွားတဲ့အခါ ကိုထွေးစာရေး မှာလား..."

"ရေးမှာပေါ့... အေးမွန် စာပြန်မှာလား..."

"ပြန်မှာပေါ့..."

"အလုပ်တွေများလို့ ဆိုပြီးတော့..."

"ဘယ်လောက်များများ..."

"သေချာတယ်နော်..."

အေးမွန် ခေါင်းညိတ်သည်လေးက ချစ်စရာ

"စီမံတစ်ရလို့ ဒုဦးစီးဖြစ်ရင် တောင်ကြီးကို ပြောင်းခဲ့ရ မလား..."

"သိပ်ကောင်းတာပေါ့... ပြောင်းခဲ့..."

အေးမွန်မျက်နှာမှာ အပြုံးအပျော်လေး ဖြစ်သွား သည်။ ထွေးမြင့်မျက်နှာကတော့ တွေးတွေးငေးငေး...

"ဒါဆိုရင် သိပ်ပျော်စရာကောင်းမှာ..."

"စိတ်ကူးယဉ်ကြည့်တာပေါ့ အေးမွန်ရာ... တကယ်ကျတော့

စိမ်(၁)က ရှိုးမှ... ရမြန်တော့လဲ အစိုးရဝန်ထမ်းဆိုတာ ကိုယ်သွားချင်တိုင်း သွားလို့ရဖို့ဆိုတာ မလွယ်ပါဘူး... ပို့တဲ့နေရာ သွားရတာပါ..."

စိတ်ကူးယဉ်တာလေး ပျက်သွား၍ အေးမွန်ပါ တွေး တွေးငေးငေးလေး ဖြစ်သွားသည်။

"အဆင်ပြေချင်ရင်တော့လည်း မျှော်လင့်တာတွေ အတိုင်း ဖြစ်ချင်ဖြစ်လာမှာပေါ့... ဖြစ်ရင် တောင်ကြီးမှာ ဆုံကြမယ်... အဲဒါဆိုရင် လက်ထပ်ကြမယ်နော်..."

ပထမဆုံး လက်ထပ်စကားပြောခြင်းဖြစ်၍ ထွေးမြင့် ကို အေးမွန်လှည့်ကြည့်လိုက်သည်။ ထွေးမြင့်ကို အေးမွန် ယုံ ပါသည်။ သို့သော ဘာကိုမယုံနိုင်မှန်းမသိ။

"ငါတို့နှစ်ယောက် လက်ထပ်ဖြစ်ပါ့မလား..."

ဟု အေးမွန်ရင်ထဲမှာ သံသယဖြစ်မိသည်။

"ပြောလေ... အေးမွန်... လက်ထပ်မှာလား..."

အေးမွန် ပြုံးလိုက်သည်။

"ဟုတ်တယ် ကိုထွေးကိုလက်ထပ်ဖို့ မရှုယ်ရည်ဘဲ ကြော ရရုံ အပျော်ချစ်တာ..."

အေးမွန်အရွဲ့တိုက်ပြော၍ ထွေးမြင့်ပြုံးပြီး အေးမွန် ၏ ဆံပင်တိုလေးများကို လက်ဖြင့်ဖွပစ်လိုက်သည်။ အေးမွန်က ညှုစူခြင်းမရှိ။

"ဘယ်တော့လောက်များ လက်ထပ်နိုင်မလဲနော်..."

ထွေးမြင့်က အသံထွက်ပြီး မှန်းမျှော်ကြည့်သည်။





"ကိုထွေး တောင်ကြီးရောက်ရင်ပေါ့..."

အေးမွန်က ရယ်စရာပြောခြင်း ဖြစ်သည်။

"တကယ်လို့ စိမ်တစ်မရဘူး... တောင်ကြီးကို မရောက်ဘူး ဆိုရင်ရော..."

အေးမွန် ဘာပြောရမှန်း မသိတော့ပါ။

"အေးမွန်က တောင်ကြီးဆိုင်မှာပဲ အမြဲနေရတော့မှာ လား..."

"အင်း... ဟုတ်သားပဲ...။ အေးမွန်လဲ ရန်ကုန်ဆိုင်ကို ပြန် ပြောင်းလာလို့ ရတာပေါ့..."

"ဒါဆိုရင်ရော... လက်ထပ်မှာလား..."

အေးမွန်က ချစ်စဖွယ် ခေါင်းလေးညိတ်ပြသည်။ အေးမွန်၏ ပခုံးလေးကို ထွေးမြင့်လက်တစ်ဖက်ဖြင့်သိုင်းဖက်၍ ဆွဲယူလိုက်သည်။ အေးမွန်၏ ကိုယ်လေး ထွေးမြင့်ဘက်သို့ ရောက်လာသည်။ အေးမွန်က ထွေးမြင့်ရင်မှာ ပါးတစ်ဖက်ကပ်၍ မှီထားလိုက်သည်။

နွှီ... နွှီ... နွှီ... နွှီ...

ကညင်ပင်အမြင့်ပေါ်မှ ငှက်ကလေးက လေချွန်၍ အားပေးနေ၏။ ရင်ခွင်ထဲမှ အေးမွန်၏မျက်နှာလေးကို ထွေးမြင့် အမြတ်တနိုး ငုံ့ကြည့်လိုက်၏။ ဆံပင်တိုလေးနှင့် အေးမွန်၏ မျက်နှာမှာ ကလေးတစ်ယောက်နှယ် နုနယ်လျက်... မိတ်ကပ် ညက်ညက်လေးလိမ်းထားသော ပါးပြင်မို့မို့က ပန်းနုသွေးကြွ နေသည်။

ချစ်သူဖြစ်ခဲ့သည်မှာ တစ်နှစ်ခွဲခန့်ကြာခဲ့ပြီ။ ယခင်က လက်ကလေးကိုသာ ဆုပ်ကိုင်ဘူးသေး၏။ ယနေ့ နေသည်မှာ အရင်းနှီးဆုံးဖြစ်သည်။ မနက်ဖြန်ခွဲခွာကြရမည်။ ဘယ်လောက်ကြာမှ ပြန်တွေ့မှာမှန်းမသိ။ ထွေးမြင့် စိတ်ကိုမထိန်းချုပ်နိုင်တော့ပါ။

"အို... ကိုထွေး..."

အေးမွှန် ရှက်ရွံ့စွာနှင့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"ဟင်... တော်ပါသေးရဲ့... ဘယ်သူမှ မရှိလို့..."

အေးမွှန်က သူ့ပါးလေးကို လက်ဖြင့် အသာအယာ စမ်းနေမိသည်။ ထွေးမြင့်က အေးမွှန်ပခုံးကို တင်းတင်းလေး ဖက်ထားဆဲ။

"အေးမွှန်..."

"ကိုထွေး..."

တိုးညှင်းသော ခေါ်သံထူးသံလေးများ...

"သိပ်ချစ်တာပဲ အေးမွှန်ရယ်..."

အေးမွှန်က ခေါင်းကလေးကို ထွေးမြင့်ပခုံးမှာ မှီထားလိုက်သည်။ ထွေးမြင့် သက်ပြင်းတစ်ချက်ရှိုက်ရင်း အေးမွှန်၏ ခေါင်းလေးကို ပွတ်သပ်ပေးနေသည်။ အေးမွှန်က ထွေးမြင့်၏ ကျန်သော လက်တစ်ဖက်မှ လက်ဖမိုးကို သူ၏ဖြူနုသော လက်ကလေးများနှင့် ပွတ်သပ်ပေးနေသည်။

"အေးမွှန်..."





ထွေးမြင့်၏ မျက်နှာဆီသို့ အေးမွှန်ခဏကြည့်လေးတစ်ချက် ဝေ့လိုက်သည်။ ထွေးမြင့်ကြည့်နေသည်နှင့် မျက်လုံးချင်းဆုံမိကြ၏။

"ချစ်လား..."

လေသံ သာသာ။ အေးမွှန် ခေါင်းညိတ်ပြသည်။

"ပါးစပ်က ပြော..."

"ချစ်လို့ ဒီလိုနေတာပေါ့..."

"အဲဒီလို မပြောနဲ့လေ... မေးတာကို ဖြေမှပေါ့..."

"ပြန်မေး..."

"ချစ်လား..."

"ချစ်... တယ်..."

လေသံတိုးတိုးလေးနှင့် တစ်လုံးချင်း ထွက်လာသောအဖြေ။ အေးမွှန်၏ကိုယ်လေးကို ထွေးမြင့် ပွေ့ဖက်ထားလိုက်သည်။

"အို... ကိုထွေး... မလုပ်နဲ့လေ..."

အေးမွှန်က တစ်ယောက်ယောက်မြင်မှာ စိုးသည်။ ထွေးမြင့် ပတ်ဝန်းကျင်ကို ကြည့်ပြီးသား ဘယ်သူမျှမရှိ... ဘယ်သူမှမမြင်။

"အမြန်ဆုံး လက်ထပ်ချင်တယ် အေးမွှန်ရယ်..."

"လက်ထပ်ရမှာပေါ့..."

အေးမွှန်က အားပေးစကားပြောသည်။

"စီမံတစ်ရအောင် ကြိုးစားဖြေမယ်..."

"စီမံတစ် မဖြစ်လဲ... ချစ်ပါတယ်..."

မြူးပန်းတစ်ရာစာပေ

ထွေးမြင့် စိတ်ကိုမထိန်းနိုင်ဖြစ်လိုက်ရပြန်၏။

"အို… ကိုထွေး…"

"အေးမွန်က တစ်လကို လခငါးထောင်တောင်ရမယ်ဆို တော့ ကိုထွေးထက်အများကြီးပိုနေတာပေါ့.."

"ပိုတော့ ဘာဖြစ်လဲ…"

"ကိုထွေးကို အထင်သေးပြီး မမှသွားမှာစိုးလို့…"

"စိတ်ချ.. ကိုထွေးကို ဘယ်တော့မှ မမေ့ဘူး.."

"တကယ်နော်…"

အေးမွန် ခေါင်းညိတ်သည်။

"ဟော့… ကိုထွေး မလုပ်နဲ့တော့နော်… ဟိုမှာ ကောင်လေး သုံးယောက် လာနေတယ်…"

ထွေးမြင့် စိတ်ကိုထိန်းချုပ်လိုက်သည်။ အေးမွန်က လူချင်းခွာ၍ ထိုင်လိုက်သည်။ ကောင်လေးသုံးယောက် လွန်သွား တော့ နောက်ထပ် အတွဲတစ်တွဲ လာနေပြန်သည်။ ပြီးတော့ သံယာနှစ်ပါးနှင့် ဘုရားဖူးရင်း ကန်တော်ကြီး ဝင်ကြည့်ဟန်တူ သော လူတစ်သိုက်၊ ပန်းခြံထဲမှာ တဖြည်းဖြည်း လူများလာသည်။

"ဒီကပြန်ရင်… ဒေါ်လှပိုဆိုင်မှာ သီးစုံချဥ်ရည်ဟင်းနဲ့ ထမင်း စားပြီးမှ ပြန်ရမယ်နော်…"

အေးမွန် ခေါင်းညိတ်ပြသည်က ချစ်စရာ။ သို့သော် ဘေးနားမှာ စီးကရက်ရောင်းသော ကောင်လေးဖြတ်သွား၍ ထွေးမြင့်သက်ပြင်း တစ်ချက်သာ ချလိုက်နိုင်ပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



# အပိုင်း (၂)

## အခန်း (၂၇)

"တီ... တီ..."

အိမ်ရှေ့မှ ကားဟွန်းသံကြားရသည်။

"ဟော... ကားလာပြီ မြေးရေ.."

"ဟုတ်ကဲ့... အဆင်သင့်ဖြစ်ပါပြီ ဖွားဖွား..."

အေးမွန်အိမ်ရှေ့ခန်းသို့ ထွက်လာသည်။ ပစ္စည်းများ ...းလုံးလည်း အိမ်ရှေ့မှာ အသင့်ပြင်ဆင်ထားပြီး ဖြစ်နေပြီ။

"ဖွားဖွားကို ကန်တော့မယ်နော်..."

ဒေါ်အေးချစ်ထိုင်နေသည့်ရှေ့မှာ အေးမွန်ဒူးတုပ် ...ပြီး ရှိသေစွာကန်တော့သည်။ ဒေါ်အေးချစ်၏ မျက်လုံးများ ... မျက်ရည်ကြည်လေးများ ဝေသီနေသည်။

"ဖွားဖွား... အချိန်မှန်မှန်စား.. အချိန်မှန်မှန်အိပ်နော်..."

ဒေါ်အေးချစ် ခေါင်းညိတ်ပြသည်။

"စိတ်ချပါ... မြေးရယ်..."

"နေမကောင်းရင် ကြီးကြီးစိုးကိုပြောနော်..."

"အေးပါ..."

"ည အကူအညီလိုရင် နုနုကို လှမ်းနိုးနော်.. သူတို့အားလုံးကို မြေးမှာခဲ့ပြီးသား..."

"စိတ်ချသွားပါ... မြေးရယ်... ကဲ... သွားသွား..."

ထွက်ကျလာတော့မည်ဖြစ်သော မျက်ရည်စက်များကို မြေးလေး မမြင်စေချင်။ အေးမွန် အိတ်နှစ်လုံးကိုဆွဲပြီး အိမ်ထဲမှ ထွက်ခဲ့သည်။

❀ ✣ ❀ ✣ ❀ ✣ ❀





နီညိုရောင် ပါဂျဲရိုး ကားကြီးက အဝေးပြေးလမ်းကျယ်ကြီးပေါ်မှာ လျှင်မြန်စွာ ပြေးနေ၏။ ကားနောက်ပိုင်းမှာ အေးမွန်တစ်ယောက်တည်း။ ကားရှေ့ပိုင်းမှာ လင်းဇော်ဦးနှင့် ကားမောင်းသူ။ ပဲခူးမရောက်မီပင် အရှေ့ကောင်းကင်တွင် အရုဏ်ဦး၏ ရောင်ခြည်များကို မြင်နေရပြီ။ ပဲခူးရောက်တော့လင်းနေပြီ။ စားသောက်ဆိုင်တစ်ခုရှေ့မှာ မော်တော်ကား ရပ်သည်။

"ကဲ ချာတိတ်... ဆင်း.. တစ်ခုခု စားကြဦးစို့.. "

လင်းဇော်ဦးနောက်သို့ လှမ်းပြောရင်း ရှေ့ခန်းမှ ဆင်းနေသည်။ အေးမွန် နောက်ဖက်တံခါးကို ဖွင့်၍ ဆင်းလိုက်၏။ ယာဉ်မောင်းသူက ဆင်းမလာသေး။ ကားကို လွတ်သည့်နေရာသို့ ရွှေ့ပြီး ရပ်နေသည်။

အေးမွန်နှင့်လင်းဇော်ဦးတို့ စားသောက်ဆိုင်ကြီး အတွင်းသို့ ဝင်ခဲ့ကြသည်။ လင်းဇော်ဦးက အပြာနုရောင် ဘောင်းဘီရှည် ပျော့ပျော့ပွပွနှင့် အဝါနုရောင် အစင်းလေးများပါသော ရှပ်လက်တိုဝတ်ဆင်ထားသည်။ အသားကဖြူ၍ ငယ်နုသော အသွင်ဆောင်နေသည်။

"လာပါခင်ဗျာ... အစ်ကိုနဲ့အစ်မ ဒီစားပွဲမှာထိုင်ပါ.. "

စားပွဲထိုးလေးက ဆီးကြိုနေရာပေးနေသည်။ အေးမွန်က လင်းဇော်ဦးနှင့် တစ်ခုံခြားမှာ ထိုင်လိုက်သည်။

"ကဲ... ချာတိတ်.... ဘာစားမလဲ... "

အေးမွန် မပြောတတ်။

"ဆရာကြိုက်တာပဲမှာပါ ဆရာ... "

ပေါင်မုန့်မီးကင်လေးချပ်၊ ကြက်ဥဟပ်ဖရိုက်နှစ်လုံးနှင့် ကော်ဖီမစ်နှစ်ခွက် လင်းဇော်ဦးမှာလိုက်သည်။ မော်တော်ကားမောင်းသူ ဆိုင်ထဲသို့ ဝင်လာသည်။ သို့သော် အေးမွန်တို့စားပွဲမှာလာမထိုင်။ မော်တော်ကားကို မြင်နိုင်သည့် ဆိုင်အဝင်ပေါက်နားမှ စားပွဲမှာပင်ထိုင်၍ သူစားချင်သည်တို့ကို သူ့ဘာသာမှာစားသည်။

လင်းဇော်ဦးက ကြက်ဥ ဟပ်ဖရိုက်ကို ပေါင်မုန့်မီးကင်နှစ်ချပ်မှာ ညှပ်၍ လက်နှစ်ဖက်နှင့်ယူပြီး သေသပ်လှပစွာစားနေသည်။ ပေါင်မုန့်ကုန်သွားသောအခါ ကြက်ဥလည်းကုန်သွားသည်။

ဗိုလ်ဆန်ဆန်နေတတ်သော ဆရာသည် ဗိုလ်စာကိုလည်း ကောင်းစွာစားတတ်သည် ဟု အေးမွန်သဘောကျနေသည်။ အေးမွန်ကတော့ ဘယ်လိုစားရမှန်းမသိ မသိသေး၍ ကောဖီမစ်တစ်ကျိုက်ကို အရင်သောက်လိုက်သည်။ ကြက်ဥဟပ်ဖရိုက်ကို ပေါင်မုန့်နှစ်ခုကြားမှာ ညှပ်လိုက်သည်နှင့် အဝါနှစ်များပေါက်သွားသည်။

မတတ်နိုင် ထိုအဝါနှစ်များကိုပင် မီးကင်ထားသောပေါင်မုန့်နှင့်တို့စားလိုက်ရသည်။ ဆရာ့ကို လှမ်းကြည့်လိုက်သည်။ လင်းဇော်ဦးက အေးမွန်ကိုမကြည့်ဘဲ ကော်ဖီမစ်ကို အရသာခံပြီး သောက်နေသည်။

စားသောက်ပြီးကြသောအခါ လင်းဇော်ဦး၏ ပေါင်မုန့်နှင့်ကြက်ဥပန်းကန်မှာ သန့်ရှင်းနေ၏။ အေးမွန်၏ပေါင်မုန့်ပန်းကန်ထဲမှာ ကြက်ဥအဝါနှစ်များနှင့် ပေကျံနေသည်။

"ဘာစားဦးမလဲ ချာတိတ်... "

အေးမွန်ကို လင်းဇော်ဦး ကြည့်နေသည်။

"တော်ပါပြီဆရာ... "

"ဒါဆိုရင် ခရီးဆက်ကြရအောင်... "

အေးမွန်နှင့် လင်းဇော်ဦးတို့ နှစ်ယောက်အတူ ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ လမ်းမှာစကားမပြောဖြစ်ကြပါ။ ကားကက်ဆက်မှ အင်္ဂလိပ်သီချင်း နားထောင်ရင်း အေးမွန် တိတ်ဆိတ်စွာလိုက်ပါလာရသည်။

"ချာတိတ်... မင်းအိပ်ချင်ရင်အိပ်နေဉ်... နောက်ခုံမှာ အိပ်လို့ရတယ်... ခေါင်းအုံးလည်းပါတယ်... "

လင်းဇော်ဦးက နောက်ဘက်သို့ လှည့်ပြောသည်။

"မအိပ်ချင်ပါဘူးဆရာ... "

အေးမွန်မှာ ခရီးထွက်ခွင့် ရသူမဟုတ်၍ ပတ်ဝန်းကျင်မှ မြင်ကွင်းအသစ်များကိုကြည့်ပြီး သဘောကျနေသည်။ ဤခရီးမျိုးကို ဤကဲ့သို့သော ကားကြီးနှင့် ယခုလို သွားရလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့မိ။ ကားကူရှင်များမှာ ရှမ္ဘိုင်းအမျိုးအစားများဖြစ်၍ နူညက်သည်။ ထိုင်ရသည်မှာလည်း အိအိစက်စက်ရှိသည်။

လူသုံးယောက် ထိုင်နိုင်သည့်ခုံမှာ တစ်ယောက်ထဲထိုင်ရသည်မို့ လွတ်လပ်စွာ လှုပ်ရှားနိုင်သည်။ လေအေးစက်ဖွင့်ထား၍လည်း ကားထဲမှာ အေးအေးစိမ့်စိမ့်ကလေး နေ၍ကောင်းသည်။ အနံ့လေးကလည်း သင်းသင်းမွှေးနေသေးသည်။ မြို့များ

ကို ဖြတ်သွားရတိုင်း ဆိုင်းဘုတ်များကို ဖတ်ပြီး မြို့နာမည်များကို မှတ်ရသည်။ ဒိုက်ဦးရောက်ပြီ၊ ညောင်လေးပင်ကိုရောက်နေပြီ၊ ဖြူးမြို့ကိုကျော်ခဲ့ပြီ။

"ဆရာ့ကျေးဇူးနဲ့ ဒီလိုသွားရတာ... "

ဟု တွေးမိ၍ ရှေ့ဘက်မှာရှိနေသော လင်းဇော်ဦးကို ကျေးဇူးတင်မိသည်။ တောင်ငူရောက်တော့ မင်းကြီးညို စားသောက်ဆိုင်မှာ မနက်စာ စားရန် ကားရပ်သည်။ ကားထဲမှ ထွက်လိုက်သည်နှင့် အပြင်လေ ပူပူနွေးနွေးနှင့် ထိတွေ့ရသည်။

နေ့လည် ဆယ့်နှစ်နာရီကျော်ပြီမို့ နေမင်းကပူပြင်းနေပြီ။ သို့သော် စားသောက်ဆိုင်မှာ သီးသန့်အအေးခန်းရှိ၍ တော်သေးသည်။

လင်းဇော်ဦးက လေအေးစက်ရှိသောအခန်းကို ယူလိုက်သည်။ ထုံးစံအတိုင်းပင် ကားမောင်းသူက စားသောက်ဆိုင်အတွင်းသို့ လိုက်မလာ။ ခေါက်ဆွဲကြော်တစ်ပွဲနှင့် ရေသန့်တစ်ဗူးယူပြီး သူ့ကားပေါ်မှာ သွားစားသည်။ ကားပေါ်တွင် ပစ္စည်းအများကြီးပါ၍ ကားနှင့်ခွာ၍ မနေခြင်းဖြစ်သည်။

တံခါးပိတ်ထားသည့် သီးသန့်အခန်းထဲမှာ အေးမွန်နှင့် လင်းဇော်ဦး နှစ်ယောက်တည်းဖြစ်သည်။ လင်းဇော်ဦးနှင့် နှစ်ခုံခြား၍ အေးမွန်ထိုင်နေသည်။ အခန်းက ခြောက်ယောက်တစ်ဝိုင်းစာ အခန်းမို့ ကျယ်ပါသည်။ သို့သော် အေးမွန်စိတ်ထဲမှာ ကျဉ်းကျပ်သလို ခံစားရသည်။

"ဟင်း... ခုလိုနေတာမျိုး ကိုထွေးသာမြင်ရင်... "





ချစ်သူကို သတိရ၍ သဝန်တိုမှာ စဉ်းစားလိုက်မိသေးသည်။

"ဘယ်တတ်နိုင်မလဲလေ... ဒါက အလုပ်လုပ်တာပဲ... မိန်းကလေး ပီအေဆိုရင်... သူတို့ဆရာနဲ့ ဒီလိုပဲ တစ်တွဲတွဲ နေကြရတာပဲ... "

အေးမွန် ကိုယ့်ဘာသာ ဖြေသိမ့်၍ တွေးလိုက်သည်။ လင်းဇော်ဦးကတော့ ဘာမှထူးခြားခြင်းမရှိ။ စားပွဲပေါ်မှာ အသင့်ရှိနေသော ဟင်းစာအုပ်စာရင်းကိုကြည့်ပြီး မှာလိုသော ဟင်းများကို စာရွက်ကလေးတစ်ရွက်ပေါ်မှာ ချရေးနေသည်။

ဟော်တယ်မှ စားပွဲထိုးတစ်ယောက် ဝင်လာသည်။ လင်းဇော်ဦးက အသင့်ရေးထားသော ဟင်းစာရင်းစာရွက်ကို ထိုးပေးလိုက်သည်။

"အရင်ဆုံး... သူ့ဖို့... ဆန်းကစ် အချိုရည်တစ်ဗူးယူခဲ့... ကိုယ့်ဖို့တော့ တိုက်ဂါးဘီယာတစ်လုံးပေး... "

စားပွဲထိုး ပြန်ထွက်သွားသည်။

"ချာတိတ် ဆာနေပြီလား... "

"ဆာနေပြီဆရာ... "

အေးမွန် အမှန်အတိုင်းဖြေလိုက်၍ လင်းဇော်ဦး သဘောကျပြီးပြုံးသည်။

"ဆာမှာပေ့ါ... ဆယ့်နှစ်နာရီခွဲနေပြီ... "

စားပွဲထိုးက တိုက်ဂါးဘီယာ တစ်လုံးနှင့် အချိုရည်ဗူး ယူလာသည်။ အေးစက်နေသော ဘီယာပုလင်းကို ဖေါက်တံနှင့်

ဖေါက်သည်။ လင်းဇော်ဦးရှေ့ ချပေးသည်။ လင်းဇော်ဦးစားပွဲပေါ်မှာ အသင့်ရှိနေသော ဘီယာဖန်ခွက်အတွင်းသို့ ဘီယာထည့်လိုက်သည်။ ဘီယာခွက် အပေါ်ပိုင်းမှ ဖြူဖွေးသော အမြှုပ်များကို အေးမွန်လှမ်းကြည့်နေသည်။

"ဖေါက်လိုက်မယ်နော်... "

စားပွဲထိုးက အေးမွန်အတွက် ဆန်းကစ်ဘူးကို ဖေါက်ပေးရန် ဘူးထိပ်မှ ကွင်းလေးကို ကိုင်ထားသည်။ အေးမွန် ခေါင်းညိတ်ပြသည်။

"မမလေး... ဒီဘက်ကို ပြောင်းထိုင်ပါလား... ဟင်းပွဲချရင် နှစ်ယောက် ဝေးနေမှာစိုးလို့... "

စားပွဲထိုးက တောင်းပန်သော လေသံနှင့်ပြောသည်။

"ရပါတယ်... "

အေးမွန် ခေါင်းညိတ်ပြသည်။ သို့သော် နေရာမှ မထသေး။

"အား... ကောင်းလိုက်တာ... အေးသွားတာပဲ... "

ဘီယာတစ်ကျိုက်သောက်ပြီး လင်းဇော်ဦး ကျေနပ်သွားသည်။ ဖန်ခွက်ထဲမှ စက္ကူလက်သုပ်ပုဝါ နုနုလေးကိုယူ၍ နှုတ်ခမ်းမှာ ကပ်ကျန်ခဲ့သော ဘီယာအမြှုပ်များကို သုပ်ပစ်လိုက်သည်။ စားပွဲထိုး အခန်းထဲမှ ပြန်ထွက်သွားသည်။ အေးမွန်လည်း အချိုရည် တစ်ကျိုက်သောက်လိုက်သည်။ ရင်ထဲမှာ ချိုသွားသည်။ ကားစီးလာစဉ် တစ်ခါမှ ရေမသောက်ခဲ့သောကြောင့် ရေငတ်သည်လည်း ပြေသွားသည်။





"ချာတိတ်က... တီသုံးလုံးကုမ္ပဏီက ပေးတဲ့ ... ဂျင်းဘောင်းဘီအပြာနုလေး ဝတ်လာခဲ့ဖို့ကောင်းတာ... "

"ရှင်... "

"ချာတိတ်က ဘောင်းဘီနဲ့ဆို သိပ်ကြည့်ကောင်းတာ"

အေးမွန်ရင်ထဲမှာ ကျေနပ်စိတ်ဖြစ်မိပါသည်။ သူဝတ်ထားသည့် အဝါခံပေါ်မှာ အစိမ်းပွင့်သေးသေးလေးများပါသော လုံချည်ဆီသို့ အကြည့်တစ်ချက်ရောက်သွားသည်။ ဤလုံချည်မှာ ကိုထွေးကအေးမွန်နှင့် သိပ်လိုက်သည်ဟု ပြောခဲ့ဘူးသော လုံချည်ဖြစ်သည်။ အင်္ကျီကအဝါခံမှာ အနက်များပါသော စပို့ရှပ်ထူထူလေးဖြစ်သည်။

"ဒီဝတ်စုံကို ဆရာမကြိုက်လို့လား.. " ဟူသော အတွေးနှင့် လင်းဇော်ဦးကို အေးမွန်လှမ်းကြည့်လိုက်သည်။

"ခရီးသွားရင်းမို့... လုံချည်ဝတ်လာခဲ့တာ... ဆရာ... "

အေးမွန် ဖြေရှင်းချက်ပေးသည်။

"ခရီးသွားတာမို့ ဘောင်းဘီဝတ်ဖို့ ကောင်းတာပေါ့... "

အေးမွန်ပြုံးလိုက်သည်။ လင်းဇော်ဦးက ပုလင်းထဲမှ ဘီယာကို ခွက်ထဲထပ်ထည့်ပြီး တစိမ့်စိမ့်စုတ်ယူ၍ သောက်ရင်း အေးမွန်ကိုလှမ်းကြည့်လိုက်သည်။ အေးမွန်နောက်ထပ် အချိုရည် တစ်ကျိုက်ထပ်သောက်သည်။ စားပွဲထိုးနှစ်ယောက် မှာထားသည့် စားစရာပန်းကန်များကိုင်ပြီး ဝင်လာသည်။

"အဲဒီ... သူ့ရှေ့မှာပဲ ချပေးလိုက်ကြ... ကိုယ်အဲဒီရွှေ့ခဲ့မယ်... "

"ဒိုး... မဟုတ်ပါဘူးဆရာ... အေးမွန်ရွှေ့ခဲ့မှာပေါ့..."

သို့သော် လင်းဇော်ဦးက လက်ကာပြပြီး နေရာရွှေ့လာ၍ စားပွဲထိုးနှစ်ယောက်မှာ ဟင်းပန်းကန်များကိုင်ပြီး ရပ်နေကြဆဲဖြစ်သည်။ အေးမွန်၏ဘေးမှ ကုလားထိုင်မှာ လင်းဇော်ဦး ထိုင်ပြီးသည်နှင့် ဟင်းများကို သူတို့နှစ်ယောက် ရှေ့မှာချပေးကြသည်။ လင်းဇော်ဦးနေရာရွှေ့လာသည်ကို အေးမွန်အားနာနေသည်။

"ငါစောစောက... စားပွဲထိုးပြောတာမရွှေ့ဘဲနေလို့ ဆရာရွှေ့လာရတာ..."

ကိုယ့်ဘာသာ အပြစ်တင်နေမိသည်။ စားပွဲထိုးနှစ်ဦးက နောက်ထပ်ဟင်းပန်းကန်များ လာချပေးနေကြပြန်သည်။ နှစ်ယောက်စားမည်ကို မှာထားသည့်ဟင်းတွေကများနေသည်။

"အများကြီးပဲဆရာ... ဘယ်ကုန်ပါ့မလဲ..."

လင်းဇော်ဦးပြုံးသည်။

"ကုန်အောင်စားရမယ်လို့ ဘယ်သူကပြောလို့လဲ... ဒီဟင်းတွေထဲက ... ကိုယ်ကြိုက်တာကို ကြိုက်သလောက်... စားပေါ့..."

ကျန်ခဲ့မည့် ဟင်းများအတွက် အေးမွန် နှမြောနေသည်။ စားပွဲထိုးက ထမင်းပန်းကန်များတွင် ထမင်းထည့်ပေးသည်။

"ကဲ... စား... ချာတိတ်... ရှက်မနေနဲ့... အားနာစရာလဲ မရှိဘူး..."





လင်းဇော်ဦးက အေးမွန်ပန်းကန်ထဲသို့ ဟင်းများထည့်ပေးသည်။ ကြက်ပြောင်းဖူး၊ ပုဇွန်ချိုချဉ်၊ ငါးချဉ်စပ်၊ မှိုကြော်။

အေးမွန်၏ ပန်းကန်ထဲမှာ ထမင်းပင် မမြင်ရအောင် ဟင်းများဖုံးနေသည်။

"ဆရာစားပါ... အေးမွန် ထည့်စားပါ့မယ်..."

"ချာတိတ်က ရှက်ပြီး မစားမှာစိုးလို့..."

ဆရာ၏ ဂရုတစိုက်ရှိသည်ကို အေးမွန် ရင်ထဲမှာ သဘောကျနေပါသည်။ ငါးခေါင်းဟင်းချိုကို ပန်းကန်ငယ်ထဲသို့ ခပ်ထည့်ပေးနေပြန်သည်။ ငါးအသားဖတ်များ၊ ငုံးဥများနှင့် ပန်းကန် အပြည့် ဖြစ်နေသည်။ ငါးခေါင်းဟင်းချိုသောက်ရင်း ဒေါ်လှပိုဆိုင်မှာ ကိုထွေးနှင့်နှစ်ယောက်အတူ သောက်ခဲ့ရသော ချဉ်ရည်ဟင်း တစ်ဆယ်ဖိုးကို သတိရမိသည်။

လင်းဇော်ဦး တစ်ပန်းကန်ခပ်ယူပြီးသည်ပင် အလယ်မှပန်းကန်ထဲမှာ အများကြီး ကျန်နေသေးသည်။ မိမိ၏ ပြောင်းလဲသွားသော ဘဝအခြေအနေကို သတိထားမိခြင်းနှင့် ငွေကြေးချမ်းသာခြင်း၏ ခံစားနိုင်ပုံကိုလည်း နားလည်မိသည်။

"စားလို့ ကောင်းရဲ့လားချာတိတ်..."

အေးမွန် ခေါင်းညိတ်သည်။

"သွားကြစို့..."

အခန်းတစ်ခုတည်းမှာ နှစ်ယောက်တည်း ရှိကြသော်လည်း ဆရာ့ဆက်ဆံပုံမှာ ဘာမှထူးခြားမှု မရှိ။ အကြည့်တစ်ချက်မျှပင် မရိုးသားခြင်း မရှိဟု စဉ်းစားမိ၍ ဆရာ့ကို လေးစားမိသည်။

ဆရာနှင့်နေရသည်ကိုလည်း စိတ်ချလက်ချ ရှိနေသည်။ နှစ်ဦးသား အခန်းထဲမှ ထွက်ခဲ့ကြသည်။ အပြင်လေကပူနွေးနေ၏။ လေအေးစက်ပါသော ကားဆီသို့ အေးမွန် မြန်မြန်လျှောက်နေမိပါသည်။

❀ ⁘ ❀ ⁘ ❀ ⁘ ❀



## အခန်း (၂၈)

အေးစက်နေသော ကားထဲမှာ ထိုင်၍လိုက်ပါရင်း အညာနွေနှင့် အညာရှုခင်းများကို အေးမွန်ကြည့်သည်။ မြို့များကို တွေ့ရသလို ရွာများကို မြင်ရသည်။ နေပူထဲမှာ လုပ်ကိုင်လှုပ်ရှားနေကြရသော လမ်းအလုပ်သမားများ၊ လယ်သမားများများကို သနားစိတ်မြင်ရသည်။

"ငါ... သိပ်ကံကောင်းတယ်... ဒီအသက်လောက်မှာ ဒီလောက်လခနဲ့... နေစရာအိမ်ပါရတာ..."

ဆင်းရဲရမည်ကို အေးမွန် ကြောက်စိတ်ဖြစ်မိသည်။ ယခင်ကဆိုလျှင် တစ်လနှင့်တစ်လ အလျှင်မမှီ၍ စိတ်ဆင်းရဲရသည်။ ခုတော့ တစ်လနှင့်တစ်လ အပိုငွေပင် စုနိုင်လာသည်။

ခုဆိုလျှင် ငါးထောင်အထိရမည်။ ဒိုဗာတိုင်ခနှင့် ဆုကြေးရှိဦးမည်။ လက်ဆောင်ရသော ပစ္စည်းများ ရှိဦးမည်။

"ဒါဆိုရင် တစ်လ… သုံးထောင်လောက်စုနိုင်ရင် တစ်နှစ် သုံးသောင်းခြောက်ထောင်… အခု ဆွဲကြိုးလေး သေးနေ တယ်… ဆွဲကြိုး ကြီးတာ တစ်ကုံးဝယ်ရမယ်… "

အေးမွန် စိတ်ကူးယဥ်နိုင်သော ဘဝရောက်နေပြီ။

"ဆရာက သိပ်သဘောကောင်းတာပဲ… ငါ့ကိုလဲ သိပ်ဂရု စိုက်တယ်… "

ရှေ့ဘက်မှာ ထိုင်နေသော ဆရာ့နောက်ကျောကို ကြည့်ပြီး ဆရာ့ကို ခင်မင်စိတ် လေးစားစိတ် ဖြစ်ရသည်။

"ဆရာ့အတွက်… ငါ အကောင်းဆုံး လုပ်ပေးရမယ်.. ဆရာ က ငါ့ကို ယုံလို့… အားကိုးလို့… ဒီလို အခွင့်အရေးတွေ ပေးတာ… "

ဆရာအပေါ်မှာ စေတနာစိတ်များ ဖြစ်နေမိသည်။ စိတ်ထဲမှာလည်း ဆရာ့ကို ပို၍ ရင်းနှီးသွားသည်။ လင်းဇော်ဦး ကတော့ သူ့ခုံကို နောက်ဖက်လှဲ မှီ၍ အိပ်နေသည်။

ကားက မှန်မှန်ပြေးနေသည်။ ကားထဲမှာ အေးအေး စိမ့်စိမ့်နှင့် နေ၍ကောင်းသည်။ ရှုခင်းများကိုလည်း ကြည့်ချင်သေး သည်။ ဆရာ့ကို လှမ်းကြည့်ပြီး အေးမွန်ပါ အိပ်ချင်လာသည်။ လင်းဇော်ဦး နေရာပြင်သည်ကို အေးမွန် တွေ့လိုက်ရသည်။

"ဆရာ… ဒီနောက်မှာ လာအိပ်ချင် အိပ်ပါလား… အေးမွန် ရှေ့လာခဲ့မယ်… "

အေးမွန်က ဆရာ ကောင်းကောင်း အိပ်ရစေချင် သည်။





"ရတယ် ချာတိတ်… ဒီအတိုင်းပဲအိပ်မယ်… ချာတိတ်လဲ အိပ်ချင်အိပ်လေ… "

"မအိပ်သေးပါဘူး ဆရာ… "

ကားမောင်းသူ အောင်ပိုင်မှာ စက်ရုပ်တစ်ရုပ်နှယ်။ ဘာမျှ အပြောအဆို မရှိ။ သူ့လမ်းကိုသာ ကြည့်ပြီး သူ့အလုပ်ကို ကျွမ်းကျင်စွာ လုပ်နေသည်။ မော်တော်ကားက လျင်မြန်သော် လည်း တည်ငြိမ် ကျနေ့ရစွာ ပြေးနေသည်။

လမ်းဘေးမှ ရှုခင်းများကိုကြည့်ရသည်မှာ ကြာတော့ အေးမွန် ငြီးငွေ့လာသည်။ အေးမွန် မျက်ခွံများ လေးလာပြီ။ ဆရာ အိပ်နေသည်ကလည်း အိပ်ချင်စိတ်ကို ဖြစ်စေသည်။ တစ်ရေးလောက် အိပ်ချင်သည်။ သို့သော် ဆရာ့ဘက်ကို ခြေ မဆင်းချင်။ ခေါင်းပြုလျှင်လည်း ဆရာနှင့် မျက်နှာချင်း နီးသွား မည်။

ဆရာ ခုံနောက်ဘက်သို့ ခြေထောက်များကို ချထား လိုက်သည်။ ကိုအပေါ်ပိုင်းကို ခုံပေါ်မှာပင် အလျားလိုက် လှည့် အိပ်ကြည့်သည်။ ရသည်။ ဆရာ ယူလာသော လေခေါင်းအုံးကို မျက်နှာသုပ် တဘက်တင်ပြီး ခေါင်းအုံးလိုက်သည်။ ခဏအတွင်း မှာပင် အိပ်ပျော်သွားသည်။

ကားရပ်လိုက်၍ အေးမွှန်နိုးသွားသည်။ ပျဉ်းမနားမြို့ကို ရောက်နေပြီ။ နှစ်ယောက်အတူ ကားပေါ်မှ ဆင်းကြသည်။ ဆိုင်ထဲမှ စားပွဲတစ်ခုမှာ ထိုင်လိုက်ကြသည်။ ထုံးစံအတိုင်းပင် ကားသမားက အေးမွှန်တို့ စားပွဲသို့မလာ။ အပြင်ဘက်ကျသော စားပွဲမှာပင် သူ့ဘာသာ တစ်ယောက်တည်း ထိုင်ပြီး ကြံရည် တစ်ခွက် မှာသောက်သည်။

"နက်စက်ဘလက် အအေးရမလား.."

"ခင်ဗျာ..."

လင်းဇော်ဦး ဆိုလိုသည်ကို ဆိုင်မှကောင်လေး နားမလည်။

"နက်စ်ဘလက်ကို ရေနွေးမထည့်နဲ့ ရေအေးနဲ့ဖျော်ခဲ့..ပြီးတော့ ရေခဲတုံးရှိရင် ထည့်ခဲ့..."

"ရမယ်ဆရာ.."

ကောင်လေးက နားလည်သွားပြီ။

"သံပုရာသီးခြမ်းရှိရင်လဲ ထည့်ခဲ့ကွာ.."

"ရှိတယ်... ရမယ်..."

အေးမွှန် ဘာမျှမပြောတော့ပဲ ဆရာမှာသည့်အတိုင်း သောက်ရန် ဆုံးဖြတ်ထားလိုက်သည်။ ခဏကြာတော့ ရေခဲတုံးပါသော အနက်ရောင်ဖန်ခွက် နှစ်ခွက် ရောက်လာသည်။ သံပုရာသီးခြမ်းလေးတစ်ခုစီ အောက်ခံပန်းကန်ထဲမှာ ပါလာသည်။

အေးမွှန် သံပုရာသီးခြမ်းကိုယူ၍ ကော်ဖီခွက်မှာ ညှစ်ထည့်လိုက်သည်။ လင်းဇော်ဦး မညှစ်ရသေး။ အေးမွှန်က သံပုရာ





ညည်ပေလက်စ ဖြစ်နေသည်။

"အေး ညှစ်ပေးရမလား ဆရာ.."

လင်းဇော်ဦး ခေါင်းညိတ်သည်။

အေးမွှန် ဆရာ့ပန်းကန်ထဲမှ သံပုရာသီးခြမ်းကိုယူ၍ ဆရာ ကော်ဖီခွက်ထဲ ညှစ်ထည့်ပေးသည်။ အသင့်ရှိနေသော ဇွန်းကလေးနှင့် မွှေပေးလိုက်သည်။

"မဲနီးသင့်ခ်စ် ချာတိတ်..."

လင်းဇော်ဦး မျက်နှာ ပြုံးနေသည်။

"ဆရာက ပြုံးလိုက်ရင် ပိုငယ်ပြီး ပိုနုသွားတယ်..."

အေးမွှန် စိတ်ထဲမှာတင် ပြောလိုက်ခြင်းဖြစ်သည်။

သူ့ကော်ဖီခွက်ကိုလည်း ဇွန်းငယ်နှင့် မွှေလိုက်ပြီး တစ်ကျိုက်သောက်ကြည့်သည်။ ကောင်းသည်။ ချဉ်ချဉ်ခါးခါးလေးနှင့် ရင်ထဲမှာ အေးသွားသည်။

အိပ်ရာထခါစမှာ လန်းဆန်းသွားစေသည်။ နောက်တစ်ကျိုက် ထပ်သောက်လိုက်သည်။ ယခင်က သောက်လေ့ မရှိသော်လည်း တစ်ခါတည်းနှင့် ကြိုက်သွားပြီ။ နောင်တွင် ကော်ဖီသောက်လျှင် ဘလက်ကော်ဖီပဲ သောက်တော့မည်။ ခရီးသွားနေ ဆိုလျှင် ဘလက်ကော်ဖီ အအေး ဖြစ်ရမည်ဟု မှတ်ထားလိုက်သည်။

"သံပုရာသီး ဒီ့ထက် နည်းနည်းများရင် ပိုကောင်းတယ်..."

လင်းဇော်ဦး ပြောသည်ကို သဘောတူကြောင်း အေးမွှန်ခေါင်းညိတ်ပြသည်။ ကော်ဖီအေးကြောင့် ရင်ထဲမှာ အေး

သွားသော်လည်း ပတ်ဝန်းကျင်က ပူ၍ ချွေးစို့ချင်လာသည်။ လင်းဇော်ဦးက ကျသင့်ငွေ ရှင်းသည်။

"သွားကြစို့ ချာတိတ် ပူတယ်... "

အေးမွန် ခေါင်းညိတ်သည်။ ကားထဲ မြန်မြန်ရောက် လျှင် အေးအေးစိမ့်စိမ့် အရသာလေး ခံစားရတော့မည်ကို သဘောကျသည်။ ကားသမားက မြန်သည်။ ကားထဲမှာ ရောက် နှင့်နေပြီ။ အေးမွန်တို့ နှစ်ယောက်ထွက်သွားသည်ကို ဆိုင်ထဲမှ လူများ ကြည့်နေကြသည်။

"လိုက်တယ်ကွာ... "

"ဟုတ်တယ်... နှစ်ယောက်စလုံး ကြည့်လို့ကောင်းတယ်... "

ဆိုင်ထဲမှာ ခပ်တိုးတိုး ပြောကြသံ ဖြစ်သော်လည်း အေးမွန်ကြားသည်။ ဆရာလည်း ကြားမည်ထင်သည်။

"ဘော့စ်တွေကွ... ပါဂျဲရိုးနဲ့... "

ဆိုင်အပြင် ရောက်မှ ထပ်ကြားရသောအသံ မြ သည်။ ဆရာကတော့ ဘာမျှ မကြားသည့်ပုံနှင့် ဘာမျှ ဂရုမစိုက် ပုံမှန် ခြေလှမ်းနှင့်ကားဆီသို့ လျှောက်နေသည်။ ဆရာ့ကို အောင် အေးမွန် ခပ်မြန်မြန်လေး လှမ်းကြည့်သည်။

❖ ✣ ❖ ✣ ❖ ✣ ❖



## အခန်း (၂၉)

ညနေ ၅-နာရီသာသာခန့်တွင် မိတ္ထီလာ ဝန်ဇင်းဟော် တယ်သို့ ရောက်သည်။ ကားပေါ်က အဆင်းမှာ ခမ်းနားသော ဟော်တယ်ကြီးကို ကြည့်ပြီး အေးမွန် အံ့သြနေသည်။ ရန်ကုန်မှာ သာမကနယ်ဘက်မြို့များမှာလည်း ဟော်တယ် အကောင်းစား ကြီးကို တွေ့နေရသည်။ ကန်၏ နောက်ဘက်မှ မိတ္ထီလာကန် ရေပြင်ကျယ်ကြီးကို လှမ်းမြင်နေရသည်။

"ကောင်းလိုက်တာနော်... မိတ္ထီလာကန်ကြီးကလဲ လှလိုက် တာ... "

အေးမွန်အသံထွက်ပြီး ချီးကျူးလိုက်သည်။ဟော်တယ် အတွင်းကို ရောက်တော့ လင်းဇော်ဦးက ကောင်တာစားပွဲမှ တာဝန်ရှိသူနှင့် သွားစကားပြောသည်။ အေးမွန် စောင့်နေရ သည်။ ခဏသာကြာသည် လင်းဇော်ဦးက သော့နှစ်ချောင်း ယူ

လာသည်။ သော့တစ်ချောင်းကို အေးမွန်ပေးသည်။ သော့နှင့်တွဲထားသော နံပါတ်ပြားကို ကြည့်လိုက်သည်။ ဆယ့်တစ်။

"ဆရာအခန်းကရော... "

"ဆယ့်နှစ်... "

လင်းဇော်ဦးက သော့နံပါတ်ကိုပြသည်။

"ကားဆရာကရော... "

"အောင်ပိုင်လား... သူ့အတွက် နေရာရှိပါတယ်... သူကားထဲမှာပဲ သူ့အိပ်မှာ ပိုတောင် ဇိမ်ကျကျ အိပ်လို့ရသေးတယ်"

ဟော်တယ်မှ လူငယ်တစ်ယောက်က ပစ္စည်းများကို ယူပြီး အခန်းသို့ လိုက်ပို့သည်။ အေးမွန် အခန်းကို သော့ဖွင့်ပြီး သော့ကို အေးမွန်လက်သို့ ပြန်အပ်သည်။ အေးမွန် အခန်းထဲသို့ ဝင်ပြီး တံခါးပြန်ပိတ်လိုက်သည်။

"ဟယ်... ကောင်းလိုက်တာ... "

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ ဤမျှကောင်းသော အိပ်ခန်းမျိုးမှာ မအိပ်ဖူးသေးပါ။ သို့သော် ကုတင်ကြီးကို လှမ်းကြည့်ပြီးစိတ်ထဲမှာ စိုးရိမ်မိသည်။ ကုတင်က နှစ်ယောက်အိပ်ဖြစ်သည်။ ကျယ်သည်။ ခေါင်းအုံးနှစ်လုံးက ကုတင်ပေါ်မှာ ယှဉ်လျက်...

"ဆရာက ငါ့အတွက် ဘာဖြစ်လို့ နှစ်ယောက်အိပ်အခန်းငှားပေးရတာလဲ... ကားဆရာကလဲ အပြင်မှာပဲ အိပ်မှာ..."

စိတ်ထဲမှာ သံသယ ဖြစ်မိသည်။ အဝတ်ထည့်စရာ ဘီရိုရှိသည်။ အကျီချိတ်စရာ၊ အဝတ်များ တင်စရာရှိသည်။ မှန်





တင်ခုံရှိသည်။ အိတ်နှစ်လုံးကို ဘီရိုရှေ့မှာ ချထားလိုက်သည်။ ကုတင်ကြီးပေါ်မှာ ထိုင်ကြည့်ချင်သော်လည်း မထိုင်ရဲအောင် ဖြစ်နေသည်။

"ဒေါက်... ဒေါက်... ဒေါက်... "

အပြင်မှ တံခါးခေါက်သံ ကြားရသည်။

"အို... ဒုက္ခပဲ... ဆရာ ဒီအခန်းထဲ ဝင်လာမှာလား... "

တံခါး မဖွင့်ရဲအောင် ဖြစ်နေသည်။

ဒေါက်... ဒေါက်... ဒေါက်... ။

အပြင်မှ တံခါးခေါက်နေပြန်သည်။ ဆရာဖြစ်မည် ထင်သည်။ မဖွင့်ပဲနေလျှင်လည်း ထပ်ခေါက်ဦးမည်။ အေးမွန် ဘာလုပ်ရမှန်းမသိ။

ဒေါက်... ဒေါက်... ဒေါက်... ။

မတတ်နိုင် ဖွင့်ပေးရတော့မည်။ အေးမွန် တံခါးဆီသို့ လျှောက်သွားသည်။ တံခါး လက်ကိုင်ဘုလုံးကို ဆွဲပြီး ဖွင့်လိုက်သည်။ တံခါးက မပွင့်။

"အို... ဖွင့်လို့လဲ မရဘူး... "

အေးမွန် မလုပ်တတ်။

"ဒုက္ခပဲ... "

အေးမွန် စိတ်ညစ်သည်။ အပြင်မှ တံခါး ထပ်ခေါက်သိမ့်ဦးမည် ထင်သည်။

"ကလစ်... "

တံခါးဘုလုံးလေးလည်သွားပြီး တံခါးပွင့်သွားသည်။

အခန်းပေါက်ရှေ့မှာ လင်းဇော်ဦးကိုတွေ့ရသည်။

"ဟေ့... ချာတိတ်... ဘာတွေ လုပ်နေတာလဲ... ချာတိတ်ကို တံခါးဖွင့်တာ... ပိတ်တာ ပြမလို့... "

"အခု တံခါး ဖွင့်မရလို့... "

ဒေးမွန် အမှန်အတိုင်း ဝန်ခံသည်။ လင်းဇော်ဦး အသံထွက်အောင် ရယ်သည်။

"ဖြစ်မယ်... ဒီမှာကြည့်... "

လင်းဇော်ဦး အခန်းထဲသို့ ဝင်လိုက်သည်။ ဒေးမွန် ကြောက်ရွံ့စွာနှင့် နောက်သို့ဆုတ်လိုက်သည်။ သို့သော် ဆက်ပြီးတော့လည်း မဆုတ်ရဲ။ နောက်မှာ နှစ်ယောက်အိပ် ကုတင်ကြီး ရှိသည်။

"ငါတော့ ဒုက္ခ ဖြစ်တော့မယ်ထင်တယ်... "

အရေးကြုံမှ ကိုထွေးကို သတိရလိုက်မိသည်။

"ငါ့မှာ ချစ်သူရှိတယ်... "

"ဒီမှာကြည့်... ဒီတံခါးတွေက ဆွဲပိတ်လိုက်ရင် သူ့ဘာသာ ခလုတ်ကျပြီးသား ဖြစ်သွားတယ်။ ဖွင့်ချင်ရင် ဒီလို လှည့်ဖွင့်... "

လင်းဇော်ဦးက တံခါးလက်ကိုင်ဘုကို လှည့်ပြီး ဖွင့်ပြသည်။

"ဒါဆိုရင် အပြင်ကလဲ လှည့်ပြီးဖွင့်ရင် ပွင့်တယ်... ကိုယ်အထဲမှာ ရှိနေတဲ့အခါ အပြင်ကလူဝင်လို့ မရအောင် ဆိုရင် ဒီလိုပိတ်... "





လင်းဇော်ဦးက တံခါးကို ပြန်ပိတ်ပြသည်။

"ပြီးရင် ဒီအလယ်က ခလုတ်ကလေးကို ခုလိုနှိပ်ထားလိုက်"

တံခါးခလုတ်ကို အတွင်းမှ နှိပ်ပြသည်။

"ဒါဆိုရင်... အပြင်က ဖွင့်လို့မရတော့ဘူး... နားလည်ပြီလား... "

"ဟုတ်... ဟုတ်ကဲ့ဆရာ... "

ဒေးမွန် လေသံကမမှန်... ။

"ဖွင့်ချင်ရင် အတွင်းကလူက လှည့်ဖွင့်ပေးမှပဲ ရတယ်... အပြင်ကလှည့်လို့ မရတော့ဘူး... ချာတိတ်လုပ်ကြည့်..."

လင်းဇော်ဦးက တံခါးကိုပြန်ဖွင့်ပြီး အပြင်သို့ ထွက်လိုက်သည်။

"အို... တော်ပါသေးရဲ့... "

လင်းဇော်ဦး အပြင်ထွက်သွား၍ ဒေးမွန် စိတ်အေးသွားရသည်။

"ကဲ... ပိတ်ပြီး ခလုတ်ချကြည့်... "

ဒေးမွန် တံခါးပိတ်လိုက်သည်။ လင်းဇော်ဦး အပြင်ဘက်မှာရောက်နေပြီ။ ဒေးမွန်ခလုတ်ချလိုက်သည်။ လင်းဇော်ဦး အပြင်မှ လှည့်သည်။ ခလုတ်မှ အသံကြားရရုံသာ ရှိသည်။ တံခါးပွင့်တော့ပါ။

ဒေါက်... ဒေါက်... ဒေါက်... ။

လင်းဇော်ဦး တံခါးခေါက်ပြန်သည်။ ဒေးမွန် အတွင်း၏ ခလုတ်ကို လှည့်ပြီး တံခါးဖွင့်ပေးသည်။ လင်းဇော်ဦး အခန်း

ထဲသို့ မဝင်တော့ပါ။

"အိတ်တွေလဲ ဘာမှ မလုပ်ရသေးဘူး… အဝတ်တွေထုတ်လေ… အခန်းထဲမှာပဲ ရေချိုးခန်း အိမ်သာခန်း ရှိတယ်… ရေချိုးပြီး အဝတ်အစားလဲလိုက်… ပြီးရင်… ထမင်းစားရအောင်… "

"ဟုတ်… ကဲ့… ဆရာ… "

"ကုတင်ကတော့ အကျယ်ကြီးပဲ… တစ်ယောက်ထဲ အားရပါးရ အိပ်ပေတော့… တစ်ယောက်ခန်း မရှိလို့ နှစ်ယောက်ခန်းယူပြီး… တစ်ယောက်တည်း နေရတာ… ပိုကောင်းတာပေါ့… ကဲ တံခါးပိတ်… အတွင်းက ခလုတ်ချ… ရေချိုး… အဝတ်အစားလဲ… ဆရာလဲ ရေချိုးလိုက်ဦးမယ်… "

"ဟုတ်ကဲ့… ဆရာ… "

"ထွက်လာရင်… သော့ယူခဲ့ဖို့ မမေ့နဲ့ဦး… "

"ဟုတ်ကဲ့ပါ ဆရာ… "

[illegible]င်းဇော်ဦး တံခါးကို အပြင်မှ ပိတ်ပေးသွားသည်။ အေးမွန် အတွင်းမှ ခလုတ်ချလိုက်သည်။

"ဟင်း… "

ဆရာ့ကို သံသယဖြစ်မိသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ ကုတင်ကျယ်ကိုလည်း တလှဲတင်လိုက်မိသေးသည်။ တကယ်တော့ တစ်ယောက်ခန်း မရှိ၍ နှစ်ယောက်ခန်း ယူလိုက်ရခြင်းဖြစ်သည်။ ဆရာ ပိုက်ဆံ ပိုကုန်မည်။

အပြင်မှ မဝင်နိုင်အောင် အတွင်းမှ ခလုတ်ချထားသည့်နည်းကိုပင် ဆရာက လာသင်ပေးခြင်း ဖြစ်သည်။ ဆရာသာ မရိုးသားလျှင် သင်ပေးမည်မဟုတ်။ သင်မပေးလျှင် ခလုတ်ကို ချမည်မဟုတ်။

"ဟင်း…ဒါဆို… ညမှာ ဆရာ အချိန်မရွေး ဝင်လာနိုင်တယ်"

အတွင်းမှခလုတ် ချထားနည်း သင်ပေးသော ဆရာ့ကို ယုံကြည် စိတ်ချ လိုက်ပါပြီ။ အိတ်နှစ်လုံးကိုယူ၍ နှစ်ယောက်အိပ်ကုတင်ကြီးပေါ်မှာ ရဲရဲထိုင်လိုက်ပါသည်။ ရေချိုးပြီး ဝတ်ရမည့် အဝတ်များနှင့် လိုမည့် ပစ္စည်းများကို အိတ်များထဲမှ ထုတ်ယူလိုက်သည်။ တချို့ကို ဘီရိုထဲ ထည့်သည်။ တချို့ကို မှန်တင်ခုံမှာ တင်သည်။ ရေချိုးရန် ရေချိုးခန်းဘက်သို့ သွားသည်။

"ကောင်းလိုက်တာ… "

ရေချိုးခန်းနှင့်အိမ်သာကိုကြည့်ပြီး စိတ်ထဲမှာ ရေရွှတ်မိရပြန်သည်။ ရေစိမ်ချိုးရန် ကြွေကန်ကြီး ရှိသည်။ ရေပူ ရေအေး ခပ်၍ရသည်။ ရေပန်းလည်း ရှိသည်။ ခွက်နှင့်ခပ်ချိုးချင်လျှင်လည်း ရသည်။ ရေချိုးခန်း လိုက်ကာကို ဆွဲကာလိုက်သည်။ ရေချိုးခန်း လုံခြုံသွားပြန်သည်။




မြုံးပန်းတစ်ရာစာပေ

## အခန်း (၃၀)

မျက်နှာကို မိတ်ကပ်ပါးပါးညီညီလေး လိမ်းပြီး ပါးပေါ်မှာ ပါးမို့လေးများ နီပြေပြေဖြစ်ရုံ အရောင်တင်လိုက်သည်။ မူလအသားက ဖြူပြီးသား ညက်ပြီးသားမို့ နည်းနည်းလေး တင်လိုက်ရုံနှင့် ပြေပြစ်စွာ ညက်ညောသွားသည်။

ပြင်မှန်းမသိ၊ ပကတိ သာသာလောက်ကလေးသာ ချယ်မှုန်းထားခြင်း ဖြစ်သည်။ နှုတ်ခမ်းကိုလည်း ပန်းနုရောင်လေး နီသည်ဆိုရုံမျှ ချယ်သလိုက်သည်။ မှန်ထဲမှ ကိုယ့်မျက်နှာ ကိုယ်မြင်ကြည့်တော့ ကျေနပ်သည်။ လှသည်။

"ဆရာက လှတာကို သဘောကျတယ်... "

ကိုယ့်ဘာသာ စိတ်ထဲမှာ ပြောနေမိသည်။ ဆရာ့အပည့်အတွက် ဆရာ ဂုဏ်တက်စေချင်သည်။ ခေါင်းမှ ဆံပင်များကို ပွပွလေးလှအောင် ဖွလိုက်သည်။ မှန်တင်ခုံမှ ထလိုက်

သည်။ ဘာဝတ်ရမည် ဆိုသည်က စဉ်းစားပြီးသား အသင့်ထုတ်ထားပြီးသား။

အပြာနုရောင် ပိုးပြောင်လုံချည်လေးနှင့် ဆရာဝယ်ပေးထားသော အဖြူရောင်တီရှပ် အင်္ကျီကို လဲဝတ်လိုက်သည်။ လုံချည်ကို နည်းနည်းတိုလိုက်သည်။ တစ်ခါမှ တိုတို မဝတ်ခဲ့ဘူး၍ စိတ်ထဲမှာ ထူးခြားမှုကို ခံစားရသည်။

"ဆိုင်မှာ စကတ်တောင် ဝတ်နေခဲ့ရသေးတာပဲ... "

ကိုယ့်ဘာသာ အားပေးလိုက်သည်။ စကတ်နှင့်စာလျှင် အများကြီး ရှည်နေသေးသည်။ ငုံကြည့်လိုက်တော့ ခြေကျင်းဝတ် အထက်နားမှာသာရှိသည်။ အတိုမဟုတ်။ အရှည်မဟုတ် စကောစက ဖြစ်နေသည်ဟု ထင်သည်။

နည်းနည်းပိုတိုလိုက်သည်။ ခြေသလုံးသားများ ဝင်းဝင်းစက်စက် ပေါ်လာသည်။ ခေတ်မိန်းကလေးများ ဝတ်သည်နှင့် တူလာသည်။ သို့သော် သူတို့လောက်တော့ မတိုသေး။

"တော်ပြီ... "

ဒေါက်... ဒေါက်... ဒေါက်။

"ဟော တံခါးခေါက်နေပြီ... "

ဆရာ လာခေါ်နေပြီဟု သိလိုက်သည်။ လုံချည် တွန့်နေသည်များကို အတွင်းရော အပြင်ပါ လက်ဖြင့် သပ်၍ဖြန့်လိုက်သည်။ ပြောင်ပြောင်တင်းတင်းလေး ဖြစ်သွားပြီ။

မှန်ထဲမှ ပုံရိပ်ကို လှမ်းကြည့်လိုက်သည်။ ကျေနပ်ပြီ။

"လာပြီ ဆရာ... "





တံခါးဆီသို့ လျှောက်လာခဲ့သည်။ ခလုတ်ကို အတွင်းမှ လှည့်၍ဖွင့်လိုက်သည်။ တံခါးဖွင့်သွားသည်နှင့် အပြင်မှာ ရပ်နေသော ဆရာ့ကို တွေ့ရသည်။ ချောကလက်ရောင်ရင့်ရင့် ဘောင်းဘီရှည်ပွပွနှင့် အဝါရောင် တီရှပ်ကို ဝတ်ထားသည်။ အင်္ကျီရင်ဘတ်မှာ နိုက်(က်) ဟူသော အင်္ဂလိပ်စာလုံး အနက်ပါသည်။

"အို... အင်္ကျီက တူနေပါလား... "

မတိုင်ပင်ပဲ တူနေ၍ အေးမွန် အံ့ဩမိသည်။ အေးမွန်၏ တီရှပ်အင်္ကျီမှာလည်း ရင်ဘတ်တွင် နိုက်(က်)ဟူသော စာလုံးပါသည်။ အဖြူနှင့်အဝါ အရောင်သာ ကွာသည်။

"အေးလေ... မဆန်းပါဘူး... ငါ့အင်္ကျီကလဲ ဆရာဝယ် ပေးထားတာပဲ... "

"ချာတိတ်က တယ်လှပါလား... ခုလို ဝတ်လိုက်တော့ ပိုသွက်သွားတယ်... "

ဆရာ သဘောကျ၍ အေးမွန် ဝမ်းသာရသည်။

"ဆရာ ဝတ်ထားတာလဲ ကောင်းတယ် အဲဒီအရောင်တွေက ဆရာနဲ့ သိပ်လိုက်တာပဲ... "

အေးမွန် အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

"ဟား ဟား သဘောကျသွားပြီ ချာတိတ်ကိုကောင်းကောင်းကျွေးရမယ်... "

နှစ်ဦးလုံး ကြည်နူးကျေနပ်သော အပြုံးကိုယ်စီနှင့်။

"နေဦး... "

အေးမွန် တံခါးပိတ်မည်လုပ်၍ လင်းဇော်ဦးက ဟန့်တားလိုက်သည်။

"သော့ပါလား... "

အေးမွန် လက်ထဲမှ သော့ကိုပြသည်။

"ဒီမှာကြည့်... "

လင်းဇော်ဦးက တံခါးခလုတ်ကို အတွင်းမှချပြီး ပိတ်လိုက်သည်။

"ဒါဆို သော့ကျသွားပြီး ဖွင့်လို့မရတော့ဘူး... သော့နဲ့ဖွင့်မှပဲ ရမယ်... "

လင်းဇော်ဦးက တံခါးလက်ကိုင်လုံးကို လှည့်ပြသည်။ မရတော့ပါ။ အေးမွန် နားလည်သွားပြီ။

"လာ... ရက်စထရင့် သွားမယ်... "

အေးမွန် ဆရာ့နောက်မှ လိုက်သည်။ သို့သော် လင်းဇော်ဦးက ဘေးတိုက်အနေအထားရောက်အောင် ရပ်စောင့်သည်။

"အလုပ်ကြီး အကိုင်ကြီး တာဝန်ယူပြီး လုပ်ရတဲ့လူဟာ... ရိုလက်ဇေးရှင်းကို နားလည်ဖို့ လိုတယ် ချာတိတ်ရဲ့... "

အေးမွန် ဆရာ့ဘေးမှာ လိုက်ပါလျှောက်လှမ်းရင်း ဆရာ့ စကားကို နားထောင်သည်။

"ရိုလက်ဇေးရှင်းဆိုတာ... သက်တောင့်သက်သာ ဖနေဒယူတတ်တာ... နေတတ်တာကိုပြောတာ... "

အေးမွန် သေသေချာချာ မှတ်သားပါသည်။





"နေရာ တကာမှာ ချုပ်ချုပ်ထိန်းထိန်း တင်းတင်း ကျပ်ကျပ် နေတဲ့ လူတွေဟာ တာဝန်ကြီးတဲ့ အလုပ်ကိုလဲ လုပ်ရရင် နှစ်ဆတင်းကျပ်လာတာပေါ့ ကြာရှည်မခံနိုင်ဘူး...

ဒါကြောင့်မို့ အလုပ်ကြီးကြီး လုပ်တဲ့လူဟာ ရိုလက်ဇေးရှင်းကို နားလည်ပြီး သက်သက်သာသာ နေတတ်ဖို့လိုတယ်... ကိုယ့်ကိုယ်ကိုယ် တင်းကျပ်မနေရဘူး... အကြောအချဉ်တွေပါ လျှော့ထားပြီး စိတ်ရောကိုယ်ရော လျှော့လျှော့လေး နေတတ်ဖို့ လိုတယ်... "

အေးမွန် ခေါင်းညိတ်သည်။

"ထိုင်တာတောင် သက်သောင့်သက်သာ ဖြစ်အောင် ရိုလက်စ် လုပ်တတ်ရတယ်။ ဝတ်တာဆင်တာလဲ အတူတူပဲ၊ နေတာ ထိုင်တာ သွားတာ လာတာ အားလုံး သက်သက်သာသာ ရှိဖို့လိုတယ်... "

ဆရာပြောသည်ကို အေးမွန် သဘောပေါက်ပါသည်။

"ဒါကြောင့်မို့ ဆရာ့ ကြည့်ရတာ... အမြဲတမ်း သက်သက်သာသာ ပေါ့ပေါ့ပါးပါး တွေ့နေရတာကိုး.. "

ဟုလည်း နားလည်လိုက်သည်။

"အခု ချာတိတ် ဝတ်ထားတာဆိုရင်... ပေါ့ပေါ့ပါးပါး ဖြစ်တယ်... သက်သာတယ်... ဒါ အလုပ်လုပ်တဲ့ အချိန် မဟုတ်ဘူး... "

အေးမွန် ခေါင်းညိတ်ရပြန်သည်။

"သက်သက်သာသာ နေတတ်တဲ့လူမှ လုပ်ငန်းကြီးတွေကို

ပင်ပင်ပန်းပန်း လုပ်နိုင်တယ်... ချာတိတ် ခုလုပ်ရမဲ့လုပ်ငန်းဟာ တာဝန်ကြီးတယ်... အများကိုအုပ်ချုပ်ပြီး ကုမ္ပဏီရဲ့ဆိုင်ကြီးကို တာဝန်ယူပေးရမှာ... "

ဆရာအလုပ်စကားပြောနေခြင်းဖြစ်သည်ဟု အေးမွန်အလေးအနက် နားထောင်နေသည်။ သို့သော် စားသောက်ခန်းထဲသို့ ဝင်လာပြီမို့ စားသောက်ကြသံ၊ စကားပြောသံများ ကြားနေရသည်။

လင်းဇော်ဦးက ဆက်မပြောတော့ပါ။ စားပွဲထိုးက ခန်းဆီးအဝါလေးများ ကာထားသည့် သီးသန့်စားပွဲ နေရာသို့ ခေါ်သွားသည်။ လင်းဇော်ဦးက စားပွဲထိုးပေးသော စာရွက် အဖြူလေးများတွင် ဟင်းစာရင်းများ ချရေးနေသည်။

အေးမွန် ဆရာ့ဘေးမှ ကုလားထိုင်မှာပင် ထိုင်လိုက်သည်။ မဟုတ်လျှင် ဆရာ ရွှေ့နေရဦးမည်။ ထိုင်ပြီးကာမှ သတိရ၍ သက်သာသော အနေအထားကို ပြောင်းလိုက်သည်။ အကြော်အချဉ်များပါ လျှော့ထားလိုက်သည်။ ဆရာပြောတာမှန်သည်။ လျှော့လျှော့လေး နေရတာ လူရောစိတ်ပါ သက်သာသည်။ လင်းဇော်ဦးက စားပွဲထိုးကို စာရွက်ကလေး လှမ်းပေးသည်။

"မြန်မြန်လုပ်ပေးနော်... "

"ဟုတ်ကဲ့ပါဆရာ... "

"ဘီယာရယ် အချိုရည် အမြည်းသုံးမျိုးရယ် အရင်ပို့ပေး"

"ဟုတ်ကဲ့ပါ.. "





"ဒုတိယအကြိမ်ကျမှ ချာတိတ်ကို ဆရာခွင့်တောင်းရဦးမယ်... ဆရာ့ကို ဘီယာသောက်ခွင့်ပြုပါလို့... "

အေးမွန် ပြုံးလိုက်သည်။

"ရပါတယ်... ဆရာ... "

"ဒါက... ဟိုတုန်းက အနောက်တိုင်း ယဉ်ကျေးမှုပါ.. အမျိုးသမီးတစ်ယောက်နဲ့ဆိုရင်... စီးကရက် သောက်တာတောင် ခွင့်တောင်းရမယ်... ဒါပေမဲ့... ခုတော့ သူတို့ဆီမှာ အမျိုးသမီးကလဲ အမျိုးသားနဲ့အတူ အရက်သောက်နေကြတော့ ခွင့်တောင်းဖို့ မလိုတော့ပါဘူး... ဒါကတော့ အရက်လဲ... မဟုတ်ပါဘူး... ဘီယာပါ.. ဒါလဲ ရီလက်ဇေးရှင်းပဲပေါ့.. "

ဆရာ့ထိုင်ပုံကို အေးမွန် သတိထားကြည့်လိုက်သည်။

ကုလားထိုင် နောက်မှီမှာ ကျောမှီထားပြီး ခြေထောက်နှစ်ဘက်စလုံးကို စားပွဲအောက်မှာ ခပ်ဆန့်ဆန့်ဆင်းထားသည်။ မြင်ရသည်မှာ တကယ်သက်သာသည်။

"ခုနဟာ... ဆက်ပါဦး ဆရာ... "

အေးမွန် တောင်းဆိုလိုက်သည်။

"ဘာပါလိမ့်... "

"ရီလက်ဇေးရှင်း... "

"သြော်... ဟုတ်ပြီ... ချာတိတ်... အခုလုပ်ရမှာ လုပ်ငန်းကြီးတစ်ခုကို တာဝန်ခံရမှာဖြစ်တယ်... "

အေးမွန် ခေါင်းညိတ်သည်။

"သက်သက်သာသာနဲ့ ပျော်ပျော်ရွှင်ရွှင်နေတတ်မှ အပင်

ပန်းခံနိုင်မယ်... "

အေးမွန် ခေါင်းညိတ်သည်။

"ဒါပေမဲ့... သက်သက်သာသာနေတာနဲ့ စည်းမဲ့ကမ်း
နေတာ... မတူဘူးနော်... "

ဤအချက်မှာ အရေးကြီးသည်ဟု အေးမွန် နားလည်
လိုက်သည်။ ဆရာ့ကိုလည်း လေးစားလိုက်မိသည်။

"ဒါကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလို စီးပွားရေး လု
ငန်းကြီးတွေကို အောင်မြင်အောင် လုပ်နိုင်တာပဲ... "

ဟု အထင်ကြီးစိတ် ဖြစ်ရသည်။

"ဆရာ... စက်ဘ်ပူမှာ လေးနှစ်လုပ်ခဲ့ဘူးတယ်... စက်ဘူ
လုပ်ငန်းရှင်တစ်ယောက်ဆိုရင်... အလုပ်လျှောက်ထ
အင်တာဗျူးဖြေတဲ့အခါ ကျုံ့ကျုံ့လေးထိုင်နေရင် သဘော
မကျတော့ဘူး... လွတ်လွတ်လပ်လပ်နေပါ... သက်သာ
သာသာထိုင်ပါလို့ ပြောလေ့ရှိတယ်... သတိထားပြီး တော
တောင့်ကြီး ထိုင်နေရင်လည်းမကြိုက်ဘူး... ကိုယ်
လျှော့ထားပါ... သက်သက်သာသာထိုင်ပါလို့ အမြဲ
တယ်..."

စားပွဲထိုးက တိုက်ဂါးဘီယာ နှစ်ပုလင်းနှင့် ပေါ်ကာ
အချိုရည် နှစ်ဘူးကို ငွေလင်ဗန်းနှင့် ထည့်ယူလာသည်။ ဘီယာ
ပုလင်းနှင့် ပေါ်ကာတစ်ဘူးကို ဖေါက်ပြီး ဖန်ခွက်မှာ ထည့်
လင်းဇော်ဦးနှင့် အေးမွန် ရှေ့မှာ ချပေးသည်။ နောက်ထပ် စား
ထိုးတစ်ဦးက သီဟိုစေ့ကြော်၊ မြေပဲကြော်နှင့် အာလူးအကြော





ကြော်ပန်းကန်တို့ကို လာချပေးပြီး ထွက်သွားသည်။

"ဒီလို လူအများကြီး ရှိနေတဲ့အခန်းကို လမ်းလျှောက်ဝင်
လာရင်လဲ လူတွေ... သတိထားပြီး တောင့်တောင့်တင်း
တင်း ဖြစ်နေတတ်တယ်... အဲဒါမှ ဟိုထိ ဒီငြိနဲ့ တိုက်မိ
တတ်တာ... "

အေးမွန် ပြုံးလိုက်သည်။

"ကြည့်ရ မြင်ရတာလဲ မကောင်းဘူး... ဘယ်သူမှ ဂရုမစိုက်
ဘဲနဲ့ ကိုယ့်ဘာသာ သက်သက်သာသာ လျှောက်လာရင်း
ဘာမှလဲ မတိုက်မိဘူး ကြည့်ရ မြင်ရတာလဲ အဆင်ပြေ
တယ်"

အေးမွန် ပြုံးမိရပြန်သည်။ စောစောကဝင်လာစဉ်မှာ
လှမ်းကြည့်နေကြသော မျက်လုံးများကို သတိထားပြီး မလွတ်
မလပ် လျှောက်လှမ်းခဲ့ရသည်ကို သတိရ၍ ဖြစ်သည်။

"အခုရော ကြည့်နေကြတုန်းပဲလား... "

အေးမွန် သတိရ၍ အခြားသော စားပွဲများဆီသို့
အကြည့်တစ်ချက် ဝေ့လိုက်သည်။ လှမ်းကြည့်နေသော မျက်လုံး
အချို့ကို တွေ့ရသည်။ သို့သော် ဆရာပြောထားသည့်အတိုင်း
အေးမွန် သက်သက်သာသာ နေလိုက်သည်။ ကြည့်နေသော
မျက်လုံးများကို မေ့ထားလိုက်သည်။ လင်းဇော်ဦးက သူ့ရှေ့မှ
ဘီယာဖန်ခွက်ကို လှမ်းကိုင်လိုက်သည်။

"ကဲ ဒါလဲ ရီလက်ဇေးရှင်းပေါ့... "

ဖန်ခွက်ကို မြှောက်ယူလိုက်သည်။ အေးမွန်လည်း သူ့

ရွှေမှ အချိုရည်ခွက်ကို ယူလိုက်သည်။

"ချာတိတ်အောင်မြင်ပါစေ... ဆရာတို့ ကုမ္ပဏီလဲ အောင်မြင်ပါစေ..."

လင်းဇော်ဦးက ဆုတောင်းပြီး သူ့ဖန်ခွက်ကို ရွှေသို့ တိုးပေးသည်။

"ဆရာလဲ အောင်မြင်ပါစေ..."

ဖန်ခွက်ချင်းထိသော ဂီတသံလေး ထွက်ပေါ်လာပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၃၁)

မနက် (၆) နာရီတွင် အေးမွန် အိပ်ရာမှနိုးသည်။ လေအေးပေးစက်ကြောင့် အခန်းထဲမှာ ဆောင်းချမ်းသလို ချမ်းနေ၍ နွေးထွေးသော စောင်ကို ခြုံပြီးအိပ်ခဲ့ရသည်။ နှစ်ချိုက်စွာ အိပ်ပျော်ခဲ့သောကြောင့် အိပ်ရာမှ နိုးသောအခါ ကြည်လင်လန်းဆန်းနေသည်။

စည်းစိမ်ရှိစွာ နေရ အိပ်ရခြင်းအတွက် ဆရာ့ကို ကျေးဇူးတင်မဆုံး ဖြစ်ရပြန်သည်။ ခရီးသွားရသော်လည်း ဘာမျှ ပင်ပန်းခြင်းမရှိ။ အိမ်မှာ နေရသည်ထက်ပင် သက်သာကောင်းနေသည်။ မနေ့ညက စားရင်းသောက်ရင်း ဆရာနှင့်လည်း ပိုပြီး ခင်မင်ရင်းနှီးခဲ့ရသည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်စွာ ရင်းနှီးခဲ့ရခြင်းဖြစ်သည်။

ရီလက်ဖေးရှင်ပညာရပ်ကိုလည်း ဆရာ့ထံမှ သင်ယူ

ခွင့် ရခဲ့သည်။ ဆရာ့ကို အထင်ကြီးခြင်းနှင့်အတူ ယုံကြည်စွာ လေးစားခဲ့ရသည်။ စားသောက်ပြီး ပြန်လာကြတော့ ဆရာက အခန်းအထိ လိုက်ပို့ပြီး အေးမွှန်၏ အခန်းတံခါးအတွင်းမှ ခလုတ်ကို သူကိုယ်တိုင် ချပေးသည်။

"စိတ်ချလက်ချအိပ်... ကပ်လျက်အခန်းမှာ ဆရာရှိနေတာပဲ... ဂွတ်(ထ်)နိုက်... "

ဆရာက နှုတ်ဆက်ပြီး အခန်းတံခါးကို အပြင်မှ ပိတ်ပေးသွားသည်။ တံခါးဆီသို့ အေးမွှန် လှမ်းကြည့်လိုက်သည်။ ဆရာကိုယ်တိုင် ခလုတ်ချပြီး ပိတ်ပေးသွားသောတံခါးမှာ ခုတိုင် လုံခြုံမှု ရှိနေဆဲဟု ခံစားရသည်။

ဆရာ့ကို ကျေးဇူးတင်ရပြန်သည်။ စည်းစိမ်ရှိသော အိပ်ရာကုတင်ထက်မှ ထထိုင်လိုက်သည်။

"အပြင်မှာ လင်းနေပြီလား.. "

ကုတင်ပေါ်မှဆင်း၍ မှန်ပြတင်းဆီသို့ လျှောက်သွားပြီး လှပသော ခန်းဆီးစ ထူထူကြီးကို ဆွဲဖယ်လိုက်သည်။

"အို... လှလိုက်တာ... "

မိတ္ထီလာ ကန်ရေပြင်ကျယ်ကို အေးမွှန်ပြတင်းမှ လှမ်းမြင်ရသည်။

လင်းနေပြီ။

နာရီကို လှမ်းကြည့်လိုက်တော့ ခြောက်နာရီဆယ်မိနစ်သာ ရှိသေးသည်။ အချိန် အများကြီးရသည်။ ရှစ်နာရီလောက်ကျမှ တောင်ကြီးသို့ ခရီးဆက်မည်ဟု ဆရာ မနေ့က ပြောထား





သည်။

မျက်နှာသစ်သွားတိုက်ရင်း ရေပါ တခါတည်းချိုးရန် အေးမွှန် စဉ်းစားလိုက်သည်။ ရေချိုးခန်းသို့သွား၍ ကြွေကန်ကြီး ထဲမှာ ရေအေးဖြည့်လိုက်သည်။ ရေမပြည့်မီ ယနေ့ဝတ်ရမည့် အဝတ်စုံများကို ထုတ်ထားလိုက်သည်။

မနေ့က ဆရာပြောသည်ကို သတိရ၍ ဘာဝတ်ရမည် ဆိုတာ စဉ်းစားမိပြီး ပြုံးလိုက်သည်။ အိတ်အကြီးကို ဖွင့်၍ တီ ...သုံးကုမ္ပဏီမှ ပေးထားသော ဂျင်းဘောင်းဘီအပြာနုကိုဝတ် သောအခါ ဆရာမြင်လျှင်သဘောကျမည်ကို တွေးပြီးစိတ်ထဲမှာ အပျော်လှိုင်းလေးများ ဖြစ်သွားသည်။ အားလုံးပြင်ဆင်ပြီး သွားတော့ (၇)နာရီသာ ရှိသေးသည်။ သွားမည်ဆိုလျှင် အဆင် သင့်ဖြစ်အောင် ပစ္စည်းများကို သိမ်းပြီး အိတ်ထဲမှာ ပြန်ထည့် သည်။ အားလုံးအဆင်သင့် ဖြစ်ပြီ။ ဆရာခလုတ်ချ၍ ပိတ်ပေး သော တံခါးကို ခလုတ်လှည့်ဖွင့်လိုက်သည်။ အပြင်ထွက်တော့ ...တရက် ပူနွေးသွားသည်။ နေခြည်နုလေး ဝန်ဇင်းဟိုတယ် ...မှ ကျရောက်နေပြီ။

ဆရာ့ အခန်းတံခါးကို လှမ်းကြည့်လိုက်သည်။ ပိတ် ...ဆဲ။ အခန်းတံခါးကို ခေါက်သင့်မခေါက်သင့် စဉ်းစားပြီး ...က်မှနာရီကို ကြည့်လိုက်သည်။ (၇) နာရီဆယ်မိနစ် ရှိနေပြီ။ (၈) နာရီ ခရီးထွက်မည်ဆိုလျှင် ထသင့်ပြီ။

ဒေါက်... ဒေါက်... ဒေါက်...

တံခါးကို ခေါက်လိုက်သည်။ အတွင်းမှ တံခါးဖွင့်ပြီး

လင်းဇော်ဦး ထွက်လာသည်။ အသင့်ပြင်ဆင်ပြီးသား ဖြစ်သည်။

"ဟာ... ချာတီတ်... တယ်လှပါလား... ဒီလိုမှပေါ့ကွ... "

ဆရာက ဝမ်းသာအားရ ချီးကျူးလျှင် အေးမွန်မျော့သွားသည်။ တိုက်တိုက်ဆိုင်ဆိုင် ဆရာကလည်း ဂျင်းဘောင်းဘီ အပြာနုဖြစ်နေသည်။ စပို့ရှပ်အဖြူဝတ်ထား၍ တော်သေးသည်။

"ဆရာလဲ... လှတာပါပဲ... "

အေးမွန်က ပြန်ချီးမွမ်းလိုက်သည်။

"လာ... မနက်စာ သွားစားရအောင်... "

စားသောက်ခန်းဆီသို့ နှစ်ယောက်အတူသွားကြသည်။ စားသောက်ခန်းသို့ ရောက်နှင့်ကြသူများက ယခင်ရက်အတိုင်း လှမ်းကြည့်နေကြသည်။ အေးမွန်သတိထားမနေတော့ပဲ သက်သက်သာသာလျှောက်လှမ်းနေလိုက်သည်။ လွတ်နေသော စားပွဲတစ်ခုမှာ ထိုင်ကြသည်။ လင်းဇော်ဦးက ထုံးစံအတိုင်း ဗိုလ်စာမှာသည်။ ပေါင်မုန့်မီးကင်နှစ်ချပ်၊ ကြက်ဥဟပ်ဖရိုက်နှင့် ကော်ဖီမစ်။

"ကြက်ဥမပေါက်အောင် ဘယ်လိုစားရမလဲ ဆိုတာ ... သင်ပေးမလားဆရာ... "

အေးမွန်ကို လှမ်းကြည့်လိုက်ပြီး လင်းဇော်ဦးခေါင်းညိတ်သည်။ မကြာမီပင် စားပွဲထိုးက ကြက်ဥဟပ်ဖရိုက်နှင့် ပေါင်မုန့်မီးကင်နှစ်ချပ် ယူလာသည်။ ခရင်းမ်ါးနှင့် ဇွန်းငယ်တစ်ချောင်းပါသည်။ ကော်ဖီဖစ် ရောက်မလာသေး။

"ဒီမှာကြည့်ထား... "





လင်းဇော်ဦးက ကြက်ဥဟပ်ဖရိုက်ကို ဇွန်းနှင့် ဓါးသုံး၍ မယူလိုက်ပြီး ပေါင်မုန့်မီးကင်တစ်ချပ် ပေါ်မှာတင်သည်။ ပြီးတော့ ခရင်းနှင့် ဓါးသုံးပြီးကျန်ပေါင်မုန့်ကို ကြက်ဥဟပ်ဖရိုက်ပေါ်တင်လိုက်သည်။ ပေါင်မုန့်နှစ်ချပ်ကို ခရင်းနှင့်ထိန်းပြီး ဓါးဖြင့်လှီးဖြတ်ပြီးစားပြသည်။ ကြက်ဥပေါက်သွားသော်လည်း အပြင်သို့ ရောက်မလာ။ သပ်ရပ်လှပစွာစား၍ ပြီးသွားသည်။

အေးမွန်ကြည့်ပြီး သဘောကျနေသည်။ ဆရာ့နည်းအတိုင်းပင်ပြုသော်လည်း အေးမွန်အလှည့်တွင်ကြက်ဥနှစ်များ ပန်းကန်ထဲသို့ စီးကျလာ၍ နှစ်ယောက်လုံးရယ်ကြသည်။အေးမွန် ပေါင်မုန့်ကြက်ဥစား၍ မပြီးမီမှာပင် ကော်ဖီမစ် ရောက်လာသည်။ စားသောက်ပြီးသည်နှင့် ကားဆရာက အေးမွန်ပစ္စည်းများနှင့် လင်းဇော်ဦးပစ္စည်းများအားလုံး ကားပေါ်သို့ တင်ထားပြီးဖြစ်နေ၍ ခရီးဆက်ကြသည်။ တစ်ညတာ ကောင်းမွန်စွာ အနားယူခဲ့ရသော ဝန်ဇင်းဟော်တယ်ကို အေးမွန်ကျေနပ်စွာ ပြန်လှည့်ကြည့်လိုက်မိသည်။

❀ ✣ ❀ ✣ ❀ ✣ ❀

## အခန်း (၃၂)

နံနက်ခင်းနေခြည်အောက်မှ ရှုခင်းများအားလုံးကို အေးမွန်သဘောကျနေသည်။ စိတ်ထဲမှာ လွပ်လပ်စွာပျော်ရွှင်နေသည်။ ဆရာနှင့်လည်း ရင်းနှီးခင်မင်နေပြီမို့ ဆရာနှင့်အတူသွားသည်မှာ စိတ်ကြည်နူးစရာ ဖြစ်နေသည်။

တောင်တက်လမ်းများသို့ ရောက်သောအခါ ပို၍ စိတ်ဝင်စားစရာကောင်းသည်။ ရှုခင်းများကလည်း အေးမွန်အတွက် အသစ်အဆန်း ဖြစ်နေသည်။ သစ်ပင်တိုင်း လှနေသည်။ လျှိုမြောင် ချောက်ကမ်းပါးများ၊ တောင်ကမ်းပါယံကြီးများအားလုံးကို အံ့ဩစိတ်နှင့်ကြည့်နေသည်။

ဆရာ့ကို လှမ်းကြည့်လိုက်တော့ ဘာမျှထူးခြားဟန်မရှိ။

"ဒီခရီးက ဆရာသွားနေကျမို့ ဖြစ်မှာပေါ့.. "

အထူးအဆန်းဖြစ်မနေသော ဆရာ့ကိုပင် မကျေနပ်သလို ဖြစ်ရသေးသည်။

"ဆရာ.. ဟိုအောက်ဖက်မှာ... ခုနတက်လာခဲ့တဲ့လမ်းကလေးကို မြင်ရတယ်... သေးသေးလေး ဖြစ်ကျန်ခဲ့တယ်.."

ဘေးဘက်သို့ လှမ်းကြည့်ရင်း အေးမွန်ကလေး တစ်ယောက်နှယ် ဖြစ်နေသည်။

"ဘဝဆိုတာလဲ... အဲဒီလိုပဲ ချာတိတ်ရဲ့... ကိုယ့်တက်ခဲ့တဲ့လမ်းတွေဟာ... ကိုယ့်နောက်မှာ ကိုယ့်အောက်မှာ သေးသေးလေးတွေ ဖြစ်ကျန်နေခဲ့တာပဲ... "

လင်းဇော်ဦးက ဘဝနှင့်ပတ်သက်သော အတွေးအခေါ် စကားပြောနေသည်။

"ဒါပေမဲ့... ကိုယ်ကအမြင့်ရောက်ပြီး အောင်မြင်မှ ဖြစ်မှာပေါ့ဆရာ... "

အေးမွန် စောဒကတက်သည်။

"အမြင့်ရောက်ပြီး အောင်မြင်အောင်ကြိုးစားရမှာပေါ့.. "

ဆရာ့စိတ်ဓါတ်ကို နားလည်လိုက်ရပါသည်။ အေးမွန်ကိုယ်တိုင်လည်း သဘောကျမိသည်။

"ဆရာပြောတာမှန်တယ်... ငါဘဝကိုလဲ ပိုပြီးမြင့်အောင်ကြိုးစားရမယ်... "

ရှေ့ဘက်ဆီမှ တောင်ထွတ်များဆီသို့ အေးမွန်လှမ်းမျှော်ကြည့်လိုက်သည်။ ယင်းမာပင်မှာ မနက်စာစားပြီးတော့ တောင်ကြီးသို့ဆက်တက်သည်။ ကလောမြို့ကို ဖြတ်တော့ လှပ





သော တောင်ပေါ်မြို့လေးကို သဘောကျရသည်။

"ဒါက ဘဝသံသရာတံတား... "

ဆရာပြ၍ မှတ်သားရသည်။ ဒီဘက်မှာ ခေါင်တိုင်ရေပူစမ်းရှိတယ်။ လင်းဇော်ဦးက လမ်းစခန်းများကို ရှင်းပြသည်။

"ဒါက ရွှေညောင်... "

"ညောင်ရွှေ မဟုတ်ဘူးလားဆရာ"

အေးမွန် ကြားဖူးနားဝနှင့် အမှား ပြင်ပေး၍ ဦးလင်းဇော်ဦး ပြုံးသည်။

"ညောင်ရွှေက သီးသန့်သွားရသေးတယ်.. အင်းလေးသွားရင်ညောင်ရွှေကသွားရတယ်... မပြန်ခင်တစ်ရက်တော့ ချာတိတ်ကို လိုက်ပို့ပါဦးမယ်... "

"ခုတိုင်းဆိုရင်... တောင်ကြီးကို အစောကြီးရောက်မယ်..."

"နောက်ထပ် ဘယ်လောက် မောင်းရင် ရောက်မလဲ အောင်ပိုင်... "

"တစ်နာရီ.. "

ကားဆရာမှာ တကယ့်ကို စက်ရုပ်လို လူစားမျိုးဖြစ်သည်။ တစ်လမ်းလုံး ဘာမှမပြော။ နှုတ်ပိတ်နေနိုင်လွန်းသည်။ သူ့ဆရာတစ်ခွန်းမေးလျှင် တစ်ခွန်းသာဖြေသည်။ သူ့အလုပ်ကိုတော့ သူလေးစားသည်။ ကားမောင်းလည်း ကျွမ်းသည်။ ကားကိုလည်းဂရုစိုက်သည်။ ဤမျှ စကားနည်းသူကို ဆရာရှာတတ်ပေသည်... ဟုပင် အေးမွန်အံ့ဩမိသည်။ နေ့ခင်း ၂-နာရီခန့်တွင် တောင်ကြီးသို့ ရောက်သည်။ သိပ်လှရုံမက စည်ကားသော တိုက်

တာအဆောက်အဦးများစွာနှင့် တောင်ပေါ်မှ မြို့ကြီးကို အေးမွှန် သဘောကျနေမိသည်။ ဤမြို့ကြီးမှာ နေပြီးအလုပ်လုပ်ရမည်ကို သဘောကျနေသည်။ မော်တော်ကားက လုပသော အဆောက် အဦးရှေ့မှာ ရပ်လိုက်သည်။

"ဒါက... ငါဆိုင်ဖွင့်ရမဲ့နေရာလား... "

အဆောက်အဦးရှေ့မှာ အင်္ဂလိပ်လို ရေးထားသော စာတန်းကို ဖတ်လိုက်သည်။

ပါရာဒိုက်(စ်)

"ကဲ... ဆင်းချာတိတ်ရောက်ပြီ... ဒါက ပါရာဒိုက်စ်ဟိုတယ် ဆရာတို့ဒီမှာပဲတည်းကြမယ်...လာ...ပစ္စည်းတွေ အောင်ပိုင် ယူခဲ့လိမ့်မယ်... "

"ပါရာဒိုက်စ်ဟိုတယ်... "

အေးမွှန်စိတ်ထဲမှ ရေရွတ်လိုက်သည်။ ဝန်ဇင်း ဟိုတယ်မှာလိုပင် သန့်သန့်ပြန့်ပြန့် ခန့်ခန့်ညားညားနေရဦးမည်တူ ဟိုတယ်ကိုမြင်ရုံနှင့် အေးမွှန်နားလည်လိုက်သည်။ အောက်မှ ကောင်တာတွင် လင်းဇော်ဦးစကားပြောပြီးသော့နှစ်ချောင်း ယူခဲ့သည်။ တတိယအထပ်မှာ နေရာရသည်။ ဒရိုင်ဘာကိုကူ၍ ပစ္စည်းများသည်ပို့ပေးရန် လင်းဇော်ဦးက ကောင်တာကို မှာထား ခဲ့သည်။ တတိယထပ်မှာ အခန်းချင်းကပ်လျက်ဖြစ်သည်။ ဝန်ဇင်း ဟိုတယ်မှာကဲ့သို့ပင် နှစ်ယောက်အခန်းကို တစ်ယောက်အတွက် ယူထားခြင်းဖြစ်သည်။

အေးမွှန်အခန်းထဲမှာ ကုတင်တစ်လုံး ပိုနေသည်။





တံခါးကို အတွင်းမှ ချပြီး အဝတ်အစားလဲမည်ပြုပြီးမှ ပစ္စည်းများ ရောက်မလာသေးသည်ကို သတိရ၍ ကုတင်ပေါ်မှာ ခဏလှဲပြီး အနားယူလိုက်သည်။ တောင်ကြီး၏ ရာသီဥတုက လေအေးစက် ဖွင့်ရန် မလိုဘဲ အေးစိမ့်နေသည်။ အေးမွှန် သဘောကျသည်။ အိပ်ရာကုတင်က မွေ့ရာအထူနှင့် သက်သက်သာသာရှိသည်။ ဝန်ဇင်းဟိုတယ်မှာကဲ့သို့ပင် ရေချိုးခန်းအိမ်သာခန်းတွဲလျက် ရှိသည်။ မှန်တင်ခုံ၊ ဘီဒို၊ စလောင်း ၊ တီဗွီအပြည့်အစုံရှိသည်။ သို့သော် တီဗွီ မဖွင့်တတ်။

"ဆရာ့ကို ဖွင့်နည်းမေးရမယ်... "

ဒေါက်... ဒေါက်... ဒေါက်

တံခါးခေါက်သံကြား၍ အေးမွှန်တံခါးဖွင့်ပေးသည်။ ကားသမားကိုအောင်ပိုင်နှင့် လူငယ်နှစ်ယောက် အေးမွှန်ပစ္စည်း များလာပို့ပေးသည်။

"ကိုအောင်ပိုင် ဒီဟိုတယ်မှာပဲ တည်းမှာလား... "

"မဟုတ်ဘူး... မြို့ထဲမှာ... "

ဖြေပုံက တိုတောင်းသည်။ ပစ္စည်းများထားပြီးပြန် ဆင်းသွားသည်။ အေးမွှန်၏ပစ္စည်းများအားလုံး ဖြစ်သည်။

"မပြန်မချင်း ဒီမှာပဲ တည်းရမယ်ထင်တယ်... "

အေးမွှန် သဘောကျသည်။ အခန်းတံခါးကို အတွင်း မှ ခလုတ်ချပြီး ပိတ်လိုက်သည်။ ရေကအေးစိမ့်နေ၍ များများ မချိုးနိုင်။ မြန်မြန်ဆပ်ပြာတိုက် မြန်မြန်ရေပြန်လောင်း၍ ပြီးလိုက် ရသည်။ အဝတ်အစားလဲပြီးသည်နှင့်ပေါ့ပေါ့ပါးပါး နေချင်၍မရ။

ဆွယ်တာအင်္ကျီအနက်ကလေးကို ထပ်ဝတ်ထားလိုက်ရသည်။

ဒေါက်... ဒေါက်... ဒေါက်

အေးမွန်တံခါးဖွင့်ပေးလိုက်သည်။

"သြော်... ဆရာ... "

လင်းဇော်ဦးကို အခန်းပေါက်မှာ ရပ်လျက်တွေ့ရသည်။

"အဆင်ပြေရဲ့လား... ချာတိတ်... "

"ပြေပါတယ်ဆရာ... "

"ပြေရင် မပြန်မချင်း... ဒီမှာပဲ နေရမယ်... ညနေလေးနာရီခွဲလောက်ကျမှ မြို့ထဲသွားပြီး ညစာစားရင်း... ဆိုင်ကို လိုက်ပြမယ်... ရေချိုးသေးလား... "

"ချိုးတယ်... ဆရာ"

"မချမ်းဘူးလား... "

"ချမ်းတယ်... ဆရာရော ချိုးလား.. "

"ချိုးတာပေါ့... အေးစိမ့်သွားတာပဲ ကောင်းတယ်... "

"ဆရာ အနွေးထည်လဲ ဝတ်မထားဘူး... "

စပို့ရှပ်အင်္ကျီနှင့် ပေါ့ပေါ့ပါးပါးဖြစ်နေသော ဆရာ့ကို အအေးမိမှာ စိုးရိမ်မိသည်။

ဦးလင်းဇော်ဦး ပြုံးလိုက်သည်။

"ကဲ... အေးအေးဆေးဆေးနားလို့ရသေးတယ်... "

လင်းဇော်ဦးက အခန်းထဲသို့ မဝင်ဘဲ အပြင်မှ ပြောနေခြင်း ဖြစ်သည်။





"သြော်... ဆရာ... အေး... ဟို... တီဗွီ ဘယ်လိုဖွင့်ရမလဲ ဆရာ... "

"လွယ်ပါတယ်... "

လင်းဇော်ဦး အခန်းထဲသို့ ဝင်လာသည်။

"ဒီမှာကြည့် ဒီမီးခလုတ်ကို အရင်ဖွင့်... ပြီးတော့... ဟော ဒီတီဗွီခလုတ်ကို နှိပ်လိုက်... တွေ့လား... မီးလင်းလာပြီ... ပိတ်ချင်ရင်... သူ့ကိုပြန်နှိပ်... မီးလေးပိတ်သွားပြီ... "

လင်းဇော်ဦးက ပြန်ဖွင့်ပြသည်။

ပြီးတော့... ဒါက... ချန်နယ်... ရှာတာ...

"တွေ့ပြီ... သုံးမှာ... နေဦး... ထပ်ရှာကြည့်ဦးမယ်... "

ခုနစ်မှာ ကုလားမင်းသမီး ဆပ်ပြာခဲ ကြော်ငြာသော ပုံပေါ်လာသည်။

"ကိုယ်ကြည့်ချင်တာကို ပြောင်းရှာပြီးကြည့်ပေါ့.. ဒါက အသံအတိုးအကျယ်... ဒီဘက်ခလုတ်က ကျယ်တာ... "

တီဗွီပေါ်မှာ... သင်္ကေတ အမှတ်လေးက ရှေ့တိုးပြနေသည်။

"တိုးချင်ရင် ဒီဘက်ကခလုတ်နှိပ်... "

သင်္ကေတအမှတ်လေး နောက်သို့ဆုတ်သွားသည်။ အသံလည်း တိုးသွားသည်။ အေးမွန် အသေအချာ မှတ်ထားသည်။

"ရပြီလား... "

"အေးမွန်လုပ်ကြည့်မယ်ဆရာ... "

လင်းဇော်ဦးက ဘေးဖယ်ပေးသည်။ အေးမွန်ရပ်လျက် တီဗွီခလုပ်ပိတ်ခြင်း၊ ဖွင့်ခြင်း၊ လိုင်းပြောင်းခြင်း၊ အသံတိုးခြင်းများ လုပ်ကြည့်သည်။

"ဟုတ်တယ်... ရသွားပြီ... ချာတိတ်က ဉာဏ်ကောင်းပါတယ်"

ဆရာ့ကို လှမ်းကြည့်ပြီး အေးမွန် ပြုံးပြသည်။ မျက်နှာလေးက ပိုနီပြီး ပိုလှသွားသည်။

"သင့်ခ် ယူ ဆရာ... "

"အိုကေ... "

လင်းဇော်ဦး အခန်းထဲမှ ပြန်ထွက်သွားသည်။

အေးမွန်ချာနယ်ရှာသည်။ ကုလား မင်းသမီးလေးများကလျက် ပေါ်လာသည်။ ကျေနပ်သွားသည်။ ကုတင်ပေါ်မှာသွားအိပ်ပြီး တီဗွီကြည့်သည်။

"ကောင်းလိုက်တာ... ဇိမ်ရှိတဲ့ဘဝပဲ... "

ကိုယ့်ဘာသာကျေနပ်နေမိသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၃၃)

"ကဲ... ဒီဆိုင်ပဲ... ချာတိတ်... "

ညနေပိုင်းတွင် လင်းဇော်ဦးက အေးမွန်တာဝန်ယူရည့်ဆိုင်ကို လိုက်ပြသည်။ အေးမွန်ကားပေါ်မှ ဆင်းပြီး ဆိုင်ထဲ မဝင်သေးဘဲ အပြင်မှကြည့်သည်။

"လာ... ချာတိတ်... ဟိုဘက် ပလက်ဖောင်းကကြည့်"

လင်းဇော်ဦးက ဆိုင်ကို ရှင်းရှင်းလင်းလင်းကြည့်ချင်ည်။ အောင်ပိုင်ကားရွှေ့ထားလိုက်သည်။

"ကဲ... ကြည့်... "

တစ်ဖက်ပလက်ဖောင်းပေါ်က ကြည့်မှ ဆိုင်တစ်ခုလုံး ကောင်းစွာမြင်ရသည်။ အေးမွန် သဘောကျသည်။ ဆိုင်က ကားသော လမ်းကျယ်ကြီးဘေးမှာ ရှိသည်။ လမ်းထက်ပိုမြင့် လှေခါးသုံးထစ်တက်ရသည်။ လှေခါးကလည်း ဆိုင်ရှေ့

မျက်နှာစာ တစ်ခုလုံးမှာကွန်ကရစ်နှင့် လုပ်ထား၍ အကျယ်ကြီး တက်နိုင်ဆင်းနိုင်သည်။ အာစီနှင့် အခိုင်အမာ ဆောက်ထား သော ဆိုင်ဖြစ်သည်။ ကျယ်လည်း အကျယ်ကြီးမို့ ဆိုင်အကြီး စားဖြစ်သည်။ ကိုယ်တာဝန်ယူရမည့် ဆိုင်ကြီးအတွက် အား ဂုဏ်ယူမိသည်။ ကိုယ်ကိုကိုယ်လည်း ဘဝင်မြင့်ချင်စိတ် ဖြစ် ရသည်။ ဆေးသုပ်ထားသည်က အစိမ်းနုရောင်လေး မျက်စိ သည်။ ဆိုင်၏ ရှေ့ထိပ်စီးမှာ ဆိုင်းဘုတ်ကြီးတစ်ခု အင်္ဂလိပ် ရေးထားသည်။

"စနိုးကက် (ပ)"

ဆရာကုမ္ပဏီ၏ နာမည်ကို အင်္ဂလိပ်လို ရေး သည်။ အောက်ဘက်မှာ ရွှေပင်းဆန်တာ ဆိုသောစာ အင်္ဂလိပ်လိုပင်ရေးထားသည်။ ဆိုင်းဘုတ်စာတန်း၏ နှစ်ဘက် နှင်းခဲဖြူဖြူများ အုပ်ဆောင်းနေသည့် တောင်ထွတ်နှစ်ခု သရုပ်ဖော်ထားသည်။

"ကောင်းတယ် ဆရာ... သိပ်လှတာပဲ... ဆိုင်ကြီး အကြီးကြီးပဲ... အေးသဘောကျတယ်... "

"ဆိုင်ကကြီးသလို... တာဝန်လဲကြီးတယ်နော်... "

"အေး... နိုင်အောင် လုပ်မှာပေါ့ဆရာ... အကောင်း အောင် ကြိုးစားပါ့မယ်... "

အေးမွန် တကယ်ပင် လှိုက်လှဲစွာ ပြောလိုက် သည်။ ဆရာ့အပေါ်မှာထားသော စေတနာကိုလည်း ပြချင်သည်။ ကိုယ့်အစွမ်းအစကိုလည်း ပြချင်သည်။





"အကောင်းဆုံးဖြစ်ရင် ဖြစ်သလောက် ချာတိတ်ကိုလည်း ဆရာ... ထိုက်တန်အောင် ချီးမြှောက်မယ်... "

"စိတ်ချပါဆရာ... "

အေးမွန်ပို၍ အားတက်ရသည်။ ဆရာ့စေတနာကို း ယုံသည်။ ဆရာသည် အခွင့်အရေး တောင်းယူရမည့် းမျိုးမဟုတ်ဟု နားလည်သည်။

"ဒါကြောင့်မို့လဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်ကြီးတဲ့ အလုပ်ကြီးတွေကို အောင်မြင်အောင်လုပ်နိုင်တာ... သိပ် စိတ်ကူးကောင်းတဲ့ဆရာ... ဉာဏ်လဲသိပ်ရှိတယ်... လူလဲ ချွေးတတ်တယ်... "

ဆရာကို ယခင်ကအထင်ကြီးခဲ့သည်ထက် ပို၍ ထင်ကြီးရပြန်သည်။

"လာ... ဆိုင်ထဲသွားကြည့်မယ်... "

ဆရာ့မှာဆိုင်တံခါးသော့ပါလာသည်။ ဆိုင်ထဲမှာ ရောင်းခန်းများခွဲခြား ပြင်ဆင်ထားသည်။ မှန်ဘီဒိုကြီးများ ရာချထားပြီးဖြစ်သည်။ သို့သော် ပစ္စည်းများ ဘာမျှ မထည့်ရ

"ဒီနေရာက အေးမွန်ထိုင်ရမဲ့အခန်း"

ဆိုင်၏အလယ်နောက်ဖက်ကျကျတွင် မှန်များနှင့် ထားသည့် အခန်းတစ်ခုရှိသည်။ မှန်များမှာ အပြင်မှ အတွင်း မြင်ရသော်လည်း အတွင်းမှအပြင်ကို မြင်ရသည်။ အတွင်း ဘက်မှာ အခန်းကြီးနှစ်ခု ရှိသည်။ တခန်းက ဆရာ့ရှိတဲ့အခါ

ထိုင်ဖို့... နောက်တစ်ခန်းက... ဒီက ရှယ်ယာဝင် ဦးစိုင်းနွတ်... လာတဲ့အခါ ထိုင်ဖို့... "

"စာရေးနှစ်ယောက်လဲ ခန့်ထားပြီးပါပြီ၊ ဒီတောင်ကြီးကပါပဲ ဦးစိုင်းနွတ်ရဲ့... ဆွေမျိုးမကင်းတွေပါ"

အေးမွှန်ထိုင်သည့်အခန်းမှာပင် စာရေးမလေးများ ထိုင်၍ ကုလားထိုင်နှင့်စားပွဲရှိသည်။ အေးမွှန်ခေါင်းညိတ်သည်။ အားလုံးကို သဘောကျနေသည်။

"အေးမွှန်ကကောင်တာမှာ... ကြီးကြပ်ပြီး မရောင်းရဘူးလား... ဆရာ"

အေးမွှန်က ရောင်းချင်သည်။

"အစတော့ ရောင်းရမှာပေါ့... အေးမွှန်က ကောင်တာတိုင်းမှာ လှည့်ပတ်ပြီး ကြီးကြပ်ပေးရမှာ... ဒါပေမဲ့ တစ်လပါပဲ... အဲဒီ တစ်လရဲ့ နောက်ပိုင်းကျရင်တော့... အေးမွှန်က ဒီဆိုင်ရဲ့ အရှောင်းမန်နေဂျာအဖြစ်နဲ့ ဒီစားပွဲမှာ ထိုင်ရမှာ... "

လင်းဇော်ဦးက အေးမွှန်ကို လှမ်းကြည့်လိုက်သည်။ အေးမွှန်စားပွဲကို ကြည့်နေရာမှ ဆရာ သူ့ကို ကြည့်နေမှန်းသိ၍ ဆရာ့ကို ပြန်ကြည့်လိုက်သည်။ ဆရာနှင့် အကြည့်ချင်း ဆုံမိကြသည်။ ဆရာ့မျက်လုံးများ ထူးခြားစွာ အရောင်လက်နေကြသည် ထင်၍ အေးမွှန် အလိုလို မျက်လွှာချမိလျက်သား ဖြစ်သွားသည်။

"ဒီနေ့... ချာတိတ်ကို ဆရာ ထူးထူးခြားခြား စကား ပြောစရာတစ်ခုရှိတယ်... "





"ဘာများပါလိမ့်... "

အေးမွှန်ရင်ထဲမှာ လှုပ်ရှားမှုလေးဖြစ်သွားသည်။

"ဒီစကားကို ဒီဆိုင်ထဲမှာပဲ ပြောရတာ ပိုကောင်းပါတယ်"

ဆရာ စကားပလ္လင်ခံနေ၍ အရေးကြီးသော စကား ဖြစ်သည်ဟူ၍ အေးမွှန် နားလည်လိုက်ပါသည်။ ခေါင်းငုံ့လျက် နားစွင့်နေမိသည်။ သို့သော် ဆရာ့ထံမှ ဘာစကားသံမျှ ထွက်မလာ။ ဆရာ ရပ်နေသော နေရာကို လှမ်းကြည့်လိုက်သည်။ ဆရာ မရှိတော့ပါ။

"ဟင်... "

အေးမွှန် အံ့အားသင့်သွားသည်။

"ဒီဘက်အခန်းကိုလာခဲ့... ချာတိတ်... "

ဆရာက သူ့အတွက်ဆိုသော အခန်းထဲသို့ ရောက်သွားပြီ။ အေးမွှန် ဆရာ့အခန်းထဲသို့ ဝင်သွားရသည်။ ဆရာက စားပွဲကြီး၏ နောက်မှ ဆုံလည် ကုလားထိုင်မှာ ထိုင်နေသည်။

"ချာတိတ်ကို အစကတော့ အရောင်းအင်ချာ့(ဂျ်) ခန့်ဖို့ ဆရာ စဉ်းစားခဲ့တာပဲ... "

"ခုရော... "

အေးမွှန်ရင်ထဲမှာ ထိတ်လန့်မှုတစ်မျိုး ဖြစ်ရပြန်သည်။ ဆရာက စကားမဆက်သေးဘဲ အေးမွှန်ကို လှမ်းကြည့်နေသည်။

"ဒါပေမဲ့ ခုတော့... အခြေအနေအရ ဆရာ စိတ်ပြောင်းသွားပြီ... "

"ရှင်... "

"ဒီဆိုင်အင်အား ပြည့်စဖွင့်တာနဲ့ အင်ချာ့(ချ်)တစ်ယောက် အရောင်းမန်နေဂျာ တစ်ယောက်ထားမယ်လို့ စိတ်ကူးထားတာ... ဒါပေမဲ့ ဒီဆိုင်ရဲ့အနေအထားက အဲဒီလို နှစ်ယောက်ထားဖို့လဲ မလိုဘူး။ နောက်ပြီး အရောင်းမန်နေဂျာခန့်ဖို့လဲ... ဆရာစဉ်းစားကြည့်တာ တစ်ယောက်မှ စိတ်ကြိုက်မရသေးဘူး

ဒီတော့... အင့်ချာ့(ချ်)မထားတော့ဘူး... ချာတိတ်ကပဲ အင်ချာ့(ချ်)ရော အရောင်းမန်နေဂျာအနေနဲ့ပါ တာဝန်ယူရမယ် မန်နေဂျာလဲ မရှိဘူး။ ဒီဆိုင်ဟာ ချာတိတ် စိတ်ကြိုက် လုပ်ခွင့်ရတဲ့ ဆိုင်ဖြစ်သွားမယ်... "

"ဆရာရယ်... "

ရင်ထဲမှာတင် ခေါ်လိုက်မိခြင်း ဖြစ်ပါသည်။ သို့သော် မျက်ရည်များကတော့ မျက်လုံးအိမ်မှာ ဝေ့ဝဲလာကြသည်။

"ချာတိတ် လုပ်နိုင်မယ်လို့ ဆရာယုံတယ်... "

"ကြိုးစားပါမယ့်ဆရာ... "

အေးမွန်အသံမှာ တုန်ခါမှု ပါနေသည်။

"လစာကိုလဲ အရင် ငါးထောင်ပြောထားရာကနေ ခြောက်ထောင့်ငါးရာအထိ တိုးပေးမယ်... "

ဆရာ့ကို လှမ်းကြည့်လိုက်မိသည်။

ကျေးဇူးတင်ခြင်း၊ ဝမ်းသာကြည်နူးခြင်းတို့ကို ထိန်းချုပ်မရ၍ မျက်ရည်များက မျက်လုံးအိမ်မှ လျှံကျလာကြသည်။

"ဟော့ ချာတိတ်... ဘာလို့ မျက်ရည် ကျနေရတာလဲ... "





"ဝမ်းသာလို့ပါ ဆရာ... "

ဆရာ့ထံမှ ရယ်သံထွက်လာသည်။

"ဝမ်းသာတာများ ငိုရတယ်လို့ ချာတိတ်ရယ်... "

"တီသုံးလုံး ကုမ္ပဏီရဲ့ ကုန်တိုက်မှာ လုပ်ကိုင်ပုံနဲ့ စာရင်းဇယားထားပုံတွေ သေသေချာချာ လေ့လာခဲ့တယ်မို့လား"

"လေ့လာခဲ့ပါတယ်ဆရာ... တခြား ကုန်တိုက်တွေလဲသွားပြီး ပြင်ဆင်ပုံ ပစ္စည်းထားပုံ စာရင်းဇယားလုပ်ပုံ တော်တော်ပုံအောင် မေးပြီးလာလေ့လာခဲ့ပါတယ်... စာရင်းထားပုံ နမူနာတွေပါ ယူလာခဲ့တယ်... "

အေးမွန် ကြိုတင်ပြင်ဆင်လာခဲ့သည်များမှာ အသုံးဝင်နေသည်။

"အေး ဆရာပေးရတာ တန်ပါတယ်... ချာတိတ်က အားကိုးလောက်တယ်ဆိုတာ ဆရာ သိပြီးသားပါ... "

ရှေ့တင် ချီးမွမ်းနေ၍ အေးမွန် ရှက်ရွံ့စွာ ပြုံးလိုက်သည်၊ အေးမွန်ကိုကြည့်ပြီး လင်းဇော်ဦးပါ ပြုံးနေသည်။

"ဟင်း ဆရာက အလုပ်စကားပြောမှာမို့ သူ့အခန်းထဲက သူ့ကုလားထိုင်မှာ သွားထိုင်တာကိုး... ထိုင်ပုံကလဲ တကယ့်စတိုင်ကြီးနဲ့... "

လင်းဇော်ဦးကို ကြည့်ပြီး အေးမွန် တွေးမိခြင်း ဖြစ်သည်၊ ထပ်ပြီး ပြုံးလိုက်ချင်သေးသည်။ သို့သော် ဆရာကို ရယ်သလို ဖြစ်မှာစိုး၍ မပြုံးဝံ့။ သူက စနိုးကက်(ပ်) ကုမ္ပဏီ၏ အကြီးဆုံးလူကြီး။

"မနက်ဖြန်က မနက်ရှစ်နာရီက စပြီးအလုပ်ဝင်ရမယ်။ စာရေးမလေးနှစ်ယောက်နဲ့ အရောင်းမိန်းကလေးတွေ အားလုံးလဲ ဦးစိုင်းနွတ်ကို အခေါ်ခိုင်းထားပြီ..

သူတို့ကို ကိုယ့်ကောင်တာနဲ့ကိုယ် ခွဲပေးပြီး ပစ္စည်းတွေကောင်တာမှာ အတင်ခိုင်းမယ်... လှလှပပဖြစ်အောင် ပြင်ပေးရမယ်... စာရေးမလေးတွေက စာရင်းဇယားတွေ အားလုံး စနစ်တကျ ရေးသွင်းရမယ်... "

"ဟုတ်ကဲ့ပါ... ဆရာ... "

အေးမွန်ဆရာ့ကို အလုပ်ရှင်အဖြစ် လေးစားသောလေသံနှင့် ပြောခြင်းဖြစ်သည်။

"သူတို့ကို အင်္ဂလိပ်လိုလဲ အတော်အသင့် ပြောတတ်အောင် ချာတိတ်သင်ပေးရမယ်... "

"ဆရာလဲ သင်ပေးမှာပေါ့.. "

အေးမွန် ကိုယ်ဘာသာ သင်နိုင်လောက်သည် မထင်သေးပါ။

"လိုအပ်တာကျရင် ဆရာလဲ သင်ပေးမှာပေါ့.. "

"အေးမွန်နေရမဲ့အိမ်က ဒီဆိုင်နဲ့ဝေးလား ဆရာ... "

"ဪ... ဟုတ်တာပေါ့.. ဝေးတယ်... တော်တော်လေးဝေးတယ်... လာသွားကြည့်ကြမယ်... "

လင်းဇော်ဦး ဆိုင်ရှေ့သို့ ပြန်ထွက်၍ အေးမွန် နောက်မှ လိုက်ပါရသည်။

"အောင်ပိုင်ရေ.. ဒီတံခါးသော့ပိတ်လိုက်ဟေ့... "





သော့ခလောက် ထားခဲ့သော်လည်း သော့တွဲကိုဖြုတ်ယူလာခဲ့သည်။ လင်းဇော်ဦး ဆိုင်းဘေးဘက်မှ လှည့်ပတ်၍ နောက်ဘက်သို့ ထွက်သော ဘေးကလေးကို အေးမွန်ကို ခေါ်သွားသည်။

အုတ်လှေခါးလှေးမှ တဆင့် အောက်ဘက်သို့ ဆင်းရသည်။ အုတ်လှေခါးဘေးမှာ ချယ်ရီပင်များ တန်းစီနေသည်။ အောက်ဘက်တွင် တစ်ထပ်ခွဲပုံစံနှင့် ဆောက်ထားသော တိုက်လေးတစ်လုံး တွေ့ရသည်။

"ဒီ... အိမ်ပဲ... "

"ဟင်... ဆရာကလဲ အဝေးကြီးဆိုပြီး... "

အေးမွန် စကားကြောင့် လင်းဇော်ဦး ပြုံးသည်။ ပြီးတော့ သော့တွဲမှ သော့တစ်ချောင်းနှင့် အိမ်ရှေ့တံခါးကို ဖွင့်သည်။ အပြင်မှကြည့်လျှင် ရှေးခေတ်လက်ရာပုံ ဖြစ်သော်လည်း အတွင်းပိုင်းမှာ ပြန်ပြင်ထားသည်။

"ဒီအောက်ထပ်မှာ ချာတိတ်တို့ နေဖို့ လုပ်ထားတယ်... အိပ်ခန်းနှစ်ခန်းပါတယ်... ဧည့်ခန်းရှိတယ်... ထမင်းစားခန်းရှိတယ်... မီးဖိုဆောင် တွဲရက်ရှိတယ်... "

လင်းဇော်ဦးက နောက်ဖက် တံခါးဖွင့်ပြသည်။

"မီးဖို ဆောင်ရဲ့ နောက်ဖက်မှာ ကားဂိုဒေါင်နဲ့တွဲရက်... ဒရိုင်ဘာနေတဲ့အိမ်ရှိတယ်... အခု အောင်ပိုင် အဲဒီအိမ်မှာ နေတာပေါ့.. "

"ဪ... "

ကိုအောင်ပိုင်က မြို့ထဲမှာ နေသည်ဟု ပြောသည်ကို အေးမွန် နားလည်သွားပါသည်။

"အပေါ်ထပ်က ဘယ်သူနေမှာလဲ ဆရာ... "

အိမ်ရှေ့ဘက်မှာ အပေါ်တက်သော လှေခါးကို အေးမွန် တွေ့ခဲ့သည်။

"အပေါ်ထပ်က ဘယ်သူမှ မနေပါဘူး... ရည်ရွယ်တာက ဆရာနေဖို့အတွက် ပြင်ဆင်ထားတာပါ... ဒါပေမဲ့ သိပ်နေဖြစ်မှာ မဟုတ်ပါဘူး... လာတဲ့အခါပါရာဒိုက်စ်မှာနေတာက များမှာပါ... လာ အပေါ်သွားကြည့်ရအောင်... "

အိမ်ရှေ့ဘက် လှေခါးမှတဆင့် အပေါ်တက်ခဲ့ကြသည်။ အပေါ်ထပ် သော့ကို လင်းဇော်ဦး ဖွင့်သည်။ အပေါ်ထပ်မှာ အကျယ်ကြီး ဖြစ်သည်။ အကောင်းစား ပြင်ဆင်မှု လုပ်ထားသည်။ နံရံများအားလုံး ဆေးသုတ်ထားသည်။ မျက်နှာကျက် ကျောက်ပြားများ အသစ်လဲပြီး ဆေးသုတ်ထားသည်။

ရှေ့ပိုင်း ခန်းကျယ်ကြီးမှာ ဆိုဖာ ဆက်တီတစ်စုံ ချထားသည်။ စာရေးစာကြည့်ရန် စားပွဲကြီးတစ်လုံးနှင့် သားရေဖုံး ဆုံလည်ကုလားထိုင်ရှိသည်။ ဒရင်းဘက် အကြီးစား တစ်ခုရှိသည်။ နောက်ဘက်မှာ အိပ်ခန်းနှစ်ခန်း ရှိသည်။ လင်းဇော်ဦးက အိပ်ခန်းများကို ဖွင့်ပြသည်။ အိပ်ခန်းတိုင်းမှာ ရေချိုးခန်း အိမ်သာခန်းတွဲထားသည်။

"တစ်ခန်းက ဘယ်သူနေဖို့လဲဆရာ... "

"ဧည့်သည်လာရင် နေဖို့ပါ... ချာတိတ် ဒီအိမ်မှာ စနေပြီ





ဆိုရင် ဒီရှေ့ခန်းမှာ တီဗွီ အထက်စက် အောက်စက်လဲထားဖို့ အစီအစဉ်လုပ်ပြီးသားပါ။ ချာတိတ် ကြည့်နိုင်တာပေါ့... "

"ဆရာလာရင်လဲ ဒီမှာပဲ နေပေါ့ဆရာ... ကိုယ့်အိမ်က ကောင်းတာပဲ... ဟော်တယ်မှာတည်းရင် ပိုက်ဆံအပိုကုန်တာပေါ့... "

လင်းဇော်ဦးက အေးမွန်ကို လှမ်းကြည့်လိုက်သည်။

"ဆရာ လာနေရင်... ဟင်း ကောင်းကောင်းချက်ကျွေးမှာပေါ့... "

"ဟော်တယ်လောက်ကောင်းအောင် ချက်တတ်လို့လား..."

"ဟော်တယ်ထက် ပိုကောင်းအောင် ချက်မှာပေါ့ ဆရာ..."

လင်းဇော်ဦး သဘောကျ၍ ရယ်သည်။

"ဒါဆိုရင် ဆရာ လာတည်းမယ်... "

"ကောင်းတယ်... "

အေးမွန် ဝမ်းသာသွားသည်။

"ချာတိတ် ဆာပြီလား... "

လင်းဇော်ဦးက နာရီကိုလှမ်းကြည့်လိုက်သည်။ ငါးနာရီထိုးပြီ။

"မဆာသေးပါဘူး ဆရာ... "

"ဒါဆိုရင် လာ ချာတိတ်အတွက် တောင်ကြီးရာသီဥတုနဲ့ သင့်မဲ့ အနွေးထည်တို့ ဝတ်စုံတို့ သွားဝယ်ရအောင်... "

"မဝယ်တော့ဘူး ဆရာ... တော်ကြာ အေး လစာ ကျန်မှာ

ခဲ့ဟုတ်တော့ဘူး... ”

“ဟ ဘာလို့ လစာမကျန်ရမှာလဲ.. ဒါတွေအားလုံး ချာတိတ်ကို ဆရာဝယ်ပေးတာပဲ... ”

“ဟင့်အင်း... မပေးပါနဲ့ဆရာ... အများကြီးပဲ အေးလစာကပဲ ဖြတ်ပါ... ”

“ဟာ... မဟုတ်တာ ချာတိတ်ရာ... ဒါတွေဟာ ဆရာတို့ကုမ္ပဏီ လုပ်ငန်းရှင်တွေရဲ့ တာဝန်ပဲ... ဒီလို အေးတဲ့နေရာမှာနေရင် ရာသီဥတုနဲ့လိုက်ဖက်တဲ့ ဝတ်စုံဝယ်ပေးရတယ် နောက်ပြီး ဒီက လူတွေက ကောင်းကောင်းဝတ်နိုင်တယ်... လှလှပပလဲ ဝတ်လေ့ရှိတယ်... ကိုယ်က သူတို့မြို့မှာ သူတို့လို မဝတ်နိုင်ရင်... အထင်သေးမှာပေါ့...

ချာတိတ်ကို အထင်သေးလို့ မဖြစ်ဘူး... ကိုယ်က သူတို့ကို အုပ်ချုပ်ရမဲ့လူ... သူတို့ သဘောကျ အထင်ကြီးအောင် ဝတ်တတ်ဆင်တတ်လဲရှိမှ ဩဇာရှိမှာ လာပါ... ဒါတွေဟာ လုပ်ငန်းသဘောအရ ရင်းနှီးမှု မြှုပ်နှံမှုထဲမှာပါတယ် ချာတိတ်ရ ဆရာနားလည်ပါတယ် ကဲ သွားစို့... နက်ဖြန်ကာ မနက်ကျတော့ အချိန်မရဘူး... ဈေးဝယ်ပြီးမှ ညစာ စားကြတာပေါ့... ”

အေးမွန် ဆရာ့ကို ဘာပြန်ပြောရမှန်းမသိပါ။ ထပ်ဆင့်ကျေးဇူးတင်စိတ်တွေ ကြီးမားစွာဖြစ်ရရုံမှအပ ဘာမျှလည်း ပြန်မပြောနိုင်တော့ပါ။

❀ ✣ ❀ ✣ ❀ ✣ ❀

မြူးပန်းတစ်ရာစာပေ

# အပိုင်း (၃)

မြူးပန်းတစ်ရာစာပေ

## အခန်း (၃၄)

ပါရာဒိုက်မှအခန်းသို့ အေးမွန် ပြန်ရောက်သောအခါ ပလပ်စတစ်အိတ်များနှင့် ထည့်ထားသည့် ဝတ်စုံများ တစ်ပွေ့တပိုက်ကြီး ပါလာသည်။ ဘောင်းဘီရှည်လေးထည်၊ သားမွေးကုတ်တစ်ထည်၊ ယုံမွေးဆွယ်တာတစ်ထည်၊ မိန်းမဝတ် ဂျာကင်တစ်ထည်နှင့် စပို့ရှပ် လက်ရှည်နှစ်ထည် ဖြစ်သည်။ ရှူးဖိနပ် နှစ်ရံနှင့် ဦးထုပ်သုံးလုံး ပါသေးသည်။

အရောင်အသွေးကအစ အားလုံး ဆရာ့စိတ်ကြိုက် ရွေးချယ်ပေးသည်ချည်း ဖြစ်သည်။ ဆရာကြိုက်သည်များကိုပင် အေးမွန်ကိုယ်တိုင်လည်း ကြိုက်နေမိသည်။

ပစ္စည်းတွေ တပွေ့တပိုက်ကြီး ရလာသလို ကျေးဇူးတွေ တပွေ့တပိုက်ကြီး ဖြစ်နေပြီဟုလည်း အေးမွန် ခံစားနားလည်ရသည်။ ဆရာကတော့ ဤမျှ ဝယ်ပေးရသည်ကိုပင် ဘာမျှမဟုတ်သလို။

ညပိုင်းတွင် ဆရာများ တံခါးခေါက်ပြီး ရောက်လာဦးမည်လော။ တစ်စုံတစ်ရာ ပြောစရာရှိ၍ လာပြောလေမည်လားဟု အေးမွန်၏ မသိစိတ်က တယ်လီဗေးရှင်း ကြည့်ရင်း မျှော်နေမိသေးသည်။ သို့သော် ဆရာကမလာ။

"အေးလေ... ဆရာက စည်းကမ်းရှိတဲ့လူပဲ လူငယ်ဖြစ်ပေမဲ့ လူကြီးပီသတဲ့ အလုပ်ရှင်ပဲ မိန်းကလေးရဲ့ အခန်းဘက်ကို ဘယ်လာပါ့မလဲ... "

ဆရာ့ကို ပို၍ အထင်ကြီး လေးစားရသည်။

❖ ✣ ❖ ✣ ❖ ✣ ❖



အခန်း (၃၅)

ဒေါက်... ဒေါက်... ဒေါက်... ။

"ဟင်... "

အေးမွန် ရေချိုးရန် ရေချိုးခန်းသို့ ဝင်ခါနီးဖြစ်သည်။ ...မီရင်လျားနှင့်။

"ဘယ်သူလဲ... "

အေးမွန်အတွင်းမှ လှမ်းမေးလိုက်သည်။

"ဆရာပါ.. မနိုးသေးဘူးလားလို့... "

"နိုးပြီဆရာ... ရေချိုးမလို့... "

"အေး.. အေး ချိုးချိုး... "

တော်ပါသေးရဲ့ အေးမွန် စိတ်အေးသွားရသည်။ ...ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ ချမ်းသော်လည်း ရေကို နွေးနွေးစပ် ...ြီး ချိုးလိုက်သည်။ ဆရာစောင့်နေဟန် တူသည်။ မြန်မြန်ချိုး

ရသည်။

ရေချိုးစဉ်က ရေနွေးမို့ မချမ်းသော်လည်း ရေချိုး သည်နှင့် အေးစိမ့်နေ၍ တစ်ကိုယ်လုံးကို မွေးပွတဘက်ကြီး မြန်မြန်သုပ်ပစ်ရသည်။ ဘောင်းဘီရှည်အနက်နှင့် သားမွေးအင် အဖြူကြီးကို ဝတ်လိုက်သည်။

"မှတ်ထား... ဆံနွံကျင်ဘက်အရောင်... "

ဆရာ ဘာပြောမည်ကို အေးမွန်သိချင်သည်။ ဦးထုပ် ဆောင်းရန် ကျန်သေးသည်။

"ဘယ်ဦးထုပ် ဆောင်းရမလဲ... "

ဆရာ ဝယ်ပေးထားသည်က သုံးလုံးဖြစ်သည်။ အဖြူ နှင့်အနက်ရောစပ်ထားသော ဦးထုပ်ကို ဆောင်းလိုက်သည်။

"အို... လှလိုက်တာ... "

မှန်ထဲမှာ ကြည့်လိုက်တော့ ကိုယ့်ရုပ်ကိုယ်ပင် မှတ် မိအောင် သဘောကျနေသည်။ ထုံးစံအတိုင်း မိတ်ကပ်ပါး လေး လိမ်းလိုက်သည်။ ပါးမို့လေးကို ပို၍နီအောင် ဆေးဆိုးလိုက် သည်။ ရှမ်းမလေးများလို ပါးမို့နီနီလေး ဖြစ်သွားပြီ။ နှုတ်ခမ်း ကိုလည်း ဆေးဆိုးမှုန်း သိသာရုံလေး ဆိုးထားလိုက်သည်။

တော်ပြီ။ အိတ်အနက်လေးကို ဆွဲယူ၍ အခန်းထဲမှ ထွက်လိုက်သည်။ ဆရာ့အခန်းက ပိတ်လျက်။ ဆရာအခန်းထဲမှာ ပင်ရှိမည်ထင်၍ တံခါးခေါက်လိုက်သည်။

ဒေါက်... ဒေါက်... ဒေါက်... ...

တံခါးဖွင့်သံ ကြားရသည်။ ဆရာ့ကို တွေ့ရသည်။





"အား... လှလိုက်တာ ချာတိတ်ရာ... "

ဆရာ၏ အားပါးတရ ချီးကျူးစကားကို ကြားရ၍ ပြင် ကျိုးနပ်သွားပြီ။

"ဆရာကမှ တကယ် သားနားတာ... "

လင်းဇော်ဦးက ဘောင်းဘီအနက်၊ ကုတ်အနက်နှင့် က်)တိုင်အနက်က ရှပ်အဖြူပေါ်မှာ တကယ်ကို ဥရောပ အပြည့်နှင့် ဖြစ်သည်။

"သားနားရင်... အဖေအလုပ်ဆင်းရမှာပေါ့... "

ဆရာက ပြန်နောက်သည်။

"အခုဟာက အေး အလုပ်ဆင်းရမှာဆရာ... "

အေးမွန်က တရင်းတနှီး ပြန်ပြောလိုက်သည်။

"အတူတူပဲပေါ့... ဆရာလဲ အလုပ်ဆင်းရမှာပေါ့... လာ ခုနစ်နာရီခွဲပြီ ဘရိတ်ဖတ်(စ်) စားပြီး ဆိုင်သွားရမယ်... "

လင်းဇော်ဦး သူ၏ အတက်ချိကွေ့စ်ကိုယူ၍ အခန်း ထွက်လာသည်။ အေးမွန်က လင်းဇော်ဦး၏လက်မှ အတက် ကွေ့စ်ကို လှမ်းယူလိုက်သည်။ ပီအေမလေးနှင့် တူသွားသည်။ ဒိက်စ်ဟော်တယ်ရှေ့မှာ အောင်ပိုင်က ပါဂျဲရိုးကားပေါ်မှာ ကျက် အသင့်စောင့်နေသည်။ လင်းဇော်ဦးနှင့်အေးမွန် ဆရာ ည့်နှစ်ယောက် ကားပေါ်ရောက်သည်နှင့် ပါဂျဲရိုးက စလိမ့် ည်။

"အောင်ပိုင်ရေ... ရှမ်းခေါက်ဆွဲ စားမယ်... ပြီးရင် ငါတို့ ဆိုင်သွားမယ်... "

ကားက အရှိန်နှင့် မောင်းထွက်သွားသည်။ သူတို့ ဆရာတပည့်ချင်း နားလည်ကြဟန် တူပါ၏။ လမ်းမတန်း မဟုတ်သော အိမ်တစ်အိမ်သို့ ရောက်သွားသည်။ အိမ်ရှေ့မှာ ကားများ ဆိုင်ကယ်များ၊ စက်ဘီးများ ရပ်ထားသည်။

အလှူအတန်း ကျွေးနေသည်နှင့်ပင် တူသေးတော့သည်။ စားနေသူတွေ အများကြီး။ ဆိုင်မှ မိန်းကလေးတစ်ဦးက အေးမွန်နှင့်လင်းဇော်ဦးကို စိန်ပန်းပြာပင်အောက်မှ စားပွဲခုံပုလေးမှာ နေရာချပေးသည်။

ရောင်းသည့် ကောင်တာရှေ့မှ စားပွဲရှည်ကြီးမှာ စားသူများနှင့် ပြည့်နေသည်။ လူအချို့လည်း အေးမွန်တို့လိုပင် သစ်ပင်လေးများအောက်မှ စားပွဲများမှာ စားနေကြသည်။

"တို့ဖူးနွေးနှစ်ပွဲ... "

လင်းဇော်ဦးက သူနှင့်အေးမွန်အတွက် မှာသည်။

ကားသမားအောင်ပိုင်ကတော့ ရောင်းသူ၏ ဘေးမှာ ရပ်လျက် ရှမ်းခေါက်ဆွဲပြုတ် နှစ်ပွဲမှာစားသည်။ တိုဖူးနွေးကို အေးမွန် တစ်ခါမျှ မစားဘူးပါ။ သို့သော် တစ်ခါစားသည်နှင့် ကြိုက်သွားသည်။

ဆိုင်မှမိန်းကလေးက ရေနွေးကြမ်း လာပေး၍ အချိန်ပြေ ရေနွေးကြမ်းသောက်ရသည်။

"ဟေး... ချာတိတ်... ဒီနေ့မနက် ချာတိတ်နဲ့အရေးတကြီး ပြောစရာ စကားတစ်ခုရှိသေးတယ်... "

လုပ်ပြန်ပြီဆိုသော အဓိပ္ပါယ်နှင့် လင်းဇော်ဦးကို





အေးမွန် လှမ်းကြည့်လိုက်သည်။

"အရင်ကတော့ တို့ဘာသာ ချာတိတ်တွေ... ဆရာတွေ ခေါ်တာ ဘာမှ အရေးမကြီးဘူး ခုဟာက ကုမ္ပဏီပိုင်ရှင်နဲ့ တောင်ကြီးဆိုင်ခွဲရဲ့ အရောင်းမန်နေဂျာ အနေနဲ့ အခေါ် ပြောင်းကြမှဖြစ်မယ်... "

အေးမွန် ပြုံးလိုက်သည်။

"ဘယ်လို ပြောင်းရမှာလဲ ဆရာ... "

"မသိဘူးလေ... အဲဒါကို ချာတိတ်နဲ့ တိုင်ပင်ချင်တာ... "

အေးမွန် စဉ်းစားသည်။

"အေးက ဆရာလို့ ခေါ်တာတော့ ဘာမှ ပြောင်းစရာ မလိုဘူးထင်တယ်... "

အေးမွန်က သူ့အခေါ်ကို မပြင်ချင်။

"ဟာ မကောင်းပါဘူး... မရင်းနှီးသလိုပဲ စဉ်းစားကြည့်ပါဦး"

"အေးမွန်နဲ့ဆရာ နှစ်ယောက်ထဲဆိုရင်ရော... "

"ခေါ်ရတယ် သူတို့ရှေ့မှာတော့ အဲဒီလို မခေါ်နဲ့... "

"ဒါဖြင့် ဘယ်လိုခေါ်ရမလဲ ဆရာ... "

"မသိဘူး... "

"သူဌေးလို့... မခေါ်ချင်ဘူးဆရာ... "

"ဟာ... မခေါ်ပါနဲ့ ဆရာလဲ မကြိုက်ဘူး... တကယ်တော့ သူဌေးလဲ မဟုတ်ပါဘူး... နိုင်ငံတကာ လုပ်ငန်းရှင်ကြီးတွေနဲ့ ယှဉ်လိုက်ရင် ဘာမှ မဟုတ်ဘူး... "

"အစ်ကိုကြီးလို့ ခေါ်ရင်ရော... "

လင်းဇော်ဦး စဉ်းစားသည်။

"ကောင်းပါ့မလား.. "

"ကောင်းပါတယ်... "

"ဒါဖြင့် ခေါ်... "

"ဒါဆို နှစ်မျိုး ပြောင်းမခေါ်တော့ဘူး ဆရာ ကြာရင်မှားကုန်မှာစိုးလို့ အစ်ကိုကြီးလို့ပဲ အမြဲတမ်း ခေါ်တော့မယ်... "

လင်းဇော်ဦး စဉ်းစားသည်။

"အစ်ကိုကြီးဆိုတော့ ကိုယ်က သိပ်မှအသက်မကြီးသေးပဲ"

"ဒါဆိုရင် အစ်ကိုလေး ခေါ်ရမလား.. "

အေးမွှန် နောက်မေးခြင်းဖြစ်သည်။

"ဟာ... မလုပ်နဲ့... အစ်ကိုကြီးကမှ တော်သေးတယ်... "

"ဒါဖြင့် အများရှေ့မှာရော နှစ်ယောက်ထဲရော အစ်ကိုကြီးလို့ပဲ ခေါ်မယ်နော်... "

"ရတယ်... ချာတိတ်ကိုရော ဘယ်လိုခေါ်ရမလဲ... နေဦး.. ချာတိတ် နာမည် အပြည့်အစုံက... "

ချာတိတ်ဟုသာ ခေါ်နေ၍ အေးမွှန်၏နာမည်ကိုပင် လင်းဇော်ဦး မေ့နေပြီ။

"အေးဆုမွှန်... လေ... ဆရာ... "

အေးမွှန်က ဆုပါသော နာမည်ကို ပြောလိုက်သည်။

"အား ဟုတ်သားပဲ အေးဆုမွှန်... ဆရာက ဒေါ်အေးဆုမွှန်လို့ ခေါ်ရမလား.. "

"ဟင့်အင်း ဆရာကလဲ... မကောင်းပါဘူး... အေး... လို့ပဲ





ခေါ်ပေါ့.. "

"အေး... တစ်လုံးထဲလား.. "

အေးမွှန် ခေါင်းညိတ်သည်။

"ခေါ်ရတာ ခပ်ခက်ခက်ပဲ... "

"ဆရာကလဲ... တစ်လုံးတည်း ခေါ်ရတာ ပိုတောင်လွယ်ဦးမယ်... "

"ရပါတယ်လေ... ကြိုးစားကြည့်ရမှာပေါ့.. သူတို့ကပါလိုက်ခေါ်ရင်... ဟာ မခေါ်ရပါဘူး.. သူတို့ အများစုက ချာတိတ်ထက် ငယ်မှာပါ.. ချာတိတ်က သူတို့ထက် ရာထူးလဲကြီးတယ်ဆိုတော့.. မမအေး... လို့ ခေါ်ရမှာပေါ့.. ဒါမှ အဟန့်ရှိမယ်... အုပ်ချုပ်ရတာလဲ သြဇာရှိမယ်... "

ဆရာ စိတ်ကူးကောင်းသည်ကို အေးမွှန် သဘောကျ ...န်သည်။

"ကဲ... ဒါဆိုရင် အခုအချိန်ကစပြီး အခေါ်ပြောင်းကြမယ်နော်.. "

"ဟုတ်ကဲ့ပါ အစ်ကိုကြီး... "

"ဟာ... အေးက သိပ်တော်တာပါလား.. "

လင်းဇော်ဦးကလည်း ချက်ချင်းပြောင်းပြောနိုင်လိုက် ...နှစ်ဦးသား ရယ်လိုက်ကြပြီးမှ ရယ်သံ နည်းနည်းကျယ်သွား ...သည်ကို သတိထားမိကြသည်။ ပတ်ဝန်းကျင်ကို အားနာကြည့် ...ကြည့်လိုက်ကြသည်။

❀ ✣ ❀ ✣ ❀ ✣ ❀

## အခန်း (၃၆)

လင်းဇော်ဦးနှင့်အေးမွန်ရောက်သွားတော့ ဆိုင်မှာ အားလုံး လူစုံနေပြီ။ ဦးစိုင်းနွတ်ပါ ရောက်နေပြီ။ ကားနှစ်စီးနှင့် ပစ္စည်းများလည်း သည်ချနေကြပြီ။ စာရေးမလေး နှစ်ယောက်နှင့် အရောင်းမိန်းကလေးများမှာ အေးမွန်ကိုကြည့်ပြီး အံ့ဩသဘောကျဖြစ်နေကြသည်။

ဦးစိုင်းနွတ်နှင့် အေးမွန်တို့လည်း ကိုယ့်နေရာမှာ ကိုယ်ထိုင်ကြသည်။ စာရေးမလေးများလည်း သူတို့နေရာမှာ သူတို့ထိုင်ကြသည်။

လင်းဇော်ဦးက ဆိုင်ထဲမှ ကောင်တာတစ်ခု ရှေ့မှာရပ်နေသည်။ ဦးစိုင်းနွတ်က လင်းဇော်ဦးဘေးမှာ ရပ်လျက်... ။ အေးမွန်နှင့် စာရေးမလေးနှစ်ယောက်တို့ လင်းဇော်ဦး ရှေ့မှာ ရှိနေသည်။

"ကဲ... အရောင်းမိန်းကလေးတွေ အားလုံးလာကြ... သမီးတို့က အဲဒီမှာ တန်းစီရပ်လိုက်ကြ... "

ဦးစိုင်းနွတ်က မိန်းကလေးများကို ခေါ်လိုက်သည်။ မိန်းကလေး ၈-ယောက် ရုံးခန်းထဲမှာ တန်းစီလျက် ရပ်နေကြသည်။ ဝတ်စုံမပေးရသေး၍ ကိုယ်ကြိုက်သလို ဝတ်ဆင်လာကြသည်။ ဝတ်စုံချုပ်ရန် အရောင်ရွေးရန် အေးမွန်စိတ်ထဲမှာ စဉ်းစားနေသည်။

"ကဲ... အခု ရောက်နေကြတဲ့ လူအားလုံးဟာ တောင်ကြီးမြို့မှာ ဖွင့်တဲ့ စနိုးကက်ဆိုင်ကြီးရဲ့ ဝန်ထမ်းအားလုံးပါပဲ..."

"အရင်ဆုံး မိတ်ဆက်ကြရအောင်... "

လင်းဇော်ဦးက စကားစတင်လိုက်သည်။

"ဒီဘေးက ရပ်နေတာတော့ ဒီကုမ္ပဏီရဲ့ ရှယ်ယာအဖွဲ့ဝင် ဦးစိုင်းနွတ်... အားလုံးသိကြမှာပါ.. "

ဦးစိုင်းနွတ်က ပြုံးပြသည်။ အေးမွန် ဦးစိုင်းနွတ်ကို လှမ်းကြည့်သည်။ အသက်ငါးဆယ်ခန့်ရှိမည်။ အသားဖြူသည်။ မျက်နှာပုံပန်းမှာ တိုင်းရင်းသားများတွင် တွေ့မြင်ရလေ့ရှိသည့် အတိုင်း ရိုးသား၍ သဘောကောင်းသောပုံဖြစ်သည်။ မျက်ခုံးထူသည်။ မျက်လုံး အရောင်တောက်သည်။ နှုတ်ခမ်းမွေးထား၍ အသက်ထက်ပိုပြီး ရင့်ကျက်ဟန် ထင်ရသည်။ ဆက်ဆံ၍ ကောင်းမည်သူဟု အေးမွန် အကဲခတ်မိသည်။

"ဦးစိုင်းနွတ်ဟာ ဒီဆိုင်ကြီးရဲ့ တာဝန်ခံလဲ ဖြစ်ပါတယ်... ဒီဆိုင်ကြီးကို အနီးကပ် ကြီးကြပ် အုပ်ချုပ်ရမဲ့သူလဲ ဖြစ်ပါ





တယ်... အရောင်းမန်နေဂျာအနေနဲ့ ဆိုင်နဲ့ပတ်သက်ပြီး တစုံတရာ အခက်အခဲရှိရင် အရင်ဆုံး ဦးစိုင်းနွတ်ကို တင်ပြပြီး ဦးစိုင်းနွတ်ရဲ့အကူအညီကို ယူရမှာ ဖြစ်ပါတယ်... "

ဦးစိုင်းနွတ် ခေါင်းညိတ်ပြသည်။

"နောက်တစ်ယောက်ကတော့ ဆိုင်ရဲ့အရောင်းမန်နေဂျာနဲ့ မိတ်ဆက်ပေးပါမယ်... ဒေါ်အေးဆုမွန်... "

လင်းဇော်ဦးက အေးမွန်ကို ညွှန်ပြသည်။ အေးမွန် ပြုံးလိုက်သည်။ မိန်းကလေးများ အေးမွန်ကို ကြည့်ပြီး သဘောကျနေကြသည်။ အေးမွန်၏ သားမွေးအကျႌ ပွပွကြီးက အသက်ထက်ပိုကြီးသည်ဟု ထင်ရသည်။ သို့သော် မျက်နှာလေးက နုပြီး ချောမောလှပနေသည်။

"ဒေါ်အေးဆုမွန်ဟာ အသက်ငယ်သေးပေမဲ့ ကုမ္ပဏီ အရောင်းဆိုင်နဲ့ ပတ်သက်လို့အတွေ့အကြုံကောင်းကောင်း ရှိထားသူဖြစ်တယ်.. ဒီဆိုင်ကိုလဲ အကောင်းဆုံးဖြစ်အောင် စီမံအုပ်ချုပ်နိုင်မယ်လို့ ကျွန်တော် ယုံတယ်...

ဒါပေမဲ့ သူက ဒီဒေသခံမဟုတ်တဲ့အတွက် ဒေသခံတွေက ဝိုင်းကူကြပါ.. "

အေးမွန် ခေါင်းညိတ်ပြသည်။

"စိတ်ချပါ ဒေါ်အေးဆုမွန်... ကျွန်တော်တို့ ကူညီမှာပေ့ါ.. လိုတဲ့အကူအညီရှိရင်လဲ ဘာမှ အားမနာနဲ့ ကျွန်တော်တို့ကို ပြောပါ.. "

"ကျေးဇူးတင်ပါတယ် ဦးစိုင်းနွတ်... "

အေးမွန်က ရင်းရင်းနှီးနှီး ပြန်ပြောသည်။

"ကျွန်တော်တို့ဆိုင် ရောင်းကောင်းမှာ သေချာတယ်... ဦးလင်းဇော်ဦး ဘာလို့လဲဆိုတော့ မန်နေဂျာမ လှလှလေးကို လာကြည့်ချင်တာနဲ့ကို ရောင်းရမှာဗျ... ဟား ဟား ဟား"

ဦးစိုင်းနွတ်က သူ့စကားသူ သဘောကျ၍ ရယ်နေသည်။ မိန်းကလေးများလည်း ရယ်ကြသည်။

"အဲ... ဟုတ်တယ် သူက မန်နေဂျာဆိုပေမဲ့ ဒီကမိန်းကလေးတွေ အရောင်းအတွေ့အကြုံ မရှိသေးတော့ ကောင်တာတိုင်းကိုလဲ သူက ကူရောင်းပေးမှာပါ.. "

"ဟာ... ဒါဆိုရင် သိပ်ကောင်းတာပေါ့ဗျာ... ကျွန်တော် ပြောတာသေချာပါပြီ... ဒေါ်အေးဆုမွန်ကို ကြည့်ချင်တာနဲ့ လာဝယ်ကြမှာ... "

အေးမွန် ရှက်ပြုံးပြုံးနေသည်က ပို၍ နုနယ်လှပစေပြန်သည်။

"ကဲ... ကျန်တဲ့ မိန်းကလေးတွေကတော့ ကိုယ့်ဘာသာ တစ်ဦးချင်း မိတ်ဆက်ကြပါဦး ဆဲလ်ဖ်အင်ထရိုပေါ့.. ကဲ စာရေးဝန်ထမ်း မိန်းကလေးနှစ်ယောက်က စလိုက်... "

လင်းဇော်ဦး၏ တိုက်တွန်းချက်အရ မိန်းကလေးများ တစ်ဦးချင် ကိုယ့်နာမည်ကိုယ် ပြော၍ မိတ်ဆက်ကြသည်။ မိတ်ဆက်တွေ့ဆုံပွဲလေးပြီးတော့ အေးမွန် ဦးဆောင်၍ ကုန်ပစ္စည်းများကို ကောင်တာရှိုးကေ့စ် အသီးသီးမှာ နေရာချထားကြသည်။

နေ့ခင်းပိုင်း ခဏနား၍ စတိုးဆိုင်မှာပင် ခေါက်ဆွဲ





ကြော်ဝယ်စားလိုက်ကြသည်။ ပင်ပန်းသော်လည်း အားလုံး တက် ကြွစိတ်နှင့် ပျော်ရွှင်နေကြသည်။

ညနေ (၅) နာရီအထိ လုပ်သည်ပင် ကောင်တာတစ်ခု သာ နေရာချထား၍ ပြီးသည်။ သို့သော် ထိုကောင်တာကိုပင် အေးမွန် စိတ်တိုင်းမကျသေး။ အားလုံးပြီးမှ အလှအပ ဖြစ်အောင် ပြန်ပြင်ရန် မှတ်သားထားလိုက်သည်။

❀ ✣ ❀ ✣ ❀ ✣ ❀

## အခန်း (၃၇)

ပါရာဒိုက်(စ်)ကို ပြန်ရောက်သည်နှင့် အေးမွှန် ရေအေးစိမ်၍ ချိုးပစ်လိုက်သည်။ တစ်ကိုယ်လုံး အေးသွားမှ စိတ်ထဲမှာလန်းဆန်းသွားသည်။ တစ်နေ့လုံး ပင်ပန်းထားသည်များ ပြေပျောက်သွားသည်။

ယနေ့ပုံစံအတိုင်းဆိုလျှင် တစ်ပတ်ခန့် အချိန်ယူပြီး ခင်းကျင်းပြင်ဆင်မှ စိတ်တိုင်းကျပြီးမည်။

"ရတယ်... အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်မယ်... ဆရာက (အဲလေ အစ်ကိုကြီးက) ကိုယ့်ကို ယုံကြည်ပြီး အရောင်းမန်နေဂျာအထိတောင် တိုးပေးထားတာ... ဆိုင်မန်နေဂျာလဲမရှိတော့ဒီဆိုင်မှာကိုယ်ကအကြီးဆုံး... တာဝန်အရှိဆုံး တာဝန်ကျေအောင် လုပ်ပါ့မယ် အစ်ကိုကြီးရယ်..."

ရေချိုးရင်း တစ်ယောက်တည်း လင်းဇော်ဦးကို စိတ်

ကူးနှင့်ပြောနေမိသည်။ ရေချိုးကန်မှထပြီး တဘက်နှင့်ရေသုပ်ရင်းလည်း စိတ်ကူးတွေက လှုပနေဆဲ။

"လစာကတစ်လ ခြောက်ထောင့်ငါးရာ.. အချိန်ပိုနဲ့ဆုကြေးနဲ့ဆိုရင် တစ်လ တစ်သောင်းကျော်.. "

မြေးဖွားနှစ်ယောက် သုံးထောင်ကျော်လောက်ဆိုရင် စားလောက်တယ်။ အရင်က တစ်ထောင်ကျော်လေးတောင် စားနေခဲ့သေးတာပဲ။

ဒါဆို တစ်လ ခုနစ်ထောင်လောက်စုမယ်.. တစ်နှစ်ကို ရှစ်သောင်းလေးထောင်... ဝယ်ချင်တာတွေ ဝယ်လို့ရမယ် ဝတ်ချင်တာတွေ ဝတ်လို့ရမယ်...။

အေးလေ။ အဝတ်အစားကတော့ သိပ်ဝယ်ပေးစရာတောင်မလိုဘူး အစ်ကိုကြီး ဝယ်ပေးတာတွေကို အများကြီးပဲ နောက်လဲ ဝယ်ပေးချင်ပေးမှာပေါ့.. ။

အစ်ကိုကြီးကို ကျေးဇူးတင်မဆုံး ဖြစ်မိသည်၊

"သိပ် စိတ်ထားကောင်းတဲ့အစ်ကိုကြီး... ငါ့အပေါ် သိပ်ကောင်းတာပဲ... "

အစ်ကိုကြီးမျက်နှာကို မြင်ယောင်မိသည်။ အသားဖြူသည်။ ဆေးလိပ်မသောက်၍ နှုတ်ခမ်းများမှာ နီပြီး သန့်ရှင်းနေသည်။ ပြုံးလိုက်လျှင် သွားဖွေးဖွေးလေးများ ပေါ်လာ၍ သိပ်ကြည့်ကောင်းသည်။ ဝတ်ပုံဆင်ပုံကလည်း အမြဲသန့်ရှင်း သပ်ယပ်သည်။ အရောင်အသွေး နုနုလေးများကို သူနှင့်လိုက်ဖက်အောင် ဝတ်ဆင်တတ်သည်။





ထွေးမြင့်နှင့်နှိုင်းယှဉ်ကြည့်မိသည်။ ထွေးမြင့် ဝတ်ပုံဆင်ပုံက ရိုးလွန်းသည်။ ထွေးမြင့် တွေးပုံ၊ စဉ်းစားပုံကလည်း ရိုးလွန်းသည်။

အကိုကြီးအပေါ်မှာ အထင်ကြီးစိတ် ဖြစ်ရသည်နှင့် အမျှ ထွေးမြင့်အပေါ်မှာ စိတ်အားလျော့မိသည်။

"အေးလေ... သူက ဝန်ထမ်းဆိုတော့ ဝန်ထမ်းအတွေးအခေါ်ပဲ ရှိမှာပေါ့.. အကိုကြီးက စီးပွားရေးလုပ်ငန်းရှင်ပဲ နိုင်ငံတကာ အတွေ့အကြုံနဲ့ဆိုတော့ လုပ်ငန်းကြီးတွေ ဦးဆောင်နိုင်တာပေါ့.. အသက်က အငယ်လေးရှိသေးတယ်"

ရေချိုးခန်းမှ ထွက်လာ၍ မှန်တင်ခုံရှေ့ ရောက်သည်အထိ ဆက်တွေးနေမိဆဲ။ အကိုကြီးအသက် အမှန်ကို အေးမွန်သိ၊ မှန်းဆကြည့်သည်။

"အလွန်ဆုံးရှိမှ သုံးဆယ့်ငါးနှစ်လောက်ဖြစ်မယ်..ဒီလောက် ချောပြီး ဒီလောက်တော်တဲ့လူကိုများ သူ့မိန်းမက ဘာသဘောမကျလို့ ကွဲရတာပါလိမ့်... "

အကိုကြီး၏မိန်းမဆိုသူကို နားမလည်နိုင်အောင် ဖြစ်သည်။

"အဲဒီမိန်းမက ဘယ်လောက်ချောလို့လဲ... "

မှန်ထဲမှ ကိုယ့်မျက်နှာကို ကြည့်၍ အလှပြင်ရင်း မမြင်ဖူးသော မိန်းမမျက်နှာကို မှန်းဆကြည့်မိသည်။

"ဒီလောက်တော်တဲ့ အကိုကြီးကိုများ... "

အကိုကြီးမိန်းမကို မကျေနပ်ချင်။

"အကိုကြီးက စိတ်ထားလဲကောင်းတယ်... ငါနဲ့နှစ်ယော
ထဲ သွားလာနေပေမဲ့... ဘာမှ မရိုးမသားမရှိဘူး။
တယ်တစ်ခုတည်း အခန်းချင်းကပ်နေပေမဲ့... ညဆိုရင်
အခန်းသူ၊ ကိုယ့်အခန်းကိုယ် နေတာပဲ... "

အခန်းကို အတွင်းကနေ လုံခြုံအောင် တံခါးခလု
ချပုံတောင် သင်ပေးထားသေးတယ်။ သူသာ မရိုးသားလို့
မထားရင် အဲဒီတံခါး အတွင်းက ဘယ်လိုပိတ်ရတယ် ဆို
ငါမှမသိတာ။ ဒါဆို ညကျရင် တံခါးကို အပြင်ကဖွင့်ပြီး သူဝင်
လို့ရတာပဲ။

"ကိုယ်က သူ့အလုပ်သမား... "

"သူက ကိုယ့်ကျေးဇူးရှင်ဆိုတော့... "

"ငြင်းဖို့... အော်ဖို့ ဆိုတာလဲ... "

"အို... "

အေးမွန် တွေးရင်း ကိုယ်ကလေးကျုံ့သွားမိသ
ဒါပေမဲ့ အကိုကြီးက အဲဒီလို လူမျိုးမဟုတ်ဘူး။

"အဲဒီလူတွေက စိတ်ချရလို့လား... "

ထွေးမြင့်၏ သံသယမေးခွန်းကို ကြားယောင်မိ
သူ မြင်စေချင်သည်။ သိစေချင်သည်။

"စိတ်ချရတယ်ရှင်... သိပ်ကို စိတ်ချရတယ်... လူ
ကောင်းတွေ... "

စိတ်ထဲမှာတင် ဖြေနေလိုက်သည်။ မှန်တင်
ထ၍ အဝတ်အစားလဲသည်။ ညစာမစားရသေး။ မကြာ



ဲ့ အကိုကြီးလာပြီး တံခါးခေါက်လိမ့်မည် ထင်သည်။ ရေအေး
ချိုးထား၍ အသားအရေများ အေးပြီး ချမ်းနေသည်။ အပြင်
ကလျှင် နွေးနွေးလေးဝတ်မှ ဖြစ်မည်။ စပို့ရှပ်လက်ရှည် ထုတ်
ိုက်သည်။

"ဒီလောက်နဲ့ မရသေးဘူး... "

အပေါ်မှ ဝတ်ရမည့်အကျႌကို စဉ်းစားသည်။ မနက်
တ်ထားသော သားမွှေးအကျႌကို မဝတ်ချင်။ အကိုကြီးအမြင်
င်းသွားစေချင်သည်။

"ယုံမွှေးဆွယ်တာ... အို ဒါက အခမ်းအနားလိုဟာမျိုးမှ
အိနြွေရရဝတ်ဖို့ကောင်းတာ... "

"သိပြီ... "

ဖြူလွနေသော ဂျာကင်အကျႌလေးကို ထုတ်ယူလိုက်
။ ဆိုင်မှာ အကိုကြီး ရွေးထုတ်ပြီး ဖြန့်ပြကတည်းက သိပ်
ာကျခဲ့သည်။ လှလိုက်သည့်အကျႌ။ ဈေးကလည်းကြီး
င်းထောင်။ ကိုယ့်ဘာသာဆိုလျှင် ဝယ်ရန်ထား၍ စဉ်းစား
ည်ပင် မဟုတ်။

"ဩော်... အကိုကြီးရယ်... "

အကိုကြီးမျက်နှာကို မြင်ယောင်ပြီး အကိုကြီးစေတနာ
လေးစားမဆုံး ဖြစ်ရပြန်သည်။ အကိုကြီးကို မြတ်နိုးလေးစား
ပြီးမှ ထွေးမြင့်မျက်နှာကို မြင်ယောင်လာသည်။

"သူ... ငါ့ကို ဘယ်လောက်ချစ်တယ် ပြောပြော... ဒီလိုတော့
ယ်ပေးနိုင်မှာ မဟုတ်ဘူး... သီးစုံ ချဉ်ရည်ဟင်း တစ်ဆယ်

ဖိုးကို တန်ဖိုးအကြီးဆုံးထားပြီး စားနေရသော သူ့ဘဝ..."

"ဟင်းဟင်း... အကိုကြီး ငါ့ကို မနေ့ကဝယ်ပေးတာတင် နှစ်သောင်းကျော်တယ်... ထမင်းတစ်ခါစားရင် သုံးထောင်နဲ့ငါးထောင်ကြားမှာ ရှိတယ်... "

ထမင်းစားတိုင်းလည်း ကောင်းပေ့ဆိုသော ဟင်းများကို အေးမွန် ပန်းကန်ထဲမှာ ထည့်ပေးလေ့ရှိသော အကိုကြီး၊ စဉ်းစားရင်း စဉ်းစားရင်းနှင့် အကိုကြီးက နီးနီးလေးမှာ ရှိနေသလို ရင်ထဲမှာ ခံစားရသည်။

"အကိုကြီး... "

စိတ်ထဲမှာ ခေါ်ကြည့်ပြီး ပြုံးလိုက်ရသည်။ မနေ့က အထိ ဆရာ၊ ဒီနေ့မနက်မှ အကိုကြီး ဖြစ်သွားရသည်။

အကိုကြီးလို့ ခေါ်ရတာ ပိုပြီး အားရှိသည် ပို၍လည်း ရင်းနှီးသည်။

မကြာခင် အကိုကြီးနှင့်တွေ့ပြီး စားသောက်ဆိုင်တစ်ခုသို့ သွားရတော့မည်။

"မြန်မြန်ပြင်မှ... "

အတွင်းခံအကျႌ ထုတ်ယူပြီး ခြုံထားသည့် တဘက်ကို ဖယ်ခွာ၍ တန်းပေါ် ပစ်တင်လိုက်သည်။

ဒေါက်... ဒေါက်... ဒေါက်... ။

တံခါးဆီကို လှမ်းကြည့်လိုက်တော့ အတွင်းမှ ခလုတ်ချမထားမိ။

"ဟယ် ပြဿနာပဲ... "





အေးမွန် ထိတ်လန့်သွားသည်။ အကိုကြီး တံခါးဖွင့်ပြီး ဝင်လာရင်။

ဒေါက်... ဒေါက်... ဒေါက်... ။

"အကိုကြီးလား... "

"ဟုတ်တယ်... အပြင်သွားရအောင်... "

"ပြီးပြီ အကိုကြီး... ခဏလေးစောင့်နော်... "

အေးမွန် ထိတ်ထိတ်ပြာပြာလေး လှမ်းပြောလိုက်ရသည်။ ခုမှ တံခါးခလုတ် သွားချလျှင်လည်း နိုင်းရာကျမည်မို့ အတွင်းခံအကျႌကို အမြန်ဝတ်သည်။ စိတ်က စိုးရွံ့ထိတ်လန့်လျက်။ အတွင်းခံအကျႌဝတ်ပြီးသည်နှင့် စပို့ရှပ်လက်ရှည် ဝတ်လိုက်သည်။

"ဟင်း... "

အေးမွန် သက်ပြင်းချနိုင်ပြီ။ အောက်ပိုင်းကိုတော့ ဘောင်းဘီရှည်၊ မီးခိုးပျော့လေး ဝတ်လိုက်သည်။ ဝေ့ါကင်းရှူးက အဖြူ၊ ဦးထုပ်က ဖွေးလွှနေသောအဖြူ။

အားလုံးပြီးသည်အထိ လင်းဇော်ဦး တံခါးဖွင့်ပြီး အခန်းတွင်းသို့ ဝင်လာခြင်းမရှိ။

"တော်လိုက်တဲ့ အကိုကြီး... "

အေးမွန် တံခါးခလုတ်ကို အမြန်လှည့်ဖွင့်လိုက်သည်။ တံခါးအပြင်ဖက်မှာ ရပ်စောင့်နေသော အကိုကြီးကို တွေ့ရသည်။

"အားနာလိုက်တာ... အကိုကြီးစောင့်နေရတာ... "

လင်းဇော်ဦးကတော့ အေးမွန်ကို အံ့ဩစွာကြည့်နေ၍

ဘာမျှ ပြန်မပြောနိုင်သေး။

"ဘာလို့ ကြည့်နေတာလဲ အကိုကြီး... "

အေးမွန် မနေတတ် ဖြစ်သွားသည်။

"ဘာများမှားနေလို့လဲ" ဟုလည်း စိတ်ထဲမှာ မလုံမလဲ ဖြစ်ရသည်။

"လှလိုက်တာကွာ... အကိုကြီးဝယ်ပေးရတာ တန်လိုက်တာ... အေးလို ဝတ်တတ်ဆင်တတ်တာ မရှိဘူး... "

လင်းဇော်ဦးက တအံ့တဩ ပြောနေမိသည်။ အေးမွန်ခုမှ ပြုံးနိုင်သည်။

"တော်သေးတာပေါ့ အကိုကြီးရယ်... အေးဖြင့် ဘာများမှားနေလဲလို့... "

"မမှားဘူး... မမှားဘူး... ဘာမှ မမှားဘူး... ခြေထောက်က အစ ခေါင်းထိ အားလုံးမှန်တယ်... အဲဒီလို ဝတ်ဆင်တတ်တာလဲ အနုပညာပဲအေးရဲ့... အဲဒါဟာ ထက်မြက်တဲ့ မိန်းကလေးရဲ့ အရည်အချင်းပဲ...

အကိုကြီး ပိုယုံသွားပြီ။ အဲဒီပညာတွေဟာ ဆိုင်ကို... အကောင်းဆုံး အလှဆုံးဖြစ်အောင် ခင်းကျင်းနိုင်မဲ့ အရည်အချင်းတွေပဲ... "

အကိုကြီး၏ အားပါးတရချီးကျူးမှုကိုအေးမွန်ကြည်နူးဝမ်းသာ ဖြစ်ရသည်။

"နေဦး... ခဏလေး... "

အေးမွန်ရှေ့ဘက်နားသို့ တိုးသွားပြီး လင်းဇော်ဦး ရပ်





[illegible]သည်။ ပြီးတော့ အေးမွန် ခေါင်းပေါ်မှ မွှေးပွဦးထုပ် အမြ[illegible]ကို ပို၍ တည့်တည့် လှလှလေးဖြစ်အောင် ပြင်ဆောင်းပေး[illegible]သည်။

အကိုကြီးမျက်နှာကို အေးမွန် မော့ကြည့်နေမိသည်။

"အင်း... ပိုလှသွားပြီ... သွားစို့... "

အခန်းရှေ့မှ အထွက်တွင် ရင်းနှီးချစ်ခင်စိတ်နှင့် အကို[illegible]၏ လက်မောင်းကို အေးမွန် ဆုပ်ကိုင်လိုက်မိပါသည်။

လှေခါးအဆင်းတွင် အောက်မှတက်လာသော ခြေသံ[illegible]၍ သူများမြင်လျှင် တစ်မျိုးထင်မည်စိုးသောကြောင့် ဆုပ်[illegible]ထားသောလက်ကို လွှတ်ပြီး အကိုကြီးနောက်မှ ဆင်းလိုက်[illegible]သည်။

## အခန်း (၃၈)

မော်တော်ကားသည် မြို့လယ်လမ်းမကြီးမှ စားသောက်ဆိုင်များ အားလုံးကို ကျော်ဖြတ်သွားသည်။

"ကိုအောင်ပိုင် ဘယ်ကိုများ မောင်းနေတာပါလိမ့်... "

အေးမွန် စိတ်ထဲမှာ အံ့ဩသည်။ သို့သော် သံသယတော့ မဖြစ်မိ။ အကိုကြီးကိုယုံသည်။ စိတ်ချသည်။ ရှေ့မှာပါသော အကိုကြီးကို လှမ်းကြည့်လိုက်တော့ အေးဆေးစွာ ထိုင်လျက်။ မော်တော်ကားက တောင်တက်လမ်းပေါ် ရောက်လာပြီ။ ဘေးမှာ ထင်းရှူးပင် အမြင့်ကြီးများ စီတန်းနေသည်ကို တွေ့ရသည်။

"လှလိုက်တဲ့လမ်း... အို... ကောင်းကင်မှာလဲ လဏ္ဍသာလို့"

ပတ်ဝန်းကျင် ရှုခင်းအလှကို အေးမွန် သဘောကျနေမိသည်။ ထင်းရှူးတန်းကိုလွန်တော့ တောင်ကွေ့တစ်ခုကို ဖြတ်

ကျော်ရသည်။ ငါးမိနစ်ခန့် မောင်းပြီးမှ ခြံကြီးတစ်ခုထဲသို့ ဝင်သွားသည်။

ထင်းရှူးပင် အမြင့်ကြီးများနှင့် အုပ်ဆိုင်းနေသော ခြံကြီးဖြစ်သည်။ အုတ်ကျွတ်မိုးထားသည့် မတ်စောက်သော ခေါင်များနှင့် ရှေးဟောင်း နှစ်ထပ်တိုက်ကြီး၏ ရှေ့မှာ မီးရောင်စုံများ ထွန်းညှိထားသည်။

'ထင်းရှူးရိပ် စားတော်ဆက်' ဟူသော ဆိုင်းဘုတ်ကို ရောင်စုံမီးလုံးလေးများ လှည့်ပတ်ပြေးလွှားနေသည်။

"မစားဘူးသေးတဲ့ နေရာသစ်... "

အေးမွန် နားလည်လိုက်ပါသည်။ မီးပွင့်လေးများ လှပစွာ ထွန်းထားသည့် ထင်းရှူးပင်များအောက်မှာ ရပ်ထားသော ဆလွန်းကားလေးများကို တွေ့ရသည်။

"ဂွတ်ဒ်အီးဗနင်းဆား... "

ဥရောပဝတ်စုံဝတ် စားပွဲထိုးတစ်ယောက် အဝင် တံခါးမကြီးမှ ဆီးကြို၍ အင်္ဂလိပ်လို နှုတ်ဆက်သည်။ အတွင်းခန်း ဖွဲ့စည်းပုံကို ခေတ်မီ ပြင်ဆင်ထားသည်။

ခန်းမကျယ်ကြီးထဲမှာ စားသောက်နေသူများကို တွေ့ရသည်။ သီးသန့်အခန်းများလည်းရှိသည်။ လင်းဇော်ဦးက လှေကားကျယ်ကြီးအတိုင်း အပေါ်ထပ်သို့ တက်ခဲ့သည်။

ထုံးစံအတိုင်းပင် ကားသမား အောင်ပိုင် ကျန်ခဲ့သည်။ အောက်ထပ်မှာပင် သူ့အစီအစဉ်နှင့်သူ ကြိုက်သလို စားမည်ဖြစ်သည်။





အပေါ်ထပ်ရောက်တော့ စားပွဲထိုးက အိမ်ရှေ့ဘက်မှ သီးသန့်ခန်းတစ်ခုသို့ ခေါ်သွားသည်။ အခန်းထဲမှာ နံရံကပ် မီးပွင့်လေးလုံးသာရှိသည်။ မီးပွင့်များမှာ လှပသော ကြာပွင့်လေးများနှင့် ကာထား၍ အလင်းရောင်က ခပ်မှိန်မှိန်လေးဖြစ်နေသည်။ သို့သော် ကောင်းကောင်းမြင်ရပါသည်။

ဖွင့်ထားသော ပြတင်းပေါက်များမှတဆင့် လရောင် လင်းသော ကောင်းကင်နှင့် လရောက်အောက်မှ ထင်းရှူးပင်ကြီးများကို မြင်နေရသည်။ လင်းဇော်ဦးက စားစရာများ မှာသည်။ ထုံးစံအတိုင်းပင် အရင်ဆုံး ရောက်လာသည်က ဘီယာနှင့် အချိုရည်။

"အေး ဒီနေ့ တော်တော်မောသွားပြီလား... "

လင်းဇော်ဦးက ဘီယာတစ်ကျိုက်သောက်ပြီး နှုတ်ခမ်းကို စက္ကူလက်သုပ်ပုဝါနှင့် သုတ်လိုက်သည်။

"မမောပါဘူး အကိုကြီး... "

"သူတို့နဲ့လုပ်ရတာရော အဆင်ပြေရဲ့လား... "

"အဆင်ပြေပါတယ်... အကိုကြီး သူတို့အားလုံး သဘောကောင်းပါတယ်... အေးပြောတာကိုလဲ လေးလေးစားစား နားထောင်ကြပါတယ်... "

"ကောင်းပါတယ်... အေးပြင်ထားတဲ့ကောင်တာ ညနေက အကိုကြီး ကြည့်ခဲ့ပါတယ်... အေးက အမြင်ကောင်းအောင် တော်တော် ထားတတ်တာပဲ... "

"ဟာ အဲဒါအပြီးမဟုတ်သေးဘူး အကိုကြီး... အေး စိတ်

တိုင်းကျ မလုပ်ရသေးဘူး… ထပ်ပြင်ဖို့ကျန်သေးတယ်…”

“အေးကကိုယ့်ကိုယ်ကို လှအောင် ဆင်တတ်တဲ့မိန်းကလေး ပဲ ဆိုင်ကို လှပအောင် ပြင်တတ်မှာပေါ့… ”

“အေးဒီမှာ သင်စရာ တစ်ခုတိုးလာတယ် အကိုကြီး… ”

“ဘာလဲ… ”

“ရှမ်းစကား… သူတို့ရှမ်းလိုပြောရင် အေးဘာမှ မသိတော့ဘူး… အေးအကြောင်း ပြောနေကြရင် အေးခံရမှာ… ”

လင်းဇော်ဦး ပြုံးသည်။

“သူတို့ကိုပြောတော့ သင်ပေးမယ်တဲ့… ”

“အေးက ဉာဏ်ကောင်းတာပဲ မြန်မြန်တတ်သွားမှာပါ…”

“အကိုကြီးလဲ ဒီနေ့ တော်တော်ပင်ပန်းသွားတယ်မို့လား… ဂိုဒေါင်မှာ ကုန်ပစ္စည်း စာရင်းတွေ ကိုယ်တိုင်လုပ်ရတယ်ဆို… ”

“ကိုယ်တိုင် မလုပ်ရပါဘူး… ဂိုဒေါင်တာဝန်ခံနဲ့ စာရေးရှိပါတယ်… သူတို့ကို ကုန်ဝင်ကုန်ထွက်စာရင်း လက်ကျန်စာရင်း စနစ်တကျ ရေးသွင်းတတ်အောင် သင်ပေးရတာပါ… ”

“အကိုကြီး မရှိတဲ့အခါ သူတို့က စိတ်ချရပါ့မလား… ”

“စိတ်ချရမှာပါ… လိုအပ်ရင်တော့ တစ်လတစ်ခါလောက် အေးသွားကြည့်ပေးရမယ်… ”

“အေး… ကြည့်ပေးမှာပေါ့ အကိုကြီး… ”

အေးမွန်ကိုကြည့်ပြီး လင်းဇော်ဦး သဘောကျစွာ





ခေါင်းညိတ်သည်။ ပြီးတော့ လင်းဇော်ဦး ဘီယာသောက်နေ၍ နှစ်ဦးသား စကားပြတ်သွားကြသည်။

အေးမွန် အချိုရည်သောက်ရင်း ပြတင်းပေါက်မှ မြင်ရသော လမင်းကြီးကို လှမ်းကြည့်နေသည်။ ထင်းရှူးပင်များကို လေတိုးသံ ကြားနေရသည်။ လရောင်အောက်မှ ထင်းရှူးပင်ကြီးများကို အေးမွန် ငေးကြည့်နေမိပြန်သည်။

ရန်ကုန်ကန်တော်ကြီးမှ သစ်ပင်အမြင့်ကြီးများကို မြင်ယောင်မိရာမှ အစ ထွေးမြင့်ကို အလိုလို မြင်ယောင်လာသည်။ ရင်ထဲမှာ လွမ်းသလိုလို ခံစားရသည်။

“ရှုခင်းတွေက သိပ်လှတာပဲ ကိုထွေးရယ်… ”

ရင်ထဲမှာတင် ပြောနေမိခြင်း ဖြစ်ပါသည်။

“ဟေ့… အေး… ဘာတွေတွေး ငေးနေတာလဲ… ”

“မတွေးပါဘူး အကိုကြီး လရောင်အောက်မှာ ထင်းရှူးပင်ကြီးတွေ ရှုခင်းလှလို့ ကြည့်နေတာပါ… ”

“အေးမှာ လွမ်းစရာများ ရှိနေလားလို့… ”

“မရှိပါဘူး အကိုကြီး… ”

အေးမွန် နှုတ်က အလိုလို ထွက်သွားသော အလိမ်အညာစကား ဖြစ်သည်။ လင်းဇော်ဦး အေးမွန်ကို လှမ်းကြည့်နေသည်။

“အကိုကြီးမှာရော… ”

“အကိုကြီးက အိမ်ထောင်ကျဘူးတယ်… ”

အေးမွန် နားထောင်နေသည်။

"သူက ခု မော်လမြိုင်မှာရှိတယ်... သိပ်လဲချမ်းသာပါတယ်

"အကိုကြီးထက် ပိုချမ်းသာလား... "

"ဟာ ချမ်းသာတာပေါ့... အဲဒီလို ချမ်းသာလို့လဲ မာန သိ

ကြီးတယ်... "

လင်းဇော်ဦးက ပြတင်းပေါက်မှ မြင်ရသော ထင်း

တောဆီသို့ တွေတွေငေးငေး ကြည့်နေသည်။

"အကိုကြီးက အိမ်ထောင်ရေး ကံမကောင်းဘူး... အဲ

အမျိုးသမီးနဲ့အကိုကြီး ချစ်သူတွေလဲ မဟုတ်ဘူး... "

အေးမွန် စိတ်ဝင်စား၍ ပြောနေသော လင်းဇော်

ကို လှမ်းကြည့်လိုက်သည်။

"အကိုကြီး အမေ မဆုံးခင် လူကြီးချင်း သဘောတူပြီး

စားခဲ့တာပါ... အိမ်ထောင်ကျပြီးတော့လဲ... ပစ္စည်းမာန

ကြောင့် တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်စိတ်မဖြ

ကြပါဘူး... "

"အကိုကြီးတို့မှာ ကလေးရှိလား... "

လင်းဇော်ဦး ခေါင်းရမ်းပြသည်။

"တစ်နှစ်လောက် လင်မယားဖြစ်တယ်ဆိုပေမဲ့ လူ

မတည့်တော့ အတူနေတဲ့အချိန်နည်းပါတယ်... ဒါ

အမေစိတ်ချမ်းသာအောင် အကိုကြီး သည်းခံပေါ

တယ်... "

လင်းဇော်ဦးကို ကြည့်ပြီးတော့ အေးမွန်သနား

အကိုကြီးလို လူမျိုးကို မချစ်မကြင်သော အမျိုးသမီးကို





းမလည်နိုင် ဖြစ်မိသည်။

"သူတို့က စီးပွားရေးလုပ်ငန်း ဘာလုပ်လို့ ချမ်းသာတာလဲ အကိုကြီး... "

"မှောင်ခိုခေတ်တုန်းက သူဌေးဖြစ်ခဲ့တာပေါ့... အခု ဒီဘက်ကျတော့လဲ စက်လှေတွေရှိတယ်... ခြံတွေ မြေတွေလဲ အများကြီးရှိတယ်... သူက တစ်ဦးတည်းသမီး၊ သူ့ကို အားလုံးအလိုလိုက်တယ်...

သူက အကိုကြီးထက် အသက်ငါးနှစ်ကြီးတယ်... ပညာကတော့ ဆယ်တန်းတောင် မအောင်ဘူး...ညားပြီးကတည်းက အကိုကြီးကို နေရာတကာချုပ်ချယ်တယ်... သူက စီမံချင်တယ်၊ သူခိုင်းတဲ့အတိုင်း လုပ်မှသဘောကျတယ်...

အကိုကြီးက ပညာတတ်တဲ့လူပဲ... သူချယ်လှယ်ချင်သလို ချယ်လှယ်တာ ဘယ်ခံနိုင်မလဲ... နောက်ပြီး သူက ဘာမှ နားလည်တာမှ မဟုတ်ဘဲ သတင်းစာတောင်ဖတ်တဲ့မိန်းမ မဟုတ်ဘူး။ အမေလဲ ဆုံးပြီးရော အကိုကြီးက သူ့ကို အကွာခိုင်းတယ်... သူနဲ့ကွာပြီးတာနဲ့ အကိုကြီးလဲ စင်္ကာပူ ထွက်သွားတယ်... ဟိုမှာ ငါးနှစ်ကြာတယ်... "

အေးမွန် နားထောင်နေရင်းမှ မသိမသာ ခေါင်းညိတ်မိသည်။

စင်္ကာပူမှာ အလုပ်လုပ်ပြီးတော့ ငွေစုမိပါတယ်။ ဟိုက လုပ်ငန်းရှင်တစ်ယောက်နဲ့ အဆက်အသွယ်ရလာလို့... မြန်မာ ပြည်ပြန်လာပြီး ကုမ္ပဏီထောင်တယ်... ဦးဝင်းထွန်းတို့ တီ

သုံးလုံး ကုမ္ပဏီမှာ ရှယ်ယာဝင်ထားတယ်… ကိုယ့်ဘာသာလဲ စနိုးကက်(ပ်) ကုမ္ပဏီထောင်ပြီး ရပ်တည်နိုင်အောင် ကြိုးစားတယ်… သူ့ဆီလဲ လုံးဝ ပြန်မသွားတော့ဘူး… ”

“အကိုကြီး စက်ဘ်ပူက ပြန်ရောက်လာတာ သူသိသလား”

“သိပါတယ်… ”

“လာပြီးဆက်သွယ်သေးလား… ”

“မဆက်သွယ်ပါဘူး… သူကလဲ မာနနဲ့ပဲ… ”

အေးမွန် ခေါင်းညိတ်မိပြန်သည်။

“သူတို့ထက်ပိုပြီး ချမ်းသာအောင် အကိုကြီး ကြိုးစားမယ်”

“ချမ်းသာမှာပါ… အကိုကြီးက တော်တာပဲ… ”

“အေးက အကိုကြီးကို ကူညီမှာလား… ”

“ကူညီမှာပေါ့… အေးတတ်နိုင်သမျှ အကိုကြီးကို ကူညီမှာပါ… ”

“ကျေးဇူးတင်ပါတယ် အေးရယ်… အပြန်အလှန်ပေါ့… အကိုကြီးလဲ အေးကို ကူညီမှာပါ… အေးကြိုးစားတာနဲ့ ထိုက်တန်အောင် အကိုကြီးဘက်က တုန့်ပြန်မှာပါ… ”

နှစ်ဦးသား စကားပြတ်သွားကြသည်။ အေးမွန်ပြတင်းပေါက်မှတဆင့် လရောင်ကျနေသော ပြင်ပ ရှုခင်းများကို ကြည့်နေသည်။

ထွေးမြင့်မျက်နှာက အတွေးထဲမှာ ပေါ်လာပြန်သည်။ သို့သော် ခပ်ဝေးဝေး ခပ်မှုံမှုံ ဖြစ်နေသည်။

“ကိုထွေးရယ်… ”





ဘာကြောင့်မှန်း မပြောတတ်သော်လည်း စိတ်
ကောင်းသလို ခံစားရသည်။

နံရံပေါ်မှ ခလုတ်အဖြူလေးကို လင်းဇော်ဦး နှိပ်လိုက်
သည်။

စားပွဲထိုးများအား မှာထားသော စားဖွယ်ရာများ လာ
ပြီဖြစ်ကြောင်း အချက်ပေးလိုက်ခြင်း ဖြစ်ပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀

## အခန်း (၃၉)

"အကိုကြီးက ငါ့ကိုဘာလို့များသူ့အိမ်ထောင်ရေးအကြောင်းတွေ ပြောပြတာလဲ... "

အခန်းကို ပြန်ရောက်ပြီးနောက် အိပ်ရာကုတင်ပေါ် လှဲရင်း အေးမွန် စဉ်းစားနေမိသည်။

"အကိုကြီးစိတ်ထဲမှာ ငါ့ကိုများ... "

အေးမွန် ဆက်မစဉ်းစားပဲ ရပ်ထားလိုက်သည်။

"မဖြစ်နိုင်ပါဘူး... သူတို့က တကယ့်သူဌေးတွေ... ငါ့ကို သူ့အလုပ်မှာ စိတ်ချရသူတစ်ယောက်... အနောက်နိုင်ငံပုံစံနဲ့ဆိုရင် သူ့ ပီအေတစ်ယောက်လောက် သဘောထားမှာပါ.. အလွန်ဆုံးဖြစ်နိုင်ရင် ရင်းနှီးချစ်ခင်တဲ့ နှမတစ်ယောက်လောက်ပဲ သဘောထားမှာပါ..

ဒါပဲ ကောင်းပါတယ်... ငါ့မှာလဲ ချစ်သူရှိနေတာပဲ..."

ကိုထွေးကို မြင်ယောင်မိသည်။

"ငါကရော... လွမ်းစရာရှိလားမေးတော့ မရှိပါဘူးလို့ ဘာလို့ ဖြေလိုက်မိတာပါလိမ့်... "

ကိုထွေးကို အားနာသလို ဖြစ်မိသည်။ တကယ်တော့ ကိုထွေးက ကိုယ့်ကိုသိပ်ချစ်တဲ့ ကိုယ့်ချစ်သူ။ သို့သော် အကိုကြီးနှင့် ကိုထွေးကို နှိုင်းယှဉ် စဉ်းစားမိတိုင်း လူချင်းက အဟန်ကွာလွန်းသည်ဟု ခံစား နားလည်ရသည်။

အကိုကြီးက လုပ်ငန်းရှင်သူဌေး အလုပ်ကြီး အကိုင်ကြီးကို နိုင်ငံခြားနှင့် ဆက်ဆံ၍ အောင်မြင်အောင် ဆောင်ရွက်နေသူ။ လူ၏ အစွမ်းအစနှင့် အရည်အချင်းကလည်း ထက်မြက်သည်။ ချမ်းသာသလောက် အထက်တန်းကျကျ ဝတ်ဆင်တတ်နေထိုင်တတ်သည်။

ငွေကြေးကိုလည်း ရက်ရက်ရောရော သုံးနိုင်သည်။ ဟော်တယ်မှာ နေရသည်နှင့် နေ့စဉ် စားစရိတ်ပင် တစ်နေ့မှာ သောင်းနှင့်ချီ၍ ကုန်ကျမည်။ သို့သော် သူ့မှာ ဘာမျှမဟုတ်သလို။

ကိုထွေးကတော့ လခစား စာရေးဝန်ထမ်း တွေးပုံခေါ်ပုံကလည်း ရိုးလွန်းသည်။ ဆံပင်ရှည်ကိစ္စကို အေးမွန်စဉ်းစားမိသည်။ အကိုကြီးနှင့် ဆန့်ကျင်ဖက် အတွေးအမြင် ဖြစ်နေသည်။

ဝတ်တာ ဆင်တာလဲ အကိုကြီးလို အထက်တန်းကျကျ မဝတ်နိုင်။ ငွေကြေးဆိုတာလဲ လခစားဆိုတော့ သူ့တစ်လဝင်ငွေဟာ အကိုကြီး တစ်ရက်သုံးတာလောက်တောင် မရှိဘူး။ သူ့လခနဲ့သူ အလျင်မှီရုံတောင် မနည်းသုံးနေရတဲ့လူ။





ခုဆိုရင် ငါ့လခက ခုနစ်ထောင့်ငါးရာ သူ့လခက ဘစ်ထောင်ကျော်ကျော်လေး။ အေးမွန် အတွေးထဲမှာ ထွေးမြင့်သေးငယ်သွားသည်။ သို့သော် ရင်းရင်းနှီးနှီး ချစ်ခဲ့သော ချစ်သူဆိုသောအသိက သံယောဇဉ်ငြိတွယ်လျက် ရှိသေးသည်။

"သူ့ခမျာ ငါ့ကို သိပ်ချစ်ရှာတာယ်... "

ညှိုးငယ်သောပုံနှင့်ဖြစ်နေသည့် ထွေးမြင့်ကို မြင်ယောင်၍ သနားမိသည်။

ဒေါက်... ဒေါက်... ဒေါက်... ။

"ဟင်... ဘယ်သူပါလိမ့်... "

တံခါးဆီသို့ အေးမွန် လှမ်းကြည့်လိုက်သည်။ ခလုတ်အတွင်းမှ ချထားသည်။

"အကိုကြီးပဲ ဖြစ်မယ်ထင်ပါရဲ့... "

အခြားသူ လာစရာမရှိ။

"ညကြီးကျမှ ဘာလို့ တံခါးခေါက်တာပါလိမ့်... "

ခါတိုင်းညများမှာ လာဖူးခြင်းမရှိ။

ဒေါက်... ဒေါက်... ဒေါက်... ။

အေးမွန် ကုတင်ပေါ်မှဆင်း၍ တံခါးဆီလျှောက်သွားသည်။

"အကိုကြီးလား... "

သေချာအောင် လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ်... "

အေးမွန် တံခါးဖွင့်ပေးလိုက်သည်။

"တီဗွီ မဖွင့်ဘူးလား.. "

လင်းဇော်ဦးက တီဗွီဆီသို့ လှမ်းကြည့်လိုက်သည်။

"မဖွင့်ဘူး အကိုကြီး.. ကုတင်ပေါ် ခဏလှဲနေတာ.. "

"ဟာ ဇာတ်လမ်းကောင်းတစ်ခု ဖမ်းမိလို့.. အေး.. ကြည့်စေချင်လို့.. "

လင်းဇော်ဦး အေးမွန်အခန်းထဲ ဝင်လာပြီး တီဗွီခလုတ်ကို ဖွင့်လိုက်သည်။

ဂျောင်း။

တံခါးက သူ့အရှိန်နှင့်သူ ပိတ်သွားသည်။ နိုင်ငံခြားအစီအစဉ်တစ်ခုမှ လာနေသော အင်္ဂလိပ်ကားကို လင်းဇော်ဦးက လိုင်းရှာပြီး ဖမ်းပေးသည်။

အေးမွန် မထိုင်ရဲသေး။ မတ်တပ်ရပ်လျက် လှမ်းကြည့်နေမိသည်။ လင်းဇော်ဦးက ကုတင် အလွတ်အပေါ်မှာ ထိုင်နေပြီ။ အေးမွန်အိပ်သော ကုတင်မဟုတ်။

"သူ့ ဒီအခန်းမှာ တီဗွီ ကြည့်မလို့လား.. "

အခန်းတံခါးကြီးကလည်း ပိတ်လျက် အခန်းထဲမှာ နှစ်ယောက်တည်း။ ညနေကမှ သူ့အိမ်ထောင်ရေး အဆင်မပြေကြောင်း၊ အိမ်ထောင်နှင့်ကွဲနေကြောင်း ပြောလိုက်သေးသည်။ အကိုကြီး၏ ထူးခြားသော အပြောအဆို အပြုအမူများကြောင့် အေးမွန် ရင်မှာ လှုပ်ရှားရသည်။

"အေးမွန် ထိုင်ကြည့်လေ… အကိုကြီး ရှင်းပြမယ်…အင်္ဂလိပ် စကားတတ်ချင်ရင် အင်္ဂလိပ်စကားပြောတဲ့ ဇာတ်လမ်းတွေ





များများ ကြည့်ရတယ်… "

"အေးမွန် ဘယ်မှာ ထိုင်ရမလဲ… "

ကုတင်ပေါ်ထိုင်ရမှာလည်း စိတ်ကမရဲ။ မှန်တင်ခုံရှေ့မှ ထိုင်ခုံလေးကိုယူ၍ ထိုင်လိုက်သည်။

"ဒီလိုကားတွေ ကြည့်ပြီး အသေအချာ နားထောင်ရင်… ပထမတော့ လစ်ဆင်းနင်းပါဝါ တက်လာတယ်… သူတို့စကားကို နားထောင်တတ်လာတယ်… နောက်တစ်ဆင့်ကျတော့ ပြန်ပြောတတ်လာတယ်… ပြီးတော့ အသံထွက်တွေပါ ပိုမှန်ပြီး ကောင်းလာတယ်… "

အေးမွန် ခေါင်းညိတ်လိုက်ရသည်။

လင်းဇော်ဦးက ဇာတ်ကောင်များ ပြောနေသည့်စကားများကို အေးမွန် နားလည်အောင် ဘာသာပြန်ပြနေသည်။ အသံထွက်များကို နားလည်အောင်လည်း ရှင်းပြပေးသည်။

"ဘယ်လောက်ကြာအောင် ဒီအခန်းမှာ သူထိုင်ကြည့်နေမှာလဲ… ဒီရုပ်ရှင်ကားပြီးတဲ့အထိလား.. "

အေးမွန် ရင်မောရသည်။ စိတ်ထဲမှာ မလုံခြုံသလို ခံစားရသည်။ တံခါးဆီသို့ လှမ်းကြည့်လိုက်သည်။

တံခါးခလုတ်ကို အတွင်းမှ ချထားခြင်းမရှိ။ တစ်ယောက်ယောက်က တံခါးဖွင့်လိုက်လျှင် ညအချိန် အခန်းထဲမှာ နှစ်ယောက်ထဲရှိသည်ကို မြင်ပြီး ထင်ချင်သလို ထင်ကြတော့မည်။

တံခါးခလုတ်ကို သွားချ၍လည်းမဖြစ်။ ချလျှင် အကိုကြီးက အပိုင်တွက်ပြီး တစ်ဆင့်တာလာမှဒုက္ခ။ အေးမွန်

လုံခြုံမှုမရှိ ဖြစ်နေရသည်။ မွေ့ရာခင်းထားသော ကုတင်ဘက်ကို ရဲရဲတင်းတင်း မကြည့်ဝံ့။

သို့သော် လင်းဇော်ဦးက ဘာမျှ ထူးခြားဟန်မရှိ။ ရုပ်ရှင်ကားကို စိတ်ဝင်တစား ကြည့်ပြီးအေးမွန်ကို ဘာသာပြန်ပြနေသည်။ ဇာတ်ကားကိုရော အင်္ဂလိပ်စကားပြော သင်ပေးနေသည်ကိုပါ အေးမွန် စိတ်ဝင်စားခြင်းမရှိ။

ခဏကြာတော့ အိပ်ချင်လာသည်။ တစ်နေ့လုံးပင်ပန်းထား၍ အိပ်စက်အနားယူရန် တောင်းဆိုလာဟန် တူသည်။

အေးမွန် သမ်းလိုက်သည်။ မျက်နှာကာ၍ ထိန်းထိန်းချုပ်ချုပ် သမ်းသော်လည်း အသံနည်းနည်းထွက်သွားဟန် တူပါသည်။ လင်းဇော်ဦး လှည့်ကြည့်သည်။

"ဟေး အိပ်ချင်နေပြီလား.. ဟုတ်တာပေါ့.. တစ်နေ့လုံး ပင်ပန်းထားတာကိုး.. ကဲ အိပ်ချင်ရင်လဲ အိပ်... အိပ်... တီဗွီပိတ်ခဲ့မယ်နော်.. အကိုကြီးတော့ အခန်းပြန်ပြီး ကြည့်လိုက်ဦးမယ်... "

လင်းဇော်ဦးက တီဗွီခလုတ်ကို ပိတ်လိုက်သည်။

အေးမွန်အားနာသွား၍ တားတော့မလို လုပ်ပြီးမှ မတားမိပဲ နေလိုက်သည်။

"ကဲ... အိပ်လိုက်ပါ.. ဂွတ်ဒ်နိုက်... "

"ဟုတ်... ဟုတ်ကဲ့... ဂွတ်ဒ်နိုက် အကိုကြီး... "

လင်းဇော်ဦး အခန်းထဲမှ ပြန်ထွက်သွားသည်။

အေးမွန်တံခါးပိတ်ပြီး အတွင်းမှ ခလုတ်ချလိုက်သည်။





"ဟင်း.. "

ခုမှ သက်ပြင်းချနိုင်သည်။

"အကိုကြီးက ဘာမှ ဆန်းဆန်းပြားပြား မဟုတ်ပါဘူး.. ငါ့ကို အင်္ဂလိပ်စကားပြော.. နည်းအတုယူနိုင်အောင်ရုပ်ရှင်နဲ့ လာရှင်းပြတာ... ငါ အထင်လွဲမိတာ အားနာစရာကောင်းလိုက်တာ... ငါလုပ်တာ အကိုကြီးကို မရိုသေသလိုများ ဖြစ်သွားသလား.. "

လင်းဇော်ဦး မကျေမနပ် ဖြစ်သွားမှာကို အေးမွန် စိုးရိမ်မိသည်။

"အေးလေ... မနက်ဖြန်ကာကျမှ နေခင်းက ပင်ပန်းပြီး သမ်းမိတာပါ.. လို့ အကိုကြီးကို တောင်းပန်ရမှာပဲ... "

အေးမွန် အိပ်ရာကုတင်ပေါ်သို့ ပြန်တက်လိုက်ပါသည်။ တကယ်လည်း အိပ်ချင်နေပါပြီ။

## အခန်း (၄၀)

ငါးရက်ကြာသည်အထိ ဆိုင်ကိုပစ္စည်းထည့်၍ မပြီးသေး။ မနက်လင်းလျှင် စားသောက်ဆိုင်တစ်ခုမှာ ဝင်စားပြီး အေးမွန်ကို ဆိုင်သို့ပို့သွားသည်။ လင်းဇော်ဦးက ဂိုဒေါင်သို့ သွားသည်။

အေးမွန် တနေ့လုံး ဆိုင်မှ မိန်းကလေးများနှင့် ပစ္စည်းများ နေရာချသည်။ နေ့လည်ပိုင်းကျတော့ လင်းဇော်ဦး တစ်ခေါက်လာပြီး ဆိုင်မှာပင် အေးမွန်တို့နှင့်အတူ မနက်စာစားသည်။

မနက်စာကို ဦးစိုင်းနွတ်က အားလုံးအတွက် ဆိုင်မှာ စားနိုင်ရန် စီစဉ်ပေးသည်။ များသောအားဖြင့် ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ထမင်းပေါင်း ဖြစ်သည်။

ညနေကျတော့ လင်းဇော်ဦး တစ်ခေါက်ပြန်ရောက်လာပြီး အေးမွန်ကိုခေါ်သည်။ ပုံမှန်အတိုင်းပင် ပါရာဒိုက်စ်မှာ

ရေပြန်ချိုး အဝတ်အစားလဲပြီး အပြင်မှာ ညစာစားသည်။ မြို့ထဲမှ ဆိုင်များမှာပင် ဖြစ်သည်။ ထင်းရှူးရိပ်ကို နောက်ထပ် မသွားဖြစ်ပါ။

အေးမွန်အခန်းဖက်သို့လည်း လင်းဇော်ဦး ရောက်မလာတော့ပါ။ အေးမွန် သမ်းမိသည့်အကြောင်း တောင်းပန်စကားဆိုတော့ လင်းဇော်ဦးရယ်ပြီး ပြဿနာမဟုတ်ပါဘူး ချာတိတ်ရာ ဟု ခေါင်းကိုပုတ်သွား၍ အေးမွန်စိတ်အေးခဲ့ရသည်။

ငါးရက်မြောက်နေ့ ညနေဆိုင်မှအပြန်တွင် အရေးကြီးသောအလုပ်ရှိ၍ဟုပြောပြီး လမ်းမှာ ညစာ စားခဲ့ရသည်။

ညစာ စားနေစဉ် "ပါရာဒိုက်စ်ပြန်ရောက်ရင်... ခြောက်နာရီလောက်ကျတော့... အခန်းဘက်လာခဲ့ပါ" ဟု ပြောသည်။

"ဘာများပါလိမ့်... "

အေးမွန် စဉ်းစားရပြီ။ လင်းဇော်ဦး အခန်းဘက်ကို အေးမွန် တစ်ခါမှ မရောက်ဖူးပါ။ ယောကျ်ားတစ်ယောက်တည်းနေသော အခန်းဖြစ်၍ လုံးဝ မဝင်ခဲ့ပါ။ ခေါ်စရာရှိလျှင် အပြင်မှ တံခါးခေါက်၍ ခေါ်ခဲ့သည်။

"သူ့အခန်းမှာ နှစ်ယောက်ထဲ"

ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်ရပြန်သည်။ အခန်းပြန်ရောက်သည်နှင့် ရေနွေးနွေးစပ်၍ ရေချိုးပြီး အဝတ်အစားလဲရသည်။

ခြောက်နာရီထိုးရန် ဆယ်နှစ်မိနစ်သာ လိုတော့သည်။





ယောကျ်ားတစ်ယောက်အခန်းမှာ ဝင်ရမည်မို့ အပေါ်မှ ဆွယ်တာအကျႌ တစ်ထည် ထပ်ဝတ်ထားလိုက်သည်။

"အေးလေ ခါတိုင်းလဲ... နှစ်ယောက်တည်းရှိခဲ့တာတွေ အများကြီးပဲ... ငါ့စိတ်က စိုးရိမ်ပေမဲ့ အကိုကြီးက ရိုးရိုးသားသားပါပဲ... ပြီးရင် ငါဘာသာပဲ အားနာနေရဦးမယ်"

ကိုယ့်ဘာသာတွေးပြီး အေးမွန် စိတ်အေးသွားရသည်။ လက်မှ နာရီကိုကြည့်လိုက်သည်။ ဆယ်မိနစ်လိုသေးသည်။ တီဗွီဖွင့်ပြီး အားကစားသတင်းများကို ကြည့်နေလိုက်သည်။

၆-နာရီထိုးရန် နှစ်မိနစ်အလိုမှာ တီဗွီပိတ်လိုက်သည်။ အပြင်ထွက်မှာမဟုတ်၍ မျက်နှာကို ဘာမှ လိမ်းချယ်ထားခြင်းမရှိ။ ပကတိအတိုင်း ဖြစ်သည်။ မှန်ထဲမှာ ကြည့်လိုက်သည်။ ဖြူဝင်းသော မျက်နှာလေးက မလိမ်းမချယ်၍ ကြည်ကြည်စင်စင်ပင် ဖြစ်နေသေးသည်။

ခေါင်းမှဆံပင်များကို သပ်သပ်ယပ်ယပ်ဖြစ်အောင် ဘီးကျဲဖြင့် ဖြီးလိုက်သည်။ အခန်းတံခါးကိုဖွင့်၍ အပြင်မှ သော့ခတ်လိုက်သည်။

ဒေါက်... ဒေါက်... ဒေါက်...

လင်းဇော်ဦး အခန်းတံခါးကို ခေါက်လိုက်သည်။

"ကမ်း... အင်... "

လင်းဇော်ဦး အင်္ဂလိပ်လိုပြောသည်။ အေးမွန် အခန်းတံခါးကို ဖွင့်ပြီး ဝင်သွားသည်။ ယောကျ်ားနေသော အခန်းဖြစ်

သော်လည်း လင်းဇော်ဦးအခန်းမှာ သန့်သန့်ပြန့်ပြန့်ရှိသည်။

အခန်းထဲမှာ ဖိုင်ဘာစားပွဲတစ်လုံးနှင့် ဆိုဖာခင်းစတီးခေါက်ကုလားထိုင် နှစ်လုံးရှိသည်။ လင်းဇော်ဦး ဟိုတယ်မှ တောင်းယူထားဟန်တူသည်။ အေးမွန်အခန်းမှာမရှိ။

ထိုစားပွဲတွင် စာရင်းစာရွက်များနှင့် လင်းဇော်ဦး အလုပ်လုပ်နေသည်။ အေးမွန် အခန်းတံခါး ပြန်ပိတ်လိုက်သည်။

"ဆေ့(ဖ်)ချထားလိုက်... "

လင်းဇော်ဦး၏ အမိန့်အတိုင်း အေးမွန် ဆေဖ့်ခလုတ်ကို နှိပ်လိုက်ရသည်။

"လာ... ဒီမှာထိုင်... "

လင်းဇော်ဦး ညွှန်ပြသည့် စတီးကုလားထိုင်လေးမှာ အေးမွန် ထိုင်လိုက်သည်။ လင်းဇော်ဦးနှင့်နီး၍ ကိုယ်က ကျုံ့ကျုံ့လေးဖြစ်သွားသည်။ ရှေ့ဘက်မှ တီဗွီဖွင့်ထားသည်။ တီဗွီတွင် အင်္ဂလိပ်ကား ပြနေသည်။

"ချာတိတ်ကို အရေးကြီးတဲ့ စကားတစ်ခု ပြောစရာရှိတယ်"

ဟော်တယ်မှာ နှစ်ယောက်ထဲရှိချိန်ဆိုလျှင် တစ်ခါတစ်ရံမှာ လင်းဇော်ဦးက ချာတိတ်ဟုခေါ်တတ်သည့် အထူးသဖြင့် တရင်းတနှီး ပြောချင်သည့်အခါများမှာ ဖြစ်သည်ကို အေးမွန် သတိထားမိသည်။

လင်းဇော်ဦးကိုအေးမွန်ကြည့်လိုက်သည်။ လင်းဇော်ဦးက မပြောသေးပဲ အေးမွန်ကို ကြည့်နေသည်။ လင်းဇော်ဦး မျက်လုံးများမှာ တောက်ပပြီး အားရှိနေ၍ အေးမွန်ရင်ထဲမှာ လှုပ်လှုပ်





ရှားရှား ဖြစ်ရသည်။

ယောကျ်ားဖြစ်ပြီး ထူးထူးခြားခြား နီမြန်းနေသော နှုတ်ခမ်းများကို မြင်ရတိုင်း အေးမွန် အံ့ဩရသည်။

"အကိုကြီး အခုစစ်နေတဲ့ စာရင်းတွေက များလို့ အေးမွန် အကူအညီယူပြီး ဒီနေ့ည အပြီးစစ်ချင်တယ်... "

အေးမွန် ခေါင်းညိတ်လိုက်သည်။

"ဒီလိုကွ... ဂိုဒေါင်မှူး ဦးသောင်းကျော်ဆိုတာ ဦးစိုင်းနွတ်ရဲ့တူပဲ... တို့ ခုလုပ်နေတာက ဂိုဒေါင်က ပစ္စည်းထုတ်... ဆိုင်ပေါ်တင်... အဲဒါတွေကိုပဲ စာရင်းမှတ် စာရင်းသွင်းလုပ်နေတာ... ဒါပေမဲ့ ဒီနေ့ မနက်ကျတော့... လျှပ်စစ်ပစ္စည်းတွေ ဆိုင်ပို့ဖို့ စာရင်းလုပ်ရင်း အကိုကြီးစိတ်ထဲမှာ သံသယ ဖြစ်လာတာ တစ်ခုရှိတယ်... အဲဒါက မီးပူတွေအားလုံး ဆိုင်တင်မယ်ဆိုတော့ မီးပူက ဆယ့်နှစ်ခုပဲရှိတယ်"

အေးမွန် ခေါင်းညိတ်သည်။ နေ့ခင်းပိုင်းက သူကိုယ်တော်တာမှာ နေရာချပေးခဲ့ပြီးဖြစ်သည်။

"အကိုကြီး ရန်ကုန်ကပို့တုန်းက လျှပ်စစ်မီးပူ ဆယ့်ခြောက်ခု၊ အဲဒါလဲ အသေအချာ မှတ်မိနေတာက လျှပ်စစ်မီးပူ နည်းနေတယ်... အကိုကြီးက အနည်းဆုံး နှစ်ဆယ်လေးခု ပို့ချင်တယ်... ။ ရန်ကုန် ဂိုဒေါင်မှာလဲ ကုန်နေလို့ လျှပ်စစ်မီးပူ အဝယ်အမှာစာ စက်ရုံကို ပို့ခဲ့ပြီးပြီ...

ဒါနဲ့... မီးပူလေးခု ကျန်ဦးမယ်ဆိုပြီး ရှာတော့ မရှိဘူး... ဒါနဲ့ ဦးသောင်းကျော်ကို ဂိုဒေါင်ပို့တဲ့ အဝင်စာရင်း အပြ

နိုင်းတယ်။ စာရင်းစစ်ကြည့်တော့ အဝင် ဆယ့်ခြောက်ခု ဖြစ်နေတယ်... ရှိတာက ဆယ့်နှစ်ခုပဲ... ”

လင်းဇော်ဦးကို ကြည့်၍ ဘယ်လိုဖြေရှင်းမလဲ ဟု အေးမွန် စိတ်ဝင်စားနေသည်။

“ဦးသောင်းကျော်ကို မေးတော့ မော်တော်ကားပေါ်က ချပြီး ပို့တဲ့ ပစ္စည်းတွေအတိုင်း သူ့ဂိုဒေါင်ထဲမှာ ထည့်ထားတာပဲလို့ ပြောတယ်.. ပျောက်နေတဲ့ အကြောင်းပြောတော့ လာပို့ကတည်းက ဒီလောက်ပဲတဲ့...

စာရင်းနဲ့စစ်ပြီး လက်မခံဘူးလား မေးတော့.. စစ်တော့ စစ်တယ်... သူလဲ ပြည့်တယ်လို့ပဲ ထင်လိုက်လို့တဲ့... ဒီ အဖြေဟာ ကျေနပ်စရာ မကောင်းဘူး... ချာတိတ် စဉ်းစားကြည့်.. ကုန်ပစ္စည်းပို့တဲ့လူကအကိုကြီးတပည့်.. အေးထွန်း ကိုယ်တိုင် အသေအချာ စာရင်းနဲ့တွက်ပြီး အပ်တာ ဒီကောင့် စိတ်ချရတယ်...

ဒီကောင်ပေးတာ မပြည့်ဘူးဆိုရင်လဲ လက်ခံတဲ့ ဂိုဒေါင်မှူးက စစ်လက်ခံရင် ပေါ်မှာပေါ့။ မစစ်ဘဲနဲ့ ပစ္စည်းလက်ခံတယ်ဆိုရင်လဲ သူ့ရဲ့ ပေါ့လျော့မှုပဲ။ ဂိုဒေါင်ထဲ ပျောက်တာဆိုရင်လဲ သူ့တာဝန်ပဲ... ”

အေးမွန် ခေါင်းညိတ်သည်။

“ဒါနဲ့ မသင်္ကာလို့... လျှပ်စစ်ပစ္စည်းတွေ အသေအချာ စစ်လိုက်တော့ ဒိုင်ဝါကက်ဆက် အသေးလေးနှစ်လုံး လျော့နေတာ တွေ့ရပြန်တယ်... ”





အေးမွန် အံ့ဩသွားရသည်။

“အကိုကြီး သူ့ကို မယုံတော့ဘူး.. ဒါနဲ့ ဒီစာရင်းတွေ အကုန် ယူလာတာ... ဒီဘက်ကဟာ... အခု ဂိုဒေါင်ထဲမှာ ကျန်တဲ့ ပစ္စည်းစာရင်း.. ဒါက အေးမွန်တို့ဆိုင်မှာ တင်ထားတဲ့ ပစ္စည်းစာရင်း ဒါက ရန်ကုန်က ပို့တဲ့စာရင်း ပစ္စည်းအမျိုးအစားအလိုက် ကိုက်မကိုက်တိုက်ပြီး စစ်ကြည့်... ”

“ဟုတ်... ဟုတ်ကဲ့ အကိုကြီး.. ”

စာရင်းစာရွက်များကို ပေးရင်း ယူရင်း လက်ချင်း ထိမိ ...က်မိသွားကြသည်။ နူးညံ့နွေးထွေးသော အတွေ့အထိကို နှစ် ...ယောက်လုံး ခံစားလိုက်ရသည်။

ဘာမျှ ပြောပလောက်သော ကိစ္စမဟုတ်သော်လည်း ...အချိန်အခန်းထဲမှာ နှစ်ယောက်ထဲ ဆိုသော စိုးရွံ့စိတ် အခြေခံ ...ကြောင့် အေးမွန်ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်ရသည်။ ထွေးမြင့် ...တွေ့စဉ်က လက်ကို ဆုပ်ကိုင်ခဲ့ရဘူးသော်လည်း ဤမျှ စိတ် ...ရှားခြင်း မဖြစ်ခဲ့။

“ဒါလေး ထိမိရုံနဲ့ ငါကလဲ ဘယ်လို ဖြစ်နေရတာပါလိမ့်”

ကိုယ့်ဘာသာပင် အေးမွန် မကျေနပ် ဖြစ်ရသေး ...သည်။

“အသေအချာတိုက်ဆိုင် စစ်နော် ဒီဘက်မှာ နှစ်ခုထပ်တွေ့ထားတယ်... ”

“ဟုတ်ကဲ့ပါ.. ”

အေးမွန် အသေအချာပေါင်းပြီး စာရင်းချင်း တိုက်

ကြည့်သည်။

"အို အရေးထဲမှ... "

တီဗွီမှ ကြားရသော ထူးခြားသည့် အသံတစ်မျိုးကြောင့် အမှတ်မထင် လှမ်းကြည့်လိုက်ရာ အမျိုးသားနှင့်အမျိုးသမီးချောချောလေး တစ်ဦးကိုတစ်ဦး ဖက်၍ နမ်းနေကြသည်။

လင်းဇော်ဦးကလည်း တီဗွီကို လှမ်းကြည့်နေ၍ ခေါင်းငုံ့ပြီး စာရင်းစာရွက်များကို ပြန်ကြည့်နေလိုက်သည်။

"အေးအေးဆေးဆေး လုပ်လို့ရတယ်... မှန်ရင်ပြီးတာပဲ... အဲဒီလူကို နေ့ခင်းကပဲ အလုပ်ဖြုတ်ပစ်လိုက်ပြီ... "

"ရှင်... "

"မြန်လှချည်လား" ဟု အေးမွန် အောက်မေ့မိသည်။

"သူက ဦးစိုင်းနွတ်ရဲ့တူလေ... ဦးစိုင်းနွတ်ကို ပြောပြတော့ စိတ်ဆိုးပြီး သူ့တူ သူဖြုတ်ပစ်လိုက်တယ်... "

အေးမွန် ခေါင်းညိတ်လိုက်ပါသည်။

"ဂိုဒေါင်တာဝန်ခံကလဲ မရှိမဖြစ်တော့ ချက်ချင်းပဲဦးစိုင်းနွတ်နဲ့တိုင်ပင်ပြီး လူရှာရတယ်... ဦးစိုင်းနွတ်က သူနဲ့ငယ်သူငယ်ချင်း ဦးမြစံဆိုတဲ့လူ ခေါ်လာတယ်... ရိုးဖြောင့်တယ်ဆိုတာ သူနဲ့ငယ်ကတည်းက ပေါင်းလာတာ စိတ်ချလို့ ပြောတယ်။

ပိုကောင်းတာက အဲဒီလူကြီးက ရှေးခေတ် အိုင်အေအောင်တဲ့အထိ တက္ကသိုလ် တက်ဖူးတယ်။ အင်္ဂလိပ်လိုကောင်းကောင်းဖတ်တတ်တယ်၊ ပြောတာလဲ မဆိုးဘူး။ ပြောနိုင်တယ်၊ ဥပဓိရုပ်ကလဲ ကောင်းပါတယ်... ရိုးသားတဲ့





ပုံပဲ... ဆိုင်မှာ သူ့သမီးရှိတယ်လေ... ဟို ဖြူဖြူချောချောကောင်မလေး... သူ့နာမည်က နှင်းပွင့်စံတဲ့... "

"သြော်... "

နှင်းပွင့်စံကို အေးမွန် မြင်ယောင်မိသည်။

"ဖြူဖြူချောချော ကောင်မလေး... "

လင်းဇော်ဦး၏ နာမဝိသေသနများကို သတိထားမိ...ကြ၍ အေးမွန် ပြုံးလိုက်သည်။ နာမည်ကိုပါ မှတ်မိနေသည်...လည်း အံ့ဩရသည်။

မှန်သည်။ နှင်းပွင့်စံဆိုသော မိန်းကလေးသည်အမည်...လှလေးနှင့် လိုက်ဖက်အောင် ဖြူဖြူချောချောလေး ဖြစ်သည်။ ...းပွင့်စံကို စတွေ့ရကတည်းက အေးမွန်ကိုယ်တိုင် ချစ်ခဲ့သည်။ ...သားအရေက တကယ့်ကို နှင်းပွင့်လို ဖြူဖြူဖွေးဖွေး ချစ်စရာ...သ။

ဆက်ဆံကြည့်တော့လည်း ရိုးအေးသည်။ သဘော...ာင်းသည်။ အေးမွန်ကိုလည်း ချစ်ခင်လေးစားသည်။ သို့သော်...အးမွန်ရင်ထဲမှာ သေးငယ်သော မကျေနပ်မှုလေးတစ်ခု ခံစား...က်ရသည်။

"ဘာကို မကျေနပ်တာပါလိမ့်... "

ကိုယ့်ဘာသာ ဆန်းစစ်ကြည့်သည်။ နှင်းပွင့်စံကို...ကျေနပ်ခြင်း မဟုတ်သည်မှာ သေချာသည်။ နှင်းပွင့်စံကို ဖြူဖြူ...ချောလေးဟု ပြောသော အကိုကြီးကို ဖြစ်သည်။

"အို... ဘာမှ မဟုတ်ပါဘူး အကိုကြီးက ရိုးရိုးပြောတာပါ"

အေးမွန် အားလုံးကို မေ့အောင် ကြိုးစားပြီး စာရင်းများကို အသေအချာ ကြည့်သည်။ အမှားတစ်ခုခု တွေ့ချင်သည်။ အကိုကြီး ချီးမွမ်းသည်ကို ခံချင်သည်။ နှစ်စုံတိုက်ကြည့်ပြီးသည်အထိ အမှားမတွေ့သေး။ တတိယစာရင်းတစ်စုံကို ဆက်ကြည့်သည်။

လင်းဇော်ဦးကလည်း စာရင်းစာရွက်တစ်ဝက်ကို သူ့ဘာသာ တိုက်ကြည့်နေသည်။ နှစ်ဦးသား ငြိမ်သက်နေ၍ အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

"ဟော ဒီမှာ တစ်ခုထပ်တွေ့ပြီ... "

လင်းဇော်ဦးက သူ့စာရင်းစာရွက်ကို အေးမွန်ရှေ့သို့ ပြသည်။

"ဒီမှာကြည့်... ဇစ်ပိုမီးခြစ် တစ်ရာလေးဆယ့်လေးခု ပို့တဲ့ အဝင်စာရင်း... အေးမွန်တို့ဆိုင်မှာ နှစ်ဆယ့်လေးခု တင်ထားပြီ... "

အေးမွန် ခေါင်းညိတ်သည်။

"ဒါဆိုရင် လက်ကျန်စာရင်းမှာ တစ်ရာ့နှစ်ဆယ် ရှိရမယ်... ဒီမှာတွေ့လား။ ကိုးဆယ်ခြောက်ခုပဲရှိတယ်။ နှစ်ဆယ့်လေးခု ပျောက်နေတယ်... "

အေးမွန် အသေအချာ ကြည့်သည်။ မှန်သည်။ သူ့ဘက်မှာ တစ်ခုမျှ မတွေ့သေး။

"ငါကြည့်တာများ မသေချာလို့လား... "

ဆက်ပြီး အသေအချာကြည့်သည်။ စာရင်းစာရွက်





တစ်ဝက်ခန့်တွင် သံသယ ဖြစ်စရာတွေ့ရသည်။ ပြန်စစ်ကြည့်သည်။ သေချာသည်။ ခရော့(စ်)ဘောပင် ရွှေရောင် တစ်သောင်းနှစ်ထောင်တန် တစ်ချောင်းလျော့နေသည်။

တစ်ချောင်းတည်းမို့ ဟုတ်ပါ့မလားဟု သံသယဖြစ်မိသည်။ သို့သော် အကိုကြီးကို ပြကြည့်ချင်သည်။

"ဒီမှာ ခရော့စ်ဘောပင်တစ်ချောင်းလျော့နေတယ်... "

"ရွှေရောင် သောင်းကျော်တန် မဟုတ်လား... "

"ရှင်... "

အေးမွန် အံ့သြသွားသည်။

"သူ့အိပ်ထောင်ထဲမှာ တွေ့တယ်လေ... အကိုကြီးထင်တယ် ဒါပေမဲ့ မသေချာလို့ မပြောခဲ့တာ... "

အေးမွန် တစ်ခုတွေ့သွားပြီ။

"အေး... သိပ်တော်တာပဲ... တစ်ချောင်းထဲ လျော့တာ တောင်တွေ့တယ်... အကိုကြီးဆိုရင် မြင်မှာမဟုတ်ဘူး"

အကိုကြီး ချီးမွမ်း၍ အေးမွန် ကျေနပ်သွားသည်။

"လူဟာဘယ်လောက်ရိုးတယ်ဆိုဆို... မယုံရဘူး... အလွယ်မြင်ရင် သူကြွယ်လိုချင်တယ်တဲ့... ဦးမြစံကိုလဲ အေးမွန်တစ်လတစ်ခါတော့ ဂိုဒေါင်စစ်ဆေးရေး ဝင်ပေးမှဖြစ်မယ်"

အေးမွန် ရင်ထဲမှာ ကျေနပ်သွားသည်။ အကိုကြီး အယုံဆုံးလူမှာ ကိုယ်တိုင်ဖြစ်နေသည်ဟု နားလည်၍ ဖြစ်သည်။

ကိုယ့်ထက် ပို၍ယုံရသူ မရှိစေချင်။

"အကိုကြီး တီဗွီကြည့်ချင်ရင် ကြည့်လေ... အေး အားလုံး

ဆက်စစ်လိုက်မယ်... ”

အေးမွှန်က လင်းဇော်ဦး အနီးမှ စာရင်းစာရွက်များကို လှမ်းယူလိုက်သည်။ လင်းဇော်ဦးက စာရင်းစာရွက်များကို ပြန်ဆွဲထား၍ လက်ချင်းထိမိနေကြသည်။ အတွေ့အထိကို နှစ်ဦးလုံး သိနေကြသည်။

“အေးမွှန် လက်ကိုမရုပ်မိသေး... ”

“ရပါတယ် အေးရယ်... အကိုကြီးလဲစစ်မှာပေါ့... အေးအတွက်ပေးထားတာသာ ပြီးအောင်စစ်ပါ... ”

အေးမွှန် စာရင်းစာရွက်များကို လွှတ်ပြီး လက်ကို ပြန်ရုပ်လိုက်သည်။ နှလုံးခုန်သံ မြန်နေဆဲ။ လင်းဇော်ဦး နေရာမှ ထသွားသည်။

အချိန်က ည (၉) နာရီကျော်နေပြီ။ ဘာကြောင့်မှန်းမသိ။ အေးမွှန် အိပ်ချင်စိတ်မရှိသေး။ တီဗွီမှပြသည့် ရုပ်ရှင်တွင် ကားနှစ်စင်း အမြန်မောင်းနေကြသည်။ နောက်မှ လိုက်သောကားမှာ လမ်းသရဲများ ဖြစ်သည်။

ကားတာရာနှင့် ကတ္တရာလမ်းပွတ်တိုက်သံ ကားချင်းတိုက်မိသံ ပိတ်ထားသော တံခါးကို ဖြတ်တိုက်သွားသော အသံများ ဆူညံနေသည်။

စာရင်းစစ်သည်ကိုရပ်ပြီး တီဗွီဆီသို့ အေးမွှန် လှမ်းကြည့်လိုက်သည်။ ရှေ့ကားတွင် မောင်းနေသူမှာ အမျိုးသမီးချောချောလေးဖြစ်သည်။ သူ့ဘေးမှ အမျိုးသားက နောက်ကားကို သေနတ်နှင့်လှမ်းပစ်နေသည်။ လမ်းသရဲများကလည်း သေနတ်





နှင့် ပစ်နေကြသည်။ တောင်ပေါ်လမ်းဖြစ်၍ အန္တရာယ် များလှသည်။ အေးမွှန်ကြည့်နေရင်း သူတို့ကိုယ်စား ရင်မောရသည်။

လင်းဇော်ဦးလည်း ဆူညံသံများ၏ ဆွဲဆောင်မှုကြောင့် မတ်တပ်ရပ်လျက်နှင့်ပင် တီဗွီကို လှမ်းကြည့်နေသည်။

“အို... ”

အေးမွှန် ထိတ်လန့်သွားသည်။ ရှေ့မှ တောင်ကွေ့တွင် ထရပ်ကားကြီးတစ်စင်း ဘွားကနဲ ပေါ်လာ၍ ဖြစ်သည်။

ကျွိ... ကျွိ... ကျွိ...

ရှေ့ကားမောင်းသူ အမျိုးသမီးက တောင်ကမ်းပါးယံဘက်မှကပ်ကွေ့ပြီး ရှောင်သည်။

လွတ်သွားသည်။ နောက်ကားမှာ ထရပ်ကားကြီးနှင့် အိပ်တိုက်တွေ့နေပြီ။ ထရပ်ကားကြီးက တောင်ကွေ့ကို လွန်သည်နှင့် တောင်ကမ်းပါးယံဘက်မှာ ကပ်မောင်းလျက် ဖြစ်သွားသည်။

နောက်ကားမှာ ချောက်ဘက်မှ ရှောင်ရသည်။ ကွေ့ဖြစ်နေ၍ အရှိန်ကို ထိန်းရခက်နေပြီ။

ကျွိ... ကျွိ... ကျွိ...

ချောက်ထဲသို့ ထိုးကျပြီး မီးလောင် ပေါက်ကွဲသွားသည်။ ထရပ်ကားကြီးက အောက်ဘက်သို့ ဆက်မောင်းသွားသည်။ ဘေးကင်းသွားပြီဖြစ်သော အတွဲလေးက ကားကိုရပ်ပြီး ချောက်ထဲကျသွားသော ကား႑ ကြည့်သည်။

နှစ်ဦးသားသဘောကျစွာ ခုန်ပေါက်ပြီ ဟားတိုက်

ရယ်မောကြသည်။ ပြီးတော့ တစ်ဦးနှင့်တစ်ဦး အားပါးတရ ဖွေ့ဖက်လျက် အပြန်အလှန် နမ်းနေကြသည်။

အောင်ပွဲခံသော အနမ်းဖြစ်၏။

လင်းဇော်ဦး ရပ်လျက် ကြည့်နေသလို အေးမွှန်လည်း မေ့လျော့စွာ ကြည့်နေမိဆဲ။ အနမ်းအဖက်များက ကြာရှည်သည်။ အေးမွှန် ရုတ်တရက် သတိရ၍ အကြည့်ကို လွှဲဖယ်လိုက်သည်။

လင်းဇော်ဦးက ကြည့်နေဆဲ။ ဘာကြောင့်မှန်းမသိ အေးမွှန် ရင်ထဲမှာ လှုပ်ရှားနေရပြန်သည်။ ခဏကြာတော့ လင်းဇော်ဦး ရပ်နေရာမှ လျှောက်သွားသံ ကြားရသည်။

အေးမွှန် လှမ်းကြည့်လိုက်မိသည်။ ရေနွေးကြိုသော စတီးအိုးလေးတွင် ရေထည့်ပြီး ပလပ်ပင်ကို ပလပ်ပေါက်မှာ ထည့်၍ ခလုတ်ဖွင့်လိုက်သည်။

ရေနွေးကြိုခြင်းဖြစ်ကြောင်း အေးမွှန်သိလိုက်သည်။ လင်းဇော်ဦး ကတ်ဘူးတစ်ခုကို ဖွင့်၍ ကောဖီမစ်နှစ်ထုပ် ယူလိုက်သည်။ အေးမွှန် နားလည်သွား၍ နေရာမှ ထလိုက်သည်။

"ပေး... အကိုကြီး အေးလုပ်ပေးမယ်... "

လင်းဇော်ဦးက ကော်ဖီမစ်နှစ်ထုပ်ကို အေးမွှန်လက်သို့ ပေးလိုက်ပြီး သူစားပွဲပေါ်မှ ဖန်ခွက်နှစ်ခုကို ယူလိုက်သည်။

"ပေး... ပေး... အကိုကြီး... "

အေးမွှန်ဖန်ခွက်နှစ်ခုကို လှမ်းယူလိုက်ပြန်သည်။

"အကိုကြီး ထိုင်နေပါ... ကော်ဖီမစ် သောက်ချင်လို့ မဟုတ်လား... "





လင်းဇော်ဦးက အေးမွှန်ကို လှမ်းကြည့်လိုက်သည်။

"ထိုင်နေပါ... အေး ဖျော်ပေးမယ်... "

လင်းဇော်ဦး မထိုင်သေး မတ်တပ်ရပ်လျက်နှင့်ပင် တီဗွီမှ ဇာတ်ကားကို ဆက်ကြည့်နေသည်။ အေးမွှန် ဖန်ခွက်များကို လက်ဆေး ကြွေခွက်မှာ ရေပိုက်ဖွင့်ပြီး ဆေးသည်။ ဖန်ခွက်များကို ရေစင်အောင် စစ်လိုက်သည်။

အသင့်ဖြစ်ပြီ။ ရေနွေးဆူလျှင် ဖျော်၍ရပြီ။ ဖန်ခွက်နှစ်ခွက်ကို စားပွဲပေါ်မှာ ထားပြီး ရေနွေးအိုးနားသို့ သွား၍ စောင့်သည်။ သိပ်မကြာ ရေနွေးအိုး ပွက်လာ၍ အပေါ်မှ အဖုံးလေး လှုပ်ရှားနေပြီ။ အေးမွှန် စတီးအိုးလေး၏ အဖုံးကို ဖွင့်လိုက်သည်။

"အား... "

ဘာဖြစ်မှန်းမသိ၍ လင်းဇော်ဦးက အေးမွှန်၏ ပခုံးလေးနှစ်ဖက်ကို ရုတ်တရက် ဆွဲယူလိုက်သည်။

လင်းဇော်ဦး၏ ရင်ခွင်ထဲသို့ အေးမွှန် ရောက်သွားသည်။ ရေနွေးအိုးက ဆူပွက်နေဆဲ။

"ဘာဖြစ်တာလဲ အေး... "

"လက်... အပူဟပ်သွားလို့... "

အေးမွှန်က လင်းဇော်ဦး ရင်ခွင်မှ အသာအယာ ရုန်းထွက်သည်။ လက်ညှိုးဖြူဖြူနုနုလေး နီရဲနေသည်။

"တော်သေးတာပေါ့ အကိုကြီးက ဓာတ်လိုက်တာများလားလို့..."

လင်းဇော်ဦးက အေးမွှန်၏ လက်ကလေးကို ဆုပ်ကိုင်

လိုက်သည်။

"ပူနေတယ်... အကိုကြီး..."

"ဟာ... ဒါဆို အပူလောင်သွားတာပေါ့.. လာ... လာ..."

လင်းဇော်ဦးက အေးမွှန်လက်ကိုဆွဲ၍ လက်ဆေးကြွေခွက်ရှိရာသို့ ခေါ်သွားသည်။ ရေပိုက်ကို ဖွင့်လိုက်သည်။

"ရေအေးစိမ်ရမယ်..."

"ရေထိရင်... အဖူးပေါက်မှာပေါ့.."

"ဟာ မဟုတ်တာ... ရေအေးစိမ်လိုက်ရင် အဖူးမပေါက်တော့ဘူး..."

လင်းဇော်ဦးက အေးမွှန်၏ လက်ကလေးကို ဆွဲယူပြီး ရေပိုက်အောက်မှာ ထားလိုက်သည်။ ပိုက်မှကျသောရေက တောင်ကြီး၏ ရာသီဥတုကြောင့် ရေခဲရေလို အေးနေသည်။

ပူနေသော အေးမွှန်လက်ကလေး တဖြည်းဖြည်းနှင့် အေးသွားသည်။ ဆုပ်ကိုင်ထားသော လင်းဇော်ဦး၏ လက်ပါ ရေနှင့်ထိ၍ အေးနေသည်။ လက်ဆေးကြွေခွက်ဘေးမှာ နှစ်ဦးသား လူချင်းထိ၍ ရပ်နေမိသောအဖြစ်ကို အေးမွှန် သတိထားမိသည်။

"ရပြီထင်တယ်... အကိုကြီး..."

"ခဏနေပါဦး.. အေးသွားမှ အဖူးမပေါက်မှာ.. အေးလက်အပူလောင်လို့ မဖြစ်ဘူး.."

လင်းဇော်ဦးက အေးမွှန်၏လက်ကို ဆုပ်ကိုင်လျက် ရေအေးစိမ်ပေးထားဆဲ။ အေးမွှန် မငြင်းတော့ပါ။





"သက်သာလားအေး..."

လင်းဇော်ဦး၏ ကြင်နာသော အမေးကို အေးမွှန်ငြင်သာစွာ ခေါင်းညိတ်၍ ဖြေသည်။ လင်းဇော်ဦးက ရေပိုက်ခလုတ်ကို လှည့်ပြီးပိတ်လိုက်သည်။ အေးမွှန်လက်မှာ အေးစက်နေသည်။ နီရဲနေသည်လည်း ပျောက်သွားသည်။

လင်းဇော်ဦး ရေနွေးကြိုနေသော မီးခလုတ်ကို ပိတ်လိုက်သည်။ တီဗွီကိုပါ ပိတ်လိုက်သည်။ ပြီးတော့ မျက်နှာသုတ်တဘက်လှမ်းယူပြီး အေးမွှန်၏ လက်မှရေများကို ငြင်သာစွာ ဆုပ်ပေးသည်။ လင်းဇော်ဦး ပြုသမျှကို အေးမွှန် ကြည့်နေသည်။

"အကိုကြီးက ငါ့ကို သိပ်ကြင်နာတာပဲ..."

စိတ်ထဲမှာ ကျေနပ်စွာ ခံစားရသည်။

"အေး..."

အကိုကြီးအသံမှာ တုန်ခါနေသည်ဟု အေးမွှန်ထင်သည်။ အကိုကြီးမျက်နှာကို လှမ်းကြည့်လိုက်သည်။ လင်းဇော်ဦးက အေးမွှန်၏ လက်ကလေး ဆုပ်ကိုင်ထားဆဲ။ အေးမွှန် ကိုယ်တိုင်ကလည်း ငြင်းပယ်ခြင်း မပြုမိ။

အေးမွှန်ကို လင်းဇော်ဦးကြည့်နေသည်။ နှစ်ဦးသား အကြည့်ချင်းဆုံမိကြသည်။ ဘယ်သူမျှ အကြည့်မလွှဲမိကြ။ လွှဲနိုင်စွမ်းလည်း မရှိကြ။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လွှမ်းနေသည်။

"အေး..."

လင်းဇော်ဦးက ထပ်ခေါ်သည်။

"အကိုကြီး... "

အေးမွန် ပြန်ခေါ်သံက တိုးတိုးတိမ်တိမ်လေး။

အေးမွန်၏ ပုခုံးလေးနှစ်ဖက်ကို လင်းဇော်ဦး ဆုပ်ကိုင်လိုက်သည်။ အကြည့်ချင်းက ဆုံမိနေကြဆဲ။ ရင်ခုန်သံတွေက ပို၍ မြန်လာကြသည်။ လင်းဇော်ဦးက အေးမွန်ကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်သည်။

အေးမွန် ရုန်းကန်ခြင်း၊ ငြင်းပယ်ခြင်း မပြုမိရုံမက ပါးပြင်တစ်ဖက်နှင့် လင်းဇော်ဦး၏ ရင်မှာ ကပ်ထားလိုက်မိသည်။ လင်းဇော်ဦး၏ ရင်ခုန်သံများကို ကြားနေရသည်။

တစ်ပြိုင်တည်းမှာပင် ကိုယ့်ရင်ခုန်သံများကိုလည်း ကိုယ်ပြန်ကြားနေရသည်။ လင်းဇော်ဦးက အေးမွန်ကို ပို၍ တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်သည်။ အေးမွန် အသက်ရှူရကျပ်သလိုဖြစ်၍ မျက်နှာလေး မော့မိလျက်သား ဖြစ်သွားသည်။

"အို... "

ဘာမျှ မလိမ်းမချယ်သော မျက်နှာလေးပေါ်မှာ နွေးထွေးသော အထိအတွေ့များ... ဆက်ကာ... ဆက်ကာ...

အေးမွန်ဘာမျှ စဉ်းစားနိုင်စွမ်းမရှိတော့ပါ။အေးမွန် စဉ်းစားချင်စိတ်လည်း မရှိတော့ပါ။ အေးမွန်၏ရင်ခုန်သံများ မြန်လွန်းနေသည်။ တစ်ကိုယ်လုံးမှာ သွေးများဆူပွက်နေသလို ခံစားနေရသည်။ အို... အမှောင်ထုအတွင်းသို့ ကျရောက်တော့မည်။ ဖွားဖွားမျက်နှာကို မြင်ယောင်လာသည်။ အသနားခံ၍ တောင်းပန်နေသော မျက်နှာ သတိပေးနေသော မျက်နှာ။





"မြေး... မိန်းကလေးဆိုတာ ... လက်မထပ်ခင်မှာ ဘယ်ယောက်ျားကိုမှ အခွင့်အရေးအကုန်မပေးရဘူး... မိန်းကလေးတစ်ယောက်ဟာ ပန်းကောင်းအညွန့်ကျိုးဘဝ ရောက်မသွားစေရဘူး... ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ရမယ်... "

ဖွားဖွားသတိပေးဘူးသော စကားဖြစ်သည်။

"မြေးမှာ အမေရှိတာမဟုတ်ဘူး... ဖွားဖွားကအမေပဲ... ဒါကြောင့်မို့ ဖွားဖွားမှာ စကားကုန်အောင်သတိပေးရမဲ့တာဝန်ရှိတယ်... "

ဖွားဖွားက မိန်းကလေးများအတွက် အရေးကြီးဆုံး းသိမ်းစောင့်ရှောက်အပ်သည့်ကိစ္စကို အညာလွယ်၍ မလိုက် ာသင့်ကြောင်းများ ကိုရှင်းပြသည်။ လက်မထပ်ခင် မဆင်ခြင် ား ဒုက္ခကြုံရပုံတို့ကိုလည်း ရှု့ချပြောဆိုသည်။

"ကဲ... ခုမြေး အရွယ်ရောက်ပြီ... အဲဒီကိစ္စကိုအလေးအနက်စောင့်ထိန်းပါ့မယ်လို့ ဖွားဖွားကို ကတိပေးစမ်း"

အေးမွန်ကတိပေးရသည်။

"အေး... ဖွားဖွားကို ပေးတဲ့ကတိကို ဘယ်တော့မဖျက်မိစေနဲ့... သတိထားပြီး ရှောင်... မလွှဲသာ မရှောင်သာတဲ့ အခြေအနေမျိုးရောက်နေရင်တောင်... ဖြစ်တဲ့ နည်းနဲ့လွတ်အောင်ကြိုးစား... "

ဖွားဖွားပြောသည်များကို ကြားယောင်လာသည်။ းနားမှာ ဖွားဖွားလာပြောနေသလိုပင် စိတ်မှာထင်လာသည်။

"အေးမွန်ကို ခွင့်လွှတ်ပါနော်... အကိုကြီး... "

လင်းဇော်ဦးကို အေးမွန် တောင်းပန်စကားဆိုသည်။ အခြေအနေကို ထိန်းထိန်းသိမ်းသိမ်း ပြုပြီး အေးမွန် လွတ်အောင် ရှောင်ဖို့ ကြိုးစားလိုက်သည်။

"ဘာဖြစ်လို့လဲ... အေး.. "

ရုတ်တရက်ပြောင်းလဲသွားသော အေးမွန်ကိုကြည့်ပြီး လင်းဇော်ဦး အံ့အားသင့်နေသည်။ အေးမွန်အတွက် ရှောင်ထွက်ရန် အခွင့်ကောင်း ရသွားသည်။ သို့သော် အကိုကြီး စိတ်ဆိုးမှာကိုလည်း စိုးရိမ်မိသည်။

အေးမွန် မငြင်းချင်ပါ။ အမှန်အတိုင်းဖင် ဖွားဖွားကို ကတိပေးထားရသည့်အကြောင်း ပြောပြလိုက်ရသည်။

လင်းဇော်ဦး သက်ပြင်းချလိုက်သည်။ ထပ်ကြိုးစား၍ ရတော့မည် မဟုတ်သည်ကိုလည်း အေးမွန်ကို ကြည့်ပြီး သိလိုက်ပါပြီ။ နှစ်ဦးသား အကြည့်ချင်းက ဆုံမိနေကြဆဲ။

အေးမွန် မျက်လွှာချလိုက်သည်။ သူ့နေရာလေးမှာ သွားထိုင်ပြီး စာရင်းများကို စစ်ဆေးနေသည်။ လင်းဇော်ဦးလည်း သူ့နေရာမှာ ပြန်ထိုင်ပြီး စာရင်းစစ်နေလိုက်ရသည်။ ကော်ဖီမစ် လည်း ဘယ်သူမှ မဖျော်တော့ပါ။

ကော်ဖီမစ်သောက်ချင်စိတ်လည်း မရှိကြတော့ပါ။ ငြင်းပယ်ရသည့်အတွက် အားနာစိတ်နှင့်အကိုကြီးကို မသိမသာ လှမ်းကြည့်လိုက်သည်။

လင်းဇော်ဦး စားပွဲပေါ် မှ စာရင်းစာရွက်များဆီသို့ ငေး ကြည့်လျက်။ အချစ်၏ အထွေးအပွေ့များအထိ အေးမွန် လက်ခံ





နိုင်ပါသည်။ အကိုကြီးကို ချစ်ပါသည်။ သို့သော်.. အေးမွန် သက်ပြင်း တစ်ချက်ကိုဖြည်းဖြည်း မှုင်းမှုင်းချလိုက်မိပါသည်။

ပတ်ဝန်းကျင်သည် ထူးခြားစွာ တိတ်ဆိတ်ငြိမ်သက်နေ၏။

✿ ✿ ✿ ✿

## အခန်း (၄၁)

နံနက်ခင်း၏ နေခြည်နုအောက်မှာ တောင်ကြီးမြို့
ည် ထူးခြားစွာ သာယာလှပနေ၏။ အေးမွန် စိတ်ထဲမှာ ကြည်
င်လန်းဆန်းနေသည်။ မနေ့ညက ထူးခြားစွာ တွေ့ကြုံခဲ့ရသော
ခတွေ့အထိများက ယနေ့တိုင် ရင်မှာ လှုပ်ရှားနေရဆဲ။

အကိုကြီးနှင့်ရင်းနှီးမှု အဆင့်လည်း ပို၍မြင့်သွားပြီ
ခံစားရသည်။ အေးမွန် စိတ်ထဲမှာ ပျော်နေသည်။ ဂျင်း
ဘင်းဘီ အပြာနုလေးနှင့် အကိုကြီးဝယ်ပေးထားသည့်ယုန်မွေး
ယ်တာ အပြာနုလေးကို လိုက်ဖက်စွာ ဝတ်ဆင်လိုက်သည်။

မျက်နှာကိုလည်း စိတ်တိုင်းကျ မှုန်နံ့သာချယ်ကာ သ
းလိုက်သည်။

"လှလိုက်တာ အေးရယ်... "

အခန်းမှအထွက်တွင် အကိုကြီး၏ နှိုးကျူးသံမှာ သာ

ယာခဲ့ရပြီး ဖြစ်သည်။ မနက်စာကို အကိုကြီးနှင့်အတူ ဗိုလ်စာ စားကြသည်။ ကော်ဖီမစ်တစ်ခွက် ပေါင်မုန့်မီးကင်နှစ်ချပ်နှင့် ကြက်ဥ ဟပ်ဖရိုက်တစ်လုံး ဖြစ်သည်။ ဆိုင်ရောက်တော့ မိန်းကလေးများ ရောက်နှင့်နေကြပြီ။

"ဂိုဒေါင် သွားချင်စိတ်တောင် မရှိဘူး... အေးရယ်... "

လင်းဇော်ဦးက အေးမွန် ကြားနိုင်ရုံ တိုးတိုးလေး ပြောသည်။ လင်းဇော်ဦးကို အေးမွန် လှမ်းကြည့်လိုက်သည်။ ချစ်သော စိတ်၊ ရင်းနှီးသောစိတ်နှင့် ရင်ထဲမှာ တစ်ကြိမ်မျှ မခံစားရဘူး သော ကြည်နူးမှုကို ခံစားရသည်။

အကိုကြီးကို ငြင်းမိခဲ့ရသည်ပင် စိတ်မကောင်းသလို ဖြစ်ရသေးသည်။

"နေ့ခင်း ထမင်းစားချိန်ကျရင် စောစောလာနော် အကိုကြီး"

အေးမွန်လေသံ တိုးတိုးလေးနှင့်မှာသည်။

လင်းဇော်ဦး ခေါင်းညိတ်ပြပြီး ဆိုင်ထဲမှ ထွက်သည်။ အေးမွန် စိတ်ထဲမှာ ပျော်နေ၍ အားလုံးကို ကြည့်ရမြင်ရသည်မှာ လည်း ကျေနပ်စရာချည့် ဖြစ်နေသည်။

ဆိုင်အလုပ်ကို လုပ်နေရသည်မှာလည်း မနေ့ကနှင့် မတူ ကိုယ့်ဆိုင်ကိုယ်တိုင် ပြင်နေရသလို ခံစားရသည်။

"ညီမလေး.. နှင်းပွင့်စံလာဦး.. ဒီရေမွှေးပုလင်းတွေကို ညီမလေး ကောင်တာထဲမှာထည့်... ညီမလေးလှမယ် ထင် သလို ထားကြည့်... ပြီးမှ မမလာပြီး... လိုအပ်ရင်ပြင်ပေး မယ်... "





"ဟုတ်ကဲ့ မမ... အကောင်းဆုံးဖြစ်အောင်တော့ နှင်း ကြိုး စားကြည့်မယ်... ဒါပေမဲ့... မမလာပြင်ပေးပါဦးနော်... "

"အေးပါ.. ညီမရယ်... "

ပြောပုံလေးကို သဘောကျ၍ နှင်းပွင့်စံ၏ ပုခုံးကို အေးမွန် အသာအယာ ပုတ်ပေးလိုက်မိသည်။

"မမ... ကျွန်မတို့ မနေ့ညက ပြင်ထားခဲ့တာ လာကြည့်ပြီး... ပြင်ပေးပါဦး.. "

လျှပ်စစ်ပစ္စည်း ကောင်တာဖက်မှ မိန်းကလေးများက ခေါ်နေကြသည်။

"မမ... နန်းအိတို့.. ပြင်ထားတာ အရင်ကြည့်ပေးပါ.. ဒီနေ့ ပစ္စည်းအသစ်တွေလာရင် ထပ်တင်ရမှာမို့ပါ.. "

စတီးပစ္စည်းများထားသည့် ကောင်တာမှ မိန်းကလေး နှစ်ယောက်ကလည်း လာခေါ်နေပြန်သည်။

"အေးပါဟယ်... အားလုံးကြည့်ပေးပါ့မယ်.. "

"မမ... ဒီနေ့ ခါတိုင်းထက် ပိုလှတယ်... "

"နန်းအိရယ် နင်တို့ အရင်ရက်ကလဲ ငါ့ကို ဒီလိုပဲ မြှောက် ပြောနေကြတာပဲ... မထူးပါဘူး... "

"ဟင့်အင်း ထူးတယ် မမ... ဒီနေ့က တကယ်ပိုလှတယ်... မျက်နှာကလဲ ကြည်နေတာပဲ... "

"ကဲ.. ကဲ တော်ပြီ.. နန်းအိရယ်... မြှောက်တာတွေ ခေါက် ထားဦး လာ... ပြင်ထားတာ သွားကြည့်မယ်... "

"သူ မြှောက်တာ မဟုတ်ပါဘူး မမရဲ့... တကယ့်ကို ပြော

တာ... မမကို ကြည့်ရတာ သိပ်ကျက်သရေ ရှိတာပဲ... အယ်လ်မာတို့အားလုံး မမကို ချစ်နေကြတာ... "

"အား... ဟုတ်ပြီ မှန်တယ်... သိပ်ကောင်းတယ်... မမ သဘောကျတယ်... ကဲ ကျေနပ်ပြီလား... "

အားလုံး ရယ်ကြသည်။ ကောင်တာမှာ ပြင်ဆင်ထားသည်များကို အဝေးမှ လှမ်းကြည့်ပြီး အေးမွန်က လိုအပ်သည် ထင်သည်များ ပြင်ပေးသည်။ အပြုအလှကောင်းသည်များကို ချီးကျူးစကားဆိုသည်။

ကိုးနာရီအထိ ပြင်ဆင်ပြီးသည်နှင့် ပစ္စည်း အသစ်များရောက်လာ၍ လွတ်နေသော ကောင်တာများမှာ နေရာချထားကြသည်။

"မမ... နှင်းတို့အတွက် ဝတ်စုံတွေ ဘယ်တော့ရမှာလဲ..."

ပထမဆုံးနေ့ကပင် ကိုယ်တိုင်းများပေးပြီး ချုပ်ခိုင်းထားသည့် တူညီဝတ်စုံများ ကိစ္စကို နှင်းပွင့်စံမေးမှ အေးမွန် သတိရသည်။

"ဟုတ်သားပဲ... ဦးစိုင်းနွတ် အပ်ပေးတာ... ဦးစိုင်းနွတ်ကို ဒီနေ့မေးကြည့်ရဦးမယ်... "

"မမရော... နှင်းတို့လို ဝတ်မှာလားဟင်... "

"ဟဲ့... မမက အရောင်းမန်နေဂျာပဲ... တို့နဲ့အတူ ဘယ်ဝတ်လို့ ဖြစ်မလဲ... "

အယ်လ်မာက နှင်းပွင့်စံကို ဟန့်လိုက်သည်။

"မမလဲ... တို့နဲ့အတူ ဝတ်ရင်... တို့ ပိုလှသွားမယ် ထင်လို့





ပါဟယ်... "

နှင်းပွင့်စံပြောပုံလေးက ချစ်စရာ။ အေးမွန်ကနှင်းပွင့်စံ၏ ခေါင်းလေးကို လက်နှင့်လှမ်းပုတ်လိုက်သည်။

"ဝတ်စုံနှစ်မျိုးလုံးမှာ... မမအတွက်လဲ တစ်စုံစီပါတယ်..."

"ဟေး... ကောင်းတယ်... "

နှင်းပွင့်စံ ပျော်သွားသည်။

"နေ့တိုင်းတော့ မမက မဝတ်ဖူးပေါ့ကွယ်... ညီမတို့ကတော့ တူညီဝတ်စုံ နေတိုင်းဝတ်ရမယ်... တချို့နေ့တွေမှာကျတော့ မမလဲ ညီမတို့နဲ့အတူတူ ဝတ်မယ်... "

"ဟာ... သိပ်ကောင်းတာပေါ့... "

အားလုံးပျော်သွားကြသည်။

"ချစ်ချစ်တို့ စနိုးကက်(ပ်)ကိုလူတွေက မဖွင့်ခင်ကတည်းက စိတ်ဝင်စားနေကြတယ် မမ... ဘယ်တော့ ဖွင့်မှာလဲနဲ့ မေးနေကြတယ်... "

"ဖွင့်ရင် ဖွင့်ပွဲ ခမ်းခမ်းနားနား လုပ်ပြီးမှဖွင့်မှာ... အားလုံး သိအောင် ကြေညာပြီးဖွင့်မှာလို့ ပြောလိုက်တယ်... "

"သီတင်းကျွတ်လပြည့်အမှီ ဖွင့်မှာလို့လဲပြောလိုက်... "

"ဟေး... ဝတ်စုံတွေဝတ်ရတော့မယ်... "

ကလေးများ ပျော်နေသည်ကိုကြည့်ပြီး အေးမွန်ပါ ပျော်ရွှင်နေမိသည်။

## အခန်း (၄၂)

တောင်ကြီးမြို့ကို အေးမွန်ချစ်သည် သူ့ဘဝကို ကြီးစွာပြောင်းလဲစေသောမြို့ဖြစ်သည်။ နေ့များ ပျော်စရာကောင်းသလို ညများသည်လည်း ကြည်နူးစရာ ဖြစ်ရသည်။ ယခု ရက်ပိုင်းတွင် ညတိုင်း ထင်းရှူးရိပ်ကို သွားဖြစ်ကြသည်။

သွားရသည်လည်း ပျော်စရာ၊ စားရသည်လည်း ကြည်နူးစရာ။ ခုရက်ပိုင်းမှာပင် ဝတ်စုံအသစ် ငါးသောင်းဖိုး အကိုကြီး ထပ်ဝယ်ပေး၍ များလွန်းသည်ဟု အေးမွန် အပြစ်တင်ခဲ့ရသေးသည်။

သို့သော် အကိုကြီးက "မများဘူးအေးရဲ့ ဆိုင်ကကောင်မလေးတွေက အေးဝတ်တာဆင်တာကို အရိပ်ကြည့်သလိုကြည့်ပြီး သဘောကျနေကြတာ… အကိုကြီး အရင်ဝယ်ပေးထားတာက ဘာမှ ရှိတာမဟုတ်ဘူး… ကြာရင် ဒါတွေပဲ ထပ်ဝတ်နေ

ရတော့ အေးမှာ ဒီလောက်ပဲ ရှိတယ်လို့ ထင်သွားကြမှာပေါ့..."

အေးမွန်ကိုယ်တိုင် ထိုသို့တွေးခဲ့မိဘူးပါသည်။ ဤအချက်ကို အကိုကြီးက တွေးမိ၍ သဘောကျလွန်းသောကြောင့် အကိုကြီးကို အေးမွန် မွေးဆုပေးခဲ့ရသေးသည်။

အေးမွန်မှာ အသစ်အသစ် ဝတ်စရာတွေ အများကြီး ဖြစ်လာသည်။ အသစ်အသစ် ဝတ်သွားတိုင်းလည်း ဆိုင်မှ မိန်းကလေးများ သဘောကျ အားကျ ဖြစ်နေကြသည်။

တောင်ကြီး ရာသီဥတုကိုလည်း အေးမွန် သဘောကျသည်။ အနွေးထည် ထူထူပွပွကြီးများကို လှလှပပဝတ်ခွင့်ရသည်။ ရန်ကုန်ဆိုလျှင် ပိုက်ဆံရှိ၍ ဝတ်နိုင်သော်လည်း ရာသီဥတုအရ ဝတ်ခွင့်ရမည်မဟုတ်။

သူ့ကိုယ်ပေါ်မှ အနက်ရောင်ပြောင်နေသော သားရေဂျာကင်အကျီရှည်ကြီးကို အေးမွန် သဘောကျစွာ ပြန်ကြည့်နေမိသည်။

"အေးကို ကြည့်ရတာ... တကယ့်ကို ဟောလီးဝုဒ်က ရုပ်ရှင်မင်းသမီးကျနေတာပဲ..."

ခုညမှာပင် ထင်းရှူးရိပ်မှ အပြန်မှာ အကိုကြီးပြောသော စကားကို ကြားယောင်နေသေးသည်။ လက်ထဲမှာ ရွှေချည်ထိုးအိတ်ကလေးကို အိပ်ရာပေါ်သို့ ပစ်တင်လိုက်သည်။ သားရေဂျာကင်ကိုချွတ်ပြီး အကျီချိတ်နှင့် ချိတ်လိုက်သည်။

အကိုကြီးကို ကျေးဇူးတင်မဆုံး ဖြစ်ရသည်။ ကိုယ့်ဘဝကို နတ်ရေကန်ထဲ ပစ်ချလိုက်သလို နေ့ချင်းညချင်း အကိုကြီး





က ပြောင်းလဲပေးခဲ့သည်။ ဤသို့သော ဟော်တယ်မျိုးမှာ တစ်ရက်မျှ တည်းဖို့ပင် ယခင်က စဉ်းစားနိုင်သည်မဟုတ်။ ယခုတော့ ရက်များစွာ တည်းခိုနေရသည်။

ကိုယ့်အိမ်ကိုယ့်အခန်းလိုပင် ဖြစ်နေသည်။ ဇိမ်ရှိသော အိပ်ရာ၊ သန့်စင်သော ရေချိုးခန်း အိမ်သာခန်းနှင့် တီဗွီနှင့်။

အကိုကြီးပေးထားသော အိမ်ကိုပြောင်းလျှင်လည်း ဤဟော်တယ် ကဲ့သို့ပင် ပြည့်စုံ ကောင်းမွန်မည်။ တီဗွီအထက်စက်သာမက အောက်စက်ပါ ထားပေးမည် တယ်လီဖုန်းပါ တပ်ပေးမည်ဟု အကိုကြီးက ပြောထားသည်။

ဖွားဖွား ရောက်လာလျှင် အံ့သြဝမ်းသာ ဖြစ်နေလိမ့်မည်။ မြေးမလေး၏ ချမ်းသာမှုများကို ဖွားဖွားပါ မျှဝေခံစားရတော့မည်။ ဖွားဖွား အတွက်ပါ အေးမွန်ဝမ်းသာနေရသည်။

"ကိုထွေးနဲ့သာဆိုရင်..."

အေးမွန် ထွေးမြင့်ကို သနားပါသည်။ ကိုယ့်အပေါ်မှာ သိပ်ချစ်မှန်းလည်း သိပါသည်။ ကိုယ်နှင့်ခွဲခွာ၍ သူခံစားရမည်ဆိုလျှင် ကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်ပါသည်။

သို့သော် သူနှင့်သာဆိုလျှင် ဤကဲ့သို့သော လူ့စည်းစိမ်ချမ်းသာများ ခံစားရန်ဆိုသည်မှာ တစ်သက်နှင့်တစ်ကိုယ် ရနိုင်တော့မည် မဟုတ်။ အေးမွန်ထင်သည်မဟုတ်။ ယုံခြင်းဖြစ်သည်။

"တစ်သက်လုံးစုလို့ အိုကြီးအိုမဖြစ်မှ ရရင်လဲ..."

အေးမွန် စိတ်မဝင်စားတော့ပါ။

ငယ်တုန်း လှတုန်းမှာပင် လှလှပပ ဝတ်ချင်သည်။ စားနိုင်တုန်း စားချင်သည်။ သွားနိုင်တုန်း သွားချင်သည်။

"ခုအချိန်မှာ ခုလို ဝတ်ရ၊ ဆင်ရ၊ ပြည့်စုံရတာ အကောင်းဆုံးပဲ... "

ကိုယ့်ဘဝကိုယ် အေးမွန် ကျေနပ်နေသည်။

"အချစ်နဲ့ပတ်သက်လို့လဲ... "

ကိုထွေး၏ အချစ်မှာ နုသည်။ ယဉ်သည်။တည်သည်။ အေးသည်။ လေးသည်။ ရင်မှာ လှုပ်ရှားရမှု နည်းသည်။

"အကိုကြီးနဲ့ကျမှ... "

ပေါ့ပါးသွက်လက်သည်။ မြူးမြူးကြွကြွရှိသည်။ ရင်မှာ လှုပ်ရှားရလွန်းသည်။

အချစ်၏ ခံစားမှုဆိုသည်ကို ခုမှ နားလည်ရ၍ ကိုထွေးနှင့်ချစ်ခဲ့သည် ဆိုသောချစ်သူဘဝကို ပြန်တွေးသည့်အခါ ပျင်းရိ ငြီးငွေ့စရာပင် ဖြစ်နေသည်။

"ဒီလိုတွေးရတာ အားနာပါတယ်... ကိုထွေးရယ် ခွင့်လွှတ်ပါ... "

စိတ်ထဲမှာ တောင်းပန်လိုက်မိသည်။

ဘောင်းဘီကိုချွတ်ပြီး လုံချည်နှင့်လဲလိုက်သည်။ ကိုယ့်အခန်းထဲမှာ ကိုယ်နားရတော့မည်မို့ အကျီကိုပါ တီရှပ်လက်တိုလေးနှင့် ပြောင်းဝတ်လိုက်သည်။

ခုမှ ပေါ့ပေါ့ပါးပါး သက်သက်သာသာနှင့် လွတ်လွတ်လပ်လပ် ရှိသွားသည်။





ဒေါက်... ဒေါက်... ဒေါက်... ။

"အကိုကြီးလား... "

တံခါးကို အတွင်းမှ လုံခြုံရေးခလုတ် ချမထား၍ လင်းဇော်ဦး အပြင်မှ ဖွင့်ပြီးဝင်လာသည်။

သို့သော် လင်းဇော်ဦးကတော့ တံခါးကိုပြန်ပိတ်ပြီး အတွင်းမှ လုံခြုံရေးခလုတ် နှိပ်ထားလိုက်သည်။

"အကိုကြီး အအေးတစ်ခုခု သောက်ဦးမလား... "

မနေ့ကပင် လင်းဇော်ဦး၏ အစီအစဉ်နှင့် အေးမွန်အခန်းမှာ ရေခဲသေတ္တာတစ်လုံး ရောက်နေခဲ့သည်။

"ကောင်းတာပေါ့... ဆန်းကစ်တစ်ဘူးစီ သောက်ကြတာပေါ့... "

အေးမွန်က ရေခဲသေတ္တာထဲမှ ဆန်းကစ်နှစ်ဘူးထုတ်ပြီး ဖောက်၍ ဖန်ခွက်နှင့်ထည့်သည်။

ပြီးတော့ သံပုရာသီးလုံးကိုယူပြီး နှစ်ခြမ်းလှီး၍ဖန်ခွက်များမှာ ညှစ်ထည့်ပေးသည်။ လင်းဇော်ဦး ဖန်ခွက်ကိုယူ၍ တစ်ကျိုက်သောက်လိုက်သည်။

"အား... ကောင်းလိုက်တာ... လန်းသွားတာပဲ... "

ချီးမွမ်းနေသော အကိုကြီးကို ကြည့်၍ အေးမွန် ပြုံးလိုက်သည်။ ကိုယ်တိုင်လည်း တစ်ကျိုက်သောက်ကြည့်သည်။ ရင်ထဲမှာ အေးသွားသည်။ လင်းဇော်ဦးနောက်တစ်ကျိုက်သောက်သည်။

"ကဲ အေးလဲ တစ်ကျိုက်သောက်လိုက်ဦး... "

အကိုကြီး ပြောသည့်အတိုင်း အေးမွန်တစ်ကျိုက် ထပ်သောက်သည်။

"ကဲ ဒီကိုလာ... "

လင်းဇော်ဦး ထိုင်နေသော နေရာနားသို့ အေးမွန်သွား၍ ရပ်လိုက်သည်။

"အေးကို ပေးစရာရှိတယ်... မျက်စိမှိတ်... "

ခါတိုင်းလို မဟုတ်သော ထူးခြားသည့် စကားကြောင့် အေးမွန် ပြုံးလိုက်သည်။ မျက်စိကိုမမှိတ်သေး။

"မှိတ်လေ... အေး... "

အေးမွန် မျက်စိမှိတ်လိုက်သည်။ လင်းဇော်ဦးက အေးမွန်၏ လက်ကလေးကို ဆွဲယူပြီး အဖုံးဖွင့်ထားသော ဘူးလေးတစ်ဘူးကို ထည့်ပေးလိုက်သည်။ ဖြန့်သောလက်ကိုတော့ ဆုပ်ကိုင်ထားဆဲ ဖြစ်၏။

"ကဲ... ဖွင့်ကြည့်တော့... "

"ဟယ်... လှလိုက်တာ... အကိုကြီးရယ်... "

အေးမွန်သိပ်ကို အံ့ဩရလွန်းသည်။ မီးရောင်အောက်မှာ တလက်လက်တောက်ပနေသော စိန်လက်စွပ်ကလေး ဖြစ်သည်။ အေးမွန် ကိုယ့်ကိုယ်ကို မယုံနိုင်အောင် ဖြစ်နေရတော့သည်။

"အကိုကြီးရယ်... "

ဤမျှအထိ တန်ဖိုးကြီးသောပစ္စည်းကို ဤသို့ဝယ်ပေးလိမ့်မည် မထင်မိ။ လက်စွပ်လေးကို ကြည့်ရင်း အကိုကြီး၏





စေတနာကို လေးစားစွာ နားလည်ရသည်။ လင်းဇော်ဦးက ဘူးလေးထဲမှ စိန်လက်စွပ်ကို ယူ၍ အေးမွန်၏ ဘယ်လက်မှ လက်သူကြွယ်တွင် ဝတ်ပေးလိုက်သည်။

နုသောလက်ချောင်းလေးပေါ်မှာ စိန်ပွင့်တန်းလေး တလက်လက်တောက်ပနေသည်။ အေးမွန် မျက်လုံးလေးများပါ အရောင်တောက်နေကြသည်။ ဝမ်းသာလွန်းသော စိတ်ကို ထိန်းချုပ်နိုင်စွမ်းမရှိ ဖြစ်ရသည်။ လင်းဇော်ဦးက အေးမွန်လက်မှ ဘူးခွံလေးကို ယူ၍ မှန်တင်ခုံပေါ်မှာ တင်ထားလိုက်သည်။

"ကဲ... နောက်တစ်ခါမျက်စိမှိတ်ဦး... "

"ရှင်... "

အေးမွန် အံ့ဩစိတ်ကြောင့် မယုံနိုင်သလို ဖြစ်ရသည်။

"မှိတ်လိုက်ပါ... "

လင်းဇော်ဦး ထပ်ခိုင်း၍ အေးမွန် မျက်စိမှိတ်လိုက်
...ည်။

"ဘာများ ထပ်ပေးဦးမှာပါလိမ့်... "

ရင်ခုန်သံတွေမြန်ရသည်။ ဘူးခွံဖွင့်ထားသော နောက်
...ပ် ဘူးလေးတစ်ခု အေးမွန်လက်ထဲသို့ ထည့်ပေးသည်။

"အို... ဘူးလေးတစ်ခု ထည့်ပေးနေပြန်ပြီ... "

မျက်စိဖွင့်မကြည့်သေးပဲ အေးမွန်သိနေသည်။

"ကဲ... ကြည့်တော့... "

"ဟယ်... အကိုကြီးရယ်... "

ကိုယ့်မျက်စိများကိုပင် အေးမွန် မယုံနိုင်အောင် ဖြစ်

ရပြန်သည်။ တကယ်မှ ဟုတ်ရဲ့လား ငါ အိပ်မက်မက်နေတာများ လားဟုပင် တွေးမိရသည်။ အရောင် တလက်လက်တောက်နေသော စိန်ပွင့်များစွာပါသည့် စိန်နားကပ်တစ်ရံ ဖြစ်နေသည်။

"ဒါ အစစ်တွေလား အကိုကြီး... "

မေးမိပြီးမှ မှားမှန်းသိသည်။

"ဟာ အေးကလဲ အစစ်ပေါ့.. အကိုကြီးက အေးကိုအတု တွေ ပေးပါ့မလား.. "

"စိတ်မရှိနဲ့နော် အကိုကြီး အေး အံ့ဩလွန်းလို့ပါ.. "

"ရှေ့ ဟောဒီမှာ ဘောက်ချာပါတယ်... ဒီဘောက်ချာလေးတွေပါ သိမ်းထားရတယ်... "

အေးမွန် ဘောက်ချာနှစ်ရွက်ကို ယူကြည့်လိုက်သည်။ လက်စွပ်က ရှစ်သောင်း၊ စိန်နားကပ်က တစ်သိန်းနှစ်သောင်း။

"အို... နှစ်သိန်းတောင်ပဲ အကိုကြီးရယ်... "

"ဟုတ်တယ်... အေး... အရောင်လက်နေရင်... အကိုကြီးတို့ စနိုးကတ်လဲ အရောင်လက်နေမှာ... ဆိုင်ထွက်ရင်လဲ နေ့တိုင်းဝတ်ထားရမယ်... ဒါဟာ အကိုကြီးက အေးကို ပေးတဲ့လက်ဆောင်..."

"သိပ်ချစ်ဖို့ကောင်းတဲ့ အကိုကြီး..."

လင်းဇော်ဦးက အေးမွန်ကိုယ်လေးကို ထွေးပွေ့ထားလိုက်သည်။ အဆက်မပြတ် ကြွေကျလာသော အနမ်းပွင့်များ အေးမွန်ရင်မှာ လှိုက်ဖို မောလာရသည်။

အေးမွန်ကိုယ်တိုင်လည်း တုန့်ပြန်နေမိပါသည်။ ငြ





စားချင်စိတ် ဘာမှမရှိချင်တော့အောင် ဖြစ်လာရသည်။ သို့သော် အေးမွန် သက်ပြင်းတစ်ချက် ချလိုက်သည်။ အကိုကြီး၏ ဆန္ဒကို ငြင်းဆန်ရခြင်းမဟုတ်။ ကိုယ့်ဆန္ဒကို ကိုယ်ပြန်၍ ငြင်းနေရခြင်း ဖြစ်သည်။

"အကိုကြီး... အေးမွန် သွားတော့မယ်နော်... "

အေးမွန်၏ လေသံလေးက တောင်းတောင်းပန်ပန် ဖြစ်သည်။ လင်းဇော်ဦး၏ ရင်ခွင်မှ အေးမွန် ရုန်းထွက်သည်။ လင်းဇော်ဦး အပြုံးမပျက် ခေါင်းညိတ်လျက်... ။

သို့သော် ထွက်သွားသော အေးမွန်ကို လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

## အခန်း (၄၃)

ဆိုင်မှာ ပစ္စည်းများအားလုံး တင်ပြီးသော်လည်း အေးမွန်နှင့် လင်းဇော်ဦး ရန်ကုန်သို့ မပြန်နိုင်သေး။ နောက်တစ်က်မှာ အေးမွန်စိတ်ကြိုက် ပြန်လည်၍ အချောသတ် အလှဆင်ည်။ နေ့တစ်ဝက် သာသာခန့်တွင် ပြီးသည်။ အားလုံး ချီးကျူး ြသည်။

"ပြင်တတ်လိုက်တာ... "

"မမပြန်ပြင်လိုက်မှ ပိုလှသွားတယ်... "

"ခုလိုထားတာ ပိုကြည့်လို့ကောင်းတယ်... "

အေးမွန် ကြည်နူးရသည်။ အေးမွန်ရော လင်းဇော်ဦး တောင်ကြီးမှာ နေရသည်ကို ပျော်နေကြသည်။ သို့သော်

သီတင်းကျွတ်အမီ ဆိုင်ဖွင့်ရန် သတ်မှတ်ထား၍ ရန်ကုန်သို့ ပြန်ရန် ဆုံးဖြတ်ကြရသည်။ လင်းဇော်ဦးက ဆိုင်ဖွင့်ပွဲအတွက် လိုအပ်သော ပစ္စည်းများယူရမည်။ အေးမွန်ကလည်း အဖွားကိုခေါ်ပြီး အိမ်ပြောင်းရမည်။

"ဩော်... ရန်ကုန်ပြန်ရောက်ရင် အကိုကြီးနဲ့ ခွဲနေရဦးမှာနော်... "

မခွဲရသေးခင် အေးမွန် လွမ်းနေသည်။

"သုံးရက်တည်း ကြာမှာပါ.. "

"ပြန်ရောက်ပြီး သုံးရက်မှာ ရန်ကုန်က ပြန်ထွက်ကြမယ်လေ... ဒီရောက်တော့လဲ ဖွင့်ပွဲအတွက် ပြင်ဆင်ရမှာ.. "

အေးမွန် စိတ်ထဲမှာ မပြန်ခင်ကပင် တောင်ကြီးသို့ ပြန်ရောက်ချင်စိတ် ဖြစ်နေမိပါသည်။

❀ ✢ ❀ ✢ ❀ ✢ ❀



# အခန်း (၄၄)

"အေးမွန်ရေ.. "

"ဟော မောင်ထွေးမြင့် လာနေပြီ.. "

ဖွားဖွားက အေးမွန်ကို လှမ်းပြောသည်။

"ဟင်... ကိုထွေး... "

အေးမွန် ရန်ကုန်ရောက်ပြီး နောက်တစ်နေ့မှာပင် ထွေးမြင့် အိမ်ရောက်လာသည်။

"ခုနှစ်ရက်ကျော်ကတည်းက သူ့ခမျာ နေ့တိုင်း လာလာမေးနေရှာတာ... "

ဖွားဖွားက ထွေးမြင့်ကို အမှတ်များ ပေးနေသည်။

"တော်ပါသေးရဲ့... "

ကိုယ်ဝတ်ထားသည့် ဝတ်စုံကို အေးမွှန် ကျေနပ်မိသည်။ ရန်ကုန်ပြန်ရောက်ကတည်းက အိမ်မှာနေလျှင် အိမ်မှာကျန်ခဲ့သော အဝတ်များကိုသာ ဝတ်သည်။ တောင်ကြီးမှာလိုပြင်ပြင်ဆင် မနေချင်။ အိမ်နီးချင်းများ မြင်လျှင် တစ်မျိုးထင်မှာစိုးသည်။

စိန်လက်စွပ်နှင့်စိန်နားကပ်ကိုတော့ ဖွားဖွားကိုပင် အသိမပေးဘဲ ချွတ်၍ သိမ်းထားသည်။ ထွေးမြင့်မျက်နှာကို နွမ်းနွမ်းနယ်နယ် အသွင်နှင့် အေးမွှန် မြင်ရသည်။ လင်းဇော်ဦးလိုလောကကြီးကို အပေါ်စီးရသော မျက်နှာမဟုတ်။

"အေးမွှန်... တောင်ကြီးမှာ ပျော်နေလို့လား.. "

ထွေးမြင့်မေးပုံကို အေးမွှန် သဘောမကျ။

"ပျော်လို့ မဟုတ်ပါဘူး ကိုထွေး... အလုပ်ဆိုတော့လဲ လုပ်ရတာပေါ့.. "

"အစက ခုနှစ်ရက်ပဲကြာမယ်ပြောပြီး ဆယ်ရက်ကြာသွားလို့.. "

"ဆိုင်မှာ ပစ္စည်းတွေတင်ရ ခင်းကျင်းပြင်ဆင်ရ စာရင်းတွေလုပ်ရနဲ့ မပြီးဘူး ကိုထွေး.. တစ်ရက်မှ မနားခဲ့ရဘူးပြီးတာနဲ့ ပြန်လာခဲ့ကြတာ.. "

ထွေးမြင့်နှင့်စကားပြောရင်းမှာပင် အေးမွှန်မှာ ပစ္စည်း





များကို သိမ်းဆည်းနေရသည်။ ထွေးမြင့်လည်း ကူသိမ်းရင်းစကားပြောရခြင်း ဖြစ်သည်။

ယခုတစ်ခါ အပြီးပြောင်းရမည်ဖြစ်၍ ပစ္စည်းသိမ်းရသည်မှာ ပိုများသည်။ အားလုံးသိမ်းရခြင်း ဖြစ်သည်။ မြေအဖွားနှစ်ယောက်တည်း ဖြစ်သော်လည်း တကယ် သိမ်းသည့်အခါပစ္စည်းများက တော်တော်နှင့် မပြီးနိုင်။

အတိုအထွာပစ္စည်းများ၊ တန်ဖိုးမကြီးသည့်ပစ္စည်းများနှင့် ပရိဘောဂများ ဘာမျှ မယူခဲ့ရန် လင်းဇော်ဦးက မှာထားသည်။ တောင်ကြီးအိမ်မှာ အပြည့်အစုံရှိသည်။ ကိုယ့်မှာ ခုရှိနေသော ပရိဘောဂနှင့် အသုံးအဆောင် ပစ္စည်းအချို့သည်တောင်ကြီးအိမ်နှင့် လုံးဝလိုက်ဖက်မည်မဟုတ်။ အိမ်၏ဂုဏ်ကိုပင် ထိခိုက်စေလိမ့်မည်။

အေးမွှန်သိပါသည်။ မသိသည်က ဖွားဖွား။ ထင်းရှူးသားနှင့် ရိုက်ထားသော ဘီနပ်စင် အစုတ်အနုတ်ကလေးက စယူချင်နေသည်။ ပရိဘောဂများ အားလုံး အိမ်နီးချင်းများကို လျှော့ဈေးနှင့် ရောင်းပစ်ရသည်။ အချို့ကို အလကားပေးပစ်ရသည်။

"ဒါလေးတော့ တို့ဝယ်လိုက်မယ်... "

သစ်သားနှင့်လုပ်ထားသော စားပွဲတင် မီးတိုင်လေးကို ထွေးမြင့်က ဝယ်သည်။ အုပ်ဆောင်းပင်မရှိတော့ပါ။

"မဝယ်ပါနဲ့ ကိုထွေးရယ်... ယူထားလိုက်ပါ.. "

အေးမွန် ပေးခဲ့သည်။

"ကောင်းတယ်... အမှတ်တရ လက်ဆောင်ပေါ့..ဒါလေးက ကျွန်းသားနဲ့လုပ်ထားတဲ့တိုင်... ကော်ပတ်စားပြီး ပေါ်လစ် သုပ်လိုက်ရင် အသစ်ဖြစ်သွားမယ်... အပေါ်က ကြိမ်အုပ်ဆောင်းလည်း ပြန်စွပ်ရမယ်... "

ထွေးမြင့်က စားပွဲတင်မီးတိုင် အဟောင်းလေးကို အမြတ်တနိုးထား၍ ဖုံများသုပ်နေသည်။ ထွေးမြင့်ကိုကြည့်ပြီး အေးမွန် စိတ်မကောင်းခြင်းနှင့်အတူ အထင်မကြီးနိုင်အောင်လည်း ဖြစ်ရသည်။

အကိုကြီးသာဆိုလျှင် ဤမီးတိုင်မျိုးကို အသစ်စက်စက်ဖြစ်လျှင်ပင် အသုံးပြုမည်မဟုတ်ဟုလည်း စဉ်းစားလိုက်မိသည်။

သစ်သားတန်းလေးများ ရိုက်ထားသည့် အဆင့်နှစ်ဆင့်ပါသော ပန်းကန်စင်လေးမှာ ဟောင်းရုံမက ယိုင်လည်းယိုင်နေ၍ ဘယ်သူမျှ ဝယ်မည့်သူမရှိ။ ပစ္စလက်ခတ်ဈေးနှင့် ပေးသည်ပင် ဘယ်သူမျှ မယူချင်။

အိမ်ဘေးမှ ဆရာမနုနုကို အလကား ပေးလိုက်၍ ဖွားဖွား နှမျောနေသည်။





"နည်းနည်းလေးယိုင်တာများ သစ်သားတစ်ချောင်းလောက် ပိုးရိုက်လိုက်ရင် ရတာပဲ... ယူခဲ့ဖို့ကောင်းတယ်... ကိုယ့်ပါလာတော့ ဘာတင်တင်ရတာပဲ... "

ဖွားဖွား အပြစ်ပြောနေသည်ကို အေးမွန် ဘာမျှ ရှင်းမပြတော့ပါ။ တစ်အိမ်လုံး အတော်ရှင်းသွားပြီ။ ဖွားဖွားကတော့ သူ့ပိုင်ပစ္စည်းမှန်သမျှ အစုတ်ပင်မချန်။ သနပ်ခါးတုံးများကိုလည်း အပွေးပါးသည်ပင် ချန်မထားခဲ့။

"တောင်ပေါ်ဒေသ သနပ်ခါးတုံး ရှိမှာမဟုတ်ဘူး... "

ဟု ပြောပြီးထည့်သည်။ အေးမွန် မတားတော့ပါ။

နေ့လည်ကျတော့ ထွေးမြင့်ပါ အေးမွန်တို့အိမ်မှာ ထမင်းစားသည်။ ထမင်းစားပြီးတော့ မီးဖိုထဲမှာ အဖွား သိမ်းည်းနေစဉ် ထွေးမြင့်နှင့်အေးမွန် အိမ်ရှေ့ခန်းမှာ ခဏနားရသည်။

"တော်သေးတာပေါ့ ဒီနေ့ အကိုကြီး ရောက်မလာလို့... "

ထွေးမြင့်နှင့်အကိုကြီး ဆုံမိတွေ့မိမှာကို အေးမွန် စိုးရိမ်သည်။ ခုချိန်ထိ တစ်ယောက်နှင့်တစ်ယောက် မဆုံမိကြသေး။ နှစ်ယောက်ဆုံမိလျှင် နှစ်မျိုးနှစ်မည် ထင်စရာတွေ ဖြစ်လာမည်။

"ဒါတွေ အားလုံးဒီနေ့ သိမ်းလို့ပြီးရင်... မနက်ဖြန်ခါ.. အေးမွန် အားတာပေါ့.. "

ထွေးမြင့်က အေးမွန်နှင့်နှစ်ယောက်အတူ တွေ့နိုင်မည့် အခွင့်အရေးကို မျှော်လင့်သည်။ အေးမွန် ခေါင်းရမ်းလိုက်သည်။

"မနက်ဖြန်ကာ ကုမ္ပဏီအတွက်လိုတဲ့ ပစ္စည်းတွေ... ပြည့်စုံအောင်လုပ်ရမှာ... ဒါကြောင့်မို့ ဒီနေ့အိမ်မှာ အပြီးသိမ်းနေရတာ... "

"ဘယ်အချိန်သွားရမှာလဲ... "

"မနက်ပိုင်း ကုမ္ပဏီက ကားလာခေါ်မှာ... "

"ညနေကျ... ဘယ်ချိန်ပြန်ရောက်မှာလဲ... "

"အဲဒါတော့ အေး... အယ်... အေးမွန် မသိဘူး... "

မနက်ဖြန်ကာ တွေ့ခွင့် မရနိုင်ဟုလည်း နားလည်လိုက်ပါသည်။

"တောင်ကြီးကို သွားမှာက... "

"သဘက်ခါ မနက်... "

"ဟိုတစ်ခါကလို နက်ဖြန်မနက်စောစော ကန်တော်ကြီးသွားလို့ မရဘူးလား... "

"မရဘူး... ကုမ္ပဏီက ကားလာခေါ်တဲ့ အချိန်လိုက်ရမှာ..."

ထွေးမြင့် စိတ်ပျက်သွားမိသည်။

"ဒီနေ့ တွေ့ပြီးရင် အကြာကြီး ခွဲရတော့မှာပေါ့နော်..."





အေးမွန်ကိုကြည့်ပြီး ထွေးမြင့် လွမ်းလွမ်းဆွေးဆွေး ခံစားနေရသည်။ အေးမွန်ကတော့ တောင်ကြီးမှ ဆိုင်ကြီးကို မြင်ယောင်၍ စိတ်ထဲမှာ ပျော်နေသည်။ ခပ်လှမ်းလှမ်းမှာ ထိုင်နေသည့် အေးမွန်၏ လက်ကလေးကို ထွေးမြင့် လှမ်းပြီး ဆုပ်ကိုင်ရန် ကြိုးစားသည်။

အေးမွန် လက်ကို ဖယ်လိုက်သည်။

"မလုပ်နဲ့ ကိုထွေး... ဖွားဖွား ထွက်လာလို့ မြင်သွားရင် မကောင်းဘူး... "

ထွေးမြင့် စိတ်မကောင်းဖြစ်ရသည်။

"မခွဲရခင် နှုတ်ဆက်အနမ်းလေးတောင် ပေးခွင့် မရတော့ဘူးနော်... "

ထွေးမြင့် တမ်းတမ်းတတ ဖြစ်ရသည်။

"ဘယ်လိုလုပ် ဖြစ်မလဲ... အိမ်မှာ ဖွားဖွား ရှိနေတာပဲ..."

အေးမွန့်က ခိုင်လုံစွာ အကြောင်းပြသည်။ ညနေမိုးချုပ်သည်အထိ ကူညီလုပ်ကိုင်ပေးရင်း အခွင့်အလန်းကို ထွေးမြင့်စောင့်ပါသည်။ သို့သော် အေးမွန်က ဖွားဖွားနှင့်ခွာ၍ နှစ်ယောက်တည်း တွေ့ရမည့် အခြေအနေမျိုး မရောက်နိုင်အောင် နေနိုင်ခဲ့သည်။

"ကဲ... ဘို့... ပြန်တော့မယ်... အေးမွန်... "

အေးမွန် ခေါင်းညိတ်သည်။

"မနက်ဖြန်ခါ တို့မလာတော့ဘူးနော်... "

အေးမွန် ထပ်ပြီးခေါင်းညိတ်သည်။

"သဘက်ခါ သွားမဲ့နေ့ကျတော့ မနက် အစောကြီးလာ နှုတ်ဆက်လို့ ရမလား... "

"မရဘူး ကိုထွေး... ကုမ္ပဏီကားက (၄) နာရီလောက် လာခေါ်ပြီး အစောကြီး ထွက်မှာ... "

အေးမွန်ကို ကြည့်ပြီး ထွေးမြင့် သက်ပြင်းတစ်ချက်ချရသည်။ ဝင်းပေါက်နားမှ ပန်းခြုံလေးအထိ အေးမွန် လိုက်ပို့လေမည်လားဟု ထွေးမြင့်မျှော်လင့်သေးသည်။ သို့သော် အေးမွန်က အိမ်အပေါက်မှာပင် ရပ်၍ကျန်ခဲ့သည်။

အကိုကြီး အပေါ်မှာ သစ္စာရှိချင်စိတ်က အေးမွန် တစ်ကိုယ်လုံးမှာ လွှမ်းမိုးနေသည်။ မီးကြိုးများနှင့် ရစ်ပတ်ထားသည့် မီးတိုင်အဟောင်းလေးကို ထွေးမြင့် လက်တစ်ဖက်နှင့် ပွေ့ပိုက်၍ ဝင်းတံခါးဆီသို့ ထွက်လာခဲ့ရသည်။

"အေးမွန်... ငါ့အပေါ်မှာ အချစ်လျော့သွားပြီလား... "

ထွေးမြင့် ရင်ထဲမှာ ခံစားနေရသည်။

❖ ✣ ❖ ✣ ❖ ✣ ❖



အခန်း (၄၅)

တောင်ကြီးမြို့၏ ရာသီဥတုမှာ ပုံမှန်အတိုင်း စိမ့်စိမ့်လေးအေးနေသည်။ ယခင်ရက်များကလို မိုးနှင်းမှုံလေးများ မရွာ၍ ပတ်ဝန်းကျင်မှာ ကြည်ကြည်လင်လင် ဖြစ်နေသည်။ နံနက်ခင်း၏ နေခြည်မျှင်တန်းလေးများသည် ချယ်ရီပင် အကိုင်းအခက်များကြားမှာ ထိုးဖောက်ဖြတ်သန်းနေကြသည်။

ယနေ့ စနိုးကက်(ပ်) အရောင်းဆိုင်ဖွင့်ပွဲနေ့ ဖြစ်သည်။

"ခုချိန်ကစပြီး ဆိုင်ဖွင့်ပွဲ အခမ်းအနား စတင်တော့မှာ ဖြစ်ပါတယ်ရှင်... "

အယ်လ်မာ၏ အသံသာသာလေး ထွက်ပေါ်လာသည်။ ဆိုင်ရှေ့မှ ကုမ္ပဏီလူကြီးများ၊ ဆိုင်ဝန်ထမ်းများ၊ ဖိတ်ကြား

ထားသော ဧည့်သည်များနှင့် ဖွင့်ပွဲပြီးလျှင် ဈေးဝယ်ရန် စောင့်ဆိုင်းနေသူများ စည်ကားနေသည်။

မနက် (၉) နာရီတိတိတွင် ဆိုင်ဖွင့်ပွဲ စတင်ကြောင်း အယ်လ်မာက ကြေညာသည်။ ဆိုင်ရှေ့တွင် ဖဲကြိုးတန်း၍ ဖဲကြိုးကို နန်းအိနှင့်ချစ်ချစ်တို့ ကိုင်ထားကြသည်။ နှင်းပွင့်စံကကပ်ကျေးထည့်သော လင်ပန်းကို ကိုင်သည်။

လင်းဇော်ဦးနှင့် ဦးစိုင်းနွတ်တို့နှစ်ယောက် ကပ်ကျေးတစ်ယောက်တစ်ချောင်းစီယူ၍ ဖဲကြိုးကို ဖြတ်ပေးလိုက်ကြသည်။ ကုမ္ပဏီနာမည် ချိတ်ဆွဲထားသော မိုးပျံပူဖေါင်း အတွဲကြီး ကောင်းကင်သို့ ပျံတက်သွားသည်။ အားလုံးလက်ခုပ်တီး၍ ကောင်းကြီးပေးကြသည်။

အဖြူရောင် တိုက်စကပ်နှင့် အဖြူရောင်ကုတ်အင်္ကျီ ဆင်တူဝတ်ထားသည့် မိန်းကလေးများကလည်း သူတို့လက်မှာကိုင်ထားသည့် မိုးပျံပူဘောင်းများကို ကောင်းကင်သို့ လွှတ်တင်လိုက်ကြသည်။

ဆိုင်ရှေ့မှာ လက်ခုပ်သံများ ဆူညံသွားသည်။ လင်းဇော်ဦးနှင့် ဦးစိုင်းနွတ် ခေါင်းဆောင်ပြီး ဆိုင်ဝန်ထမ်းများနောက်မှ ခြံရံ၍ ဆိုင်တံခါးဆီသို့ လျှောက်လာကြသည်။ သို့သော် ဆိုင်တံခါးက မဖွင့်သေး။





ဖွေးလွှနေသည့် အဖြူခံပေါ်မှာ အဖြူရောင်ဘော်ကြယ်လေးများပါသည့် ဝတ်စုံကို လှပစွာ ဝတ်ဆင်ထားသော အေးမွန်က ဆိုင်ပေါက်မှာ အသင့်ရပ်စောင့်နေသည်။

"အခုချိန်ကစပြီး စနိုးကက်(ပ်) ဆိုင်ရဲ့ အရောင်းမန်နေဂျာ ဒေါ်အေးဆုမွန်က ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ်... ဒေါ်အေးဆုမွန် ရှင်... ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်... "

အယ်လ်မာက အသံသာသာလေးနှင့် ကျေညာလိုက်သည်။ အေးဆုမွန်ထံသို့ အကြည့်မျက်လုံးများ ရောက်သွားကြသည်။ အေးဆုမွန်၏ လှုပ်ရှားဟန်က ကြော့ကြော့ကြွကြွလေးဖြစ်သည်။ တကယ့်ကို အဖြူရောင် နတ်မိမယ်လေး။

"ဩော် လှလိုက်တာ မြေးလေးရယ်... "

ဖိတ်ကြားထားသည့် ဧည့်သည်များထဲမှာ ပါဝင်နေသော ဖွားဖွား ဒေါ်အေးချစ်သည် မြေးလေးကိုကြည့်ပြီး အံ့သြဘောကျနေသည်။

"မန်နေဂျာကလဲ ငယ်ငယ်လေးပါလား... "

"ဟုတ်တယ်နော် လှလိုက်တာ... "

"ရန်ကုန်က ခေါ်လာတာတဲ့... "

ပြောဆိုသံ ချီးမွမ်းသံများကိုလည်း ဒေါ်အေးချစ် ကြား နေရ၍ မြေးလေးအတွက် ဂုဏ်ယူမဆုံး ဖြစ်ရသည်။ အေးမွန်က အဝေးထိန်း ခလုတ်ကိုနှိပ်လိုက်သည်။ ဆိုင်၏ နဖူးစီးတွင် နှင်း ဖွေးဖွေးများ ဦးထုပ်ဆောင်းထားသည့် တောင်ထွတ်နောက်ခံ ပန်းချီနှင့် စနိုးကက်(ပ်) ရှော့ပင်းဆန်တာ ဟူသော စာတန်း ပေါ် လာသည်။

လူအများ လက်ခုပ်တီးကြသည်။ ဆိုင်တံခါးများ အား လုံးပွင့်သွားသည်။ လင်းဇော်ဦးနှင့် ဦးစိုးနွတ် ဦးဆောင်ပြီး ဆိုင် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များ ဆိုင်အတွင်းသို့ ဝင်ကြသည်။ အဖြူရောင်ဝတ်စုံ ဆင်တူဝတ်ထားသော အရောင်း မိန်းကလေးများက ကောင်တာအသီးသီးမှာ နေရာယူပြီး ကြို သည်။ ဈေးဝယ်သူများ ဆိုင်ထဲသို့ ဝင်လာကြသည်။

❦ ✣ ❦ ✣ ❦ ✣ ❦



# အခန်း (၄၆)

ထင်းရှူးရိပ်စားတော်ဆက်မှာ ယနေ့ ခါတိုင်းထက် ပို ...နေသည်။ စားတော်ဆက်ရှေ့မှ ထင်းရှူးပင်တန်း မီးရောင်စုံများ ...နှိုးညှိထားသည်။ ထင်းရှူးပင်အောက်မှ စားပွဲဝိုင်းများမှာ စား ...သုံးဆက်သူများနှင့် စည်ကားနေသည်။

စနိုးကက်(ပ်) အရောင်းဆိုင်ဖွင့်ပွဲအတွက် လင်းဇော်ဦး ... ဆိုင်ဝန်ထမ်းများနှင့် မြို့ပေါ်ရှိ ရင်းနှီးခင်မင်သူများကို ညစာ ...ည်ခံ၊ ဧည့်ခံခြင်း ဖြစ်သည်။ ဆိုင်ဝန်ထမ်း မိန်းကလေးများမှာ ...တစားပွဲ တက်ရသည်ကို အထူးအဆန်းဖြစ်၍ သူတို့ အလုပ် ...ပ်ရသော ကုမ္ပဏီအတွက် ဂုဏ်ယူနေကြသည်။

အပြာနုရောင် ဂျင်းဝမ်းဆက် ဝတ်ဆင်ထားသည့်

မိန်းကလေးများကိုကြည့်ပြီး မိမိကိုယ်တိုင်လည်း မကြာခင်ကပင် ကုမ္ပဏီဝန်ထမ်းဘဝ စခဲ့ရပုံကို ပြန်သတိရနေသည်။

"မမက ဘောင်းဘီရှည်ဝတ်ရင် သိပ်ကြည့်လို့ ကောင်းတာပဲနော်... "

နှင်းပွင့်စံက အေးမွန်ကို ချီးကျူးသည်။

"နှင်းပွင့်လဲ လှပါတယ်... "

အေးမွန်က ပြန်ချီးမွမ်းသည်။

"ဒါပေမဲ့ သူ့ဆံပင်ရှည်ကြီးနဲ့ဆို ဒီဘောင်းဘီနဲ့မလိုက်ဘူး မမ... ဆံပင်တိုနဲ့မှ ကြည့်လို့ကောင်းမှာ... "

အယ်လ်မာက သူ့ဘေးမှ နှင်းပွင့်စံ၏ ဆံပင်ရှည်ကြီးများကို ကိုင်ပြသည်။

"ဟုတ်တယ်... မမကိုကြည့်... ဆံပင်တိုနဲ့မို့ ဒီဝတ်စုံနဲ့ လိုက်တာ... "

နန်းအိက အေးမွန်ကိုကြည့်ပြီး ထောက်ခံသည်။ အေးမွန်ကိုယ်တိုင် ဆိုင်မှ မိန်းကလေးများနှင့် ဆင်တူ အပြာရောင် ဂျင်းဝမ်းဆက်ကို ဝတ်ထားသည်။

"အားလုံးထဲမှာ မမအလှဆုံးပဲ... ဘာဝတ်ဝတ် မမနဲ့လိုက်တာချည်းပဲ... "





ချစ်ချစ် ပြောနေသည်က အားပါးတရ။ သို့သော် မိမိကိုယ်တိုင်လည်း တချိန်က နှင်းပွင့်စံလိုပင် ဆံပင်ရှည်နှင့် ဘောင်းဘီရှည်နှင့်မို့ အပြောခံခဲ့ရသည်ကို အေးမွန် သတိရနေသည်။ နှင်းပွင့်စံ၏ ဆံပင်ရှည်ကြီးကို လှမ်းကြည့်လိုက်သည်။

"သူ့မှာ ချစ်သူရှိလို့လား... သူ့ချစ်သူက မဖြတ်စေချင်လို့လား... "

တွေးရင်းမှ ကိုထွေးကို သတိရပြီး လွမ်းသလို ခံစားလိုက်ရသေးသည်။ ထိပ်ဖက်ရှိ လူကြီးဝိုင်းမှ ဖန်ခွက်ကိုယ်စီကိုင်၍ မတ်တပ်ရပ်နေကြပြီ။

"ကဲ အားလုံး မတ်တပ်ထကြ... "

အေးမွန်က ရှေ့မှ အချိုရည်ဖန်ခွက်ကိုကိုင်ပြီး မတ်တပ်ထသည်။ မိန်းကလေးများအားလုံး မတ်တပ်ထကြသည်။ အချို့က ဖန်ခွက်ကိုင်သည်။ အချို့က ဖန်ခွက်မကိုင်။

"ဖန်ခွက်ကိုင်ထားကြ... "

အေးမွန်ပြောမှ အားလုံးဖန်ခွက်ကိုယ်စီကိုင်လျက် ဖြစ်သွားကြသည်။

"ကဲ စနိုးကက်(ပ်) အရောင်းဆိုင် အောင်မြင်ရေးနဲ့ အားလုံးရဲ့ ကျန်းမာပျော်ရွှင်ရေးအတွက်... "

လင်းဇော်ဦးက ဖန်ခွက်ကို မြှောက်ကိုင်သည်နှင့် အေးမွန်က ဖန်ခွက်ကို မြှောက်ကိုင်လိုက်သည်။ မိန်းကလေး အားလုံး အေးမွန်ကိုကြည့်၍ အေးမွန်လုပ်သလို လိုက်လုပ်ကြသည်။

လင်းဇော်ဦးတို့ လူကြီးဝိုင်းမှ ဘီယာခွက် ကိုယ်စီ သောက်ကြသည့်အချိန်မှာ အေးမွန်က အချိုရည်တစ်ကျိုက် သောက်လိုက်သည်။ မိန်းကလေးအားလုံး တစ်ကျိုက်စီသောက်ကြသည်။ လင်းဇော်ဦးက မြို့ခံ ညှိသည်လူကြီးများနှင့်အတူ အေးမွန်တို့ ဝိုင်းသို့ ကူးလာသည်။

"ဒါက ကျွန်တော်တို့ ဆိုင်ရဲ့မန်နေဂျာ... ဒေါ်အေးဆုမွန်ပါ"

လင်းဇော်ဦးက မိတ်ဆက်ပေးသည်။ အေးမွန်က မြို့ခံ လူကြီးများကို ပြုံးပြသည်။

"တော်ပါတယ်ဗျာ... မနက်ကတည်းက... ဦးလင်းဇော်ဦးရဲ့ မန်နေဂျာ ချောကြောင်း လှကြောင်း... မနက်ကလာတဲ့ ပရိတ်သတ်အားလုံး ချီးကျူးနေကြတာ... "

လူကြီးတစ်ယောက်၏ ချီးကျူးစကားကြောင့် အေးမွန် ၏ မျက်နှာလေး ပန်းနုရောင်သမ်းပြီး ပိုလှသွားသည်။

"အင်း... မနက်က မြန်မာဝတ်စုံဖြူလေးနဲ့ ကြည့်လို့လှသလို





ခုလို ဝတ်လိုက်တော့လဲ... ပိုတောင်ကြည့်လို့ ကောင်းသေး"

နောက်တစ်ယောက်၏ ချီးမွမ်းစကားကြောင့် အားလုံး ရယ်ကြသည်။ မိန်းကလေးများမှာ သူတို့မမကို ကြည့်၍ ဂုဏ်ယူနေကြသည်။

"ကဲ... ကျွန်တော်က နှုတ်ဆက်ပါရစေဗျာ... "

လူလတ်ပိုင်းအရွယ် တစ်ယောက်က သူ့ဘီယာခွက်ကို အေးမွန်ရှေ့သို့ တိုးပေးလိုက်သည်။ အေးမွန်ကပြုံး၍ သူ့လက်ထဲမှ အချိုရည်ဖန်ခွက်နှင့် နှုတ်ခမ်းချင်း အသာအယာ တိုက်ထိလိုက်သည်။

"ချွင်... "

ဂီတသံလေး ထွက်ပေါ်လာပြီး နှုတ်ဆက်သူ နှင့် အေးမွန်တို့ တစ်ကျိုက်စီသောက်ကြသည်။

"ဩော်... အေးကိုပြောရဦးမယ်... သူကဒေါက်တာကျော်ဝေ တဲ့... အကိုကြီးနဲ့ ကျောင်းနေဖက် သူငယ်ချင်း... သူက တောင်ကြီးရောက်နေတာ သုံးနှစ်ရှိသွားပြီ... "

"ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်ရှင်... "

ဒေါက်တာ ကျော်ဝေကို အေးမွန် ပြုံးပြလိုက်သည်။

"ဟော့ကောင် လင်းဇော်ဦး ငါနဲ့လဲ မိတ်ဆက်ပေးပါဦး... "

တစ်ယောက်က တောင်းဆိုလာပြန်သည်။

"အေးရေ သူကလဲ အကိုကြီး သူငယ်ချင်းပဲ... စန်းဝင်း တဲ့.. ရန်ကုန်မှာနေတာ... တောင်ကြီးနဲ့ရန်ကုန် ကားဂိတ်ရှိလို့ တောင်ကြီးရောက်နေတာနဲ့ သူ့လဲ ဖိတ်လိုက်ရတာ... "

"ဟုတ်ကဲ့ ဝမ်းသာပါတယ်ရှင်... "

"ချွင်... "

စန်းဝင်းက အေးမွန်၏ အချိုရည်ဖန်ခွက်နှင့် ထိခတ်လိုက်သည်။ တစ်ယောက်ပြီး နောက်တစ်ယောက်။

"ချွင်... "

အေးမွန် ဖန်ခွက်မှာ အချိုရည် ထပ်ထည့်ပေးရသည်။

အားလုံးနှင့် နှုတ်ဆက်ပြီးသောအခါ အေးမွန်အချိုရည်နှစ်ခွက် သောက်ပြီးဖြစ်သွားသည်။ လက်ခုပ်သံ ရယ်သံများနှင့် အားလုံး ပျော်ရွှင်သွားကြသည်။ အေးမွန် ရင်ထဲမှာ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်းများကို ခံစားရ၍ အကိုကြီးကို လှမ်းကြည့်လိုက်မိသည်။

လင်းဇော်ဦးက မသိမသာ ခေါင်းလေးညိတ်ပြသည်။ ပြီးတော့ ဆိုင်ဝန်ထမ်းများအားလုံးကို လက်ဆောင်ပေးသော အစီအစဉ် ဖြစ်သည်။ တစ်ယောက်လျှင် တီရှပ်တစ်ထည်စီရ





သည်။ တီရှပ်ပေါ်တွင် နှင်းပွင့်ဦးထုပ်ဆောင်းသော တောင်ပုံနှင့် ဆိုင်နာမည်ရိုက်နှိပ်ထားသည်။

စကားပြောသော အစီအစဉ်တွင် ဆိုင်ဝန်ထမ်းများ အားလုံး ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်နှင့် ဆိုင်အကျိုးရှိသည်နှင့်အမျှ ဆုကြေးပေးသော အစီအစဉ်ကို လင်းဇော်ဦးက ပြောပြသည်။

ကြွရောက်လာသော မိတ်ဆွေများအားလုံးကိုလည်း ဆိုင်နှင့်ပတ်သက်၍ ကိုယ့်ဆိုင်လို သဘောထားပြီး အကြံကောင်း ဉာဏ်ကောင်း ပေးကြပါရန် မေတ္တာ ရပ်ခံကြောင်း ပြောပြီး လင်းဇော်ဦး နိဂုံးချုပ်လိုက်သည်။ အားလုံးလက်ခုပ်တီးကြသည်။

"ဦးက ပြောတတ်တယ်နော်... "

အယ်လ်မာပြောသည်ကို အေးမွန်က ခေါင်းညိတ်ပြသည်။

"စီးပွားရေးလုပ်ငန်းမှာလဲ သိပ်လာဘ်မြင်တာ... "

အေးမွန်က ထပ်ဖြည့်လိုက်သည်။

"ဒါကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလို လုပ်ငန်းကြီးတွေ လုပ်နိုင်တဲ့ သူဌေးဖြစ်နေတာပေါ့နော်... "

နန်းအိပေးသော မှတ်ချက်

"စက်ဘူမှာ လေးနှစ်လောက်နေဖူးတယ်... "

"ဟုတ်လား မမ... "

"အင်္ဂလိပ်လိုလဲသိပ်ပြောတတ်တာ...နောက်ကျရင်ညီမလေးကို့ကိုလဲ စပီကင်သင်ပေးဖို့ အစီအစဉ်ရှိတယ်... "

"ဟယ်... သိပ်ကောင်းတာပေါ့.. "

"မမလဲ ပြောတတ်တယ်နော်... "

"အင်း အသင့်အတင့်ပေါ့.. "

"အသင့်အတင့် မဟုတ်ပါဘူး... နေ့ခင်းက နိုင်ငံခြားသားနှစ်ယောက်လာတာ... ဘယ်သူမှ မပြောတတ်ဘူး... မမလာပြောမှ ချောနေတာပဲ... "

နှင်းပွင့်စံပြောသည်ကို သဘောကျ၍ အေးမွန် ပြုံးရသေးသည်။ ဆိုင်မှ မိန်းကလေးအားလုံးသည် သူတို့၏ အရောင်းမန်နေဂျာကို သိပ်ပြီး အထင်ကြီးသဘောကျဖြစ်နေသလို အေးမွန်ကိုယ်တိုင်လည်း သူတို့အားလုံးကို ချစ်နေမိပါသည်။

ထမင်းစားသည့်အခါဟင်းများစုံနေအောင်လင်းဇော်ဦးက မှာထားသည်။ မိန်းကလေးများက အေးမွန်ပန်းကန်ထဲသို့ တစ်ယောက်တစ်မျိုးစီ ထည့်ပေးနေကြ၍ ထမင်းပျောက်ပြီး တစ်ပန်းကန်လုံး ဟင်းများနှင့် ဖုံးနေသည်။ လူကြီးဝိုင်းမှ တဟားဟား





သံများ မကြာခဏ ထွက်ပေါ်နေသည်။

"ကျွန်မတို့က ဦးကို ဘယ်လိုခေါ်ရမှာလဲ မမ... "

တချိန်လုံး နှုတ်ဆိတ်နေသော နန်းမြ၏ ထူးခြားသောမေးခွန်းဖြစ်သည်။

"ဘယ်... ဦးလဲ... "

"ဦးလင်းဇော်ဦး... "

အေးမွန် ဘယ်လိုဖြေရမှန်းမသိ။

"သူက အသက်လဲ သိပ်မကြီးသေးဘူးနော်... ဦးလို့ မခေါ်ပဲနဲ့ ဆရာလို့ခေါ်ရင် ကြိုက်ပါ့မလား မသိဘူး... "

"ကြိုက်ပါတယ်... ဆရာလို့ပဲ ခေါ်ပေါ့... "

သူခေါ်သလို အကိုကြီး ခေါ်မည်စိုး၍ အေးမွန်က ဖြတ်ပေးလိုက်သည်။ မိန်းကလေးများ အဖြေရသွားကြပြီ။ ညဦးနက်လာသည်နှင့်အမျှ တောင်ကြီး၏ ရာသီဥတုသည် ပို၍ အေးလာသည်။

လေကလေး တစ်ချက်တစ်ချက် သွေးလိုက်တိုင်း အအေးဓာတ်ကို ပို၍ ခံရသည်။ သို့သော် အေးမွန် ပျော်ပါသည်။ တောင်ကြီးကိုချစ်၍ တောင်ကြီးရာသီဥတုကိုလည်း ချစ်ပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀

## အခန်း (၄၇)

ညစာ စားပွဲအပြီးမှာ အေးမွန် ပါရာဒိုက်(စ်)ကို လိုက်သွားရသေးသည်။ လင်းဇော်ဦးက အေးမွန်တို့ အိမ်အပေါ်ထပ်မှာ မနေပဲ ပါရာဒိုက်(စ်)မှာပင် တည်းသည်။

"ဒီနေ့ကတော့ အေးပွဲပဲ... "

"အကိုကြီးပွဲပါ.. "

နှစ်ဦးသား ရယ်မိကြသည်။

"အကိုကြီးတို့ဝိုင်းမှာ မန်နေဂျာ ချောကြောင်း လှကြောင်းတွေ့ချည်း ပြောနေကြတာပဲ... "

"အေးတို့ဝိုင်းမှာလဲ အကိုကြီးတော်ကြောင်းပြောနေကြတာ"

"ဘယ်သူတွေလဲ... "

"အေးတို့ပေါ့.. "

"ကဲ... နှစ်ယောက်စလုံး တော်တယ်... "

"ဟုတ်တယ်... "

ကိုယ့်သာသာ အဆိုသွင်း ကိုယ့်ဘာသာ ထောက်ခံပြီး နှစ်ယောက်သား ရယ်မိကြသည်။

"ပျော်စရာ ကောင်းလိုက်တာနော်... "

အေးမွှန် ခေါင်းညိတ်သည်။ နှစ်ဦးသား တစ်ဦးကို တစ်ဦးကြည့်၍ ကြည်နူးနေကြသည်။

"ကဲ... ဒီတစ်ခါတော့ မျက်စိမမှိတ်နဲ့... "

"ဘာပါလိမ့်... "

အေးမွှန် သိချင်စိတ် ဖြစ်ရသည်။

"ဝန်းကက်(ပ်)ရဲ့ အချောအလှ မန်နေဂျာမလေးအတွက်"

လင်းဇော်ဦးက သူ့ကုတ်အင်္ကျီအိတ်ထဲမှ ဘူးပြားပြားလေး ထုတ်ယူလိုက်သည်။ ဘူးက တော်တော်ကြီးသည်။

"ရော့... "

အေးမွှန် ဖွင့်ကြည့်လိုက်သည်။

"ဟယ်... ကောင်းလိုက်တာ.. အေးလိုချင်တာနဲ့ အတော်





ပဲ... "

အေးမွှန်မှာ လက်ကောက်မရှိ။ ဘူးထဲမှာ ပွတ်လုံးလက်ကောက်ကို လင်းဇော်ဦး ထုတ်ယူပြီး အေးမွှန်လက်မှာ ဝတ်ပေးလိုက်သည်။ လင်းလက်တောက်ပသော မျက်လုံးလေးများကို မှိတ်ပြီး လင်းဇော်ဦး၏ ရင်ခွင်မှာ အေးမွှန် မျက်နှာအပ်ထားလိုက်ပါသည်။

## အခန်း (၄၈)

အေးမွန် အိမ်ပြန်ရောက်တော့ ည (၁၁) နာရီခွဲပြီ။

"မြေးရယ်... မိုးချုပ်လိုက်တာ... "

"ဒီနေ့ဆိုင်ဖွင့်ပွဲမို့ ညစာ စားပွဲရှိတယ်လေ ဖွားဖွားရဲ့... "

"ဆိုင်က မိန်းကလေးတွေ အားလုံးတက်ကြတာလား... "

"အားလုံးပေါ့ ဖွားဖွားရဲ့... ဒီမှာ ဖွားဖွားဖို့ ကြာဆံကြော် ပါသေးတယ်... "

"ဒီအချိန်ကျမှတော့ မစားချင်ပါဘူး မြေးရယ်... တောင်ကြီး ရာသီဥတုကလဲချမ်းလိုက်တာ တုန်နေတာပဲ... ဒီချိန်တောင် ဒီလောက်ချမ်းတာ...ဆောင်းတွင်းကျရင်တော့သေရချည်ရဲ့"

ဒေါ်အေးချစ် စောင်ခြုံထဲမှ မထွက်နိုင်။

"ကဲ... ဒါဖြင့်လဲ မဖြူရေ... နင်ပဲ စားလိုက်တော့... "

အိမ်အကူမိန်းကလေးကို ကြာဆံကြော်ထုပ် ပေး လိုက်သည်။

"နေသားကျသွားတော့လဲ... ရာသီဥတုကို ဖွားဖွား ခံနိုင်သွားမှာပါ... "

"ဖွားဖွားတော့ ခံနိုင်မယ် မထင်ပါဘူးကွယ်... "

"နေဦး... စောင်တစ်ထည် ထပ်ခြုံပေးမယ်နော် ဖွားဖွား..."

အေးမွန်က ဘီဒိုထဲမှ သက္ကလပ်စောင်တစ်ထည် ထုတ်ယူပြီး ဂွမ်းစောင်ပေါ်မှာ ထပ်ခြုံပေးသည်။

"ကဲ... မြေး အိပ်တော့လေ... "

"အိပ်မယ်... ဖွားဖွားလဲအိပ်တော့နော်... မဖြူ ညကျရင် ဖွားဖွားကို ဂရုစိုက်နော်... ထချင်ရင် သေသေချာချာ လိုက်ပို့ပေး... "

"ဟုတ်ကဲ့... မမ... "

မဖြူက ဖွားဖွား၏ အခန်းမှာပင် အိပ်သည်မို့ အေးမွန် စိတ်ချလက်ချ သူ့အခန်းဘက်သို့ ကူးခဲ့သည်။

ဖွားဖွားမြင့်လျှင် မေးမှာ မြန်းမှာဖိုး၍ လမ်းမှာပင် ချွတ်သိမ်းလာခဲ့သော စိန်နားကပ်၊ စိန်လက်စွပ်နှင့် ရွှေလက်ကောက်တို့ကို အခန်းထဲရောက်မှ စားပွဲပေါ်မှာတင်ပြီး အမြတ်တနိုး ကြည့်ရသည်။ စားပွဲတင် မီးတိုင်အောက်မှာ စိန်ပွင့်ကလေးများ တလက်လက် တောက်နေကြသည်။ ယနေ့မှ ရသည့် ပွတ်လုံးလက်ကောက်လေးကို လက်ဝါးပြင်မှာတင်၍ အေးမွန် အမြတ်တနိုးနမ်းရင်း အကိုကြီး မျက်နှာကို မြင်ယောင်မိသည်။

"ကျေးဇူးတင်လိုက်တာ အကိုကြီးရယ်... "

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၄၉)

စနိုးကက်(ပ်)မှာ ဆိုင်သစ်ဖြစ်ရုံမက ထူးခြားသော အပြင်အဆင်နှင့် ပစ္စည်းလည်း စုံသောကြောင့် ဝန်ထမ်းအားလုံး သက်မလည်အောင် ရောင်းနေကြရသည်။ အေးမွန်ကိုယ်တိုင် စားပွဲမှာ မထိုင်နိုင်ပဲ ကောင်တာများမှာ ကူရောင်းနေရသည်။

"ရောင်းရလို့ ပင်ပန်းတယ်ဆိုပြီး မျက်နှာ မညိုးရဘူးနော်... အားလုံး မျက်နှာလေးတွေ ပြုံးထားရမယ်... ချိုချိုသာသာ ပြောရမယ်... ဝယ်သူစိတ်ချမ်းသာအောင် လုပ်ရမယ်... "

အေးမွန်က မိန်းကလေးတိုင်းကို သတိပေးသည်။

"လာပါရှင်... ကြည့်ပါ... ကြည့်ပြီးလို့ မကြိုက်ရင်လဲ မဝယ်ဘဲ နေလို့ ရပါတယ်... အားနာစရာ မရှိပါဘူးရှင်... "

ဝယ်သူ ပြနိုင်းသမျှကို အေးမွှန်က စိတ်ရှည်လက်ရှည် ပြသည်။ မဝယ်ဘဲ ထားခဲ့လျှင်လည်း အပြုံးမပျက်။

"တခြားလိုတာရှိရင်လည်း လာပါရှင်... "

ဟုပင် ပြောလိုက်သေးသည်။

အချို့ကကတော့ အားနာ၍ ပစ္စည်းတမျိုးမျိုးဝယ်သွားကြသည်။ မိန်းကလေးများမှာ နမူနာကောင်းပြသော အေးမွှန်ကို အတုခိုး၍ ဝယ်သူများကို ပြုံးရွှင်ချိုသာစွာ ဆက်ဆံကြသည်။ သုံးရက်ခန့်ကြာသည်နှင့်လူ့သတင်းလူချင်းဆောင်ပြီးစနိုးကက်(ပ်)၏ ကောင်းသတင်း မြို့တွင်းမှာ ပျံ့နေသည်။

"ရောင်းတဲ့မိန်းကလေးတွေက ချောလဲချောတယ်...ဆက်ဆံရေးလဲကောင်းတယ်... "

"ရန်ကုန်က တိုက်ရိုက်ပို့တာဆိုတော့ ပစ္စည်းလဲမှန်တယ်၊ ဈေးလဲမှန်တယ်... "

"ပစ္စည်းလဲစုံတယ်... သွားဝယ်ကြည့်ဖို့ကောင်းတယ်... "

ဝယ်သူများ၏ ကြော်ငြာစကားနှင့်ပင် စနိုးကက်(ပ်)၏ အရောင်းစံချိန်တစ်နေ့ထက်တစ်နေ့ပိုတက်နေသည်။ လင်းဇော်ဦး ကိုယ်တိုင် ဤမျှအထိ အောင်မြင်မည် မထင်ခဲ့။ ခုတော့ အံ့သြ





နေရသည်။ ကုန်ပစ္စည်းများကို နေ့စဉ်ထပ်ဖြည့်နေရသည်။

အရောင်းကောင်တာများ ထပ်တိုးပြီး လူသစ် လေးယောက်ထပ်ခန့်ရသည်။ လဝက်ခန့်မှာပင် ဂိုဒေါင်မှာ ပစ္စည်းက်ကျန်နည်းလာသည်။ ဦးမြစံက အတွေ့အကြုံမရှိ၍ ကြိုကြိုင်တင် မပြောမိ။

ရန်ကုန်သို့ ဖုန်းဆက်ပြီး ပစ္စည်းများ အမြန်ပို့နိမ်သည်။ အေးမွှန်ရော ဆိုင်ဝန်ထမ်းများပါ ပင်ပန်းသော်လည်းရောင်းကောင်း၍ ပျော်ကြသည်။ ဆိုင်ပိတ်ချက်ကိုလည်း ညနေ နာရီ အစားတစ်နာရီတိုး၍ (၇) နာရီထိုးမှ ပိတ်ရသည်။

ဆိုင်ပိတ်ချိန်မှာ အရောင်းစာရင်း၊ ပစ္စည်းစာရင်းနှင့်သောငွေကို တိုက်ဆိုင်စစ်ဆေးရသည်နှင့် ခုနစ်နာရီခွဲ ရှစ်နာရီသွားသည်။ စာရင်းများအားလုံး ချုပ်ပြီးလျှင် ရရှိငွေနှင့်တကွင်းဇော်ဦးရှိရာ ပါရာဒိုက်စ်မှာ အေးမွှန် သွားအပ်ရသည်။

အစောဆုံး အေးမွှန် ပြန်ရောက်သည်က ညကိုးနာရီခွဲသည်။ အများအားဖြင့် ဆယ်နာရီမှ ပြန်ရောက်သည်။

"ပိုက်ဆံတော့ရပါရဲ့ မြေးလေးရယ်... ပင်ပန်းလိုက်တာ... နေ့တိုင်း ဆယ်နာရီလောက်မှပြန်ရတယ်... "

အေးမွှန် ပြန်ရောက်ချိန်ဆိုလျှင် ဖွားဖွား အိပ်ရာထဲ

ရောက်၍ စောင်ခြုံနှင့်ကွေးနေရပြီ။ မြေးအဖွားတွေ့ချိန်မှာ မနက်ခင်း ကော်ဖီသောက်ချိန်နှင့် နေ့လည် ထမင်းပြန်စားချိန်သာ ဖြစ်သည်။

တနေကုန် မဖြူနှင့်သာနေရသော ဖွားဖွားကိုသနား၍ ဖွားဖွား အိပ်ရာဘေးမှာထိုင်ပြီး ခြေသလုံးကို နှိပ်ပေးသည်။

"သူ့ဆန်စား ရဲရမှာပေါ့ ဖွားဖွားရယ်... တစ်လ ခြောက်ထောင့်ငါးရာအထိပေးပြီး အရောင်းမန်နေဂျာ ခန့်ထားတော့ စာရင်းတွေရော ငွေအားလုံးပါ အေးမွှန်က တာဝန်ယူရတာ ဖွားဖွားရဲ့... "

"မှားမှား ယွင်းယွင်းတွေ ဖြစ်နေပါဦးမယ် မြေးရယ်... "

"ဘာ မှားရမှာလဲ ဖွားဖွားရဲ့... "

အေးမွှန် စိတ်မလုံ။

"အလုပ်တွေက သိပ်များတော့ ငွေတွေ၊ စာရင်းတွေ မှားမှာကို ပြောတာပါ.. "

"မမှားပါဘူး ဖွားဖွားရယ်... အေးမွှန် လက်အောက်က စာရေးမလေးတွေလဲ တော်ပါတယ်... "

"ညညကျတော့မှ သွားပို့ရတာလဲ... လူကို အန္တရာယ်ဖြစ်





မှာစိုးလိုက်တာ မြေးရယ်... "

"ဘာလို့ အန္တရာယ် ဖြစ်ရမှာလဲ ဖွားဖွားရဲ့... "

"ငွေတွေ အများကြီးနဲ့ဆိုတော့ မသမာတဲ့လူတွေက မြေးလေးကို အန္တရာယ်ပြုမှာဖြင့်... "

"မရှိပါဘူး ဖွားဖွားရယ်... မပူပါနဲ့... ကုမ္ပဏီကကားနဲ့ ကားမောင်းတဲ့လူနဲ့ လိုက်ပို့တဲ့ လူတွေနဲ့ သွားရတာပါ.. "

"အင်း... မြေးက မိန်းကလေး.. ပြီးတော့ ချောချောလှလှလေး.. အချိန်မတော်... အချိန်တော်... သွားလာနေရလို့ပါ.. ဖွားဖွားတို့ အပျိုတုန်းကများ... မိန်းကလေးဆိုတာ မိဘမောင်ဖွားမပါပဲ... အပြင်တောင် မထွက်ရဘူး.. ဒီလို အချိန်မျိုးဆို အဝေးကြီးပေါ့.. "

"ခြော်... ခေတ်တွေက မတူတော့ဘူး ဖွားဖွားရဲ့... ခုခေတ်က ကုမ္ပဏီခေတ်ကောင်းကောင်းနေချင်ရင်ကောင်းကောင်းစားချင်ရင် အလုပ်လဲ ကောင်းကောင်းလုပ်မှ ရမှာ... "

"ရန်ကုန်မှာတုန်းက ဒီလောက် မပင်ပန်းပါဘူးမြေးရယ်..."

"အဲဒါက အရောင်းစာရေးမလေ ဖွားဖွားရဲ့... ရတဲ့ငွေကလဲ တစ်လမှ သုံးထောင်လောက်ရယ်... ခုဟာက အရောင်း

မန်နေဂျာ… ဆိုင်ကြီးတစ်ဆိုင်လုံး တာဝန်ယူရတာ… ရတဲ့ ငွေကလည်း ခြောက်ထောင့်ငါးရာ… ဆုကြေးနဲ့ဆို တစ်သောင်းကျော်ရမှာ… နေရတာလဲ… ခု ဖွားဖွား ကိုယ်တွေ့ပဲ ဘယ်လောက် ကောင်းလဲ… အိမ်ကြီးမှ အကျယ်ကြီး… ”

“ဖွားဖွားကတော့ ဒီလို အိမ်အကျယ်ကြီး မနေတတ်ပါဘူး ကွယ်… အိမ်ကကျယ်ပြီး တစ်နေ့လုံး မဖြူနဲ့ဖွားဖွား နှစ်ယောက်တည်း နေရတာ… လူနည်းတော့ အိမ်ကျယ်တာ ပိုသိသာတယ်… ရန်ကုန်က အိမ်လေးလောက်ဆို မြေးဖွား နှစ်ယောက် အတော်ပဲ… ”

ဖွားဖွားကိုကြည့်ပြီး အေးမွန် စိတ်ပျက်ရသည်။

“အဲဒီလို ဘယ်ဟုတ်မလဲ ဖွားဖွားရဲ့… လူဆိုတာ ပိုပြီး တိုးတက်တဲ့အခွင့်အရေးကို ခံစားရမှာပေါ့… ခေတ်ကြီးက တိုးတက်နေတာ… လူသုံးပစ္စည်းတွေဆိုတာလည်း အမျိုးမျိုး တိုးတက်နေတာ… ကိုယ်က မသုံးနိုင်ရင် ကိုယ်ကနောက်ကျ ကျန်ခဲ့တာပဲ… ”

“ကိုယ့်အတိုင်းအထွာနဲ့ ကိုယ်သုံးရမှာပေါ့ မြေးရယ်… အဖွားတို့ ခေတ်တုန်းကဆိုရင် လက်သည်းနီတို့…နှုတ်ခမ်းနီတို့… မျက်ခုံးမွှေးဆွဲတန်တို့ ဆိုတာတောင် ရှိခဲ့တာ မဟုတ်





ပါဘူး… လက်သည်းနီချင် ဒန်းရွက်ဆိုး… နှုတ်ခမ်းနီချင် ကွမ်းစား… မျက်ခုံးမွှေးဆွဲချင်ရင် မီးခြစ်ဆံခြစ်ပြီးသား တံတွေးဆွတ် ဆိုးလိုက်တာပဲ… ”

အေးမွန် ပြုံးလိုက်သည်။

“အဲဒါတွေက အဝေးကြီး ကျန်ခဲ့ပြီ ဖွားဖွားရဲ့… ခုဆိုရင် ဒီအလုပ်ကျေးဇူးကြောင့် ဖွားဖွား တီဗွီကြည့်ချင် ကြည့်လို့ရတယ်… ဗွီဒီယိုကြည့်ချင် ကြည့်လို့ရတယ်… ”

“မကြည့်ချင်ပါဘူး မြေးရယ်… ”

“ကြည့်ချင်ရင် ပြောတာပါ… တယ်လီဖုန်း ဆက်ချင်ရင်လဲ ဆက်လို့ရတယ်… ”

“ဘယ်မှ ဆက်စရာမရှိပါဘူးတော်… ”

“ရေအေးအေးသောက်ချင်ရင် ရေခဲသေတ္တာရှိတယ်… ”

“အမလေး… ဒီအတိုင်းတောင် အေးလွန်းလို့ ရေသောက်ရမှာ ကြောက်နေတာ… ”

အေးမွန် အကြောင်းပြချက် မှားသွား၍ ကိုယ့်ဘာသာ အသံထွက်ပြီး ရယ်လိုက်မိသည်။

“ဖွားဖွားက အသက်ခုနစ်ဆယ်ကျော်ပြီဆိုတော့ မသုံးချင်

ပေမဲ့ အေးမွန်တို့ ငယ်တဲ့လူတွေက သုံးချင်သေးတာပေါ့... ဒီအိမ်အပေါ်ထပ်မှာ ရှိသမျှဟာလဲ... အကိုကြီးက သူလာတဲ့အခါ တည်းရင် သုံးဖို့ဆိုပြီး ထားပေမယ့်... အေးမွန်တို့ပဲ သုံးရမှာပါ... သူက ဟော်တယ်မှာ တည်းတာပဲ... "

"ဟုတ်ပါရဲ့ မြေးရယ်... ဒီသူငယ်ကလဲ... ကိုယ့်အိမ်မှာ ပြည့်ပြည့်စုံစုံရှိရက်သားနဲ့ ဟော်တယ်မှာ သွားနေရတယ်လို့ အလကား ပိုက်ဆံကုန်အောင်... "

"အေးမွန်တို့ကို အားနာလို့ ဖြစ်မှာပေါ့ ဖွားဖွားရဲ့... "

"ပြောင်းပြန်အေ... သူ့အိမ်ပဲဟာ... အားနာရင်သူ့အိမ်တတ်နေတဲ့ ဖွားဖွားတို့ကသာ အားနာရမှာပေါ့..."

ဖွားဖွားတွေးပုံများမှာအတည့်အမှန်ဖြစ်နေ၍ အေးမွန် ပြုံးရပြန်သည်။

"ကုမ္ပဏီပိုင်ရှင်ကို ဖွားဖွားပြောတာတွေ ပြန်ပြောရမယ်..."

ဖွားဖွား၏ ခြေထောက်များမှာ အေးမွန်၏ ဆုပ်နယ်ပေးမှုကြောင့် နွေးထွေးနေကြပြီ။

"ကဲ... တော်ပါပြီ မြေးလေးရယ်... တစ်နေ့လုံးပင်ပန်းရတဲ့ အထဲ ဖွားဖွားကို နှိပ်ပေးရသေးတယ်... သာဓု သာဓု သာဓု မြေးလေး ကျန်းမာချမ်းသာပါစေဘေးရန်အန္တရာယ်ခပ်သိမ်း





ကင်းငြိမ်းပါစေ... ဖွားဖွားက အနှိပ်ခံချင်လို့ မဟုတ်ပါဘူး မြေးလေးနဲ့ စကားပြောချင်လို့ပါ... ကဲ... ကဲ... သွားအိပ်တော့... "

တစ်နေ့တာ ပင်ပန်းသည်များကိုအနားယူရန်အတွက် အေးမွန် အိပ်ခန်းဖက်သို့ ကူးလာခဲ့ပါသည်။

✿ ✢ ✿ ✢ ✿ ✢ ✿

## အခန်း (၅၀)

တစ်ဖက်ကောင်တာသို့ ကူးခါနီး ထောင့်ချိုးကွေ့နား အရောက်မှာ ကြားလိုက်ရသော စကားကြောင့် အေးမွန် ခဏ ရပ်ပြီး နားစွင့်လိုက်သည်။

"ဒီ့ထက်ကောင်းတာ ရှိသေးလား.. "

ဝယ်သူ ဦးလေးကြီးက မေးသောစကားဖြစ်သည်။

"မရှိတော့ဘူး... ဒါဘဲရှိတယ်... "

"ဟိုထီးတွေရော... "

"အဲဒါက အော်တိုမစ်တစ် ခလုတ်နဲ့ထီးတွေ ဈေးကြီးတယ်"

"ဈေးကြီးချင်ကြီးပါစေ ကလေးမရယ်... ပြပါ ဦးလေးက အဲဒီထီးမျိုးလိုချင်တာ... "

ထောင့်ကျယ်မှ အေးမွန် လှမ်းကြည့် လိုက်သည်။ အရောင်းမိန်းကလေးက ထီးအများကြီး ရှိပါလျက် တစ်ချောင်း

သာ ပြသည်။ မျက်နှာက ခပ်တင်းတင်းဖြစ်သည်။ နောက်ဆုံး ခန့်သော မိန်းကလေး လေးယောက်အနက်မှ နီလာညွန့်ဆိုသော မိန်းကလေး ဖြစ်သည်။

"နှစ်ချောင်းသုံးချောင်းလောက် ပြပါမိန်းကလေးရယ်... "

နီလာညွန့်က နောက်တစ်ချောင်း ထပ်ပြသည်။ မျက်နှာက ပို၍ တင်းသွားသည်။ အေးမွန်မကျေနပ်။ ဦးလေးကြီးကို အားနာသည်။ ခုပုံအတိုင်းဆိုလျှင် တစ်ခါက နှစ်ခါ ဘယ်သူမျှ ထပ်လာတော့မည် မဟုတ်။

အေးမွန် ကောင်တာအကွယ်မှ ထွက်ပြီး နီလာညွန့် နေရာသို့ ခပ်မြန်မြန်ရောက်အောင် သွားလိုက်သည်။

"ဦးလေးက ထီးယူချင်လို့လားရှင်... "

အေးမွန် ချိုချိုသာသာ မေးလိုက်သည်။

"သြော်... ဟုတ်ပါတယ် မိန်းကလေးရယ်... "

"ကဲ... နီလာညွန့် မင်းကောင်တာမှာရှိတဲ့ ထီးတွေ အကုန်ချ... "

"ဟုတ်... ဟုတ်ကဲ့ မမ... "

နီလာညွန့် အသံများတုန်နေပြီ။

"ရော့... ဦးလေး... ကြိုက်တာရွေးနော်... "

"သြော်... အေး... ကျေးဇူးပါပဲ မိန်းကလေးရယ်... "

ဦးလေးကြီးက ထီးတစ်ချောင်းကို စိတ်တိုင်းကျ ရွေးလိုက်သည်။

"ဒါယူမယ်... "





"ဟုတ်ကဲ့ ဦးလေး... အဲဒါ အကောင်းဆုံး အမျိုးအစားပါ ကိုင်းအားလုံး စတီးနဲ့ချည်းပဲ... ဒီမှာကြည့် ဦးလေး... ဒီခလုတ်ကို နှိပ်လိုက်... "

ထီးက ဖြောင်းကနဲ ပွင့်သွားသည်။ အေးမွန်က သေသေသပ်သပ် ပြန်ပိတ်ပေးသည်။ ဝယ်သူ ဦးလေးကြီးက ငွေထုတ်ချေသည်။

"ကျေးဇူးတင်ပါတယ် ဦးလေးရယ်... နောင်လဲ လိုတာရှိရင် လာပါနော်... ပစ္စည်းမမှား... ဈေးမမှားစေရပါဘူး... အာမခံပါတယ်... ကျွန်မတို့ဆိုင်က မိန်းကလေးများ ဆက်ဆံတာ ပြောဆိုတာ မကျေနပ်စရာ ရှိရင်လဲ ကျွန်မ တောင်းပန်ပါတယ်... "

"မိန်းကလေးက... "

"ကျွန်မက ဒီဆိုင်ရဲ့ အရောင်းမန်နေဂျာပါ... "

"သြော်... ဒါကြောင့်မို့ကိုး... "

ဦးလေးက နီလာညွန့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ပြန်လိုက်ပါဦးမယ် မိန်းကလေးရယ်... "

အေးမွန်ကို နှုတ်ဆက်ပြီး နီလာညွန့်ကို နှုတ်မဆက်ပဲ ထွက်သွားသည်။ နီလာညွန့်၏ ကောင်တာရှေ့မှထွက်ပြီး အေးမွန် ရုံးခန်းသို့ ပြန်လာခဲ့သည်။ ခဏအကြာတွင် ရုံးခန်းဘက်မှ စာရေးမလေးတစ်ယောက် ထွက်လာသည်။

"မနီလာညွန့်... ကောင်တာကို ဘေးဘက်ကလူ အပ်ခဲ့ပြီး

ရုံးခန်းလာခဲ့ပါတဲ့... မမ အခေါ်ခိုင်းလို့... "

ဘေးမှ အယ်လ်မာနှင့် နန်းအိက နီလာညွန့်ကို လှမ်းကြည့်သည်။ နီလာညွန့် မျက်စိမျက်နှာပျက်ပြီး မျက်ရည်များ ဝဲလာသည်။ ကိုယ့်အပြစ်ကိုယ်သိ၍ ကြောက်နေသည်။

"မအယ်လ်မာ ကောင်တာကြည့်ပေးပါနော်... "

အယ်လ်မာ ခေါင်းညိတ်သည်။ နီလာညွန့် ရုံးခန်းထဲရောက်တော့ အေးမွန် လှမ်းကြည့်လိုက်သည်။ ထိုင်စရာ ကုလားထိုင်ရှိသော်လည်း အထိုင်မခိုင်း။

"မင်းနာမည် နီလာညွန့်နော်... "

"ဟုတ်... ဟုတ်ပါတယ်... "

"အေး... မင်းဟာ လူသစ်မို့... ပထမဆုံးအကြိမ်အနေနဲ့ သတိပေးလိုက်မယ်... ဈေးရောင်းတဲ့လူဆိုတာ မျက်နှာ ပြုံးပြုံးရွှင်ရွှင်ရှိရတယ်... ဝယ်သူကိုစိတ်ရှည်ရတယ်... စေတနာထားရတယ်...

ရောင်းသူမှာ ဝယ်သူကို စော်ကားခွင့် လုံးဝမရှိဘူး... ဈေးရောင်းတဲ့အခါမှာ ဝယ်သူမေးတာကို စိတ်တိုစရာ မရှိဘူး... ဝယ်သူအပြခိုင်းတာကို တွန့်တိုစရာမရှိဘူး...

ဒီနေ့ ထီးဝယ်တဲ့ ဦးလေးကြီးကို မင်းဆက်ဆံတာ သိပ်မိုက်ရိုင်းတယ်... "

နီလာညွန့် ခေါင်းငုံ့နေသည်။

"ဒီအပြုအမူ ဒီအပြောအဆိုမျိုး... ဒါဟာ နောက်ဆုံး ဖြစ်ပါစေ... မင်းနားလည်ပြီလား နီလာညွန့်... "





"ဟုတ်... ဟုတ်ကဲ့ နားလည်ပါပြီ... "

နီလာညွန့်၏ ပါးပြင်ပေါ်မှာ မျက်ရည်များ စီးဆင်းနေသည်။

"မင်းမျက်နှာထားတို့ ပြောပုံ ဆိုပုံတို့ ပြုပြင်နိုင်ပါ့မလား..."

"ဟုတ်ကဲ့ ပြုပြင်နိုင်ပါတယ်... "

"အေး... စောင့်ကြည့်မယ်... ကဲ... သွားတော့... "

နီလာညွန့်မျက်ရည်များကို သုတ်ပြီး ရုံးခန်းထဲမှ ထွက်သွားသည်။ ဤသတင်းသည် နောက်တစ်နေ့တွင် တစ်ဆိုင်လုံး ပြန့်သွား၏။ ဆိုင်မှ မိန်းကလေးများအားလုံး အေးမွန်ကို ကြောက်သွားကြသည်။ နောက်ထပ်ဈေးဝယ်သူကို မည်သူမျှ မစော်ကားဲ့တော့ပါ။

အေးမွန်ကိုယ်တိုင်လည်း မကြာခဏ ကောင်တာများကို လိုက်စစ်သည်။ နီလာညွန့်၏ တင်းသော တည်သော မျက်ႏွာပင် ပြုံးပြုံးကြည်ကြည် ဖြစ်လာသည်။

ဆိုင်၏ရောင်းနှုန်းမှာ တစ်ရက်ထက်တစ်ရက် ပိုတက်နေဆဲ ဖြစ်ပါသည်။

* * *

## အခန်း (၅၁)

"မနက်ဖြန်ကာ... အကိုကြီး ရန်ကုန်သွားရမယ် အေးမွန်"

ညပိုင်းတွင် ပါရာဒိုက်(စ်)သို့ ငွေနှင့်စာရင်းများ သွားသည်တွင် လင်းဇော်ဦး၏ စကားကြောင့် အေးမွန် အံ့သြသည်။

"ဘာ အရေးကြီးလို့လဲ အကိုကြီး.. "

ဖြစ်နိုင်လျှင် အကိုကြီး မသွားစေချင်။

"မှာထားတဲ့ ပစ္စည်းတွေက ရောက်မလာဘူးလေ၊ ဒီအတိုင်း ဘစ်ပတ်လောက်ကြာသွားရင် ဒီမှာ ပစ္စည်း ပြတ်သွားတော့မယ်... အကိုကြီး ဖုံးဆက်မေးတော့ပို့ပါမယ်.. ကား အခက်အခဲ ရှိနေလို့ပါ ပြောတယ်။

ဂိုဒေါင်မှူး ကိုညွန့်တင်ကို အားမရဘူး။ အေးထွန်းဆို တဲ့ကောင်လဲ ဘာတွေလုပ်နေမှန်း မသိဘူး… စက်ပူက မှာထားတဲ့… ပစ္စည်းတွေလဲ ဆိပ်ကမ်းမှာ သောင်တင်နေ တယ်… ရန်ကုန်က ဆိုင်တွေတောင် တချို့ပစ္စည်းတွေ တောင်းသလောက် မပေးနိုင်လို့ လျှော့ပေးရတာမျိုး ဖြစ် နေတယ်။

မနေ့က ဦးဝင်းထွန်း ဖုံးဆက်တယ်၊ သိပ်အစာကြေပုံ မရဘူး… တီသုံးလုံးဆိုင်အတွက် ပစ္စည်းတွေ လိုသလောက် မရလို့တဲ့… စက်ပူကိုလဲ ပစ္စည်းတွေ ထပ်မှာရဦးမယ်…"

"ဘယ်လောက်ကြာမှာလဲ အကိုကြီး… "

မခွဲခင်ကပင် အေးမွှန်စိတ်ထဲမှာ လွမ်းချင်ချင် ဖြစ်နေ သည်။

"တစ်ပတ်လောက်တော့ ကြာမယ်ထင်တယ်… ကိစ္စတွေ မပြီးရင်တော့ ဆယ့်ငါးရက်လောက်အထိ နေရမယ်… "

"ဟင်… အကြာကြီးပဲ အကိုကြီးရယ်… "

အေးမွှန် မျက်ရည်လည်လာပြီမို့ လင်းဇော်ဦးက အေးမွှန်လက်ကလေးကို ဆုပ်ကိုင်ပြီး သူ့ဘေးနားမှာ အထိုင်ခိုင်း လိုက်သည်။





လက်ထဲမှာ စာရင်းစာရွက်နှင့် ပိုက်ဆံများထည့်ထား သော ပလပ်စတစ်အိတ်ကြီးကို အေးမွှန် ကုတင်ပေါ်သို့ ပစ်တင် လိုက်သည်။

"ဒီမှာက… အေးမွှန်ကိုလဲ စိတ်ချရတယ်… ဂိုဒေါင်… ဦးမြစံ ကလဲ စိတ်ချရတယ်… ဆိုင်ကလဲ တကယ်ကို ရောင်းအား ကောင်းနေတယ်… ဟိုမှာက ဘယ်လိုဖြစ်နေမှန်း မသိဘူး၊ ဒါကြောင့် သွားရမှာ… "

လင်းဇော်ဦးက အေးမွှန်ပုခုံးလေးကို ဖက်ထားလိုက် သည်။ အကိုကြီးက ကြင်နာ နှစ်သိမ့်ကာမှ မျက်ရည်တစ်ပေါက် ာ စီးကျလာ၏။ ရန်ကုန်ကနေ တောင်ကြီးသို့ ထွက်လာစဉ်က ချစ်သူ ကိုထွေးနှင့် ခွဲရမည်ကို သိသော်လည်း ဘာမျှ ကြီးကြီး ားမား မခံစားခဲ့ရ။ လွမ်းသလိုလို စိတ်မကောင်းသလိုလို ဖြစ်ရုံမျှ သာ ခံစားရသည်။

ခု အကိုကြီးနှင့် တစ်ပတ် နှစ်ပတ် ခွဲရမည်ကို အကြီး ကျယ် လွမ်းနေသည်။ အကိုကြီးကို သိပ်ချစ်နေမိမှန်း ကိုယ့် ာသာ နားလည်လာရသည်။ မျက်ရည်များက ပါးပြင်ပေါ်မှာ ဆက်မပြတ် စီးဆင်းလာကြသည်။

"ဟေး… ဘာလို့ငိုနေရတာလဲ အေး… ရဲ့… "

လင်းဇော်ဦးက အေးမွှန်၏ ပခုံးလေးနှစ်ဖက်ကို ကြင်

နာစွာ ဆုပ်ကိုင်၍ သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။ အေးမွှန် ဘာမှ မပြော။ လင်းဇော်ဦး သဘောကျစွာ ရယ်သည်။

"အကိုကြီးကို လွမ်းနေလို့လား... ကောင်းတယ် ကောင်းတယ်... ဒါပေမဲ့ မငိုပါနဲ့ချာတိတ်ရာ... မော့ပါဦး... "

အေးမွှန်က မျက်နှာကိုမမော့။ လင်းဇော်ဦး၏ ရင်ခွင်တွင် မျက်နှာအပ်၍ အကျီမှာ မျက်ရည်များကို သုတ်နေသည်။

"အကိုကြီးလဲ အေးနဲ့ အကြာကြီး ခွဲမနေနိုင်ပါဘူး... "

"ဆယ့်ငါးရက်ဆို အကြာကြီးပေါ့... "

လင်းဇော်ဦး သဘောကျစွာ ရယ်မိပြန်သည်။

"ကဲ... ကဲ... တစ်ပတ်နဲ့ ပြီးအောင် လုပ်ခဲ့မယ်... အလွန်ဆုံးကြာရင် ဆယ်ရက်ပေါ့... "

လင်းဇော်ဦးက အေးမွှန်၏ ကျောပြင်ကိုအသာအယာ ပုတ်ပေး၍ ချော့လိုက်သည်။

"ဟင့်အင်း... "

အေးမွှန်က လင်းဇော်ဦး၏ မျက်နှာကို မော့ကြည့်ပြီး လက်ခုနစ်ချောင်း ထောင်ပြသည်။

"ကောင်းပြီလေ... ခုနှစ်ရက် ဟုတ်လား... အေးပြောတဲ့





အတိုင်း လုပ်ပါ့မယ်... မနက်ဖြန်ကာ လေယာဉ်ပျံနဲ့သွားမယ်... ကားယူမသွားဘူး... အေးသုံးစရာရှိရင် အောင့်ပိုင်ပြောပြီး လိုက်ပို့ခိုင်း... "

အေးမွှန် ခေါင်းညိတ်သည်။ ပါဂျဲရိုးကို ကိုယ်ပိုင်ကားလို သုံးခွင့်ရမည့်အတွက် အေးမွှန် ကျေနပ်သည်။

"ဆိုင်တင်မကဘူး ဂိုဒေါင်စာရင်းတွေလည်း နေ့စဉ် အေးပဲစစ်ထားလိုက်... "

လင်းဇော်ဦး၏ လှပသော နှုတ်ခမ်းနီနီလေးကို အေးမွှန် ငေးကြည့်နေမိသည်။

"အေး... အကိုကြီးပြောတာ ကြားရဲ့လား... "

"ကြားတယ်... စစ်မယ်... "

လင်းဇော်ဦး ပြုံးသည်။ အေးမွှန်က လင်းဇော်ဦး၏ ရင်ခွင်မှာ နွဲ့နွဲ့လေးမှီ၍ လင်းဇော်ဦး၏ ပုခုံးမှာ ပါးလေးတစ်ဖက် ကပ်ထားလိုက်သည်။ လင်းဇော်ဦးက အေးမွှန်၏ ကိုယ်လေးကို ကြင်နာစွာ ပွေ့ဖိုက်ထားသည်။

"အကိုကြီးက ရန်ကုန်ရောက်ရင်... အေးကို လွမ်းမှာမဟုတ်ပါဘူး... "

"ဘာဖြစ်လို့လဲ... "

"အေးက အကိုကြီးနဲ့ကျမှ အချစ်ဆိုတာ ခံစားရတာ...

"အေးမှာလဲ ချစ်သူရှိခဲ့ဘူးပါတယ်... "

"ရှင်... "

အေးမွန် အံ့ဩ အံအားသင့်သွားသည်။

"အကိုကြီး သိပါတယ်... စာရေးကောင်လေးနဲ့လေ...

အေးမွန်လင်းဇော်ဦးကိုမော့ကြည့်လိုက်သည်။အကိုကြီး အထင်သေးသွားမှာကို စိုးသည်။ အေးမွန်၏ နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်လာကြသည်။ မျက်လုံးအိမ်မှာ မျက်ရည်များ ပြည့်လျှံလာကြသည်။

ထိုကိစ္စမှာ ဘာမျှမဟုတ်ကြောင်း အချစ်ဆိုတာကို အခုလို အလေးအနက် မခံစားခဲ့ရကြောင်း အကိုကြီး နားလည် အောင် ပြောပြချင်သည်။ ဘာကစပြီး ဘယ်လိုပြောရမှန်းမသိ လင်းဇော်ဦးကအေးမွန်မျက်နှာလေးကို အငေးသားကြည့်နေသည်

"အေး သူနဲ့တွဲခဲ့ဘူးတာ ဟုတ်ပါတယ်... ဒါပေမဲ့ သမီးရည်း စားဖြစ်တယ်ဆိုရုံ နေခင်းမှာ ထမင်းအတူစားကြရုံလောက် ပါပဲ အကိုကြီး...

အကိုကြီးနဲ့ အခုနေရတာလိုလဲ အလေးအနက် မခံစား ခဲ့ရပါဘူး... အကိုကြီးနဲ့တွေ့မှ အေးရင်ထဲမှာ အလေး





အနက် ခံစားရတာပါ.. သူနဲ့ ခွဲခဲ့ရတာလဲ အေးဘာမှ မခံစားရပါဘူး... အခု... အကိုကြီးနဲ့ ခဏခွဲရမယ်ဆိုမှ မခွဲ ခင်ကတည်းက တအားလွမ်းနေရတာ.. "

အေးမွန် ပါးပေါ်မှာ မျက်ရည်များ စီးဆင်းလာသည်။ လင်းဇော်ဦးက အေးမွန်၏မျက်ရည်များကို သုတ်ပေးလိုက်သည်။

"အကိုကြီး နားလည်ပါတယ်... ကဲ မငိုနဲ့တော့.. အကိုကြီး လဲ အေးကို ခွဲထားခဲ့ပြီး ဘယ်မှ မသွားချင်ဘူး.. ခုဟာက မလွှဲသာလို့ သွားရမှာ.. အမြန်ဆုံး ပြန်လာခဲ့မယ်နော်..."

အေးမွန် ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်သည်။

❁ ✣ ❁ ✣ ❁ ✣ ❁

အခန်း (၁၂)

နေ့ခင်း အာရောင်းပါးချိန်တွင် စာပို့သမား ဆိုင်ထဲသို့ ဝင်လာသည်။

"အေးမွန်ဆိုတာ ရှိသလား.. "

"မရှိဘူး.. "

စာပို့သမား၏အမေးကို ချစ်ချစ်က အဖြေပေးလိုက်သည်။

"ဆိုင်လိပ်စာက ဒီဆိုင်ပဲ စန်းကက်(ပ်) ရွှေ့ပင်းစင်တာတဲ့ လမ်းနာမည်လဲမှန်တယ်.. တောင်ကြီးမှာ စန်းကက်(ပ်) ဆိုတာ ဒီ တစ်ဆိုင်ပဲ ရှိတာမဟုတ်လား.. "

စာပို့သမားက ဆိုင်မှ မိန်းကလေးများကို တစ်ယောက်စီ လိုက်ကြည့်နေသည်။

"အေးမွန်ဆိုတာ ရှိသလား.. အေးမွန်ဆိုတာ ဘယ်သူလဲ"

အယ်လ်မာက နှုတ်သွက်လျှာသွက်ဖြစ်၍ အားလုံးကြားအောင် အသံကျယ်ကျယ်နှင့် မေးလိုက်သည်။ ရုံးခန်းစားပွဲမှာ ထိုင်နေသော အေးမွန်ကြားသည်။

"ဒီဆိုင်မှာ အေးမွန် ရှိသလား.. အေးမွန်ဆိုတာက ဘယ်သူလဲ... "

စာပို့သမား ကျေနပ်အောင် အယ်လ်မာက ထပ်အော်ပေးလိုက်သည်။ ဆိုင်ဝန်ထမ်း မိန်းကလေးအားလုံးက အယ်လ်မာကို လှမ်းကြည့်ပြီး ပြုံး၍ခေါင်းရမ်းပြသည်။

"အကိုကြီး ကြားတဲ့အတိုင်းပဲ မရှိဘူး.. "

အယ်လ်မာက စာပို့သမားကို လှမ်းပြောသည်။

"ဘာလဲ... အယ်လ်မာ... "

အေးမွန် ဆိုင်ထဲသို့ ရောက်လာသည်။

"အေးမွန် ရှိလားဆိုပြီး စာလာပေးနေလို့ပါ မမ... "

အယ်လ်မာက စာပို့သမားကိုပြသည်။ စာပို့သမားက





လက်ထဲမှာ စာတစ်စောင် ကိုင်ထားသည်။ အေးမွန် စာပို့သမားထံသို့ လျှောက်သွားသည်။

"ပေးခဲ့ပါ.. "

အေးမွန်က စာပို့သမားထံမှ စာကို တောင်းယူလိုက်သည်။

"စာရှင်မဟုတ်တဲ့ လူမှားပေးမိမှာ စိုးလို့ပါ.. "

စာပို့သမားက ချိန်ချိန်ဆဆ ဖြစ်နေသည်။

"ဒါ ကျွန်မတို့ဆိုင်က မန်နေဂျာ ဒေါ်အေးဆုမွန်ပါ.. "

အယ်လ်မာက မိတ်ဆက်ပေးလိုက်သေးသည်။

"မမှားပါဘူး...ကျွန်မဆီလာတဲ့စာပါ.. အေးဆုမွန်နဲ့အေးမွန် မှားလို့ နေမှာပါ.. "

အေးမွန်က မယုတ်မလွန် ပြောလိုက်သည်။

"ဪ... ဖြစ်နိုင်တယ်... "

စာပို့သမားက အေးမွန်လက်သို့ စာပေးလိုက်သည်။ အယ်လ်မာ ခေါင်းပုသွားသည်။ ကျန် မိန်းကလေးများက အယ်လ်မာကို လှမ်းကြည့်ပြီး ရယ်ချင်ကြသော်လည်း မရယ်ဝံ့။ ကိုယ့်ကောင်တာမှာ ကိုယ်ငြိမ်ငြိမ်လေး ဖြစ်သွားကြသည်။ ရုံးခန်း

ထဲသို့ အေးမွန် ပြန်ဝင်လိုက်သည်။ စာအိတ်ပေါ်မှ လက်ရေးကို မြင်ရုံနှင့် ကိုထွေးစာမှန်း သိသည်။

"ပြဿနာပဲ သူလုပ်တာနဲ့... ငါ့နာမည်ရင်းကို လူသိကုန် တော့မှာပဲ... "

အေးမွန် မကျေမနပ် ဖြစ်မိသည်။ စာအိတ်ကို ဖောက် လိုက်သည်။ သံယောဇဉ်လေးက ကျန်သေး၍ ဘာတွေရေးထား သည်ကိုတော့ သိချင်သည်။

အေးမွန်...

သိပ်လွမ်းတာပဲ အေးမွန်ရယ်... အချိန်တိုင်း အေးမွန် ကို သတိရနေတယ်... အဝေးကြီး ခွဲနေရာကနေ ပိုဝေးသွား မှာကိုလည်း သိပ်စိုးတာပဲ... အေးမွန် ဆိုင်မန်နေဂျာဖြစ်ပြီး လခတွေ အများကြီးရတာကို ဝမ်းသာပါတယ်

ဒါပေမဲ့ ကိုထွေးနဲ့ချစ်ခဲ့ကြတဲ့ ဘဝလေးကိုတော့ မေ့ မသွားပါနဲ့ အေးမွန်ရယ်... ကိုထွေးစိတ်ထဲမှာ စိုးရိမ်စိတ်တွေ အများကြီး ဖြစ်နေရလို့ပါ... ကုမ္ပဏီမှာ အလုပ်လုပ်ရင်း ဝယ်နိုင် ဝတ်နိုင် စားနိုင် သုံးနိုင်တဲ့ လူတွေကို တွေ့မြင်ရ တာများလာတော့ အားကျစိတ်တွေနဲ့ အခြေခံကျတဲ့ ကိုယ့် ဘဝကို မေ့သွားမှာ သိပ်စိုးတာပဲ...





အေးမွန် နှုတ်ခမ်းလေး တွန့်သွားသည်။ ဟင်း... ါကတစ်သက်လုံး သီးစုံချဉ်ရည်ဟင်းကိုပဲ သတိရနေရမှာလား။

ထွေးမြင့်၏ အယူအဆများမှာ တိုးတက်နေသော ာက်ရှိဘဝနှင့် အမီမလိုက်နိုင်ပဲ နောက်ကျကျန်ခဲ့ပြီ ဟု အေးမွန် ားလည်လိုက်သည်။

အေးမွန်ကို ချစ်တော့ စိုးရိမ်စိတ်နဲ့ တွေးမိတာပါ... စိတ် မရှိပါနဲ့ အေးမွန်ဘဝ တိုးတက်ပြောင်းလဲတာနဲ့ ပတ်သက် ရင် ကိုထွေးလောက် ဝမ်းသာတဲ့လူ ဘယ်သူမှ ရှိမှာ မဟုတ် ပါဘူး... အေးမွန်ဘဝမှာ အကောင်းဆုံးတွေ ဖြစ်တာ မြင် ချင်ပါတယ်... အေးမွန်ဘဝ အလှပဆုံး ဖြစ်စေချင်တယ်။ အေးမွန်ဘဝမှာ အန္တရာယ်ဆိုတာတွေ ဘာမှမကြုံတွေ့စေ ချင်ဘူး...

အေးမွန်ဘဝကို မပြောနဲ့ အေးမွန်ခါတ်ပုံမှာ ဖုံမှုံလေး တင်နေတာမျိုးတောင် မမြင်ချင်ဘူး... အဲဒါဟာ အေးမွန် အပေါ်မှာထားတဲ့ ကိုထွေးရဲ့ စေတနာအမှန်ပါ... ကိုထွေး ကို အေးမွန်ပေးထားတဲ့ ဓါတ်ပုံ ရှိတယ်လေ...

ဆံပင်ရှည်နဲ့တုန်းက ရိုက်ထားတဲ့ ဓါတ်ပုံလေးမို့ သိပ် မြတ်နိုးတာပဲ... အဲဒီပုံလေးကို အယ်လ်ဘန်ထဲလဲ ထည့် မထားရက်ဘူး... ပလပ်စတစ်နဲ့ကပ်ပြီး ပျက်မှာစိုးလို့... မှန်

ဘောင်သွင်းပြီးတော့လဲ မထားချင်ဘူး.. ကြည့်တဲ့အခါ မှန်ခြားတာမျိုး မဖြစ်ချင်လို့..

အပြင်မှာ ဒီအတိုင်းလဲ မထားနိုင်ဘူး.. ဖုံမှုံလေးတွေ တင်မှာစိုးလို့.. ဒီတော့ ကိုထွေး ဒိုင်ယာရီထဲမှာပဲ... စက္ကူနုနုလေး အပေါ်ကတင်ပြီး တရိုတသေ သိမ်းထားရတယ်... ကြည့်ချင်တဲ့အခါလည်း အလွယ်တကူ ကြည့်နိုင်တာပေါ့..

အေးမွန်နဲ့ကိုထွေးကို ဒေါ်လှပိုဆိုင်မှာ ထမင်းအတူ စားရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်ခဲ့ရတဲ့ ကြည်နူးစရာလေးတွေကို သိပ်သတိရတာပဲ အေးမွန်ရယ်... အခုတော့ အဝေးကြီး ခွဲနေကြရပြီ.. အဲဒီ အခွင့်အရေးမျိုးနဲ့လဲ ဝေးနေကြပြီ.. တွေးမိရင် သိပ်လွမ်းစရာ ကောင်းတယ် အေးမွန်ရယ်...

အေးမွန်နဲ့ နီးချင်တယ်... အေးမွန်ကို အမြန်ဆုံး လက်ထပ်ချင်တယ်... လက်ထပ်ပြီးရင် ကိုထွေးတတ်နိုင်သမျှ အေးမွန်ကို တင့်တင့်တယ်တယ် ထားချင်တယ်.. ဒါကြောင့် မို့ စီမံတစ် စာမေးပွဲကို အကောင်းဆုံးဖြေနိုင်အောင် ကြိုးစားတယ်... အေးမွန်ကို လွမ်းတဲ့စိတ်တွေ ဖြစ်လာတိုင်း စီမံတစ်စာမေးပွဲအတွက် စာတွေကို ပိုဖတ်တယ်... မနေ့ကပဲ ဖြေလို့ ပြီးသွားပါပြီ၊ ကောင်းကောင်းဖြေနိုင်ပါတယ်... ရေးဖြေကတော့ အောင်မှာပါ..





ဒါပေမဲ့... လူတွေ့ စစ်ဆေးခြင်း ကျန်သေးတယ်လေ... ဌာနဆိုင်ရာက မေးနိုင်တာတွေ ပြင်ပဗဟုသုတ မေးနိုင်တာတွေ အားလုံးရှာဖတ်ပြီး မှတ်စုထုတ်နေတယ်... ကြိုပြီး ပြင်ဆင်နေရတယ်...

အောင်လို့ စီမံတစ်ဖြစ်ရင် ကိုထွေးလစာလဲထောင့်ငါးရာလောက် ရမှာပါ.. ဝန်ထမ်းဆန်ရမှာနဲ့ဆိုရင် နှစ်ထောင်လောက် ဖြစ်မှာပါ..

စာဖတ်နေရင်း အေးမွန် မရယ်မိအောင် သတိထားလိုက်ရသည်။ သို့သော် ပြုံးတော့ ပြုံးမိသွားသေးသည်။ စာဖတ်ရင်း ပြုံးနေသော အေးမွန်ကို သတိထားမိကြသည့် စာရေးမလေးနှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။

ကိုထွေး စီမံတစ်ဖြစ်ပြီး တောင်ကြီးကို ပြောင်းရလို့ အေးမွန်နဲ့ပြန်တွေ့ရင် တောင်ကြီးမှာပဲ အေးမွန်နဲ့ လက်ထပ်ကြမယ် အင်းလေးကိုအလည်သွားကြမယ်.. ဖောင်တော်ဦးဘုရားမှာ နှစ်ယောက်အတူ ဖူးကြမယ်... ဘယ်လောက်ကြည်နူးစရာ ကောင်းလိုက်မလဲ...

အဲဒါ.. ကိုထွေး အဖြစ်ချင်ဆုံးဆန္ဒ၊ ကိုထွေးဘဝရဲ့ ရည်မှန်းချက်မို့ ကိုထွေး အစွမ်းကုန်ကြိုးစားပါ့မယ် အေးမွန်၊

ကိုထွေး နှလုံးသားဟာ အေးမွန်အတွက် အမြဲဖြူစင် သန့်ရှင်းပါတယ်… အေးမွန်ကို ထာဝရ ခိုင်မြဲတဲ့ မေတ္တာမျိုးနဲ့ ချစ်နေမှာပါ။ အေးမွန်ရဲ့ နှလုံးသားဟာလဲ ကိုထွေးအတွက်၊ အမြဲဖြူစင်နေပါစေလို့ ဆုတောင်းလိုက်ပါတယ်… သိပ်ချစ်တော့ သိပ်လွမ်းရတယ် အေးမွန်ရယ်…

ထွေးမြင့်

အေးမွန် သက်ပြင်းလေးတစ်ချက် မသိမသာ ရှိုက်လိုက်မိသည်။ အေးမွန် သံသယမရှိပါ။ ကိုထွေး သူ့ကို မည်မျှချစ်ကြောင်း အေးမွန် သိပါသည်။ ကိုထွေး ရေးသောစာမှာ ကိုထွေး၏ ခံစားချက် အမှန်ဆိုသည်ကိုလည်း နားလည်ပါသည်။

ကိုထွေး၏ နှလုံးသားသည် သူ့အတွက် အမြဲဖြူစင် သန့်ရှင်းနေသည်ဆိုခြင်းကိုလည်း ယုံပါသည်။

“ဒါပေမဲ့ အေးမွန် နှလုံးသားက ကိုထွေးအတွက် မဖြူစင်တော့ပါဘူး ကိုထွေးရယ်… ”

အေးမွန် စိတ်မကောင်းဖြစ်မိသည်။

“အေးမွန်ကို ခွင့်လွှတ်ပါကိုထွေးရယ်… အေးမွန်ကိုမုန်းလိုက်ပါ… မေ့လိုက်ပါ… ”

စိတ်ထဲမှာ တောင်းပန်နေမိသည်။ ချစ်ခဲ့သူမို့ သူ့ခမျာ





ကိုယ့်အတွက် စိတ်မကောင်းကြီးစွာ မဖြစ်စေချင်ဝမ်းနည်းကြေကွဲခဲ့ရသည့် ဝေဒနာခံစားရသည်မျိုး မဖြစ်စေချင်။

ညှိုးငယ်နေသည့် ကိုထွေးမျက်နှာကို မြင်ယောင်လာ၍ အေးမွန် ထိုင်နေရာမှ ထလိုက်သည်။

“သူမျှော်မှန်းတဲ့အတိုင်း စီမံတစ်ရာထူးရပြီး သူ့ဘဝလေး တင့်တင့်တယ်တယ် ဖြစ်ပါစေ… ”

ကိုထွေးအတွက် ဆုတောင်းရင်း အရောင်းကောင်တာများဘက်သို့ ထွက်လာခဲ့သည်။

“ငါ့နှလုံးသားက ပြောင်းလဲပြီဆိုတာ သူ့ခမျာ ဘာမှ မသိရှာသေးဘူး…”

အေးမွန်၏ ခြေလှမ်းများက လေးလံ နေပါသည်။ အရောင်း မန်နေဂျာ လျှောက်လှမ်း လာနေသည်ကို မြင်၍ အရောင်းစာရေးမလေးများသည် ကိုယ့်အလုပ်ကိုယ် ကျိုးနွံစွာ လုပ်နေကြသည်။

ကလင်… ကလင်… လကင်… ။

ရုံးခန်းဘက်ဆီမှ တယ်လီဖုန်းသံ ကြား၍ အေးမွန် နားစွင့်လိုက်သည်။

“မမ… အေးဆုမွန်… တယ်လီဖုန်းလာတယ်… ရန်ကုန်က

ဆရာ ဦးလင်းဇော်ဦး... "

ရုံးခန်းဘက်မှ စာရေးမလေး မြင့်မြင့်ကြည် လှမ်းခေါ်နေသည်။

"ဟော... လာပြီ... လာပြီ... "

အေးမွန်၏ ခြေလှမ်းများ ပြေးလုနီးပါး သွက်လက်စွာဖြင့် ရုံးခန်းဘက်ဆီသို့ လျှောက်သွားနေသည်။

ဒုန်း... ။

ရုံးခန်းအဝင်နားတွင် ထားသောအမှိုက်ပုန်းကို တိုက်သွား၍ အရောင်းမိန်းကလေးများ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ပြီး ပြုံးလိုက်ကြသည်။



## အခန်း (၃၃)

"ဖွားဖွားရေ ထတော့... "

မနက် (၇) နာရီအထိ အိပ်ရာကုတင်ပေါ်မှာ စောင်ခြုံလျက်ရှိနေသော ဖွားဖွား အခန်းထဲသို့ ဝင်လာခဲ့သည်။ ဒေါ်အေးချစ်အိပ်ရာမှ နိုးနေသည်မို့ မြေးလေးကို လှမ်းကြည့်လိုက်သည်။

"ဒီနေ့ တနင်္ဂနွေနေ့ ဖွားဖွားရဲ့... ဆိုင်ပိတ်တယ်လေ... ဖွားဖွားကို တောင်ပေါ်က ရွှေဘုန်းပွင့် ဘုရားလိုက်ပို့မယ်"

အေးမွန်က ဖွားဖွားကုတင်ပေါ်မှာပင် ဖွားဖွား အိပ်နေသည့်ဘေးမှာ ထိုင်လိုက်သည်။ ဖွားဖွား၏ လက်ကလေး စောင်ထဲမှ ဖြေးဖြေးထွက်လာပြီး အေးမွန်၏ လက်ကို ဆုပ်ကိုင်

လိုက်သည်။

"မြေးရယ်... ဖွားဖွား တောင်ကြီး ရောက်ကတည်းက အသက်ရှူရတာ မဝဘူး... အေးလို့ ဖြစ်မှာပါ... လို့ ထင်တာနဲ့ မြေးတောင် ဘာမှမပြောဘူး... "

ဖွားဖွားစကားကြောင့် အေးမွန် စိုးရိမ်စိတ် ဖြစ်ရသည်။

"မနေ့က အသက်ရှူရတာ ကျပ်လာတယ်... ဒီနေ့ မနက်ကျတော့... ပိုပြီး ကျပ်နေတယ်... "

"ဟင်... ဖွားဖွားက မြေးကို ဘာလို့ မပြောတာလဲ... "

"ရောက်စတုန်းကတော့ ပျော်နေတဲ့ မြေးလေး... စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ပါ... "

"မနေ့ညကတော့ ပြောဖို့ကောင်းတာပေါ့ ဖွားဖွားရယ်... "

"မြေးလေးက တစ်နေ့တစ်နေ့ ပင်ပန်း ပြန်လာတော့... ဖွားဖွားအတွက် ထပ်မမောစေချင်လို့ပါ... "

"ခု အသက်ရှူရတာ ကျပ်နေလား ဖွားဖွား... "

ဒေါ်အေးချစ် ခေါင်းညိတ်ပြသည်။

"ချွဲရှိလို့လား... "





"ချွဲမရှိပါဘူး... "

"ခု အိပ်ရာထလို့ရလား... "

"ဒီရာသီဥတုနဲ့ ဖွားဖွားနဲ့မတည့်ဘူး ထင်ပါရဲ့မြေးရယ်... အေးလိုက်တာကလည်း စောင်ထဲကကို မထွက်ချင်ဘူး... အပြင်ထွက်တာနဲ့ ခြေလက်တွေက အေးစက်နေတာပဲ... "

"ထွက်ရမှာပေါ့ ဖွားဖွားရဲ့... အိပ်ရာထဲမှာချည်း နေတော့လဲ ဘယ်ကျန်းမာပါ့မလဲ... ခြေလက်အေးရင် မီးကင်ပေါ့ မီးသွေးမီးဖိုမှာ မီးထည့်ပေးဖို့ မဖြူကို မှာထားတာပဲ... "

အေးမွန်က ဖွားဖွားကိုယ်ပေါ်မှ စောင်ကို ခွာလိုက်သည်။ ဖွားဖွားကိုယ်လုံးလေးက ဖြူဖြူသေးသေးဖြစ်သည်။

"တောင်ကြီးရောက်မှ ဖွားဖွား ပိုပိန်သွားသလား... "

ဖွားဖွားကိုကြည့်ပြီး အေးမွန်စိတ်မကောင်း ဖြစ်ရသည်။ အသက်ရှူသည့်အခါ ပိန်ချပ်နေသော ရင်ဘတ်က မြင့်မြင့်ဘက်လာ၏။ ရင်၏ လှုပ်ရှားမှုကို ကြည့်ပြီး အသက်ရှူမြန်နေမှန်း သိသာသည်။

"ဖွားဖွား မောလား... "

"အသက်ရှူလို့ မဝတော့ မောတာပေါ့... "

"ဖွားဖွား အိပ်ရာကထပြီး တစ်ခုခု စားလိုက်ဦးလေ… ပြီး တော့ ပြန်အိပ်တာပေါ့… "

"ဖွားဖွား ဘာမှ မစားချင်ပါဘူး မြေးရယ်… "

"ကော်ဖီဖြစ်ဖြစ် အိုဗာတင်းဖြစ်ဖြစ် ဘီစကစ်နဲ့… "

ဒေါ်အေးချစ် လက်ကာပြသည်။

"အဲဒါတွေ သောက်ပြီးရင် ပိုကြပ်တယ်… "

"ဒါဖြင့် ဖွားဖွား ဘာစားမလဲပြော… "

"မဖြူကို ထမင်းရည်လေး ခံခိုင်းထားတယ်… "

"ဩော်… ဖွားဖွားရယ်… "

အေးမွန် စိတ်မကောင်းဖြစ်ရသည်။ ပြည့်ပြည့်စုံစုံ စားနိုင်သည့်ဘဝရောက်မှ ဖွားဖွားက ထမင်းရည်သောက်နေရသည်ဟု တွေးမိ၍ ဖြစ်သည်။

"ကဲ… အဲဒီလို ဆိုရင်လဲ ခဏထပြီး ထမင်းရည်သောက်လိုက်နော်… ပြီးမှပြန်အိပ်… "

ဖွားဖွားကို အိပ်ရာထဲမှထူပေးသည်။

"မဖြူရေ… ဖွားဖွားကို မျက်နှာသစ်ဖို့ လုပ်ထားပါဟေ့…"





ဖွားဖွားကို မျက်နှာသစ်ပေးသည်။ အိပ်ရှေ့ညည်ခန်းမှာပင် အထိုင်ခိုင်းပြီး ကိုယ်အောက်ပိုင်းမှာ ခြေထောက်များလုံအောင် စောင်ဖြင့် ထွေးပတ်ပေးသည်။ အေးမွန်ကိုယ်တိုင် ထမင်းရည်တိုက်သည်။

"သာဓု… သာဓု… သာဓု… မြေးလေးနဲ့အတူ ဖွားဖွားတောင်ပေါ် လိုက်ချင်ပါတယ်… ဒါပေမဲ့ ဒီထက်မြင့်တဲ့နေရာတက်ရင် ဖွားဖွား အသက်ရှူပိုကြပ်မှာစိုးလို့ပါ… တစ်ပတ်မှ တစ်ရက်ပဲနားရတာ မြေးလေးတို့ ပျော်ပျော်ပါးပါး သွားကြ"

ဒေါ်အေးချစ်က သူ့ကြောင့် မြေးလေး အပျော်မပျက်စေချင်။

"မသွားတော့ပါဘူး ဖွားဖွား… တောင်ပေါ်ကို မြေးရောက်ဖူးပါတယ်… ဖွားဖွားကို ပို့ချင်လို့ သွားမှာပါ… မြေးက နေ့တိုင်းဆိုင်ဖွင့်နေတော့ ဖွားဖွားအိမ်မှာပဲ နေရတာ ဘယ်မှ မထွက်ရတော့ ပျင်းမှာစိုးလို့… "

"မပျင်းပါဘူးမြေးရယ်… မြေးဆိုင်က အိမ်နဲ့နီးတာပဲ… ဆိုင်မှာမြေးရှိမှန်း သိနေတာပဲ… ဖွားဖွားပျော်ပါတယ်… "

"ကဲ ဒီလိုဆို ဒီနေ့ ဘယ်မှ မထွက်ဘူး… အိမ်မှာ ဖွားဖွားနဲ့ပဲ အတူနေမယ်… ဒါလေးတော့ ကုန်အောင်သောက်နော်…"

ကျန်သည့်ထမင်းရည်လေးကို အေးမွန်က ဆက်တိုက်နေသည်။

"မမလေး... တောင်ပေါ်သွားရင် ကားအဆင့်သင့်ဖြစ်ပြီ... ကောင်မလေးတွေလဲ ရောက်နေကြပြီ... "

ယာဉ်မောင်းအောင်ပိုင်ကို အေးမွန် လှမ်းကြည့်လိုက်သည်။

"သူတို့ ခေါ်လိုက် ကိုအောင်ပိုင်... "

အောင်ပိုင်ထွက်သွားပြီး နှင်းပွင့်စံ၊ အယ်လ်မာ၊ချစ်ချစ်နှင့် နန်းအိတို့ ဝင်လာကြသည်။

"ထိုင်ကြ... ဒီနေ့ မသွားတော့ဘူး... ဖွားဖွားနေမကောင်းလို့... အိမ်မှာပဲနေပြီး ဖွားဖွားကို ပြုစုရမယ်... "

"သွားပါ မြေးရယ်... သူ့ခများလေးတွေ... လှလှပပ ပြင်လာကြတာ... မြေးလဲ ပြင်ပြီး ပျော်ပျော်ပါးပါးသွားကြ... ဖွားဖွားက လူအိုပဲ... လူအိုဆိုတော့ အပြင်ထွက်ချင်စိတ် မရှိပါဘူး အိပ်ရာထဲမှာပဲ နေချင်ပါတယ်... "

"မသွားတော့ပါဘူး ဖွားဖွား... ဒီနေ့ တစ်နေ့လုံး ဖွားဖွားနဲ့ အတူနေချင်လို့ပါ... ကဲ... ဒါလေး ဆက်သောက်လိုက်ဦး... အိုဗာတင်းတို့ ဟောလစ်တို့ ရှိရက်သားနဲ့ ထမင်းရည်မှ





သောက်ချင်တယ်ဆိုလို့... "

အဆင့်နိမ့်သည်ဟု မိန်းကလေးများက ထင်မှာစိုး၍ အေးမွန် ရှင်းလိုက်ရသေးသည်။

"တော်ပြီမြေးရယ်... မသောက်ချင်တော့ဘူး... "

"ဟင် ဖွားဖွားကလဲ... တဝက်လောက် ကျန်နေသေးတယ်"

"ဖွားဖွားလာလို့... အိပ်ရာထဲမှာပဲ... ပြန်ပို့ပေးပါ..."

"မမ... ဒေါက်တာ ကျော်ဝေခေါ်ပြပါလား... "

အယ်လ်မာက အကြံပေးသည်။ ဆိုင်ဖွင့်ပွဲညက မိတ်ဆက်ခွင့်တောင်းသော ဆရာဝန်လေးကို အေးမွန် သတိရလိုက်သည်။

"သူ့အိမ် အယ်လ်မာသိလား... "

"သူ့အိမ်တော့မသိဘူး... သူက ဆေးရုံမှာလုပ်တာ၊ ဆေးရုံလိုက်သွားမှာပေါ့... ဆေးရုံမှာမရှိရင် သူ့အိမ် ဘယ်မှာလဲ မေးပြီး လိုက်သွားမှာပေါ့... "

"အေး... ကောင်းတယ်... သွား... ကိုအောင်ပိုင်ခေါ်သွား"

"နှင်းတို့ရော လိုက်သွားရမလား မမ... "

"အေး… လိုက်သွားကြ… "

မိန်းကလေးများ အိမ်ထဲမှ ထွက်သွားကြသည်။မဖြူနှင့် အေးမွန်က ဖွားဖွားကို အိပ်ရာထဲ ပြန်ပို့ကြသည်။

ꕥ ✣ ꕥ ✣ ꕥ ✣ ꕥ



အခန်း (၃၄)

"ဂွတ်မောနင်း… မအေးဆုမွန်… "

ဒေါက်တာ ကျော်ဝေက အိမ်ထဲသို့ ဝင်သည်နှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

"ဂွတ်မောနင်း ဆရာ… "

အေးဆုမွန် ပြန်နှုတ်ဆက်သည်။

"မသိလို့ပါဗျာ… မအေးဆုမွန်က အသက်ကြီးတဲ့ အဖွား ပါလာကြောင်းမှ မပြောပဲ… အသက်ကြီးတဲ့လူဆိုတာ ကျန်းမာရေးအတွက် ဆရာဝန် အမြဲကြည့်ပေးဖို့ လိုတာပေါ့… ဘယ်မှာလဲ အဖွားက… "

ဖွားဖွားအခန်းသို့ အေးမွှန် ပို့ပေးသည်။ ဒေါက်တာကျော်ဝေက အသေအချာ စစ်ဆေးကြည့်သည်။ ဆေးထိုးပေးသည်။ တစ်နေ့ သုံးကြိမ်သောက်ရမည့် ဆေးများပေးသည်။

"သက်သာသွားမှာပါ.. အသက်ကလဲကြီး.. နေရာဒေသပြောင်းတော့ ရာသီဥတုကလဲ မတူလို့ပါ.. အအေးဒဏ်ကြောင့်ဖြစ်တဲ့ အလာဂျီကြောင့် အသက်ရှူကြပ်တာ... ကိစ္စမရှိပါဘူး... ကျွန်တော် ညနေတိုင်း လာကြည့်ပေးပါ့မယ်... ဖွားဖွားဘာမှစိတ်မပူနဲ့နော် ကောင်းသွားမှာပါ.. ကျွန်တော်က ဆရာဝန်... ဖွားဖွားကို ကောင်းသွားအောင် ကုပေးနိုင်ပါတယ်"

ဒေါ်အေးချစ် ခေါင်းညိတ်ပြသည်။

"ဧည့်ခန်းဘက်ကြွပါဆရာ... "

ဧည့်ခန်းတွင် မိန်းကလေးတွေက ဆရာဝန်အတွက် ကော်ဖီနှင့်မုန့်များ ပြင်ဆင်ထားကြသည်။

"ထိုင်ပါဆရာ... ကော်ဖီသောက်ပါဦး... "

အေးမွှန်က ဧည့်ခံသည်။

"ဖွားဖွားကို ကျေးဇူးတင်တယ်ဗျာ... "

"ရှင်... ဘာပြုလို့လဲဆရာ... "





ဆရာ၏ထူးခြားသောစကားကိုအေးမွှန်နားမလည်ပါ။

"ညစာစားပွဲ ညကတည်းက မအေးဆုမွှန်နဲ့ ခင်ချင်လို့ မိတ်ဆက်ခဲ့တာ... အခု ဖွားဖွားကြောင့် ပိုပြီး ရင်းနှီးရတာပေါ့ဗျာ... "

ဒေါက်တာကျော်ဝေ၏ စကားကြောင့် အေးမွှန် အနေရ ခက်သလို ဖြစ်သွားသည်။ မိန်းကလေးများက ပြုံးကြသည်။

"မအေးဆုမွှန်မျက်နှာက လှရုံတင်မဟုတ်ဘူးဗျ.. သိပ်ကျက်သရေရှိတာ... "

"မုန့်ပါ စားပါ ဆရာ... "

အေးမွှန်က လိုက်လျောညီထွေဖြစ်အောင် ရယ်စရာလုပ်လိုက်သည်။ မိန်းကလေးများ ရယ်ကြသည်။

"မင်းတို့ မရယ်ကြနဲ့ကွ... ငါက တကယ်ပြောတာ... မုန့်လဲစားမှာပါ.. "

ဒေါက်တာ ကျော်ဝေက ဘီစကစ် တစ်ချက်ကို ယူစားလိုက်၍ မိန်းကလေးများ ထပ်ရယ်ကြသည်။ အေးမွှန်ပါ ပြုံးမိသည်။ ရင်းနှီး ဖော်ရွေစွာ ဆက်ဆံတတ်သောဒေါက်တာကျော်ဝေကိုလည်း ခင်မင်သွားမိသည်။

"မင်းတို့ ခေါင်းဆောင်... အဲ ဘာခေါ်လဲ... "

ဒေါက်တာကျော်ဝေက စဉ်းစားနေသည်။

"မန်နေဂျာပါ ဆရာ... "

အယ်လ်မာက ထောက်ပေးသည်။

"အေး... မင်းတို့ မန်နေဂျာက ရုပ်လဲချောတယ်... ဘာမှကို အပြစ်ပြောစရာ မရှိဘူး... ပြီးတော့ ဆိုင်မှာလဲ ဆက်ဆံရေးကအစ သိပ်တော်တာပဲတဲ့... ဝယ်တဲ့လူတွေဆီက ပြန်ကြားတာပါ... "

"ဆိုင် အလှပြင်တာလဲ တော်တယ်ဆရာ... "

နှင်းပွင့်စံက ဖြည့်ပေးသည်။

"အေး... မင်းတို့ ဂုဏ်ယူဖို့ ကောင်းတယ်... "

"ဂုဏ်ယူတာပေါ့ဆရာ... "

ချစ်ချစ်က ထောက်ခံသည်။

"အေး... ဆရာလဲ ဂုဏ်ယူတယ်... ဖွားဖွားကို ဆေးလာကုရတော့ ပိုပြီးရင်းနှီးခွင့်ရလို့... "

"ဆေးဖိုး ဘယ်လောက်ကျလဲဆရာ... "

အေးမွန် အားနာသော်လည်း ကိုယ့်တာဝန်မို့ မေးရ





သည်။

"ဟင်... ဆေးဖိုး... အင်း... ဆေးဖိုးကတော့ ဈေးများမယ်"

ဒေါက်တာကျော်ဝေ အေးမွန်ကို ကြည့်နေသည်။ မိန်းကလေးများ စိတ်ဝင်စားစွာ နားစွင့်နေကြသည်။ ဆရာ့ကို လှမ်းကြည့်ပြီး အေးမွန် မျက်လွှာ ချထားလိုက်သည်။ ဒေါက်တာကျော်ဝေကတော့ ကြည့်နေဆဲ။

"ဆေးဖိုးက... မအေးဆုမွန် အဖွားဖြစ်စေ မအေးဆုမွန်ကိုယ်တိုင်ဖြစ်စေ... နေမကောင်းတဲ့အခါမှာ... ရင်းနှီးခင်မင်တဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ အလကားကုပေးခွင့် ရချင်ပါတယ်... အဲဒါ... ဆေးဖိုးပဲ... "

"အို... မတုတ်တာ ဆရာ... ဆရာ ဝယ်ရတဲ့ဆေးတွေက တန်ဖိုးကြီးတယ်ဆိုတာ အေး သိပါတယ်... ကုခမယူရင်လဲ ဆေးဖိုးတော့ ယူပါဆရာ... "

"မကြီးပါဘူး... ဈေးမကြီးပါဘူး... မအေးဆုမွန်... အဲ... ခုနပြောတဲ့စကား..."

အေးမွန်ကို လက်ညွှန်ပြသည်။

"အေးလို့ခေါ်တာ ပိုကောင်းပါတယ်... အေးနဲ့ ခင်မင်ရင်းနှီးခွင့်ရတာက ပိုပြီး တန်ဖိုးကြီးပါတယ်... "

မိန်းကလေးများ ပြုံးကြသည်ကို မြင်၍ အေးမွန် ခေါင်းငုံ့ထားလိုက်ပါသည်။

"ဟား... ဟား... ဟား... ဟား... "

ဒေါက်တာကျော်ဝေ အားပါးတရ ရယ်လိုက်သည်။

"ကဲ... ဆရာပြောတာနဲ့ မင်းတို့မန်နေဂျာမလေးတော့ ရှက်သွားပြီ... မရှက်ပါနဲ့... ကျွန်တော် တကယ်ပြောတာပါ... ဟား... ဟား... ဟား... "

ဒေါက်တာကျော်ဝေက ရယ်ရင်းမှ ဆေးအိတ်ကို ဆွဲပြီးထွက်သွားသည်။

"မမ... ဆရာပြန်သွားပြီ... "

အယ်လ်မာက သတိပေးမှ အေးမွန် ခပ်မြန်မြန် ထလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဆရာ... "

အေးမွန် အိမ်အပြင်ထွက်ပြီး ဒေါက်တာကျော်ဝေကို လှမ်းပြောလိုက်သည်။

"ဘာလဲ... ကျွန်တော် ပြောတာတွေကို ကျေးဇူးတင်တာလား... "





"ဖွားဖွားကို ဆေးကုပေးလို့ပါဆရာ... "

"မဟုတ်ဘူးဗျ... ကျွန်တော့်ကို ခုလို ဆေးကုခွင့်ပေးတဲ့အတွက် ကျွန်တော်က ကျေးဇူးတင်ရမှာ... "

အေးမွန် ဘာမှ ပြန်မပြောတတ်တော့ပါ။ ဒေါက်တာကျော်ဝေ ကားပေါ်သို့ တက်သွားသည်။ အောင်ပိုင်က ဆရာကို ပြန်ပို့ပေးသည်။

## အခန်း (၅၅)

တောင်ကြီးမှ ကားနှင့်ဆင်းလာတော့ လှပသော
င်းများကို မြင်ရသည်။ လတ်ဆတ်သော လေနုအေးကို ရှူရ
ည်။ အေးမွှန် စိတ်ထဲမှာ ပျော်နေသည်။ မကြာခင် အကိုကြီး
 တွေ့ရတော့မည်။ မနေ့က အကိုကြီး ဖုန်းဆက်ထားသည်။
နေ့ လေယာဉ်ပျံနှင့် လိုက်လာမည်။ (၇) ရက်နှင့် ပြန်လာမည်
ပြီး ဆယ်ရက်ကြာသွားသည်။

"ဟင်း... အကိုကြီးကို စိတ်ကောက်ရမယ်... "

ဆိပ်ကမ်းမှ ကုန်ပစ္စည်းများ ထုတ်ယူနိုင်ရေးကို အပြီး
ပြတ် ဆောင်ရွက်နေရ၍ နောက်ကျရခြင်း ဖြစ်သည်ကို သိ
ာ်လည်း စိတ်ကောက်ကြည့်ချင်သေးသည်။

"ဒါပေမဲ့ ကြာကြာတော့ မကောက်ပါဘူး... အကိုကြီး စိတ်
ဆင်းရဲနေမှာစိုးလို့... "

မချော့ခင်က ပျော့ချင်စိတ်နှင့် တွေးရသေးသည်။ ဟဲဟိုးလေဆိပ်ရောက်တော့ စိတ်ကောက်ရမည့်သူကို စိတ်ရှည်လက်ရှည် စောင့်ရသည်။

"အကိုကြီး ချောချောမောမော ပြန်ရောက်ပါစေ...လေယာဉ်ပျံခရီးမှာ ဘေးရန်ကင်းပါစေ... "

ဆုတောင်းနေရသေးသည်။ နှစ်နာရီခန့် စောင့်ပြီးမှ လေယာဉ်ပျံရောက်လာသည်။ လေယာဉ်ပျံပေါ်မှဆင်းပြီး လက်ပြသော အကိုကြီးကို ဝမ်းသာအားရ လက်ပြန်ပြမိသည်။ ကားပေါ်တက်တော့ လင်းဇော်ဦးက အေးမွန်နှင့်အတူ နောက်ခန်းမှာ ထိုင်သည်။

"ဘယ်လိုမှ မဖြစ်လို့ သုံးရက်ပိုကြာသွားတယ်... "

ကားထွက်လာတော့ လင်းဇော်ဦးက ရှင်းလင်းချက်ပေးသည်။ အေးမွန် ဘာမျှ ပြန်မပြောပါ။ စိတ်ကောက်နေသည်ဟုသိစေလိုသော သဘော။ လင်းဇော်ဦးအေးမွန်၏လက်ကလေးကို အောင်ပိုင် မပြင်အောင် ဆုပ်ကိုင်ထားလိုက်သည်။

အေးမွန်က လင်းဇော်ဦး၏လက်ကို ဆွဲဆိတ်သည်။ လင်းဇော်ဦးက ရှုံ့းဖယ်ခြင်းမရှိ။ အနာခံနေသည်။ အေးမွန်ငယ်စဉ်က မကျေနပ်လျှင် ဆိတ်တတ်ကြောင်း ဖွားဖွားပြောပြဖူးသည်။

အေးမွန်က နာအောင်ဆိတ်သည်။ အကိုကြီး နာလောက်သည်ဟု အေးမွန်သိသည်။ သို့သော် လင်းဇော်ဦးက





အနာခံသည်။ ရှောင်ဖယ်ခြင်းမရှိ။ နောက်ဆုံးတော့ အေးမွန်သာ လျှော့လိုက်ရသည်။

လင်းဇော်ဦးက ရန်ကုန်မှ ဂိုဒေါင်ကိစ္စများ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ကားကိစ္စများ ဆိပ်ကမ်းမှ ကုန်ပစ္စည်းများ ကိစ္စများ စက်ဘူမှ ကုန်မှာရသည့် အကြောင်းများကို တစ်လမ်းလုံး ရှင်းပြနေသည်။

အေးမွန် ဘာမျှ ပြန်မပြောပါ။ တောင်ကြီးရောက်သည်နှင့် ပါရာဒိုက်စ်မှအခန်းသို့ လင်းဇော်ဦး အရင်ဝင်သည်။ ပစ္စည်းများ၏ အေးမွန်ပါ လိုက်ပို့ရသည်။ အခန်းထဲရောက်၍ တံခါးပိတ်ပြီးသည်နှင့် လင်းဇော်ဦးက သူ့လက် အထုပ်များကို သွတ်ချလိုက်ပြီး အေးမွန်ကို ပွေ့ဖက်ထားသည်။ အေးမွန်လက်တွင် ပစ္စည်းများ ရှိနေဆဲ။

"ကြမ်းပေါ် ချပစ်လိုက်လေ... "

လင်းဇော်ဦး စတားကြောင့် အေးမွန် ပစ္စည်းများကို ကြမ်းပြင်ပေါ်သို့ ချထားလိုက်သည်။

"သိပ်သတိရတာပဲ အေးမွန်ရယ်... "

"မဟုတ်ပဲနဲ့... "

အေးမွန် မျက်စောင်းထိုးသည်။ အကိုကြီးရင်ခွင်မှာ အတွေ့အထိများနှင့် သာယာနေရပါပြီ။

"တကယ်ပါအေးရယ် အကိုကြီးလေ ဒီလောက် ကြာကြာ ဘယ်ခွဲချင်ပါ့မလဲ... "

"အေးကမြင့် အချိန်တိုင်း သတိရနေတာ... "

နှုတ်ခမ်းစူစူလေးက နှင်းဆီဖူးလို လှနေသည်ကို လင်းဇော်ဦး သဘောကျစွာ ကြည့်နေမိသည်။

"ဟုတ်လို့လား... "

"မယုံချင်နေပေါ့... "

အေးမွန်မျက်နှာလေး တင်းသွားသည်။

"ယုံပါတယ်ဗျာ... သိပ်ကိုယုံပါတယ်... အေးပြောတာ ကြားချင်လို့ပါ... "

"သုံးရက်ပိုတာ သုံးချက်ထုမယ်... "

"ထု... ထု... "

အေးမွန်က လင်းဇော်ဦး၏ ရင်ဘတ်ကိုထုသည်။ မြဲ့ထုသည့်နေရာမှပင် ပါးလေး အပ်ထားလိုက်သည်။ လင်းဇော်ဦး သက်ပြင်းတစ်ချက်ချရင်း အေးမွန်၏ ကိုယ်လေးကို ပို၍ တင်းတင်းပါအောင် ပွေ့ဖက်ထားလိုက်သည်။

အကိုကြီးရင်ခွင်မှာ အေးမွန် မျက်စိကို မှိတ်ထားလိုက်ပါသည်။ ထွေးမြင့်နှင့် ဒေါက်တာကျော်ဝေ သာမက တစ်လောကလုံးကိုပင် အေးမွန် မေ့လျော့သွားရပြန်သည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၅၆)

ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း။

လက်ခုပ်သြဘာသံများ အကြိမ်ကြိမ်ထွက်ပေါ်နေ၏။ ထင်းရှူးရိပ် စားတော်ဆက်အတွင်းမှာ စနိုးကက်(ပ်) အရောင်းဆိုင်၏ သုံးလပတ် ဆုပေးပွဲနှင့် ညစာစားပွဲ ကျင်းပနေခြင်း ဖြစ်သည်။

ဆိုင်ဖွင့်ပွဲတုန်းကလိုပင် ထင်းရှူးပင်များအောက်မှာ လင်းဇော်ဦး ကျင်းပလိုသော်လည်း ဒီဇင်ဘာလဖြစ်၍ တောင်ကြီးမှာ အေးလွန်းသောကြောင့် ဆိုင်ထဲမှာ ကျင်းပရခြင်း ဖြစ်သည်။

ဆိုင်မှ အရောင်းမိန်းကလေးများကို သုံးလပြည့်သူတိုင်းကို တစ်ယောက် နှစ်ထောင်စီ ဆုကြေးတိုးပေးသည်။ လစာ

ကိုလည်း ၂၅၀၀ မှ ၃၀၀၀ အထိ တိုးပေးသည်။

သုံးလ မပြည့်သေးသော မိန်းကလေးများက ဆုကြေး ၁၀၀၀ စီရသည်။ သုံးလပြည့်လျှင် လစာ ၃၀၀၀ ရမည်။

"အခု ဆုကြေး ချီးမြှင့်ငွေ ယူရမည့်သူက ဆိုင်မန်နေဂျာ ဒေါ်အေးဆုမွန် ဖြစ်ပါတယ်ရှင်... ဒေါ်အေးဆုမွန် ဆုကြေး ယူရန် ကြွပါ... "

လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

အေးဆုမွန် ထိုင်နေရာမှ ဆုပေးစားပွဲဆီသို့ လျှောက်သွားသည်။ အနက်ရောင် ကုတ်အင်္ကျီ၊ အနက်ရောင် ဘောင်းဘီရှည်၊ နက်မှောင်ပြောင်လက်နေသော ရှူးဖိနပ်နှင့် အနက်ရောင် သားမွေးပွဦးထုပ်ကို ဆောင်းထားသည်။

ကျစ်လျစ်သော အေးမွန်၏ ကိုယ်လုံးလေးနှင့် တင့်တယ်စွာ လိုက်ဖက်သော ဝတ်စုံဖြစ်သည်။ ဖြူဝင်းသောမျက်နှာလေးက အနက်ရောင်ဝတ်စုံကြောင့် ပို၍ ထင်ရှားစွာ ပေါ်လွင်နေသည်။

ကုမ္ပဏီဝန်ထမ်းများအားလုံးအတွက် အေးမွန် ကိုယ်တိုင် ရွေးချယ်သောဝတ်စုံဖြစ်၍ ကုမ္ပဏီက ဆုပေးပွဲအမှီ ချုပ်ပေးထားခြင်းဖြစ်သည်။





ရွှေမှုမိန်းကလေးများအားလုံးလည်း ဤဝတ်စုံနှင့်ပင် ဆုကြေးငွေယူပြီးကြပြီ။ သို့သော် အေးမွန် ဝတ်ထားသည်က ပိုလှသလို ထင်နေကြသည်။ အေးမွန် လျှောက်လာသည်က နွဲ့သည်လည်းမမည်။ မာသည်လည်းမဟုတ်။ ကိုယ်နေဟန်ထား ဖြောင့်မတ်သည်။ သို့သော် လှုပ်ရှားမှုတိုင်းမှာ သက်တောင့်သက်သာရှိ၍ ကြည့်နေသူများကို ဆွဲဆောင်မှုအပြည့်။

အေးမွန်၏ ခြေတစ်လှမ်းတိုင်းကို ပရိတ်သတ်များ စိတ်ဝင်စားနေကြသည်။ အေးမွန်လျှောက်လှမ်းလာနေရင်း ရန်ကုန်ရှိစဉ်က ဒေါ်လှပို့ဆိုင်သို့ ထမင်းစားအသွားမှာ ဖြတ်ကူးရသော မျဉ်းကျားကို သတိရမိသည်။

ထိုမျဉ်းကျားမှ ဖြတ်လျှောက်သည့်အလှကို ချီးမွမ်းလေ့ရှိသော ကိုထွေးကိုလည်း သတိရမိသည်။ လင်းဇော်ဦး ရပ်နေသောရှေ့သို့ ရောက်သွားပြီမို့ လမ်းလျှောက်သည်ကို ရပ်လိုက်သည်။

"မန်နေဂျာဖြစ်တဲ့အတွက် ဆုကြေးငွေ ငါးထောင်ဖြစ်ပါတယ်... "

အယ်လ်မာက ကြေညာပေးသည်။ လင်းဇော်ဦး ဆုပေးသည်။ ပရိတ်သတ်များ လက်ခုပ်တီးကြသည်။

"လစာကတော့ အခြားဝန်ထမ်းများလိုပဲ ငါးရာတိုးပါတယ်"

"နည်းပါတယ်... "

ဆိုင်ဝန်ထမ်း မိန်းကလေးများထံမှ ထွက်လာသော အသံဖြစ်၍ ပရိတ်သတ်များ ရယ်ကြသည်။ ဆုကြေးငွေ ပေးအပ်ပွဲ ပြီးသည်နှင့် ညစာစားပွဲ စတင်သည်။ ထုံးစံအတိုင်း လူကြီးဝိုင်းမှ ဆုတောင်း မေတ္တာပို့သည်။ ဖန်ခွက်ချင်း ထိခတ်သံများ ပေါ်ထွက်လာသည်။ ပြီးသည်နှင့် လူကြီးများ ဝိုင်းကူးလာကြသည်။

"သိပ်လှတဲ့ မန်နေဂျာမလေးအတွက်... "

လင်းဇော်ဦးဘေးမှာ ပါလာသော ဒေါက်တာကျော်ဝေက သူ့လက်ထဲမှ ဖန်ခွက်နှင့် အေးမွန်ဖန်ခွက်ကို အဦးဆုံး ထိလိုက်သည်။ ဒေါက်တာကျော်ဝေကို အေးမွန် ပြုံးပြလိုက်ပြီးမှ အကိုကြီးမျက်နှာကို လှမ်းကြည့်လိုက်သည်။

လင်းဇော်ဦးက ဝိုင်းထဲမှ မိန်းကလေးအားလုံး၏ ဖန်ခွက်ကို လိုက်ထိပြီး နောက်ဆုံးမှ အေးမွန်ဖန်ခွက်ကို ထိ၍ နှုတ်ဆက်သည်။ အေးမွန် ရင်ထဲမှာ မကြည်မလင် ဖြစ်ရသည်။



အခန်း (၅၇)

ညနေ ဆိုင်သိမ်းပြီးသည်နှင့် အေးမွန် ပါရာဒိုက်(စ်)သို့သွား၍ ငွေနှင့်အရောင်းစာရင်းများကို လင်းဇော်ဦးလက်သို့ ပေးအပ်သည်။

"ဒီစာရင်းတွေ နောက်မှရှင်းတာပေါ့.. ဒီထက်အရေးကြီးတဲ့စာရင်း အရင်ရှင်းရမယ်... "

လင်းဇော်ဦးက ငွေနှင့်စာရင်းများကို ဘေးသို့ ဖယ်ထားလိုက်သည်။

"ရှင်... "

လင်းဇော်ဦးပြောသည်ကို အေးမွန် နားမလည်။ လင်းဇော်ဦး၏ မျက်နှာမှာလည်း ခါတိုင်းလိုမဟုတ်။ တင်းမာနေ

သည်ဟု အေးမွန် ထင်လိုက်သည်။

"ဒေါက်တာကျော်ဝေ အိမ်ကို နေ့တိုင်းလာနေတယ် မဟုတ်လား.. "

"ဖွားဖွား နေမကောင်းလို့ ဆေးလာကုတာပါ.. "

လင်းဇော်ဦးမျက်နှာ တင်းနေသည့်အကြောင်းကို အေးမွန် နားလည်သွားပါသည်။

"နေမကောင်းတာက နေ့တိုင်းလာကုနေရလောက်အောင် ဆိုးလို့လား.. "

"ဖွားဖွားက ရာသီဥတုနဲ့ မတည့်တော့ အမြဲတမ်းလိုပဲ အသက်ရှုကြပ်နေလို့ပါ.. "

"ရန်ကုန်သွားနေတုန်းမှာ သူနဲ့ ဘယ်လိုအဆက်အသွယ် ရကြတာလဲ... "

ဖွားဖွား အသက်ရှုကြပ်နေသည်မှာ ဆိုးလာ၍ အယ်လ်မာက ဆရာဝန်ခေါ်ပေးမည်ဆိုပြီး ဒေါက်တာကျော်ဝေကို ခေါ်လာပေးသည့်အကြောင်း၊ သူက ဒေါက်တာကျော်ဝေကို ခေါ်ပေးရန် ခိုင်းခြင်းမဟုတ်ကြောင်း ရှင်းပြသည်။

"ဒီလူက လူပျိုကြီးဆိုတာ သိသလား.. "





"ရှင်... မသိပါဘူး.. "

"သူက မပြောဘူးလား.. "

"ဒါမျိုးတွေ ဘာမှမပြောပါဘူး.. "

"မင်းသိပ်လှတယ်ဆိုတာတော့ ပြောတယ် မဟုတ်လား.."

အေးမွန် လိမ်ညာမပြောချင်။

"ပြောလေ... "

"ဟုတ်ကဲ့... ပြောပါတယ်... "

"ပြောမှာပေါ့.. စားသောက်ဝိုင်းမှာတောင် ပြောနေတာပဲ ဆိုင်ဖွင့်ပွဲညကတည်းက သူ.. မင်းကို သဘောကျနေတာ.. အတင်းမိတ်ဆက်ပြီး အတင်းဖန်ခွက်ချင်းတိုက်နေတာ...

မနေ့ညကဆုပေးပွဲမှာလည်းအများရှေ့မှာ မဟားဒယား ဖြစ်နေတာ မတွေ့ဘူးလား... "

"အေးမွန် သူ့ကို ရိုးရိုးပဲခင်တာပါ.. "

"ရိုးရိုးခင်ရာကနေ နောက်ကျ ဆန်းသွားတတ်ကြတာပဲ..."

"သူက အကိုကြီးနဲ့ရင်းနှီးခင်မင်တဲ့မိတ်ဆွေမို့ အကိုကြီး ဖိတ်တာမဟုတ်လား.. "

"ဟုတ်တယ်... ရန်ကုန်မှာကတည်းက ရင်းနှီးခဲ့တဲ့ ကျောင်းနေဘက် သူငယ်ချင်း... သူက... ဘယ်သူနဲ့မဆို ပျော်ပျော်ရွှင်ရွှင် ရင်းရင်းနှီးနှီးနေတတ်တယ်... အခု အေးကိုကျတော့ ပိုပြီး ရင်းနှီးသလားလို့... "

လင်းဇော်ဦးလေသံမှာ တင်းမာမှု လျော့သွားသည်။

"သူက မိန်းမကိစ္စ ရှုပ်လို့လား... "

"အရင်ကတော့ မကြားဘူးပါဘူး... ဒါပေမဲ့ အေးကို သူ သိပ်သဘောကျနေတာတော့ အမှန်ပဲ... "

"သူ အေးကို မရိုးမသား ဘာမှမပြောပါဘူး... "

"အေးကို မပြောပေမဲ့ အကိုကြီးကို ပြောတယ်... "

"ရှင်... "

"သူ မင်းဆိုင်မှာ ဝယ်ချင်တာတစ်ခုရှိတယ်တဲ့... အဲဒါကိုတော့ ဘယ်သူ့မှ မရောင်းပါနဲ့ဦးတဲ့... သူဝယ်ပါရစေ...တဲ့... ဆုကြေးပေးတဲ့ ညကပြောတာ...

ဘာပစ္စည်း ဝယ်ချင်တာလဲလို့ မေးတော့... မန်နေဂျာမလေးတဲ့... ထောင့်ငါးရာပေးမှာပါတဲ့... "

"ဒို... "





အေးမွန် ရှက်သွားသည်။

"အဲဒီတော့ ဒီလူက အေးကို တကယ်သဘောကျနေတာ..."

"အေး... ဘာလုပ်ရမလဲ... "

အေးမွန်က ရိုးသားစွာ မေးလိုက်ခြင်းဖြစ်သည်။

"အေး... ဘယ်လိုသဘောထားလဲ... "

လင်းဇော်ဦးက ပြန်မေးသည်။

"ဘာကိုလဲ အကိုကြီး... "

"သူ... ကို... "

"ဘယ်လိုမှ သဘောမထားပါဘူး... အေး အကိုကြီးကလွဲပြီး ဘယ်သူမှ မစဉ်းစားပါဘူး... "

အေးမွန်၏ ပြတ်သားသောစကားကြောင့်လင်းဇော်ဦး သဘောကျသွားသည်။

"တကယ်ပဲလား အေး... "

"မကိုကြီး မယုံဘူးလား... "

"ယုံတယ်... "

လင်းဇော်ဦး လျှော့သွားသည်။

"သူလာဆေးကုနေတာကို မလာနဲ့တော့လို့ ပြောလိုက်ရမှာ လားအကိုကြီး... "

အေးမွန် မေးပုံက ပြတ်သားသည်။ လင်းဇော်ဦး စဉ်းစားရသည်။

"ဘယ်အချိန် လာတာလဲ... "

"ညနေ ငါးနာရီလောက်လာတာ... အေးနဲ့တော့ မတွေ့ဘူး အဲဒီအချိန်ဆို အေးက ဆိုင်မှာပဲ ရှိသေးတယ်... "

"အေး ဘာမှ မဖြစ်ရင်... ဘာမှမဖြစ်ပါဘူး... ဘာမှ မပြောပါနဲ့... "

"ဆိုင်ပိတ်ရက်ဆိုရင်တော့ အေးနဲ့တွေ့တယ်... ဆိုင်ပိတ်ရက်တိုင်း ညနေပိုင်းကျတော့ အကိုကြီးအိမ်လာခဲ့ပါလား.."

"အေး... ဟုတ်တယ်... အဲဒါကောင်းတယ်... သူ့ကိုတော့ အခင်အမင် မပျက်ပေါ့ ပုံမှန်အတိုင်းပဲ ဆက်ဆံပါ.. တောင်ကြီးမှာဆိုရင် သူက ခင်မင်တဲ့လူတွေ သိပ်များတယ် စိတ်ကောင်းလဲ ရှိတဲ့သူပါ.. ကိုယ့်ဘက်က မှန်မှန်နေရင် သူလဲ နားလည်သွားမှာပါ.. "

"ဟုတ်ကဲ့ပါ အကိုကြီး... "

"ဒါဖြင့် စိတ်ချမယ်နော်... "





အေးမွန် ခေါင်းညိတ်သည်။

"အကိုကြီးကိုရော... "

"ဘာကိုလဲ... "

"အကိုကြီးကလဲ... ဥစ္စာပေါ.. ရုပ်ချော... အသက်ကလဲ ငယ်သေးတယ်... မိန်းကလေးတိုင်း ဝိုင်းဝိုင်းလည်နေတာ အေး စိတ်ချရမှာလား... "

လင်းဇော်ဦးရယ်သည်။

"နောက်ဆုံးတော့ ကိုယ့်ဘက် ပြန်လှည့်လာတာပါလား.."

"အနိုင်အမာပြော အကိုကြီး ဒါအရေးကြီးတယ်... "

"စိတ်ချ.. "

"ဒါဖြင့် စာရင်းတွေ ရှင်းပြမယ်... "

အေးမွန်က ဘေးဖယ်ထားသော စာရင်းများကို လှမ်းယူလိုက်သည်။

"မရှင်းတော့ဘူး... အေးကိုယုံတယ်... "

လင်းဇော်ဦးက အေးမွန်ကိုသာ ရှေ့ဘက်သို့ ဆွဲယူလိုက်သည်။ လှိုက်ဖိုမောစေသော အတွေ့အထိများကို အေးမွန်

ခံစားရပြန်သည်။ ကြာလာသည်နှင့်အမျှ အေးမွန် ငြင်းနိုင်အား လျော့လာသည်။ သို့သော် ဖွားဖွား မျက်နှာကို မြင်လာသည်။ ဖွားဖွား စေတနာကို နားလည်သည်။ ဖွားဖွားအား ပေးခဲ့သော ကတိကို လေးစားရပြန်သည်။

"အေးကို လက်ထပ်လိုက်ပါလား အကိုကြီးရယ်" ဟု ပြောချင်သည်။ သို့သော် ကိုယ့်ဘက်ကစပြီး မတောင်းဆိုချင်။ သူ၏ ချမ်းသာခြင်းကို မက်သည်ဟု အထင်မခံချင်။ အကိုကြီးက စပြီး ပြောစေချင်သည်။

"ပြောလိုက်ပါလားအကိုကြီးရယ်... လက်ထပ်လိုက်ပါလား" ဟုသာ ရင်ထဲမှာ တမ်းတစွာ မျှော်လင့်နေရသည်။ ကြာလာသည်နှင့်အမျှ ငြင်းရခက်တော့မည်။ ကိုယ်တိုင်လည်း ငြင်းနိုင်အား နည်းပါးလာတော့မည်ကို စိုးရိမ်နေရပြီ။

❀ ✣ ❀ ✣ ❀ ✣ ❀



အခန်း (၅၈)

စာပို့သမားက နားလည်သွားပါပြီ။ အေးမွန် အမည်နှင့် လာသောစာကို စနိုးကတ်မန်နေဂျာ၏ စားပွဲသို့ တန်းတန်းမတ်မတ် သွားပို့လိုက်ပါသည်။ စာအိတ်ပေါ်မှ လက်ရေးကို မြင်ရုံနှင့် အေးမွန် သိပါသည်။

အေးမွန် သက်ပြင်းချလိုက်မိသည်။ စာအိတ်ကလေးကို ဖောက်လိုက်သည်။

အေးမွန်

ဒီစာကို... ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းကနေ ရေးလိုက်တာပါ...

သူသင်တန်းတက်နေရတာလား အေးမွန် အံ့ဩစိတ်

ဖြစ်ရသည်။

စိမ့်တစ်ဖြေတာ ရေးဖြေရော နှုတ်ဖြေပါ အောင်လို့... အခု ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းမှာသင်တန်းတက်နေရတယ်...

အို ဝမ်းသာလိုက်တာ။ ကိုထွေးကြိုးစားသည့်အတိုင်း ရည်မှန်းချက် အောင်မြင်သွား၍ အေးမွန် အမှန်တကယ် ဝမ်းသာသွားမိသည်။ သူ့ဘဝလေး အဆင်ပြေပါစေ။ ကိုယ် မေတ္တာပျက်ယွင်းရသည်ကို အားနာစွာနှင့် ဆုတောင်းပေးလိုက်မိသေးသည်။

သင်တန်းဆိုတော့ ထုံးစံအတိုင်း ပင်ပန်းပါတယ်... ယူနီဖေါင်းဝတ်ပြီး စစ်သင်တန်း ဆင်းရတယ်... ဘယ်ညာ ဘယ်ညာ... သတိ သက်သာ ညာညို အမြန်လျှောက်ဆိုတာတွေ မိုးရွာထဲမှာရော... နေပူထဲမှာရော လုပ်ရတယ်၊ စာတွေ့လဲ သင်ရတယ်၊ လက်တွေ့လဲလုပ်ရတယ်... ။

ကိုယ်က ချမ်းချမ်းသာသာ ကောင်းကောင်းမွန်မွန် နေရချိန်မှာ သူက ပင်ပင်ပန်းပန်း နေရသည်ဟု တွေးမိ၍အေးမွန် စိတ်မကောင်းဖြစ်ရသေးသည်။

စားရတာကတော့ ပဲဟင်းပါပဲ။ နေ့တိုင်း စားရပေမဲ့ မငြီးငွေ့နိုင်ပါဘူး... အာဟာရဖြစ်အောင် အဲဒီပဲဟင်းကိုပဲ အားပြုရပါတယ်... ပဲဟင်းစားတိုင်း ဒေါ်လှပိုဆိုင်က သီးစုံ





ချဉ်ရည်ဟင်းကို တမ်းတမိတယ်...

ဩော် ကိုယ်က သီးစုံချဉ်ရည်ဟင်းဘဝကို အများကြီး ကျော်လွန်ပြီး ငမန်းတောင်ဟင်းချိုသောက်ရသည့် အချိန်မှာ သူ့ခမျာ သီးစုံချဉ်ရည်ဟင်းကို ပြန်တမ်းတနေရရှာတယ်။ ကွာခြားလွန်းသွားသော ဘဝနှစ်ခုကို အေးမွန် နှိုင်းယှဉ် စဉ်းစားမိသည်။

သီးစုံချဉ်ရည်ဟင်းကို တမ်းတမိတိုင်း အေးမွန်ကိုလဲ သတိရတယ်... ဒေါ်လှပိုဆိုင်မှာ အေးမွန်နဲ့အတူ ထမင်းစားတော့ သီးစုံချဉ်ရည်ဟင်း ပန်းကန်မှာ ခဏခဏ လက်ချင်းဆုံခဲ့မိကြတယ်လေ... အဲဒီ ဘဝလေးကို သိပ်လွမ်းတာပဲ အေးမွန်ရယ်... ဘယ်တော့များမှ အေးမွန်နဲ့အတူ ထမင်းလက်ဆုံ ပြန်စားကြရမလဲ မသိဘူးနော်...

တစ်သက်လုံးပဲ လက်ဆုံစားနေချင်တယ် အေးမွန်ရယ် အခုလောလောဆယ်တော့ ရုံးချုပ်မှာပဲ နေရာချထားပေးသေးတယ်၊ သင်တန်းဆင်းလို့ တောင်ကြီးကိုများ ပြောင်းရရင် သိပ်ကောင်းမှာပဲ အေးမွန်...

တဖတ်ရင်း တောင်ကြီးကို ပြောင်းမလာရပါစေနဲ့ဟု အေးမွန် ဆုတောင်းလိုက်မိသည်။ တောင်ကြီးကို ပြောင်းလာပြီးမှ သူ့ခမျာ ပိုပြီး စိတ်ဆင်းရဲရသော အဖြစ်မျိုးနှင့် မကြုံစေချင်၍ ဖြစ်ပါသည်။

ဇဟို ပြည်သူ့ဝန်ထမ်းကျောင်းဆိုတာကတော့ ဘယ်မှာ ကြည့်ကြည့် သင်တန်းဆောင်တွေ… သင်တန်းသား အိပ်ဆောင်တွေ… စစ်ရေးပြကွင်းတွေ… မြေနီလမ်းကလေးတွေ အတက်အဆင်း ကုန်းလေးတွေ… သစ်ပင် မြင့်မြင့်ကြီးတွေ သစ်ပင်အုပ်အုပ်လေးတွေ… ဒါတွေကိုပဲ တွေ့မြင်ရတယ်…

ဒါပေမဲ့ ဘာကိုပဲတွေ့တွေ့ ဘာကိုပဲမြင်မြင် အေးမွှန်ကို သတိရနေတယ်… ဘေးနားမှာ အေးမွှန် ရှိနေသလိုပဲ စိတ်ထဲကနေ အေးမွှန်ကို… စကားတွေ ပြောနေမိတယ်…

ဟိုမှာလေ… အေးမွှန်ရဲ့… အဲဒါ ဇလတပ်ခွဲပေါ့… မိန်းကလေးတွေ နေပူခံအောင် သနပ်ခါးထူထူလိမ်းပြီး… ချီတက် အလေးပြု လုပ်နေကြတာ… သူတို့က ပျော်စရာကြီး… နောက်ဆယ်ရက်လောက်ဆို သင်တန်းဆင်းတော့မှာ… သင်တန်းပရိတ် လေ့ကျင့်နေကြတာလေ… လို့ ပြောပြနေမိတယ်…

ညာလှည့်…

အမြန်လျှောက်…

မိန်းကလေးတစ်ယောက်ရဲ့ အသံ ကြည်ကြည်လေး က စစ်ရေးပြကွင်းကိုကျော်ပြီး ကိုထွေးတို့ သင်တန်းဆောင်ဘက်ကို ရောက်လာတယ်… သိပ်နားထောင်ကောင်းတာပဲ





အေးမွှန်ရယ်… အဲဒီမိန်းကလေးဟာ… အေးမွှန်သာဆိုရင် ကောင်းမှာ… လို့ ကိုထွေး တွေးနေမိတယ်…

အေးမွှန်ကလဲ ဝန်ထမ်းမို့ ဖောင်ကြီးဇဟိုပြည်သူ့ဝန်ထမ်းကျောင်းကို တက်ရရင် စနေ၊ တနင်္ဂနွေ အားရက်ဆိုရင် ကိုးနဝင်းစေတီမှာ အတူဖူးခွင့်ရကြမယ်… အဲဒီနားက လက်ဖက်ရည်ဆိုင်၊ အသုပ်ဆိုင်လေးတွေမှာ အတူထိုင်ပြီး စကားတွေ ပြောကြရမယ်… အဲဒီလို ပြောနေကြတဲ့ အတွဲလေးတွေ တွေ့ရတော့ အေးမွှန်ကို သိပ် သတိရတာပဲ…

သူတို့များ ကံကောင်း လိုက်ကြတာလို့လဲ အားကျမိတယ်… ဒါပေမဲ့ ကိုယ့်ဘဝအတွက်တော့ အားဖျက်မိတယ် အေးမွှန်ရယ်… ကိုထွေးစာတွေ အကြိမ်ကြိမ်ရေးပေမဲ့… ခုထိ အေးမွှန်ဆီက စာတစ်စောင်ပဲ ရသေးတယ်… အဲဒီစာကလဲ ကိုထွေး စီမံတစ်ရပါစေ… ဆုတောင်းကြောင်းနဲ့ အေးမွှန် အလုပ်တွေများလို့ စာမပြန်တာ နားလည်ခွင့်လွှတ်ပါဆိုတဲ့အကြောင်းလောက်ပဲ ရေးထားတယ်…

ဝတ်ကြေရုံ ရေးတဲ့စာများ ဖြစ်နေ…လားလို့ တွေးပြီး စိတ်မကောင်းဖြစ်ရတယ်… ချစ်သူ မိန်းကလေးက ချစ်သူဆီရေးတဲ့စာမို့ နှလုံးသား လှုပ်ရှားသံ၊ ချစ်ခြင်းမေတ္တာရဲ့ ပွဲတင်ထပ်လာတဲ့အသံ၊ တမ်းတလွမ်းဆွတ်သံလေးတွေနဲ့ စာမျိုးကို သိပ်ဖတ်ချင်တာပဲ အေးမွှန်ရယ်…

နွေးထွေး လှုပ်ရှားတဲ့ နှလုံးသား ခံစားချက်လေးတွေနဲ့ ရေးပေးပါလား အေးမွှန်ရယ်... ကိုယ့်ချစ်သူဆီက ချစ်ယန်းလေးတွေ သင်းပျံ့မွှေးကြိုင်နေတဲ့စာကိုသိပ်ပြီး ဖတ်ချင်လို့ပါ.. ကုမ္ပဏီလုပ်ငန်းမှာ ရုပ်ဝတ္ထုဖြစ်တဲ့ ငွေတွေကုန်ပစ္စည်းတွေ စာရင်းဇယားတွေ ကြားမှာ လှည့်ပတ် လှုပ်ရှားရင်းကိုထွေးရဲ့ အေးမွှန်လေး နှလုံးသားအလှခံစားချက်တွေ လျော့ပါးသွားမှာ သိပ်ကို စိုးရိမ်နေမိပါတယ်...

အေးမွှန်လေး လစာငွေတွေတိုးရတာ ရုပ်ဝတ္ထု ပစ္စည်းတွေ တိုးမြှင့်ခံစားရတာ ကိုထွေး ဝမ်းသာပါတယ်... ဒါပေမဲ့ နှလုံးသားအလှကိုတော့ ရုပ်ဝတ္ထုတွေအောက်ရောက်မသွားပါစေနဲ့ အေးမွှန်ရယ်...

နှလုံးသား ကိစ္စတွေကိုလဲ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ရောထွေး မစဉ်းစားမိပါစေနဲ့... ရုပ်ဝတ္ထုများလဲ တိုးတက် မြင့်မားခံစားရပြီး မြင့်မြတ်တဲ့ လူ့ဘဝရဲ့ အဓိပ္ပါယ်နဲ့ နှလုံးသားလှပသူတို့ရဲ့... အချစ်ဘဝလေးကို အေးမွှန်နဲ့အတူ တည်ဆောက်ခွင့်ရပါစေလို့.. ဒီနေ့ မနက်ပဲ ကိုးနဝင်း ဆုတောင်းပြည့်စေတီမှာ ကိုထွေး... ဆုတောင်းခဲ့ပါတယ်...

အေးမွှန်လေး ရွှင်လန်းချမ်းမြေ့ပါစေ... နှလုံးသားလေး လှမြဲလှပါစေ။





စာကြွင်း

အေးမွှန်စာကို နေ့တိုင်းမျှော်နေမယ်၊ သင်တန်းမှာ အပမ်းပြေ၊ အလွမ်းပြေ ဖတ်ပါရစေ။ ဖြစ်နိုင်ရင် တစ်ပတ်တစ်စောင်လောက် ဖတ်ပါရစေ...

ကိုထွေး...

အေးမွှန်လက်များမှာ ကိုထွေး၏ စာရွက်ကလေးများကို ကိုင်ထားနိုင်လောက်အောင် အားမရှိတော့သလို ဖြစ်သွားရသည်။ ကိုထွေးကို သိပ် သနားမိသည်နှင့်အမျှ ကိုယ့်ဘာသာလည်း ပြန်စဉ်းစားသင့်သည်ဟု နားလည်ရသည်။

မှန်သည် အေးမွှန်ရေးလိုက်သည့် တစ်စောင်တည်းသောစာမှာ မှန်ဘီလူးနှင့်ပြူးပြဲရှာလျှင်ပင် နှလုံးသား ပုံတင်သံနှင့် အချစ်ယန်း စသည်တို့ ဘာမျှ တွေ့ရမည်မဟုတ်။

"ကိုယ့် နှလုံးသားမှာက ကိုထွေးနဲ့ ပတ်သက်တဲ့ ခံစားချက်တွေ ဘာမျှ မရှိတော့ဘူးလေ... အကိုကြီးကရော... ငါ့ကို တကယ်ချစ်တာ ဟုတ်ရဲ့လား... "

ချစ်တယ် ချစ်ပါရစေ ချစ်ခွင့်ပေးပါ ဆိုသော စကားများနှင့်အတူ ချစ်သူဖြစ်ခဲ့ရသည်မဟုတ်ကြောင်း အေးမွှန် စဉ်းစားမိလာသည်။

"အကိုကြီးဆီမှာ ငါနဲ့ပတ်သက်ပြီး ချစ်ယန်းတွေ နှလုံးသား ပွဲတင်လှုပ်ရှားမှုတွေ... ရှိသလား.. "

အေးမွန် စဉ်းစားကြည့်သည်။ အတွေ့အထိများ၊ အပွေ့အဖက်များ၊ အနမ်းများကိုတော့ စဉ်းစား၍ရသည်။

"ငါတို့ရဲ့ နှလုံးသားတွေဟာ ကိုထွေးပြောသလို ရုပ်ဝတ္ထု ပစ္စည်းတွေအောက် ရောက်နေကြပြီလား.. "

အေးမွန် ပြန်စဉ်းစားရပြီ။

"သူငါ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား.. "

အေးမွန် သံသယ ဖြစ်ရပြီ။ ခုချိန်အထိ ချစ်ပါသည် ဆိုသော စကားမပြောသေး။ အေးမွန် နောက်ဆုတ်၍ ရသေးသည်။ အကိုကြီးနှင့် နေရခြင်း၊ အကိုကြီး၏ ယုယသော အထိအတွေ့များမှာ သာယာမိခြင်း ရှိသော်လည်း အဆုံးစွန်သော ရင်းနှီးခြင်းကိုတော့ အေးမွန် ငြင်းဆန်နိုင်ဆဲ ရှိသေးသည်။

လက်မထပ်မချင်း ကိုယ်လုံး ပုံ၍မယုံအပ်မိအောင် သတိထားကြီးစွာနှင့်ထိန်းသိမ်းနေရသည်၊ဖွားဖွားကိုပေးထားသော ကတိအတိုင်း ခိုင်မာအောင် စောင့်ထိန်းနေရသည်။အကိုကြီးထံမှ လက်ထပ်ခွင့်လည်း မတောင်းသေး။

"သူ ငါ့ကို တကယ်ချစ်ပြီး... တကယ် လက်ထပ်မှာရော





ဟုတ်ရဲ့လား... "

လင်းဇော်ဦး အပေါ်မှာ သံသယနှင့် စဉ်းစားလာမိသည်။ ကိုထွေးချစ်သည်ကိုတော့ သံသယ ဖြစ်စရာမရှိ။ နှလုံးသားမှ ပွဲတင်သံများကို အခါမလပ် ကြားနေရသည်။ ခံစားချက်များကလည်း အသေးစိတ် လွန်းသည်ကို မြင်နေရသည်။ သိနေရသည်။

"တစ်ခုတော့ ရှိတာပေါ့လေ... အကိုကြီးက အဲဒီလို မပြောတတ်လို့.. အလေ့အထ မရှိလို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့.. ငါ့ကို ကြင်ကြင်နာနာ ဆက်ဆံခဲ့တာတော့ အမှန်ပဲ။ အခွင့်အရေးတွေလဲ အများကြီး ပေးခဲ့တယ်.. အကောင်းစား နေရတယ် အကောင်းဆုံးတွေ စားရတယ်... မန်နေဂျာရာထူးနဲ့ လခလဲ ခုနှစ်ထောင်အထိ ပေးထားတယ်..., နေစရာအိမ်နဲ့ အသုံးအဆောင်ပစ္စည်းတွေလဲ အကောင်းစားတွေပဲ ပါးစပ်က ချစ်တယ် မပြောပေမဲ့... ဝယ်ပေးတဲ့ အဝတ်တွေဆိုတာ အကောင်းစား တန်ဖိုးကြီးတာတွေချည်းပဲ... ဒါတွေဟာ အကိုကြီး ငါ့ကိုချစ်လို့ ပေးတာတွေပေါ့.. ပါးစပ်က ချစ်ပါတယ်မပြောပေမဲ့ တကယ့်ဘဝမှာ ငါစိတ်ချမ်းသာအောင် အားလုံးဖြည့်ဆည်းပေးနေတာပဲ... အဲဒါတွေဟာ အကိုကြီးရဲ့ စေတနာတွေ နှလုံးသား ပွဲတင်လှုပ်ရှားမှုတွေလို့ ပြောရင်ရတာပဲ"

အကိုကြီးအပေါ်မှာ သံသယဖြစ်မိသည်ကို စိတ်မကောင်းဖြစ်ရပြန်သည်။ အကိုကြီးနှင့် နေရသည်ကို ကြည်နူးသည်၊ ကျေနပ်သည်။ အကိုကြီးကို အထင်ကြီး လေးစားသည်။ ကိုထွေးကိုတော့ သနားသည်၊ အေးမွန် ဘာလုပ်ရမှန်းမသိ။ ဘာဆုံးဖြတ်ရမှန်းမသိ။ ကိုထွေး စာ၏အောက်ဆုံးမှ စာကြောင်းကို လှမ်းကြည့်နေမိသည်။

"သူ ငါ့စာကို နေ့တိုင်းမျှော်နေရှာမှာပဲ... "

အေးမွန် တွေတွေငေးငေး တွေးနေရပြီ။

"တစ်ပတ်တစ်စောင်... "

အေးမွန်မှာ ရေးချင်သော ခံစားချက် မရှိပါ။

"ရေးပြန်ရင်လဲ နှလုံးသားပဲ့တင်သံတွေနဲ့ ချစ်ယန့်တွေ ပါဦးမှဆိုတော့... "

အေးမွန်၏ နှလုံးသားက စနိုးကက်(ပ်)နှင့်ပါရာဒိုက်စ်မှာသာ ရှိနေသည်။

"မရေးတာပဲ ကောင်းပါတယ်... "

အေးမွန် ဆုံးဖြတ်ချက် ပြတ်သားလိုက်ပါသည်။



အခန်း (၃၉)

"အကိုကြီး အေးမွန်ကိုချစ်လား... "

ညနေတွင် ပါရာဒိုက်(စ်)မှာ ငွေအပ်စာရင်းရှင်းပြီးသည်နှင့် အေးမွန် ကောက်ခါငင်ခါ မေးလိုက်၍ လင်းဇော်ဦး အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့မေးတာလဲအေး... "

"အေးကို ပြန်မမေးနဲ့လေ... အေးမေးတာပဲဖြေ... "

"ဒီမေးခွန်းက မေးစရာလဲ မလိုပါဘူး... ဖြေစရာလဲ မလိုပါဘူး... "

"လိုတယ်... အကိုကြီး အခု အေးမေးနေပြီ ဖြေ... "

လင်းဇော်ဦး အားပါးတရ ရယ်ရင်း အေးမွန်၏ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"ဟင့်အင်း မရယ်နဲ့အကိုကြီး... အေး မေးတာဖြေ... "

အေးမွန်က လက်ကလေးကို ရုန်းသည်။ လင်းဇော်ဦးက ဆုပ်ကိုင်ထားဆဲ။ အေးမွန်ကြမ်းကြမ်းတမ်းတမ်းတော့မရုန်းပုံ။

"အေးကို ဘယ်သူက မြှောက်ပေးလိုက်လို့လဲပြော... "

သူကပင် ပြန်မေးနေသေးသည်။

"ဟင့်အင်း... ဘယ်သူမှမြှောက်မပေးပါဘူး... အေးဘာသာ မေးတာပါ... "

"မဖြစ်နိုင်ပါဘူး... အေး အရင်တုန်းက ဒီလိုမှ မမေးဘူးပဲ... အကြောင်းရှိလို့ မေးတာဖြစ်မှာပေါ့... "

"ဟင့်အင်း မရှိပါဘူး... "

"မလိုအပ်တဲ့ အသေးအဖွဲတွေကို ပြဿနာဖြစ်အောင် မလုပ်ပါနဲ့အေးရယ်... ဒါတွေဟာ... စကားဝေါဟာရတွေပါ အများကြီးပြောလို့ ရပါတယ်၊ ပါးစပ်က ပြောရတာပဲ ဘာခက်လို့လဲ... လွယ်လွယ်လေးပါ..

စကားလုံးအလှတွေ...စကားလုံးအဆန်းတွေ... စိတ်ကူး





ယဉ်တိုင်း လျှောက်ပြောနေတာတွေက အောက်နေပါပြီ... အေးစဉ်းစားကြည့်စမ်း... အသည်းကွဲတယ်တဲ့... အသည်းကွဲရင် ချက်ချင်းသေသွားမှာပေါ့... ဘယ်လိုလုပ် အသက်ရှင်တော့မလဲ...

အသည်းမာတယ်တဲ့ အသည်းမာရင်လဲ အဲဒါ အသည်းကြွပ်တာ အသည်းအလုပ်မလုပ်တော့တာ... သေမှာပဲ..."

အေးမွန် ပြုံးသည်။

"ရင်ခုန်တယ်တဲ့... ရင်က ဘယ်လိုလုပ် ခုန်မှာလဲ... လူက ခုန်မှ ရင်ကခုန်မှာပေါ့... တချို့ သိပ် စိတ်ကူးယဉ်တာတွေ ရှိသေးတယ်... နှလုံးသား ခံစားချက်တဲ့ နှလုံးသားမှာ ခံစားချက်ရှိနေပြီဆိုရင်တော့ အဲဒါ နှလုံးရောဂါ စနေပြီ... အီးစီဂျီ ရိုက်ကြည့်။ နှလုံးနာတယ်ဆိုရင်တော့ သေဖို့နီးသွားပြီ"

အေးမွန် ပြုံးရပြန်သည်။

"နှလုံးသားက နားလည်တယ်... လို့ ပြောတဲ့သူ ရှိသေးတယ် နှလုံးသားက ဘာမှ နားမလည်ဘူး... နားလည်တာ သိတာက ဦးနှောက်ကိစ္စပဲ...

အသည်းတွေ... နှလုံးတွေနဲ့ ပတ်ချွဲနှပ်ချွဲပြောတဲ့ စကားကို ဘယ်တော့မှ အေးမွန် မယုံနဲ့ အဲဒါတွေဟာ ယုတ္တိလဲ

မရှိဘူး... သဘာဝလဲမကျဘူး... ဘာမှ အဓိပ္ပါယ်မရှိတဲ့ စကားတွေ... အဲဒီလိုစကားတွေ အကိုကြီး ပြောရမလား အသည်းတွေ နှလုံးတွေ အူတွေ ကျောက်ကပ်တွေ စုံနေအောင်... ”

အေးမွန် ဘာပြောရမှန်း မသိတော့ပါ။

“အကိုကြီး အဲဒါမျိုးတွေ ဘယ်တော့မှ မပြောဘူး... ယုံလဲ မယုံဘူး... အဲဒါတွေ အရည်မရ အဖတ်မရ ပြောတာကို ယုံမလား... ”

အေးမွန် ခေါင်းရမ်းရပြန်သည်။

“အဲဒီလို မပြောပေမဲ့... ကိုယ့်ကို ဘယ်လောက် ဂရုစိုက်လဲ... ဘယ်လိုဆက်ဆံလဲ... ဘယ်လိုကူညီစောင့်ရှောက်လဲ... ဘယ်လောက် ကောင်းကောင်းမွန်မွန် ထားသလဲ... အဲဒါနဲ့ တိုင်းတာကြည့်ဖို့ပဲ လိုတယ်... ”

အချစ်အကြောင်းနှင့် ချစ်စကားမပြောသည့်ကိစ္စ အေးမွန် နားလည်သွားပါပြီ။

“အဲဒါတွေထက် ပိုအရေးကြီးပြီး အဓိပ္ပါယ်လဲရှိတဲ့ စကား ပြောစရာ အကိုကြီးမှာ ရှိတယ်... ”

အေးမွန် နားထောင်နေပါသည်။





“မနေ့ညက ကျေညာတာတော့... အေးလဲ အများနည်းတူ လစာ ငါးရာပဲတိုးတယ်... ”

လင်းဇော်ဦးကို အေးမွန်ကြည့်နေသည်။

“မိန်းကလေးတွေက နည်းတယ်...လို့ အော်တာ အေး ကြား တယ် မဟုတ်လား... ”

အေးမွန် ခေါင်းညိတ်သည်။

“မှန်တယ် နည်းတာပေါ့... ဒါပေမဲ့ အဲဒီမှာ အများကြီး ကိုး ပေးတာကျေညာရင် သူတို့တစ်မျိုး အသံထွက်မယ်၊ သူတို့ က နည်းတယ်လို့ ထင်တာ ကောင်းတယ် အေးအပေါ်မှာ ပိုပြီး စေတနာဖြစ်တာပေါ့..

ဒါပေမဲ့အကိုကြီးက စဉ်းစားပြီးသား အေးဟာ ဒီဆိုင် ကို ကောင်းကောင်းအုပ်ချုပ်နိုင်တယ်... အမြတ်များအောင် လုပ်နိုင်တယ်... ဒါကြောင့်မို့ အေးကို အရောင်းမန်နေဂျာ ကနေမန်နေဂျာအဖြစ် တိုးလိုက်တယ်... လခလဲတစ်ထောင့် ငါးရာတိုးပေးပြီး အခုလာမဲ့ လကစပြီး လခ ရှစ်ထောင် ထုတ်ရမယ်... ”

“ရှင်... မများဘူးလား အကိုကြီး... ”

“မများဘူး ယူရမယ်... ”

အကိုကြီး၏ စေတနာနှင့် သဘောထားကို အေးမွန် ပို၍ နားလည်လာရသည်။

"အေး မေးမိတာကို အကိုကြီး စိတ်မဆိုးပါနဲ့နော်... "

အေးမွန်ကပင် တောင်းပန်စကား ဆိုရသည်။

လင်းဇော်ဦးက စိတ်မဆိုးကြောင်း သက်သေပြခြင်း အဖြစ် အေးမွန်ကို ရင်ခွင်ထဲမှာ ဆွဲယူပွေ့ဖိုက် ထားလိုက်ပါသည်။



## အခန်း (၆၀)

နေ့ (၁၂) နာရီတိတိမှာ ထမင်းစားရန် အိမ်ဘက်သို့ အေးမွန် ပြန်လာသောအခါ ထမင်းစား စားပွဲမှာ ဖွားဖွားကို ထိုင်လျက်သား တွေ့ရ၍ အေးမွန် ဝမ်းသာသွားသည်။

"ဟယ်... ဖွားဖွား အပြင်ထွက်ထိုင်လို့ ရနေပြီလား.. "

"အင်း... ဆရာဝန်လေးရဲ့ ကျေးဇူးပေါ့ မြေးရယ်... "

မဖြူက ထမင်းပွဲ အသင့်ပြင်ပေးသည်။

"ဖွားဖွား ဘာဟင်းနဲ့စားမှာလဲ... "

"အင်း... ပဲပုတ်ချက်ကို ငရုတ်သီးစပ်စပ်လေးနဲ့ စားချင်လို့ မဖြူကို အချက်ခိုင်းထားတယ်... "

အေးမွန် ပြုံးသည်။

"ဖွားဖွားက ရှမ်းပြည်ရာသီဥတုတော့ မကြိုက်ဘူး… ရှမ်းစာတော့ ကြိုက်တယ်… ဖွားဖွားနဲ့ တည့်ပါ့မလား… "

"တည့်ပါတော်… မောင်ကျော်ဝေကို မေးပြီးပါပြီ… စားပါတဲ့ ပဲပုတ်က အသားဓါတ်ပါလို့ အားရှိတယ်တဲ့… "

အတိုင်အဖောက် ညီနေကြသော ဖွားဖွားနှင့်ဆရာဝန်အတွက် အေးမွန် ပြုံးရပြန်သည်။

"ဆရာဝန်က ဖွားဖွား အကြိုက်လိုက်ပြောတာလား မသိဘူး… "

"အင်း… သူ့ခမျာ ဆေးကုတာ… စေတနာပါတော့… ဆေးလိုက်တယ် မြေးရဲ့… သူ ကုကတည်းက ဖွားဖွား အသက်ရှူကြပ်တာ သက်သာလာတယ်… သူက ဆေးကုရုံတင်မကဘူး အားပေးစကားလဲ ပြောတတ်တယ်…

သိပ် ဂရုစိုက်လွန်းတော့ ဖွားဖွား အားတောင်နာတယ်… အဲဒီ ဆရာဝန်လေးကို ဖွားဖွားကိုယ်တိုင်လဲ သံယောဇဉ်ဖြစ်တယ်… သားတစ်ယောက် မြေးတစ်ယောက် ကောက်ရသလိုပဲ… "

မဖြူက ဖွားဖွားအတွက် ပဲပုတ်ချက်ပူပူလေး ယူလာ





ပေးသည်။ ငရုတ်သီးစိမ်း အတောင့်လေးများ ထည့်ချက်ထားသည်က စားချင်စရာ။

"ဖွားဖွား ပဲပုတ်ချက်က ကောင်းပုံရတယ်… မြေးလဲစားမယ်နော်… "

အေးမွန် ခွင့်တောင်းသည်။

"စားပါတော်… အများကြီးပါ… ဖွားဖွား တစ်ယောက်တည်း မကုန်ပါဘူး… "

ထမင်းဟင်းများ အစုံအလင် ခူးခပ်ပေးပြီး မဖြူက မီးဖိုဘက်သို့ ပြန်ဝင်သွားသည်။

"ငါ့မြေးရဲ့ ရုပ်ရည်က လှရုံတင်မကဘူး… အထက်တန်းကျတယ်… ဒါကြောင့်မို့ ဖွားဖွားက ငါ့မြေးဟာ ဘယ်တော့မှ မဆင်းရဲနိုင်ဘူး… ကတော်ဖြစ်မယ်… လင်ကောင်းသားကောင်းရမယ်လို့ စိတ်ထဲက သိထားတာ… ခုတော့ မှန်နေတယ်… "

"ဟင်… ဘာဖြစ်လို့လဲ ဖွားဖွား… "

အေးမွန် ထိတ်လန့်သွားသည်။ ဖွားဖွား ဘာတွေများ သိထားလို့ပါလိမ့်ဟုလည်း စဉ်းစားရသည်။

ဖွားဖွားက စားလက်စ ထမင်းလုပ်ကို ဟင်းချိုရည်ဖြင့်

မျှော်ချလိုက်သည်။ ပြီးတော့ မီးဖိုဖက်သို့ လှမ်းကြည့်သည်။ မဖြူ ထွက်လာမည်လားဟု ကြည့်ခြင်းဖြစ်သည်။

"ဆရာဝန်လေးက ဖွားဖွားကိုပြောတယ်... ဖွားဖွားကလဲ ခွင့်ပြုမယ်... မြေးကလဲ လက်ခံမယ်ဆိုရင် မြေးကို အိမ်ထောင်ဖက်အဖြစ်နဲ့ သူ လက်ထပ်ချင်တယ်တဲ့... "

"ရှင်... "

အေးမွန် တုန်လှုပ်သွားရသည်။ "အကိုကြီးများ သိသွားရင် ပြဿနာ" ဟု စိုးရိမ်လိုက်မိသည်။

"သူက ဖွားဖွားကို ပြောတာလား... "

"ဟုတ်တယ် မြေး... "

"အဲဒီတော့ ဖွားဖွားက ဘာပြောလိုက်လဲ... "

"ဖွားဖွားအနေနဲ့ ဘာမှ ငြင်းစရာ မရှိပါဘူး... သဘောတူတယ်... မြေးကလက်ခံတယ်ဆိုရင်... ခွင့်ပြုပါတယ်လို့ ပြောလိုက်တယ်... "

စားလက်စ ထမင်းကိုပင် ဆက်မစားနိုင်ဘဲ အေးမွန် ငေးငေးတွေးတွေး ဖြစ်ရသည်။

"မောင်ကျော်ဝေက ရုပ်ရည်လဲ သင့်တင့်ပါတယ်... အသက်





ကလဲ မြေးထက် ခြောက်နှစ်လောက်ပဲကြီးမယ်... မိန်းမနဲ့ ယောကျ်ားဟာ ဒီလောက် အရွယ်ကွာရင် သင့်တော်တယ် စိတ်သဘောကလဲ ကောင်းတယ်... အလုပ်ကလဲ ဆရာဝန် ဖွားဖွားကတော့ ငါ့မြေးလေး တင့်တင့်တယ်တယ် လင်ကောင်း သားကောင်း ရတော့မယ်လို့ ဝမ်းသာနေတာ..."

ဖွားဖွားအိပ်ရာဗိုလ်ထ၍ ထမင်းအတူစားသည့်အဓိပ္ပါယ်ကို အေးမွန် နားလည်သွားပါသည်။

"ဖွားဖွားက သဘောတူလို့လား... "

"တူတာပေါ့ မြေးရယ်... သမီးကညာ အခါမလင့်စေနဲ့။ အခါလင့်ရင် မသင့်သူနဲ့ ညားတတ်တယ်တဲ့ မောင်ကျော်ဝေလို လူမျိုးကို ဘာမှ ငြင်းစရာမရှိပါဘူး မြေးရယ်... မြေးလေး တင့်တင့်တယ်တယ် အိမ်ထောင်ရက်သားကျလို့ စိတ်ချရရင် ဖွားဖွားလဲ သေမယ်ဆို သေပျော်ပါပြီ... "

"ဘာလို့ သေရမှာလဲ ဖွားဖွားကလဲ... "

"စကားအဖြစ်နဲ့ ပြောတာပါမြေးရယ်... မြေးလေး လက်ခံမယ်မဟုတ်လားဟင်... ဖွားဖွားကတော့ သဘောကျတယ်"

ဒေါ်အေးချစ်က ပဲပုတ်ချက်နှင့် နယ်ထားသောထမင်းလုပ်ကို ပါးစပ်ထဲသို့ သွင်းလိုက်သည်။

"မြေး စဉ်းစားပါဦးမယ် ဖွားဖွားရယ်… ဒေါက်တာ ကျော်ဝေကို မြေးက အကိုတစ်ယောက်လိုပဲ ရိုးရိုးသားသား ခင်တာပါ… ပြီးတော့ ဆိုင်အခြေအနေကလဲ ခုမှ စဖွင့်တာဆိုတော့ အသားကျသွားအောင် အနည်းဆုံး တစ်နှစ်လောက် ကြိုးစားရဦးမှာ… ဒီကြားထဲတော့… ရိုးရိုးခင်ကြတာပဲ ကောင်းပါတယ်… "

အေးမွှန်ကို လှမ်းကြည့်ပြီး ဒေါ်အေးချစ် နားမလည်နိုင်အောင် ဖြစ်ရသည်။

"ဘာလဲ မြေးက ဟို… ရန်ကုန်မှာကျန်တဲ့ ကောင်လေးကို စဉ်းစားချင်သေးလို့လား… "

"ဒါလဲ စဉ်းစားရမှာပေါ့ ဖွားဖွားရယ်…ဆရာဝန်တစ်ယောက်နဲ့တွေ့တော့ သူ့ထက်သာလို့ ချက်နှာပြောင်းလွှယ်တယ်… အပြောခံရမှာပေါ့… "

"အင်း… အဲဒီလူကလေးကိုလဲ ဖွားဖွားခင်ပါတယ်… သူလဲ စိတ်ကောင်းရှိတဲ့ ကလေးပါပဲ… ဒါပေမဲ့ အိမ်ထောင်အဖြစ်နဲ့တော့ မောင်ကျော်ဝေက ပိုသင့်တော်တာပေါ့ မြေးရယ်…"

အေးမွှန် ဖွားဖွားကို ကြည့်နေသည်။ အကိုကြီးနှင့် အကြောင်း ဖွားဖွား ဘာမျှမသိရှာ။





"ငါ့မြေး ရုပ်ရည်မျိုးက ကိုယ့်ဘဝကို အကောင်းဆုံးဖြစ်အောင် ရွေးနိုင်ခွင့်ရှိတဲ့ ရုပ်မျိုးလေ… ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့… ကိုယ့်ဘဝအတွက်အကောင်းဆုံးဖြစ်မဲ့ အိမ်ထောင်ဖက်ကို ရွေးရမှာပေါ့မြေးရယ်… "

ဖွားဖွားက ကိုတွေးကြောင့် ဒေါက်တာကျော်ဝေကို လက်မခံခြင်းဖြစ်သည်ဟု ထင်နေသည်။ အကိုကြီးနှင့်အကြောင်းကိုလည်း ဖွင့်ပြော၍ မဖြစ်သေး။

အကိုကြီးမှာ အိမ်ထောင်ရှိသည်ဟု ဖွားဖွားက နားလည်ထားသည်။ အေးမွှန် ကိုယ်တိုင်ကပင်ရန်ကုန်မှာကတည်းက ထိုသို့ ပြောခဲ့ခြင်း ဖြစ်သည်။ ခုမှ ပြန်ပြောရမှာ ခက်နေသည်။

ခုတိုင်းဆိုလျှင် တတ်နိုင်သမျှ ဒေါက်တာကျော်ဝေနှင့် မတွေ့အောင် ရှောင်မှ ဖြစ်တော့မည်ဟု အေးမွှန် ဆုံးဖြတ်လိုက်သည်။ အကိုကြီး အထင်လွဲမှာ၊ မကျေနပ်မှာမျိုးကို လုံးဝ မဖြစ်စေချင်။

## အခန်း (၆၁)

မနက်ပိုင်း ဆိုင်ဖွင့်စမှာပင် တယ်လီဖုန်းမြည်လာ၍ အေးမွန် ကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါရှင်... "

× × × × × × × × × ×

"ဟုတ်ကဲ့ ပြောပါအကိုကြီး"

× × × × × × × × × ×

"ရှင်... ဘာဖြစ်လို့လဲ... "

× × × × × × × × × ×

× × × × × × × × × ×

"ခုမနက်သွားရမှာလား... "

× × × × × × × × × ×

"ဘယ်နှစ်ရက်ကြာမှာလဲ... "

× × × × × × × × × ×

"ဟုတ်... ဟုတ်ကဲ့ပါ အကိုကြီး... "

× × × × × × × × × ×

"စိတ်ချပါ အကိုကြီး... "

× × × × × × × × × ×

"ဘာမှ မှာစရာမရှိပါဘူး အကိုကြီး... "

× × × × × × × × × ×

"ဟုတ်ကဲ့ပါ... "

တစ်ဖက်မှ တယ်လီဖုန်းချသွားပြီမို့ အေးမွန် တယ်လီဖုန်းကို ပြန်ချလိုက်ရသည်။ 'မြန်မြန်ပြန်ခဲ့ပါ' ဟု ပြောလိုက်ချင်သည်ကို ရှေ့မှာရှိနေသော စာရေးမလေးများ ကြားလျှင် တမျိုးထင်မည်စိုး၍ မပြောလိုက်ရ။ ထိုသို့ မပြောရပြန်တော့လည်း စိတ်ထဲမှာ အစာမကြေ ဖြစ်ရသည်။





"တကယ်ရော ဟုတ်ရဲ့လား... "

ရန်ကုန်မှပြန်လာသည်မှာ ဘာမျှ မကြာသေး။ ချက်ချင်းပြန်သွားရသည်။ ဒီနေ့ထွက်သည့် လေယာဉ်ပျံနှင့်လိုက်ရမည်။ မနေ့ညနေက ဘာမျှမသိ၊ ဘာမျှမပြော။ ညကမှ ဖုန်းဆက်၍ ဟု ပြောသည်။

"သူ့မိန်းမနဲ့ကွာထားတယ်ဆိုတာ ဟုတ်ရဲ့လား... သူ့မိန်းမများ မော်လမြိုင်က လိုက်လာလို့လား... "

အေးမွန်စိတ်ထဲမှာ မနာလိုစိတ်ဝင်လာ၍ မကြည်မလင် ဖြစ်ရသည်။

"အကိုကြီးက ညာမှာ မဟုတ်ပါဘူးလေ... "

အကိုကြီးကို ယုံချင်သည်။ အကိုကြီးကို စွဲစွဲလန်းလန်းချစ်နေမိသည်။ ထွေးမြင့်ကို ချစ်ခဲ့သောအချစ်နှင့် ဘာမျှမဆိုင်။ အကိုကြီးကို ဘယ်မိန်းမနှင့်မှ အဆက်အဆံ မရှိစေချင်။ သူ့မိန်းမဆိုသူနှင့်ပါ ကင်းရှင်းစေချင်သည်။

"အကိုကြီးက ငါ့ကိုသိပ်ချစ်... အေးလေ... ချစ်တယ်ဆိုတဲ့စကားတော့ သူက မပြောပါဘူး... အကိုကြီးက ငါ့ကို သိပ်ဂရုစိုက်တာပါ... "

ဆိပ်ကမ်းမှာ ကျန်နေသော ပစ္စည်းများက ကိုယ်တိုင်

လက်မှတ်ထိုးမှ ရမည်။ ရက်လွန်လျှင် ဒဏ်ကြေးအများကြီး ထိမည်ဟု ဆိုသည်။ အစက ကိုယ်စားလှယ်လွှဲစာနှင့် ထုတ်၍ရမည်ဟု စာရေးက ပြောသော်လည်း တကယ်ကျတော့ ကိုယ်တိုင်ထုတ်ရမည်ဟု ဖုန်းဆက်သောကြောင့် အမြန်လိုက်သွားရခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

လေးငါးရက်ကြာမည်။ အကြာဆုံး တစ်ပတ်ဟု ဆိုသည်။ အကိုကြီးနှင့်အတူနေလိုက်ရသည်မှာ ဘာမျှ မကြာလိုက်။ သွားခါနီးမှာ အကိုကြီးကို တွေ့ပင် မတွေ့လိုက်ရ။ လေဆိပ်သို့လဲ လိုက်မပို့ရ။

"လေယာဉ်ပျံနှင့် သွားတဲ့ခရီးမှာအကိုကြီးဘေးရန်အန္တရာယ်ကင်းပါစေ... "

ဆုတောင်းပြီးမှ စိတ်ထဲမှာ လေးလံသလိုခံစားရသည်။

"အဲလေ... ငါ့စိတ်က စိုးရိမ်လို့ ဖြစ်တာပါ.. အကိုကြီး ချောချောမောမောနဲ့ အမြန်ပြန်ရောက်လာပါစေ... "

ထပ်ပြီး ဆုတောင်းရပြန်သည်။ စားပွဲမှာ ထိုင်မနေချင်တော့၍ ဆိုင်ရှေ့ဘက်သို့ အေးမွန် ထွက်လာခဲ့သည်။ တောင်ကြီး၏ လေအေးအေးလေးက ဆိုင်ထဲသို့ ပြေးဝင်လာပြီး အေးမွန်ကို နှုတ်ဆက်သည်။





"မင်္ဂလာပါ.. မမ... "

"မင်္ဂလာပါ.. မမ... "

အရောင်းမိန်းကလေးများက နှုတ်ဆက်သည်။

"အေး အေး.. မင်္ဂလာပါ.. "

အေးမွန် မျက်နှာမလန်းပါ။

# အခန်း (၆၂)

"ဂွတ်အီဗင်းနင်း… အေး… "

ဆိုင်သိမ်း၍ အိမ်အပြန်တွင် ဧည့်ခန်းမှာ ရှိနေသော ဒေါက်တာကျော်ဝေက ဆီးကြိုနှုတ်ဆက်သည်။

"ဂွတ်အီဗင်းနင်း ဒေါက်တာ… ဆရာ ခုထိ မပြန်ရသေးဘူးလား… "

ခါတိုင်း အေးမွန်ဆိုင်သိမ်းချိန်မှာ ဆရာနှင့်ဆုံဘူးခြင်း မရှိ၍ အေးမွန် အံ့ဩနေသည်။

"ဟုတ်တယ်… ဒီနေ့ လူနာများနေလို့ ထွက်မရတာနဲ့… နောက်ကျမှ လာရတာ… "

"ဖွားဖွား ကျန်းမာရေး အခြေအနေက ကောင်းတယ် မဟုတ်လားဆရာ... "

ကိုယ်က လူနာရှင်ဖြစ်သည်။ ညှိခန်းမှာ ထိုင်နေသော ဆရာဝန်ကို ပစ်ထား၍မကောင်း။ ပြီးတော့ ဖွားဖွား အကြောင်းပြောချင်၍ စောင့်နေသည်လည်း ဖြစ်နိုင်သည်။ အေးမွန်ညှိခန်းမှာ ထိုင်လိုက်သည်။

"အင်း... ကောင်းတယ်လို့ ပြောရမှာပဲ... ဒါပေမဲ့ အမှန်အတိုင်းပြောရရင် ဖွားဖွားက တောင်ကြီးရာသီဥတုနဲ့ မတည့်ဘူး... "

ဒေါက်တာကျော်ဝေက အိပ်ခန်းဖက်မှ ဖွားဖွားမကြားအောင် အသံတိုးတိုးပြောသည်။

"အဲဒီတော့... "

"သိပ်မအေးတဲ့နေရာပေါ့.. ရန်ကုန်လိုနေရာမျိုး ပြန်ရောက်ရင် ဖွားဖွား ကောင်းကောင်း ကျန်းမာသွားမှာပါ.. "

အေးမွန် စိတ်မောသွားရသည်။

"ဖွားဖွားကို ရန်ကုန်ပြန်ပို့ဖို့ဆိုတာ ရန်ကုန်မှာဘယ်သူမှ ဆွေမျိုး မရှိဘူးဆရာ... ပဲခူးမှာတော့ ဖွားဖွား တူမတစ်ယောက် ရှိတယ်။ ပဲခူးကို ပို့ထားလို့တော့ ရပါတယ်။





ဒါပေမဲ့... ဖွားဖွားက အေးငယ်ငယ်လေး.. မေမေဆုံးကတည်းက မွေးလာခဲ့တာ... "

"အေး ဖေဖေကရော... "

"ဖေဖေက အေး မြင်တောင်မမြင်လိုက်ရဘူး.. မေမေ့အရင်ဆုံးတာ... "

"ဩော်... ဘယ်လိုဖြစ်လို့လဲ... "

"ဖေဖေက စစ်သားလေဆရာ... ရှေ့တန်းမှာကျတာ... "

"ဩော်... "

အေးမွန်ကို ကြည့်ပြီး ဒေါက်တာကျော်ဝေ စိတ်မကောင်းဖြစ်မိသည်နှင့်အမျှ ပို၍လည်း သံယောဇဉ် ဖြစ်ရသည်။

"ဖေဖေဆုံးတော့ အေး ကိုယ်ဝန် ငါးလပဲရှိသေးတယ်လို့ ဖွားဖွားပြောပြတယ်... "

"သနားစရာကောင်းလိုက်တဲ့ မိန်းကလေးရယ်... "

ဒေါက်တာကျော်ဝေရင်မှာ ကြင်နာခြင်း လှိုင်းများ ရိုက်ခတ်နေကြသည်။

"ဖေဖေ အဲဒီလိုဖြစ်တော့ မေမေ ဝမ်းနည်း ကြေကွဲမှာပေါ့ ဆရာ... မစားနိုင် မအိပ်နိုင်နဲ့ တမှိုင်တွေတွေ ဖြစ်နေတယ်

တဲ့… နောက်တော့ စိတ္တဇလို ခံစားရမှာပေါ့ဆရာ… ပိန်လိုက်တာမှ လူတစ်ကိုယ်လုံး ဗိုက်ပဲကျန်တယ်လို့ ဖွားဖွားပြောတယ်… ”

ဒေါက်တာ ကျော်ဝေ ခေါင်းညိတ်သည်။

“အေးကို မီးဖွားတော့ အားမရှိတော့ဘူးပေါ့.. ဖွားပြီးတာနဲ့ ဆုံးသွားတယ်တဲ့… ”

ဒေါက်တာကျော်ဝေ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

“အဲဒီတော့… ဖွားဖွားက အေးရဲ့မေမေလဲဖြစ် ဖေဖေလဲ ဖြစ်နေတယ်… ”

“ဟုတ်တာပေါ့… ”

“ဖွားဖွားက အစက ရန်ကုန်မှာ အိမ်နဲ့ခြံနဲ့ဆရာ… ကိုယ်ပိုင်ဈေးဆိုင်လဲ ရှိတယ်… စီးပွားရေးမဆိုးဘူး… ဒါပေမဲ့… အေးကိုမွေးပြီးတော့ ဆိုင်က ကောင်းကောင်းမရောင်းနိုင်တူမတွေ ခေါ်ထားရတော့လည်း… ဆိုင်ကပစ္စည်းတွေ အလေအလွင့်များတော့ နောက်ဆုံး ဆိုင်ပိတ်လိုက်ရတယ်… ရှိတာလေး ရောင်းချပြီး အေးကို ဘွဲ့ရတဲ့အထိ ကျောင်းထားပေးတာဆရာ… ”





“သိပ်တော်တဲ့ ဖွားဖွားပဲနော်… ”

ဒေါက်တာကျော်ဝေက သူဆေးကုပေးနေရသော အဖွားကြီးကို မေတ္တာစေတနာ ဖြစ်ရသည်။

“အေး ဆယ်တန်းအောင်တော့ အလုပ်လုပ်ပါရစေ… ပြောတာ မရဘူးဆရာ.. ဘွဲ့ရတဲ့အထိ တက်ရမယ်တဲ့… ”

ဒေါက်တာ ကျော်ဝေ အေးမွန်ကို ကြည့်နေသည်။

“အေး ဆယ်တန်းအောင်ပြီးမှ အိမ်နဲ့ခြံကို ရောင်းရတာဆရာ.. အေးဘွဲ့ရတော့ ငှားတဲ့အိမ်တောင် အဆင့်ဆင့်ပြောင်းပြီး အခန်းခပ်ကျဉ်းကျဉ်းလေး ဖြစ်သွားတယ်… အခုဒီကုမ္ပဏီမှာ အလုပ်ရမှ အသက်ရှူချောင်လာတာ.. အဲဒီလိုအချိန်မှာ ဖွားဖွားကို ပြုစုချင်တယ် ဆရာ… ”

“ဟုတ်တာပေါ့.. ”

“ကိုယ့်ကို ဒီလိုဘဝရောက်အောင် သူ့ခမျာ တစ်ယောက်တည်း ကုန်းရုန်း ကြိုးစားခဲ့ရတာ… ဆရာ… ဒီဘဝရောက်မှ သူ့ကို တူမတွေဆီ ပြန်ပို့ရတာမျိုး… မဖြစ်ချင်ဘူး ဆရာ”

ဒေါက်တာကျော်ဝေ သက်ပြင်းတစ်ရှိုက် ရှူလိုက်သည်။ အေးမွန်လည်း ဖွားဖွားနှင့် ခွဲမနေချင်၍ ဆရာဝန်ကို ဇာတ်စုံခင်းပြီး ရှင်းပြလိုက်ရခြင်း ဖြစ်သည်။

"မဖြူရေ... ဆရာ့ကို ကော်ဖီတိုက်ပါဦး... "

မီးဖိုဘက်မှ မဖြူကို အေးမွန် လှမ်းပြောလိုက်သည်။

"ဩော်... သောက်ပြီးပါပြီ... မဖြူတိုက်ပါတယ်... "

"ဟုတ်ကဲ့ဆရာ... "

"အေးတို့ မြေးအဖွားအကြောင်း သိရတာ ကျွန်တော့် အတွက် ဖွားဖွားကိုလဲ ပိုပြီး လေးစားသွားတယ်... စေတနာ လဲဖြစ်ရတယ်... အေးရဲ့ ဘဝအတွက်လဲ စိတ်မကောင်း ဖြစ်မိတယ်...

ဒီလိုဗျာ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲပြောမယ်... ကျွန် တော်ကလဲ ဆရာဝန် သွယ်ဝိုက်လဲမပြောတတ်လို့ပါ.."

"ရှင်... "

ဆက်ပြောမည့်စကားကို အေးမွန် သိနေသည်။

"ဘယ်လို ဟန့်တားရမလဲ... "

သို့သော် ဆရာဝန်က ရိပ်မိဟန် တူပါသည်။ အေးမွန် ကို စကားမဖြတ်ရန် လက်ကာပြထားသည်။

"ကျွန်တော် ဖွားဖွားကိုလဲ ကိုယ့်ဖွားဖွား အရင်းလို အမေလို မြတ်နိုးချင်ပါတယ်... အေးဆုမွန် အဲ... အေးကိုလဲ ကျွန်တော်





ကူညီ... အဲ... စောင့်ရှောက်... အိုဗျာ... ကျွန်တော်.. အေး ကို လက်ထပ်ပါရစေ... "

ဒေါက်တာကျော်ဝေ သူပြောချင်သည်ကို အထစ်ထစ် အငေါ့ငေါ့နှင့် အောင်မြင်အောင် ပြောလိုက်နိုင်ပြီး စိတ်မော ကိုယ် မော ဖြစ်သွားပါသည်။ အေးမွန် ရင်ထဲမှာလည်း မောသွား ပါသည်။

ဖွားဖွားက ကြိုပြောထား၍ ရင်ယဲမှာတော့ အသင့် စဉ်းစားပြီး အဖြေရှိနေပါသည်။ အကိုကြီးကလည်း သတိပေး ထားပြီး ဖြစ်၍ မည်သို့ ဆက်ဆံရမည်ကိုပါ ညှိနှိုင်းထားပြီးသား ဖြစ်ပါသည်။

သို့သော် ဒေါက်တာကျော်ဝေကတော့ ကိုယ်တစ်ပိုင်း ရှေ့သို့ ကိုင်းညွတ်၍ အေးမွန်၏အဖြေကို မျှော်လင့်ကြီးစွာ စောင့် နေရှာသည်။

"ဖွားဖွားနဲ့အေးအပေါ် မှာ စေတနာထားတဲ့ ဆရာ့ကို အေး ကျေးဇူးတင်ပါတယ်... "

"ဟုတ်ကဲ့... "

"ဖွားဖွားကလဲ အေးကို ပြောပြထားပါတယ် ဆရာ... "

"ဩော်... ဟုတ်ပြီ... "

ဒေါက်တာကျော်ဝေ မျက်နှာမှာ အရောင်များ လင်းလက်လာသည်။

"ဒါပေမဲ့ ဆရာ... အေး အိမ်ထောင်ပြုဖို့ မစဉ်းစားချင်သေးဘူး... ဒီဆိုင်ကိုလဲ ခုမှစတာဆိုတော့ အေး... လွတ်လွတ်လပ်လပ်နဲ့ ကြိုးစားပြီး လုပ်ချင်သေးတယ်... "

"လုပ်ပါ... "

"အကိုကြီး ဦးလင်းဇော်ဦးက အေးဘဝရဲ့ကျေးဇူးရှင်ပါ ဆရာ... "

"သိပ်မှန်တာပေါ့... "

"အေးအရင်က တီသုံးလုံး ကုမ္ပဏီမှာ လုပ်တာ အရောင်းကောင်တာကိုင်တဲ့ အဆင့်ပဲ ရှိပါတယ်ဆရာ... "

ဒေါက်တာ ကျော်ဝေ ခေါင်းညိတ်သည်။

"အဲဒီကနေမှ အကိုကြီးက သူ ယုံကြည်စိတ်ချရမဲ့ လူရွေးပြီး အေးကို တီသုံးလုံး ကုမ္ပဏီက တောင်းယူတာ... "

"ဟုတ်တယ်... သူလဲ အဲဒီမှာ ရှယ်ယာပါတာပဲလေ... "

ဒေါက်တာ ကျော်ဝေသိနေသည်။

"ဟုတ်ပါတယ်ဆရာ... ဒီဆိုင်ကိုဖွင့်တော့ အေးကိုယုံကြည်



စိတ်ချပြီး... သူ ပုံအပ်ထားတာ ဆရာ... "

"ဟုတ်ပါတယ်... ယုံကြည်သလောက်လဲ အေးက တော်တယ်ဆိုတာ... သူတင်မဟုတ်ပါဘူး... အားလုံး သိပါတယ်"

"အဲဒီတော့... အေး သူ့ကျေးဇူးတွေလဲရှိတော့ ဒီဆိုင်ကို အောင်မြင်အောင် အေး... အစွမ်းကုန် လုပ်ချင်သေးတယ် ဆရာ... "

"ဟုတ်တာပေါ့... လုပ်ပါ... ကျွန်တော်နဲ့ လက်ထပ်ရင်လဲ အဲဒီ အခွင့်အရေးတွေ အားလုံး အေးကို ပေးထားမှာပါ..."

ဒေါက်တာ ကျော်ဝေက လက်မလျှော့။

"မဟုတ်သေးဘူးဆရာ။ အေး ခုအတိုင်းပဲ လွတ်လွတ်လပ်လပ်နဲ့ ကြိုးစားချင်လို့ပါ... ဆရာ့ကို အေးတောင်းပန်ပါတယ်... အေးကို နှမလေးတစ်ယောက်လိုပဲ ခင်မင် စောင့်ရှောက်ပေးပါဆရာ... "

အေးမွန် အတော်ကို ကြိုးစားပြောရခြင်း ဖြစ်သည်။

"ဟုတ်ပါတယ်... နှမတစ်ယောက်လို တစ်သက်လုံး စောင့်ရှောက်မှာပါ... အေးက ခုအတိုင်းပဲ ဆက်နေချင်သေးတယ်ဆိုလဲ ရပါတယ်... ကျွန်တော်က အေးကို ချစ်တဲ့လူပဲဗျာ... အေးခွင့်ပြုမဲ့ အချိန်ထိအောင် စိတ်ရှည်ရှည် စောင့်မှာပေါ့"

"မစောင့်စေချင်လို့ပါ ဆရာ... ဆရာလို လူတစ်ယောက် အနေနဲ့... တောင်ကြီးမှာ အေးထက်သာတဲ့ မိန်းကလေး တွေ အများကြီး ရှိပါတယ်... အေးက ကုမ္ပဏီရဲ့ အရောင်း ဈေးသည်လောက်ပဲ ရှိတာပါ.. "

"ဟာ ကျွန်တော်က အဲဒီ အရောင်းဈေးသည်လေးကိုပဲ စတွေ့ကတည်းက သဘောကျနေမိတာ... "

အေးမွန် သက်ပြင်းချရပြီ။

"ဘယ်လိုပြောပြော ဆရာဝန်က လက်မလျှော့ဖြစ်နေသည်။

"အေးကို နှမလေးတစ်ယောက်လိုပဲ စောင့်ရှောက်ပါဆရာ"

အေးမွန် ပြောတတ်သမျှကိုပင် ထပ်ပြောရသည်။

"ဟုတ်ပါတယ်... နှမလေးတစ်ယောက်လို စောင့်ရှောက် ပါမယ်... စိတ်ချ... ခွင့်ပြုမဲ့အချိန်ကိုလဲ စောင့်မယ်... ကဲ အေးလဲ ပင်ပန်းလာတာ နားတော့..ကျွန်တော်သွားမယ်.."

ဒေါက်တာကျော်ဝေက ဆေးအိတ်ကိုဆွဲပြီး ဧည့်ခန်း ထဲမှ ထွက်သွားသည်။ အေးမွန် တစ်ကိုယ်လုံး အားအင်များ ကုန်ခမ်းသွားသလို ခံစားရသည်။

ဤဆရာဝန်နှင့် ဆက်ဆံရာတွင် ရှေ့ဆက်ပြီး ဘာ





ပြော၍ ဘယ်လိုဆက်ဆံရမည်ကိုပင် မသိတော့ပါ။ တူးတူးခါးခါး ပြတ်ပြတ်တောက်တောက် ပြောပစ်ရန်လည်း မသင့်သောလူမျိုး ဖြစ်သည်။ 'ကိုထွေးကို ခွာရသည်ထက်ပင် ပိုခက်ဦးမည်' ဟု အေးမွန် ရင်မောစွာ တွေးလိုက်မိပါသည်။

## အခန်း (၆၃)

"မမရေ... လာပါဦး... "

နှင်းပွင့်စံလာခေါ်၍ အေးမွန် ရုံးခန်းထဲမှ ထွက်ခဲ့ရသည်။ ဦးစိုင်းနွတ်လည်း ရုံးခန်းမှာ ရှိနေချိန်မို့ ဦးစိုင်းနွတ်ပါ ထွက်လိုက်လာသည်။ ဆိုင်ထဲတွင် နိုင်ငံခြားသား နှစ်ယောက်ကို တွေ့ရသည်။ ချစ်ချစ်ကောင်တာမှာ ချစ်ချစ် ဘာမှ မပြောတတ် မဆိုတတ်ဖြစ်နေသည်။

"ဪ... ဒီကလေးတွေကို အင်္ဂလိပ် စပီကင်သင်ပေးရဦးမှာပါလား... အကိုကြီးနဲ့တိုင်ပင်ပြီး လုပ်ပေးရဦးမယ်... "

လုပ်ရမည့် အလုပ်တစ်ခု မလုပ်ရသေးသည်ကို အေးမွန်ခေါင်းထဲမှာ ပေါ်လာသည်။ ဘာလိုချင်သည်ကို အေးမွန်

မေးသည်။ ဖလင်လိပ်ဝယ်ချင်၍ ဖြစ်သည်။ အေးမွှန်က ဖလင်လိပ်များထုတ်ပြသည်။ ကိုနီကာဖလင် နှစ်လိပ်ဝယ်သည်။

အေးမွှန်ကို တောင်ကြီးမြို့အကြောင်း မေး၍ အေးမွှန်သိသမျှ ရှင်းပြရသေးသည်။ တိုးရစ်နှစ်ယောက် သဘောကျသွားသည်။ သူတို့နှင့်လိုက်ပြီး တိုးဂိုက်လုပ်မလားမေး၍ အေးမွှန်က မလိုက်နိုင်ကြောင်း ရှင်းပြရသည်။

အေးမွှန်နှင့်စကားပြောရသည်ကို သဘောကျပြီး ရှမ်းဘောင်းဘီနှစ်ထည်နှင့် မြန်မာနိုင်ငံ တောင်ကြီးမြို့ စာတန်း ရွှေချည်ထိုးကတ္တီပါ ဆိုင်းဘုတ်လေးတစ်ခု ဝယ်သွားကြသည်။

နိုင်ငံခြားသား နှစ်ယောက်က ဆိုင်အပြင်ရောက်မှ အေးမွှန်ကို သမင်လည်ပြန် လှည့်ကြည့်ပြီး လက်ပြ နှုတ်ဆက်နေကြသေးသည်။

"မမကို တိုးရစ်ကြီးတွေ သဘောကျသွားကြပြီ... "

အယ်လ်မာစကားကြောင့် အားလုံးရယ်ကြသည်။ တစ်နေ့ ဒေါ်လာတစ်ရာပေးပြီး တိုးရစ်ဂိုက်ငှါးကြောင်း ပြောပြသောအခါ မိန်းကလေးများ သဘောကျနေကြသည်။

"တစ်နေ့တစ်ရာဆိုရင် မြန်မာငွေနဲ့ တစ်သောင်းကျော်ရမှာ ငါတူမ လိုက်သွားတာ မဟုတ်ဘူး... "





ဦးစိုင်းနွတ်က ဝင်ပါနေသည်။

"လိုက်သွားရင် အကိုကြီးပြန်လာတော့ အလုပ်ထုတ်ပစ်မှာပေါ့... "

"အေး... ဒါလဲ ဟုတ်တာပဲ... "

မိန်းကလေးများ ရယ်ကြသည်။ အေးမွှန်နှင့်ဦးစိုင်းနွတ် ရုံးခန်းဖက်သို့ ပြန်လာချိန်တွင် ဆိုင်ရှေ့မှာ ကားရပ်သံ ကြားရသည်။

"မမရေ... ဆရာပြန်လာပြီ... "

အယ်လ်မာ၏အသံကို ကြားရ၍ အေးမွှန်ဆိုင်ရှေ့သို့ အပြေးလေး ထွက်ကြိုမိသည်။ ကားအနက်ကလေး တစ်စင်းပေါ်မှ လင်းဇော်ဦး ဆင်းလာသည်။

"အကိုကြီး ဖုန်းလဲမဆက်ဘူး... လေယာဉ်ပျံနဲ့ ပြန်လာတာလား... "

"မဟုတ်ဘူး... ဒီကောင် စန်းဝင်း တောင်ကြီးသွားမယ်ဆိုတာနဲ့... သူ့ကားကြုံနဲ့ လိုက်လာတာ... "

ကိုစန်းဝင်း ကားပေါ်မှဆင်းလာပြီး အေးမွှန်ကို ပြုံးပြနှုတ်ဆက်နေသည်။ ညစ်ခံပွဲတွင် စန်းဝင်းကို အေးမွှန် ဆုံခဲ့ပြီးဖြစ်သည်။ ဖန်ခွက်ချင်း ထိခဲ့ရသူမို့ အေးမွှန် မှတ်မိနေသည်။

စန်းဝင်းကို အေးမွန် ပြုံးပြလိုက်သည်။ ကိုစန်းဝင်း၏ မျက်လုံးများက အကြည့်စူးသည်ကို အေးမွန် သတိထားလိုက်မိသည်။

"အလုပ်တွေ ပြီးခဲ့ပြီလား ဦးလင်းဇော်ဦး... "

"ဟုတ်ကဲ့... ပြီးခဲ့ပါတယ် ဦးစိုင်းနွတ်... ရောက်ပြီး နောက်တစ်နေ့ပဲ ပြီးတာနဲ့ ကားကြုံရှိတုန်း ချက်ချင်း ပြန်လိုက်လာတာ... "

အေးမွန် စိတ်ထဲမှာ ပျော်နေသည်။ အိမ်မှာ ဖွားဖွားကလဲ နေကောင်း၍ အပြင်ထွက်ထိုင်သည့် အခြေအနေ ရောက်နေပြီ။ အကိုကြီးလဲ ပြန်လာပြီ။ အေးမွန်စိတ်ထဲမှာ အားလုံး ပြည့်စုံသွားသလို ခံစားရသည်။

ဆိုင်ရှေ့ဘက်မှ လမ်းမဆီ အကြည့်တစ်ချက် ရောက်သွားတော့ လမ်း၏ တစ်ဘက်မှ ချယ်ရီပင်များအားလုံး ပင်လုံးကျွတ် ပွင့်နေကြသည်။

အေးချမ်းသော တောင်ကြီးသည် နေခြည်ဖြာ၍ နွေးသော အချိန်ဖြစ်နေ၏။

✿ ✣ ✿ ✣ ✿ ✣ ✿



အခန်း (၆၄)

အေးမွန် ဆိုင်သိမ်းပြီးသည်နှင့် ပါရာဒိုက်(စ်)သို့ သွားသည်။ တစ်နေ့တာ ရောင်းရငွေ အပ်သည်။ အရောင်းစာရင်းများ အကိုကြီးလက်သို့ပေးသည်။ ပြီးတော့ အကိုကြီးနှင့် နှစ်ယောက်အတူ ချစ်ခင်စွာ နေကြရသည်။ ဤအချိန်လေးသည် တစ်နေ့တာအတွက် ကြည်နူးစရာနှင့် လှိုက်ဖိုမောစရာ။

ပါရာဒိုက်(စ်)သည် အေးမွန်နှင့် လင်းဇော်ဦးတို့အတွက် အချစ်၏ သုခဘုံလေးဖြစ်နေသည်။ သို့သော် အချစ်နယ်မြေထက် ကျော်လွန်မသွားအောင် ထိန်းသိမ်းရသည်က ရင်မောရသည်။

လင်းဇော်ဦးကို တောင်းပန်ရသည်။ အသနားခံရသည်။ ခုထိ လင်းဇော်ဦးက ငြင်း၍ ရနေသေးသည်။ ငြင်း၍

မရလျှင်... ။ အေးမွန် စိုးရိမ်သည်။ သူက ကိုယ့်အလုပ်ရှင် ကိုယ့်ကျေးဇူးရှင် ဆိုးဆိုးရွားရွား ရုပ်ပျက်ဆင်းပျက် အကြောက်အကန်ငြင်းဆန်ရလျှင်...

"အကိုကြီးက တကယ်ကို လူကြီးလူကောင်းတစ်ယောက်ပါ"

ငြင်းဆန်တိုင်း အတင်းအကျပ်မပြုသော အကိုကြီးကို ကျေးဇူးတင်နေရသေးသည်။ ခက်သည်က ကြာလျှင် ကိုယ်တိုင်ငြင်းဆန်လိုစိတ် မရှိတော့မည်ကို စိုးရိမ်နေရခြင်း ဖြစ်သည်။ အိမ်ပြန်ရောက်တော့ ဒေါက်တာ ကျော်ဝေရှိနေသည်။ ဧည့်ခန်းမှာ ထိုင်စောင့်နေသည်။

"အို... "

အေးမွန် စိတ်ပျက်သွားသည်။ ဖွားဖွားကို မမြင်။ အိပ်ရာထဲမှာ ထင်သည်။

"အေးပြန်ရတာ နောက်ကျလိုက်တာနော်... "

"ဟုတ်တယ်ဆရာ... ဆိုင်သိမ်းပြီးမှ ငွေအပ်စာရင်းရှင်း ရသေးတယ်... "

"နေ့တိုင်းပဲလား... "

"နေ့တိုင်းပေါ့ဆရာ... "





အေးမွန် အဝတ်အစားလဲပြီး ညစာစားချင်သည်။ သို့သော် ဒေါက်တာ ကျော်ဝေကို အားနာ၍ ဧည့်ခန်းမှာ ထိုင်ရသေးသည်။ ခဏသာ ထိုင်ချင်သည့် သဘောကြောင့် ခါးကို ခပ်မတ်မတ်လေး ထားမိသည်။ သို့သော် ဒေါက်တာ ကျော်ဝေကတော့ နိုင်နိုင်မြဲမြဲ ထိုင်လျက်...

"ငွေအပ်စာရင်းရှင်းတာက ပါရာဒိုက်(စ်)မှာ သွားလုပ်ရတာလား... "

ထိုမေးခွန်းကို အေးမွန်မကြိုက်။

"အများအားဖြင့်တော့ ဆိုင်မှာပဲ အပ်ရရှင်းရတာပဲ... ဒါပေမဲ့ တစ်ခါတစ်လေ အကိုကြီး အလုပ်များလို့ မလာနိုင်ရင် ငွေကို သူရှိတဲ့နေရာ သွားအပ်ရတယ်... "

ဒေါက်တာကျော်ဝေ ခေါင်းညိတ်သည်။

"မမ... ထမင်းပွဲ ပြင်ထားရတော့မလား... "

မဖြူ အလိုက်မသိလာမေးသည်ကို အေးမွန် ကျေးဇူးတင်မိသည်။

"အေးအေး ပြင်ထားလိုက်... "

သွယ်ဝိုက်သောနည်းဖြင့် မြန်မြန်ပြန်စေချင်ကြောင်း ပြလိုက်ခြင်း ဖြစ်သည်။ သို့သော် ဒေါက်တာ ကျော်ဝေက

ဘာမျှ မသိသလို ဆက်ထိုင်နေသည်။

"အေး... ဒီလို သွားရတာ... နေရတာ... မသင့်တော်ဘူးလို့ ကျွန်တော်ထင်တယ်... အေးက မိန်းကလေး ပြီးတော့ သိပ်လှတဲ့ မိန်းကလေး... "

"ဒါက အလုပ်ကိစ္စပဲ ဆရာ... ဒီခေတ်ထဲမှာ ဒီလို လုပ်နေကြရတာပဲ... "

သူတပါးကိစ္စမှာ ဝင်ရောက်စွက်ဖက်သည်ထင်၍ အေးမွန် မကျေနပ်။

"အလုပ်ကိစ္စပေမဲ့... ရှုံးချိန် ရှိရမှာပေါ့... "

"အေးမွန်ကို လူယုံအဖြစ်နဲ့ လခအများကြီးပေးပြီး မန်နေဂျာခန့်ထားတာ ဆရာ... "

အေးမွန် လေသံမာလာသည်။

"ဒါပေမဲ့ သူက ယောကျ်ား၊ ယောကျ်ားတောင် မိန်းမရှိတဲ့ ယောကျ်ား၊ တွေ့တဲ့နေရာက ဟော်တယ်မှာမို့ ပြောတာ"

"ဒါကတော့ အေးတို့နှစ်ယောက်စလုံးရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ကိုယ့်ရေးကိုယ်တာကို စော်ကားသလို ဖြစ်သွားပြီ ဆရာ..."

"အေး... စိတ်ဆိုးစရာဖြစ်သွားရင် ကျွန်တော် တောင်းပန်





ပါတယ်... လင်းဇော်ဦးဟာ ကျွန်တော်နဲ့ ကျောင်းသားကတည်းက ခင်မင်ရင်းနှီးခဲ့တဲ့ သူငယ်ချင်းပါ... ကျွန်တော်က အေးအတွက် စေတနာနဲ့ပြောတာပါ... ဘယ်လောက်ပဲ နီးသားပါတယ်ဆိုပေမဲ့ နီးစပ်လွန်းမှုဟာ ဆင်ခြင်တုံတရားကို အားနည်းစေတယ်။ နေရာရဲ့လွတ်လပ်မှုဟာလည်း... အမှားအယွင်းတွေကို ဖြစ်စေနိုင်တယ်... မဖြစ်ဖူးပဲထား... ပတ်ဝန်းကျင် အထင်အမြင်သေးတာကို ခံရနိုင်တယ်... "

"ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ပါဘူးဆရာ... "

"ခေါင်း ဘယ်မှ မရွေ့ပေမဲ့... ကိုယ်ခန္ဓာမှာ ပြဿနာ ရှိနိုင်တယ်... အမြင့်ကို တက်နိုင်ချေရှိပါရက်နဲ့ အနိမ့်ကို ကျသွားနိုင်တယ်... "

တစ်ချက်ချင်း လူစွာ စကားတတ် လုပ်နေသော ဒေါက်တာကျော်ဝေကို အေးမွန် မုန်းတီးစွာ ကြည့်လိုက်သည်။

"အဲဒါတွေဟာ ဆရာနဲ့ဘာဆိုင်လို့လဲ ဆရာ..."

အေးမွန်က ပြောင်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ ဒေါက်တာကျော်ဝေက သည်းခံခွင့်လွှတ်စွာနှင့် အေးမွန်ကို ကြည့်နေသည်။

"သိပ်ဆိုင်တာပေါ့ဗျာ... ကျွန်တော်က အေးကို မြတ်မြတ်

နိုးနိုး တန်ဖိုးထားနေမိတယ်လေ… အေးဘဝလေး ညစ်နွမ်း မသွားစေချင်ဘူး… စစ်မှန်တဲ့ စေတနာကောင်းနဲ့ ပြောတာပါ… အေးကို တင့်တင့်တယ်တယ်ဖြစ်အောင် ကျွန်တော် ကူညီစောင့်ရှောက်ပါရစေဗျာ… ”

အေးမွန်က ဒေါက်တာကျော်ဝေကို ကြည့်ပြီး ပြုံးလိုက်သည်။ ထိုအပြုံး၏ အဓိပ္ပါယ်ကို ဒေါက်တာ သိပါသည်။ သို့သော် အေးမွန်ကို ကရုဏာ မျက်လုံးများနှင့်သာ ကြည့်နေမိသည်။

“ကျွန်မ ဆရာ့ကို မချစ်ဘူးဆရာ… ”

အေးမွန် ပြတ်ပြတ်သားသား ပြောလိုက်သည်။

“သေသေချာချာတော့ စဉ်းစားပါဦး အေးရယ်… အေးဘဝဟာ ဒုက္ခတွေနဲ့ စခဲ့ရတာပါ… ဒုက္ခတွေနဲ့ မဆုံးစေချင်ဘူးဗျာ… ကျွန်တော့်ကို လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ တန်ဖိုးမထားရင်တောင် ကျွန်တော့်စေတနာကို တုန့်ပြန်တဲ့ အနေနဲ့တော့ အလေးအနက် စဉ်းစားစေချင်ပါတယ်… ”

“ဘာမှ စဉ်းစားစရာ မရှိပါဘူး… ”

အေးမွန်က ပြတ်သားလွန်းနေသည်။

“ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် အေးဘဝကို မနစ်မွန်းခင် ကယ်တင်ချင်လို့ ပြောနေတာဗျာ… ”





ဒေါက်တာ ကျော်ဝေကလည်း ခပ်မာမာပင် ပြောလိုက်သည်။

“ကယ်တင်ရအောင် ကျွန်မက ဒုက္ခဖြစ်နေလို့လား… ”

“ဒုက္ခဖြစ်မှာစိုးလို့ ကြိုပြောနေတာ… ”

“မလိုပါဘူး ဆရာ… ”

“ကျွန်တော် အေးကို သိပ်ချစ်လွန်းလို့ ပြောနေတာပါဗျာ… ကျွန်တော် ခုပြောနေတာကို အေးကြားချင်မှာ မဟုတ်ဘူး လက်ခံမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေပါတယ်… သိရက်နဲ့ ဇွတ်တိုး ပြောနေတာပါ… ကျွန်တော်လဲ အေးကို သိပ်ချစ်လို့… အေးဘဝလဲ ကောင်းစေချင်လို့… နောင်ကျမှ နောင်တဖြစ်ရတာမျိုးလဲ ဘာမှ မကြုံစေချင်လို့… စဉ်းစားပါဗျာ… ကျွန်တော့်ကို စဉ်းစားပေးပါ… မစဉ်းစားပဲတော့ မနေပါနဲ့… ကျွန်တော် တောင်းပန်နေတာပါ… ”

ဒေါက်တာကျော်ဝေ ထိုင်ရာမှ ရုတ်တရက်ထပြီး ဆေးအိတ်ကိုဆွဲ၍ ပြန်ထွက်သွားပါသည်။ အေးမွန် တစ်ယောက်တည်း ပင်ပန်းမောဟိုက်စွာ ကျန်ရစ်ခဲ့ပါသည်။ ထိုင်နေသည့် ဆက်တီမှ ထ, ရန်ပင် ခွန်အားမရှိတော့သလို အေးမွန် ခံစားရပါသည်။

## အခန်း (၆၅)

မနက် (၁၀) နာရီခန့်တွင် လင်းဇော်ဦး ရှိနေသော ဂိုဒေါင်ရုံးခန်းသို့ ဒေါက်တာကျော်ဝေ ရောက်သွားသည်။

"ငါ.. မင်းနဲ့ စကားပြောချင်လို့ လင်းဇော်ဦး.. အေးအေး ဆေးဆေး ပြောနိုင်မဲ့နေရာ တစ်နေရာသွားရအောင်... "

ဒေါက်တာ ကျော်ဝေကို လင်းဇော်ဦး လှမ်းကြည့်လိုက်သည်။

"ရတယ်လေ... "

လင်းဇော်ဦး ထိုင်နေရာမှ ထလိုက်သည်။

"ဦးမြစံ.. အခု လောလောဆယ် ရန်ကုန်မှာ ရမဲ့ ကုန်ပစ္စည်း

မြို့ပန်းတစ်ရာစာပေ

စာရင်းသာ လုပ်ထားလိုက်တော့... ”

“အေး... အေး... ရတယ်... မောင်လင်းဇော်ဦးသွား... ”

လင်းဇော်ဦး ရုံးခန်းထဲမှ ထွက်ခဲ့သည်။ ဒေါက်တာကျော်ဝေ၏ ကားလေးပေါ်သို့ တက်ထိုင်လိုက်သည်။ ဒေါက်တာကျော်ဝေက ကားလေးကို မြို့အဝင် ပန်းခြံသို့ မောင်းသည်။

လမ်းတွင် တစ်ယောက်နှင့်တစ်ယောက် ဘာစကားမျှ မပြောမိကြ။ မုန်တိုင်းမတိုက်မီ လေငြိမ်နေသည့် ပုံမျိုးဖြစ်သည်။ ပန်းခြံရောက်တော့ သစ်ပင်ရိပ်မှ လူရှင်းသော ခုံတန်းလေးမှာ သွားထိုင်ကြသည်။

“ငါ... အေးမွန်ကို လက်ထပ်ချင်တယ်... ”

ဒေါက်တာ ကျော်ဝေတိုက်ရိုက်ပင် ပြောလိုက်သည်။

“အေး... ငါ့ကို ပြောပါတယ်... ”

လင်းဇော်ဦးကဲ အေးဆေးစွာ တုံ့ပြန်သည်။

“ဟုတ်ပြီ... ဒါဆိုရင်... မင်းငါ့ကို ကူညီပါ... ”

“သူက သဘောတူ လက်ခံတယ်ဆိုရင်... ငါ ကန့်ကွက်စရာ မရှိပါဘူး... ”

“သူက သဘောတူ လက်ခံမှတော့ ငါ မင်းကို ဘယ်ပြော





တော့မလဲ... သူက လက်မခံလို့ မင်းကို အကူအညီ တောင်းနေတာပေါ့... ”

“ဟာ... အဲဒါတော့ ငါဘယ်လိုလုပ် တတ်နိုင်မလဲ... ”

“မင်းတတ်နိုင်ပါတယ်... သူက မင်း ကုမ္ပဏီက မင်းရဲ့ မန်နေဂျာပဲ... ”

“ဟ ငါ့ကုမ္ပဏီက ဝန်ထမ်းဖြစ်တာနဲ့ သူမကြိုက်တဲ့လူကို ငါက ယူခိုင်းလို့ ဘယ်ရမလဲ... ”

“ကဲ... ဒီလိုဆိုရင် ငါမင်းကို ပွင့်ပွင့်လင်းလင်းပဲ မေးမယ်ကွာ... မင်းနဲ့အေးနဲ့ သံယောဇဉ်ဖြစ်နေကြပြီလား... ”

“ဒါကတော့ ငါက လုပ်ငန်းရှင်၊ သူက ငါ့လူယုံမန်နေဂျာ... ခင်မင်ရင်းနှီးတဲ့ သံယောဇဉ်တော့ ရှိတာပေါ့... ”

“အဲဒါမျိုး ပြောတာ မဟုတ်ဘူးကွာ... မင်း... သူနဲ့ချစ်သူ ဖြစ်နေကြပြီလားလို့ မေးတာ... ”

“မင်း ဘာလို့... အဲဒီလို မေးတာလဲ... ”

“မင်းအကြောင်းကို သိနေလို့... ”

“ငါ့အကြောင်း ဘာသိတာလဲ... ”

“မင်းက မိန်းမကျွမ်းသိပ်ကြေတဲ့ကောင်... ဘယ်မိန်းကလေး

ကို ဘယ်လို ချဉ်းကပ်ရမယ်… ဘယ်လို မိန်းကလေးမျိုး ကတော့ဘယ်လောက်ထိအချိန်ယူရမယ်..ဘယ်မိန်းကလေး မျိုးကိုတော့ ဘယ်လို အယုံသွင်းရမယ်ဆိုတာ နောကျေနေ တဲ့ကောင် မိန်းကလေးတွေရဲ့ အားနည်းချက်ကိုလဲ သိတယ် အခွင့်အရေးရရင် ရသလို လက်လွှတ်မခံတတ်ဘူးဆိုတာ ငါတို့အားလုံး သိထားတယ်… ”

“အမိပ္ပါယ်မရှိပါဘူးကွာ… ”

“အေး..အဓိပ္ပါယ်မရှိဘူးဆိုရင် ငါပြောမယ် ငါဒီမိန်းကလေး ကို စတွေ့တဲ့နေ့ကတည်းက သိပ်သဘောကျနေတယ်ကွာ ငါ.. သူ့ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး လက်ထပ်ချင် လို့ပါ.. မင်းလဲ ငါ့အကြောင်း သိပါတယ်… ငါ အေးအေးစိုး ကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ… သူလဲ ငါ့ကို သိပ်ချစ် ပါတယ်… တစ်ယောက်နဲ့တစ်ယောက်လဲ သိပ်နားလည် ခဲ့ကြတယ်… နှစ်ဖက်မိဘတွေလဲ သိပြီးသဘောတူထား ကြတယ်… သူလဲ ခပ်ညံ့ညံ့ မဟုတ်ပါဘူး.. ဆင်ခြင်ဉာဏ် ရှိတဲ့ မိန်းကလေးပါ.. ဒါပေမဲ့… ကျောင်းပိတ်ရက် ငါ ကွင်းဆင်းအဖွဲ့နဲ့ တစ်လပါသွားတဲ့အချိန်မှာ နီးစပ်တဲ့လူနဲ့ မှားယွင်း လက်ထပ်လိုက်ကြရတယ်… အဲဒီကတည်းက ငါ ဘယ်မိန်းကလေးမှ အထင်မကြီးတော့ဘူး… အေးအေးစိုး နေရာမှာ ဘယ်သူ့မှ အစားထိုးလို့လဲ မရတော့ဘူး… ဒါ





ကြောင့် သူငယ်ချင်းတွေနဲ့ပဲ ပျော်ပျော်နေခဲ့တာ… ”

လင်းဇော်ဦး နားထောင်နေပါသည်။ ထိုဇာတ်လမ်း များကိုလည်း သိပြီးသား ဖြစ်ပါသည်။

“ဒီမိန်းကလေးနဲ့တွေ့မှ… ငါ သိပ်သဘောကျပြီး လက်ထပ် ချင်တဲ့စိတ် ဖြစ်တာပါကွာ.. အေး.. ဆိုတာလေး ပါနေတာ ကလဲ ငါ အေးအေးစိုး… ကိုယ်စားရသလိုပဲ..တကယ်တော့ သူက အေးအေးစိုးထက်လဲ ပိုချောပြီး ပိုကျက်သရေ ရှိပါ တယ်… အရည်အချင်းလဲ ရှိတဲ့ မိန်းကလေးဆိုတာ သိသာ ပါတယ်… ”

လင်းဇော်ဦး စဉ်းစားနေရပြီ။

“ဒီ မိန်းကလေးနဲ့ ပတ်သက်လို့တော့ မင်းငါ့ကို ကူညီပါ ကွာ… ငါ သိပ်မြတ်နိုးနေမိတဲ့ မိန်းကလေးမို့ ဒီမိန်းကလေး ကိုတော့ မင်း… တခြား မိန်းကလေးတွေလို သဘောမထား ပါနဲ့… ”

“အဲဒီလိုဆိုရင် ငါလဲ… မင်းကို ပွင့်ပွင့်လင်းလင်းပဲ မေးမယ် ကွာ… ”

“မေးပါ.. ”

“ငါက သူ့ကို ချစ်တယ်လို့ လုံးဝမပြောပေမဲ့ သူက ငါ့ကို

ချစ်နေရင်ရော… ”

“မင်းက ပြန်မချစ်နဲ့ပေါ့… ”

“ဟ မင်းက… သိပ်တရားတဲ့ ကောင်ပဲ… ”

“တရားပါတယ်ကွာ… မင်းမှာ မိန်းမရှိတာပဲ… ”

“ဘာဆိုင်လဲကွ… ”

“ဆိုင်တာပေါ့ကွာ… ကိုယ့်မှာ မိန်းမရှိရက်သားနဲ့ ဒီလို မိန်းကလေးတစ်ယောက်ကို အပျော်သဘော မထားသင့်ပါဘူး… ”

“ငါက မိန်းမနဲ့ကွဲနေတာပါကွာ… ”

“ဒါပေမဲ့ မင်းတို့ တရားဝင် ကွာကြတာမှ မဟုတ်ပဲ… ”

“မင်း သူ့ကို မိန်းမရှိကြောင်း ဖွင့်ပြောဖူးလို့လား… ”

“အေး… ပြောဖူးတယ်… ”

“အဲဒီတော့… ”

ဒေါက်တာ ကျော်ဝေ စိုးရိမ်စိတ် ဖြစ်ရသည်။ ဒုတိယ အကြိမ် သူ့အထင်ကြီးမိသော မိန်းကလေးကို ထပ်ပြီး အထင်သေးရသည်မျိုး မဖြစ်ချင်ပါ။





“အဲဒါမှ သူက ငါ့ကို ချစ်နေရင်ရော… ”

“အဲဒါဆိုရင်လဲ မင်း သူ့ကို မချစ်သင့်ဘူး… ”

“မင်းပဲ ချစ်မယ်ပေါ့… ”

“ဟုတ်တယ် သူငယ်ချင်း… မင်းက ဒီအခွင့်အရေးမျိုးတွေ အများကြီး ရခဲ့တဲ့သူပါ… ဒါလေးတစ်ခုတော့ ငါ့ကို အခွင့်အရေးပေးပါ… ”

“ငါတို့ ချစ်သူတွေ ဖြစ်နေကြပြီဆိုရင်ရော… ”

“ဟင်… တကယ်ဖြစ်နေကြပြီလားကွာ… ”

“ချစ်သူတွေ ဖြစ်နေကြပြီဆိုရင်ရော… လို့ မေးတာပါ… ငါ မေးတာသာဖြေပါ… ”

ဒေါက်တာကျော်ဝေငေးငေးငိုင်ငိုင်စဉ်းစားနေရသည်။

“ချစ်သူတွေ ဖြစ်နေကြပြီဆိုရင်လဲ မင်းရှေ့မဆက်တော့ဘဲ နဲ့ နောက်ဆုတ်ပေးပါကွာ… ”

“ဟာ မင်းဟာကလဲ… ငါနဲ့ချစ်သူ ဖြစ်ပြီးရင်လဲ လက်ထပ်နိုင်မှာမို့လား… ”

ဒေါက်တာ ကျော်ဝေ စဉ်းစားရပြန်သည်။

အေးမွှန်၏ ကျက်သရေရှိသော မျက်နှာလေးကို မြင်ယောင်မိသည်။ အေးမွှန်ပြောသည့် ငယ်ဘဝကို စဉ်းစားမိပြီး သနားစိတ်လည်းဖြစ်ရသည်။ လင်းဇော်ဦးနှင့်သာ ခရီးဆက်လျှင် တစ်နေ့မှာ ဝမ်းနည်း ကြေကွဲစရာ ဖြစ်လာနိုင်သည်ဟု စိုးရိမ်မိသည်။

"ငါ... လက်ထပ်နိုင်တယ်ကွာ... ချစ်သူဆိုတာ လက်ထပ်ထားတာမှ မဟုတ်ပဲ... "

"ဟာ... မင်းကလဲ... "

လင်းဇော်ဦး ကိုယ်တိုင် စိတ်ပျက်သွားရသည်။

"သူက ငါမနည်း ရှာတွေ့ပြီး ခွေးခေါ်လာတဲ့... ငါ့ မန်နေဂျာ မိန်းကလေးလေကွာ... "

"ငါနဲ့လက်ထပ်ပြီးတော့လည်း... မင်းကုမ္ပဏီမှာ မင်းရဲ့လူယုံတော် မန်နေဂျာ... ဆက်လုပ်ပေးမှာပါကွာ... လိုအပ်ရင် ငါပါ ကူညီပါ့မယ်... "

ဒေါက်တာ ကျော်ဝေ မျက်နှာကို လင်းဇော်ဦး ငေးကြည့်နေမိပြန်သည်

"သူငယ်ချင်း... "





ဒေါက်တာကျော်ဝေက လက်ကမ်းပေးသည်။ တော်တော်ကြီးကြာမှ လင်းဇော်ဦး လက်ကမ်းပေးသည်။

"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ... ကျေးဇူးလဲ သိပ်တင်ပါတယ်... "

ဒေါက်တာ ကျော်ဝေ ဝမ်းသာအားရ သူငယ်ချင်း၏ လက်ကို ဆုပ်ကိုင်လှုပ်ရမ်းလိုက်သည်။ သို့သော် လင်းဇော်ဦး၏ လက်က တင်းတင်းနိုင်နိုင် အားပါတရ မရှိ။

## အခန်း (၆၆)

လေယာဉ်ပျံထွက်ခါနီးပြီးမို့ လေယာဉ်စီးသူများ ခါး
တ်ပတ်နေကြပြီ။ အေးမွန် ဘယ်လို လုပ်ရမှန်းမသိ။ လင်းဇော်ဦး
အေးမွန်၏ခါးမှာ ခါးပတ် ပတ်ပေးလိုက်သည်။ လေယာဉ်ပျံ
ဟိုးလေဆိပ်မှ ကောင်းကင်သို့ တက်လိုက်သည်နှင့် အေးမွန်
ထဲမှာ အေးကနဲ ခံစားလိုက်ရသည်။

လေယာဉ် တစ်ခါမှ မစီးဘူး၍ အေးမွန် ကြောက်နေ
ည်။ လင်းဇော်ဦးကအေးမွန်၏လက်ကလေးကိုတင်းတင်းလေး
ကိုင်ထားသည်။ အကိုကြီး၏ အားပေးမှုကြောင့် အေးမွန်
ကြောက် သက်သာသွားသည်။

"အောက်ဘက်ကို ပြန်ကြည့်လိုက် အေး... "

"အို... "

အေးမွန် အံ့ဩမိသည်။ ခဏလေးအတွင်းမှာပင် အေးမွန် အမြင့်ကြီးသို့ ရောက်နေပြီ။ အောက်ဘက်မှ အဆောက်အဦးများ၊ တောများ၊ တောင်များ၊ မြစ်ချောင်းလေးများကို သေးငယ်စွာ တွေ့မြင်ရသည်။

ဘေးဘက်မှာ ရှိနေသော လင်းဇော်ဦး၏ လက်မောင်းကို မြဲမြံစွာ ဆုပ်ကိုင်၍ လင်းဇော်ဦး၏ ပခုံးမှာ ခေါင်းကို မှီထားလိုက်သည်။ အကိုကြီး၏ ကျေးဇူးကြောင့် ခုလို လေယာဉ်ပျံစီးရသည်။ ကောင်းကင်အမြင့်ကြီးမှ အောက်ဖက်သို့ ကြည့်ခွင့်ရသည်။

ဤသို့ ခရီးသွားရမည်ကို အေးမွန် မမျှော်လင့်ခဲ့။ မနေ့ကညနေကမှ လားရှိုးမှာဆိုင်ခွဲဖွင့်ရန်သွားကြည့်မည်။ လေယာဉ်ပျံနှင့်သွားမည်။ အေးမွန် လိုက်ရမည်ဟု အကိုကြီးက ပြောခြင်းဖြစ်သည်။ အောက်ဘက်မှ တောများ တောင်များ နောက်ဖက်မှာ ကျန်ရစ်ခဲ့ကြသည်။ အသစ်သော တောတောင်မြစ်ချောင်းများကို မြင်ရသည်။ မကြာမီပင် လားရှိုးလေဆိပ်မှာ လေယာ





ဆင်းတော့မည်ဖြစ်ကြောင်း ကျေညာသံ ကြားရသည်။

အေးမွန် အံ့ဩလွန်းရသည်။ တစ်နာရီပင် မကြာ။ လားရှိုးသို့ရောက်တော့မည်။ တစ်ခါမျှ မရောက်ဘူးသောမြို့ကို တွေ့ရမြင်ရမည်။ လေယာဉ်ပျံ ဆင်းသက်နေပြီ။ အောက်ဘက်မှ လေယာဉ်ပျံကွင်းက လေယာဉ်ဆီသို့ လျင်မြန်စွာ ပြေးကပ်လာသည်။

လေယာဉ်ရပ်သွားတော့ လင်းဇော်ဦးက ခါးပတ်ကို ဖြုတ်ပေးသည်။ လေယာပျံပေါ်မှဆင်းတော့ ရာသီဥတု ပြောင်းသွားသည်ကိုအေးမွန်ခံစားရသည်။ လားရှိုးလေသည် တောင်ကြီးလောက် အေးမြခြင်း မရှိပါ။ လေယာဉ်ပျံကွင်းမှ ထွက်တော့ လင်းဇော်ဦး ကြိုတင်မှာကြားထားသည့် ကားတစ်စင်း စောင့်နေသည်။

"ရှမ်းတောင်တန်းမှာ တည်းဖို့ အစီအစဉ် အားလုံးလုပ်ထားပါတယ်... "

စောင့်ကြိုနေသူက လင်းဇော်ဦးကို ဆီးကြိုပြောကြားခြင်းဖြစ်သည်။

"ဟိုကိစ္စအတွက်ရော… "

"အားလုံး အစီအစဉ် လုပ်ထားပြီးပါပြီ… "

"ကဲ… အေး… မိတ်ဆက်ပေးမယ် သူက… ဒီ လားရှိုးမှာ ပန်းချယ်ရီ စတိုးပိုင်ရှင် ကိုမောင်မြင့်တဲ့… အကိုကြီးတို့ ကုမ္ပဏီက ပစ္စည်းတွေယူနေတဲ့ ဖေါက်သည်ပေါ့… "

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်… "

"ကိုမောင်မြင့် သူက အေးဆုမွန်တဲ့… "

"ဟုတ်ကဲ့ ဝမ်းသာပါတယ်… "

ကိုမောင်မြင့်က ပြုံး၍ ခေါင်းညိတ်ပြသည်။

"ကဲ လာ… ရှမ်းတောင်တန်းမှာကျမှ စကားပြောကြတာပေါ့… "

ကိုမောင်မြင့် စီစဉ်ထားသော ကားကလေးနှင့် ရှမ်းတောင်တန်းသို့ သွားကြသည်။ ရှမ်းတောင်တန်း ဟော်တယ်သို့ ရောက်တော့ အေးမွန် အံ့သြနေသည်။

မြို့အပြင်မှာ ဖြစ်သော်လည်း တောနှင့် တောင်နှင့် ကုန်းစောင်း ဆင်ခြေလျှောမှာ စိမ်းလန်းညီညာသော မြက်ခင်းပြင်နှင့် လိုင်ချီးစ်ပင်များ၊ ချယ်ရီပင်တန်းများ၊ ဥဩာင်ပင်ကြီးများနှင့် ပန်းချီကားဆန်စွာ လှပနေသော ရှမ်းတောင်တန်းကို အေးမွန် ကြည့်၍မဝ ဖြစ်နေသည်။

"လှလိုက်တာ အကိုကြီးရယ်… "

အေးမွန် ကြည်ကြည်နူးနူး ဖြစ်ရသည်။

"အေး… သဘောကျလား… "

"သိပ်သဘောကျတာပဲ အကိုကြီးရယ်… "

"ကောင်းတယ်… ရှမ်းတောင်တန်းဟာ အေးမွန်အတွက် အမှတ်တရ နေရာတစ်ခု ဖြစ်မှာပါ… "

ကိုမောင်မြင့်က ကြိုတင်စီစဉ် ထားသည့်အတိုင်း အခန်းသော့တွဲကို လင်းဇော်ဦးသို့ ပေးလိုက်သည်။ သူ့အတွက် အခန်းသော့မရ၍ အေးမွန်စိတ်ထဲမှာ မတင်မကျ ဖြစ်နေသည်။

"အကိုကြီးဆီမှာပဲ နှစ်ချောင်းလုံးပါလာတာလား… "

ကိုမောင်မြင့်က အောက်ထပ်ဧည့်ခန်းမှာပင် ကျန်ခဲ့သည်။ လင်းဇော်ဦးနှင့်အတူ ကိုယ့်အိတ်ကိုဆွဲ၍ အပေါ်ထပ်သို့ လိုက်ခဲ့ရသည်။ လင်းဇော်ဦးက အခန်းရှာပြီး သော့ဖွင့်သည်။





မြူးပန်းတစ်ရာစာပေ

"လာလေ... အေး... "

အိပ်ခန်းကျယ်ကြီးထဲသို့ အေးမွှန် လိုက်ဝင်ရသည်။ လေအေးစက် ဖွင့်ထား၍ အခန်းထဲဝင်လိုက်သည်နှင့် အေးစိမ့်သွားသည်။

"အို... "

နှစ်ယောက်အိပ် ကုတင်ကျယ်ကြီးတစ်လုံး ရှိသည်။

"နှစ်ယောက်စလုံး ဒီအခန်းမှာ အတူနေရမှာလား... "

ကုတင်ကြီးကို ကြည့်ပြီး အေးမွှန် စိုးရိမ်စိတ် ဖြစ်မိသည်။ ကုတင်ပေါ်မှာ ဒန်းလော့မွေ့ရာနှင့် ကတ္တီပါအနီရောင် အိပ်ရာခင်းနှင့် ကတ္တီပါ အနီရောင် ခေါင်းအုံးစွပ်များ တပ်ဆင်ထားသည့် ခေါင်းအုံးကြီးနှစ်လုံးနှင့် ဖြစ်သည်။

စောင်ကလည်း အဖြူခံမှာ အနီပွင့်ကြီးများ ပါသည်။ တရုတ်ပြည်လုပ် ကတ္တပါမွေးပွစောင်။

"အေး ဘာတွေငေးနေတာလဲ...အိတ်တွေပေးလေ...ပစ္စည်းပေးလေ ပစ္စည်းတွေ ဗီဘီဒိုထဲ ထည့်ရအောင်... "

လင်းဇော်ဦးက သူ့ပစ္စည်းများကို ဘီဒိုထဲ ထည့်ပြီး





သည်အထိ ရပ်နေဆဲဖြစ်သော အေးမွှန်လက်မှ အိတ်နှစ်လုံးကို လှမ်းယူလိုက်သည်။

"အကိုကြီး... အေးက ဒီအခန်းမှာပဲ... "

အေးမွှန် စကားရပ်သွားသည်။ လင်းဇော်ဦး ပြုံး၍ လက်ထဲမှ အိတ်ကို ကြမ်းပြင် ကော်ဇောပေါ် ချထားလိုက်သည်။

"လာ... အေးကို ရှင်းပြစရာရှိတယ်... "

အေးမွှန် လက်ကလေးကိုဆွဲပြီး ကုတင်ပေါ်မှာ ထိုင်လိုက်သည်။ အေးမွှန် မထိုင်ရဲသေး။

"ထိုင်လေ... အေး... "

အေးမွှန် မရွံမရဲ ထိုင်လိုက်ရသည်။ အိစက်သော မွေ့ရာနှင့် နူးညံ့သော အတွေ့အထိများက ရင်ဖိုမောစရာ။

"အောက်မှာ ကိုမောင်မြင့်စောင့်နေတယ်... အခုပဲ ပစ္စည်းတွေထားပြီးရင်... အေးနဲ့အကိုကြီး တရားရုံးသွားပြီး လက်ထပ်ကြမယ်... "

လင်းဇော်ဦးက ထူးခြားသော အစီအစဉ် ရုတ်တရက် ပြောလိုက်၍ အေးမွှန် သိပ်ကို အံ့ဩသွားမိသည်။ လင်းဇော်ဦး

က ပြုံးလျက် အေးမွှန်ကို ကြည့်နေသည်။

အေးမွှန် အကြိမ်ကြိမ် တမ်းတမိခဲ့သော မျှော်လင့်ချက်ဖြစ်ပါသည်။ သို့သော် မမျှော်လင့်သောအချိန်မှာ မမျှော်လင့်သော စကားကို ကြားလိုက်ရ၍ အံ့အားသင့်နေမိခြင်း ဖြစ်သည်။ အကိုကြီးထံမှ လက်ထပ်ခွင့်တောင်းသည်ကို မမျှော်လင့်ရဲ၍ အချစ်ကိုသာ တောင်းခံခဲ့မိသည်။

အကိုကြီးက ချစ်သည်ဆိုသော စကားပြောရန်ပင် ခက်ခဲနေခဲ့သည်။ ခုတော့ လက်ထပ်စကားကို လွယ်လွယ်ကူကူ ပြောနေသည်။

"အကိုကြီးလို ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်နဲ့ လက်ထပ်ခွင့် ရလိမ့်မည်" ဟု အေးမွှန် မထင်ရဲခဲ့။

"အေး... ဝမ်းမသာဘူးလား... "

အကိုကြီးအမေးကို အေးမွှန် ဘယ်လိုဖြေရမှန်း မသိ။ ကိုယ့်ဘာသာလည်း ဝမ်းသာနေသလား၊ ဝမ်းနည်းနေသလား ဆိုသည်ကို စဉ်းစား၍မရ။ သေချာသည်ကတော့ အံ့အားသင့်နေသည်။





"အကိုကြီးက ဒီစကားကို ကြားရင် အေးသိပ်ဝမ်းသာသွ မယ်ထင်နေတာ... "

အကိုကြီးကို အေးမွှန် အားနာသလို ဖြစ်ရသည်။

"ဝမ်းသာတယ် မဟုတ်လား... အေးရယ်... ပြောစမ်းပါ...

လင်းဇော်ဦးက အေးမွှန် ပုခုံးလေးနှစ်ဖက်ကို တင်းတင်းဆုပ်၍ လှုပ်ကိုင်ပြီး မေးနေသည်။

"ပြောလေ အေး... ဝမ်းသာတယ်လို့... "

အေးမွှန်ထံမှ ဘာသံမျှ ထွက်မလာသေး။

"အကိုကြီး သိပါတယ်... အေးဝမ်းသာရမှာပါ... အေး... ဝမ်းသာအောင် အကိုကြီးက ခုလို တမင် စီစဉ်လိုက်တာ လေ... "

လင်းဇော်ဦးမှာ မြူးမြူးသွက်သွက် ဖြစ်နေသည်၊ အေးမွှန် တွေဝေနေဆဲ။

"ပြောလေ... အေး... ဝမ်းသာတယ် မဟုတ်လား... "

လင်းဇော်ဦးက အေးမွှန်ကို စူးစိုက်စွာ ကြည့်နေသည်၊ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားသော လက်များမှာ ပိုတင်းလာ

သည်။ လင်းဇော်ဦးကို အေးမွန် ငြင်းနိုင်အား မရှိပါ။

"ဝမ်း... ဝမ်းသာပါတယ်... "

"အဲဒီလို လုပ်စမ်းပါအေးရယ်... ကဲ... လာ သွားကြစို့... အောက်မှာ ကိုမောင်မြင့် စောင့်နေတယ်... တရားရုံးမှာ သူက အစီအစဉ် အားလုံး လုပ်ထားပြီးသား... ခဏပဲ ကြာမယ်... ပြီးမှ... အေးအေးဆေးဆေး နားကြတာပေါ့... "

"အဝတ် မလဲ... "

"အား... မလဲဘူး... အေး ခုဝတ်ထားတဲ့အတိုင်း သိပ်လှတယ်... လာ... တရားရုံးမှာ စောင့်နေတဲ့လူတွေလဲ အားနာလို့... "

လင်းဇော်ဦးနှင့်အတူ အေးမွန်အောက်ထပ်သို့ ဆင်းခဲ့ရသည်။ ရင်ထဲမှာ လှုပ်ရှားရလွန်းသည်။ အောက်ထပ် ဧည့်ခန်းမှာ ကိုမောင်မြင့် အသင့်စောင့်နေသည်။ တရားရုံးသို့ သွားကြသည်။ ရောက်သည်နှင့် တရားသူကြီးရှေ့မှာ နှစ်ဦးသားလက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးကြသည်။





ကိုမောင်မြင့်နှင့် သူ့သူငယ်ချင်း စိုင်းယုမွန်တို့က အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြသည်။ စိုင်းယုမွန်က တရားရုံးမှ အဖွဲ့ကို ကျွေးမွေးရန် ကျန်ရစ်သည်။ အေးမွန်တို့က ကိုမောင်မြင့်ကားနှင့် ပြန်ခဲ့ကြသည်။

"ငါ... လက်ထပ်ပြီးသွားပြီ... ငါရဲ့ အပျိုဘဝ ဒီနေ့ကစ... ပြီးဆုံးသွားပြီ... "

ဖြစ်ရပ်က မြန်လွန်းလှ၍ ကိုယ့်ဘာသာပင် အေးမွန် ယုံရန် ခက်နေသည်။ ရုံးမှာ ရုတ်တရက် လက်ထပ်လိုက်ကြခြင်း ဖြစ်သည်။ ဘာမျှ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် မဟုတ်ပဲ အပျိုဘဝလေး နိဂုံးချုပ်သွားပြီ။

"ဖွား... ဖွား... "

ဖွားဖွားကို သတိရသည်။

"ငါ့ လက်ထပ်ပွဲမှာ... ငါ ကျေးဇူးရှင် ဖွားဖွားတောင် ပါခွင့် မရပါလား... "

အေးမွန် ရင်ထဲမှာ စိတ်မကောင်း ဖြစ်လာရသည်။

"ပါဝင်ဖို့မပြောနဲ့ ဖွားဖွားခမျာ ငါလက်ထပ်မယ်ဆိုတာ

သိတောင် မသိရှာပါလား... ”

အေးမွန် ဝမ်းနည်းလာ၍ မျက်ရည်များ ရစ်ဝဲလာသည်။

“အပေါင်းအသင်းတွေ အသိအကျွမ်းတွေနဲ့ ခမ်းခမ်းနားနား လဲမဟုတ်... တောင်ကြီးကနေ လာခိုးလာပြီး လူမသိ သူမသိ ရုတ်တရက် လုပ်လိုက်ရတဲ့ လက်ထပ်ပွဲ... ”

အေးမွန် ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။ အကိုကြီး မမြင်စေချင်၍ လက်ကိုင်ပုဝါနှင့် ခပ်မြန်မြန် သုတ်လိုက်သော်လည်း အကိုကြီးမြင်သွားသည်။

“အေး... ဘာလို့ မျက်ရည်ကျနေတာလဲ... ကိုမောင်မြင့်တို့ မြင်ရင် တမျိုးထင်နေလိမ့်မယ်... ”

လင်းဇော်ဦးက အေးမွန်နားကပ်ပြီး တိုးတိုးပြောခြင်းဖြစ်သည်။

“တမျိုးပဲဟာ တမျိုးထင်မှာပေါ့... ”

အေးမွန် ရင်ထဲမှာတင် ပြောမိခြင်းဖြစ်သည်။ မျက်ရည်များက ဆက်ပြီး စီးဆင်းလာ၍ လက်ကိုင်ပုဝါနှင့် သုပ်ရပြန်သည်။



“အကိုကြီးနဲ့ လက်ထပ်ရတာ ဝမ်းနည်းလို့လား... ”

ပို၍ တိုးသောလေသံနှင့် လင်းဇော်ဦး မေးသည်။ အေးမွန် ခေါင်းရမ်းပြသည်။

“ဝမ်းမနည်းရင် ပျော်လား ပြော... ”

အေးမွန်၏ လက်ကလေးကို လင်းဇော်ဦး ဆုပ်ကိုင်ထားသည်။ အေးမွန် ဘာမျှ မလှုပ်ရှားမိ။

“မပျော်လို့လား... ”

အေးမွန် ငြိမ်သက်နေဆဲ။ ကားလေးက ပြေးနေဆဲ။

“အကိုကြီးက သိပ်ပျော်နေတာ အေးရယ်... ”

လင်းဇော်ဦးကို အေးမွန် လှမ်းကြည့်လိုက်သည်။ လင်းဇော်ဦးက အေးမွန်ကို ပြုံးပြသည်။ အေးမွန်၏ လက်ကလေးကိုလည်း ညင်သာစွာ ဆုပ်နယ်ပေးနေသည်။ လက်ထပ်စာချုပ်ကို လက်မှတ်ထိုးခဲ့ပြီးပြီလည်းဖြစ်၍ ပျော်နေသော အကိုကြီးကို စိတ်အနှောင့်အယှက် မဖြစ်စေချင်တော့ပါ။


“အေး ပျော်ပါတယ်... ”

လင်းဇော်ဦး၏ ပခုံးမှာ ခေါင်းကလေးမှီပြီး အေးမွန်တိုးတိုးလေး ပြောလိုက်ပါသည်။

"ဝမ်းသာလိုက်တာ အေးရယ်... "

လင်းဇော်ဦးက အေးမွန်၏ ပခုံးလေးကို ဖက်ထားလိုက်ပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀


လယ်တွင်းသား
စောချစ်
ရွှေကော်ဇောရောင်နှာလို့ဆိုင်
တတိယမိုင်းဓာတ်သိ

ဤ လယ်တွင်းသားစာချစ်၏ "မွေ့ကော်ဇောရောနှောလို့ထိုင်" ဝတ္ထုကို
ခွင့်ပြုချက်အမှတ်-၆၈၅/၉၆(၁၁)အရ ဦးညွန့်ဝေ(၀၅၄၂၅)၊ ပြုံးပန်းတစ်ရာပုံနှိပ်
၂၀၁၊ ၄၀လမ်း၊ အလုံ၊ ရန်ကုန်မြို့မှပုံနှိပ်ပြီး၊ မျက်နှာဖုံး ခွင့်ပြုချက်အမှတ်-
/၉၆(၁၂)အရ ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်း ပုံနှိပ်တိုက် ၁၇၁၊ ၃၃လမ်း၊
န်မြို့တွင် ရိုက်နှိပ်ပြီး၊ ဦးလှဌေး (၀၁၁၈၃)၊ လှဌေးစာပေ- ၂၅၊ ၁၂၆လမ်း၊
န်မြို့မှ ၁၉၉၇ခု၊ ဖေဖော်ဝါရီလတွင် အုပ်ရေ ၅၀၀ကို တန်ဖိုး ၁၀၀/ကျပ်ဖြင့်
ဝေလိုက်ပါသည်။

ဖြန့်ချိရေး- ပြုံးပန်းတစ်ရာစာပေ၊ ဖုန်း - ၂၄၅၃၆၀

လယ်တွင်းသား

# စာချစ်

## မွေ့ကော်ဇော ရောနှောလို့ထိုင်







## အခန်း (၆၇)

ညနေချမ်းတွင် လားရှိုးမြို့၏ ရေပူစမ်းသို့ အေးမွန်နှင့် လင်းဇော်ဦး ရောက်ကြသည်။ ဆည်းဆာနေခြည်အောက်မှာ ရွှေရည်တောက်နေသော ရေပူစမ်း၏ သာယာပုံက ကြည်နူးစရာ ဖြစ်နေသည်။

"လာ... အေး... ဟိုမှာ ခဏထိုင်ကြရအောင်နော်... "

လင်းဇော်ဦးက အေးမွန်၏ လက်ကလေးကို ဆွဲခေါ်သွားသည်။ တောင်ကုန်းစောင်းပေါ်မှ အဆောက်အဦ လှလှလေးမှာ နှစ်ယောက်အတူ ထိုင်ကြသည်။ လင်းဇော်ဦးက ဘီယာနှင့် ဆတ်သားခြောက်မှာသည်။ လင်းဇော်ဦး ဘီယာသောက်ချိန်မှာ အေးမွန်က ဆတ်သားခြောက်စားသည်။

"ရွှေက အပင်မြင့်ကြီးတွေက လှလိုက်တာနော်... အကိုကြီး ဘာပင်ကြီးတွေလဲ... "

အေးမွန် စိတ်ထဲမှာ ပျော်နေပါပြီ။ အကိုကြီးကိုလည်း အကိုကြီး အဖြစ်သာမက လက်ထပ်ပြီးသား လင်ယောကျ်ား တစ်ယောက်အဖြစ် ပြောင်းလဲ ခံယူလိုက်ပါပြီ။ အေးမွန်ပြသော အပင်မြင့်မြင့်ကြီးကို လင်းဇော်ဦး မော့ကြည့်နေသည်။

"သိလား အကိုကြီး... ဘာပင်လဲ... "

အေးမွန်က ထပ်မေးသည်။

"မြောက်ပေပင်... "

"ရှင်... မြောက်ပေပင်ဟုတ်လား... "

"ဟုတ်တယ်လေ... မြောက်ပေပင်ဆိုတာ... မြေပေါက်ပင် ကိုပြောတာ... "

"ဟာ... အကိုကြီးကလဲ... "

ယုံမိသည်ကို ရှက်သွား၍ လင်းဇော်ဦး၏ ပခုံးကို အေးမွန် ထုလိုက်သည်။ လင်းဇော်ဦး ရယ်နေသည်။ ဘီယာ တစ်ပုလင်းကုန်တော့ ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။

"ရေပူစမ်းမှာ ဟန်းနီးမွန်းပေါ့... လာ... လျှောက်ကြည့်ရအောင်... "





"ရေပူစမ်းမှာ ဟန်းနီးမွန်း... "

လင်းဇော်ဦးပြောသည်ကို အေးမွန် စိတ်ထဲမှထပ်ပြော နေမိသည်။

"ဟန်းနီးမွန်းဆိုတော့... ညားခါစ မယားရဲ့ အပျော်ခရီး ပေါ့... "

ကိုယ့်ဘဝ၏ မြန်ဆန်လွန်းသော အပြောင်းအလဲများကို အေးမွန် အံ့ဩနေမိဆဲ ဖြစ်ပါသည်။ သို့သော် အကိုကြီးက လက်ကို ဆုပ်ကိုင်ထား၍ အကိုကြီးနှင့်အတူ ပိုင်ပိုင်နိုင်နိုင် လက်တွဲ လျှောက်နေရသည်ကို ပျော်ပါသည်။

ရေပူစမ်းနေရာလေးကို ခင်းကျင်း ပြင်ဆင်ထားပုံကလည်း သပ်ယပ်သည်။ သန့်ရှင်းသည်။ တောင်ကုန်းမြင့်လေးများ၊ ချိုင့်ဝှမ်းလေးများ၊ လှပသော အဆောက်အဦးများ၊ အငွေ့တထောင်းထောင်း ထနေသည့် ရေပူစီးကြောင်းများ၊ ရေပူကန်များနှင့် ဘယ်မှာပင်ကြည့်ကြည့် လှနေသည်။

"ရေပူချိုးကြမယ်နော် အေး... "

လင်းဇော်ဦးက ရေပူချိုးကန် အဆောင်လေးများရှိရာ ဆီသို့ အေးမွန်ကို ခေါ်သွားသည်။

"သိပ်ပူလား အကိုကြီး... "

"ရေချိုးခန်းထဲမှာ သဘာဝအတိုင်း စီးဝင်နေတဲ့ ရေပူလဲ ရှိတယ်... ရေအေးလဲရှိတယ်... အဲဒါကို ကန်ထဲမှာ ကိုယ်လိုသလို ထည့်စပ်ပြီး ချိုးလို့ရတယ်... "

"ကောင်းလိုက်တာ... "

"တစ်ယောက်စီချိုးလို့ ရတဲ့နေရာလဲရှိတယ်...နှစ်ယောက်အတူ ချိုးလို့ရတဲ့နေရာလဲ ရှိတယ်... မိသားစု ရေချိုးခန်းပေါ့... "

"ဟင့်အင်း... တစ်ယောက်စီပဲ ချိုးမယ်... "

လင်းဇော်ဦး ရယ်သည်။

"အေးတစ်ယောက်ထဲဆိုရင် ရေပူရေအေး မစပ်တတ်ပဲနေမှာစိုးလို့... "

"စပ်တတ်မှာပါ... "

တစ်ယောက်စီချိုးသော ရေချိုးခန်းများမှာ ချိုးကြသည်။ ရေပူရေအေးစပ်ရသည်မှာ လွယ်ပါသည်။ ရေပူစီးချောင်းမှရေကို ကိုယ်လိုသလောက် အေးမွန် ဖွင့်ယူလိုက်သည်။ လက်ဖြင့်စမ်းကြည့်သည်။

"အား... "

ပူလွန်းသည်။ ကြက်ဥပြုတ်လျှင်ပင် ကျက်နိုင်သည်။





ရေအေးစီးချောင်းကို ဖွင့်လိုက်သည်။ သင့်တင့်သော အပူရအောင် ရေကန်ထဲမှာ စပ်ပြီး အေးမွန်ချိုးသည်။

"အေးရေ... စပ်လို့ရလား... "

လင်းဇော်ဦးက သူ့ရေချိုးခန်းဖက်မှ လှမ်းမေးသည်။

"ရတယ်... ချိုးနေပြီ... "

ချိုးရင်းမှာပင် ရေက သိပ်မပူတော့၍ ရေအေးချောင်းကို ပိတ်ပြီး ရေပူချောင်းကို ဖွင့်လိုက်သည်။ ကျင့်သားရလာ၍ အေးမွန် အပူခံနိုင်လာသည်။ အေးမွန်ချိုးနေသည့် ကန်ထဲမှာ အငွေ့ တထောင်းထောင်းထနေသည်။

ကန့်နံ့သင်းသင်းလေးကို ရှူရှိုက်ရသည်။ ရေပူချိုးလျှင် အရေပြား သန့်ရှင်းစင်ကြယ်စေသည်ဟု အေးမွန် ကြားဖူးသည်။ သိပ်ပူလာ၍ ရေပူချောင်းကို ပိတ်လိုက်သည်။ ရေချိုးရသည်မှာ ကောင်းသည်။ ရေချိုးခန်းက လုံခြုံ၍ လွတ်လပ်စွာ ချိုးနိုင်သည်။ ရေပူစိမ်ရ၍ လူက အညောင်းအညာပြေပြီး ပေါ့ပါးလာသည်။

စိတ်ထဲမှာလည်း ကြည်လင်လာသည်။ ဤနေရာမျိုး ရောက်ဖို့ စိတ်ပင် မကူးမိခဲ့။ ခုတော့ ရေပူစမ်းကို ဟန်းနီးမွန်းခရီးအဖြစ်ပင် ရောက်နေရပြီ။

"အေးရေ... တော်ပြီပေါ့... "

လင်းဇော်ဦး အသံကြားရသည်။ ရေစိမ်၍ ကောင်းဆဲမှာပင် ကန်ထဲမှ ထခဲ့ရသည်။ မှောင်ရီသမ်းချိန်မှာ ရေပူစမ်းမှ ဟန်းနီးမွန်းလေး ပျော်ရွှင်စွာ ပြီးဆုံး၍ ပြန်ခဲ့ကြသည်။

ညစာကို ရှမ်းတောင်တန်းဟော်တယ်၏စားသောက်ခန်းမှာပင် ကိုမောင်မြင့်တို့က ပြင်ဆင်ထားကြသည်။ သူတို့ပါ အတူစားရန် ပြောသော်လည်းမရ။ မင်္ဂလာဦးညစာ စားပွဲလေးမှ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်စားရန် ပြောပြီး ထမင်းပွဲ အပ်၍ ပြန်သွားကြသည်။

"ဩော်... မင်္ဂလာဦး ညစာ စားပွဲကလည်း နှစ်ယောက်တည်းပါလား... ကုမ္ပဏီ ဆုကြေးပေးသည့် ညစာစားပွဲလောက်ပင် စည်ကားခြင်းမရှိ"

ဟု အေးမွန် စဉ်းစားလိုက်မိသေးသည်။

"စားလေ... အေး... "

လင်းဇော်ဦးက အေးမွန်ပန်းကန်ထဲသို့ ဟင်းတွေ အများကြီး ထည့်ပေးသည်။

"အကိုကြီးလဲစားလေ... "

လင်းဇော်ဦး ပန်းကန်ထဲကိုလည်း အေးမွန် ပြန်ထည့်ပေးသည်။ လားရှိုး၏ ရာသီဥတုက တောင်ကြီးလောက်မအေး။





နေ၍ကောင်းရုံလေးသာ အေးနေသည်။

"အကိုကြီးက သိပ်ကံကောင်းတာ... "

လင်းဇော်ဦးကို အေးမွန် လှည့်ကြည့်လိုက်သည်။

"ဘာပြုလို့လဲ အကိုကြီး... "

"အေးလို သိပ်ချောတဲ့ မိန်းကလေးကို လက်ထပ်ခွင့်ရလို့..."

အေးမွန် ပြုံးလိုက်သည်။

"အေးလဲ ကံကောင်းပါတယ်... "

"ဘာဖြစ်လို့... "

"အကိုကြီးလိုလူမျိုးနဲ့ လက်ထပ်ရလို့... "

"ဟာ သိပ်မှန်တာပေါ့... "

နှစ်ဦးသား ရယ်ကြသည်။ နှစ်ယောက်တည်းပင် ဖြစ်သော်လည်း စကားပြောလိုက်ကြ ရယ်လိုက်ကြနှင့် ညစာ စားပွဲလေးက ပျော်စရာ ဖြစ်သွားပါသည်။ စားသောက်ပြီးကြတော့ အပေါ်ထပ်မှ နှစ်ယောက်အိပ်အခန်းကို ပြန်ရမှာ အေးမွန် စိုးရွံ့နေသည်။

"စားတာများလို့ ဗိုက်လေးသွားပြီ အကိုကြီး... ဟိုတယ်အပြင်က ပန်းခြံထဲ လျှောက်ကြည့်ရအောင်နော်... "

"သွားလေ... ကောင်းသားပဲ... "

လင်းဇော်ဦးက ကြည်ကြည်ဖြူဖြူ လိုက်လျောသည်။ ဟော်တယ် အပြင်ဖက်မှ လမ်းကလေးများမှာ မီးရောင်ကြောင့် လင်းနေသည်။ သစ်ပင်များမှာလည်း မီးရောင်စုံများ ထွန်းထား သည်။

"လှလိုက်တာနော် အကိုကြီး... "

မြင်ရသမျှ အေးမွန်သဘောကျနေသည်။ ပန်းရောင်စုံ တို့ကလည်း လမ်းမီးရောင်များအောက်မှာ လှနေကြသည်။ ကြက် မောက်ပင်တန်း လမ်းကလေးက ရဲရဲနီနေ၍ လျှောက်လှမ်းချင် စရာ။

"အဲဒီလမ်းကလေး လျှောက်ရအောင်နော် အကိုကြီး... "

လင်းဇော်ဦးက ကြက်မောက်ပင်တန်း လမ်းကလေး မှာ အေးမွန်၏လက်ကို ဆုပ်ကိုင်၍ လျှောက်သည်။ လမ်းကလေး ဆုံးတော့ မြက်ခင်းစိမ်းစိမ်းနှင့် တောင်ကုန်းစောင်းလေး...

"ဟိုက ညောင်ပင်ကြီးအထိ သွားရအောင်... "

လင်းဇော်ဦး ညောင်ပင်ဆီသို့ လှမ်းကြည့်လိုက်သည်။ ဟိုတယ်ဝင်းထဲမှာပင် ဖြစ်သော်လည်း အစွန်ကျသည်။ အပင်ပေါ် မှာ မီးသီးများ ထွန်းထား၍ လှပနေသော်လည်း အပင်အောက်





မှာ မှောင်ရိပ်ကျနေသည်။

"မသွားနဲ့အေး... ဒီ အရပ်ဒေသက ကိုယ်ကျွမ်းတဲ့ နေရာ မဟုတ်ဘူး...ဟော်တယ်ကလဲမြို့အပြင်မှာဆိုတော့အန္တရာယ် ရှိမရှိဆိုတာ မသိနိုင်ဘူး... "

အေးမွန် မသွားရဲတော့ပါ။ ခက်သည်က သွားစရာ မရှိတော့လျှင် အပေါ်ထပ် အိပ်ခန်းသို့ ပြန်တက်ရတော့မည်။ မြက်ခင်းပြင်မှာ ရပ်နေစဉ် လေအေးလေးက အဆက်မပြတ် တိုက်ခတ်နေသည်။ အေးမွန် ဆံပင်လေးများ လေမှာ လွင့်နေ ကြသည်။ အနွေးထည် မဝတ်ခဲ့၍ အေးမွန် ချမ်းလာသည်။

"အပေါ်ကို ပြန်တက်ကြမယ်နော် အေး... "

"ရှင်... "

အေးမွန်ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်ရသည်။

"အပြင်မှာက လေတိုက်တော့ အေးလာပြီ... "

လင်းဇော်ဦးက အေးမွန်၏ လက်ကလေးကို ဆုပ်ကိုင် လိုက်သည်။ အေးမွန် လက်ကလေးများ အေးနေသည်။

"လာလေ... အေး... "

လင်းဇော်ဦး ခေါ်ရာသို့ လိုက်ပါရသည်။ နှလုံးခုန်သံ က မြန်နေသည်။ ဟိုတယ်အတွင်း ပြန်ရောက်ကြပြီ။ အပေါ်

ထပ်သို့ တက်ခဲ့ကြသည်။ အခန်းတံခါးကို လင်းဇော်ဦး ဖွင့်နေပြီ။

"လာလေ… အေး… "

အခန်းထဲသို့ ဝင်သော အေးမွန်၏ ခြေလှမ်းများ နှေးနေသည်။ လင်းဇော်ဦးက အခန်းတံခါးကို အတွင်းမှ သော့ချလိုက်ပါသည်။

"အို… "

နှစ်ယောက်အိပ် ကုတင်ကြီးကိုကြည့်ပြီး စိုးရွံ့စိတ်များ ဖြစ်ရသည်။ လင်းဇော်ဦးက ကုတင်ပေါ်မှ ကတ္တီပါအခင်းမှာ ထိုင်လိုက်သည်။ ရပ်နေဆဲဖြစ်သော အေးမွန်ထံသို့ လက်ကမ်းနေပြီ။ အေးမွန် ငြင်းဆန်၍ မရ။ နေ့ခင်းကပင် လက်ထပ်ထားခဲ့ကြပြီးဖြစ်သည်။ ကုတင်ဆီသို့ အေးမွန်သွားသည်။ ခြေလှမ်းများက ပို၍ လေးလံနေကြသည်။

"ထိုင်လေ… အေး… "

အေးမွန် ထိုင်ရပြီ။ ကတ္တီပါအခင်းကနူးညံ့သော်လည်း ထိုင်ရသည်ကို စိတ်ကမရဲ။ စားပွဲတင်မီးက ခပ်မှိန်မှိန် လင်းနေသည်။

"ဒီနေ့ညဟာ အေးနဲ့အကိုကြီးတို့ရဲ့ မင်္ဂလာဦးညလေ… "

အေးမွန် သက်ပြင်း တစ်ချက် ရှိုက်လိုက်သည်။





လင်းဇော်ဦးက အေးမွန်ကို ဆွဲယူ၍ ပွေ့ဖက်လိုက်သည်။

"ခဏလေးနော် အကိုကြီး မင်္ဂလာဦးညမှာ အကိုကြီးကို အေးမေးချင်တာ ရှိတယ်… "

"မေးပါ… "

လင်းဇော်ဦးက ခွင့်ပြုသည်။

"အကိုကြီး အေးကိုချစ်လား… "

လင်းဇော်ဦးထံမှ ရယ်သံထွက်လာသည်။

"နှစ်ဦးသဘောတူတောင် လက်ထပ်ပြီးကြမှတော့ ဒီမေးခွန်း မေးစရာ လိုသေးလို့လား အေးရယ်… "

"မလိုပေမဲ့ အေး ကြားချင်လို့ပါ… "

"ဘာကို ကြားချင်တာလဲ… "

"အကိုကြီးဆီက အေးမွန်ကို ချစ်တယ်ဆိုတဲ့ စကား… "

လင်းဇော်ဦး ရယ်ပြန်သည်။

"အေးကို အကိုကြီး ရှင်းပြခဲ့ပြီးသားပဲ… ဒါက နှုတ်ဖျားလေးမှာတင် ပြောလို့ရတဲ့ စကားပါ… "

"ဟင့်အင်း… အသည်းနှလုံးထဲက ပြော… "

လင်းဇော်ဦး ရယ်သံကျယ်သွားသည်။

"အသည်းထဲက စကားပြောလို့ ရတာမှ မဟုတ်ဘဲအေးရယ်... အသည်းက လူစားသောက်တဲ့ အစားအစာတွေမှာပါတဲ့ အဆိပ်အတောက်တွေကို ခြေဖျက်တာ... လူ့ခန္ဓာကျန်းမာရေးအတွက် အကာအကွယ်ပေးတဲ့ လုပ်ငန်းတွေလုပ်တာ... စိတ်ကူးယဉ်သမားတွေ ပြောတဲ့စကားတွေကို မသာယာစမ်းပါနဲ့... "

"ဒါဖြင့်ရင် နှုတ်ဖျားကပဲပြော... "

ဘယ်လိုပဲဖြစ်ဖြစ် အကိုကြီးထံမှ 'ချစ်တယ်' ဆိုသောစကားကို အေးမွန်ကြားချင်သည်။ လင်းဇော်ဦးထံမှ ရယ်သံ ထွက်မလာတော့ပါ။ ပွေ့ဖက်ထားသော လက်များလည်း ပြေလျော့သွားကြသည်။

"အကိုကြီး... မပြောနိုင်လို့ မဟုတ်ပါဘူး... ပြောရမှာ ဝန်လေးစရာလည်း ဘာမှ မရှိပါဘူး... အေးကို ကပ်နေတာလဲ မဟုတ်ပါဘူး...

ဒါပေမဲ့ အကိုကြီးစိတ်ထဲမှာ အဲဒီလိုပြောတဲ့လူ အဲဒီလိုပြောတဲ့စကားတွေကို အထင်သေးလို့ပါ... အဲဒီလို စကားတွေအများကြီးပြောပြီး သစ္စာမဲ့သွားတဲ့ ယောက်ျားတွေ... သစ္စာမဲ့သွားတဲ့ မိန်းမတွေ အများကြီး... အဲဒီလို စကားတွေ အများကြီးပြောပြီး ဘာတာဝန်မှ မယူတဲ့လူတွေ





တာဝန်မကျေတဲ့ ယောက်ျားတွေ အများကြီးပဲ... သူကရသမျှလုပ်ခကို ဆိုင်မှာအရက်သောက်ပစ်တယ်... မိန်းမနဲ့ကလေးတွေက အိမ်မှာငတ်နေတယ်... ပြီးတော့ မူးလာမှ ငါ့မိန်းမနဲ့ ငါ့သားသမီးတွေကို သိပ်ချစ်တယ်... အိပ်ပြန်ရမယ်လို့ပြောတယ်...

နှုတ်ဖျားကပြောတဲ့ စကားကို အလေးအနက် မထားပါနဲ့အေးရယ်... အေးက ပြောမှ ကျေနပ်မယ်ဆိုရင် အကိုကြီးပြောပါ့မယ်... တခါတည်းမဟုတ်ပါဘူး ဒီနေရာမှာတင် အခါတရာပြည့်အောင် ဒီစကားကို ဆက်တိုက် အော်ပြောပါ့မယ်...

ဒါပေမဲ့ အဲဒါဟာ အကိုကြီး မယုံတာကို ပြောရမှာ... အကိုကြီး စက်ဆုပ်တာကို ပြောရမှာ... ။ အကိုကြီးက အဲဒီလို ပြောမဲ့အစား အေးအပေါ်မှာ လက်တွေ့ဘဝနဲ့ သက်သေပြချင်တယ်။ အကိုကြီးတို့က စီးပွားရေးသမား... လက်တွေ့သမား အဓိပ္ပါယ်ရှိတာမှ ပြောချင်တယ်... အဓိပ္ပါယ်ရှိတာမှ လုပ်ချင်တယ်... စိတ်ကူးယဉ်သမားတွေလို လက်တွေ့မပါတဲ့ အရည်မရ မဖတ်မရတွေ မပြောချင်ဘူး... "

လင်းဇော်ဦး၏အသံ နည်းနည်းကျယ်လာသည်။

"အေးစဉ်းစားလေ... အဲဒီနှစ်ခုကနေ အေးကြိုက်တာ ရွေး

လေ... အဓိပ္ပါယ်မရှိချင် နေပစေ အဲဒီလိုပြောတာကိုပဲ သဘောကျတယ်ဆိုရင် အကိုကြီးပြောမယ်... လက်တွေ့ဘဝနဲ့ သက်သေပြတာကို သဘောကျတယ်ဆိုရင်တော့ အကိုကြီး မယုံကြည်တာကို မပြောပရစေနဲ့အေးရယ်... ကဲ... ပြော... အကိုကြီး ဘာလုပ်ရမလဲ... ”

လင်းဇော်ဦးမျက်နှာကို အေးမွန်ကြည့်လိုက်သည်။ နီသော နှုတ်ခမ်းများက တင်းတင်းစေ့နေကြသည်။ မေးမိသော စကားအတွက် အကိုကြီး စိတ်ဆိုးသွားပြီလားဟု အေးမွန် စိုးရွံ့မိသည်။ အကိုကြီးမှာ ကျေးဇူးရှင်လည်းဖြစ်သည်။ ကိုယ့်ကို နေ့ချင်းညချင်း ကြီးမားစွာ ပြောင်းလဲသွားအောင် ချီးမြှောက်ထားသူဖြစ်သည်။ ယနေ့ပင် ရုံးမှာလက်ထပ်ခဲ့ပြီးသူလည်း ဖြစ်သည်။ အကိုကြီးစိတ်ထဲမှာ မကျေမနပ် မဖြစ်စေချင်ပါ။

“လက်တွေ့ဘဝနဲ့ သက်သေပြတာကိုပဲ အေးသဘောကျပါတယ်... ”

အေးမွန် အလျှော့ပေးလိုက်ပါသည်။ လင်းဇော်ဦး ပြောသည်မှာလည်း မှန်သည်ဟု လက်ခံလိုက်၍ ဖြစ်ပါသည်။

“ဒါပဲပေါ့ သိပ်လိမ္မာတဲ့အေး... ”

အေးမွန်ကိုယ်လေးကို လင်းဇော်ဦး ပွေ့ပိုက်ထားလိုက်





သည်။ အေးမွန်၏မျက်နှာပေါ်မှာ အနမ်းဆုများကိုလည်း ပေးလိုက်သည်။ အေးမွန် ငြင်းဆန်နိုင်ခွင့် မရှိတော့ပါ။ ရုန်းဖယ်နိုင်စွမ်းလည်း မရှိတော့ပါ။ အေးစိမ့်နေသော အခန်းထဲမှာ နွေးထွေးသော အတွေ့အထိများ... ။ ကတ္တီပါ အိပ်ရာခင်းနှင့် ကတ္တီပါ ခေါင်းအုံးတို့၏ နုညက်သော နူးညံ့မှုများ... ။

“အေး... ”

လင်းဇော်ဦး၏ခေါ်သံက တိုးညှင်းသည်။

“အကိုကြီး... ”

အေးမွန် ထူးသည်က လေသံမျှသာ ဖြစ်သည်။ လင်းဇော်ဦးက မီးကလေး ပိတ်လိုက်သည်။ စားပွဲတင်မီးပွင့်လေး အလင်းရောင် ပျောက်သွားလေသည်။

✿ ✣ ✿ ✣ ✿ ✣ ✿

## အခန်း (၆၈)

"အေးရေ… ထ… ထ… ဒီနေ့ လေယာဉ်ပျံက ကိုးနာရီ ရောက်မယ်ပြောတယ်… "

စောင်ခြုံထဲမှာ နွေးထွေးနေသော အေးမွန်ကို လင်းဇော်ဦး နိုးလိုက်သည်။ အေးမွန်နိုးပါသည်။ သို့သော် မထ ချင်သေး။ သူ့ဘေးမှ လင်းဇော်ဦးကို လှမ်းဖက်ထားလိုက်သည်။

"အစကတော့ ဒီနှစ်ယောက်အိပ် ကုတင်ကြီးပေါ်မှာ အတူ မအိပ်ချင်ဘူးဆို… "

လင်းဇော်ဦး၏ ပါးစပ်ကို အေးမွန် လက်နှင့်လှမ်းပိတ်သည်။ ဤကုတင်ကြီးပေါ်မှာ သုံးရက် အိပ်ခဲ့ပြီးပြီ။ ယနေ့ တောင်ကြီးသို့ ပြန်ရတော့မည်။ တောင်ကြီးသို့ ပြန်ရောက်လျှင်

ယခင်အတိုင်း ပုံမပျက်နေရန် အကိုကြီးက ပြောထားသည်။

တရားဝင် လက်ထပ်ထားပြီမို့ တစ်ဦးကိုတစ်ဦး တရားဝင်ပိုင်ဆိုင်ခွင့် ရှိထားကြသော်လည်း လူအများ အထင်သေး၊ အမြင်သေးဖြစ်မည်မို့၊ အေးမွန်ကို လူအများ လေးစားစွာသဘောကျနေကြသည်က ဆိုင်အတွက်ရော၊ အားလုံးအတွက်ပါ ပိုကောင်းသည်ဆိုသော လင်းဇော်ဦး၏ အယူအဆကို အေးမွန်လည်း လက်ခံပါသည်။

သို့သော် အကိုကြီးနှင့် အခုလို ချစ်ခင်စွာ အတူနေရခွင့် နည်းသွားတော့မည်။

"တောင်ကြီးရောက်ရင် အကိုကြီးနဲ့အေးနဲ့ ဒီလို နေရမှာ မဟုတ်တော့ဘူးနော်… "

"ပါရာဒိုက်(စ်)မှာ နှစ်ယောက်ခန်းတစ်ခန်း ငှားထားတာပဲ အေးရယ်… အေးနဲ့အကိုကြီးက အရင်ကလိုမှမဟုတ်တော့ပဲ… ခုဟာ လက်ထပ်ထားကြတဲ့ လင်မယား ဖြစ်နေကြပြီပဲ… "

"လင်မယား… "

အေးမွန် ရင်ထဲမှာ ပုံတင်ထပ် ကြည့်လိုက်သည်။ မှန်သည်။ ဤဟော်တယ်မှာ သုံးရက်နေခဲ့ကြရသည်မှာ တကယ်ပင်





အိမ်ထောင်ရှင် လင်မယားဘဝဖြစ်သည်။ သို့သော် တောင်ကြီးပြန်ရောက်လျှင် ကိုယ်က ယခင်လိုပင် အပျိုအတိုင်း နေရဦးမည်။

ယခုနေရသည့်ဘဝကို ကျေနပ်သည်။ ယခုလိုပင် အကိုကြီးနှင့် နေချင်သည်။ သို့သော် အကိုကြီး အစီအစဉ်ကိုလည်း ငြင်းရန် မသင့်။ အကိုကြီးဘက်သို့ လှည့်လိုက်သည်။

"မပြန်ချင်သေးဘူး… အကိုကြီး ဒီတစ်ရက် ဆက်နေဦးမယ်"

အေးမွန်က ခပ်ချွဲချွဲလေး ပြောလိုက်သည်။

"မနက်ဖြန်ကာ လေယာဉ်ပျံမရှိဘူး… သဘက်ခါမှ ရှိမယ်"

"သဘက်ခါမှ ပြန်မယ်… "

လင်းဇော်ဦး စဉ်းစားသည်။

"ဆိုင်နဲ့ဂိုဒေါင်က ဦးစိုးနွတ်နဲ့ ဦးစံမြ ရှိတာပဲ နှစ်ယောက်စလုံး စိတ်ချရပါတယ်… "

"သိပ်လိမ္မာတဲ့ အကိုကြီး… "

အေးမွန်က လင်းဇော်ဦးဘက်သို့ တိုးကပ်လိုက်သည်။ အိပ်ရာထရန် ပြင်ဆင်နေသော လင်းဇော်ဦး ဆုံးဖြတ်ချက်ပြောင်းသွားပြီဖြစ်၍ အိပ်ရာမှ ထရန်မလိုတော့ပါ။ သူ့ဘက်သို့ တိုးကပ်လာသော အေးမွန်ကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်

သည်။ အေးစိမ့်နေသော လားရှိုး၏ မနက်ခင်းလေးမှာ နွေးထွေးသွားလေသည်။

✣✣✣✣✣✣✣



အခန်း (၆၉)

"ဆရာဝန်လေးမလာတာ သုံးရက်ရှိသွားပြီ မြေးရယ်... ဖွားဖွားအသက်ရှူကျပ်တာက ပိုဆိုးလာတယ်..."

အေးမွန်အိမ်မပြန်ရောက်သည်နှင့် ဖွားဖွား၏ ညည်းသံကို ကြားရသည်။

လက်မှနာရီကိုကြည့်လိုက်တော့ ည(၉)နာရီရှိနေပြီ။

"ဖွားဖွား အိပ်ပျော်အောင်အိပ်လိုက်ရင် သက်သာသွားမှာပါ..."

"အိပ်ပါတယ် မြေးရယ်... အိပ်လို့မပျော်ပါဘူး..."

ဖွားဖွားကိုအေးမွန် သနားမိသည်။

"ဆရာဝန်လေးဘာလို့ မလာတာလဲမြေးရယ်... မေးပေးပါဦး..."

"သူရန်ကုန်များသွားနေလို့လား ဖွားဖွားရယ်..."

"မြေးလားရှိုးက ပြန်လာတဲ့ညအထိ သူလာသေးတယ်။ နောက်ထပ်သုံးရက်ဆက်ပြီး ဆေးထိုးရမယ်လို့ ပြောသွားသေးတယ်... ရန်ကုန် သွားစရာရှိတယ်လို့ မပြောပါဘူး..."

အေးမွန် စဉ်းစားရပြီ။ ဒေါက်တာ ကျော်ဝေ ရောက်မလာသည်ကို ကိုယ့်အတွက် ဝမ်းသာနေခဲ့မိသည်။ ခုတော့ ဖွားဖွားအတွက် အခက်တွေ့နေရပြီ။

"မနက်ဖြန်ကာကျတော့ မြေးခေါ်ပေးပါ့မယ် ဖွားဖွား... ဒီနေ့တော့ အိပ်ပျော်အောင် ကြိုးစား အိပ်လိုက်နော် ဖွားဖွား..."

"အေး... အေး..."

"သိပ်ပြီး အသက်ရှုကျပ်လို့ အနေရခက်ရင်တော့ မြေးကို နှိုးလိုက်နော်..."

"အေး... အေး... ငါ့မြေးလဲ ပြန်လာရတာ မိုးချုပ်လိုက်တာ ပင်ပမ်းနေပြီ... နားတော့..."

မဖြူ ထမင်းပွဲပြင်ထားသော်လည်း ထမင်းမစားတော့ပဲ အေးမွန် အိပ်ခန်းဘက်သို့ ဝင်ခဲ့သည်။

✣ ❀ ✣ ❀ ✣ ❀



အခန်း (၇၀)

နေ့ခင်းတွင် လင်းဇော်ဦး စနိုးကက်(ပ်)သို့ ရောက်လာသည်။ လင်းဇော်ဦး ရုံးခန်းထဲသို့ အေးမွန် ဝင်လိုက်သည်။

"ဆို... အေး... ဘာပြောစရာရှိလဲ..."

လင်းဇော်ဦး မျက်နှာ ကြည်ကြည်လင်လင် ဖြစ်သည်။

"ဖွားဖွား အသက်ရှုကြပ်ပြီး နေမကောင်းလို့..."

"အဲဒီတော့..."

"အကိုကြီးသူငယ်ချင်း ဒေါက်တာ ကျော်ဝေကလဲ မလာတာ သုံးရက်ရှိသွားပြီ..."

"ဒီကောင်လာမှာ မဟုတ်တော့ဘူး..."

"ရှင် ဘာဖြစ်လို့လဲ..."

"အကိုကြီးနဲ့အေးနဲ့ လားရှိုးမှာ လက်ထပ်ခဲ့တဲ့အကြောင်း သူ့ကို ပြောလိုက်ပြီ... "

"ရှင်... "

အေးမွန် အံ့ဩရလွန်းသည်။

"သူ မယုံမှာစိုးလို့ လက်ထပ်စာချုပ်ပါ ပြလိုက်တယ်... "

"ဒို... "

ဘယ်သူမှ မသိစေချင်ဘူး ဟု ပြောခဲ့သူက ဒေါက်တာကျော်ဝေကိုကျမှ ဘာကြောင့် စာချုပ်ပါပြရသနည်း။ အေးမွန် နားမလည်ပါ။

"အေးရှိနေတဲ့အိမ်ကိုလဲ လုံးဝမလာဖို့... အဖွားကြီးကိုလဲ ဆေးလာမကုဖို့ပါ ပြောလိုက်တယ်... "

ဒေါက်တာ ကျော်ဝေ လုံးဝ ရောက်မလာသည့် အကြောင်းကို အေးမွန် နားလည်သွားပါပြီ။

"ဘာမှမပူပါနဲ့... ညနေကျရင်... ဒေါက်တာ အေးသီတာ လာပါလိမ့်မယ်... ကျော်ဝေထက် ပိုအတွေ့အကြုံရှိပြီး ကျော်ဝေထက် ပိုတော်ပါတယ်... "

အေးမွန် ဘာမျှမပြောတော့ပါ။ လင်းဇော်ဦး အခန်းထဲမှ ပြန်ထွက်လာခဲ့ပါသည်။

❧ ✣ ❧ ✣ ❧ ✣ ❧



# အခန်း (၃၁)

"မြေးရယ်... အဖွား အသက်ရှူကျပ်တာ မသက်သာဘူး"

ဒေါက်တာ အေးသီတာ သုံးရက် ကုပြီးချိန်မှာ ဒေါ်အေးချစ် ရင်ကျပ်ရောဂါက ထူးခြားစွာ ကောင်းမွန်လာခြင်း မရှိပါ။

ဖွားဖွားမှာ အစားအသောက်လည်း ပျက်၍ သိပ်ကို ပိန်လွန်းနေသည်။ ဖွားဖွားကိုကြည့်ပြီး အေးမွန် စိုးရိမ်ရသည်။

"ဒေါက်တာ ကျော်ဝေ မလာဘူးလား မြေးရယ်... "

"သူမရှိဘူး ဖွားဖွား... ခရီးသွားနေတယ်... တစ်လလောက်ကြာမယ်ပြောတယ်... "

"ဪ... "

ဖွားဖွား စိတ်အားပျက်သွားဟန် တူပါသည်။

"ဒီတောင်ကြီး ရာသီဥတုနဲ့ ဖွားဖွားရဲ့ရောဂါ မတည့်ဘူးလို့ ဒေါက်တာ ကျော်ဝေက ပြောဘူးတယ်... "

ထိုအချက်ကို အေးမွန်ပါ စဉ်းစားရပြီ။

"ဖွားဖွားကို ပဲခူးပို့ပေးပါလား.. "

"ရှင်... "

အေးမွန် စိတ်မကောင်း ဖြစ်ရသည်။

"ပဲခူးမှာ... မြမြတို့ ရှိတယ်လေ... မြေးအလုပ်နဲ့ တောင်ကြီးက ပြောင်းလို့မရရင်... ဖွားဖွား မြမြတို့ဆီ ပြောင်းနေချင်တယ်... "

မြမြဆိုသည်မှာ ပဲခူးမှ အန်တီမြကို ပြောခြင်းဖြစ်သည်။ ဖွားဖွား၏ တူမဖြစ်၍ ဖွားဖွားကို ပဲခူးလာနေဖို့ ခေါ်ဖူးသည်။ ဖွားဖွားက အေးမွန် သံယောဇဉ်ကြောင့် မသွားခဲ့။

"ခုမှပို့လျှင်... "

"မြမြက အိမ်ဆိုင် အရောင်းအဝယ်နဲ့ စီးပွားရေးလဲ အဆင်ပြေပါတယ်။ ပဲခူးဆိုရင် ဖွားဖွားလဲ အေးတဲ့ဒဏ် လွတ်သွားပြီး ကျန်းမာမယ် ထင်ပါတယ်... ဒါဆိုရင် သူ့ဆိုင်လဲ ကူရောင်းနိုင်တာပေါ့.. "





ဖွားဖွား အသက်ကြီးမှ ဈေးမရောင်းစေချင်ပါ။

"မရောင်းပါနဲ့ ဖွားဖွားရယ်.. ဖွားဖွားကို ပြည့်ပြည့်စုံစုံ ပို့ပေးမှာပေါ့.. အန်တီမြကိုလဲ ဖွားဖွားအတွက် တစ်လသုံးထောင် ထောက်ပံ့မယ်.. "

"အို အဲဒီလောက် အများကြီး မလိုပါဘူး မြေးရယ်... "

"လိုပါတယ်.. ဖွားဖွားနေမကောင်းရင် ဆေးကုဖို့ပါ.. လိုမှာပေါ့.. "

"မြမြတို့က ငွေလက်ခံမှာ မဟုတ်ပါဘူး မြေးရယ်... "

"လက်ခံရမှာပေါ့.. မြေးက ငွတ်ပေးမှာပေါ့.. "

မြေးမလေးကို ကြည့်ပြီး ဒေါ်အေးချစ် စိတ်မကောင်းဖြစ်ရသည်။

"အင်း အဲဒီလိုဆိုရင်လဲ ဖွားဖွားကို ပဲခူးပို့ပေးပါလား မြေးရယ်... ငါ့မြေး ဆိုင်တာဝန်နဲ့ အလုပ်များတဲ့ကြားက အပို့နိုင်းရတာ အားနာပါတယ်... မြေးမလိုက်နိုင်ရင် ဖွားဖွားကို ကားနဲ့ သာ တင်ပေးလိုက်ပါ.. "

"အို... ဖွားဖွားကလဲ မဟုတ်တာ... ဖွားဖွား သိပ်သွားချင်နေရင်... မြေးကိုယ်တိုင် လိုက်ပို့ပေးမှာပေါ့.. "

"ဖွားဖွားသွားချင်တာက ကျန်းမာရေးကြောင့်ပါ မြေးရယ်...

ဒီမှာ ဆက်နေရင်... ဖွားဖွား... "

"သိပါပြီ ဖွားဖွားရယ်... မြေးလိုက်ပို့ပါမယ်... "

ဖွားဖွားကို ပဲခူးပို့ပေးရန် အေးမွန် ဆုံးဖြတ်လိုက်ပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၃၂)

အောင်ပိုင်က ပါဂျဲရိုးကားကို တောင်ဆင်းလမ်းမှာ ကွေ့ကာ ပတ်ကာ ကျွမ်းကျင်စွာ မောင်းနှင်နေသည်။ ကားနောက်ပိုင်းမှာ ဖွားဖွား သက်သက်သာသာ ရှိစေရန် အေးမွန်က ရင်ခွင်မှာ ပွေ့ပိုက်ထားသည်။ ဖွားဖွားက မျက်စေ့ပိတ်၍ အိပ်လျက် လိုက်ပါလာသည်။

"ဩော်... ဒီလမ်းမှာပဲ တစ်ခါက... အကိုကြီးနဲ့ ပျော်ပျော်ပါးပါး တက်လာခဲ့ရတယ်... "

အေးမွန် ဘေးပတ်ဝန်းကျင် ရှုခင်းများကိုကြည့်ရင်း အကိုကြီးကို သတိရနေမိသည်။ ခုတော့ အကိုကြီးကားနှင့်ပင် ဖွားဖွားကို ပဲခူးပို့ရန် ဤလမ်းမှာ အဆင်းခရီးအဖြစ် သွားနေရသည်။ အကိုကြီးကို ကျေးဇူးတင်မိသည်။

ဖွားဖွားပဲခူးသွားလိုသောဆန္ဒကို အေးမွန် ပြောပြတော့ အကိုကြီးက ပါဂျဲရိုးဖြင့် ပို့ရန် စီစဉ်ပေးခဲ့သည်။

"ဆိုင်အတွက်လဲ ဘာမှ နောက်ဆံတင်းမနေနဲ့... အကိုကြီး တာဝန်ယူထားလိုက်မယ်... "

ဟု ပြောသည်။ ပဲခူးခရီးကို အေးမွန် သက်သက်သာသာနှင့် စိတ်အေးချမ်းသာစွာ ထွက်လာခဲ့ရသည်။ တစ်နေ့လုံး မောင်းပြီး ည (၉) နာရီကျမှ ပဲခူးသို့ ရောက်သည်။

ရာသီဥတုနှင့်မတည့်၍ဟု ဒေါက်တာ ကျော်ဝေ ပြောသည်မှာ မှန်ပါသည်။ ဒေါ်အေးချစ် တစ်နေ့လုံး ကားစီးလာရသည်ပင် မောပန်းနွမ်းနယ်ခြင်းမရှိ။ ပဲခူးရောက်ချိန်တွင် အသက်ရှုကျပ်သည်မှာ သက်သာနေသည်။

လွယ်လွယ်ကူကူ အသက်ရှုနိုင်၍ ဒေါ်အေးချစ် ဝမ်းသာနေသည်။ အေးမွန်က လာရသည့် အကြောင်းစုံ အန်တီမြကို ရှင်းပြသည်။





"ကောင်းတာပေါ့ဟယ်... ငါ့ဆန္ဒ ပြည့်သွားတာပေါ့.. "

အေးမွန်က ငွေတစ်သောင်းကို စာအိတ်နှင့်ထည့်၍ ဒေါ်မြမြကို ကန်တော့သည်။

"ဘာလဲ... ဒါက... "

"ဒေါ်လေးမြကို ကန်တော့တာပါ.. လစဉ်လဲ အေးမွန် သုံးထောင်ပို့ပေးပါ့မယ်... "

"ဘာလုပ်ဖို့လဲ သုံးထောင်က... "

"ဖွားဖွားအတွက် ဆေးဖိုးတို့ ဘာတို့ သုံးဖို့လိုရင်... "

"ကဲ... တော်ပြီ... အေးမွန်... ငွေတစ်သောင်းကိုတော့ ငါ့တူမက ဒေါ်လေးကို ကန်တော့တာမို့ လက်ခံလိုက်မယ်... ဒေါ်လေးကို ကျွေးဖို့ ဆေးကုဖို့ကတော့ ငါ့ဆီမှာ နေရင် ငါ့တာဝန်ပေါ့.. ငါ့တူမ တစ်ပြားမှ ပို့စရာမလိုပါဘူး... ငါ ကလည်း ဒေါ်လေးကို ပြုစုခွင့်ရလို့ ဝမ်းသာနေတာပါ.."

အန်တီမြ၏ စကားကြောင့် ဖွားဖွားအတွက် အေးမွန် ဝမ်းသာရသည်။ အေးမွန် ပဲခူးမှာ သုံးရက်နေသည်။ ထိုသုံးရက်အတွင်းမှာပင် ဖွားဖွား အစာ ကောင်းကောင်း စားနိုင်လာ၍ ထူထူထောင်ထောင် ဖြစ်လာသည်။ ဖွားဖွား ကျန်းမာရေးအတွက် အေးမွန် စိတ်ချရပြန်သည်။

နောက်တစ်နေ့ မနက် (၄) နာရီတွင် ဖွားဖွားနှင့် ဒေါ်လေးမြကို ကန်တော့ပြီး အေးမွန် တောင်ကြီးကို ပြန်လာခဲ့သည်။

✤ ✣ ✤ ✣ ✤ ✣ ✤



## အခန်း (၃၃)

အေးမွန် တောင်ကြီးပြန်ရောက်ပြီး တစ်ပတ်အကြာတွင် အေးမွန်အိမ်မှာ ထူးခြားသော မင်္ဂလာပွဲလေးတစ်ပွဲ ဖြစ်မြောက်သွားပါသည်။ လင်းဇော်ဦး၏ ယာဉ်မောင်း အောင်ပိုင်နှင့် အေးမွန်အိမ်မှ အကူအညီမိန်းကလေး မဖြူတို့၏ မင်္ဂလာပွဲလေး ဖြစ်သည်။

သူတို့ချင်း မေတ္တာမျှနေကြ၍ လင်းဇော်ဦးနှင့်အေးမွန်တို့က စီစဉ်ပေးခြင်းဖြစ်သည်။ ရုံးမှာ လက်မှတ်ထိုး၍ လက်ထပ်သည်။ အိမ်တွင် မင်္ဂလာ အခမ်းအနားလေး ကျင်းပသည်။ ဘုန်းကြီးမှ ဝန်ထမ်းများသာ တက်ရောက်သည့် မင်္ဂလာ ညစာစားပွဲလေးနှင့် အကျဉ်းရုံး၍ ပြီးစီးသွားသည်။

"ဪ... မဖြူကမှ ငါ့ထက် သာသေးတယ်... "

လူသိရှင်ကြား လက်ထပ်ရပြီး ကိုယ့်ယောက်ျားနှင့် ကိုယ် လူမြင်သူမြင် နေခွင့်ရသော မဖြူကို အေးမွှန် အားကျမိသည်။ အိမ်ကြီး၏နောက်ဖက်မှယာဉ်မောင်းနေအိမ်သို့အောင်ပိုင်နှင့်အတူမဖြူ ပြောင်းနေသည်။

အောင်ပိုင်က သူ့ဆရာ လင်းဇော်ဦးအပေါ်မှာ သစ္စာရှိသူ လူယုံဖြစ်သလို၊ မဖြူကလည်း သူ၏အိမ်ရှင်မ အေးမွှန်အပေါ်မှာ ချစ်ခင်လေးစားစွာ သစ္စာရှိသူ ဖြစ်သည်။ ရုပ်ကလေးကလည်း နာမည်နှင့်လိုက်အောင် ဖြူသန့်၍ ချစ်စဖွယ်ဖြစ်သည်။

နှစ်ဦးလုံးပင် အေးဆေးစွာ နေထိုင်တတ်၍ စကားနည်းသူများလည်း ဖြစ်ကြသည်။ လိုက်ဖက်သော သူတို့နှစ်ဦးအိမ်ထောင်ကျသွားသည်ကို လင်းဇော်ဦးနှင့် အေးမွှန် ဝမ်းသာကြသည်။

သူတို့အတွက် ဟန်ကျသလို ကိုယ့်အတွက်လည်း လွတ်လပ်ခွင့်ရသည်။ အောင်ပိုင်နှင့်မဖြူ လက်ထပ်သည့်နေ့မှစ၍ လင်းဇော်ဦး အေးမွှန်၏ အိမ်အပေါ်ထပ်မှာပင် ညအိပ်သည်။ အေးမွှန်လည်း ထိုနေ့မှစ၍ အပေါ်ထပ်သို့ ပြောင်းရွှေ့ရသည်။

ခုမှပင် လက်ထပ်ထားသည့် လင်ယောက်ျားနှင့်အတူ





နေရသည်။ အောင်ပိုင်နှင့်မဖြူကို အမှန်အတိုင်း ဖွင့်ပြောလိုက်ကြသည်။ အောင်ပိုင်နှင့်မဖြူ သိပ်ပျော်သွားကြသည်။ သို့သော်

"ဒီအကြောင်းကို ဘယ်သူမှ မပြောရဘူးနော်... မင်းတို့ နှစ်ယောက်ကလွဲလို့ ဘယ်သူမှ မသိစေနဲ့... သိရင် မင်းတို့ နှုတ်မလုံလို့... သစ္စာ မရှိလို့ပဲ... "

"ဟုတ်ကဲ့... စိတ်ချပါ... "

"ဟုတ်ကဲ့ပါ... သစ္စာရှိပါ့မယ်... "

အောင်ပိုင်နှင့် မဖြူက အခိုင်အမာ ကတိပြုကြသည်။

"သံသယရှိလို့ မေးတဲ့လူ ရှိရင်လဲ... လုံးဝ မဟုတ်ဘူးလို့ ပြောရမယ်... နားလည်လား... "

"ဟုတ်ကဲ့... နားလည်ပါတယ်... "

လင်းဇော်ဦးက ပါရာဒိုက်(စ်)မှာ ဟော်တယ်က အကုန်အကျများ၍ မူလက သတ်မှတ်စီစဉ်ထားသည့်အတိုင်း အေးမွှန်နေသည့် အိမ်အပေါ်ထပ်မှာ ပြောင်းရွှေ့နေထိုင်သည်ဟု အကြောင်းပြသည်။ ဘယ်သူကမှလည်း ဘာပြဿနာမှ မရှိကြပါ။ သံသယနှင့် မေးမြန်းခြင်းလည်း မပြုဝံ့ကြပါ။

သူတို့အိမ်ဖက်သို့ ညအခါ မဆိုထားနှင့် နေ့အခါမှာပင် ဆိုင်ဖက်မှ ဝန်ထမ်းများ၊ မိတ်ဆွေ အပေါင်းအသင်းများ

အလာအသွား မရှိကြပါ။ ကားမောင်းစရာမရှိလျှင် အောင်ပိုင်မဖြူကို ကူညီချက်ပြုတ်သည်။

လင်းဇော်ဦးနှင့် အေးမွန်တို့ မနက်စာ ညစာ အိမ်မှာပင် အတူစားရသည်။ အကိုကြီးနှင့် အတူနေပြီး အကိုကြီးကို အနီးကပ် ပြုစုခွင့်ရ၍ အေးမွန် စိတ်ထဲမှာ ကြည်နူးရသည်။ ဖွားဖွားကို ပဲခူးပို့ရစဉ်ကတော့ ဖွားဖွားနှင့် ခွဲနေရမည်ကို စိတ်မကောင်း ဖြစ်ခဲ့ရသည်၊ ခုတော့လည်း အကိုကြီးနှင့် လွတ်လပ်စွာ နေခွင့်ရသည်ကို ကျေနပ်ရပြန်သည်။

"ဩော်... ဘဝဆိုတာက သူ့ဘာသာ အစီအစဉ်တကျတွေ ဖြစ်နေတာပါလား... "

ကိုယ့်ဘဝကို အေးမွန် သဘောကျနေမိသည်။

သို့သော်...

"အကိုကြီးက ဘာလို့ ထင်ထင်ပေါ်ပေါ် မနေချင်တာလဲ... တရားဝင် လက်ထပ်ထားပြီပဲ... ဘာလို့လူသိမခံချင်တာလဲ"

အေးမွန် ရင်ထဲမှာ မကြာမကြာ တွေးမိသည်။

"အေးလေ... သူငါ့ကိုချစ်... ဟင့်အင်း ချစ်တယ်ဆိုတဲ့ စကားကို သူလုံးဝ မသုံးဘူး... စကားလုံးကို မုန်းတာလား ဒါမှမဟုတ် ဘာလို့ အဲဒီလို မပြောချင်တာလဲ... "





စဉ်းစားစရာ ဖြစ်ရပြန်သည်။

"အို... ငါကလဲ ဒီလောက် ကျေနပ်စရာကောင်းတဲ့ ဘဝရောက်နေတာ ဘာလို့ မကျေနပ်စရာ... ရှာကြံ တွေးနေရတာလဲ... အကိုကြီးက ငါ့ကို တရားဝင် လက်ထပ်ထားတာပဲ... ငါ့ဘဝကို နေ့ချင်းညချင်း ဒီအခြေအနေရောက်အောင် မြှင့်တင်ပေးထားတာပဲ... "

လားရှိုးကို သွားစဉ်က ရုတ်တရက် ကောင်းကင်အမြင့်သို့ ရောက်သွားသော လေယာဉ်ပျံပေါ်မှ အောက်သို့ ကြည့်မြင့်ရသည့် တော၊ တောင်၊ မြစ်၊ ချောင်း၊ အဆောက်အဦးများကို မြင်ယောင်မိသည်။ အေးမွန် ကျေနပ်စွာ ပြုံးလိုက်သည်။

"ဟုတ်တယ်... ငါ့ဘဝက လေယာဉ်ပျံနဲ့ တက်သလို အမြင့်ကြီးကိုတက်သွားတာ... "

ဘတ်စ်ကားတိုးစီးခဲ့ရသော ဘဝနှင့် အခန်းကျဉ်းလေးထဲမှာ နေခဲ့ရသော ဘဝ၊ ဒေါ်လှပိုဆိုင်မှာ သီးစုံချဉ်ရည်ဟင်းကို အားပြုပြီး ထမင်းဘူးလေးနှင့် စားခဲ့ရသော ဘဝများကို ပြန်စဉ်းစား ကြည့်လိုက်သည်။ အကိုကြီးကို ကျေးဇူးတင်မိသည်။

"အကိုကြီး စိတ်အနှောင့်အယှက်ဖြစ်အောင် မေးတာ ပြောတာ ဘာမှမလုပ်တော့ဘူး... အကိုကြီးစိတ်ချမ်းသာအောင်ပဲ ငါပြုစုရမယ်... အကိုကြီး ကျေနပ်အောင် နေထိုင်

ဆက်ဆံရမယ်... ”

အေးမွန် ကျေနပ်စွာ ဆုံးဖြတ်၍ အကိုကြီးရှိနေသော အိမ်အပေါ်ထပ်သို့ တက်သွားပါသည်။ ည (၉) နာရီကျော်ပြီမို့ အောင်ပိုင်နှင့်မဖြူလဲ သူတို့အိမ်လေးဘက်သို့ ပြန်သွားကြပြီ ဖြစ်ပါသည်။



အခန်း (၇၄)

ခြံကြီးတစ်ခုလုံးကို စိန်ပန်းပြာများနှင့် ပျဉ်းမပန်းများက အလှဆင်နေသည်။ ပြာလွင်သောအရောင်နှင့် မြက်ခင်းစိမ်းစိမ်းမှာ လိုက်ဖက်စွာ တင့်တယ်နေ၏။ ခြောက်လပတ်ဆုကြေးပေးပွဲကို ထူးခြားစွာ ကျင်းပလိုသော လင်းဇော်ဦး၏ ဆန္ဒအရ ဦးစိုင်းနွတ်က သူ့မိတ်ဆွေ စိုင်းကိုလေး၏ ခြံမှာ ခွင့်တောင်းပြီး ကျင်းပခြင်းဖြစ်သည်။

အစားအသောက်များကိုတော့ ထင်းရှူးမြိုင်စားတော်ဆက်မှပင် ပို့ပေးပါသည်။ ကျင်းပချိန်က ဆည်းဆာကာလ နေဝင်သွားပြီ။ သို့သော် မိုးမချုပ်သေး။ ထုံးစံအတိုင်းပင် ဆုကြေးပေးပွဲကို ဦးစွာပြုလုပ်သည်။

ဆိုင်ဝန်ထမ်းများမှာ အပြာနုရောင် ဝတ်စုံသစ်လေးများနှင့်မို့ စိန်ပန်းပြာအရောင်နှင့် လိုက်ဖက်နေသည်။ ယနေ့ပွဲတွင် ထူးခြားစွာ လှပနေသော နှင်းပွင့်စံကို အေးမွန် သေသေချာချာ ကြည့်မိမှ ဆံပင်တိုလေးနှင့်ဖြစ်သွားသည်ကို သတိထားမိသည်။

ဆိုင်ဖွင့်ပွဲနှင့် သုံးလပတ် ဆုကြေးပေးပွဲမှာ ဆံပင်ရှည်နှင့်ဖြစ်သည်။ ကိုယ်တိုင်လည်း ဤသို့ပင်-ဆံပင်ရှည်မှ ဆံပင်တိုသို့ ပြောင်းခဲ့သည်ကို အေးမွန် သတိရမိသည်။

ဆိုင်မှာ အမြတ်ငွေ များစွာကျန်၍ ဝန်ထမ်းတိုင်းကို ဆုကြေးငွေ ငါးထောင်အစား ခြောက်ထောင်အထိ သတ်မှတ်၍ ပွဲတော်ရက်များတွင် အချိန်ပိုဆင်းခများနှင့်ပေါင်းပြီး တစ်ယောက်ကို တစ်ရသောင်းစီပေးသည်။

ဆိုင်ဝန်ထမ်း မိန်းကလေးများအားလုံး ဝမ်းသာနေကြသည်။ ဆုကြေးငွေပေးပြီးတော့ အင်္ဂလိပ်စကားပြောသင်တန်းမှာ ပထမ၊ ဒုတိယ၊ တတိယ ရသူ သုံးဦးကို ဆုချီးမြှင့်သည်။ တနင်္ဂနွေ ဆိုင်ပိတ်ရက်များမှာ အင်္ဂလိပ်စကားပြော ဆရာမငှားပြီး သင်တန်း ဖွင့်ပေးခြင်းဖြစ်သည်။ အေးမွန်ကိုယ်တိုင်လည်း သင်တန်းကို ကြီးကြပ်ရင်း မိန်းကလေးများနှင့်အတူ ပါဝင် လေ့ကျင့်ပေးခဲ့သည်။





နောက်ဆုံးရက်တွင် လင်းဇော်ဦးကိုယ်တိုင် ဆရာမနှင့်အတူ စစ်ဆေးသည်။ သင်တန်းမဖွင့်မီက သွက်လက်ချက်ချာသော အယ်လ်မာသည် အတော်ဆုံး ဖြစ်လိမ့်မည်ဟု အေးမွန် ထင်ခဲ့သည်။

သို့သော် တကယ်သင်ကြား လေ့ကျင့်ပေးတော့ အတော်ဆုံးမှာ နှင်းပွင့်စံ ဖြစ်နေသည်။ ကြိုးစားသော နှင်းပွင့်စံကို အေးမွန် သဘောကျသည်။ လင်းဇော်ဦး လာစစ်သည့်နေ့တွင်လည်း အကောင်းဆုံး ပြောနိုင်သူမှာ နှင်းပွင့်စံဖြစ်သည်။

ထို့ကြောင့် အင်္ဂလိပ်စကားပြောသင်တန်း၏ ပထမဆုကို နှင်းပွင့်စံရသည်။ ဒုတိယဆုကို အယ်လ်မာရသည်။ တတိယဆုကို နီနီညွန့်ရသည်။ နီနီညွန့်မှာ အေးမွန် သတိပေးပြီးချိန်မှစ၍ ဆက်ဆံရေးပြောင်းသွားသည်။ ကြိုးလည်း ကြိုးစားသည်။

"နောက်ဆုံးမှာ ထူးခြားတဲ့ အစီအစဉ်တစ်ခု ကြေညာစရာရှိပါတယ်... "

လင်းဇော်ဦး၏ စကားကို အားလုံးစိတ်ဝင်စားစွာ နားထောင်နေကြသည်။

"ကျွန်တော်တို့ စန်းကက်(ဗ်) အရောင်းဆိုင်ဟာ ဆိုင်ကြီးဖြစ်ပါတယ်... အခု ခြောက်လပတ် ဆုကြေးပေးပွဲပြီးရင် ကောင်တာတွေ တိုးဖွင့်ပြီး ပစ္စည်းတွေလဲ တိုးတင်မှာ ဖြစ်

ပါတယ်... ဒါကြောင့်မို့ အရောင်းမိန်းကလေး နောက်ထပ် လေးယောက် တိုးခန့်ဖို့လဲ အစီအစဉ် လုပ်ထားပါတယ်...

အမှန်တော့ ကျွန်တော်တို့ဆိုင်မှာ အရောင်းအင်ချာထိ တစ်ယောက်၊ အရောင်းမန်နေဂျာ တစ်ယောက်နဲ့၊ ဆိုင်မန်နေဂျာတစ်ယောက်၊ ကြီးကြပ်သူ သုံးယောက် ထားရမှာ ဖြစ်ပါတယ်...

ဒါပေမဲ့ ကျွန်တော်တို့မှာ ဆိုင်မန်နေဂျာ ဒေါ်အေးဆုမွန် တစ်ယောက်တည်းကပဲ အားလုံးကို တာဝန်ယူပြီး ဆောင်ရွက်နေရတာ ဖြစ်ပါတယ်... "

မိန်းကလေးများနှင့် ဧည့်သည်များက အေးဆုမွန်ကို လှမ်းကြည့်ကြသည်။ အေးဆုမွန်မှာ မိန်းကလေးများလို ဆိုင်ဝတ်စုံ အပြာရောင်နှင့် မဟုတ်ပါ။ ပန်းနုရောင် ကြိုးကြီးချိတ် လုံချည်နှင့် ပန်းနုရောင် ဇာအကျီ လက်ရှည်ကို ဝတ်ဆင်ထားသည်။ မြန်မာဆန်စွာ ယဉ်ကျေးသိမ်မွေ့စွာ လှပနေသည်။ ထိုင်သည်ကလည်း လူကြီးဝိုင်းမှာ ဖြစ်၍ လူကြီးဆန်စွာ တည်ငြိမ်ရင့်ကျက်နေသည်။ လင်းဇော်ဦးက သူနှင့်တစ်ဝိုင်း တည်းမှ အေးမွန်ကို လှမ်းကြည့်လိုက်သည်။

"ဒါကြောင့်မို့ တစ်ယောက်တည်း သုံးယောက်တာဝန် ထမ်းဆောင်တဲ့ ဒေါ်အေးဆုမွန်ကို ကျွန်တော်တို့ ကုမ္ပဏီက





နောက်ထပ် အထူးဆုအဖြစ် ငွေတစ်သောင်း ထပ်မံ ချီးမြှင့်ပါတယ်... "

မိန်းကလေးများ ဝမ်းသာအားရ လက်ခုပ်တီးကြသည်။ ဧည့်သည်များလည်း အေးမွန်အတွက် ဝမ်းမြောက်စွာ လက်ခုပ်ဩဘာ ပေးကြသည်။ လင်းဇော်ဦးက ကြိုပြောထားခြင်း မရှိ၍ အေးမွန် ကိုယ်တိုင်လည်း မသိ။ ရုတ်တရက် အံ့ဩသွားပြီးမှ ဝမ်းသာအားရ ဆုကြေးငွေ ထပ်ယူရသည်။

"ကွန်ဂရက်ကျူလေးရှင်း မအေးဆုမွန်... "

စန်းဝင်းက ထလာပြီး အေးဆုမွန်ကို လက်ဆွဲ နှုတ်ဆက်သည်။

"အစီအစဉ်က မပြီးသေးပါဘူး ခင်ဗျား.. "

လင်းဇော်ဦးက ဆက်နေပြန်သည်။

"ခုဆိုရင် ဆိုင်ကလဲ တိုးချဲ့လိုက်ပြီဆိုတော့ အနည်းဆုံး အရောင်းအင်ချာထိတစ်ယောက်တော့ ရှိဖို့လိုပါပြီ.. ဒါမှလဲ ဒေါ်အေးဆုမွန် အနေနဲ့ ဆိုင်မန်နေဂျာအလုပ်ကို ဖိဖိစီးစီး လုပ်နိုင်မှာဖြစ်ပါတယ်... အရောင်းမန်နေဂျာ အလုပ်ကိုတော့ ဒေါ်အေးဆုမွန်ကပဲ ပူးတွဲပြီး တာဝန်ယူပေးပါဦး.. လို့... ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ မေတ္တာ ရပ်ခံပါတယ်"

ဦးစိုင်းနွတ်တာပါ ခေါင်းညိတ်ပြ၍ အေးမွန်ပြန်ပြီး ခေါင်းညိတ်ပြလိုက်ပါသည်။

"အရောင်းအင်ချာထ်ကိုတော့ ဆိုင်ဖွင့်စကတည်းကလဲပါပြီး အလုပ်လဲ ကြိုးစားတယ်... စည်းကမ်းပျက်လဲ တစ်ခါမှမရှိ၊ အင်္ဂလိပ်စကားပြော သင်တန်းမှာလဲ ပထမရတဲ နှင်းပွင့်စံ ကို တစ်ဆင့် တိုးမြှင့်ပေးလိုက်ပါတယ်... "

"ဟေး... ကောင်းတယ်... "

မိန်းကလေးဝိုင်းမှ ဝမ်းသာအားရ အော်ဟစ်ပြီး လက်ခုပ်တီးကြသည်။ အေးမွန်ကိုယ်တိုင်လည်း ဝမ်းသာစွာ လက်ခုပ်တီးမိသည်။ နှင်းပွင့်စံသည် အေးမွန်ကိုချစ်ခင်ရိုသေရုံသာမက အားကျစိတ်နှင့်နေပုံထိုင်ပုံမှအစ ပြောပုံဆိုပုံ လုပ်ကိုင်ပုံအားလုံးကို အတုယူသော မိန်းကလေးလည်း ဖြစ်သည်။ အေးမွန် စိတ်ချစွာ တာဝန်ပေးနိုင်သည်။ မျက်နှာလွှဲရသူ ဖြစ်သည်။

"ဒါကြောင့်မို့ အခုလာမယ့် လကစပြီး နှင်းပွင့်စံရဲ့လစာကို သုံးထောင့်ငါးရာကနေ ငါးထောင်အထိ တိုးမြှင့်လိုက်တယ် ဆိုတာလဲ အများရှေ့မှာ ကျေညာပါတယ်ခင်ဗျာ... "

"ဟေး... "

မိန်းကလေးများဝိုင်းမှ အော်သံနှင့်အတူ လက်ခုပ်သံ





များ ထွက်ပေါ်လာပြန်ပါသည်။

"ဒီက ဧည့်သည်တွေလဲ သိရအောင် နှင်းပွင့်စံ မိတ်တပ်ရပ်ပြလိုက်ပါ... "

အေးမွန် လှမ်းပြောလိုက်၍ နှင်းပွင့်စံ မိတ်တပ်ရပ်ပြသည်။

"ဟာ ချောချောလေးပါလား... "

"ဟုတ်တယ် ချစ်စရာလေး... "

ဧည့်သည်များထံမှ ချီးကျူးသံနှင့် လက်ခုပ်သြဘာသံများ ထွက်ပေါ်လာပါသည်။ နှင်းပွင့်စံ၏ ဖြူနုသော ပါးပြင်လေးများမှာ ရှက်စိတ်နှင့် ဝမ်းသာစိတ်ကြောင့် ပန်းနုရောင်သွေးကြွပြီး ပိုလှနေပါသည်။

ယနေ့ပွဲလေးသည် နှင်းပွင့်စံ၏ ပွဲဖြစ်သွားသည်ဟု အေးမွန် ဝမ်းသာစွာ ခံယူလိုက်ပါသည်။

ဆုကြေးပေးခြင်းပြီး တော့ ညစာစားကြသည်။ ထုံးစံအတိုင်း လူကြီးဝိုင်းမှ လူကြီးများ ယမကာခွက်ချင်းထိ၍ ချီးယားစ် လုပ်ကြသည်။ မိန်းကလေးများ အချိုရည်ခွက်ချင်းထိ၍ ချီးယားစ် လုပ်ကြသည်။ ပြီးတော့ လူကြီးဝိုင်းမှ လူကြီးများ ဝိုင်းကူး၍ မိန်းကလေးများနှင့် ချီးယားစ် လုပ်ကြသည်။

"မအေးဆုမွန်... ကျွန်တော် ဝမ်းသာတယ်ဗျာ... တကယ်ပဲ... "

စန်းဝင်းက အေးဆုမွန်ကို ထပ်၍ ချီးကျူးရင်း လက်ဆွဲနှုတ်ဆက်နေပြန်သည်။ စိန်ပန်းပြာများနှင့် ပျဉ်းမပန်း ပြာလွင်လွင်တို့ကြောင့် ထူးခြားစွာ အပြာနုရောင် ညစာ စားပွဲလေး ဖြစ်နေပါသည်။

❀ ⁘ ❀ ⁘ ❀ ⁘ ❀



## အခန်း (၃၅)

"အေးမွန်... "

ရှေ့မှ ခေါ်သံကြား၍ အေးမွန် အရောင်းစာရင်းများ သွင်းနေရာမှ မော့ကြည့်လိုက်သည်။

"အို... "

အေးမွန် တစ်ကိုယ်လုံးတုန်သွားသည်အထိ ထိတ်လန့်အံ့သြ ဖြစ်ရသည်။ ရုံးခန်းအဝင်တွင် ရပ်နေသော ထွေးမြင့်ကို မြင်ရ၍ဖြစ်သည်။

"အံ့သြသွားလား... "

ထွေးမြင့်၏ အမေးကို အေးမွန် မဖြေနိုင်။ အံ့သြရုံမက ရင်ထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ် ခံစားနေရသည်။

"ကိုထွေး တောင်ကြီးကို ပြောင်းပြီး ရောက်လာတာလား..."

မရောက်လာစေချင်သော စိတ်နှင့် မေးမိခြင်းဖြစ်သည်။ ထွေးမြင့်က မဖြေသေးပဲ ပြုံးနေသည်။ အေးမွန် စိတ်လှုပ်ရှားရသည်။

"ဖောင်ကြီးက သင်တန်းဆင်းပြီးလို့ ခွင့်နဲ့လာတာပါ၊ အခု လောလောဆယ်တော့ ရုံးချုပ်မှာပဲ တွဲဖက်ထားသေးတယ်"

အေးမွန် စိတ်အေးသွားရသည်။

"ဘယ်မှာ ထိုင်ရမှာလဲ အေးမွန်... "

အေးမွန် အထိုင်ခိုင်းရန် မေ့နေသည်။ အထိုင်ခိုင်းချင်စိတ်လဲမရှိ။ အေးမွန်၏ စားပွဲရှေ့မှာလည်း ကုလားထိုင်မရှိ။ ဘေးစားပွဲမှ စာရေးမလေး ခင်မြင့်ကြည်ကြား၍ အေးမွန်ကို လှမ်းကြည့်ပြီး သူ့ထိုင်ခုံကို ပေးရမလို ဖြစ်နေသည်။

စာရေးမလေးများရှေ့မှာ ထွေးမြင့်နှင့်စကား မပြောချင်။ ထွေးမြင့်ပြောမည့် စကားများကို ဆိုင်မှ မိန်းကလေးများ မကြားစေချင်။ ဦးစိုင်းနွတ်အခန်းမှာ ဦးစိုင်းနွတ်ရှိနေသည်။ လင်းဇော်ဦးအခန်းမှာ မည်သူမျှမရှိ။ လင်းဇော်ဦး ဂိုဒေါင် သွားနေသည်။

သို့သော် လင်းဇော်ဦး အခန်းမှာလည်း ရည်းစား





ဟောင်းနှင့်အတူ စကားပြောခြင်း မဖြစ်ချင်။ လင်းဇော်ဦးသိလျှင် စိတ်ဆိုးလိမ့်မည်။

"ဘယ်လို လုပ်ရင်ကောင်းမလဲ... "

အေးမွန် စဉ်းစားရသည်။

"အပြင်ကိုခေါ်သွားပြီး တွေ့ရင်ရော.. "

ဆိုင်ဝန်ထမ်းများ အလုပ်ချိန်အတွင်း အပြင်ထွက်ခွင့်မရှိ။ ကိုယ်သတ်မှတ်ထားသော စည်းကမ်းဖြစ်သည်။

"အကိုကြီးသိသွားရင်... "

ပြဿနာ နှစ်မျိုးတက်မည်။ အလုပ်ချိန်မှာ အပြင်ထွက်ခြင်းနှင့် ရည်းစားဟောင်းနှင့် ချိန်းတွေ့ခြင်း။

"မဖြစ်ဘူး... "

အိမ်ကိုခေါ်သွားရင်ရော၊ အိမ်က ထမင်းစားချိန်မှာပြန်နေကျ ဖြစ်သည်။ ထမင်းစားချိန်ရောက်ရန် တစ်နာရီခန့် လိုသေးသည်။ အိမ်မှာ မဖြူရှိသည်။ မဖြူက ကိုယ့်ကို ချစ်သည်။ သစ္စာရှိသည်။ လိုအပ်လျှင် မဖြူကို သက်သေထူ၍ရသည်။ ကောင်းသည်။ အိမ်ခေါ်သွားပြီး တွေ့ရန် အေးမွန် ဆုံးဖြတ်လိုက်သည်။ ထိုင်နေရာမှ ထလိုက်သည်။

"လာ... ကိုထွေး... "

ထွေးမြင့်ကို ဆိုင်ဘေးလမ်းမှ ပတ်၍ အိမ်သို့ ခေါ်သွားသည်။

"မမလေး... ဒီနေ့ ထမင်းစား ပြန်လာလာ စောလိုက်တာ"

မဖြူ အံ့ဩနေသည်။

"ညှိသည်လာလို့... "

အေးမွန်ပြောပုံက အသံပြတ်နှင့်။ ညှိခန်းထဲမှ ဆိုဖာဆက်တီ ကုလားထိုင်များတွင် အေးမွန်နှင့်ထွေးမြင့် ထိုင်ကြသည်။ အိမ်၏ အပြင်အဆင်နှင့် အသုံးအဆောင် ပစ္စည်းများက ခမ်းနားလွန်းလှသည်ဟု ထွေးမြင့် သတိထား ကြည့်မိသည်။

ညှိခန်းထဲမှ ကြမ်းပြင်မှာ အမွေးနုကော်ဇော ခင်းထားသည်။ ထိုင်နေသည့် ဆိုဖာ ကုလားထိုင်ခင်းများမှာ ရှမ္ပိုင်းအမျိုးအစား ဖြစ်သည်။

"ဒါ အေးမွန့်အိမ်လား... "

"ကုမ္ပဏီကအိမ်ပါ... "

"အေးမွန် ဒီအိမ်မှာနေရတာလား... "

"ဟုတ်တယ်... "

"ဖွားဖွားရော... ခေါ်ထားလား... "

"အစကတော့ ခေါ်ထားပါတယ် ခုတော့ အေးတဲ့ ရာသီ





ဥတုနဲ့မတည့်လို့ ပဲခူးပြန်ပို့ထားရတယ်... "

"ဒါဖြင့် အေးမွန်တစ်ယောက်တည်းလား... "

"ဟုတ်တယ်... "

အေးမွန်ဖြေပုံကို ထွေးမြင့် အားမရ။ သူရောက်လာကတည်းက အေးမွန် ဝမ်းသာအားရမရှိ။ မလွဲသာမရှောင်သာ၍ လက်ခံ တွေ့ဆုံရသောပုံမျိုး ဖြစ်နေသည်။ ပြောပုံဆိုပုံကလည်း ခွင့်ကြေ ဝင့်ကြေ ဖြစ်နေသည်။

ချစ်သူအဖြစ် ကြည်နူးပျော်ရွှင် မဖြစ်ရုံသာမကသာမန်မိတ်ဆွေတစ်ယောက်၏ ရင်းနှီးဖော်ရွေမှုမျိုးကိုပင် မတွေ့ရ။ အေးမွန် ပြောင်းလဲသွားပြီဟု ထွေးမြင့် စိတ်မကောင်းစွာနားလည်လိုက်ရပါသည်။ သို့သော် မယုံချင်သေး၍ မသိချင်ယောင်ဆောင်နေလိုက်သည်။

"အေးမွန်ဘဝက သိပ်ကို ပြောင်းလဲသွားတာကိုး.. "

ရန်ကုန်မှာ အိမ်ငှားနေခဲ့သော အခန်းကလေးနှင့် ထွေးမြင့်ယှဉ်၍ စဉ်းစားလိုက်သည်။ အေးမွန် ဘာမျှ မပြောဘဲ ခေါင်းငုံ့နေသည်။

"မမလေး.. ကော်ဖီ ဖျော်ခဲ့ရမလား.. "

မဖြူက လာမေးသည်။

"အေး... ဖျော်ခဲ့... "

မဖြူ ပြန်ထွက်သွားသည်။

"သူက အေးမွန်အိမ်မှာ ခိုင်းတဲ့မိန်းကလေးလား... "

အေးမွန် ခေါင်းညိတ်ပြသည်။ ဤမျှအထိ အေးမွန် အဆင့်မြင့်စွာ ပြောင်းလဲသွားသည်ကို ထွေးမြင့် အံ့ဩမိသည်။ အေးမွန်ကို ထွေးမြင့် လှမ်းကြည့်လိုက်သည်။ ခေါင်းငုံ့လျက်...

ဘာမျှမေးခြင်း ပြောခြင်း သူ့ဘက်က ပြောရန်မရှိဆိုသောသံဘော။ ထွေးမြင့် ရင်ထဲမှာ မကျေနပ်ချက်များ ကြီးထွားလာရသည်။

"နေနိုင်လိုက်တာ အေးမွန်ရာ... သင်တန်းမှာ အလွမ်းပြေဖတ်ချင်လို့ စာရေးဖို့ပြောခဲ့မှ တစ်စောင်တောင် ပြန် မရေးတော့ဘူး... "

အေးမွန် ဖြေရှင်းချက် မပေးတော့ပါ။

"ရေးလိုက်တဲ့စာရော အေးမွန်ရတယ်မဟုတ်လား... "

"ရပါတယ်... "

"ရရင် ဘာလို့ စာမပြန်တာလဲ အေးမွန်ရာ... "

အေးမွန် ဘာမျှမဖြေ။

"ဘယ်လိုလဲ အေးမွန်... ဒီလောက်အဝေးကြီးကနေအေးမွန်





ကို တွေ့ချင်လွန်းလို့ လာခဲ့တာ... စကားတောင် မပြောချင်တော့ဘူးလား... "

အေးမွန် နှုတ်ဆိတ်လျက်... ။

"ဟာ... အေးမွန် ဘယ်လိုဖြစ်နေတာလဲ ပြောပါဦး... "

မဖြူ ဧည့်ခန်းထဲသို့ ဝင်လာသည်။ ကော်ဖီခွက်နှင့် ဘီစကစ်ပန်းကန် ချပေးပြီး ပြန်ထွက်သွားသည်။

"မဖြူ ဝေးဝေးမသွားနဲ့နော်... လိုရင်ခေါ်နိုင်အောင် ဒီနားမှာပဲနေ... "

"ဟုတ်ကဲ့ မမလေး... "

မဖြူ အပြင်ဘက်ကပ်လျက် အခန်းမှာစောင့်သည်။

"အေးမွန်... ကိုထွေးက အေးမွန်ရဲ့ ချစ်သူတစ်ယောက်ဆိုတာ မေ့သွားပြီလား... "

ထွေးမြင့် မကျေမနပ် မေးလိုက်၍ အေးမွန် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ မဖြူကြားမည်စိုး၍ အပြင်ခန်းသို့ လက်ညှိုးထိုးပြသည်။

"ရတယ်... အေးမွန် ဘယ်သူကြားကြား ဂရုမစိုက်ဘူး... အေးမွန် ဒီလိုလုပ်နေတာတော့ လုံးဝမကျေနပ်ဘူး... ရှင်းအောင်မေးရလိမ့်မယ်... အေးမွန် သဘောထားကို ပွင့်ပွင့်

လင်းလင်း သိချင်တယ်... ”

ထွေးမြင့်အသံက ပိုကျယ်လာသည်။ အေးမွန် စိတ်ပျက်ရသည်။

“ငါ အိမ်ခေါ်လာမိတာ မှားပြီ.. မဖြူက အောင်ပိုင်ကို ပြန်ပြောရင် အောင်ပိုင်က သူ့ဆရာ ပြန်ပြောမှာ ဒါဆိုရင် ငါ တော့ ဒုက္ခပဲ... ”

မမျှော်လင့်ဘဲ ရောက်လာသော ထွေးမြင့်ကိုလည်း ငြိုလ်ကောင်အဖြစ်နှင့် စိတ်ပျက်မိသည်။

“အေးမွန် ဘာကို ဒီလောက်ကြောက်နေတာလဲပြောစမ်းပါ”

“မဟုတ်ပါဘူး... တိုးတိုးပြောပါ.. ”

ထွေးမြင့် ခေါင်းရမ်းလိုက်သည်။

“နားမလည်ဘူး အေးမွန်ရာ၊ကျေလဲမကျေနပ်ဘူး...အေးမွန် ဆက်ဆံတာက တကယ့်ကို သူစိမ်းဆန်လိုက်တာ... ”

“ကော်ဖီသောက်လိုက်ပါဦး ကိုထွေး.. ”

အေးမွန် ကြိုးစားပြီး လောကွတ်စကားဆိုသော်လည်း ခြောက်သွေ့လွန်းလှသည်။

“မသောက်ချင်ပါဘူး.. ကဲ လာတဲ့အကြောင်းကို ပွင့်ပွင့် လင်းလင်းပဲ ပြောမယ်... အခု ကိုယ် စိမ်တစ်ဖြစ်ပြီ။ မြို့နယ်





တစ်ခုရောက်ရင် နေစရာလဲ ရမယ်... လခက တစ်ထောင့် နှစ်ရာ့ငါးဆယ်... ဝန်ထမ်းဆန်လဲရတော့ တို့နှစ်ယောက် စားလောက်ပါတယ်... ”

ထွေးမြင့်ကို အေးမွန် လှမ်းကြည့်လိုက်သည်။

“ငါက... ဒီအလုပ်ထွက်ပြီး သူနဲ့အတူနေရမှာလား... ”

အေးမွန် စဉ်းစား၍ပင်မရ။

“အခု အေးမွန်ကို လက်ထပ်ခွင့်တောင်းဖို့ လိုက်လာတာ”

“အို... မဖြစ်ပါဘူး ကိုထွေးရယ်... ”

အေးမွန်ငြင်းသည်။

“ဟင် ဘာလို့ မဖြစ်ရမှာလဲ... အခုနေ လက်ထပ်ပြီးရင် မိန်းမကတောင်ကြီးမှာရှိလို့ ဖြစ်နိုင်ရင် တောင်ကြီးမှာ နေရာ ချပေးပါလို့ ပြောရင် ရနိုင်တယ်... ”

“ဟင့်အင်း... အဲဒီလို မတောင်းပါနဲ့... ”

အေးမွန်က ထွေးမြင့် တောင်းပြီးပြောင်းလာမှာ စိုးနေသည်။

“ဟင်... ဘာလို့ မတောင်းရမှာလဲ... အေးမွန်က ဘယ်လို သဘောလဲ... ”

အေးမွန်မဖြေ။

"မြေပါ… အေးမွှန်… "

"အေးမွှန် ခုချိန်မှာ ဘယ်သူနဲ့မှ လက်မထပ်ချင်သေးဘူး…"

"ဘာဖြစ်လို့လဲ… "

"ဒီမှာ အေးမွှန် အလုပ်လုပ်ရတာ အဆင်ပြေနေလို့ပါ… နေစရာလဲ အဆင်ပြေတယ်… ခုဆိုရင် မန်နေဂျာအဆင့် ပေးထားလို့ လခလဲ တစ်သောင်းအထိရတယ်၊ ဆုကြေးနဲ့ အိုဗာတိုင်နဲ့ဆိုရင် အေးမွှန် တစ်လ သောင်းငါးထောင် လောက် ရပါတယ်… "

လစာချင်း အင်မတန်ကွာခြားသည်ကို ထွေးမြင့် သဘောပေါက်အောင် ပြောလိုက်ခြင်း ဖြစ်သည်။

"သြော်… အေးမွှန်က ဒီလောက်အထိ တိုးတက်သွားတာကို… "

ထွေးမြင့် စဉ်းစားလိုက်မိသည်။

"ငါက တစ်ထောင့်ငါးရာတောင် မရသေးတော့ သူ့လခက ငါ့ထက် ဆယ်ဆကျော် များနေတာကိုး… "

သို့သော် အေးမွှန်ရသော ထိုငွေများကို ထွေးမြင့် မက်မောခြင်း မရှိပါ။ အေးမွှန်နှင့် အတူနေရလျှင် ဘာမျှ အေးမွှန် လောက် တန်ဖိုးမရှိပါ။





"အေးမွှန်… ဒီအလုပ်ကို ဆက်လုပ်ချင်ရင်လုပ်ပါ… အဲဒီ ရတဲ့ငွေလဲ ကိုထွေးကို ပေးစရာ မလိုပါဘူး… အေးမွှန်ငွေ အေးမွှန် ကြိုက်သလို လုပ်ပါ… ကိုထွေးရတာနဲ့ နှစ်ယောက် အတူ စားတာပေါ့… လက်ထပ်ကြမယ်နော်… "

ထွေးမြင့်က အတင်းအကျပ် တောင်းဆိုနေသည်။ အေးမွှန်ယတိပြတ်ငြင်းရန် ဆုံးဖြတ်လိုက်သည်။ ဆက်ပြီး အားနာ နေလျှင် ပို၍ အခြေအနေဆိုးလာမှာ စိုးသည်။

"ဒီမှာပဲ တရားရုံးမှာ လက်ထပ်လိုက်ကြမယ်… "

"အေးမွှန်… ကိုထွေးကို လက်မထပ်နိုင်ဘူး… "

"ဟင်… ဘာဖြစ်လို့လဲ အေးမွှန်… "

"အေးမွှန် လက်ထပ်ထားပြီး ဖြစ်နေပြီ… "

"ဟင်… "

ထွေးမြင့် သိပ်ကို အံ့သြရလွန်းသည်။ ပြောင်းလဲနေ သည်ကို သိသော်လည်း ဤမျှအထိတော့ မထင်မိ။

"ဘယ်သူနဲ့လဲအေးမွှန်… "

"ဒီကုမ္ပဏီပိုင်ရှင် ဦးလင်းဇော်ဦးနဲ့… "

"ဟာ မိုက်လိုက်တာ… အေးမွှန်ရာ… "

သူစိုးရိမ်ခဲ့သည့်အတိုင်း ဖြစ်လာသည်ဟု ထွေးမြင့်

နာကျည်းစွာ နားလည်လိုက်ပါသည်။ အေးမွှန်က ဘာမျှ ပြန်မပြော ခေါင်းငုံ့နေသည်။

"အဲဒီလူမှာ အိမ်ထောင်ရှိတယ် မဟုတ်လား... "

"သူ အိမ်ထောင်နဲ့ကွဲနေပါတယ်... "

"ဘယ်သူပြောတာလဲ... သူပြောတာ မဟုတ်လား... "

"တကယ်ကွဲနေတာပါ... "

အေးမွှန်က အခိုင်အမာပြောသည်။

"တရားဝင် ကွာထားတာလား... "

"ဘယ်လိုပဲဖြစ်ဖြစ်လေ ကွဲနေတာ သေချာတာပဲ... "

"ဒါ အဲဒီလူ ပေးထားတဲ့ စည်းစိမ်ဥစ္စာတွေလား... "

"ဟုတ်တယ်... "

ထိုင်နေသော ကတ္တီပါဆိုဖာများမှာပူနေသလိုထွေးမြင့် ခံစားရသည်။

"လုပ်ရက်လိုက်တာ အေးမွှန်ရာ... တို့ချစ်ခဲ့ကြတာတွေကို လွယ်လွယ်နဲ့ မေ့နိုင်လိုက်တာ... "

ထွေးမြင့်ရင်ထဲမှာ ကြေကွဲစွာ ခံစားရသည်။

"အေးမွှန်ကို သိပ်အထင်ကြီးပြီး သိပ်ချစ်ခဲ့မိတာပါ... ဒီ





လောက် အပြောင်းအလဲ လွယ်လိမ့်မယ်လို့ လုံးဝ မထင်ခဲ့မိဘူး... "

အေးမွှန် ဘာမျှ ပြန်ပြီး ရှင်းပြလိုစိတ် မရှိပါ။ ခွင့်လွှတ်ပါဟုလည်း တောင်းပန်မနေချင်တော့ပါ။ အပြင်ဖက်အခန်းမှာ ရှိသော မဖြူကြားနေမည်ကိုသာ အေးမွှန် စဉ်းစားပြီး စိုးရိမ်နေပါသည်။

"အေးလေ... မဖြူကို အခုကြားတာတွေ အားလုံး ဘယ်သူ့မှ ပြန်မပြောဖို့ ကိုအောင်ပိုင်ကိုပါ ပြန်မပြောဖို့ တားထားရမှာပဲ... သူ ငါ့စကားကို နားထောင်မှာပါ... ဒီအကြောင်းတွေ အကိုကြီးလုံးဝ မသိမှဖြစ်မယ်... "

အေးမွှန် ခံစားနေရသည်က ထွေးမြင့်အတွက်မဟုတ်။ လင်းဇော်ဦးအတွက်သာ ဖြစ်သည်။

"လက်ထပ်လိုက်တာ ကြာပြီလား အေးမွှန်... "

"နှစ်လခွဲလောက် ရှိပါပြီ... "

"တောက်... "

ထွေးမြင့် ရင်ထဲမှာ ခံပြင်းလွန်းလှသည်။ စွန့်လွှတ်လိုက်ရသော ချစ်သူကိုလည်း နှမြောတသ ဖြစ်နေမိသည်။ သူ့ရှေ့မှာရှိနေသော အေးမွှန်ကို မမှိတ်မသုန် ကြည့်နေမိသည်။

"ဪ... ခုတော့ သူများပိုင်ဆိုင်သူ ဖြစ်နေပြီ... "

ချစ်ခင် ကြင်နာခဲ့သည်များကို စဉ်းစားရင်း ရင်ထဲမှာ နာကျင်စွာ ခံစားရလွန်းသည်။

"ဘယ်မှာ လက်ထပ်ခဲ့ကြတာလဲ အေးမွန်... "

"တရားရုံးမှာ... "

"လက်ထပ်စာချုပ်ရှိလား... "

"ရှိပါတယ်... "

"နောက်မှတွေ့တဲ့လူက ငွေကြေးဥစ္စာ ချမ်းသာတဲ့လူဖြစ်နေတော့ အေးမွန် မေတ္တာက ချိန်ခွင်လျှာ စောင်းသွားတာကိုး...

တကယ်တော့ အေးမွန် ရုပ်ရည်က သန့်ပြန့်ပါတယ်... တို့ထက် အများကြီးသာတဲ့ ယောကျ်ားမျိုးနဲ့တောင်တင့်တင့်တယ်တယ် ရနိုင်ပါတယ်... "

ထွေးမြင့်စကားကို နားထောင်ရင်းဒေါက်တာကျော်ဝေကို အေးမွန် မြင်ယောင်မိသည်။

"အဲဒီလိုရသွားရင် ကိုယ့်အတွက် စိတ်မကောင်း ဖြစ်ရပေမဲ့ အေးမွန်အတွက် ဝမ်းသာမိမှာပါ... ခုတော့ သူများ အငယ်အနှောင်း ဖြစ်ရတယ်လို့ဟာ... "





"သူများ အငယ်အနှောင်း မဟုတ်ပါဘူး... "

အေးမွန် မကျေမနပ် ပြန်ပြောသည်။

"အငယ်အနှောင်း သေချာတာပေါ့... အားလုံး စုံစမ်းပြီးသား... ဒီလူ့မိန်းမက မော်လမြိုင်မှာရှိတယ်... သူ့ထက် အသက်ကြီးတယ်... ပိုက်ဆံချမ်းသာတယ်... သူသိုက်တူးပြီး ယူထားတာ... ပြီးတော့မှ မယားကြီးရှိရက်နဲ့ မိန်းကလေး ချောချောလေးတွေကို အငယ်အနှောင်းထားတာ... "

"ဟင်... ရှင်... အကိုကြီးကို မဟုတ်တာတွေ မပြောနဲ့... "

အေးမွန် မခံမရပ်ဖြစ်နေသည်ကိုကြည့်ပြီး ထွေးမြင့် ပြုံးလိုက်သည်။

"အေးမွန် ဒီလူ့အကြောင်း ဘာတွေသိလဲ ဘယ်လောက်သိလဲ... "

"မသိဘူး... သိစရာလဲမလိုဘူး... အကိုကြီးက အေးမွန်အပေါ် သိပ်ကောင်းတယ်... အေးမွန်ကို... ဒိ^{}ဝ်... "

အေးမွန် စကားရပ်သွားသည်။ 'သိပ်ချစ်သည်' ဟု ပြောမည်ပြုပြီးမှ တစ်ခါမျှ လင်းဇော်ဦး ချစ်စကား မပြောသည်ကို သတိရသွားသည်။

"အေးမွန်ကိုသိပ်ဂရုစိုက်တယ်... အကောင်းဆုံးဖြစ်အောင်

ထားတယ်... "

ထွေးမြင့် နားလည်လိုက်ပါသည်။

"အေးမွန်က ဖြတ်လမ်းနည်းနဲ့ ရွှေကော်ဇောရောနှော ထိုင်ချင်တာကိုး... ကိုယ့်ဘဝမှာ ကိုယ်တိုင်ကြိုးစားရင်လဲ အဆင့်ဆင့်တိုးတက်နိုင်ခွင့်တွေ ရှိပါတယ် အေးမွန်ရ... မှားလိုက်တာ... "

ထွေးမြင့်ရင်မှာ နာကျင်လွန်းလှသည်။

"အေးမွန်က ပတ်ဝန်းကျင်မှာ မြင်တွေ့နေရတဲ့ ခေတ်ပေါ်အသုံးအဆောင် ပစ္စည်းတွေနဲ့ ကိုယ့်ဘဝကို လဲပစ်လိုက်တာကိုး... "

"မဟုတ်ဘူး... မဟုတ်ဘူး... အကိုကြီးကို ချစ်လို့ လက်ထပ်တာ... "

အေးမွန် မကျေမနပ် အော်ဟစ် ပြောလိုက်သည်။

"အေးမွန် သူ့ကို တကယ်မချစ်ပါဘူး... ဘာဖြစ်လို့လဲဆိုတော့ သူကမှ အေးမွန်ကို တကယ်ချစ်တဲ့လူ မဟုတ်ဘဲ..."

"မဟုတ်ဘူး... မဟုတ်ဘူး... အေးမွန် အကိုကြီးကို တကယ်ချစ်တာ... ရှင့်ကို မချစ်ဘူး... ရှင်ထွက်သွားပါ... သွားတော့"

အေးမွန် မတ်တပ်ရပ်လိုက်သည်။ အေးမွန်၏ ဒေါသ





နှင့် ပြောဆိုသံကြောင့် မဖြူ ဧည့်ခန်းဘက်သို့ ရောက်လာသည်။

"သွားလေ... ရှင်သွားတော့... ရှင် ဘယ်တော့မှမလာနဲ့... ရှင့်ကိုလဲ ဘယ်တော့မှ မတွေ့ချင်ဘူး... ရှင်လဲ ကျွန်မကို လာမတွေ့ပါနဲ့... ကျွန်မ ရှင့်ကိုမုန်းတယ်... "

ထွေးမြင့် မတ်တပ်ရပ်လိုက်ပါသည်။ ဒေါသနှင့်ရန်တွေ့ပြောဆိုရင်း ငိုကြွေးနေသော အေးမွန်ကို အံ့ဩလွန်းစွာနှင့် စိတ်မကောင်းစွာ ကြည့်နေမိပါသည်။

"ကောင်းပါပြီ.. သွားပါမယ်... အေးမွန်ကို ကိုထွေးဘက်ကတော့ မမုန်းပါဘူး... စိတ်မကောင်းတာ တစ်ခုပါပဲ... "

ထွေးမြင့်အသံက ငြင်သာသည်။

"ရှင်မမုန်းပေမဲ့ ကျွန်မ ရှင့်ကို မုန်းတယ်... "

"အေးမွန်လဲ တို့ကို တကယ်မမုန်းပါဘူး... ဘာဖြစ်လို့လဲဆိုတော့ တို့ကမှ အေးမွန်ကို မမုန်းဘဲ... အဲ့ခုဟာက မချစ်တဲ့လူကိုချစ်တယ်ထင်နေတော့... မမုန်းတဲ့လူကိုလဲ မုန်းတယ်ထင်တာပါ... "

"မသိဘူး... မုန်းတယ်... မုန်းတယ်... ရှင်ဘာမှ ဆက်မပြောနဲ့... အမြန်ဆုံး ထွက်သွားတော့... "

အေးမွန်က မဖြူ၏ရင်ခွင်မှာ မျက်နှာအပ်၍ ငိုနေပါသည်။ ထွေးမြင့် ထွက်လာခဲ့ပါသည်။ အေးမွန်၏ ငိုရှိုက်သံများနောက်မှာ ကျန်နေရစ်ခဲ့ပါသည်။

❖ ✣ ❖ ✣ ❖ ✣ ❖



## အခန်း (၇၆)

"အကိုကြီး ထမင်းထည့်ဦးမလား… "

လင်းဇော်ဦးလက်ကာပြသည်။

"အကိုကြီး ဒီနေ့ထမင်းစားတာ နည်းပါလား… "

လင်းဇော်ဦး ဘာမျှမပြော။ ထမင်းစားပွဲမှထပြီးအပေါ်ထပ်သို့ တက်သွားသည်။ အေးမွန် ထိတ်လန့်စိုးရွံ့စွာနှင့် ရိပ်မိပါသည်။ ညနေ အိမ်ပြန်လာသည့် အချိန်ကတည်းက ရိပ်မိခြင်းဖြစ်ပါသည်။

ခါတိုင်းလို အေးမွန်ကို နှုတ်ဆက်ခေါ်ပြောခြင်းမရှိ။ အေးမွန်ကလည်း ကိုယ့်အပြစ်နှင့်ကိုယ့်လိပ်ပြာ မသန့်၍ နှုတ်ဆက်ခေါ်ပြော မလုပ်ဝံ့။ ထမင်းပြင်ပြီးမှ ထမင်းစားခေါ်ရသည်။

ထမင်းဝိုင်းလေးတော့ ဖြစ်သွားပါသည်။ သို့သော် တိတ်ဆိတ်စွာနှင့်။

"ကိုယ့်ဘာသာ နေရင်းထိုင်ရင်း မဖိတ်ခေါ်ရဘဲနဲ့ ပြုံးဝင်လာတာ... "

ထွေးမြင့်ကို အေးမွှန် မကျေနပ်။ နေ့ခင်းက သူရောက်လာသည့် ပြဿနာပင် ဖြစ်ရမည်ဟု အေးမွှန် နားလည်နေသည်။

"အကိုကြီး ဘယ်လိုသိသွားလဲ... အကိုကြီးကို ဘယ်သူပြောပြလဲ... "

အေးမွှန် စဉ်းစား၍မရ။

"သူ့ဘာသာလာတာပဲ... ကိုယ့်ဘက်က ဘာမှ မမှားတာ.. မဖြူ သက်သေ ရှိတာပဲ... "

"ဒါပေမဲ့ မဖြူပြောလို့ သိတာဆိုရင်... "

ဘယ်သူ့ကိုမျှ မယုံရ။ အားလုံးမှာ အကိုကြီးကအလုပ်ပေးပြီး ထမင်းကျွေးထားသူ ချည်းဖြစ်သည်။ ဘာပဲ ဖြစ်ဖြစ် အေးမွှန်ရှင်းလိုက်ချင်သည်။ ယခုအတိုင်းကြီးတော့ မနေချင်။

အေးမွှန် အပေါ်ထပ်သို့ တက်ခဲ့သည်။ လင်းဇော်ဦး တီဗွီကြည့်နေသည်။ အေးမွှန်လာသည်နှင့် တီဗွီကို ပိတ်လိုက်သည်။ အေးမွှန် ရင်ခုန်သံများ ပုံမှန် စည်းချက် မဟုတ်တော့ပါ။





"တဲ ထိုင်ပါဦး... မေးတာအားလုံးကို မှန်မှန်ဖြေပါ... "

ပြဿနာကို စတင်ရင်ဆိုင်ရပြီဟု အေးမွှန် နားလည်လိုက်ပါပြီ။

"နေ့ခင်းက ဘယ်သူလာတာလဲ ပြောပါ.. "

"ကိုထွေးမြင့် လာပါတယ်... "

အေးမွှန် အမှန်အတိုင်း ဖြေပါသည်။

"ဘယ်က ကိုထွေးမြင့်လဲ... "

"ရန်ကုန်က ကိုထွေးမြင့်ပါ.. "

"မင်းနဲ့ချစ်သူ ဖြစ်ခဲ့ဘူးတဲ့ စာရေးကောင်လေး မဟုတ်လား"

"ဟုတ်ပါတယ်... "

အေးမွှန် တစ်ခုမျှ မငြင်းပါ။

"ဘာလို့လာတာလဲ... "

"အေးကို လက်ထပ်ခွင့်တောင်းဖို့ လာတာပါ.. "

"ဩော်... အဲဒီတော့ မင်းက ဘာပြောလိုက်လဲ... "

"လက်မထပ်နိုင်ကြောင်း ပြောပါတယ်... "

"အဲဒီတော့... "

"သူက ဖွတ်အတင်း တောင်းဆိုပါတယ်... "

"အင်း... ပြောပါဦး... "

"အေးက အကိုကြီးနဲ့ လက်ထပ်ထားပြီး ဖြစ်တဲ့အကြောင်း ပြောလိုက်ပါတယ်... "

"ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ... "

"သူ့အတွက် မျှော်လင့်ချက် မရှိတော့ကြောင်း သိပြီး ပြန်သွားစေချင်လို့ပါ.. "

"မင်းတို့ ဘယ်မှာ စကားပြောကြတာလဲ... "

"ဒီအိမ်အောက်ထပ်က ဧည့်ခန်းမှာပါ.. "

"ဘာလို့ အိမ်ခေါ်လာရတာလဲ... "

"ဆိုင်မှာပြောရင် သူများတွေ ကြားမှာစိုးလို့ပါ.. "

"အိမ်မှာကျတော့ မင်းတို့နှစ်ယောက်ထဲပေါ့.. "

"မဖြူကို ခေါ်ထားပါတယ်... "

"မဖြူက ဧည့်ခန်းထဲမှာလား... "

"ဧည့်ခန်းထဲမှာတော့ မဟုတ်ပါဘူး... ဧည့်ခန်းအပြင်က အခန်းမှာပါ.. "

"ဒါဆို မင်းတို့ကို သူက ဘယ်မြင်ရမလဲ... "

"အေးတို့ စကားပြောနေတာ အားလုံး သူကြားပါတယ်...





သူ့ကို ဝေးဝေးမသွားနဲ့ ဒီနားမှာပဲနေလို့ အေးပြောထားတာပါ... "

"မင်းက လက်ထပ်ထားတဲ့အကြောင်းပြောတော့ သူက ဘာပြန်ပြောလဲ... "

"အေးကို မကျေမနပ် ပြောပါတယ်... "

"မင်းနဲ့သူနဲ့ချစ်သူတွေဖြစ်ခဲ့တုန်းက ဘယ်လောက်ထိ ရင်းနှီးခဲ့ကြလဲ... "

"ဘာမှ မရင်းနှီးခဲ့ပါဘူး... စကားပြောရုံလောက်ပါပဲ... "

အမှန်ပြောသည့်အထဲမှာပင် မုသား အနည်းငယ် သုံးလိုက်သည်။

"ဟုတ်ကဲ့လား... မှန်တဲ့အတိုင်း ဝန်ခံပါ.. မင်းတို့ ချစ်သူအဆင့်ထက်ပိုတဲ့ အခြေအနေမျိုး ဘယ်နှစ်ခါ.. "

"တစ်ခါမှ မရှိခဲ့ပါဘူး... "

အေးမွန်အသံကျယ်သွားသည်။ ပါးပေါ်မှာလည်း မျက်ရည်များ စီးဆင်းလာသည်။ လင်းဇော်ဦးက အေးမွန် မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်၍ အမှားအမှန် ရှာနေသည်။

"သေချာလား... "

"အေးကျိန်ပြောရဲပါတယ်... အေး ကိုယ်ခန္ဓာဟာ အသန့်

ရှင်းဆုံး ရှိနေခဲ့တာပါ.. အကိုကြီးနဲ့ လက်ထပ်ပြီးမှ... ”

အေးမွန် ဆက်မပြောတော့ဘဲ ရှိုက်ကြီးတငင် ငိုပါသည်။

“မင်းက လက်ထပ်ထားတဲ့အကြောင်း ပြောတော့ သူချက်ချင်းပြန်သွားရောလား.. ”

“မပြန်ပါဘူး... အေးကို မကျေမနပ် ပြောနေတာနဲ့... အေးကလဲ သူ့ကို ပြန်ပြောပြီး အိမ်ထဲက ထွက်သွားခိုင်းတာပါ.. အဲဒီကျမှ ထွက်သွားတာပါ.. ”

“အခု မင်းပြောတဲ့အတိုင်း သေချာတယ်နော်.. ”

“မဖြူကိုမေးကြည့်ရင် အမှန်အတိုင်း သိပါတယ်... ”

“ကောင်းပြီ... ဒီတစ်ခါတော့ ဖြစ်ပြီးသွားပြီမို့ မင်းပြောတာအားလုံးကို ငါယုံလိုက်မယ်... ဘယ်သူ့မှလဲ မမေးတော့ပါဘူး... ”

အေးမွန်က မေးစေချင်ပါသည်။ မမေးဘဲနှင့် ယုံလိုက်မည်ဟု ပြောသည်ကို သဘောမကျပါ။ သို့သော် ဘာမျှလည်း ပြန်မပြောဝံ့ပါ။

“ဒါပေမဲ့ မင်းကို ငါနောက်ဆုံးအကြိမ်အဖြစ်နဲ့ သတိပေးလိုက်မယ်... ကုမ္ပဏီရဲ့ အလုပ် လုပ်ချိန်မှာ အခြားလူတစ်





ယောက်နဲ့ထွက်တွေ့ပြီး စကားပြောနေတာဟာ အလုပ်ချိန်စည်းကမ်းပျက်တာ ဖြစ်တယ်... မန်နေဂျာကစပြီး အဲဒီလိုစည်းကမ်းပျက်နေရင် ဆိုင်ဝန်ထမ်းတွေကို ဘယ်လိုလုပ်အုပ်ချုပ်လို့ ရမလဲ... နောက်တစ်ခါ ဒီလို စည်းကမ်းပျက်တာမျိုး လုံးဝ မဖြစ်ပါစေနဲ့... ငါ လုံးဝ မကြိုက်ဘူး.. ”

လင်းဇော်ဦး ပြောပုံက တင်းတင်းမာမာ နိုင်လွန်းသည်။

“မင်း... ငါပြောတာ နားလည်လား... ”

“ဟုတ်ကဲ့ နားလည်ပါတယ်... ”

“နောက်တစ်ခါလာရင် ဘယ်လိုလုပ်မလဲ... ”

“မတွေ့တော့ပါဘူး... ”

“မင်းငါ့ကို ကတိပေးနိုင်မလား... ”

“ဟုတ်ကဲ့... ပေးနိုင်ပါတယ်... ”

“ကောင်းပြီ... နောက်တစ်ခုက... ငါဒီလိုသိအောင် ဘယ်သူက ပြောတာလဲလို့ စုံစမ်းမေးမြန်းတာမျိုး လုံးဝမလုပ်ပါနဲ့... လုပ်ရင်တော့ မင်းကို ငါ့ကုမ္ပဏီက လုံးဝ ထုတ်ပစ်ရလိမ့်မယ်... ”

အေးမွန် ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

လင်းဇော်ဦး ဆက်ဆံပြောဆိုသည်မှာ လက်ထပ်ထားသောဇနီး တစ်ယောက်ကို ပြောပုံမျိုးမဟုတ်ပဲ ကုမ္ပဏီပိုင်ရှင်နှင့် အလုပ်သမားတစ်ယောက်၏ ဆက်ဆံပုံမျိုး ဖြစ်သည်ကို နားလည်လိုက်ပါသည်။

"ဒီနေ့ဖြစ်တဲ့ ကိစ္စကိုရော... ခုည မင်းနဲ့ငါနဲ့ ပြောဆိုရတာတွေရော အားလုံးကို မင်းခေါင်းထဲက ဖျောက်ပစ်လိုက်ပါ.. ငါလဲ ဖျောက်ပစ်လိုက်ပါ့မယ်... နောက်တစ်ခါ ဒီအမှားမျိုး မမှားရင် ပြီးတာပါပဲ... "

လင်းဇော်ဦး ထိုင်ရာမှထပြီး အောက်ထပ်သို့ ဆင်းသွားသည်။ ထိုနေ့ညက ပါရာဒိုက်(စ်) သို့ သွားအိပ်ပါသည်။ ဖြစ်သည့်ကိစ္စနှင့် ပြောဆိုသည်များကို ဖျောက်ပစ်ရန် လင်းဇော်ဦး ပြောခဲ့သော်လည်း အေးမွန် မဖျောက်နိုင်ပါ။

အိပ်ရာကုတင်ပေါ်မှာ တစ်ယောက်တည်းအိပ်ရင်း မျက်ရည်များက အဆက်မပြတ် စီးကျနေသည်။ အကိုကြီး၏ ဆက်ဆံပြောဆိုပုံများကို ရင်ထဲမှာ နာကျင်စွာ ခံစားရသည်။ သူကိုယ်တိုင် အိမ်ထောင်ကျဘူးသူ ဖြစ်ပါလျက် ချစ်သူရှိခဲ့ဘူးသည့် ကိစ္စကိုအသေးစိတ် စစ်ဆေးမေးမြန်း ခံရသည်။

အေးမွန် အားလုံး အမှန်အတိုင်း ပြောသည်။ သို့သော် မေးမြန်းစုံစမ်းခြင်း မပြုတော့ဘဲ နောက်တစ်ခါ ဒီအမှားမျိုး မမှား





ရင် ပြီးတာပဲဟု ပြောသွားသည်။ တစ်ဘက်သတ် ဆန်လွန်းသည် အပေါ်စီးယူလွန်းသည်။

ချစ်သည်ဟူသော စကား မပြောလို၍ မပြောခြင်း မဟုတ်။ အိမ်ထောင်သည်ဘဝဟု ထင်ရရုံမျှသာ ဖြစ်သော်လည်း အချစ်ဘာမှ မပါသော အနှစ်သာရမရှိသည့် အိမ်ထောင်အဖြစ် အေးမွန် ပထမဦးစွာ နားလည်လိုက်ရသည်။

အေးမွန် ခေါင်းအုံးပေါ်မှာ မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုချလိုက်မိပါသည်။

## အခန်း (၇၇)

လင်းဇော်ဦး တစ်ပတ်တိတိ ပါရာဒိုက်(စ်)မှာ အိပ်သည်။ ထမင်းစားသည်ကိုလည်း အပြင်မှာပင်စားသည်။ အေးမွန်ရှိသောအိမ်သို့ လုံးဝမလာ။ ထိုရက်များတွင် အေးမွန် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့် အနေကြံ့နေရသည်။

တစ်ပတ်ပြည့်ပြီးသည့် ညတွင်မှ လင်းဇော်ဦး အိမ်ပြန်ရောက်လာသည်။ သူ၏ လက်ခုပ်ထဲမှ ရေဘဝမှာ ကျေနပ်ရပြန်သည်။ သခင်မျက်နှာသာပေးသော အိမ်မွေးတိရစ္ဆာန်တစ်ကောင်နှယ် မြူးမြူးကြွကြွ ဖြစ်နေရပြန်သည်။

သို့သော် လင်းဇော်ဦးနှင့် အဆင်ပြေပြီး ဆယ်ရက်အကြာတွင် အေးမွန်ထံသို့ စာတိုက်မှ စာတစ်စောင် ရောက်

လာသည်။

"လာပြန်ပြီစာ... "

အေးမွန် ထိတ်ထိတ်ပျာပျာ ဖြစ်ရသည်။ နောက်တစ်ခါ ပြဿနာဖြစ်ရမှာကို အကြောက်ကြီး ကြောက်နေသည်။ တော်သေးသည်။ စာအိတ်ပေါ်မှ လက်ရေးကို ကြည့်လိုက်တော့ ထွေးမြင့်၏ လက်ရေးမဟုတ်။ သို့သော် ဘယ်သူလက်ရေးမှန်းလဲ မသိ။ စာရေးမလေးများ မြင်သာအောင် သူ့စားပွဲမှာပင် စာကို ဖေါက်လိုက်သည်။

တူမအေးမွန်...

ဒေါ်လေးချစ်က ပဲခူးကိုရောက်ပြီး အစာလဲစားနိုင်လာလို့ ကျန်းကျန်းမာမာ ပြန်ဖြစ်လာတယ်... ဘာရောဂါမှလဲ မရှိတော့ပါဘူး...

မလုပ်ပါနဲ့တားပေမဲ့ အန်တီမြရဲ့ အိမ်ဆိုင်လေးမှာ တောင် ကူညီ ရောင်းပေးနိုင်ပါတယ်၊ အန်တီမြလဲ သူ စိတ်ချမ်းသာသလို လုပ်ပါစေ... လူကြီးဆိုတာ လှုပ်လှုပ်ရှားရှား လုပ်ရတော့ ကျန်းမာတာပေါ့လို့ ခွင့်ပြုထားပါတယ်... ဒါပေမယ့် ကြာလာတော့ သူမပျော်တော့ဘူး... ငါ့မြေးကို လွမ်းလိုက်တာလို့ ခဏခဏ ပြောရာတယ်...





ငါ့မြေးလေး ပိုက်ဆံတော့ ရပါရဲ့ လုပ်ရကိုင်ရတာပင်ပန်းလိုက်တာလို့လဲ... ခဏခဏပြောတယ်... မိန်းမပျိုလေး ညဆိုလဲ ရှစ်နာရီလောက်မှ ပြန်ရတယ်... ဖွားဖွားမရှိတော့ သူ တစ်ယောက်ထဲ နေရတာလို့လဲ စိုးရိမ်နေရှာတယ်... နောက်ပိုင်းကျတော့ သူ ကျန်းမာနေပြီ တောင်ကြီးကို ပြန်သွားရင် ကောင်းမလားလို့ စဉ်းစားလာတယ်။ ဒါပေမဲ့ တောင်ကြီး ပြန်ရောက်ရင် အသက်ရှုကျပ်တဲ့ ရောဂါ ပြန်ဖြစ်မှာလဲ ကြောက်နေတယ်... သူ့စိတ်နဲ့သူလဲ မပြတ်သားဘူး...

ခုရက်ပိုင်းမှာတော့ စကားလဲနည်းလာတယ်။ အစားလဲနည်းလာတယ်... တဖြည်းဖြည်း ပြန်ပိန်လာတယ်။ အစားနည်းတော့ လူကြီးဆိုတော့ အားနည်းလာတယ်... ဆရာဝန်နဲ့ပြပြီး ကုတော့လဲ ဘာမှ မထူးခြားဘူး။ ဆရာဝန်ကတော့ သူ့မြေးကြောင့် စိတ္တဇဖြစ်နေတာမျိုးပါလို့ ပြောတယ်။

ကြာရင် ပိုဆိုးလာမှာ အန်တီမြ စိုးရိမ်တယ်။ ဒါကြောင့် ဒီစာရေးလိုက်တာပါ။ အန်တီမြ အနေနဲ့ ကိုယ့်အဒေါ်ကို ကျွေးထားရတာ ဘာမှ ဝန်မလေးပါဘူး။ ဝမ်းတောင် သာနေတာပါ... ငါ့တူမ အလုပ်က ခွင့်ယူလို့ရရင် ပဲခူးကို တစ်ပတ်လောက် ပြန်လာနိုင်မလား... ဒါမှမဟုတ် ဒေါ်လေးချစ်

ကို တောင်ကြီး ပြန်ခေါ်လို့ ဖြစ်မလား…

ငါ့တူမ စဉ်းစားပါဦး… ဘယ်လိုလုပ်ရင် ကောင်းမလဲ… အမြန် အကြောင်းပြန်ပါ။

အန့်တီမြ

အေးမွန်ကိုယ်တိုင် အသက်ရှုကျပ်သောရောဂါကို ခံစားလာရသလို သက်ပြင်းတစ်ချက် ရှိုက်လိုက်ရသည်။ ဖွားဖွား ကျန်းမာရေးကို စိုးရိမ်မိသည်။ တောင်ကြီးခေါ်လျှင်လည်း ဖွားဖွား အသက်ရှုကျပ်သောရောဂါ ပြန်ဖြစ်မှာစိုးသည်။ ပြန်ဖြစ်လျှင် ပိုဆိုး မည်။ သွားခေါ်ပြန်ပို့ အကြိမ်ကြိမ်လုပ်နေရလျှင် အကိုကြီး မကျေမနပ်ဖြစ်မှာ ကြောက်သည်။

"အကိုကြီးကို ဘယ်လိုပြောရပါ့… "

အေးမွန် ရင်မောရသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၇၈)

စက်တပ်လှေက အင်းလေးရေပြင်မှာ လျှင်မြန်စွာ ပြေးနေ၍ ရေပန်းရေစက်များ လှေ၏ဘေးနှစ်ဖက်သို့ ဖြာထွက်နေသည်။ လှေ၏ နောက်ဖက်မှာ စင်ရော်တစ်အုပ်က နိမ့်ချည် မြင့်ချည် ဝဲကာဝဲကာ လိုက်ပါလာကြသည်။

လှေဦးပိုင်းတွင် ရှေ့ဘက်ကိုကျောပေးပြီး လှေဝမ်းဘက်သို့ မျက်နှာမူ၍ ထိုင်နေ၏။ အသားရောင် ဘောင်းဘီရှည်နှင့် အဝါနုရောင် တီရှပ်ကို ဝတ်ထားသည်။ သူ့အကြိုက်ဆုံး အရောင်များဖြစ်သည်။ ဖြူသော သူ့အသားနှင့် လိုက်ဖက်သည်။ မျက်နှာတွင် သုံးသောင်းကျော်တန် ရေဘင်မျက်မှန် တပ်ထား သည်။

သူနှင့် မလှမ်းမကမ်းတွင် သူတပည့် အောင်ပိုင်က ဆရာ၏ အတက်ချိုကျေစ်ကို ကိုင်၍ ထိုင်နေသည်။ ဦးစိုင်းနွတ်နှင့် ဆိုင်ဝန်ထမ်း မိန်းကလေးများအားလုံး လှေဦးဘက်သို့ မျက်နှာလှည့်ပြီးတန်းစီ ထိုင်နေသည်။ နောက်ဆုံးတွင် အေးမွန်နှင့် နှင်းပွင့်စံ ဘေးချင်းယှဉ်လျက်။

တနင်္ဂနွေနေ့ ဆိုင်ပိတ်ရက် ဖြစ်သောကြောင့် အင်းလေးသို့ ဖောင်တော်ဦးဘုရားဖူးရင်း ပျော်ပွဲစား ထွက်လာကြခြင်းဖြစ်သည်။ လင်းဇော်ဦး အစီအစဉ် ဖြစ်သည်။ ကုန်ကျစရိတ်အားလုံး ကုမ္ပဏီမှ ကျခံသည်။

လင်းဇော်ဦးက လက်ထဲမှ ပေါင်မုန့်ကိုဖဲ့၍ စင်ရော်လေးများကို ပစ်ကျွေးနေသည်။ ရဲတင်းသော စင်ရော် အချို့က လင်းဇော်ဦးအနီးအထိ ကပ်လာ၍ မိန်းကလေးများ သဘောကျနေကြသည်။

လင်းဇော်ဦးမှာ ကုမ္ပဏီကြီးတစ်ခုကို ပိုင်သောသူဌေး ဖြစ်သည်။ အသက်က သုံးဆယ်ကျော်သာရှိ၍ ငယ်သေးသည်။ အသားဖြူ၍ ရုပ်ရည် သန့်သည့်အပြင် စမတ်ကျကျ ဝတ်ဆင်တတ်၍လည်း မိန်းကလေးများ၏ အထင်ကြီးခြင်းကို ခံရသည်။

အိမ်ထောင်နှင့် ကွဲနေသည်ဟု သိထားကြသည်ကလည်း စိတ်ဝင်စားစရာ ဖြစ်နေသည်။





"ဆရာ့ကိုကြည့်စမ်း မမ... ရုပ်ရှင်မင်းသားတွေထက်တောင် ချောသေးတယ်... နှုတ်ခမ်းကလဲ နီနေတာပဲ... အဲဒီရောင် မျက်မှန်နဲ့ဆရာနဲ့ အရမ်းလိုက်တာပဲ... "

နှင်းပွင့်စံက လင်းဇော်ဦးကို လှမ်းကြည့်ပြီး အေးမွန်ကို တအံ့တသြ ပြောနေသည်။

"ဘာလဲ နှင်းသဘောကျလို့လား... "

အေးမွန်က အမှတ်မထင် စူးစမ်းလိုက်ခြင်း ဖြစ်သည်။

"ဟင့်အင်း... မကျပါဘူး... ဆရာကလဲ မမကိုပဲ စိတ်ဝင်စားမှာပေါ့... မမက သိပ်ကျက်သရေရှိတာပဲ... မျက်နှာကြည့်မလား မမလို လှတာမျိုး သိပ်ရှားတာပဲ... ကိုယ်လုံးကိုယ်ပေါက် ကြည့်မလား၊ ယောကျ်ားတွေမပြောနဲ့ မိန်းမချင်းတောင် ငေးနေရတာ... "

"ဟော့... "

"အား... မမ"

အေးမွန်က ပေါင်ကို ဆွဲဆိတ်လိုက်၍ နှင်းပွင့်စံ အသံထွက်သွားသည်။ လင်းဇော်ဦး လှမ်းကြည့်လိုက်သည်။

"နောက်က နှစ်ယောက်လဲ စားချင်လို့လား... ရော့... "

လင်းဇော်ဦးက သူ့လက်ထဲမှ တစ်ဝက်ခန့်ကျန်သေး

သော ပေါင်မုန့်ကို ပစ်ပေးလိုက်သည်။ နှင်းပွင့်စံက ဖမ်းယူလိုက်ပြီး အေးမွှန်ကို ပေးသည်။

"နှင်းကိုပေးတာပဲ နှင်းယူပေါ့.. "

"ဘယ်ဟုတ်မလဲ မမကိုပေးတာ.. နှင်းက အငယ်မို့ ဖမ်းယူထားလိုက်တာ.. ရော့.. စင်ရော်လေးတွေကို ကျွေး.. မမကျွေးရင် စင်ရော်လေးတွေနဲ့ သိပ်ကြည့်လို့ကောင်းမှာ"

နှင်းပွင့်စံ အပြောကောင်း၍ အေးမွှန် ပေါင်မုန့်ကို ယူလိုက်သည်။ စင်ရော်လေးများကို ကျွေးသည်။ လှေဦးဘက်မှာ ရစ်ဝဲနေခဲ့သော စင်ရော်လေးများ အေးမွှန်အနားသို့ ရောက်လာကြသည်။

နှင်းပွင့်စံက စင်ရော်လေးများထံသို့ လက်ကလေးနှစ်ဖက် ဆန့်တန်းပြီး ဖမ်းမည့်ဟန်နှင့် ရယ်မော ပျော်ရွှင်နေသည်။ ကင်မရာ ခလုတ်နှိပ်သံ ကြား၍ အေးမွှန်နှင့် နှင်းပွင့်စံ လှမ်းကြည့်လိုက်သည်။ လင်းဇော်ဦးဓါတ်ပုံရိုက်ယူလိုက်ခြင်း ဖြစ်သည်။

"တွေ့လား.. စင်ရော်လေးတွေနဲ့ မမလှလှကို သဘောကျလို့ ဆရာ ဓါတ်ပုံရိုက်နေပြီ.. "

နှင်းပွင့်စံက တိုးတိုးလေးပြော၍ အေးမွှန်ပြုံးသည်။





'သဘောကျရုံတင် မကဘူး နှင်းရေ.. မမနဲ့နှင်းတို့ဆရာက လက်ထပ်ထားကြတာ' ဟု အေးမွှန် ထုတ်ဖော်ပြီး ကြွားလိုက်ချင်စိတ်ပင် ဖြစ်မိသည်။

သို့သော် အကိုကြီးက ဘယ်သူမှ မသိစေနဲ့ဟု ပြောထား၍ စိတ်ကို ထိန်းချုပ်ထားလိုက်ရသည်။

"ရော့ နှင်းလည်းကျွေးဦး.. "

အေးမွှန်က သူ့လက်ထဲမှ ကျန်သော ပေါင်မုန့်ကို နှင်းပွင့်စံလက်သို့ ထည့်ပေးလိုက်သည်။ နှင်းပွင့်စံနှင့် စင်ရော်လေးများ ပျော်ရွှင်စွာ လှုပနေကြပြန်သည်။ လင်းဇော်ဦး ဓါတ်ပုံရိုက်ယူသည်။ ကျန်မိန်းကလေးများကိုလည်း ဦးစိုင်းနွတ်က ပေါင်မုန့်များ ထုတ်ပေး၍ စင်ရော်လေးများကို အစာကျွေးကြသည်။

လင်းဇော်ဦး၏ ကင်မရာလေးမှာ အဆက်မပြတ် လှုပ်ရှားနေရသည်။ ပျော်ပွဲစားခရီးပီသစွာ လှေတစ်စင်းလုံး ပျော်နေကြသည်။

"ဩော်.. ငါကတော့ ပျော်လို့.. ဖွားဖွားခမျာ.. "

အေးမွှန်ရင်ထဲမှာ အပျော်လေးများ ထွက်ပြေးသွားကြသည်။

"ငါ့ကိုလွမ်းလို့ စိတ္တဇနာ ဖြစ်နေတာတဲ့... "

စင်ရော်လေးများလို တောင်ပံပါလျှင် ဖွားဖွားထံသို့ အမြန်ရောက်အောင် ပျံသွားလိုက်ချင်သည်။ အကိုကြီး အဆို အပြောမခံရအောင် အမြန်ပြန်လာနိုင်မည်။ လှေပေါ်မှာ လိုက်ပါ ပျံသန်းနေသော စင်ရော်လေးများကို ကြည့်ပြီး အေးမွှန် ရင်မောစွာ တွေးနေမိသည်။

ဖွားဖွားကိစ္စ အကိုကြီးကို ပြောပြချင်သော်လည်း မပြောဝံ့၍ မပြောရသေး။ အကိုကြီးနှင့် ပြန်အဆင်ပြေပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေချိန်မှာ အကိုကြီး စိတ်အနှောင့်အယှက် ဖြစ်မှာ စိုးသည်။ အန်တီမြဆီမှ စာရပြီး နောက်တစ်ရက်မှာပင် အကိုကြီး က ဤခရီးကို စီစဉ်ခြင်းဖြစ်သည်။

အားလုံး ပျော်ရွှင်တက်ကြွပြီး အကိုကြီးကိုယ်တိုင် လည်း သူ့အစီအစဉ်နှင့်သူ သွားရန် စားရန် ကိစ္စများနှင့် အလုပ် ရှုပ်နေ၍ အေးမွှန် ပြောခွင့်မသာခဲ့။ ဤခရီးစဉ်ပြီးမှ ပြောတော့ မည်ဟု ဆုံးဖြတ်ခဲ့ရသည်။

"ဖွားဖွား မစားချင်မသောက်ချင် ဖြစ်နေသည်က ကြာလျှင် မကောင်း... ဖွားဖွားရယ် ဘာမှ မဖြစ်ပါနဲ့ဦးနော်... ဖွားဖွား နဲ့အတူ ပြန်နေရအောင် မြေးကြံစည်ပါဦးမယ်... မြေးလဲ ဖွားဖွားနဲ့အတူ နေချင်ပါတယ်...ဖွားဖွားကိုသိပ်ချစ်ပါတယ်"





အေးမွှန် ရင်ထဲမှာတင် ပြောနေမိခြင်း ဖြစ်သည်။

"အကိုကြီးရယ်... အေးနဲ့လက်ထပ်ထားတာကို လူသိရှင် ကြား ကျေညာလိုက်ပြီး... ဖွားဖွားကိုပါ အတူခေါ်ထား လိုက်ပါလားကွယ်... "

လှေဦးပိုင်းမှ လင်းဇော်ဦးကို လှမ်းကြည့်ပြီး စိတ်ကူး နှင့် ပြောနေမိပြန်သည်။ သို့သော် ခက်သည်က ဖွားဖွားက တောင်ကြီး ရာသီဥတုနှင့်မတည့်။ အကိုကြီးနှင့်လည်း မခွဲချင်။ ဖွားဖွားနှင့်လည်း အတူနေချင်သည်။

"ခက်လိုက်တာနော်... ဘယ်လိုလုပ်ရမှန်းလဲမသိတော့ဘူး"

စဉ်းစားလိုက်တိုင်း အေးမွှန်ရင်မှာ မွန်းကျပ်ရသည်။

"မမ... ဟိုမှာ ဆရာက ပြနေတယ်... "

ဘေးမှ နှင်းပွင့်စ သတိပေး၍ လင်းဇော်ဦးကို လှမ်း ကြည့်လိုက်သည်။ ညာဖက်မှ ရေလည်ဗိုလ်တဲကို ပြနေခြင်း ဖြစ် သည်။ ဖောင်တော်ဦးမှာ ဘုရားဖူးပြီးလျှင် ဤရေလည် နားနေ ဆောင်သို့ ပြန်လာပြီး ထမင်းစားကြမည်ဟု ပြောနေခြင်းဖြစ် သည်။

ရေလည်နားနေဆောင်ကြီးကို အေးမွှန် လှမ်းကြည့် လိုက်သည်။ ရေလည်ဆောင်ပေါ်မှာ ရောက်နှင့်နေသူများက

လက်ပြ နှုတ်ဆက်နေကြသည်။ အေးမွန်တို့လှေက စက်ရှိန် လျှော့ခြင်းမရှိ ဖောင်တော်ဦးဆီသို့ ဦးတည်မောင်းနှင်နေပါသည်။

အင်းရေပြင်က အကျယ်ကြီး။ တောင်ပေါ်ဒေသမှာ ပင်လယ်တစ်ခုလို ဖြစ်နေသည်။ အဝေးဆီကို အေးမွန် လှမ်းမျှော်ကြည့်လိုက်တော့ တောင်တန်းကြီးများ ဝန်းရံပတ်နေသည်။ အင်းလယ်ဖြစ်၍ လေတိုက်နှုန်းမြန်နေသည်။ အင်းရေပြင်မှာ လှိုင်းခတ်နေသည်။ စက်လှေက ရေလှိုင်းများကို ဖြတ်ကျော် ပြေးလွှားနေသည်။

"ဟိုမှာ မမ... "

နှင်းပွင့်စံ ပြသည်ကို လှမ်းကြည့်လိုက်သည်။

"ဖောင်တော်ဦးဘုရားလေ... "

"ဪ... ဖောင်တော်ဦးဘုရားကို ရောက်တော့မှာပါလား"

တန်ခိုးကြီးဘုရားကို လက်အုပ်ချီလိုက်သည်။ မကြာမီမှာပင် ဖောင်တော်ဦးဘုရား ခြေတော်ရင်းသို့ စက်လှေဆိုက်သည်။ အားလုံး ဘုရားပေါ်သို့တက်ကြသည်။ ဘုရားဖူးကြသည်။ ထူးခြားသော ဆင်းတုတော်များကို အေးမွန် ကြည်ညိုသဒ္ဓါပွား၍ ဖွားဖွားအတွက် ရည်စူးပြီး ရွှေသက်န်းကပ်သည်။ ဖွားဖွားအတွက်နှင့် အန်တီမြအတွက် ဖောင်တော်ဦးဘုရား သက်န်း





တစ်စုံစီ ပူဇော်သည်။

"တန်ခိုးကြီးလှသည့် ဖောင်တော်ဦးမြတ်စွာဘုရား ဤ ပြုရသော ကုသိုလ်ကောင်းမှုကြောင့် ဘုရားတပည့်တော်သည် ဖွားဖွားနှင့်အတူ ပြန်လည်နေထိုင်ရပါလို၏ ဘုရား... "

ဖောင်တော်ဦးဘုရားမှာ အေးမွန် ဆုတောင်းခဲ့သည်။ အားလုံးဘုရားဖူးပြီးသည်နှင့် အမှတ်တရ ဓါတ်ပုံရိုက်ကြသည်။ ဈေးဝယ်ကြသည်။ ပြီးတော့ စက်တပ်လှေနှင့် ရေလယ်နားနေဆောင်သို့ သွားကြသည်။ အင်းရေပြင်ကျယ်ကို ဖြတ်သန်းရပြန်သည်။

"ဟိုမှာ ကြည့်လိုက် မမ... "

နှင်းပွင့်စံက ပြနေပြန်သည်။ ခြေထောက်နှင့်လှေလှော် မြုံးဖော်နေသော ရေလုပ်သားကြီး။

"ဟယ်... ဟုတ်ပါရဲ့... ပုံတွေထဲမှာပဲ မြင်ဖူးတယ်... "

ခုတော့ ကိုယ်တိုင် မြင်ခွင့်ရ၍ အေးမွန် သဘောကျနေသည်။ မကြာခင်မှာပင် ရေလည် နားနေဆောင်သို့ ရောက်ကြသည်။ အဆောင်ဘေးမှာပင် လှေကိုဆိုက်ကပ်၍ နားနေဆောင်သို့ တက်ကြသည်။ အကျယ်ကြီး ဆောက်ထား၍ လွတ်လပ်စွာ နားနေနိုင်သည်။ ထမင်းစားစရာ စားပွဲများလည်း ရှိသည်။

ခမ်းခမ်းနားနား ဆောက်လုပ်ထားခြင်းဖြစ်၍ နားနေဆောင်ကြီးသည် အင်းလေးရေပြင်ကျယ်၏ အလှကို စိတ်တိုင်းကျခံစားနိုင်သော နေရာဖြစ်သည်။ နားနေဆောင်၏ အပြင်ဘက်မှာ ရပ်၍ ကန်ရေပြင်ကျယ်ကြီးကို အေးမွှန် ငေးမောကြည့်နေမိသည်။ ဖွားဖွားခမျာ တောင်ကြီးမှာ နေသွားသော်လည်း ဤမျှသာယာသော အင်းလေးကန်ကြီးကို ရောက်မသွားခဲ့ရှာ။ဖွားဖွားကို သနားနေမိသည်။

"မမလာလေ... ဆရာတို့ဖို့ ထမင်းပွဲပြင်ရအောင်... "

နှင်းပွင့်စံက လာခေါ်သည်။

"အေး... ဟုတ်ပါရဲ့... "

နှင်းပွင့်စံနှင့်အတူ အေးမွှန်လိုက်သွားသည်။ သူများတွေက စားစရာများကို ခြင်းများ တောင်းများမှ ထုတ်နေကြပြီ။ အကိုကြီးနှင့် ဦးစိုင်းနွတ်အတွက် စားပွဲတစ်ဝိုင်းမှာ အေးမွှန် ကိုယ်တိုင် ပြင်ဆင်ပေးသည်။ နှင်းပွင့်စံက ကူညီသည်။

"မမလဲ ဆရာတို့နဲ့အတူ စားလိုက်လေ... "

နှင်းပွင့်စံက အေးမွှန်အတွက် ထမင်းတစ်ပန်းကန် ယူလာသည်။

"ဟင့်အင်း နေပစေ... နှင်းတို့နဲ့ပဲ အတူစားမယ်... "





မိန်းကလေးဝိုင်းမှာပင် အများနှင့်အတူ အေးမွှန် စားသည်။ အေးမွှန်ပန်းကန်ထဲမှာ ဟင်းတွေအများကြီး ထည့်ပေးကြသည်။ ကိုယ့်ကို ချစ်ခင်လေးစားကြသော မိန်းကလေးအားလုံးကို အေးမွှန် ချစ်ခင်စိတ် ဖြစ်ရသည်။

"ဟဲ... မဖြူ ဒီကိုလာလေ... ဒီမှာပဲ အတူစားလှည့်... "

ဘေးနားမှာ တစ်ယောက်တည်း ခွဲစားနေသော မဖြူကို အေးမွှန် လှမ်းခေါ်သည်။

"ရပါတယ် မမလေး... ဒီမှာပဲ စားတော့မယ်... "

မဖြူက ရှက်နေသည်။

"မန်နေဂျာ ပြီးတော့ ငါတို့ဆိုင်ရဲ့ အင်ချာ့ထ်... "

မိန်းကလေးများက နှင်းပွင့်စံ ပန်းကန်ထဲကိုလည်း ဟင်းများ ထည့်ပေးသည်။

"အို... မလုပ်ပါနဲ့ စားကြပါ... "

နှင်းပွင့်စံ မနေတတ် မထိုင်တတ် ဖြစ်နေသည်ကို ကြည့်ပြီး မိန်းကလေးများ ရယ်ကြသည်။

သူ့ပန်းကန်ထဲမှာတော့ ဟင်းတွေ အများကြီး ဖြစ်နေပြီ။ ဆာလည်း ဆာနေကြ၍ အားလုံး စားကောင်းနေကြသည်။ စလိုက်ကြ၊ နောက်လိုက်ကြ၊ ပြောလိုက်ကြ၊ ဆိုလိုက်ကြနှင့်

တကယ့်ပျော်ပွဲစား ဖြစ်နေသည်။

ထမင်းစားပြီးသည်နှင့် အေးမွန်က ဆန်းကစ်နှစ်ဘူး ဖေါက်ပြီး လင်းဇော်ဦးနှင့် ဦးစိုင်းနွတ်ကို သွားပေးသည်။ နှင်းပွင့်စံက အခွံနွှာပြီး အသင့်စိတ်ပြီးသား ပန်းသီးပန်းကန်ကို သွားချပေးသည်။

"အေး... ကောင်းတယ်... ထမင်းစားပြီး ပန်းသီးဖီလင်ပေါ့ ရော့... အအေးကတော့ မသောက်တော့ပါဘူး... ဆရာ့ကို ရေနွေးကြမ်းတစ်ခွက်ပဲ ပေးပါ... "

"ဟုတ်ကဲ့ ဆရာ... "

နှင်းပွင့်စံ ရေနွေးကြမ်းသွားယူပြီး လင်းဇော်ဦးရှေ့မှာ ဒူးလေးထောက်၍ ရိုရိုသေသေ ပေးသည်။

"သင့်ခ်ယူ... "

အေးမွန် အပါအဝင် ကျန်လူများအားလုံး မရင်ဒါ တစ်ပုလင်းစီရ၍ သောက်နေကြသည်။ နှင်းပွင့်စံကတော့ ဝရန်ဒါ လက်တန်းနားမှာ သွားရပ်ပြီး အင်းလေးကန်ရေပြင်ကို ကြည့်ရင်း ဆရာပေးလိုက်သော ဆန်းကစ်ဘူးကို သောက်နေသည်။

✿ ✣ ✿ ✣ ✿ ✣ ✿



## အခန်း (၃၉)

အန်တီမြ၏ စာကို လင်းဇော်ဦး ဖတ်နေသည်။ လင်းဇော်ဦးရှေ့မှာ အေးမွန် မတ်တပ်ရပ်လျက် စောင့်နေသည်။ အပေါ်ထပ် တစ်ခုလုံးသာမက တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ တစ်လောကလုံးပါ တိတ်ဆိတ် ငြိမ်သက်နေသည်ဟု အေးမွန် ခံစားနေရသည်။

ကိုယ့်ရင်ခုန်သံကို ပြန်ကြားနေရသည်။ စာဖတ်နေသည်ကို စောင့်ရသောအချိန်မှာ ကြာလွန်းလှဉည်။ အေးမွန် ခရီးအဝေးကြီးကို ပင်ပန်းစွာ လျှောက်နေရသည်။ ရောက်နိုင်ခဲလှသည်။ လင်းဇော်ဦးက ဖတ်နေဆဲ။

တစ်ကိုယ်လုံးမှာ သွေးများ လှည့်ပတ်နေသည်ကိုပင်

သိနေသလို အေးမွန်ထင်မိသည်။ လှုပ်ရှားခြင်း လုံးဝမရှိ။ မျက်တောင်ပင် မခတ်မိ။ စိုးရွံ့လွန်းစွာ စောင့်စားရခြင်း၏ အဓိပ္ပါယ်ကို အေးမွန် လေးနက်စွာ နားလည်နေပါသည်။ လင်းဇော်ဦး လက်ထဲမှ စာရွက်ကို စားပွဲပေါ်သို့ ချလိုက်ပြီ။

"ဘုရား... ဘုရား... "

ကြားရမည့်စကားအတွက် တုန်လှုပ်စွာ ခံစားရပြန်သည်။ လင်းဇော်ဦးက အေးမွန်ကိုမကြည့် ရှေ့တူရူသို့ ကြည့်သည်လည်းမဟုတ်။ စဉ်းစားနေသည်ကို စောင့်ရပြန်သည်။ နောက်ထပ်ခရီးရှည်ကြီးတစ်ခု။ ပို၍ တိတ်ဆိတ် ငြိမ်သက်ခြင်းကို ခံစားရသည်။

ကိုယ့်ဘာသာ အသက်မှ ရှူမိပါလေစဟု သံသယ ဖြစ်မိသည်။ လင်းဇော်ဦးက တည်ငြိမ်လွန်းလှသည်။ မျက်နှာပေါ်မှာ ဘာ အပြောင်းအလဲကိုမျှ မတွေ့ရ။ စဉ်းစားနေသည်မှ ဟုတ်ပါလေစ။ စောင့်နေရသည်က ပင်ပန်းလှသည်။

"သူ ဘာတွေ တွေးနေတာလဲ... ဘာတွေ တွက်ချက်နေသလဲ... သူ့ဆီက ဘယ်လို အဖြေထွက်လာမှာလဲ... "

အေးမွန် အကဲခတ်၍မရ။ လက်ထပ်ထားသည်ဆိုသော်လည်း ကိုယ့်ဆန္ဒကို ပြော၍ရသောကိုယ့်ယောကျ်ားမဟုတ်။ ကိုယ့်ဘဝက ကုမ္ပဏီဝန်ထမ်း။ ထူးခြားသည်မှာ လက်ထပ်ထား





၍ အတူအိပ်ခွင့်ရသော ကုမ္ပဏီဝန်ထမ်း။

အေးမွန်သက်ပြင်းတစ်ချက် ရှိုက်ချင်သည်။ မရှိုက်သေးပဲ ပင့်သက်မ၍ စောင့်နေသည်။ လင်းဇော်ဦး၏မျက်နှာ အေးမွန်ဘက်သို့ လှည့်လာသည်။ သိရခါနီးအဖြေကို အေးမွန် စောင့်နေရပြန်သည်။

"မင်းအဖွားက မင်းကိုလွမ်းလို့ စိတ္တဇဖြစ်နေတယ်... "

လင်းဇော်ဦးထံမှ တည်ငြိမ်အေးစွာ ထွက်လာသော စကားဖြစ်သည်။ ယခင်က 'အကိုကြီး' 'အေး' ဟူသော အသုံးအနှုန်းများနှင့် ခေါ်ပြောခဲ့သော်လည်း ထွေးမြင့်လာ၍ မကျေမနပ် ပြောဆိုချိန်မှစပြီး လင်းဇော်ဦး 'မင်း' 'ငါ' အသုံးအနှုန်းများ ပြောင်းသုံးခဲ့သည်။

ပြေလည်သွားသည့်အခါမှာလည်း ထိုအသုံးအနှုန်းများက ကျန်နေခဲ့ပါသည်။ 'အေး' နှင့် 'အကိုကြီး' အသုံးအနှုန်းများ ပြန်ပေါ်မလာတော့ပါ။

"ဒါပေမဲ့ မင်းအဖွားကို တောင်ကြီး ပြန်ခေါ်ရမှာလဲ... တောင်ကြီးရာသီဥတုနဲ့ မင်းအဖွားနဲ့ မတည့်ဘူး... "

အေးမွန် စိတ်ထဲမှာတင် ခေါင်းညိတ်လိုက်ပါသည်။ လူကတော့ မလှုပ်။

"မင်းအနေနဲ့လဲ... မင်းအပေါ်မှာ သိပ်ပြီး သံယောဇဉ် ကြီးတဲ့ အဖွားနဲ့ နေချင်လိမ့်မယ်... နေချင်လို့ ဒီစာကို ငါဖတ်ဖို့ပြတာပေါ့... "

လင်းဇော်ဦးက သူ့ဘာသာ အတည်ပြုချက်ယူသည်။

"တကယ်ကတော့ ဖြေရှင်းဖို့ ခက်တဲ့ပြဿနာမျိုးပါပဲ... "

ဖွားဖွား၏ ရင်ကျပ်ရောဂါကို အေးမွန် ခံစားလာရသည်။

"ငါကိုယ်တိုင်ရော တောင်ကြီးရာသီဥတုနဲ့ မတည့်ဘူးလား"

အေးမွန် သံသယဖြစ်လာရသည်။

"ဒါပေမဲ့... မင်းတို့မြေးအဖွား ပြဿနာကိုပြေလည်အောင် ဖြေရှင်းပေးပါ့မယ်... "

"ဘုရား... ဘုရား... ဘယ်လိုများ ဖြေရှင်းမှာပါလိမ့်... "

အေးမွန် စိုးရိမ်စိတ်များ ကြီးမားလာရသည်။

"ငါ့မှာလဲ အခက်အခဲဖြစ်နေတဲ့ ပြဿနာတစ်ခု ရှိတယ်..."

လက်ထပ်ထား၍ ဇနီးဟု ပြောနိုင် သော်လည်း လင်းဇော်ဦး၏ ပြဿနာကို အေးမွန် ဘာမှ မသိပါ။ နေ့စဉ် အရောင်းစာရင်းရှင်းတမ်းပြပြီး ငွေအပ်နေရသော ညအိပ်ဖော်သာ ဖြစ်ပါသည်။





"ငါ့ပြဿနာက ငါ... ဒီတောင်ကြီးမှာ အနေများတော့ ရန်ကုန်က ကုမ္ပဏီကိစ္စတွေမှာ အားနည်းချက်တွေ ဖြစ်လာတယ်... "

ဖြစ်နိုင်သည်ဟု အေးမွန် နားလည်လိုက်သည်။

"ငါကယုံကြည်ရတယ်လို့ထင်ခဲ့တဲ့ကိုညွန့်တင်ကလဲ တကယ်ကတော့ သိပ်အားမကိုးရဘူး... သူ့ကို ကြီးကြပ်ပေးမဲ့လူ ရှိဖို့ လိုနေတယ်... "

အေးမွန် နားထောင်နေပါသည်။ ကိုယ် မျှော်လင့်နေသော အဖြေနှင့် အလှမ်းဝေးသွားပြီဟု နားလည်၍ သူ့ပြဿနာ၏ အဖြေကိုပင် စဉ်းစားနေရပြီ။

"တို့ကုမ္ပဏီက ယူနေကျဆိုင်ကြီးတွေ မှာတဲ့ပစ္စည်းတွေကို အချိန်မှီ မပို့နိုင်ဘူး ကြာရင် ဖေါက်သည်တွေ ပျက်ကုန်နိုင်တယ်... "

အေးမွန် စိုးရိမ်ခြင်း မဖြစ်မိသော်လည်းအလေးအနက်ထား၍ နားထောင်နေပါသည်။

"အဲဒီတော့ အားလုံး အဆင်ပြေသွားအောင် မင်း ရန်ကုန်က ကုမ္ပဏီမှာ ပြန်ပြောင်းရမယ်... "

"ရှင်... "

ရုတ်တရက် အသံထွက်သွားမိပြီးမှ ကိုယ့်အသံကိုယ် အေးမွန် ပြန်လန့်သွားသည်။

"ရန်ကုန်က ကုမ္ပဏီမှာ ငါ့အတွက် ယုံကြည်ရတဲ့လူ ရှိဖို့ လိုတယ်... "

ကိုယ့်ကို ယုံကြည်ရသူဟု သတ်မှတ်သည့်အတွက် အေးမွန် ဂုဏ်ယူလိုက်မိပါသည်။

"ရန်ကုန်မှာဆိုရင် မင်းအဖွားနဲ့လဲ အတူနေလို့ရမယ်... "

ကိုယ်တိုင်စတင်တည်ထောင်ခဲ့သော စနိုးကက်(ပ်) အရောင်းဆိုင်ကို ခွဲခွာသွားရမည့်အတွက် အေးမွန် လွမ်းလွမ်းဆွေးဆွေးစွာ ခံစားလိုက်ရသည်။ ထင်းရှူးရိပ်စားတော်ဆက်၊ ပါရာဒိုက်(စ်) အားလုံးကို လွမ်းဆွတ်လာသည်။

လက်ရှိနေသော အိမ်ကို စဉ်းစားမိတော့ ကိုယ့်အိမ်ဟု ထင်လာသည်။ ဆိုင်တည်စကတည်းက ကိုယ်နေရန် စီစဉ်ပေးခဲ့သော အိမ်ဖြစ်သည်။ ဤအိမ်မှာ ဖွားဖွားနှင့်အတူ နေခဲ့ရသည်။ ဤအိမ်မှာပင် အကိုကြီးနှင့်အတူ အိမ်ထောင်သည်ဘဝမှာ အတူနေခဲ့ရသည်။

"အို... အကိုကြီးနဲ့ရော... "

အရေးအကြီးဆုံး ခွဲခွာထားခဲ့ရမည်ကို နောက်ဆုံးမှ





သတိရလာသည်။

"အကိုကြီးကရော... "

"ငါ့အတွက် မစဉ်းစားနဲ့... အခုကိစ္စက ငါ့အတွက် စဉ်းစားစရာ ဘာမှမရှိဘူး... အခြေခံက မင်းနဲ့မင်းအဖွား ကိစ္စ ပြေလည်ဖို့စဉ်းစားတာ...ဒုတိယကိစ္စကငါ့အတွက်လဲရန်ကုန်က ကုမ္ပဏီမှာ ငါကိုယ်စား စိတ်ချရတဲ့ လူတစ်ယောက် ရှိချင်တယ်... ငါကိုယ်တိုင်လည်း မင်းရှိလို့ဒီမှာအနေများနေတာ"

အေးမွန် ရင်ထဲမှာ ကျေနပ်မှုလေးနှင့်အတူ ယုံကြည်လိုက်သည်။

"မင်းမရှိရင် ဦးစိုင်းနွတ်ကိုယ်တိုင် ဒီဆိုင်ကို ကြီးကြပ်နိုင်အောင် လုပ်ပေးရဦးမယ်... ရောင်းတဲ့ မိန်းကလေးတွေကတော့ စိတ်ချနေရပြီ... ဦးမြစံကလဲ ယုံရပါတယ်... သူတို့အားလုံး စိတ်ချရပြီး သူတို့အစီအစဉ်နဲ့ သူတို့ (ရှန်း) လုပ်နိုင်ပြီဆိုရင် ရန်ကုန်ကို အမြန်ဆုံး ပြန်လိုက်လာမှာပါ.. "

"အေးလုပ်ရမဲ့ အလုပ်က... "

"ကုမ္ပဏီရုံးမှာထိုင်ရမယ်... ဂိုဒေါင်ကိုလဲ ကြီးကြပ်ရမယ်... ဂိုဒေါင်ထဲဝင်တဲ့ကုန်ပစ္စည်းတွေနဲ့ စာရင်းတွေမှန်အောင်၊ စာရင်းအကြွေး မကျန်အောင် ကိုညွန့်တင်ကို စစ်ဆေးပေး

ရမယ်.."

အေးမွန်ခေါင်းညိတ်သည်။

သူလုပ်နိုင်သည်ဟု သူ့ကိုယ်သူ ယုံ၍ဖြစ်သည်။

"ပြီးတော့... အရောင်းဆိုင်ကြီးတွေကမှာတဲ့ ပစ္စည်းတွေကို မှာသလောက် ဆိုင်ကြီးတွေကို ပို့ပေးနိုင်အောင် စီစဉ်ပေးရမယ်... အေးထွန်းကိုခိုင်းပြီး အချိန်မှီပို့ပေးရမှာ..."

အေးမွန်ခေါင်းညိတ်သည်။ ဤအလုပ်ကိုလည်း လုပ်နိုင်သည်ဟု သူ့ကိုယ်သူ ယုံသည်။

"လိုတဲ့ပစ္စည်းတွေ နိုင်ငံခြားကို အချိန်မှီမှာဖို့ ဆိပ်ကမ်းက အချိန်မှီထုတ်နိုင်ဖို့ကိစ္စတွေကိုတော့... ငါကိုယ်တိုင် ရန်ကုန်လာပြီး လုပ်ရမယ်..."

ထိုကိစ္စကို အေးမွန်မလုပ်နိုင်ပါ။

"တစ်ခုတော့ရှိတယ်... ငါ ဒီတောင်ကြီးမှာရောက်နေရင် ဘာပစ္စည်းမှာဖို့လိုပြီး ဘယ်ပစ္စည်းတွေဆိပ်ကမ်းမှာရောက်နေပြီဆိုတာတော့ မင်းငါ့ဆီကို ဖုန်းဆက်ရမယ်..."

အေးမွန်းခေါင်းညိတ်သည်။ လုပ်နိုင်သည်။

"အေးမွန်နေတော့..."

စကားရပ်ထားလိုက်သည်။ အေးမွန်မှာ နေစရာအိမ်





မရှိပါ။

"ဒီကိစ္စ ငါစဉ်းစားပြီးသား... မင်းတို့မြေအဖွား ကျယ်ကျယ်ပြန့်ပြန့်နဲ့ အဆင့်အတန်း ရှိရှိနေနိုင်အောင် အိမ်ဖြစ်ဖြစ် တိုက်ခန်းတစ်ခန်းဖြစ်ဖြစ် ဝယ်ပေးမယ်..."

"ရှင်..."

ဤမျှအထိ မမျှော်လင့်မိ၍ အေးမွန်အံ့ဩရသည်။

"ဒီမှာအခုနေတာထက် အနိမ့်ကျအောင် ပစ္စည်းအသုံးအဆောင်ကအစ စီစဉ်ပေးမယ်..."

"ဩော်... အကိုကြီးရယ်..."

အေးမွန်ရင်ထဲမှာ ကျေနပ်စွာ တမ်းတလိုက်ခြင်းဖြစ်သည်။

"အောင်ပိုင်ကို ငါက ဒီမှာခေါ်ထားမှာဆိုတော့ မင်းသွားဖို့လာဖို့အတွက် ကားတစ်စင်းလိုမယ်..."

အေးမွန် မတောင်းဆိုဝံ့ပါ။

"အဲဒီတော့ မင်းအတွက် ဆူပါဆလွန်းတစ်စင်း ဝယ်ပေးမယ်... မင်းကိုယ်တိုင်ကားမောင်းတတ်အောင် သင်ရမယ်... မောင်းတတ်ပြီဆိုရင် ကိုယ့်ကားကိုယ့်ဘာသာ မောင်းပေါ့.. မမောင်းတတ်ခင်တော့ ဒရိုင်ဘာအဖိုးကြီးတစ်ယောက်

ရှာပေးမယ်…"

အေးမွန် ပြုံးချင်သော်လည်း မပြုံးဘဲနေသည်။

"အဲဒီအဖိုးကြီးကိုလည်း ကြားရှည်မဟုတ်ဘူးနော်… မင်း မောင်းတတ်အောင် သင်ပေးပြီးလို့ မောင်းတတ်ရင် ဆက်မထားတော့ဘူး…"

အမြန်ဆုံးမောင်းတတ်အောင်သင်ပြီး ကိုယ့်ကားကိုယ် မောင်းနေသည့်ပုံ စိတ်ကူးယဉ်လိုက်မိသည်။

"အဲဒါဆိုရင်… ရန်ကုန်မှာ မင်းအဖွားနဲ့အတူ မင်းပျော်ပျော်ရွှင်ရွှင် နေရမယ်… မင်းအဖွားကျန်းမာရေးအတွက်လဲ စိတ်ချရမယ်… ဟုတ်လား…"

ဤမျှကောင်းသော အဖြေမျိုးကို ရလိမ့်မည်ဟု အေးမွန် လုံးဝမမျှော်လင့်ရဲခဲ့ပါ။ ရမည့်ရတော့ စိတ်ကူးပင်မယဉ်ရဲသော အခွင့်အရေးများ။ အေးမွန်ရင်ထဲမှာ စိုးရွံ့ခဲ့ရသည်များအားလုံး ထွက်ပြေးသွားကြသည်။ အေးမွန်တစ်ကိုယ်လုံး လွတ်မြောက်စွာ ပေါ့ပါးသွားသည်။ ရင်ထဲမှာ အပျော်လှိုင်းများ ရိုက်ခတ်နေသည်။ အကိုကြီးကို စူးစိုက်စွာ ကြည့်နေမိသည်။ အေးမွန်၏ မျက်လုံးများ အရောင်တလက်လက်တောက်နေကြ၏။ အကိုကြီးကို လေးစားမဆုံး ကျေးဇူးတင်မဆုံး ဖြစ်နေရသည်။





"တကယ်တော့ အကိုကြီးဟာ ငါ့အပေါ်မှာ သိပ်ကောင်းတဲ့လူ… ငါ့ဘဝအတွက် အကောင်းဆုံးလူ…"

လင်းဇော်ဦးကိုယ်တိုင်လည်း ထိုင်လျက် အေးမွန်ကို လှမ်းကြည့်နေပါသည်။ အကြည့်ချင်းဆုံနေမိကြသည်။ နှစ်ယောက်လုံး အကြည့်များကို မလွှဲမိကြ။ အေးမွန်ရင်မှာ လှုပ်ရှားနေရသည်။ သို့သော် စောစောက စိုးရွံ့စွာ လှုပ်ရှားခဲ့ရသည်များနှင့် လုံးဝမတူ။

လင်းဇော်ဦး ထိုင်နေရာမှ မတ်တပ်ရပ်လိုက်သည်။ အေးမွန်၏ရှေ့မှာဖြစ်သည်။ လင်းဇော်ဦး၏ရင်ခွင်သို့ အေးမွန် မှီလျက်သား လဲကျသွားပါသည်။ လင်းဇော်ဦးက အေးမွန်ကို ထွေးပိုက်ထားလိုက်သည်။

အပေါ်ထပ်သာမက တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ တစ်လောကလုံးပါ ငြိမ်သက်တိတ်ဆိတ်နေသည်ဟု အေးမွန် ခံစားရသည်။ ရင်ခုန်သံများကို အကျယ်ကြီးကြားနေရသောကြောင့် ဖြစ်ပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀

## အခန်း (၈၀)

"သြော်... အေးမွန်ရယ်..."

သီးခြားအိမ်ကလေးနှင့် နေရတော့ အေးမွန်ကို ထွေးမြင့် တမ်းတမိသည်။ နေရာတာဝန်များခွဲဝေတော့ ထွေးမြင့် အင်းစိန်မှာ ဒု-ဦးစီးအဖြစ် တာဝန်ကျသည်။ အင်းစိန်မှ ဒု ဦးစီး က ဦးစီးအရာရှိအဖြစ် ရာထူးတိုးပြီး ကချင်ပြည်နယ်သို့ ပြောင်း ရသည်။ သူနေသောအိမ်ကလေးကိုပါ ထွေးမြင့် ဆက်ဆံခွင့် ရ သည်။ ခြံကျယ်ကြီးတစ်ခုထဲမှာ ခရိုင်အုပ်ချုပ်ရေးမှူး အိမ်နောက် ဖက်မှ လုံးချင်းအိမ်ကလေးဖြစ်သည်။

အိမ်ကလေးက မကျယ်သော်လည်း မိသားစုတစ်ခု ကောင်းစွာနေလောက်သည်။ အိပ်ခန်းတစ်ခန်းပါသည်။ ဧည့်ခန်း

ပါသည်။ မီးဖိုဆောင်နှင့် ထမင်းစားခန်းပါသည်။ အိမ်ရှေ့မှာ ဝရံတာလေးနှင့်။ ဤနေရာလေးမှာ အေးမွန်နှင့်နှစ်ယောက်အတူ ထိုင်၍ရသည်။ ခုတော့ ထွေးမြင့်တစ်ယောက်တည်း။

"လွမ်းတယ် အေးမွန်ရယ်..."

ထွေးမြင့်ရင်ထဲမှာ ဆွေးဆွေးမြေ့မြေ့ခံစားရသည်။

"ဒီလောက်အခြေအနေမျိုးရှိရင် ငါတို့နှစ်ယောက်ရဲ့ အိမ်ထောင်ဘဝလေးဟာ ကောင်းသောစခြင်းလို့ ပြောနိုင်ပါတယ်... အေးမွန်ရယ်..."

ကုန်လွန်ခဲ့ပြီဖြစ်သောလည်း တမ်းတနေမိဆဲ။ ပြန်မရနိုင်သော ဘဝကိုပြန်ရချင်မိသည်။ ဤအိမ်မျိုးလေးမှာ အေးမွန်နှင့် နှစ်ယောက်အတူ ချစ်ချစ်ခင်ခင် နေကြရလျှင်...

အတွေးမျှင်များကို ဖြတ်၍မရ။

ခုတော့ အေးမွန်ကဤအိမ်မျိုးကို စိတ်ကူးယဉ်နိုင်တော့မည်မဟုတ်။ ဤအိမ်ထက်ကြီးကျယ်ခမ်းနား၍ အသုံးအဆောင်ပစ္စည်းကောင်းများ ပြည့်စုံသော အိမ်ကြီးမှာ နေခွင့်ရနေပြီ။

"ဒါပေမယ့် အေးမွန်ရယ်..."

ထွေးမြင့် စိတ်မကောင်းဖြစ်ရသည်။ သူသိပ်ချစ်ခဲ့





သောချစ်သူသည် အမြင့်ကိုမျှော်မှန်းရင်း အငယ်ဘဝကို ရောက်နေရလေပြီ။

"အေးမွန်ရယ်... နင်ကောင်းစားတယ်ဆိုရင် ငါကျေနပ်ပါတယ်... နင်ဒုက္ခရောက်မှာကိုပဲ ငါစိုးရိမ်တာပါ..."

ဒေါ်လှပိုဆိုင်မှာ အေးမွန်နှင့်အတူ ထမင်းစားခဲ့ရသောဘဝလေးကို ထွေးမြင့် မြင်ယောင်ရပြန်သည်။ တစ်ယောက်ကိုတစ်ယောက် ချစ်ခဲ့ကြသည်။ နားလည်ခဲ့ကြသည်။ ကြင်နာစွာ မြတ်နိုးခဲ့ကြသည်။ ဆံပင်ရှည်နှင့် မြန်မာဆန်စွာ အိနြွေရရလှပသော အေးမွန်၏ပုံလေးက ကျက်သရေရှိလှသည်။

ထိုအခြေအနေမျိုးသာဆိုလျှင် ခုအချိန်မှာ လက်ထပ်၍ရပြီ။ အေးမွန်၏ အဖွားကိုပါ အတူခေါ်ထားပြီး သုံးဦးအတူနေရမည်။ သိပ်ကိုကြည်နူးစရာ ပျော်စရာကောင်းမည့်ဘဝ။

ထွေးမြင့်စိတ်မကောင်းဖြစ်ရသည်။ အေးမွန်က မေ့သွားနိုင်သော်လည်း ထွေးမြင့်မမေ့နိုင်။ ဝရံတာမှတဆင့် အိမ်ရှေ့မြင်ကွင်းကို ကြည့်လိုက်သည်။ ဒန့်ဒလွန်ပင်တစ်ပင်ရှိသည်။ အသီးများသီးနေသည်။ အိမ်ဘေးမှာ မြေကွက်အကျယ်ကြီး ရှိသည်။ ချဉ်ပေါင်ခင်းလေး စိုက်၍ရသည်။ ခရမ်းပင်၊ ငရုတ်ပင်များ စိုက်ရသည်။ ဘူးစင်သုံးလေးခုအထိ လုပ်ရန်ကျန်သေးသည်။

ထွေးမြင့်စိတ်ကူးယဉ်ခဲ့သည်များ လုပ်ခွင့်ရနေပြီ။ သို့သော် အေးမွန်က မျှော်လင့်စရာ လမ်းဆုံးသွားပြီ။

"ဩော်... ငါကနောက်ကျသွားတာလား... အေးမွန်က စောလွန်းသွားတာလား..."

အပြောင်းအလဲများကို မယုံချင်အောင် ဖြစ်ရသည်။ သို့သော် လက်တွေ့ဘဝက မယုံ၍မရ။ တောင်ကြီးကို လိုက်သွားစဉ်က မကျေမနပ်ပြောဆိုဆက်ဆံ၍ ပြန်ခဲ့ရသည်ပင် နာကျဉ်းရမှန်းမသိ။

"အေးမွန်တော့မှားပြီ..."

သနားစိတ်သာ ဖြစ်ရသည်။ တရိပ်ရိပ်တက်နေသော တံလှပ်များကို ထွေးမြင့် မြင်နေရသည်။ အပူငွေ့များ ဟပ်နေသည်ကိုပင် ခံစားရသည်။ သို့သော် အေးမွန်က ရေထင်နေသည်။

"အေးလေ... ရေပဲဖြစ်ပါစေ... ငါထင်တာတွေလွဲပါစေ... သူ့ဘဝလေးလှပါစေ..."

လွမ်းဆွတ်ကြေကွဲစွာနှင့် ထွေးမြင့် ဆုတောင်းပေးလိုက်သည်။

✤ ✤ ✤ ✤



# အပိုင်း (၅)

## အခန်း (၈၁)

"မြေးသွားမယ်နော် ဖွားဖွား…"

အေးမွန်က အက်(စ်)အီးကားအနီလေးကို ကိုယ်တိုင်မောင်း၍ ခြံဝင်းထဲမှ ထွက်နေသည်။

"အေး… အေး… ကောင်းကောင်းမောင်းနော်… မြေးလေး"

ဖွားဖွားက ခြံဝင်းပေါက်အထိထွက်ပြီး နှုတ်ဆက်သည်။

"ခင်မာရေ… ဖွားဖွားကို ဂရုစိုက်နော်…"

"ဟုတ်ကဲ့ပါ… မမအေး…"

"နေ့လည် ဆယ်နှစ်ရီကျရင် ဆေးတိုက်ဖို့ မမေ့နဲ့ဦးနော်…"

"ဟုတ်ကဲ့မမေ့ပါဘူး… မမအေး…"

အေးမွန်ကားလေးကို မောင်းထွက်လာရင်း အိမ်ဖက်သို့ တစ်ချက်ပြန်ကြည့်လိုက်၏။ ခြံဝင်းပေါက်တွင် ဖွားဖွားရပ်၍ကြည့်နေဆဲ။ လမ်းမကြီးပေါ်မှာ ကားလေးက ညင်သာညက်ညောစွာ ပြေးနေသည်။ ကားဘေးမှ ဝင်လာသော လေနုလေးကြောင့် အေးမွန်၏ ဆံပင်တိုလေးများ နောက်ဖက်သို့ လွင့်နေသည်။

တောင်ကြီးမှ စနိုးကက်(ပ်)ဆိုင်နှင့် နေခဲ့သောအိမ်ကို စွန့်ခွာခဲ့ရစဉ်က အေးမွန်စိတ်မကောင်းဖြစ်ရသည်။ ခုတော့ လက်ရှိဘဝကို အေးမွန်ကျေနပ်သည်။

အစ်ကိုကြီးက မြောက်ဥက္ကလာမှာ တစ်ထပ်တိုက်ကလေး ဝယ်ပေးထားသည်။ ကိုယ့်ဝင်း ကိုယ့်ခြံနှင့် သီးခြား နေရသည်။

တောင်ကြီးအိမ်က ကိုယ်ပိုင်မဟုတ်။ တောင်ကြီးမှာ ကားစီးရသည်ကလည်း ကိုယ်ပိုင်မဟုတ်။ အခုဝယ်ပေးထားသည်က ကိုယ်ပိုင်ကား။ ရန်ကုန်ရောက်စ တစ်လသာ ဒရိုင်ဘာ ထားရသော်လည်း ခုတော့ ကိုယ်တိုင်မောင်း၍ ရနေပြီ။ အိမ်မှာလည်း အိမ်ထောင်ပရိဘောဂ အပြည့်အစုံ ဝယ်ပေးထားသည်။

အကိုကြီးက သူ့ရှကားနှင့်သူညီသည်။ ချစ်သည်ဟု နှုတ်က စကားအလှမပြောသော်လည်း လက်တွေ့ဘဝမှာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးသည်။ ရန်ကုန်အပြောင်းမှာ





ကိုယ်တိုင်လိုက်လာပြီး ကိုယ်တိုင်ဝယ်ပေးခြင်းဖြစ်သည်။ ရုံးထိုင်ရသည်က ခြံဝင်းကျယ်ကြီးထဲမှ အကိုကြီးကုမ္ပဏီ၏ ဂိုထောင်အပေါ်ထပ်မှာ ဖြစ်သည်။ နှစ်ထပ်တိုက်အကြီးကြီးကို အောက်ထပ်မှာ ဂိုဒေါင်လုပ်ထားပြီး အပေါ်ထပ်မှာ အစ်ကိုကြီး၏ နေအိမ်နှင့် ရုံးခန်းလုပ်ထားသည်။

အောက်ထပ်ဂိုဒေါင်မှာ ရုံးခွဲရှိ၍ ဆက်သွယ်ရန် ရှိသမျှ ထိုဂိုဒေါင်မှ ရုံးခွဲမှာပင် ဆက်သွယ်ဆောင်ရွက်ရသည်။ အေးမွန်က အပေါ်ထပ်ရုံးခန်းမှာ လင်းဇော်ဦးရန်ကုန်မှာရှိလျှင် အေးမွန် ရုံးတက်ရင်း လင်းဇော်ဦးအိမ်ခန်းမှာ အတူနေခွင့်ရသည်။ တောင်ကြီးအိမ်မှာထက်ပင် ပို၍လွတ်လပ်အေးချမ်းစွာ နေခွင့်ရသည်။

အလုပ်လုပ်ရသည်ကလည်း တောင်ကြီးမှာထက် သက်သာသည်။ မနက် (၈)နာရီ ရုံးတက်ပြီး ညနေ (၅)နာရီမှာ ရုံးဆင်းရသည်။ ဆိုင်မှာလောက် တာဝန်မများ။ လူများကိုလည်း အုပ်ချုပ်ရခြင်းမရှိ။ စာရင်းများကိုသာ ရေးသွင်းခြင်း၊ စစ်ဆေးခြင်းပြုရသည်။ ဖွားဖွားနှင့်လည်း အတူနေရသည်။ အိမ်ကို စောစောပြန်ရောက်၍ ဖွားဖွားသဘောကျသည်။

အကိုကြီးနှင့် ဇာတ်လမ်းကိုဖွားဖွားဘာမျှမသိ။ ဘာမျှမရိပ်မိ။ အေးမွန်ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို အပျိုလား၊ အအိုလား ဆိုသည်ကို ခွဲခွဲခြားခြားမသိ။ လက်ထပ်ထားသည်ဆိုသော်

လည်း အပျိုလိုနေရသည်။ လက်ထပ်စာချုပ်ပင် ကိုယ့်လက်ထဲမှာမရှိ။ လက်ထပ်ပြီးကတည်းက အကိုကြီးဖိုင်ထဲမှာပင် စာချုပ်နှစ်ခုလုံး ထည့်ထားသည်။ ထိုဖိုင်ကလည်း တောင်ကြီးအိမ်မှာပင် ထားသည်မို့ သီးခြားခွဲယူထားရန်မလို။ တောင်ကြီးအိမ်မှ ပြောင်းလာတော့လည်း စာချုပ်တစ်ရွက်ယူခဲ့ရန် မေ့လာခဲ့သည်။

အကိုကြီးကိုလည်း ယူခဲ့ရန်မတောင်းချင်။ တောင်းလျှင်သူ့ကိုမယုံလို့ဟုထင်ပြီး ဒေါသတကြီး ဖြစ်လိမ့်မည်။

"အို... ဘာစာချုပ်မှမလိုပါဘူး... အကိုကြီးက ငါ့အပေါ် ဒီလောက်ကောင်းနေတာပဲ... ငါ့ဘာသာဆိုရင် တစ်သက်လုံးစုတောင် ဒီလိုနေနိုင်ဖို့ အဝေးကြီးပဲ..."

ကျေးဇူးကြီးသော အကိုကြီးကို စိတ်အနှောင့်အယှက်မဖြစ်စေချင်။ တတ်နိုင်လျှင် စိတ်ချမ်းသာအောင်သာ ပြုစုချင်သည်။ အကိုကြီးမရှိသည့်အချိန်မှာ အကိုကြီး ယုံကြည်စွာ လွှဲအပ်ထားသည့် အလုပ်တာဝန်များကို အကောင်းဆုံး ကျေပွန်အောင် လုပ်ပေးချင်သည်။

ကားဒက်ရှ်ဘုတ်မှ နာရီကိုကြည့်လိုက်သည်။ (၇)နာရီခွဲသာ ရှိသေးသည်။ မကြာမီရုံးကို ရောက်တော့မည်။ မော်တော်ကားလီဗာကို အေးမွန် ခပ်ဖိဖိလေး နင်းလိုက်သည်။

✿ ✣ ✿ ✣ ✿ ✣ ✿



# အခန်း (၈၂)

"ဒေါက်... ဒေါက်... ဒေါက်..."

တံခါးခေါက်သံကြောင့် အေးမွန် အိပ်ရာမှ နိုးသွားသည်။

"မမအေး... မမအေး..."

အပြင်မှ ခေါ်သံကြားရသည်။

"ဟင်... ခင်မာ... ဘာလို့နှိုးတာလဲ..."

"မမအေး... ထပါဦး... ဖွားဖွား... ဘယ်လိုဖြစ်မှန်းမသိလို့"

"ဟင်..."

အေးမွန် ထိတ်ထိတ်ပြာပြာနှင့် အိပ်ရာမှ ထလိုက်သည်။ ခုရက်ပိုင်းမှာ ဖွားဖွား အစားပိုနည်းသွားပြီး လမ်းနည်း

ည်းလျှောက်သည်နှင့် မောလာသည်ကို အေးမွန်သတိရမိသည်။

"ဘုရား... ဘုရား... ဖွားဖွားဘာမှ မဖြစ်ပါစေနဲ့..."

ဖွားဖွားအခန်းသို့ အေးမွန် အမြန်သွားသည်။ အိပ်ရာကုတင်ပေါ်မှာအိပ်လျက် ဖွားဖွားမောနေသည်။

"ဖွားဖွား... ဘယ်လိုနေလဲဟင်... အသက်ရှူကျပ်လို့လား"

ဖွားဖွားဘေးမှာ အေးမွန်ထိုင်လိုက်သည်။

"ရင်ဘတ်ထဲက အောင့်နေလို့..."

ဒေါ်အေးချစ် လေသံမျှသာ ပြောနိုင်သည်။

"ဘယ်နားကလဲ ဖွားဖွား..."

ဖွားဖွားက အေးမွန်လက်ကိုယူ၍ သူ့ရင်ဘတ်ပေါ်မှာ တင်လိုက်သည်။ နှလုံးနေရာဖြစ်သည်ဟုသိ၍ အေးမွန် စိုးရိမ်မိသည်။

"သိပ်ပြီး အနေရခက်လား ဖွားဖွား..."

"ရင်ထဲကအောင့်နေတော့... မောတယ်... အသက်ရှူလို့လဲမဝဘူး..."

အေးမွန်ဘာလုပ်ရမှန်းမသိ။

"မမအေး... ဆေးရုံပို့ရင်ကောင်းမလား..."





"ဟင်... အေးကောင်းတယ်..."

ခင်မာပြောမှ ဆေးရုံကို သတိရသည်။ ကိုယ်လဲဘာမှ နားမလည်။ ဘာလုပ်ရမှန်းလည်းမသိ။ ဆေးရုံမှာဆိုလျှင် စိတ်ချရမည်။

"ခင်မာ... ယူစရာပစ္စည်းတွေထည့်..."

အေးမွန်ကိုယ်တိုင်လည်း ဖွားဖွားကို ဆေးရုံပို့ရန်အတွက် လိုအပ်မည်ထင်သည့်တို့ကို ပြင်ဆင်ရသည်။

"ညည်းရောလိုက်ခဲ့ရမှာနော်... အိမ်ပိတ်ထားခဲ့ရမှာ..."

နံရံပေါ်မှ နာရီကိုသွားကြည့်သည်။ ညတစ်နာရီ ထိုးပါနီးပြီ။ ပစ္စည်းများထည့်ပြီးသည်နှင့် ခင်မာနှင့်အတူ ဖွားဖွားကို ကားပေါ်တင်သည်။ ကားထုတ်ပြီး အိမ်တံခါးများကို သေချာအောင် ပိတ်ရသည်။ အေးမွန်ကိုယ်တိုင် ကားမောင်း၍ ဆေးရုံပို့ရသည်။ ကားပေါ်သို့ အတင်အပို့မှာ ဖွားဖွားပို၍ မောနေသည်။ အေးမွန်ကားကို ညင်သာစွာ မောင်းသည်။

"ဖွားဖွား ကျန်းမာပါစေ... ဖွားဖွား အသက်ရှည်ပါစေ..."

အမေ့ဝမ်းမှ မွေးခါစလေးကတည်းက ကိုယ့်ကို ဖွားဖွားခမျာ ပင်ပင်ပမ်းပမ်း မွေးခဲ့ရသည်။ ဘွဲ့ရသည်အထိ ပညာသင်ပေးခဲ့သည်။ ဖွားဖွားကို ကျေးဇူးဆပ်ခွင့် ရချင်သေးသည်။

ကိုယ်ကောင်းစားနေသည့်အခါမှာ ဖွားဖွားကိုစံစားစေချင်သေးသည်။ ရန်ကုန်မှာ အတူနေရသည်မှ ဘာမျှမကြာသေး။

"အို... ဆေးရုံရောက်ရင် ဖွားဖွားကောင်းသွားမှာပါ..."

ကောင်းသွားစေချင်စိတ်နှင့် တွေးမိသည်။ ဆေးရုံရောက်တော့ တာဝန်ကျ ဆရာဝန်က ဆေးရုံတင်ရမည်ဟု ဆိုသည်။ ညတွင်းချင်းပင် ဆရာဝန်များက ဂရုတစိုက်ကုကြသည်။ ဆေးသွင်းရသည်။ အောက်ဆီဂျင်ပေးရသည်။ အေးမွန်ရော ခင်မာပါ တစ်ညလုံးမအိပ်ကြရ။

မနက် (၄)နာရီလောက်ကျမှ ဖွားဖွားသက်သာ၍ အိပ်ပျော်သွားသည်။ ခင်မာကို ဆေးရုံမှာထားခဲ့ပြီး အေးမွန်အိမ်ပြန်ရသည်။ မနက်လင်းလျှင် ရုံးသွားရဦးမည်။ အကိုကြီးက ရန်ကုန်မှာမရှိ။ တောင်ကြီးပြန်သွားသည်မှာ ဆယ့်ငါးရက်ခန့်ရှိပြီ။ အကိုကြီးမရှိလျှင် ကိုယ်တိုင်ရှိမှဖြစ်မည်။ ကုန်တိုက်မှ မှာထားသည်များကို အချိန်မှီပို့စရာများ ရှိနေသည်။ မျက်စိများက စပ်နေ၍ အိပ်ချင်သောကြောင့် အေးမွန်ကားကို သတိထားပြီးမောင်းနေရသည်။

✤ ✣ ✤ ✣ ✤ ✣ ✤



## အခန်း (၈၃)

အချိန်မှီပို့ရမည့် ပစ္စည်းစာရင်းများ အားလုံးလုပ်ပြီးပြီမို့ အောက်ထပ်မှ ဂိုဒေါင်ရုံးခန်းသို့ ပို့လိုက်ပြီ။ အေးမွန်စိတ်ထဲမှာ ပေါ့ပါးသွားသည်။ ရုံးခန်းနံရံပေါ်မှနာရီကို လှမ်းကြည့်လိုက်သည်။ (၁၂)နာရီခွဲနေပြီ။ အေးမွန်မနက်စာ မစားရသေး။ ထမင်းဘူးလည်းပါမလာ။ မနက်က (၅)နာရီထိုးမှ အိပ်ရ၍ (၇)နာရီမှာ အိပ်ရာထပြီး ရုံးချိန်မှီရောက်အောင် မနည်းပြေးခဲ့ရသည်။ ခင်မာကလည်း အိမ်မှာမရှိ။ ဆေးရုံမှာ။

ကိုယ့်ဘာသာလည်း ချက်ပြုတ်ပြင်ဆင်ချိန်မရ။ အောက်ထပ်မှ တစ်ယောက်ယောက်ကို စားချင်တာ အဝယ်ခိုင်းလျှင်ရသည်။ သို့သော် စားချင်စိတ်လည်းမရှိ။ ဖြစ်နိုင်လျှင် တရေးလောက် အားပါးတရ အိပ်ပစ်လိုက်ချင်သည်။

ရုံးခန်း၏တစ်ဖက်မှာ အကိုကြီး၏ အိပ်ခန်းရှိသည်။ သော့လည်း ကိုယ့်မှာရှိပါသည်။ သို့သော် သွားမအိပ်ဝံ့။ အလုပ်ချိန်မှာ စည်းကမ်းပျက်ခြင်းကို အကိုကြီးမကြိုက်။ အကိုကြီး မကျေမနပ်ဖြစ်မှာကိုလည်း အေးမွန်ကြောက်သည်။

တွေးမြင့်လာသည့်ကိစ္စမှာ အလုပ်ချိန်စည်းကမ်းပျက်၍ ပြင်းပြင်းထန်ထန် ပြောဆိုခံခဲ့ရပြီ။ အေးမွန်ရင်ထဲမှာ မမေ့နိုင်အောင် နာခဲ့ရသည်။ ဤသို့သော နာကျင်မှုမျိုးကို နောက်တစ်ကြိမ် ထပ်၍မကြုံချင်။

အေးမွန်ရေခဲသေတ္တာဖွင့်၍ သီးမွှေးငှက်ပျောသီး တစ်လုံးယူစားလိုက်သည်။ ဗိုက်ထဲမှာ ပြည့်သွားသည်။ ရင်ထဲမှာ အေးသွားသည်။

မနေ့ကပေးပို့သည် ပစ္စည်းစာရင်းများ တင်ထားသည်ကို အပြီးစစ်လိုက်သည်။ တစ်နာရီလောက်ကြာတော့ ပြီးသွားပြီ။ လုပ်ရန်အလုပ် အကြွေးမကျန်တော့ပါ။

ဖွားဖွားကို သတိရလာသည်။

"ဖွားဖွား... ကျန်းမာပါစေ... အသက်ရှည်ပါစေ... ဆေးရုံက ကောင်းကောင်းမွန်မွန်ပြန်ဆင်းပြီး မြေးအဖွား နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် နေရပါစေ..."





စိတ်ထဲမှာ ဆုတောင်းနေမိသည်။

ညတုန်းက အောက်ဆီဂျင်ပိုက်များ ဆေးပိုက်များနှင့် ရှုပ်ရှက်ခတ်နေသော ဖွားဖွားကို မြင်ယောင်မိသည်။

"ဖွားဖွားများ ဆုံးသွားရင်... အို... မဆုံးရဘူး... ဖွားဖွားရယ် မသေပါနဲ့ဦး..."

ကိုယ့်အတွေးနှင့်ကိုယ် မျက်ရည်များ ရစ်ဝဲလာရသည်။

ခြံဝင်းအတွင်းသို့ ဝင်လာသော မော်တော်ကားစက်သံကြားရသည်။ စက်သံက ညက်ညောသည်။ ကားကြီးသံမဟုတ် ကားလေးဖြစ်မည်။ အပေါ်ထပ်သို့တက်သော လှေကားဘက်ဆီအထိ မောင်းလာသံ ကြားရသည်။ လှမ်းကြည့်ချင်စိတ် ဖြစ်မိသည်။ သို့သော် မကြည့်ဘဲ နေလိုက်သည်။

"ဘယ်သူတွေပါလိမ့်..."

အပေါ်ထပ်သို့တက်လာသော ခြေသံများ ကြားရသည်။ တစ်ယောက်တည်းမဟုတ်။

"ဘာဖို့တက်လာရတာပါလိမ့်... အောက်ထပ်ကလူတွေ မပြောကြဘူးလား..."

အေးမွန် မကျေမနပ်ဖြစ်လာသည်။

"ဟေး… အေး…"

"ဟင်… အကိုကြီး…"

တယ်လီဖုန်းဆက်ပြီး အကြောင်းကြားခြင်းမရှိဘဲ ရုတ်တရက်ရောက်လာ၍ အေးမွန်သိပ်ကို အံ့သြနေသည်။

"ဘယ်လိုလဲ… ဒေါ်အေးဆုမွန်…"

"အို… ကိုစန်းဝင်းလဲ ပါလာတယ်…"

"ကျွန်တော် သူနဲ့ပါလာတာ မဟုတ်ပါဘူး ခင်ဗျား… သူက ကျွန်တော့်ကားနဲ့ ပါလာတာပါ…"

နှစ်ယောက်သား ရုံးခန်းထဲသို့ ဝင်လာကြသည်။

"ဟုတ်တယ်… အေးရဲ့… ဒီကောင်… ရန်ကုန်ပြန်မယ့် ကား ကြုံရှိတာနဲ့… သူလဲအဖော်ရအောင် လိုက်လာခဲ့တာ…"

"ဟားဟား… ဟုတ်ပါတယ် ငါ့အဖော်ရအောင် လိုက်ကူညီတဲ့အတွက် မင်းကိုငါက ကျေးဇူးတင်ပါတယ်…"

ကိုစန်းဝင်း အငေါ်တူးနေ၍ အေးမွန် ပြုံးရင်းမှ ရေခဲသေတ္တာဖွင့်ပြီး အအေးဘူးနှစ်ဘူး ထုတ်ယူလိုက်သည်။ လင်းဇော်ဦးနှင့် စန်းဝင်းကို အေးစိမ့်နေသော ဆန်းကစ်(စ်)ဘူး တစ်ဘူးစီ ပေးလိုက်သည်။ အအေးဘူးဖောက်သံများ ထွက်ပေါ်လာသည်။

"ကဲ… စာရင်းစာအုပ်တွေပေး…"





လင်းဇော်ဦးက အအေးသောက်ရင်း စာရင်းကြည့်ရန် စာအုပ်များ တောင်းနေသည်။

"ဟင်… တော်ပါသေးရဲ့…"

အေးမွန် စောစောလေးကပင် အားလုံးပြီးစီးသွားခြင်း ဖြစ်သည်။ အိပ်ရေးပျက်၍သာ အိပ်နေလိုက်လျှင် ပြဿနာ အကြီးကြီး တက်သွားလိမ့်မည်။

အေးမွန် သက်ပြင်းတစ်ချက်ချရင်း စာရင်းစာအုပ်ကို ယူပေးလိုက်သည်။

"မင်းကလဲ ရောက်ရောက်ချင်း နားစမ်းပါဦး…"

စန်းဝင်းက လင်းဇော်ဦးအကြောင်းမသိ။ လင်းဇော်ဦးက ဘာမျှပြန်မပြောဘဲ သူ့အလုပ်သူ လုပ်နေသည်။ အေးမွန်ကတော့ လင်းဇော်ဦး၏ အလေ့အထကို သိထား၍ ဘာမျှ အံ့သြခြင်း မဖြစ်မိပါ။ လင်းဇော်ဦးသည် ဆိုင်ရောက်ရောက် ရုံးရောက်ရောက် စာရင်းစာအုပ်ကို ချက်ချင်းတောင်းကြည့်တတ်သည်။ နောက်ဆုံးအချိန်အထိ စာရင်းများကို ကိုက်ညီအောင် သွင်းထားခြင်းရှိ၊ မရှိ သိချင်သည်။ အနည်းဆုံး နေ့အလိုက် စာရင်းပိတ်ပြီး ဖြစ်ရမည်။

"မအေးဆုမွန် ရန်ကုန်ရောက်နေတာ ကျွန်တော်လုံးဝ မသိ

ဘူးဗျာ... တောင်ကြီးဆိုင်မှာ မတွေ့လို့ မေးမှ ဒီကောင်က ပြောပြတာ..."

အေးမွန်ကိုတွေ့ရ၍ စန်းဝင်း ဝမ်းသာနေသည်။

"မအေးဆုမွန်နေတော့ ဘယ်မှာနေလဲ..."

"မြောက်ဥက္ကလာမှာပါ.. "

"ဟာ... မြောက်ဥက္ကလာဆိုရင် ကျွန်တော်နဲ့နီးတာပေါ့.. ကျွန်တော်က မရမ်းကုန်းမှာနေတာ..."

အေးမွန်က လင်းဇော်ဦးဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ အမှားအယွင်းမရှိနိုင်မှန်းသိပါလျက် လင်းဇော်ဦး အမှားတွေ့မှာကို စိုးရိမ်နေရသေးသည်။

"မအေးဆုမွန်... မြောက်ဥက္ကလာ ဘယ်နားမှာနေတာလဲ..."

ဖျောင်း...

လင်းဇော်ဦးက စာရင်းစာအုပ်ကြီးကို စားပွဲပေါ်သို့ ပစ်တင်လိုက်၍ စန်းဝင်းနှင့်အေးမွန် စကားပြတ်သွားပြီး စာရင်းစာအုပ်ကို လှမ်းကြည့်လိုက်မိကြသည်။ နောက်ဆုံးစာရင်းပိတ်သုံးရွက်လောက်ကိုသာ လင်းဇော်ဦး စစ်ဆေးခြင်းဖြစ်သည်။

နောက်ဆုံးသုံးရွက်လောက် ကိုတိကျကျမှန်လျှင် ရှေ့စာရွက်များကို ခပ်ကြမ်းကြမ်း ကြည့်၍ရသည်။ လင်းဇော်ဦးက





အအေးဘူးထဲမှာ တစ်ဝက်ခန့်ကျန်သေးသည်ကို မော့သောက်နေသည်။ ဘာမျှပြောဆိုခြင်း မေးမြန်းခြင်းမရှိ၍ စာရင်းကို လက်ခံသည်ဟု အေးမွန် နားလည်လိုက်ပါသည်။

"ဘယ်လိုလဲအေး... အားလုံးအဆင်ပြေတယ် မဟုတ်လား ဘာပြဿနာရှိသေးလဲ..."

"ဟုတ်ကဲ့... အားလုံးအဆင်ပြေပါတယ်..."

အကိုကြီးရောက်ရောက်ချင်းဖြစ်၍ မနေ့ညက ဖွားဖွားဆေးရုံတင်ရသည်ကို အေးမွန်မပြောသေးဘဲ နေလိုက်သည်။

စန်းဝင်း မတ်တပ်ရပ်လိုက်သည်။

"ကဲ... လင်းဇော်ဦး... ငါပြန်တော့မယ်.. ငါ့အိမ်က မျှော်နေမှာ... ဒီနေ့ပြန်လာမယ်ဆိုတာ သိထားတယ်.. နောက်နေ့မှ ငါလာခဲ့ဦးမယ်..."

"အိုကေ... သူငယ်ချင်း..."

"မအေးဆုမွန်... ကျွန်တော်သွားမယ်..."

"ဟုတ်ကဲ့..."

စန်းဝင်းရုံးပေါ်မှ ဆင်းသွားသည်။ စန်းဝင်းကားလေး ခြံထဲမှထွက်သွားသည်နှင့် အေးမွန် လင်းဇော်ဦး၏ ရင်ခွင်ထဲသို့ ရောက်သွားရပါသည်။



## အခန်း (၈၄)

ယနေ့ အေးမွန်စိတ်ထဲမှာ သိပ်ပျော်နေသည်။ ဖွားဖွား၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်သွားပြီမို့ (၁၀)နာရီမှာ ဆေးရုံမှ ပြန်ဆင်းရမည်။ အကိုကြီးကလည်း ဖွားဖွားကို သွားကြိုပြီး အိမ်ပြန်ပို့ပေးရန် ရွှာရွှာရှုရှု ခွင့်ပြုနေသည်။

"သွားကြိုလိုက်ပါ အေးရယ်... နေ့လည်ကျမှ အေးအေးဆေးဆေး ပြန်လာခဲ့ပါ... အရေးကြီးတဲ့အလုပ်မှ မရှိဘဲ... အကိုကြီးလဲ ရှိနေတာပဲ..."

အကိုကြီးကို ကျေးဇူးတင်မဆုံး ဖြစ်ရသည်။ ခုတစ်ခေါက်ပြန်လာမှ အကိုကြီးသဘောကောင်းနေသည်။ အေးမွန်အပေါ်မှာ လိုက်လိုက်လျောလျော သိပ်ရှိနေသည်။ ခေါ်ပုံပြောပုံ

ကလည်း 'အေး' 'အကိုကြီး' ဟူ၍ ပြန်ဖြစ်လာသည်။ ယခင်က ဆိုလျှင် ရုံးချိန်အတွင်း အပြင်ထွက်ခွင့်လုံးဝမရှိ။ စည်းကမ်းပိုင်းကို လုံးဝမလျှော့။

အကိုကြီးမျက်နှာကို လှမ်းကြည့်လိုက်သည်။ ဖြစ်နိုင်လျှင် အကိုကြီး၏ ပါးပြင်ကိုတစ်ချက်လောက် မွှေးပစ်ခဲ့ချင်သည်။ သို့သော် ကိုယ့်ဘက်က ထိုကဲ့သို့ လုပ်ခွင့်ရှိသည်မဟုတ်။ အကိုကြီး စာတစ်စောင်ကိုဖတ်၍ မျက်မှောင်ကျုံ့နေသည်။ အေးမွန် ရုံးပေါ်မှ ဆင်းလာခဲ့သည်။ ဆေးရုံရောက်တော့ ဖွားဖွားမျက်နှာကို ရွှင်ရွှင်လန်းလန်း တွေ့ရသည်။ ဆေးရုံမှဆင်းရန် ပြင်ဆင်သိမ်းဆည်းပြီး ဖြစ်နေသည်။ အေးမွန်ကို စောင့်နေကြခြင်း ဖြစ်သည်။

"ဖွားဖွား... နေကောင်းသွားပြီလား..."

"ကောင်းသွားပါပြီ မြေးရယ်... ဟိုနေ့ညကများ သေမလားတောင်အောင့်မေ့နေတာ..."

"မသေပါနဲ့ဦး ဖွားဖွားရယ်... ဖွားဖွားပြန်ကောင်းလာလို့ မြေးက ဝမ်းသာနေတာပါ.."

ဖွားဖွားဘေးမှာ ကပ်ထိုင်ပြီး သေးသွယ်သော ဖွားဖွား၏ ကိုယ်လုံးလေးကို ဖက်ထားလိုက်သည်။ ဘေးဘက်ကုတင်များမှ လူနာများက ချောမောလှပသော အေးမွန် ဖွားဖွားအပေါ်





ချစ်ကြင်နာသည်ကို လှမ်းကြည့်နေကြသည်။

"မမအေး... ဆရာဝန်က မမအေးလာရင် သူနဲ့တွေ့ပါဦးတဲ့..."

"ဟင်... အေး... အေး... တွေ့လိုက်မယ်... ပစ္စည်းတွေခင်မှာ ကားပေါ်တင်ထားနှင့်..."

ဆရာဝန်အခန်းဆီသို့ အေးမွန်သွားသည်။

"ဘာများ ပြောချင်လို့ပါလိမ့်..."

ဖွားဖွား၏ ကျန်းမာရေးအတွက် စိုးရိမ်လိုက်မိသည်။ အခန်းထဲမှာ ဆရာဝန်ရှိနေသည်။

"ဒေါ်အေးချစ်ရဲ့မြေးပါ ဆရာက တွေ့ချင်တယ်ပြောလို့"

"သြော်... ဟုတ်ကဲ့... ထိုင်ပါ.."

"ဖွားဖွား ကျန်းမာရေးအခြေအနေက ကောင်းသွားပြီလား ဆရာ..."

အေးမွန်ကပင် စပေးလိုက်သည်။

"အင်း... ကောင်းပါတယ်။ ဒါပေမဲ့.. အဖွားမှာ နှလုံးရောဂါရှိနေတယ်..."

"ရှင်..."

အေးမွှန် စိုးရိမ်သွားမိသည်။

"ဆေးမှန်မှန်သောက်ရမယ်... သူ့ကို စိတ်ချမ်းသာအောင် ထားရမယ်... ရုတ်တရက် သိပ်ပျော်သွားတာမျိုး သိပ်ဝမ်းနည်းသွားတာမျိုး မဖြစ်စေနဲ့..."

"ဟုတ်ကဲ့ပါဆရာ... အေးဂရုစိုက်ပါ့မယ်..."

"အင်း... ဒါဆိုရင်တော့ အသက်ရှည်ရှည်နေရမှာပါ.. အဲဒါလေး သတိပေးချင်လို့ပါ.."

"ဟုတ်... ဟုတ်ကဲ့ပါဆရာ... ကျေးဇူးတင်ပါတယ်..."

အေးမွှန်ပြန်ထွက်လာတော့ ဖွားဖွားနှင့် ခင်မာက ဆေးရုံဆင်းရန် အသင့်စောင့်နေကြသည်။

အေးမွှန်ဖွားဖွားကို သွားတွဲသည်။ သို့သော် ဖွားဖွားက သူ့ဘာသာ သွားနိုင်နေသည်။

အေးမွှန်က ဖွားဖွားကို ကားရှေ့ထိုင်ခုံမှာ တင်ပေးသည်။ ကားမောင်းရင်း ဖွားဖွားနှင့် စကားပြောချင်၍ ဖြစ်သည်။ ကားလေး ဆေးရုံဝင်းအတွင်းမှ ဖြည်းညှင်းစွာ မောင်းထွက်လာသည်။ ဒေါ်အေးချစ်က မြေးချောလေးဘက်သို့လှည့်၍ ချစ်ကြင်နာစွာ ကြည့်နေ၏။ အေးမွှန်၏ လက်တစ်ဖက်က ဖွားဖွား၏ လက်ကလေးကို လှမ်းပြီး ဆုပ်ကိုင်ထားလိုက်သည်။





"ဝမ်းသာလိုက်တာ... ဖွားဖွားနေကောင်းသွားတာ အိမ်ကျရင်... အားရှိတဲ့အစာတွေ စားရမှာနော်..."

"စားနိုင်သလောက်တော့ စားမှာပေါ့ မြေးရယ်..."

"ဟာ... မရဘူး... အများကြီးစားရမှာ... အခုမြေးက ကျွေးနိုင်တဲ့ အခြေအနေရောက်နေပြီပဲ ကျွေးစရာကလဲ ဖွားဖွားတစ်ယောက်ထဲရှိတာ..."

"ဪ... မြေးကို ဖွားဖွားမေးမလို့... ဟိုသူငယ်လေး... မောင်ထွေးမြင့် ရောက်မလာဘူးနော်... မြေးနဲ့ရော တွေ့ရဲ့လား..."

"မတွေ့ပါဘူး... ဖွားဖွားရယ်... သူက ရာထူးတိုးပြီး ပြောင်းသွားရတယ် ကြားတာပဲ..."

"ဘယ်ပြောင်းသွားတာလဲ..."

ဖွားဖွားက တိတိကျကျ မေးနေသည်။

"မြေး တောင်ကြီးမှာရှိတုန်းက သူဖောင်ကြီးမှာ သင်တန်းတက်နေတယ် ဖွားဖွား... သင်တန်းဆင်းပြီးတော့ ဘယ်ရောက်သွားမှန်း မသိဘူး... သူတာဝန်ကျတဲ့နေရာသွားရမှာပေါ့..."

"အင်း... စာလေးဘာလေးရေးဖို့ ကောင်းတာပေါ့နော်..."

"မြေးတို့ ရန်ကုန်ပြန်ပြောင်းလာတာလဲ သူသိမှာမဟုတ်ဘူး ဖွားဖွား..."

"ဪ... အေး... ဟုတ်တာပေါ့..."

အဆက်အသွယ်ပြတ်သွားရသည့်ကြောင်းကို ဖွားဖွား နားလည်သလို ဖြစ်သွားသည်။

"သူ့ခမျာ ဖွားဖွားတို့ အရင်အခန်းကျဉ်းလေးနဲ့ ဆင်းဆင်းရဲရဲနေရတုန်းက လာပြီးကူညီရှာတယ်..."

ဖွားဖွားက ထွေးမြင့်ကို သတိတရဖြစ်နေသည်။

"ဪ... ဟိုဆရာဝန်လေးခမျာ သဘောသိပ်ကောင်းရှာတယ်... ငါ့မြေးက သူ့ချစ်သူကိုသိပ်ပြီး သစ္စာရှိနေလို့ စိတ်မဝင်စားခဲ့တာဖြစ်မှာ... ခုဒီသူငယ်က ဘယ်ရောက်နေမှန်း မသိပြန်ဘူး... တဲ့..."

အေးမွန် မော်တော်ကားစက်ရှိန်မြှင့်၍ ရှေ့မှလေးဘီးကားလေးကို ကျော်တက်လိုက်သည်။ မော်တော်ကား တရိပ်ရိပ် ပြေးနေသည်။ လေးဘီးကားလေး နောက်ဖက် အဝေးကြီးမှာ ကျန်နေရစ်ခဲ့သည်။

✿ ✣ ✿ ✣ ✿ ✣ ✿



အခန်း (၈၅)

ယနေ့ တနင်္ဂနွေနေ့ ရုံးပိတ်သည်။

ဖွားဖွားဒေါ်အေးချစ်၏ (၇၅)နှစ်မြောက် မွေးနေ့ အလှူအတွက် ရွှေတိဂုံသို့ သွားကြသည်။

အမှန်ကတော့ သောကြာနေ့က (၇၅)နှစ်ပြည့်ခဲ့ခြင်း ဖြစ်သည်။ အေးမွန် တနင်္ဂနွေနေ့မှအား၍ နှစ်ရက်နောက်ကျပြီး မွေးနေ့အလှူပြုရခြင်းဖြစ်သည်။ ဖွားဖွားက မွေးနေ့ကျော်လျှင် သူ့ကျန်းမာရေးအတွက် စိတ်ချရပြီဟု ယုံကြည်နေသည်။

ရွှေတိဂုံဘုရားကို အနောက်ဖက်မုခ်မှ စက်လှေကားနှင့်တက်ရတော့ ဖွားဖွား သဘောကျနေသည်။

"ဟန်ကျလိုက်တာ... မောလဲ မမောဘဲနဲ့ ဘုရားပေါ်

ရောက်ရတယ်..."

"ဟဲ့... ဟဲ့... ဖွားဖွားကို လက်ကိုဆွဲပါဦး မြေးရဲ့..."

အေးမွန်လက်ဆွဲခေါ်ရသည်။ ဖွားဖွားပျော်နေရှာသည်။ ရွှေတိဂုံဘုရားမှာ ရွှေချရန် ဖွားဖွားနာမည်နှင့် ငွေတစ်ထောင် လှူပေးသည်။

"သာဓု... သာဓု... သာဓု... ငါ့မြေးလေးကို မွေးရကျိုးနပ်လိုက်တာ.. ငါ့မြေးလေး.. ကျန်းမာပါစေ.. ချမ်းသာပါစေ"

ဖွားဖွားကို ရွှေတိဂုံဘုရား တပတ်လှည့်ပြီး ကြည်ညိုနိုင်းသည်။ ပြီးတော့ အရှေ့ဘက်မုခ်မှာ အေးအေးဆေးဆေး ဘုရားဖူးပြီးမှ စေတီတော်ကြီးကို လက်ယာရစ်ပတ်၍ စက်လှေခါးဆီသို့ ပြန်လာကြသည်။

"အင်း... ရန်ကုန်မှာနေပေမဲ့... ရွှေတိဂုံကို မရောက်ဖြစ်ပါဘူး မြေးရယ်... ခုမှပဲ မြေးလေးကျေးဇူးနဲ့ သက်သက်သာသာ ရောက်ရတယ်..."

ဒေါ်အေးချစ် ရွှေတိဂုံစေတီတော်ကြီးကို ကြည်ညို၍ မဝဖြစ်နေသည်။ နေ့ခင်းကျတော့ အိမ်မှာသံဃာငါးပါး ဆွမ်းကပ်သည်။ သံဃာတော်များက ပရိတ်ရွတ်ပေးကြသည်။ ဆွမ်းအနုမောဒနာ တရားဟောသည်။ ဖွားဖွားကိုယ်တိုင် သံဃာများကို





လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ပြီးတော့ ဖွားဖွားကိုယ်တိုင် ရေစက်ချ အမျှပေးဝေသည်။ သံဃာတော်များ ပြန်ကြွသွားတော့ အိမ်နီးချင်း အသက်အရွယ်ကြီးသူများကို ကျွေးမွေးဧည့်ခံသည်။

"စားပါ.. ထည့်ပါဦး..."

ဖွားဖွားကိုယ်တိုင် ဟင်းထည့်ပေးသည်။

"အို... နည်းလိုက်တာ... ဝပြီလား... စားပါဦး..."

ဖွားဖွားမှာ စေတနာအပြည့် ဖြစ်နေသည်။ ယခင်က လှူချင်သော်လည်း ဆင်းရဲ၍ မလှူနိုင်။ ခုတော့ ရက်ရောစွာ လှူနိုင်ခွင့်ရနေသည်။

"ဩော်... မြေးလေးရယ်... ဝမ်းသာစရာကောင်းလိုက်တာ"

"ဒီနေ့တစ်နေ့ထဲနဲ့ ရွှေတိဂုံကိုသွားပြီး လှူရတယ်... ဘုရားလဲဖူးရတယ်... ဘုန်းကြီးတွေလဲ ဆွမ်းကပ်ရ လှူရတယ်။ လူတွေလဲ ကျွေးရတယ်... ဖွားဖွားအတွက်တော့ ပျော်စရာအကောင်းဆုံးနေ့ပဲ... မွေးနေ့ကျော်တော့ ဖွားဖွားအတွက်လဲ ကောင်းသွားပြီ။ မြေးလေးကျေးဇူးနဲ့လှူရတာ မြေးလေးကို ကျေးဇူးတင်လိုက်တာ.."

ဧည့်သည်များပြန်သွားတော့ ဖွားဖွားခမျာ ကျေနပ်

တင်စကား ပြောရ၍မဆုံး။ ဖွားဖွားပျော်နေသည်ကိုကြည့်၍ အေးမွန် ကြည်နူးရပါသည်။ ကိုယ့်ဘဝကိုလည်း ကျေနပ်နေမိသည်။ အိမ်ရှေ့မှာ ကားရပ်သံကြားသည်။

"ဘယ်က ဧည့်သည်ဘာလိမ့်..."

ကိုကိုကြီးများ တောင်ကြီးက ပြန်လာသလားဟု ကားကိုလှမ်းကြည့်သည်။ ကိုကိုကြီးတောင်ကြီးကိုသွားသည်မှာ ဆယ်ရက်ခန့် ကြာသွားပြီ။ သို့သော် ကိုကိုကြီး၏ ပါဂျဲရိုကားမ ဟုတ်။ ကားက အကောင်းစားတော့ ဖြစ်သည်။

အသက်လေးဆယ်ခန့် အသားဖြူဖြူနှင့် ခပ်ဝဝ မိန်းမ တစ်ယောက် ကားပေါ်မှ ဆင်းလာသည်။ စိန်နားကပ်ကြီးက အရောင်တလက်လက်။ ရွှေဆွဲကြိုးကလည်း အတုတ်ကြီးနှင့် နေကာမျက်မှန်တပ်ထားသည်။ လက်မှာကိုင်ထားသည့် ရွှေရောင် လက်ပွေ့အိတ်ကြီးကလည်း တန်ဖိုးကြီးမည်ကို မြင်ရုံနှင့် သိသာသည်။

သို့သော် ထိုအမျိုးသမီးကြီးကို အေးမွန်မသိ။

"အေးဆုမွန် ဆိုတာရှိလား..."

အိမ်မှားသည်မဟုတ် ကိုယ့်နာမည်ကို မေးနေပြီ။

"ဟုတ်ကဲ့... ကျွန်မ... အေးဆုမွန်ပါ..."





"ဪ... မင်းကို... ရုပ်ကတော့ တော်တော်ချောတာပဲ..."

"ရှင်..."

အမျိုးသမီးကြီး ဘာကြောင့် ထိုသို့ပြောသည်ကို အေးမွန် မသိပါ။

"မင်းက အရင်တောင်ကြီး စန်းကက်(ပ်)ဆိုင်မှာ လုပ်ခဲ့တဲ့ မန်နေဂျာ မလား..."

"ရှင်... ဟုတ်ပါတယ်... ဘာကိစ္စရှိလို့ပါလဲရှင်..."

"အင်း ကိစ္စရှိလို့လာရတာပေ့ါ..ငါ့နာမည်က ဒေါ်ခင်ဝင်းသီ တဲ့ မင်းကြားဘူးလား..."

"မကြားဘူးပါဘူးရှင်..."

အေးမွန်အမှန်ပင် မကြားဘူးပါ။

"လင်းဇော်ဦးကိုရော မင်းသိသလား..."

"ဟုတ်... ဟုတ်ကဲ့... သိပါတယ်..."

"အဲဒါဟာ... ငါ့ယောက်ျားပဲ..."

"ဖျောင်း..."

"အား..."

ဒေါ်ခင်ဝင်းသီက လက်သံပြောင်လှသည်။ အေးမွန်

နာလွှန်း၍ အသံထွက်အော်မိသည်။

"ဟဲ့... ညည်... ညည်း... ဘယ်သူလဲဟင်... မြေးလေးကို ကိုယ်ထိလက်ရောက် စော်ကားလိုက်တာ..."

ဖွားဖွား မခံမရပ်နိုင်ဖြစ်၍ အသံများတုန်နေသည်။

"ကျွန်မက လက်ရောက်ရုံတင်ပါ... သူကမှ ကိုယ်နဲ့ထိပြီး စော်ကားတာ..."

"ဟင်း... သူများအိမ်မှာလာပြီး ညည်းစော်ကားလိုက်တာ"

"ဟင်း... ဟင်း... သူများအိမ်မဟုတ်ဘူး... ဒါကျွမအိမ်။ ကျွန်မယောကျ်ားဝယ်ပေးထားတဲ့အိမ်ဟာ ကျွန်မအိမ်ပဲ။ ဘာဖြစ်လို့တုန်းဆိုတော့ အခုလုပ်နေတဲ့ လုပ်ငန်းအားလုံးဟာ ကျွန်မငွေနဲ့ချည့်ပဲ။ သူသုံးနေတဲ့ငွေအားလုံးဟာ ကျွန်မငွေ... သူများအိမ်မှာနေပြီး စော်ကားတာက ရှင့်မြေး..."

"ဟင်... မြေးက ညည်းကိုဘာစော်ကားလို့လဲ..."

"ဖွားဖွား... အေးအေးဆေးဆေးနေပါ... မြေး သူနဲ့စကားပြောပါ့မယ်... ခင်မာရေ... ဖွားဖွားကို လာခေါ်ပါ..."

အေးမွန်က အခြေအနေကို ရိပ်မိသည်။ ဖွားဖွား ဘာမျှမသိစေချင်။ မကြားစေချင်။ ဖွားဖွား စိတ်ထိခိုက်မှာ စိုးသည်။





"မဟုတ်ဘူး... နေပါစေ ညည်းအဖွားရှေ့မှာပဲ ငါပြောချင်တယ်... ညည်းငါ့ယောကျ်ားနဲ့ ရုံးမှာ လက်ထပ်ထားတယ်ဆိုတာ ဟုတ်သလား..."

ခင်မာခေါ်သော်လည်း ဖွားဖွားဒေါ်အေးချစ် ဧည့်ခန်းထဲမှ မသွားသေးဘဲ နားထောင်နေသည်။

"ဟုတ်တယ်..."

အေးမွန်က အမှန်အတိုင်း ဝန်ခံလိုက်သည်။ ပါးမှာ နာကျင်သလို ရင်ထဲမှာလည်း နာကျင်နေသည်။

"ဟင်..."

ဖွားဖွား အံ့သြသွားသည်။

"လင်းဇော်ဦးမှာ မိန်းမရှိတယ်ဆိုတာ ညည်းသိတယ် မဟုတ်လား..."

"သူက သူ့မိန်းမကို မိဘပေးစားလို့ယူရပေမယ့် အဆင်မပြေကြဘူး... ဒါကြောင့် အိမ်ထောင်ကွဲနေတယ်... တရားဝင်ကွာထားတယ်လို့ ပြောတယ်..."

ဒေါ်ခင်ဝင်းသီပြုံးသည်။ သရော်ပြုံး။

"မိဘချင်း သဘောတူရအောင် လက်ထပ်တဲ့အချိန်က သူ့မှာ မိဘတောင်မရှိဘူး... သူကိုယ်တိုင် မရရင် သေတော့

မလောက် ဖြစ်နေလို့ ယူခဲ့ရတာ..."

"ရှင်..."

အေးမွန် အံ့သြရသည်။

"ညည်းရုပ်ရည်လေးနဲ့မျှားအေ... နမျောစရာ ကောင်းလိုက်တာ... လင်ကောင်းတစ်ယောက်ကို စိတ်ကြိုက်ယူလို့ ရနိုင်ရက်နဲ့... သူများလင်မှ ယူရတယ်လို့..."

"သူများလင်လို့ ကျွန်မ, မသိဘူး... တရားဝင်ကွာထားတယ်ဆိုလို့ ယူတာ..."

အေးမွန်ပါးပေါ်မှာ မျက်ရည်များ စီးဆင်းလာကြသည်။

"ညည်း သူ့ဆီက ကွာရှင်းစာချုပ် တောင်းကြည့်သလား..."

အေးမွန် တောင်းမကြည့်ခဲ့၍ မဖြေနိုင်။

"မြေး... မြေးရယ်... ဖွားဖွားလည်း ဘာမှမသိပါလား..."

ဒေါ်အေးချစ် ရင်ကိုဖိ၍ ဆက်တီခုန်မှာထိုင်လိုက်သည်။

"ဖွားဖွား... ခဏနေပါဦး... စိတ်အေးအေးထားပါ... နောက်ပြီးတော့ မြေးရှင်းပြပါ့မယ်..."

"ဩော်... ညည်းတို့လက်ထပ်ထားတာကို ညည်းအဖွားက





မသိဘူးလား..."

"မသိပါဘူး... သူနဲ့ကျွန်မဘဲ သိပါတယ်..."

"ဟင်း... ဟင်း... နောက်တစ်ယောက်သိပါလိမ့်ဦးမယ်..."

"ရှင်..."

အေးမွန်စဉ်းစား၍မရ။

"ဒေါက်တာ ကျော်ဝေ..."

"ဟင်..."

အေးမွန်ပို၍ အံ့သြရသည်။ ဒေါက်တာကျော်ဝေ နာမည်ကိုကြား၍ ဖွားဖွားလည်း အံ့သြနေသည်။

"မြေးက ဒါကြောင့်မို့ ဒေါက်တာကျော်ဝေကို ငြင်းတာကိုး"

ဟုလည်း နားလည်သွားသည်။

"ညည်းကို... သူက တော်တော်တန်ဖိုးကြီးကြီးထားပြီး ရအောင်ကြိုးစားလိုက်ရတာကိုး..."

အေးမွန်ပါးပေါ်မှာ မျက်ရည်များ စီးဆင်းနေကြဆဲ။ ရှက်သည့်စိတ်နှင့် နာကျည်းစိတ်တို့ကြောင့် ချက်ချင်းသေသွားချင်သည့်အထိ ခံစားနေရသည်။

"ညည်းအဖွားကိုတော့ ငါအားနာပါတယ်... ဒါပေမယ့်

ညည်းမှာ လက်ထပ်စာချုပ်ရှိသလား..."

အေးမွှန် ခေါင်းရမ်းပြသည်။

"ဘယ်မှာလဲ..."

"သူ့ဆီမှာပါ..."

"စာချုပ်နှစ်ခုလုံးလား..."

"ဟုတ်ပါတယ်..."

"ဟင်း..."

ဒေါ်ခင်ဝင်းသီထံမှ ပင့်သက်ချသံ ထွက်လာသည်။ စိတ်အေးသွားဟန် တူပါသည်။

"လက်ထပ်ထားတယ်ဆိုပေမယ့် ညည်းမှာဘာမှလည်း အထောက်အထား မရှိပါလား..."

ဒေါ်ခင်ဝင်းသီ၏ လေသံမှာ စောစောကလောက် မတင်းမာတော့ပါ။ ဤမိန်းကလေးသည် မိန်းမလည်မဟုတ်။ လင်းဖော်ဦး လှည့်စားသမျှ ခံနေရသော မိန်းကလေးဖြစ်သည်ဟု နားလည်သွားသည်။ အေးမွှန်မျက်လုံးများမှာ မျက်ရည်များ ရစ်ဝဲနေကြသည်။ ဒေါ်ခင်ဝင်းသီက အေးမွှန်ကို ကြည့်နေသည်။

"ကဲ... ညည်း ပြည့်ပြည့်စုံစုံ သိအောင်တော့ ငါပြောပြမှ ဖြစ်မယ်... ငါ့မိဘက ပိုက်ဆံသိပ်ချမ်းသာတယ်... ငါက





တစ်ဦးတည်းသော သမီး..."

ဒေါ်ခင်ဝင်းသီက ဇာတ်လမ်းစလိုက်သည်။

"ထိုင်ပါလား... ထိုင်ပြောပါ..."

ဖွားဖွားက လှမ်းပြောသည်။ ဒေါ်ခင်ဝင်းသီက ဆက်တီတစ်ခုမှ ဝင်ထိုင်လိုက်သည်။ အေးမွှန်မတ်တပ်ရပ်နေဆဲ။

"မြေး... ထိုင်လေ... အေးအေးဆေးဆေး ပြောကြပါ။ ဖွားဖွား ရင်တွေတုန်လွန်းလို့ပါ..."

"ခင်မာ... ဖွားဖွားကို စိတ်ငြိမ်ဆေးတိုက်ထားလိုက်..."

ခင်မာနောက်ဖက်သို့ ထွက်သွားသည်။ အေးမွှန် ဆက်တီမှာ မထိုင်ပါ။ ဘေးနားမှာရှိသည့် ခုံလေးတွင် ထိုင်လိုက်သည်။

"မိဘတွေက မော်လမြိုင်မှာနေကြပေမဲ့... ငါက ရန်ကုန်မှာနေတယ်... အခု ဗဟန်းခြံကြီးထဲက အောက်ထပ်မှာ ဂိုဒေါင်လုပ်ထားတာ... ငါ့အိမ်ပေါ့။ ခြံရော... အိမ်ရော ခုထိ ငါ့နာမည်နဲ့..."

"ဩော်..."

အေးမွှန်ရင်ထဲမှာတင် အံ့သြလိုက်ခြင်း ဖြစ်ပါသည်။

"သူ... စက်ာပူက ပြန်လာတော့ နိုင်ငံခြားအတွေ့အကြုံ

နဲ့သိပ်ပြီး သူဌေးဖြစ်ချင်နေတဲ့အချိန်ပေါ့.. ငါကလဲ မိတ်ဆွေတစ်ယောက်အကြံပေးလို့ ပို့ကုန်လိုင်စင်ယူပြီး စက်ဘူကို ပဲအမျိုးမျိုး တင်ပို့နေတယ်..."

ဒေါ်အေးချစ်ရော အေးမွန်ပါ စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"အဲ ဒီမှာသူနဲ့တွေ့ကြတော့ ချစ်လှချည်ရဲ့ဆိုပြီး မရမနေ သေတော့မလောက် သူကြိုးစားတာပဲ..."

ချစ်လှချည်ရဲ့ဆိုသောစကားကို အေးမွန်ရင်ထဲမှာ ထပ်ပြောနေမိသည်။ သူ့ကိုလုံးဝမပြောခဲ့သော စကားဖြစ်သည်။ ထိုသို့ပြောသည်ကိုပင် လူလိမ်လူညာတို့၏ စကားအဖြစ် ကဲ့ရဲ့ရှုံ့ချခဲ့သည်။ ဒေါ်ခင်ဝင်းသီကိုလည်း အသေအချာ လှမ်းကြည့်လိုက်မိသည်။ ဒေါ်ခင်ဝင်းသီ အသားအရေမှာ ဖြူနုရုံမက ဝင်းစက်စွာညက်ညောနေသည်။ ဝ၍ မျက်နှာက မို့မို့ဖောင်းဖောင်းဖြစ်နေသော်လည်း ကျက်သရေရှိစွာ လှပဆဲဖြစ်သည်။ ကိုယ်ခန္ဓာမှာ ဗိုက်အနည်းငယ်ထွက်နေပြီ။ သို့သော် ခါးရှိသေးသည်။ လုံးကြီးပေါက်လှဟု ဆိုနိုင်သေးသည်။ ဝနေသော အဆီပိုများကိုသာ လျော့ချလိုက်နိုင်လျှင် အတော်လှသော မိန်းမဖြစ်နိုင်သည်ဟု အေးမွန် စဉ်းစားနေမိသည်။

"အဲဒီတုန်းက ငါကလဲ... ခုလောက်မဝသေးဘူး... အသက်





သုံးဆယ့်လေးနှစ်... သူက သုံးဆယ်... ဒါပေမဲ့ လွယ်လွယ်နဲ့ သူတောင်းဆိုတာကို လက်ခံခဲ့တာ မဟုတ်ပါဘူး... သူဟာ သိုက်တူးသမားများ ဖြစ်နေမလားလို့... အသေအချာ စဉ်းစားခဲ့ပါတယ်... သူ့ပုံသဏ္ဌာန်က သပ်သပ်ယပ်ယပ် နေတတ်တယ်... လူငယ်ပေမဲ့ တည်တည်ကြည်ကြည် ရှိတယ်။ စကားတွေ အများကြီးမပြောဘူး... ပြောရင် လေးလေးနက်နက် ရှိတယ်... ဆက်ဆံရေးမှာ သိက္ခာရှိတယ်... သူနဲ့တွေ့တဲ့လူတိုင်း သူ့ကို အထင်ကြီးလေးစားသွားကြတာချည့်ပဲ..."

ဒေါ်ခင်ဝင်းသီ ပြောသောစကားများအားလုံး အေးမွန် စိတ်ထဲမှာ ခေါင်းညိတ်နေမိသည်ချည့် ဖြစ်သည်။

"တကယ်လဲ အရည်အချင်းရှိတယ်ဆိုတာ အလုပ်အတူလုပ်ရင်း တွေ့လာရတယ်... ဒါပေမဲ့ မိန်းမရှုပ်တဲ့လူဖြစ်လိမ့်မယ်ဆိုတာမျိုးတော့ လုံးဝမတွေ့ရဘူး... မိန်းမတွေနဲ့ ဆက်ဆံတဲ့အခါ သိပ်အနေခြေရတယ်... တချို့ယောကျ်ားတွေလို အကြည့်ရဲတာမျိုး အကြည့်ရိုင်းတာမျိုးတောင် မရှိဘူး..."

အေးမွန် စိတ်ထဲမှာ တကယ်ပင် ခေါင်းညိတ်လိုက်မိသည်ဟု ထင်သည်။

"အဲဒီတော့ တိုတိုပြောပါ့မယ်.. သေချာပြီထင်ပြီး လက်ထပ်ဖြစ်ကြတယ်..."

ခင်မာ... ကော်ဖီခွက်နှင့် ဆေးယူပြီး အခန်းထဲသို့ ဝင်လာသည်။ ဖွားဖွားကို ဆေးတိုက်သည်။

"ဖွားဖွား... ဆေးသောက်ပြီးရင်... သွားအိပ်နေလိုက်နော်"

ဒေါ်အေးချစ်က နေရာမှမထသေး.. ဆက်ပြီး နားထောင်ချင်သေးသည်။

"ဒီဆေးက ဖွားဖွား အိပ်ချင်လာမှာမို့ပါ.. အိပ်ပျော်အောင် အိပ်လိုက်ပါ.. နောက်တော့ မြေးအားလုံး ပြန်ပြောပါ့မယ်..."

အေးမွန်က တောင်းပန်သည်။

"ဟုတ်ပါတယ်... အဖွား သွားအိပ်လိုက်ပါ.. ကျွန်မ ရောက်ရောက်ချင်း ဒေါသတကြီးဖြစ်သွားတာ တောင်းပန်ပါတယ် လက်ထပ်ထားတယ်ဆိုတော့ စိတ်မထိန်းနိုင်ဖြစ်သွားလို့ပါ အခုတော့ ကျွန်မကိုယ်ချင်းစာနိုင်ပါပြီ.. ကျွန်မတောင် သူ့ လိမ်ညာနိုင်သေးတာ.. ဒီမိန်းကလေး သူ့ကိုယုံတာ အဆန်း မဟုတ်ပါဘူး... ကျွန်မတို့ အေးအေးဆေးဆေး ပြောပါ့မယ်..."





"လာ... ဖွားဖွား..."

ခင်မာက ထိုင်နေသော ဒေါ်အေးချစ်ကို ထူသည်။ ဒေါ်အေးချစ် မြေးလေးကို လှမ်းကြည့်လိုက်သည်။

"ဖြစ်မှဖြစ်ရလေ... မြေးရယ်..."

ဒေါ်အေးချစ်၏ မျက်လုံးများမှာ လျှံလာသော မျက်ရည်များက ပါးပြင်နှစ်ဖက်ပေါ်မှာ စီးဆင်းလာသည်။

"အို... ဖွားဖွားရယ်... မငိုပါနဲ့.. မြေးစိတ်မကောင်းလိုက်တာ..."

တစ်နေ့လုံး ပျော်ရွှင်ကြည်နူးနေသော ဖွားဖွား ဤတစ်နေ့အတွင်းမှာပင် မျက်ရည်ကျသည်ကို အေးမွန် မြင်နေရသည်။ အေးမွန်ကိုယ်တိုင် မျက်ရည်များကို မထိန်းချုပ်နိုင် ဖြစ်ရသည်။

"ဒီအသက်အရွယ်ကျမှ ငါ့ကြောင့် ဖွားဖွား မျက်ရည်ကျရတာ..."

ဖွားဖွားကို အေးမွန်ကိုယ်တိုင်တွဲ၍ ခင်မာနှင့်အတူ အိပ်ခန်းသို့ လိုက်ပို့သည်။ အိပ်ရာပေါ်မှာ ညင်သာစွာ သိပ်ပေးသည်။

"ဖွားဖွား အိပ်ပျော်အောင် အိပ်လိုက်ပါနော်..."

"မြေးလေးကို သူထပ်ရိုက်မှာစိုးလို့..."

"မရိုက်တော့ပါဘူး ဖွားဖွားရယ်... အိပ်နေဦး..."

မြေးလေးစိတ်ချမ်းသာအောင် ဒေါ်အေးချစ် မျက်စိများကို မှိတ်လိုက်သည်။ ပိတ်ထားသော မျက်ခမ်းလွှာများကြားမှာ မျက်ရည်စလေးများ စွတ်စိုနေကြသည်။

"သြော်... ဖွားဖွားရယ်... အေးမွန် ဝမ်းနည်းလွန်း၍ ချုန်းပွဲချပြီး ငိုပစ်လိုက်ချင်သည်..."

သို့သော် ပြဿနာက မပြီးသေး။ မျက်ရည်များကို လက်နှစ်ဖက်နှင့် သုတ်ပစ်လိုက်သည်။

"ခင်မာ... ဖွားဖွား... အနားမှာပဲ နေလိုက်..."

ခင်မာ ခေါင်းညိတ်သည်။ ဧည့်ခန်းဖက်သို့ အေးမွန် ပြန်ထွက်လာခဲ့သည်။ ဒေါ်ခင်ဝင်းသီက ဧည့်ခန်းမှာ ထိုင်စောင့်နေဆဲ။ အေးမွန်က ဖွားဖွားထိုင်ခဲ့သော နေရာမှာ ထိုင်လိုက်သည်။ ဒေါ်ခင်ဝင်းသီနှင့် မျက်နှာချင်းဆိုင်မှာ ဖြစ်သည်။

"မင်းတို့လက်ထပ်ထားတာကို တောင်ကြီးက လူတွေ မသိဘူးလား..."

ဒေါ်ခင်ဝင်းသီက မေးခွန်းနှင့် ပြန်စသည်။

"မသိပါဘူး..."





"ဆိုင်ကလူတွေရော..."

"မသိပါဘူး..."

"မင်းသူ့ကို လက်ထပ်ခွင့်တောင်းတာလား..."

"မဟုတ်ပါဘူး လားရှိုးမှာဆိုင်သစ်ဖွင့်ဖို့ သွားကြည့်မယ်ဆိုပြီး သူခေါ်သွားတာပါ... လားရှိုးရောက်တော့ လက်ထပ်မယ်ပြောပြီး တရားရုံးမှာ လက်ထပ်တာပါ..."

ဒေါက်တာကျော်ဝေနှင့် ကိစ္စကို အေးမွန်ထည့်မပြောပါ။ ရှည်ရှည်ဝေးဝေး ပြောချင်စိတ်လည်း မရှိပါ။

"အင်း... အဲဒါဟာ... သူ့ရဲ့အကြီးဆုံး အားနည်းချက်ပဲ... ကဲ... ငါတို့ဇာတ်လမ်းကို ဆက်လိုက်ဦးမယ်... သူနဲ့လက်ထပ်ပြီးတော့ ဇဟန်းအိမ်ကြီးမှာပဲ နေကြတယ်... အောက်ထပ်ကိုဒေါင်လုပ်ပြီး အပေါ်ထပ်မှာနေကြတာပေါ့... သူ့အရည်အချင်းနဲ့ သူကြိုးစားလို့ ကုမ္ပဏီက တစ်နှစ်အတွင်းမှာပဲ တော်တော် ကြီးပွားလာတယ်... ပို့ကုန်တင်မကတော့ဘူး သွင်းကုန်ပါလုပ်တော့ အမြတ်က နှစ်ဆ တိုးလာတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ဂိုဒေါင်က စာရေးမလေးနဲ့ ဖြစ်လို့ အိမ်ထောင်ကွဲမလောက်အထိ ပြဿနာဖြစ်ခဲ့ကြတယ်... သူ့ကိုကွာဖို့အထိ ပြောခဲ့တယ်။ သူတောင်းပန်တယ်... ဒါဟာ အပျော်သဘောဆက်ဆံတာပဲ ဖြစ်တယ်... အချစ်နဲ့

ပတ်သက်လို့ သစ္စာဖောက်တာမဟုတ်ဘူး… တကယ်ချစ်တာကတော့ ကိုယ့်မိန်းမကိုပဲ ချစ်တယ်… ကိုယ့်မိန်းမကလွဲလို့ ဘယ်သူ့မှ မချစ်ဘူး… အဲဒါတော့ အနိုင်အမာ ကတိပေးတဲ့အကြောင်း ပြောတယ်… ကိုယ့်မိန်းမနဲ့လဲ ဘယ်တော့မှ မကွဲနိုင်ဘူး… ကွာလဲမပေးနိုင်ဘူးလို့ ငြင်းတယ်…”

ချစ်သည်ဆိုသော စကားလုံးဝမပြောခဲ့ခြင်း၏ အဓိပ္ပါယ်ကို အေးမွန် နားလည်လိုက်ပါသည်။

“တကယ်တော့ သူ့မိန်းမကို ပေးတဲ့ကတိအတိုင်း သစ္စာရှိနေတာကိုး…”

နားလည်ခြင်းနှင့်အတူ နားကျဉ်းစွာ ခံစားလိုက်ရသည်။

“နောက်ဆုံးတော့ သူ့ကတိကိုယုံလို့ ပြေလည်ခဲ့ရပါတယ် ဒါပေမဲ့ ဂိုဒေါင်မှာရော ကုမ္ပဏီမှာပါ ဘယ်မိန်းကလေးမှ ခန့်မထားတော့ဘူး… ယောကျ်ားတွေချည့်ပဲ ထားတယ်…”

“ကောင်းတယ်…”ဟု အေးမွန်ရင်ထဲမှ ထောက်ခံလိုက်သည်။

သူလဲ ခြေငြိမ်သွားပြီး အလုပ်ကြိုးစားလုပ်တယ်… နောက်ပိုင်းကျတော့ တီသုံးလုံးကုမ္ပဏီမှာ ရှယ်ယာတော်





တော်များများ ဝင်လိုက်တော့ အမြတ်ငွေတွေပိုရ လာတယ်… ဒါပေမဲ့ တီသုံးလုံးကုမ္ပဏီက မိန်းကလေးတွေကားနဲ့ ကုန်ပစ္စည်း လာထုတ်ရတယ်… တစ်ခါတစ်လေနှစ်ယောက်သုံးယောက်၊ တစ်ခါ တစ်လေ ကျတော့လဲတစ်ယောက်ထဲ… ကိစ္စမရှိပါဘူး… ဂိုဒေါင် မန်နေဂျာလဲရှိတယ်… ကားသမားလဲပါလာတယ်… ပစ္စည်းတင်ပေးတဲ့ကောင်းလေးနှစ်ယောက်လဲ ရှိတယ်… ဒီလိုလာထုတ်တာ တွေ့နေရတာပဲ…

ဒါပေမဲ့ ဖေဖေမကျန်းမာလို့ မော်လမြိုင်ကို ပြန်သွားရတော့ တစ်နေ့မှာ သူနဲ့အချိတ် အဆက်ရှိတဲ့ မိန်းကလေးကို တစ်ယောက်ထဲလာပြီး ပစ္စည်းအထုပ်ခိုင်းတယ်… ဂိုဒေါင်မန်နေဂျာကို အပြင်မှာ ပစ္စည်းသွားအဝယ်ခိုင်းတယ်… ပစ္စည်းတင်တဲ့ ကောင်လေးနှစ်ယောက်ကလဲ အဲဒီနေ့က မလာကြဘူးတဲ့… ပိတ်ရက်မို့ ပစ္စည်းထုတ်မဲ့လူမရှိဘူး… လာဖို့မလိုဘူးလို့ သူပြောထားတာ ဖြစ်မှာပေါ့။

မန်နေဂျာကို ပစ္စည်းသွားအဝယ်ခိုင်းတာကလဲ မိန်းကလေး ပစ္စည်းသည်ဖို့ ခေါ်လာတဲ့ကားနဲ့ အသွားခိုင်းတာဆိုတော့ ဂိုဒေါင်မှာသူတို့နှစ်ယောက်ပဲ ကျန်ခဲ့တယ်…”

သူနှင့်စုထားတို့ ပစ္စည်းထုတ်သွားစဉ်က မတော်တဆ

တိုက်ဆိုင်သလိုပုံမျိုးနှင့် အိုရီယင်တယ်လ်ခေါ်ကျွေးပြီး ရင်းနှီးမှုယူသည်ကို အေးမွန်သတိရမိသည်။

"အဲဒီနေ့ကပဲ အဲဒီမိန်းကလေးကို သူရလိုက်တယ်..."

"အို..."

အေးမွန် အသံထွက်သွားမိသည်။

"မန်နေဂျာ ပြန်လာတော့ အခြေအနေကို ရိပ်မိတယ်... ဒါပေမဲ့ သူ့ကိုကြောက်လို့ မပြောခဲ့ဘူး။ တို့ကလဲ ဖေဖေ့ကျန်းမာရေး မကောင်းတော့ ပြန်မလာနိုင်ဘူး... ဖေဖေဆုံးတဲ့အထိဆိုရင် သုံးလကျော်သွားတယ်... နောက်တော့ ဘယ်လောက်အထိလဲဆိုရင် တနင်္ဂနွေဆိုင်ပိတ်ရင် အိမ်ပေါ်ခေါ်တင်ထားတဲ့အထိ ဖြစ်သွားကြတယ်..."

"အို..."

သူ့အထင်ကြီးနေသူအကြောင်းကို ခုမှ ကောင်းစွာသိရသည်။ ကိုယ်တိုင်လည်း တောင်ကြီးအိမ်ပေါ်ခေါ်အတင်ခံခဲ့ရသည်။

"ဖေဖေဆုံးတော့ မော်လမြိုင်ကို သူလိုက်လာပါတယ်... ဟန်မပျက်ပါဘူး... ကိုယ့်ကသာ တစ်ယောက်တည်းအလုပ်တွေများနေတယ်ထင်လို့ သနားနေရတာ... ဒါပေမဲ့





ရက်လည်ပြီးလို့ ရန်ကုန်ပြန်လာတော့ မန်နေဂျာကတဆင့်အားလုံး သိရတာပါပဲ... လင်မယားရန်ဖြစ်တော့ မန်နေဂျာလဲ မနေဝံ့လို့ အလုပ်ထွက်သွားတယ်... သူကတောင်းပန်တယ်လေ... ထုံးစံအတိုင်းပဲပေါ့... ချစ်တာကတော့ မိန်းမပဲ... ချစ်တယ်ဆိုတဲ့ဝေါဟာရကိုတောင် မိန်းမနဲ့မှပဲ သုံးတယ်တဲ့..."

"ဩော်..."

အေးမွန်ပို၍ ခိုင်မာစွာ သိသွားရပါသည်။

"မိန်းမ, မရှိတော့ တစ်ယောက်ထဲမို့ အပျော်နေမိတာပါတဲ့ တခြားမကောင်းတဲ့ ကြေးစားမိန်းမတွေဆိုင် အေအိုင်ဒီအက်စ် ရောဂါရမှာ ကြောက်လို့ပါတဲ့... အဲဒါဆိုရင် အပြစ်မရှိတဲ့ ကိုယ့်မိန်းမကိုပါ ဒီရောဂါပေးမိသလို ဖြစ်မှာစိုးလို့ပါတဲ့... ကိုယ်ကတောင် သူ့ကိုကျေးဇူးတင်ရဦးမယ်..."

"ဩော်... ပြောရက်လိုက်တာ..."

အေးမွန်ရင်ထဲမှာ နာကျင်လွန်းလှသည်။ ကိုယ့်ကိုလည်း အပျော်သဘောထားပြီး ရောဂါမရနိုင်သော ကြေးစားတိတ်တိတ်ပုန်းမယားအဖြစ်ထားမှန်း နားလည်လာရသည်။

"နောက်ဆုံးတော့ အလုပ်တွေကလဲ သူပဲနားလည်တယ်...

အကျိုးအမြတ်ကလဲ ကြီးကြီးမားမားရနေတယ်... ဆက်ပြီး လုပ်ထားတာတွေကလဲ အများကြီးရှိသေးတယ်... အဲဒါတွေ အားလုံးတော့ ဘာပဲလုပ်လုပ်... စာချုပ်စာတန်းမှန်သမျှ နာမည်ပေါက်မှန်သမျှ မိန်းမနာမည်နဲ့ပဲ ထားတယ်... ဝင်ငွေထွက်ငွေစာရင်းတွေလဲ ခုထိ လစဉ်မှန်မှန်ပို့တယ်... စာရင်းစစ်နဲ့ စစ်ကြည့်တယ်... အမှားအယွင်းမရှိဘူး... အကျိုးအမြတ်ကလဲ တက်နေတယ်... ရင်းနှီးမြှုပ်နှံမှုတွေလဲ တိုးနေတယ်... တကယ်အကျိုးရှိအောင် လုပ်နိုင်ပါတယ်..."

"သူ... မမနဲ့လာတွေ့လား..."

သူက ပါးရိုက်ထားပါလျက် မမဟု ခေါ်၍ အေးမွန်ကို ခေါ်ခင်ဝင်းသီ ကြည့်နေသည်။

"တစ်လကို တစ်ခါတော့ မော်လမြိုင်ကို လာပါတယ်..."

"ဩော်..."

"မိန်းမကိုချစ်လို့တင်မဟုတ်ပါဘူး... သူသိပ်ချစ်တဲ့ သမီးလေးလဲ ရှိသေးတာကိုး..."

"ရှင်..."

သမီးရှိကြောင်း လင်းဇော်ဦး လုံးဝမပြောခဲ့ပါ။





"တောင်ကြီးမှာ ဆိုင်ခွဲဖွင့်ဖို့လုပ်နေတဲ့ တစ်လလောက်ပဲ ရောက်မလာတာပါ..."

သူနှင့် ရင်းနှီးရန် အစွမ်းကုန်ကြိုးစားနေသောအချိန်ဟု အေးမွန်နားလည်လိုက်သည်။

"နောက်တော့ သူ့အကြောင်းနားလည်နေပါပြီ... တတိယအကြိမ် မိန်းကလေးနဲ့ထပ်ဖြစ်ကတည်းက ပြောချင်စိတ်လဲမရှိတော့ဘူး... ပြောလို့လဲရမှာမဟုတ်ဘူး... အတူနေတဲ့အခါ အဲဒါတွေ မြင်ရသိရတော့ ပိုပြီး စိတ်ဆင်းရဲတယ်... ဒီကြားထဲ မော်လမြိုင်မှာ မေမေ့ ကျန်းမာရေး အခြေအနေကလဲ သိပ်မကောင်းဘူး... သူ့မြေးလေးကို မေမေက သိပ်ချစ်တော့ မြေးနဲ့ခွဲမနေချင်ဘူး... ရန်ကုန်လဲ လိုက်မနေနိုင်ဘူး... ဒါကြောင့်မို့ ငါ... အေးလေ... မမလို့ပဲ ပြောပါ့မယ်... မင်းက ငါ့ကိုမမလို့ခေါ်တာ သဘောကျပါတယ်... အဲ... မမတို့သားအမိ မော်လမြိုင်ပြန်ပြီး မေမေနဲ့ အတူနေကြတာပါ..."

"အခု... သူ မော်လမြိုင်မှာလား..."

"မဟုတ်ပါဘူး... ဒီရန်ကုန်မှာမရှိရင် တောင်ကြီးမှာ ရှိမှာပေါ့... တစ်ခုတော့ မင်းကိုပြောထားချင်တယ်... သူက မိန်းကလေးတစ်ယောက်ကို သဘောကျပြီဆိုရင်... မရရ

တဲ့နည်းနဲ့ အစွမ်းကုန်ကြိုးစားတတ်တယ်... စိတ်လဲရှည် တယ်... အသေးစိတ်ကလေးတွေကစပြီး သတိထား ပြင် ဆင်တယ်... နောက်ဆုံးတော့ ရတာပဲ..."

ထွေးမြင့်နှင့် ဒေါက်တာကျော်ဝေသတိပေးခဲ့သည်ကို အေးမွန် လုံးဝမယုံခဲ့။ နည်းနည်းလေးပင် လက်ခံစဉ်းစားခြင်း မပြုခဲ့။

သိပ်ချစ်သော ချစ်သူရှိပါလျှက် လင်းဇော်ဦးကို အ ထင်ကြီး၍ လင်းဇော်ဦးနှင့် သွားရစားရသည်တို့ကို သာယာ ခဲ့သည်။ လင်းဇော်ဦး ဝယ်ပေးသော ခေတ်မှီအသုံးအဆောင် ပစ္စည်းများကို သဘောကျခဲ့သည်။ ကိုယ့်ဘဝကိုယ် မေ့ခဲ့သည်။ အလွန်ချစ်ခဲ့သော ချစ်သူကိုပင် မေ့ခဲ့သည်။ ခုဒေါ်ခင်ဝင်းသီ ပြောမှ ကိုယ်တွေ့နှင့် ယှဉ်ပြီးနားလည်လာသည်။

"သူ... ငါ့ကိုအသေအချာ စနစ်တကျအကွက်ဆင်ပြီး ငါ ကိုယ်တိုင် သူ့ရင်ခွင်ထဲကို ဝင်လာအောင် လုပ်ခဲ့တာပါ လား..."

ဟု သိလာသည်။ သိသည်နှင့်အမျှလည်း လင်းဇော်ဦး ကို စက်ဆုပ်ရွံမုန်းမိသည်။

"ဩော်... ဒါကြောင့်မို့ ဒေါက်တာကျော်ဝေက ငါ့ကို အချိန် မှီကယ်တင်နိုင်ဖို့ အစွမ်းကုန်ကြိုးစားခဲ့တာကိုး..."





ဒေါက်တာကျော်ဝေ၏ မေတ္တာစေတနာကို ခုမှ နား လည်ရသည်။ ဒေါက်တာကျော်ဝေကို ကျေးဇူးတင်မိသည်။ သို့ သော် လွန်ကုန်ပြီ။ နောက်ကျသွားပြီ။ အေးမွန် စဉ်းစားနေဆဲ မှာပဲ ဒေါ်ခင်ဝင်းသီကလည်း ဆက်ပြောနေဆဲ...

"သူရချင်တဲ့မိန်းကလေးကိုရပြီးရင် ခဏတော့ အရှူးအမူး ပါပဲ... "

"မမက သူ့ကိုတားဖို့ကောင်းတာပေါ့..."

အေးမွန်က ဒေါ်ခင်ဝင်းသီကို အပြစ်တင်ချင်သည်။

"တားခဲ့တာပေါ့... မရလို့ ကွာဖို့အထိတောင် လုပ်ခဲ့တယ် လို့ ပြောခဲ့ပြီးသားပဲ... ဒါပေမဲ့ တားလို့လဲမရဘူး... ကွာ လို့လဲမရဘူး... သူက တကယ်ချစ်တဲ့ မိန်းမဟာ တစ် ယောက်ထဲပဲရှိတယ်... လို့ ပြောတယ်လေ... သူပြောသလို တကယ်ချစ်တယ်လို့လဲ ထင်ပါတယ်... ကိုယ်ကလဲ အမှန် အတိုင်းပြောရရင် သူ့ကိုတကယ်ချစ်ခဲ့မိတာပါ... ခုမှသာ စားရမှာလဲ သဲနဲ့ရှပ်ရှပ်... ပစ်ရမှာလဲ အဆီနဲ့ဝင်းဝင်း ဆို တာမျိုးဖြစ်နေရတာ... နောက်ပြီး ကလေးကိစ္စကလဲ ရှိသေး တယ်... သူကလဲ သူ့သမီးနဲ့ မခွဲနိုင်ဘူး ကိုယ်ကလဲ သမီး လေးဖခင် မရှိတာမျိုး မဖြစ်ချင်ဘူး... အဲဒါကြောင့် ဆက် ပြီးပေါင်းနေရတာ..."

ဒေါ်ခင်ဝင်းသီ၏ ဒုက္ခကိုလည်း အေးမွန်နားလည် လိုက်ပါသည်။ အစတုန်းကတော့ ပါးရိုက်ခံ၍ ရင်ထဲမှာ နာကျည်းခဲ့သော်လည်း ခုတော့ပြောရင်းပြောရင်းနှင့် စိတ်ထဲမှာ ရင်းနှီးသလို ဖြစ်လာခဲ့ရသည်။ ပါးမှာနာကျင်သော ဝေဒနာလည်း မရှိတော့ပါ။

"မမ... အအေးသောက်မလား..."

"တော်ပါပြီကွယ်... ရေတစ်ခွက်လောက်တော့ သောက်ချင်ပါတယ်..."

ဧည့်ခန်းတွင်ရှိသော ဖီလ်တာထဲမှ အေးမွန်ကိုယ်တိုင် ရေတစ်ခွက် ခပ်ပေးလိုက်သည်။ ဒေါ်ခင်ဝင်းသီမှာ တော်တော်လေး အာခြောက်သွားဟန်တူပါသည်၊ ရေတစ်ခွက်လုံးကုန်အောင်သောက်လိုက်သည်။ အေးမွန် ရေခွက်ပြန်ယူသည်။

"မမလာလာချင်း ဒေါသဖြစ်ပြီး မင်းကိုစော်ကားသလို လုပ်ခဲ့မိတာ တောင်းပန်ပါတယ်ကွယ်..."

အေးမွန်နှုတ်မှ ဘာမျှမပြောသော်လည်းခေါင်းညိတ်ပြလိုက်မိပါသည်။

"သူနဲ့ဖြစ်တဲ့မိန်းကလေးတွေကို မမခုလို ဘယ်သူနဲ့မှ လိုက်မတွေ့ဘူးပါဘူး... မင်းနဲ့ကျမှ လာတွေ့ဖြစ်တာကလဲ မင်း





ကိုသူလက်ထပ်တယ်ဆိုတာ အခိုင်အမာ သိလိုက်ရလို့ပါ။ သူက မမကိုကတိပေးထားတာရှိတယ်... ဘယ်မိန်းကလေးနဲ့ပဲ ဖြစ်ဖြစ် အပျော်ပဲ... အချစ်မပါစေရဘူးတဲ့... ပြီးတော့ ဘယ်မိန်းကလေးမှ စီးပွားရေးလုပ်ငန်းမှာပါ ဝင်စားရင်းရှုပ်တာမျိုး မဖြစ်စေရဘူးတဲ့... မင်းနဲ့ကျမှ လက်ထပ်တယ်ဆိုတော့ မင်းကို သူတကယ်ချစ်လို့ပဲ ထင်လိုက်တယ်... လက်ထပ်တယ်ဆိုတော့ စီးပွားရေးလုပ်ငန်းတွေမှာပါ ရှုပ်လာတော့မယ်လို့ စိုးရိမ်ပြီး ထူပူသွားလို့ပါ..."

အေးမွန် ခေါင်းရမ်းပြလိုက်သည်။

"သူ... ကျမကို ချစ်တယ်လို့ တစ်ခွန်းမှ မပြောပါဘူး... အတင်းပြောခိုင်းတာတောင် မပြောပါဘူး... အဲဒါဟာ နှုတ်ဖျားက အလွယ်ပြောတဲ့ လူလိမ်လူညာတွေရဲ့ အလုပ်လို့ ပြောပါတယ်... နောက်ပြီးတော့လဲ မမတို့ စီးပွားရေးလုပ်ငန်းမှာ... ကျွန်မ ရချင်တဲ့စိတ် ဝင်ရှုပ်ချင်စိတ် ဘာမှ မရှိပါဘူး..."

"ဒါပေမဲ့... မင်းကုမ္ပဏီကတော့ ထွက်မှဖြစ်မယ်..."

ဒေါ်ခင်ဝင်းသီက သူ့ဆန္ဒကို တိုက်ရိုက်ဖွင့်ပြောလိုက်သည်။

"မထွက်နိုင်းလဲ ထွက်မှာပါ... ကျွန်မသူနဲ့လဲ လုံးဝမတွေ့

ချင်တော့ပါဘူး... "

လင်းဇော်ဦးကို အေးမွန် နာနာကျည်းကျည်း မုန်းတီးသွားပါပြီ။

"အဲဒါဆိုရင် မမ... မင်းကို အလုပ်ထွက်ရလို့ နစ်နာတဲ့အတွက် လျော်ကြေးပေးပါမယ်... သူနဲ့ လက်ထပ်ခဲ့တဲ့ ကိစ္စကိုလဲ မေ့ပစ်လိုက်ပါ... အဲဒါအတွက်ပါ လျော်ကြေးပေးပါ့မယ်..."

ဒေါ်ခင်ဝင်းသီက သူ့ပေါင်ပေါ်မှ ရွှေရောင်အိတ်ကြီးကို ဖွင့်နေပါပြီ။ အေးမွန်ပြုံးလျက် လက်ကာပြသည်။

"ကျွန်မ ဘာလျော်ကြေးမှ မယူချင်ပါဘူး..."

"အို... မဟုတ်တာ... မင်း အများကြီး နစ်နာခဲ့ရတာပဲ..."

"ရပါတယ်... ကိုယ်မလိမ်မာတာလဲပါလို့ ခံရတာပါ... ကျွန်မတစ်ခုပဲ သိချင်ပါတယ်... ဒေါက်တာကျော်ဝေနဲ့ မမနဲ့ ဘယ်လိုတွေ့တာလဲ..."

"ဒေါက်တာကျော်ဝေက တောင်ကြီးမှာ အလုပ်တာဝန်ကျပေမဲ့ ဇာတိက မော်လမြိုင်သားလေ ဒါပေမယ့် မော်လမြိုင်မှာ ခုနှစ်တန်းလောက်အထိပဲ ကျောင်းနေခဲ့ရပြီး ရန်ကုန်မှာရှိတဲ့ အဖိုးအဖွားက ခေါ်သွားတာ... ရန်ကုန်မှာပဲ





ကျောင်းဆက်နေပြီး ရန်ကုန်သားဖြစ်သွားတာ..."

"ဩော်..."

ထိုအကြောင်းကို အေးမွန်မသိခဲ့ပါ။

"သူတောင်သူငယ်ချင်းဖြစ်ပေမဲ့... ဒီအကြောင်းတွေ သိချင်မှသိမှာ... သူနဲ့သူငယ်ချင်းဖြစ်တာက ရန်ကုန်ကျမှ ဆုံမိကြတာ... ဒေါက်တာကျော်ဝေက ပြီးခဲ့တဲ့ သုံးလလောက်ကပဲ သထုံကို ပြောင်းရတယ်... မော်လမြိုင်မှာ သူ့အဒေါ်တစ်ယောက်ဆုံးလို့ ရောက်လာတော့ မမနဲ့ဆုံမိပါတယ် သူ့အစ်မဝမ်းကွဲတွေက မမနဲ့သူငယ်ချင်းပါ...

သူက တောင်ကြီးမှာ ဆရာဝန်လုပ်လာတာဆိုတော့ စနိုးကက်(ပ်)ဆိုင်ရဲ့ အခြေအနေမေးကြည့်ရင်း နောက်ဆုံးတော့သူက လင်းဇော်ဦးနဲ့မင်းနဲ့ လက်ထပ်ထားကြတယ်လို့ ပြောတယ်..."

"မမက မယုံဘူး... မဖြစ်နိုင်ပါဘူးလို့ ငြင်းတယ်... သူက သူကိုယ်တိုင် လက်ထပ်စာချုပ်ကို မြင်ခဲ့ရတယ်... လင်းဇော်ဦးကိုယ်တိုင်ပြတာလို့ ပြောတယ်..."

"ဘာကြောင့် အဲဒီလက်ထပ်စာချုပ် သူ့ကိုပြတယ်ဆိုတာရော ပြောသေးလား..."

အေးမွန်သိချင်မိသည်။

"မပြောဘူး..."

အေးမွန်ပြုံးသည်။ သို့သော်မချိုပြုံး။

"လက်ထပ်ဖြစ်တာကိုက ဒေါက်တာကျော်ဝေကြောင့် အဓိကတစ်ချက်ပါတယ်..."

"ဟင်..."

ဒေါ်ခင်ဝင်းသီ နားမလည်ပါ။

"ဦးလင်းဇော်ဦးက ကျွန်မကိုရဖို့ ကြိုးစားနေတဲ့အချိန်မှာ ဒေါက်တာကျော်ဝေကလဲ ကျွန်မကို တကယ်မေတ္တာရှိကြောင်း လက်ထပ်ယူချင်ကြောင်း ခွင့်တောင်းလာပါတယ်"

"ဪ... အဲဒီလိုလား..."

အေးမွန်ကို ဒေါ်ခင်ဝင်းသီ အသေအချာ ကြည့်နေပါသည်။

"အဲဒါကိုသူလဲ သိပါတယ်... ဒါကြောင့်မို့ သူကျွန်မကို လားရှိုးခေါ်သွားပြီး အမြန်လက်ထပ်ပစ်လိုက်တာ..."

"ဟင်... ဒီလိုလား..."

ဒေါ်ခင်ဝင်းသီ အံ့ဩနေသည်။





"ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလက်ထပ်တဲ့အကြောင်း ဘယ်သူ့မှမပြောဖို့သူကျွန်မကို ပြောပြီးတော့ ဒေါက်တာကျော်ဝေကို သူက လက်ထပ်စာချုပ်ပြလိုက်လို့ပါ.. အဲဒီအကြောင်းလဲ သူပဲကျွန်မကို ပြောပြတာပါ.."

ဒေါ်ခင်ဝင်းသီ ခေါင်းညိတ်ပြီး သက်ပြင်းချသည်။

"သေချာတာပေါ့... အဲဒါသူ့သဘာဝပဲ မိန်းကလေးတစ်ယောက်ကို သူသဘောကျထားပြီဆိုရင်... ဘယ်သူ့မှဖျက်လို့မရတော့ဘူး... ဘာကြောင့်မှ အပျက်မခံဘူး... မရရအောင်ကို ယူတတ်တယ်... အဲရပြီးလို့ သူကြိုက်သလိုနေရပြီးရင်လဲ အဲဒီမိန်းကလေးကို ငြီးငွေ့သွားတတ်တယ် အဲဒီလို ငြီးငွေ့တာနဲ့ နောက်ထပ်မိန်းကလေးတစ်ယောက်ကို ရှာမှာပဲ..."

"ရှင်..."

"နောက်ထပ်မိန်းကလေးကိုလဲ အဲဒီလိုပဲ မရရအောင် ကြိုးစားဦးမှာပဲ..."

"အို..."

အေးမွန် ရင်ထဲမှာ နှင်းပွင့်စံအတွက် စိုးရိမ်စိတ်များဖြစ်လာမိသည်။ နှင်းပွင့်စံကို ရာထူးတိုးပြီး လစာတိုးပေးခြင်း

များမှာ မိမိတုန်းကလုပ်ခဲ့သလို ဖြစ်နေသည်။ အင်းလေးတွင် ရေပေါ်နားနေဆောင်မှာ အမှတ်မထင်ပုံမျိုးနှင့် သူသောက်မည့် အအေးဘူးကို မသောက်ဘဲ နှင်းပွင့်စံသို့ ပေးခဲ့သည်ကို မြင်ယောင်လာသည်။

နှင်းပွင့်စံနှင့်အတူ စင်ရော်အစာကျွေးနေစဉ် ဓါတ်ပုံတဖျတ်ဖျတ်ရိုက်သည်ကိုလည်း သတိရလာသည်။

"ဩော် လတ်စသတ်တော့ သူ နှင်းပွင့်စံကို ရိုက်နေတာကိုး..."

အေးမွန် နားလည်လာသည်။ နှင်းပွင့်စံအတွက်လည်း စိုးရိမ်စိတ် ဖြစ်မိသည်။ နှင်းပွင့်စံကို ညီမလေးတစ်ယောက်လို ချစ်သည်။ ကိုယ့်ကိုလည်း ချစ်ခင်လေးစားသော မိန်းကလေး ဖြစ်သည်။

"ဖြူဖြူနုနုချောချောလေး..."

အပြစ်ကင်းစင်သော သိုးငယ်လေး ကျားစေဥ်းလဲ၏ ဖျားယောင်းမှုမှာ နစ်မွန်းရတော့မည်ကို စိုးရိမ်လာမိသည်။

"အို... မဖြစ်စေရဘူး..."

ကိုယ်တိုင် နစ်နာခဲ့ရသည်ထက်ပင် ပို၍စိုးရိမ်မိသည်။

"ကဲ... သွားတော့မယ်... ဒီငွေသုံးသိန်းကိုတော့ မင်းယူထား





လိုက်ပါ..."

ဒေါ်ခင်ဝင်းသီက အိတ်ကြီးထဲမှ ထုတ်ထားပြီးသားဖြစ်သော ငွေသုံးသိန်းကို စားပွဲပေါ်သို့ တင်လိုက်သည်။ အားလုံးမှာ ငါးရာတန် အသစ်ထုပ်များချည့် ဖြစ်သည်။

"ဟင့်အင်း... ကျွန်မ, မယူချင်ပါဘူး... စိတ်ချပါ။ ကျွန်မဘာမှ အနှောင့်အယှက် မပေးဘူးဆိုတာ ကတိပေးပါတယ်..."

အေးမွန်က ငြင်းသည်။

"မမ... မင်းကိုတောင်းပန်းပါတယ်ကွယ်... ဒီငွေတော့ ယူထားလိုက်ပါ.. မင်းမှာ အလုပ်ကလဲထွက်လိုက်ရတော့ ငွေလိုမှာပါ..."

"မလိုပါဘူး... ကျွန်မမှာ စုထားတဲ့ငွေရှိပါတယ်... ကျွန်မလုံးဝမယူဘူး..."

"မဟုတ်ပါဘူးကွယ်... ဒီငွေကိုတော့ ယူလိုက်ပါ.. မင်းဖွားဖွားကိုလဲ မမက တောင်းပန်တဲ့အကြောင်း ပြောပြပါ..."

ဒေါ်ခင်ဝင်းသီ နေရာမှ ထ,ထွက်သွားသည်။

"မမ အဲဒီလို မလုပ်ပါနဲ့ ဒီငွေကို ပြန်ယူသွားပါ... ကျွန်မ လက်မခံဘူး..."

ဒေါ်ခင်ဝင်းသီက ကားပေါ်တက်သွားပြီ။

အေးမွန် ပိုက်ဆံများကိုယူပြီး အိမ်ရှေ့သို့ ပြေးလိုက်သည်။ ဒေါ်ခင်ဝင်းသီ ကားထဲသို့ ရောက်နေပြီ။ အေးမွန်က ပိုက်ဆံသုံးသိန်းကို ကားထဲသို့ ပြန်ထည့်ပေးလိုက်သည်။

"မလုပ်ပါနဲ့ကွယ်... ဒီပိုက်ဆံတွေ ပြန်ယူသွားပါ.."

အေးမွန်ကိုကြည့်ပြီး ဒေါ်ခင်ဝင်းသီ စိတ်မကောင်းဖြစ်ရသည်။ အေးမွန် ခေါင်းခါပြသည်။

"ကျွန်မ ဘာမှမလိုချင်ပါဘူးရှင်..."

အိမ်ဖက်ဆီသို့ အေးမွန် ပြန်လာခဲ့သည်။ ရင်ထဲမှာ ကြေကွဲခြင်း၊ နာကျည်းခြင်း၊ ရှက်ခြင်း၊ အားအင်ကုန်ခန်းခြင်းတို့ကို ပြင်းထန်စွာ ခံစားရလျက်...



## အခန်း (၈၆)

"မမအေး... မမအေး ထပါဦး.."

ခင်မာလှုပ်နှိုး၍ အေးမွန်အိပ်ရာမှ ထလိုက်သည်။

"ဖွားဖွား... ဘာဖြစ်မှန်းမသိဘူး..."

"ဟင်..."

အေးမွန်ရင်မှာ ပြင်းထန်သော ထုနှက်ခြင်းတစ်မျိုးကို ခံစားလိုက်ရသည်။ ဖွားဖွားအခန်းဆီသို့ အမြန်ဆုံးပြေးသွားသည်။

"အို..."

ကုတင်ပေါ်မှာ ပက်လက်အိပ်နေသော ဖွားဖွားအမှာ ပြင်းထန်စွာ ဝေဒနာခံစားနေရရှာသည်။ မျက်လုံးများက မှိုင်နေ

သော်လည်း ပြေးဝင်လာသော အေးမွှန်ကို မြင်မှန်မတူပါ။ ပိန်ချပ်နေသော ဖွားဖွား၏ ရင်ကမြင့်ချည်နိမ့်ချည် လှုပ်ရှားနေသည်။ ညနေက ဖွားဖွား စိတ်အေးချမ်းအောင် အကြောင်းစုံကို အေးမွှန်ပြောပြခဲ့ပါသည်။ ဒေါ်ခင်ဝင်းသီက တောင်းပန်သွားကြောင်းကိုလည်း ပြောပါသည်။ ဖွားဖွားမျက်ရည်များနှင့် နားထောင်နေပါသည်။

"မှားလိုက်တာကွယ်... မြေးလေးကို ဖွားဖွားသနားလိုက်တာ..."

ဖွားဖွားငိုပါသည်။

"ကဲပါ ဖွားဖွားရယ် ကံပေါ့.. ပြီးတာတွေအားလုံး မေ့ပစ်လိုက်ပါ.. မြေးတို့မြေးအဖွား ပျော်ပျော်နေကြမယ်နော်..."

ဖွားဖွားကို အေးမွှန်နှစ်သိမ့်ပါသည်။ ဖွားဖွားက မျက်ရည်မဆည်နိုင်ဖြစ်နေ၍ စိတ်ငြိမ်ဆေးထပ်တိုက်ပြီး သိပ်ထားခဲ့ရသည်။

"ခုတော့ ငါ့ကြောင့် ဖွားဖွား..."

အေးမွှန် စိတ်ကိုမထိန်းနိုင်ဘဲ ရှိုက်ကြီးတငင်ငိုချ လိုက်ပါသည်။

"မြေးကို ခွင့်လွှတ်ပါ ဖွားဖွားရယ်..." —

ဖွားဖွား၏ ကုတင်ဘေးမှ အေးမွှန် ဒူးထောက်၍





ဖွားဖွား၏ သေးသွယ်သောလက်ကလေးကို မျက်နှာနှင့် အပ်ထားလိုက်သည်။ ဖွားဖွား၏လက်မှာ အေးမွှန်၏ မျက်ရည်များ စိုရွှဲနေပါသည်။

"မမအေး... ဖွားဖွားကို ဆေးရုံပို့ရင် ကောင်းမယ်ထင်တယ်..."

"ဟင်..."

ခင်မာသတိပေးမှ အေးမွှန် အသိဝင်လာသည်။

"ဟုတ်တယ်... ကဲယူစရာတွေ မြန်မြန်ပြင်..."

အေးမွှန် ထိုင်နေရာမှ ထလိုက်သည်။ ခင်မာက မြန်မြန်ပြီးအောင် ပြင်ဆင်သည်။ နှစ်ဦးသား ဖွားဖွားကို ပွေ့၍ ကားပေါ်တင်ကြသည်။ အေးမွှန် ကားကို မြန်မြန်မောင်းသည်။

"ဖွားဖွား... ပြန်ကောင်းပါစေ... ဖွားဖွား ဘာမှ မဖြစ်ပါစေနဲ့... ဒီတစ်ခါလဲ ဟိုအရင်တစ်ခါလို နေကောင်းပြီး ပြန်ဆင်းလာရပါစေ..."

အေးမွှန် ကားမောင်းရင်း ဆုတောင်းနေမိသည်။ ကားပြတင်းဘေးမှ လေတိုး၍ အေးမွှန်၏ ဆံပင်တိုလေးများ လွင့်နေသည်။ အချို့က မျက်လုံးကို လာဖုံး၏။ အေးမွှန် ဆံပင်များကို လက်ဖြင့် သပ်ပစ်လိုက်သည်။

"ဖွားဖွားရယ်... မြေးမှားပါတယ်..."

ဆံပင်တိုများကို စမ်းမိကိုင်မိရာမှ ဖွားဖွား နှမျောခဲ့သော ဆံပင်ရှည်များကို သတိရလာသည်။

"ငါကိုက... အပြောင်းအလဲတွေ လုပ်ချင်ခဲ့တာကို..."

ဆံရှည်မှ ဆံတိုပြောင်းသည်ကို စဉ်းစားရင်း ဖွားဖွားနှင့်အတူ မကျေမနပ် ပြောခဲ့သော ကိုထွေး ကိုပါ သတိရလာသည်။ ထိုအချိန်က နှစ်ယောက်စလုံး ခေတ်မမှီတဲ့သူတွေဟု အေးမွန်အထင်သေးခဲ့သည်။ ဆံတိုပြောင်းသည်ကို ချီးကျူးသော လင်းဇော်ဦး၏ စကားများကို သာယာခဲ့သည်။

ခုတော့ အပြောင်းအလဲ မြန်ချင်သောစိတ်ထားကြောင့် ဘဝမှေးခဲ့မိသည်များကို နောင်တ ဖြစ်ရသည်။

"ခွင့်လွှတ်ပါ... ကိုထွေးရယ်... အေးမွန် သိပ်ကိုမှားပါတယ်"

ထွေးမြင့်ကိုပါ ရင်ထဲမှာ တောင်းပန်နေမိသည်။

ထွေးမြင့်၏ စစ်မှန်သော မေတ္တာတရားကိုလည်း လေးနက်စွာ နားလည်လာရသည်။ လင်းဇော်ဦးမှာ အတွေ့အကြုံရှိသူဖြစ်၍ ကျွမ်းကျင်သော အကိုင်အတွယ် အထိအတွေ့ အပွေ့အနမ်းတို့ကြောင့် သွေးပူစွာ ရင်ခုန်လှုပ်ရှားခဲ့ရသော ခံစားမှုများကို ထွေးမြင့် ချစ်သည်ထက်ပို၍ ကြီးကျယ်သည် ဟုအေးမွန် အထင်ကြီးခဲ့မိသည်။

"ခုတော့ နားလည်ပါပြီ ကိုထွေးရယ်... "





အေးမွန် ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။ ရမက်တဏှာကို အချစ်ထက် သာလွန်သည်ဟု မှားယွင်းစွာ ထင်ခဲ့မိသည်။ ခုတော့ ရမက်သည် အသာပြေလျှင် ဘာမျှ မကျန်သည်ကို အေးမွန် သိလာသည်။

ထွေးမြင့် တောင်ကြီးလိုက်လာစဉ်က တင်းတင်းမာမာ ဆက်ဆံခဲ့မိသည်များကို စိတ်မကောင်း ဖြစ်ရသည်။

"သူ့ခမျာ ဘယ်လောက် စိတ်မကောင်း ဖြစ်လိုက်ရှာမလဲ"

ထွေးမြင့်ကို သနား၍ ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်ရသည်။

"ခုနေဘေးမှာ သူသာရှိရင်... "

"ဟင့်အင်း... မရှိရဘူး... ငါဟာ သူ့ရဲ့သန့်စင်တဲ့ မေတ္တာနဲ့မတန်တဲ့ မိန်းမ... "

"ဒုန်း... ဒုန်း... "

အစဉ်းစားလွန်သွား၍ ကားလမ်းပေါ်မှ ချိုင့်ခွက်ကို မမြင်။

"မမအေး... ဖြည်းဖြည်းမောင်းပါ... "

ဖွားဖွားကို ပွေ့ထားသော ခင်မာ သတိပေးသည်။

"ဩော်... အေး... "

အေးမွန် ကားကိုညင်သာစွာ မောင်းရန် သတိထား လိုက်သည်။ ဆေးရုံရောက်တော့ အရေးပေါ်ခန်းသို့ ပို့ရသည်။ တာဝန်ကျ ဆရာဝန်က စမ်းသပ်ခြင်းပင်မပြု။ ကြည့်ရုံနှင့် သိသည်။ ဆေးရုံတင်ရန် ပြောသည်။ ဆရာဝန်၊ ဆရာမများ ဖွားဖွား အသက်ကို ကယ်ရန် အစွမ်းကုန် ကြိုးစားကြသည်။

အားလုံး အလုပ်ရှုပ်ကုန်ကြသည်။

အောက်ဆီဂျင်ပိုက် တပ်သည်။ အားဆေးသွင်းသည်။ အသက်ကယ်ဆေးထိုးသည်။ အမြန်ဆုံးလှုပ်ရှားနေကြသည်။ သေမင်းနှင့် စစ်ခင်းနေကြခြင်း ဖြစ်သည်။ အေးမွန်နှင့်ခင်မာတို့ ရင်မောစွာ စောင့်ကြည့်နေရသည်။ အာရုံတက်ချိန်လောက်မှာ စစ်ပွဲပြီးသွားသည်။

သေမင်းနိုင်၍ ဖွားဖွား ရှုံးသွားရှာသည်။ ဆရာမများ က ဆေးသွင်းသောပိုက် အောက်ဆီဂျင်ပိုက်တို့ကို ဖြုတ်သွားကြ ပြီ။

"ဖွားဖွားရေ.. မြေးမိုက်ကို တစ်ယောက်ထဲ ထားပစ်ခဲ့ပြီ လား.. "

ဖွားဖွားကို ပွေ့ဖက် ငိုကြွေးရင်း အေးမွန် ရင်ထဲမှာ ဆို့နင့်သွားပါသည်။

✿ ✿ ✿ ✿



အခန်း (၈၇)

မော်တော်ကားလေးသည် မြင့်မားသော တောင်ကန်း ကြီးများဆီသို့ကွေ့ကာပတ်ကာတက်နေသည်။ အတက်ခရီးမို့ ကားပြေးသည်ကို နှေးလွန်းသည်ဟု အေးမွန် အားမရဖြစ် နေသည်။ ဤခရီးကိုလာချင်သည်မှာ ကြာပြီ သို့သော် အဖွား၏ ဈာပနကိစ္စရှိနေ၍ နောက်ကျခဲ့ရသည်။ ရက်လည်ပြီးသည်နှင့် အမြန်ဆုံးထွက်လာခဲ့ခြင်းဖြစ်သည်။

"ဟင်း.. ရက်စက်တဲ့လူယုတ်မာကြီး ... ငါ့ဘဝပျက်စီး သွားအောင် ဖျက်ဆီးသွားတဲ့လူ... "

လင်းဇော်ဦးကို သတိရမိသည်နှင့် တလောကလုံး မှောင်ရိပ်သမ်း သွားသည်၊ မြင်သမျှ အကျည်းတန် သွားကြသည်။

ဖြူဖွေးနုညက်စွာလှပသော စိတ်ထားဖြူစင်သော နှင်းပွင့်ဖြူလေးကိုယ့်လို ညစ်နွမ်းသွားမှာစိုးမိသည်။ အချိန်မှီ ကာကွယ်တားဆီးချင်သည်။

"ဟင်း... "

အေးမွန်သက်ပြင်းတစ်ချက်ချလိုက်သည်ကိုယ့်ကိုယ်ကိုမကျေနပ်စွာ စဉ်းစားမိ၍ ဖြစ်သည်။

"ငါကိုယ်ကလည်း ညံ့လွန်းပါတယ်... ကိုယ့်သိပ်ချစ်တဲ့ချစ်သူရှိလျက်သားနဲ့ လွယ်လွယ်ကူကူပြောင်းလဲနိုင်လိုက်တာ... "

သူနဲ့အတူသွားရတာ စားရတာတွေ အကောင်းစားခေတ်မှီပစ္စည်းသုံးရတာကို သိပ်အထင်ကြီးခဲ့မိတယ်၊ နေ့ချင်းညချင်း အမြင့်ကိုခုန်တက်ချင်ခဲ့တယ်... ၊ လက်ရှိကိုယ့်ဘဝ ဟာကိုယ်နဲ့ဘာမှမဆိုင်သလိုဖြစ်လာခဲ့တယ်၊ ကိုယ့်ချစ်သူဆိုတာကိုပဲ အနိမ့်ထဲမှာရှိပြီး ကိုယ့်ကိုအနိမ့်ထဲ ပြန်ဆွဲချမယ့်လူလို့ အဲထင်သေးခဲ့တယ်။

မှားလိုက်တာ ... ၊ငါလိုကုမ္ပဏီမှာ လုပ်တဲ့မိန်းကလေးတွေ... အရောင်းဆိုင်မှာ ရောင်းရတဲ့မိန်းကလေးတွေ ရှိပါတယ်... ဘာမှမဖြစ်တဲ့သူတွေ အများကြီး...





ငါမှာသာအညာလွယ်တာ.. အလကားမိန်းမ ကိုယ်နဲ့မတန်တာတွေမှာ သာယာချင်တဲ့မိန်းမ...ခုတော့ သူများတိတ်တိတ်ပုန်းမယားဘဝရောက်ခဲ့ရတယ်.. သူ့မိန်းမက ပါးရိုက်တာလဲခံခဲ့ရတယ်.. ကောင်းတယ်.. ကိုယ်နဲ့တန်တာ ကိုယ်ခံရတာ."

အေးမွန်နာကျည်းစွာ တွေးနေမိသည်။ တောင်ကြီးကို ရောက်တော့ ပါရာဒိုက်စ်မှာ မတည်းချင်၊ သူနဲ့နေခဲ့သောနေရာများကို မမြင်ချင်။ တောင်ကြီးဟော်တယ်သို့သွားသည်။

"ဟင်... ကိုစန်းဝင်း"

ဟော်တယ်ကောင်တာရှေ့မှာ ကိုစန်းဝင်းကို လှမ်းမြင်၍အံ့ဩသွားရသည်။

"ဟုတ်ပါတယ်... "

"လင်းဇော်ဦးရော မပါဘူးလား.. "

"မပါဘူး.. "

"မအေးဆုမွန် ရန်ကုန်မှာရောက်နေတာ မဟုတ်လား.. ဟိုအိမ်မှာ မတည်းဘူးလား... "

"မတည်းပါဘူး... ဒီမှာတည်းမလို့"

"ဩော် ဟုတ်သားပဲ... ဟိုအိမ်က နှင်းပွင့်စံတို့သားအဖရောက်နေတာပဲ... "

"ရှင်... "

အေးမွန်ခေါင်းသာမက တစ်ကိုယ်လုံးပါ ကြီးသွားသလို ခံစားရသည်။

"ငါ... နောက်ကျသွားပြီ" ဟုလည်းနားလည်လိုက်သည်။

"လင်းဇော်ဦးလဲ... အဲဒီအိမ်အပေါ်ထပ်မှာပဲ နေတယ်... မနေ့က... အဲ... မဟုတ်ပါဘူး... တနေ့ကတောင် ကျွန်တော်ဆိုင်ရောက်လို့ သူနဲ့တွေ့သေးတယ်"

သေချာသွားပါပြီ၊ အေးမွန်ရင်ထဲမှာ မကျေနပ်မှုများ ကြီးထွားလာသည်။ ဒေါသလှိုင်းတံပိုးများ ပြင်းထန်လာသည်။ လင်းဇော်ဦးကို သတ်ပြီး မွှမွှညက်ညက်ခြေပစ်ချင်စိတ်များ ဖြစ်ပေါ်လာသည်။

"လာလေ ... မအေးဆုမွန်... အခန်းယူပြီးပြီလား... ကျွန်တော် ကူညီပါ့မယ်... "

စန်းဝင်းက ကောင်တာသွား၍ အခန်းငှားပြီး သော့ယူသည်။

"လာ... မအေးဆုမွန်... ကျွန်တော်ပို့ပေးမယ်"

စန်းဝင်းကအေးမွန်၏အခန်းသို့ လိုက်ပို့ပေးသည်။

"ဆိုင်သွားမှာလား... ကျွန်တော့်မှာ ကားရှိတယ်/ပို့ပေးမယ်





လေ... လင်းဇော်ဦးနဲ့ မတွေ့သေးဘူး မဟုတ်လား.. "

"ကျွန်မသူနဲ့ မတွေ့သေးပါဘူး... ဒီနေ့ တနင်္ဂနွေလေ ဆိုင်ပိတ်မှာပေါ့နော်.

"ဪ... ဟုတ်တယ်... ဒီနေ့တနင်္ဂနွေ ဆိုင်ပိတ်တာပေါ့"

"ကျမ ခဏလေးရေချိုးလိုက်ချင်လို့ပါ.. ။ ကိုစန်းဝင်း စောင့်နိုင်မယ်ဆိုရင်... "

" ဟာ... ရပါတယ်... စောင့်မှာပေါ့.. "

စန်းဝင်း အောက်ထပ်သို့ ဆင်းသွားသည်။ အေးမွန်အခန်းတံခါး ပိတ်လိုက်သည်။ တစ်ကိုယ်လုံး ထူထူပူပူ ဖြစ်နေသည်။ စိတ်ကိုတည်ငြိမ်အောင် ထိန်းချုပ်၍မရ။

"ဘယ်လိုပဲဖြစ်ဖြစ်... အဲဒီအိမ်ကို ရောက်အောင်သွားမယ်"

အေးမွန်ဆုံးဖြတ်လိုက်သည်။ နှင်းပွင့်စံကို တွေ့ချင်သည်။ အချိန်မမှီတော့ဟု ဆိုလျှင်လည်း မှီသလောက်မှာ တားချင်သည်။

"လင်းဇော်ဦးနဲ့တွေ့နေရင်... "

အေးမွန်စဉ်းစားဘဲသည်။ တွေ့လျှင်လည်း ရင်ဆိုင်ရန်ဆုံး ဖြတ်လိုက်သည်။ တစ်ကိုယ်လုံးမှာ သွေးလှည့်ပတ်မှုများ မြန်နေသည်ကို ခံစားရသည်။

❀ ✣ ❀ ✣ ❀ ✣ ❀

## အခန်း (၈၈)

တီ... တီ...

စန်းဝင်းက ဘာမျှမသိ။ ကားကို လင်းဇော်ဦး၏အိမ်ရှေ့အထိမောင်းဝင်ပြီးဟွန်းနှစ်ချက်တီးလိုက်သည်။ အိမ်ရှေ့ထွက်ကြည့်သည်က နှင်းပွင့်စံ။ တကယ့်ကို နှင်းဖတ်လေးများလို ဖြူဖွေးနုညက်သည့် မိန်းမချောလေး။

အေးမွန်ကားပေါ်မှ ဆင်းလိုက်သည်။

"ဟယ်... မမ"

နှင်းပွင့်စံ ဝမ်းသာအားရ ပြေးလာသည်။

"ညီမလေး... "

အေးမွန်နှင်းပွင့်စံ ကိုဖက်ပြီး ရှိုက်ကြီးတငင်ငင် ငိုချ

လိုက်သည်။

"ဩော်... မမရယ်... လာလေ... အိမ်ထဲကို... ဖွားဖွားရော နေကောင်းလား... "

"ဆုံးသွားပြီ... "

"အို... စိတ်မကောင်းလိုက်တာ မမရယ်... "

ဖွားဖွားဆုံး၍ အေးမွန်ငိုသည်ဟု နှင်းပွင့်စံထင်နေသည်။ စန်းဝင်းလည်း ကားပေါ်မှ ဆင်းလာသည်။

"လာပါ... မမ... အိမ်ထဲမှာ စကားပြောရအောင်... "

နှင်းပွင့်စံလက်တွဲ ခေါ်၍ အေးမွန်အိမ်ထဲသို့ ရောက်လာသည်။ အစက ကိုယ်နေခဲ့သော အိမ် ... ။ကိုယ့်အိမ်... ။ ခုတော့ နှင်းပွင့်စံက အထဲကို ဖိတ်ခေါ်နေသည်။

"လင်းဇော်ဦးရောရှိလား... "

စန်းဝင်းက အပေါ်ထပ်သို့တက်သော လှေခါးဆီသို့ လှမ်းကြည့်သည်။

"ရှိတယ်အကို အပေါ်သွားလိုက်ပါလား... "

နှင်းပွင့်စံက စန်းဝင်းကို အပေါ်ထပ်သို့ ညွှန်ပြသည်။ သို့သော် အောက်ထပ်မှ အသံများကြောင့် လင်းဇော်ဦးဆင်းလာသော ခြေသံကိုကြားရသည်။





"ဟင်... မင်းဘာလို့ လာတာလဲ... "

လှေခါးရင်းမှာ စောင့်နေသော စန်းဝင်းကိုပင် နှုတ်မဆက်နိုင်၊ အေးမွန်ကိုမြင်တော့ လင်းဇော်ဦးသိပ်ကို အံ့ဩသွားသည်။ ဒေါသလည်းဖြစ်ရသည်။ ဆင်းလာသော ခြေလှမ်းများ ပိုမြန်စွာနှင့် အေးမွန်အနီးသို့ရောက်လာသည်။ အေးမွန် နောက်တလှမ်း ဆုတ်လိုက်မိသည်။

မင်းရန်ကုန်က ဂိုဒေါင်နဲ့ရုံးခန်းကို ဒီအတိုင်းပစ်ထားခဲ့တာလား။ ငါ့ခွင့်ပြုချက်မရဘဲနှင့် ဒီလိုသွားခွင့်မရှိဘူးဆိုတာ မင်းမသိဘူးလား.. "

အေးမွန်က လင်းဇော်ဦးကိုကြည့်နေသည်။ အကြည့်များက တင်းမာ၏။ နှင်းပွင့်စံကတော့ ဆရာဒေါသဖြစ်သည်မြင်ရ၍ ကြောက်နေသည်။

"စည်းကမ်းမရှိတဲ့မင်းကို... ငါ... ဒီနေ့ကစပြီး အလုပ်ဖြုတ်ပစ်လိုက်ပြီ... "

ကုမ္ပဏီပိုင်ရှင်လင်းဇော်ဦးက အလုပ်ဖြုတ်စကားကို လွယ်လွယ်ပင် ပြောလိုက်သည်။

"ဟာ... လင်းဇော်ဦးရာ... မင်းကလဲ အေးအေးဆေးဆေး ပြောပါ... သူ... ဘာအခက်အခဲရှိလာလို့လဲ ဆိုတာ မေးပါ

ဦး... "

စန်းဝင်းကကြားမှဖြတ်လိုက်သည်။

"ရှင်အလုပ်ဖြုတ်စရာမလိုပါဘူး... ကိုယ်ဘာသာ ထွက်ခဲ့ပြီးသားပါ.. "

"အိမ်ကို ရှင့်မိန်းမ ဒေါ်ခင်ဝင်းသီလာတယ်"

"ဘာ... "

"ဟင်း... ဟင်း.. "

အေးမွန်ရယ်လိုက်သည်။ ယခင်က လင်းဇော်ဦးကို သိပ်ကြောက်ခဲ့ပါသည်။ ခုတော့ အေးမွန်မှာ ကြောက်စိတ် လုံးဝမရှိတော့။ လင်းဇော်ဦးကို စက်ဆုပ်စွာ ကြည့်နေသည်။ မျက်လုံးများသည် မီးလျှံများလိုဖြစ်၍ အပူရောင်များလက်နေသည်။

"ဂိုဒေါင်ကစာရေးမလေးကို ... အပိုင်ကြံပြီး အိမ်ပေါ်တင်ခဲ့တာတွေ... တီသုံးလုံးကုမ္ပဏီက ဂိုဒေါင်မှာ ပစ္စည်းလာထုတ်တဲ့ မိန်းကလေးကို ... ရအောင်ကြံခဲ့တာတွေ... "

"ဟော့... မင်းတိတ်စမ်း... အခုရပ်... မရပ်ရင်... မင်းကို ငါသတ်မိလိမ့်မယ်... "

လင်းဇော်ဦးဒေါသတကြီး ရှေ့သို့ တိုးလာ၍ စန်းဝင်းက အချိန်မှီလှမ်းဆွဲလိုက်ရသည်။





"အဲဒီလို မလုပ်နဲ့ သူငယ်ချင်းမှားကုန်မယ်... "

လင်းဇော်ဦး ရှေ့သို့ အတင်းတိုးရန် ကြိုးစားသော်လည်း စန်းဝင်းက ကြားမှ ကာ၍ တွန်းထားသည်။ အေးမွန်ကတော့ ကြောက်စိတ်ဆို၍ ဆံခြည်မျှင်မျှပင်မရှိ။ လက်ပွေ့အိတ်အနက်လေးကိုပိုက်၍ တည်ငြိမ်စွာ ရပ်လျက်။

ဒေါသတကြီး ဖြစ်နေသော လင်းဇော်ဦးကို ရွှံ့မုန်းသော မျက်လုံးများနှင့် စူးစူးစိုက်စိုက် ကြည့်နေသည်။

"ရှင် ငြင်းမလား.. ငြင်းချင်ငြင်းလေ... ကျမကို ကူညီသလို စောင့်ရှောက်သလိုနဲ့.. လာရှုံးခေါ်သွားပြီး လက်ထပ်ခဲ့ တာ ရှင်ငြင်းမလား... "

"ငြင်းတယ်... မဟုတ်ဘူး... "

"ဩော်... ငြင်းတယ် ဟုတ်လား... သိပ်ကို လေးစားစရာကောင်းတဲ့ လုပ်ငန်းရှင်ကြီး... ဒီအိမ်မှာ ခုလိုပဲ အတူနေပြီး တိတ်တိတ်ပုန်းမယားအဖြစ် ပေါင်းသင်းနေခဲ့တာရော... ရှင် ငြင်းမလား... "

"အို... "

နှင်းပွင့်စံထံမှ အံ့ဩသံနှင့်အတူ နှင်းပွင့်စံ၏ ပါးပြင်ပေါ်မှာ မျက်ရည်များ စီးဆင်းလာကြသည်။

"ပြင်းတယ်... ပြင်းတယ်... ဖယ်စမ်းပါကွာ မဟုတ်မတရား ပြောတဲ့ ဒီမိန်းမကို ငါသတ်မယ်... "

"မလုပ်ပါနဲ့ကွာ... အကုန်ရှုပ်ကုန်တော့မှာပဲ... "

ဒေါသတကြီး ဖြစ်နေသော လင်းဇော်ဦးကို စန်းဝင်း မနိုင်မနင်း တားဆီးနေရသည်။

"လာလေ... သတ်ဝံ့ရင် သတ်ကြည့်ပေါ့... ကျွန်မကလဲ ရှင့်ကို သတ်ပစ်ချင်အောင် မုန်းနေတာ... "

အေးမွန်က လက်ပွေ့အိတ်ကို ဖွင့်၍ အသင့်ပါလာသော ဓားကို ထုတ်ယူလိုက်သည်။

"အို... မမ... မလုပ်ပါနဲ့... "

နှင်းပွင့်စံ အေးမွန်ကို ဆွဲရန် ကြိုးစားသည်။

"နှင်း... မမနားမကပ်နဲ့... လူယုတ်မာ သတ္တိရှိရင်လာခဲ့... နောက်ထပ် မိန်းမကောင်းလေးတွေ အစော်ကား မခံရအောင် လူယုတ်မာ ဇာတ်သိမ်းပစ်မယ်... "

လင်းဇော်ဦးရှေ့ မတိုးဝံ့တော့ပါ။ အေးမွန် သိပ်ဒေါသကြီးနေပြီမို့ တကယ်လုပ်တော့မည်ကို နားလည်သွားသည်။

"အခု... ဖွားဖွား ရက်လည်ပြီးတာနဲ့... နှင်းဘဝကို အချိန်မှီ ကာကွယ်နိုင်အောင်... အမြန်လာတာ... ဒါပေမဲ့ နောက်ကျ





သွားပြီ... "

နှင်းပွင့်စံ ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။

"ဟာ... အားလုံးရှုပ်ကုန်ပြီကွာ... "

စန်းဝင်းပါ စိတ်မကောင်း ဖြစ်ရသည်။

"မင်း ငါ့ကို... မဟုတ်မတရားတွေ မစွပ်စွဲနဲ့ ဒီအိမ်က ခုထွက်သွား... ဒါ... ငါ့အိမ်... "

"ဟင်း ဟင်း... သွားမှာပါ... နှင်း ညီမလေးမပြောတာတွေ မှန်တယ်ဆိုရင် ဒီလူယုတ်မာနဲ့ ဆက်မနေပါနဲ့... ငါ့ ညီမက သိပ်ချော သိပ်လှတဲ့ မိန်းကလေး လူယုတ်မာရဲ့ တိတ်တိတ်ပုန်းမယား ဘဝနဲ့ မတန်ပါဘူး...လာမမနဲ့လိုက်ခဲ့"

အေးမွန်၏လက်မှ ဓားကို နှင်းပွင့်စံ ဖြတ်ကနဲ ဆွဲလုလိုက်သည်။ အေးမွန် မထင်မှတ်၍ နှင်းပွင့်စံလက်သို့ ဓားပါသွားသည်။

"လူယုတ်မာကြီး... "

နှင်းပွင့်စံက လင်းဇော်ဦးကို ဓားဖြင့် ထိုးလိုက်သည်။

"ဟာ... မလုပ်နဲ့... "

"အား... "

နှင်းပွင့်စံ၏ ဓားကိုင်လက်ကို စန်းဝင်းက လက်မှဖြတ်

၍ တွန်းဖယ်လိုက်သည်။ ထိုးလိုက်သော ဓားသည် လင်းဇော်ဦး ရင်ဘတ်ဆီသို့ မရောက်တော့ပဲ အပေါ်ဘက်သို့ လမ်းကြောင်း ပြောင်းသွားပြီး ဓားဦးက လင်းဇော်ဦး၏ပါးကို ဖြတ်ထိသွားသည်။ လင်းဇော်ဦးပါးမှာ ဓားဒဏ်ရာ အစင်းအကြောင်းကြီးဖြစ်ပြီး သွေးများ ဖြာကျလာသည်။ လင်းဇော်ဦး အိမ်အပေါ်ထပ်သို့ လှေကားအတိုင်း ပြေးတက်သွားသည်။

"ဂျောင်း.. ဒုန်း.. "

အပေါ်ထပ်မှ တံခါးကို အမြန်ပိတ်လိုက်သည်။

"နှင်း.. အဲဒီလို မလုပ်နဲ့ညီမလေး.. ပေး.. ပေး.. ဓားပေး"

အေးမွန်က နှင်းပွင့်စံလက်မှ ဓားကို အတင်းပြန်လုယူသည်။

"ပေး.. ပေး.. ဓား ကျွန်တော့်ကိုပေး.. မလုပ်ကြပါနဲ့ဗျာ ကျွန်တော် တောင်းပန်ပါတယ်... "

စန်းဝင်းက အေးမွန်လက်မှ ဓားကို သိမ်းယူလိုက်သည်။

"မမရယ်... နှင်း.. နှင်း.. သူ့ကို ယုံခဲ့မိလို့ မှားပြီ.. "

အေးမွန်၏ရင်မှာဝင်၍ နှင်းပွင့်စံ ဝမ်းပမ်းတနည်း ငိုရှာသည်။ အေးမွန်ကိုယ်တိုင်လည်း နှင်းပွင့်စံကို ဖက်၍မျက်ရည်





မဆည်နိုင် ဖြစ်ရသည်။

"ကဲ... ကဲ... လာကြပါဗျာ.. အပြင်ကျမှ အေးအေး ဆေး စကားပြောကြတာပေါ့.. သူ့အိမ်မှာ မကောင်းပါ

စန်းဝင်းက လင်းဇော်ဦး ပြန်ဆင်းလာလျှင် ဇာတ် များ ထပ်ရှုည်မှာကို စိုးရိမ်၍ အေးမွန်နှင့် နှင်းပွင့်စံ နှစ်ယေ လုံးကို သူ့ကားနှင့်တင်၍ ခေါ်သွားပါသည်။ ကားပေါ်မှ ငိုရှိုး လေးများ စနိုးကက်(ပ်) ခြံကြီးထဲမှာ လွင့်ပျံကျန်ခဲ့ကြပါသ

❀ ✣ ❀ ✣ ❀ ✣ ❀

## အခန်း (၈၉)

ကားလေးတစ်စင်းသည် တောင်ကမ္ဘားယံလမ်းမှာ ကွေ့ခါပတ်ခါ ဆင်းနေ၏။ ဟိုတယ်တစ်ခုတည်းတွင် အတူတည်းနေသော စန်းဝင်း ရန်ကုန်ပြန်မည်မို့ အေးမွန် ကားကြုံ လိုက်လာခဲ့သည်။

"တီ... တီ... "

အတက်ကားကို မမြင်ရသော ကွေ့နေရာ ဖြစ်၍ စန်းဝင်းက ဟွန်းတီးပြီး သတိပေးနေသည်။ အောက်ဘက်တွင် လှမ်းမြင်ရသောတောင်များသည် မကြာမီမှာပင် ကားလေး၏ အထက်မှာ ကျန်ခဲ့ကြသည်။

"ဩော်... ငါ့ဘဝကလဲ အတက်အဆင်းတွေ ကြမ်းလိုက်

တာ.. ”

ညာဘက်ဘေးမှ ချောက်ကမ်းပါးကြီးကို အေးမွန် ငေး ကြည့်ရင်း စဉ်းစားနေမိသည်။

“မအေးဆုမွန် လုပ်လိုက်တာ.. လင်းဇော်ဦးတော့ ဒုက္ခ ဖြစ် ကျန်ခဲ့ပြီ.. ”

စန်းဝင်းက ကားမောင်းရင်း အေးမွန်ဘက်သို့ တစ် ချက်လှမ်းကြည့်လိုက်သည်။

“ကျွန်မ လုပ်တာ မဟုတ်ပါဘူးရှင်... သူလုပ်တာပါ.. သူ ယုတ်မာလို့ သူဒုက္ခဖြစ်တာပါ.. ”

“အေးဗျာ ဒီကောင့်အကျင့်က ကျောင်းသားကတည်းက မိန်းမရှုပ်တယ်... ရီးစားများတဲ့နေရာမှာ နာမည်ကြီးပဲ... ဒါပေမဲ့ အိမ်ထောင်ကျပြီး ကုမ္ပဏီလူကြီး ဖြစ်နေပြီဆိုတော့ ကျွန်တော်တို့က သူ့ကို တည်ငြိမ်သွားပြီ ထင်နေတာ.. ဟို နေ့က မအေးဆုမွန်ပြောတာ ကြားတော့ သိပ်ကို အံ့ဩသွား တယ်... ”

“ကျွန်မ မရှက်ပါဘူး ကိုစန်းဝင်း.. ကျွန်မအတွက်ကတော့ လွန်သွားပြီ.. ကျမ ညီမလေးလိုချစ်တဲ့ နှင်းကို အချိန်မီ ဦးမလားလို့ လိုက်လာတာ.. မမှီတော့ သိပ်ကို ဒေါသဖြစ်





သွားမိတယ်.. အမှန်ကတော့ ဒီလူယုတ်မာကို သတ်ပစ်ခဲ့ဖို့ ကောင်းတာ.. ”

ပြောရင်းမှာပင် အေးမွန် မျက်နှာတင်းလာသည်။

“အေးဗျာ.. မိန်းကလေးက တော်တော်လဲ ငယ်ပါသေး တယ်... ”

“ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ် ကိုစန်းဝင်း... ”

“ဩော်... စိတ်မကောင်းစရာဗျာ... သူ့ခမျာ ပန်းကောင်း အညွန့်ကျိုး ဖြစ်ရတယ်... ဒီကောင် ဒီလိုလုပ်လိမ့်မယ် မထင်မိဘူး... ”

“ကျမက ဒီလောက် မြန်လိမ့်မယ် မထင်တာ.. ”

“ခုတော့ အဲဒီ မိန်းကလေးသားအဖ နှစ်ယောက်စလုံး အလုပ် ထွက်သွားတယ်တဲ့... ”

“ထွက်ရမှာပေါ့.. ”

“မထွက်ခင် ဦးမြတ်စံက လင်းဇော်ဦးကို သတ်မယ်ချည့် လုပ်ပြီး အိမ်အောက်က ခေါ်နေလို့ ဦးစိုင်းနွတ် မနည်း တောင်းပန်ရတယ်တဲ့.. ဒီကောင်လဲ အပေါ်ထပ်မှာအခန်း ပိတ်ပြီး အောက်ကို လုံးဝ မဆင်းဝံ့တော့ဘူးတဲ့... သူ့ပါးမှာ လဲ ဓားဒဏ်ရာကြီးနဲ့... ”

"ဟင်း သူနဲ့တန်တာ သူခံရတာပေါ့.. "

"လင်းဇော်ဦးအကြောင်းသိသွားကြတော့ဆိုင်ကမိန်းကလေး အများစုလဲ အလုပ်ထွက်ကုန်ကြပြီတဲ့ ကျန်တဲ့မိန်းကလေး တွေလဲ သူတို့မိဘတွေက အလုပ်မဆင်းရဘူးလို့ ပြောတယ် တဲ့၊ ဦးစိုင်းနွတ်ကလဲ သူ့ရှယ်ယာတွေက ပြန်ခွဲခိုင်းနေတယ် သူ့ဘာသာ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ လုပ်နေတယ်... ဖွင့်ရင်တော့ အားလုံး ဦးစိုင်းနွတ်ဆိုင် ရောက်သွားကြမှာပေါ့..

မနေ့က နေ့လည် ကျွန်တော် အဲဒီဆိုင်ဘက် ရောက် တော့ ဆိုင်ပိတ်ထားတာ တွေ့ခဲ့ရတယ်... "

ကိုယ်တိုင် စတင်ပြင်ဆင်ခဲ့ရသော ဆိုင်ပိတ်ထား သည်ကို အေးမွန် စိတ်မကောင်းဖြစ်ရသည်။ စနိုးကက်(ပ်)ဆိုင် စည်ကားစွာ ရောင်းဝယ်နေသော အချိန်များကို ပြန်လည် မြင် ယောင်ခဲ့မိသည်။

သို့သော် ဤဆိုင်ကို အကြောင်းပြု၍ မိမိကို တောင်ကြီးသို့ ခေါ်လာခဲ့သည်။ အတူသွား အတူစား ပျော်တယ် တစ်ခုတည်းမှာ အတူတည်း၊ အဖိုးတန် ပစ္စည်းများ လက်ဆောင် ဝယ်ပေးပြီး တဖြည်းဖြည်း တစတစ အယုံသွင်း၍ ရင်းနှီးမှု ခိုင်မာ အောင် ကြိုးစားခဲ့ပုံများကို မြင်ယောင်သည်။

"ကောင်းတယ်... အဲလိုလူမျိုးက... ဒီပုံစံအတိုင်း ဆက်လုပ်





နေဦးမှာပဲ... "

ဆိုင်ပိတ်သွားရသည့်အဖြစ်ကို အေးမွန်ရင်ထဲမှာ ကျေနပ်မိသည်။

"ဟို မိန်းကလေးအတွက်လဲ စိတ်မကောင်းပါဘူး... ဒါပေမဲ့ ကျွန်တော်တို့က မအေးဆုမွန်ကို ပို နှမြောနေတာ... "

"ရှင်... "

စန်းဝင်း၏စကားကြောင့် အတွေးများ လွင့်ပျောက် သွားသည်။

"မအေးဆုမွန်ရဲ့ရုပ်ရည်က သိပ်ကျက်သရေရှိတာ... "

စန်းဝင်းက ရှေ့ဘက်မှ ကွေ့ဆီသို့ သတိထားကြည့်၍ ကားကို ထိန်းမောင်းရင်း ဆက်ပြောသည်။

"မအေးဆုမွန်က ဆိုင်ကိုလဲ စိတ်ဝင်စားအောင် ပြင်ဆင် တတ်တယ်၊ အားလုံးကိုလဲ ကြီးကြပ်နိုင်တယ်၊ ဒီဆိုင် ဒီ လောက်မြန်မြန်အောင်မြင်တာလဲ... မအေးဆုမွန်ကြောင့်လို့ ကျွန်တော်တို့က ပြောနေကြတာ... "

ချီးကျူးစကားများကို ကြားနေရသော်လည်း အေးမွန် မသာယာနိုင်ပါ။

"ဒါပေမဲ့ ကျွန်မ ညံ့ပါတယ်ရှင်... ညံ့လို့သာ သူ့ကို ယုံခဲ့မိ

တာပါ.. "

အေးမွန်၏ မျက်လုံးများမှာ မျက်ရည်များ ရစ်ဝဲလာကြသည်။

"အေးလေ.. သူက ကိုယ့်ကုမ္ပဏီပိုင်ရှင်ဆိုတော့လဲ... မအေးဆုမွန်အနေနဲ့ ရှောင်ဖို့ခက်မှာပေါ့.. "

"ခက်တာကို ရှောင်နိုင်မှ တကယ်တော်တယ်လို့ ပြောရမှာပေါ့ရှင်... "

နှစ်ဦးသား စကားပြတ်သွားကြသည်။ အေးမွန်စိတ်ထဲမှာ တောင်ကြီးကို ပထမဆုံးအကြိမ် ကားဖြင့် တက်လာခဲ့သော အခြေအနေမျိုးကို ပြန်ရချင်မိသည်။

သို့သော် မရနိုင်တော့ပါ။

"မအေးဆုမွန်လိုတဲ့ အကူအညီရှိရင်လဲ ကျွန်တော့်ကို ပြောပါဗျာ... ကျွန်တော်လဲ ကူညီပါ့မယ်... "

"ကျေးဇူးတင်ပါတယ်ရှင်... ကျမ အလုပ်တစ်ခုခုတော့ ပြန်ရချင်တယ်... ဝန်ထမ်းအလုပ်ကတော့ ထွက်ခဲ့ပြီးမှ ပြန်ဝင်လို့လဲ မလွယ်တော့ပါဘူး.. အခုလို အပြင်အလုပ်မျိုးပဲ ရချင်ပါတယ်... "

"ဟာ... ရပါတယ်... ကျွန်တော့်မှာ အပေါင်းအသင်း





အဆက်အသွယ်တွေ အများကြီးရှိပါတယ်... "

"ကျေးဇူးတင်ပါတယ်ရှင်... "

"ကျွန်တော် ရန်ကုန်ကျရင် မအေးဆုမွန် အိမ်အထိ လိုက်ပို့မှာပဲ.. အဲဒါဆိုရင် အိမ်လဲသိသွားပြီး.. ကျွန်တော် အိမ်ကို လာခဲ့ပါ့မယ်... "

အေးဆုမွန်က ကားမောင်းနေသော စန်းဝင်းဆီသို့ မျက်နှာမလှည့်ပဲ ခိုးကြည့်လိုက်သည်။

"သူရော ယုံရပါ့မလား.. "

ခံမှန်ဘူးသော စာသူငယ် ဖြစ်၍ အားလုံးကို ကြောက်နေမိပါသည်။

✤ ✤ ✤ ✤

## အခန်း (၉၀)

ညသည် တိတ်ဆိတ်လွန်းလှ၏။ ခွေးဟောင်းသံပင် မကြားရ။ အဝေးဆီမှ ဖြတ်သွားသော ကားသံသဲ့သဲ့ပင် မကြားရ။ ညည့်နက်လွန်းလှပြီ။ သန်းခေါင်ပင် ကျော်လောက်ပြီဟု ထင်သည်။ သို့သော် အေးမွန်အိပ်၍မပျော်သေး။ အိပ်ရေးပျက်သော ရက်တွေများလှပြီ။ တွေးလိုက်တိုင်း ဆွေးဆွေးမြွေမြွေခံစားရသည်။ တွေးစရာတွေကလည်း အများကြီး ဆွေးစရာတွေကလည်း အများကြီး။

ဖွားဖွားအကြောင်းက တွေးမိဆုံးနှင့် စိတ်မကောင်းအဖြစ်ရဆုံး။ ဖွားဖွားခမျာ ဤအိမ်မှာပင် ပျော်ပျော်ရွှင်ရွှင်နှင့် ကောင်းမှုပြုနေစဉ် ဒေါ်ခင်ဝင်းသီ ရောက်လာ၍ အပျော်ဆုံးနေ့မှာ စိတ်အဆင်းရဲဆုံးနေ့ ဖြစ်သွားရရှာသည်။ အဆိုးများမှ

လွတ်ပြီ ထင်သောနေ့မှာပင် အသက် ဆုံးရှုံး သွားရရှာသည်။ ဖွားဖွား ဝမ်းနည်းကြေကွဲစွာ ခံစားရရှာသည်ကို မြင်ယောင်၍ သနားမဆုံးဖြစ်မိသည်။

"ဒါတွေက ငါ့ကြောင့်ဖြစ်ရတာ... ငါ့အပြစ်တွေ..."

အေးမွန်ကိုယ့်ကိုယ်ကို မကျေနပ်။

"ငါသာ ကုမ္ပဏီပိုင်ရှင်လူယုတ်မာနဲ့ မတွေ့ခဲ့ရင်... ဖွားဖွား ဒီလိုဖြစ်မှာမဟုတ်ဘူး... အဲဒီလူကြောင့် တောင်ကြီးပြောင်း ရပြီး ဖွားဖွားကျန်းမာရေးလဲ ထိခိုက်ရတာ..."

လင်းဇော်ဦးကို မကျေမနပ်ဖြစ်လာရပြန်သည်။

"ယုတ်မာလိုက်တဲ့လူ... ဟင်း... ငါကလဲ အဲဒီလူယုတ်မာကို မှ အထက်တန်းကျတယ်... အဆင့်အတန်းမြင့်တယ်လို့ အထင်တွေတအားကြီးပြီး ကိုထွေးကိုတော့ အဆင့်မရှိဘူး အလကားလူလို့ အထင်သေးခဲ့တာ... ကိုထွေးခမျာ သနား ပါတယ်... ဖောင်ကြီးကနေ စာတွေရေးတာလဲ ငါ... စာမ ပြန်ခဲ့ဘူး... သူ့ခမျာ... စာမျှော်နေရှာမှာ..."

ထွေးမြင့်ကိုမြင်ယောင်၍ သနားမိသည်။

"တောင်ကြီးကိုလိုက်လာတော့လဲ အဖက်မတန်သလို ဆက် ဆံခဲ့တာ..."





ခုမှ အားနာမဆုံး ဖြစ်မိသည်။ ကိုထွေးကိုတွေ့ချင် သည်။ ကိုထွေးကို တောင်းပန်ချင်သည်။ ကိုထွေးနှင့်အတူ ဒေါ်လှပိုဆိုင်မှာ သီးစုံချဉ်ရည်ဟင်းနှင့် ထမင်းစားခဲ့ရသော ဘဝ လေးကို တမ်းတမိသည်။

"တကယ်ကို အချစ်သန့်သန့်လေး..."

ထမင်းစားရင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ကြည်နူးခဲ့ရသည်များကို တမ်းတမိသည်။

"ငါက သီးစုံချဉ်ရည်ဟင်းကိုအထင်သေးပြီး ငမန်းတောင် ဟင်းချိုကို အထင်ကြီးခဲ့မိတာကိုး..."

ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေး ဖြစ်ရသည်။ ထွေးမြင့် ကိုတွေ့ချင်စိတ်များ ပြင်းပြင်းထန်ထန် ဖြစ်လာရသည်။

"ဒါပေမဲ့... ငါသူ့ကို ဘယ်တော့မှမတွေ့တော့ဘူး..."

အေးမွန် နာကျည်းစွာ ဆုံးဖြတ်လိုက်သည်။

"စိတ်ရောရုပ်ပါ ညစ်နွမ်းတဲ့ငါဟာ... ကိုထွေးရဲ့သန့်စင်တဲ့ မေတ္တာနဲ့လုံးဝမထိုက်တန်တော့ဘူး..."

အေးမွန်ပါးပေါ်မှာ မျက်ရည်များ အဆက်မပြတ် စီး ဆင်းလာကြသည်။ သူရောက်လာမည်ကို မျှော်လင့်ချက်ကြီးစွာ နှင့် ဒေါ်လှပိုဆိုင်မှ စောင့်နေသော ကိုထွေးကို မြင်ယောင်မိ

သည်။ အခုဘယ်မှာ ရောက်နေမှန်းမသိ။

"သူ့ခမျာ ငါ့ကိုမျှော်နိုင်ခွင့် မရှိတော့တဲ့ဘဝ..."

ကိုထွေးရင်ကို ပြေးဝင်ချင်မိသည်။

"သူ... ငါ့ကို ဘယ်လိုပဲချစ်တယ်ပြောပြော... ခုချိန်မှာတော့ ချစ်နိုင်မှာ မဟုတ်တော့ပါဘူး... မချစ်နိုင်တော့ရင်လဲ တရားပါတယ် ကိုထွေးရယ်... မတရားခဲ့တာက အေးမွန်ပါ..."

"ငါ့ဘာသာ တီသုံးလုံးကုမ္ပဏီမှာတင် လုပ်နေခဲ့တာကောင်းရဲ့သားနဲ့... သူက အကြံအစည်နဲ့မို့ လခတိုး ရာထူးတွေတိုးပေးပြီး ငါ့ကိုခေါ်ခဲ့တာ..."

လင်းဇော်ဦး အကြောင်းစဉ်းစားမိတိုင်း မကျေနပ်ခြင်းကို ခါးသီးစွာ ခံစားရသည်။

ခုတော့ တီသုံးလုံးကုမ္ပဏီမှ ပြန်ပြီးအလုပ်မပေးတော့ပါ။ အေးမွန်တီသုံးလုံးကုမ္ပဏီသွား၍ ဦးဝင်းထွန်းနှင့် တွေ့ပါသည်။ တောင်ကြီးဆိုင်မှထွက်လာခဲ့ကြောင်းနှင့် အလုပ်ပြန်ရလိုကြောင်း ပြောပါသည်။ သို့သော် ဦးဝင်းထွန်းက နေရာလပ်မရှိကြောင်းပြော၍ ငြင်းလိုက်သည်။ အေးမွန်အလုပ်ရှာခဲ့သည်မှာ ကြာပြီ။ ဘယ်မှာမှ အဆင်မပြေသေး။

လူကအထည်ကြီးပျက်လိုဖြစ်နေ၍ တော်ရုံသင့်ရုံ





လစာနှင့် တော်ရုံသင့်ရုံအလုပ်ကိုလည်း မလုပ်ချင်။ အနည်းဆုံးကုမ္ပဏီအလုပ်မှ လုပ်ချင်သည်။ ကုမ္ပဏီများကလည်း သူ့လူနှင့်သူ ပြည့်နေပြီ။ သာမန်စတိုးဆိုင်များမှာဝင်လျှင်တော့ ရနိုင်သည်။ သို့သော် လစာလေးနှစ်ထောင်သုံးထောင်နှင့် ဘာမျှအလုပ်မဖြစ်။ အိမ်မှာ ခင်မာ့ကိုပေးထားရသည်ကပင် ·တစ်လထောင့်ငါးရာ။ အလုပ်လုပ်စဉ်က စုထားခဲ့သော ငွေလေးမှာလည်း တဖြည်းဖြည်းနှင့် လျော့ပါးလာသည်။

ထိုက်ထိုက်တန်တန် အလုပ်တစ်ခုရရေးအတွက် ကိုစန်းဝင်းကိုသာ အားကိုးရတော့မည်။ ကိုစန်းဝင်းအကြောင်းတွေးမိတော့ ရင်ထဲမှာ နာကျင်ရပြန်သည်။ သူ့သူငယ်ချင်းကုမ္ပဏီပိုင်ရှင် နှစ်ဦးနှင့် တွေ့ပေးမည်ဟု ခေါ်သွားသည်ကရန်ကုန်မြို့မှ နာမည်ကြီးဟိုတယ်တစ်ခုမှာ ဖြစ်သည်။ ညစာစားရင်း အလုပ်စကားပြောရန်ဖြစ်သည်။ သူတို့က ဝီစကီသောက်ရင်းပြောကြသည်။ အေးမွန်ကို သဘောကျကြောင်း အနည်းဆုံးကြီးကြပ်သူ အဆင့်ပေးမည်ဖြစ်ကြောင်း လက်ရှိအခြေအနေမှာလူမလိုသေး၍ ခဏစောင့်ရန် ပြောကြသည်။ မကြာမီလိုမည်ဟုဆိုသည်။ အေးမွန် အားတက်ရသည်။ ကိုစန်းဝင်းကိုလည်းကျေးဇူးတင်မဆုံး ဖြစ်ရသည်။

သို့သော် ထိုညက သူသူငယ်ချင်းနှစ်ဦးက ကိုစန်းဝင်းကားကိုယူပြီး ပြန်သွားကြသည်။ အိမ်ရောက်လျှင် ယာဉ်မောင်းကို ပြန်ပို့ခိုင်းမည်ဟု ပြောကြသည်။ ကိုစန်းဝင်းနှင့်အတူ အေးမွန်ဟော်တယ်မှာ စောင့်နေရသည်။ ဆယ်နာရီမှာ ပြန်သွားပါလျက် ဆယ့်တစ်နာရီထိုးသည်အထိ ပြန်မလာ။ ဆိုင်ပိတ်နေပြီ။ အပြင်မှာ စောင့်ရသည်။ ဟိုတယ်မှ တာဝန်ရှိသူက မေးလားမြန်းလာလုပ်လာပြီး။ နောက်ဆုံးတော့ ဟိုတယ်မှာပင် အခန်းငှား၍ ကိုစန်းဝင်းနှင့်အတူ အိပ်လိုက်ရသည်။ အေးမွန်ပါးပေါ်မှာ မျက်ရည်များ စီးဆင်းလာကြသည်။

လူတစ်ယောက်၏ တိတ်တိတ်ပုန်းမယားဖြစ်ခဲ့ဘူးသော အေးမွန်အပေါ်မှာ ကိုစန်းဝင်း တန်ဖိုးထားသည့် အတိုင်းအတာကို နားလည်ခဲ့ရသည်။ ဘာမျှမတတ်နိုင်။ သန်းခေါင်ထက် ညဥ့်မနက်နိုင်ဟုသာ သဘောထားလိုက်ရသည်။

ထိုက်တန်သော အလုပ်ကောင်းတစ်ခုရရေးအတွက် ကိုစန်းဝင်းကို အသုံးချရတော့မည်။ အေးမွန်သက်ပြင်းတချက်ချလိုက်သည်။ ကိုယ့်ကိုယ်ကိုလည်း စက်ဆုပ်ရွံရှာမိပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၉၁)

တောင်ကြီးမြို့မှ ပြန်ဆင်းလာသော လင်းဇော်ဦး၏ ပါဂျရိုကားသည် မြို့အထွက်မှ ပန်းခြံနားသို့ ရောက်လာ၏။ တောင်ကြီးမြို့မှ နှုတ်ဆက်နေလေပြီ။ လင်းဇော်ဦး တောင်ကြီးမြို့မှာ ဆက်နေ၍ မရတော့သလို ဆိုင်ဖွင့်၍လည်း မရတော့ပါ။ လူသတင်း လူချင်းဆောင်၍ လင်းဇော်ဦး၏ အပုတ်နံ့ အညှီနံ့များ သင်းပျံ့နေလေပြီ။

ထို့ကြောင့် ကုန်ပစ္စည်းများ အပြည့်ရှိနေသော ဆိုင်နှင့် ဂိုဒေါင်ကို ထားခဲ့ပြီး လင်းဇော်ဦး ရန်ကုန်သို့ ပြန်လာခဲ့ရသည်။ အောင်ပိုင်က ကားမောင်း၍ ရှေ့ထိုင်ခုံမှာ သူဇနီးမဖြူပါလာသည်။ လင်းဇော်ဦး ကားနောက်ပိုင်းမှာ တစ်ယောက်တည်း။ မျက်စိကိုပိတ်ထားသော်လည်း အိပ်၍ပျော်သည် မဟုတ်ပါ။

"ရန်ကုန်ပြန်ရောက်ရင် ငါ့လုပ်ငန်းတွေ အရှိန်မပျက်အောင် ငါဘယ်လို ဆက်လုပ်ရမလဲ..."

လင်းဇော်ဦး စဉ်းစားနေရပြီ။ လူပြန်မရောက်ခင်ကပင် လင်းဇော်ဦး၏သတင်းများက ရန်ကုန်ရောက်နေသည်။ တီသုံးလုံး ကုမ္ပဏီက လင်းဇော်ဦး၏ ကုမ္ပဏီမှ ပစ္စည်းများ မဝယ်တော့ကြောင်း အေးထွန်း ဖုန်းဆက်သည်။ ဦးဝင်းထွန်းက သူ့ဆိုင်မှ မိန်းကလေးများကို လင်းဇော်ဦး ဂိုဒေါင်သို့ မလွှတ်နိုင်ကြောင်း ပြောသည်ဟုပါ အေးထွန်းက ဖုန်းဆက်ရာမှာ ထည့်ပြောသည်။

"မလွှတ်နိုင်လဲ မလွှတ်နဲ့ပေါ့.."

လင်းဇော်ဦး မကျေမနပ် ဖြစ်ရသည်။ အခြား ကုမ္ပဏီများကလည်း အဝယ်နည်းလာသောအချိန် ဖြစ်သည်။ ဆိုင်ကြီးဆိုင်သေးဟူသမျှ လိုသောပစ္စည်းကို မင်္ဂလာဈေးမှာ လိုချင်သလောက် ဝယ်၍ရသည်။ လူမှုရေးကိစ္စများနှင့် ရှုပ်ထွေးနေရ၍ လက်ရှိ ဈေးကွက်အနေအထားကို လင်းဇော်ဦး မျက်ချည်ပြတ်သွားခဲ့သည်။ ရန်ကုန်ရောက်မှ စဉ်းစားရဦးမည်။ ဖြစ်နိုင်လျှင် ရန်ကုန်ရောက်သည်နှင့် မော်လမြိုင်သို့ ဆက်သွားချင်သည်။ သမီးလေးနှင့် တွေ့ချင်သည်။

သို့သော် မသွားဝံ့။





ပါးမှ ဓားဒဏ်ရာကို ခုနှစ်ချက်ချုပ်ထားရသည့် အနာ ပင်ကောင်စွားမကျက်သေး၍ ပလာစတာကပ်ထားရဆဲဖြစ်သည်။ ဒဏ်ရာကျက်သွားလျှင်ပင် အမာရွတ်ကျန်ရစ်မှာ သေချာနေသည်။ အေးမွန်ပြောပုံအရဆိုလျှင် မိန်းမဖြစ်သူ သိပ်ကို စိတ်ဆိုးနေလိမ့်မည်။

"ဟင်း..."

လင်းဇော်ဦး သက်ပြင်းတစ်ချက် ချလိုက်သည်။ အေးမွန်ဆိုသော မိန်းကလေးကြောင့် ဤမျှအထိ နာလိမ့်မည်ဟု လင်းဇော်ဦး လုံးဝမထင်ခဲ့။ သာမန်မျှနှင့် ပြီးသွားလိမ့်မည်ဟု ထင်ခဲ့သည်။

ခုတော့ တပည့်ဖြစ်သူ အောင်ပိုင်ကပါ ရန်ကုန်ပြန်ရောက်လျှင် သူစုထားသော ငွေများနှင့် တိုက်ကြီးပြန်ပြီး ခြံလုပ်ရန် ထွက်ခွင့်တောင်းနေသည်။

"သူ့ မိန်းမကိုများ ငါနဲ့အတူနေဖို့ စိတ်မချလို့လား.."

လင်းဇော်ဦး မလုံသော အိုးဖြစ်၍ ကားရှေ့ခန်းမှ မဖြူနှင့် အောင်ပိုင်ဆီသို့ လှမ်းကြည့်လိုက်သည်။ ရန်ကုန် ရောက်ပြီးလျှင် သူတို့ပြန်ကြတော့မည်။

"ဩော်... ခုမှ တကယ့်ကို အထီးကျန်ဘဝ ဖြစ်ရတော့မှာ

ပါလား..."

ဘေးနားမှာ ယုံကြည်အပ်သူတစ်ယောက်မျှ မရှိတော့သည့်အဖြစ်ကို ခံစားရသည်။

တီ... တီ...

ရှေ့ဘက်သို့ လှမ်းမမြင်ရသော တောင်စောင်းကွေ့ကြီးတစ်ခုကို အောင်ပိုင်က သတိထားပြီး ကွေ့နေသည်။ ကွေ့ပြီးသည်နှင့် ဆင်းရသောနေရာမို့ အန္တရာယ် များသည်။

တီ... တီ... တီ... တီ...

အောက်ဘက်မှ အရှိန်ယူ၍တက်လာသော ကုန်တင်ကားကြီးတစ်စင်း။ အောင်ပိုင်က ချောက်ဘက်မှုပိုက်ပြီး ရှောင်ပေးလိုက်ရသည်။ ကားကြီးကို လွတ်ရုံနှင့် ချောက်ကမ်းပါးထဲသို့ မကျရုံသာရှိသည်။

"အား... ကျလိုက်ရင်တော့..."

ဘေးဘက်မှ ချောက်ကမ်ပါးကြီးကို ကြည့်ပြီး လင်းဇော်ဦး တုန်လှုပ်စွာ ခံစားလိုက်ရသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



# အပိုင်း (၆)

## အခန်း (၉၂)

"မမအေး ညှို့သည်နှစ်ယောက် ညှို့ခန်းထဲမှာ စောင့်နေတယ်..."

"ဟင်..."

အေးမွန် ညှို့ခန်းဘက်သို့ ထွက်လာခဲ့သည်။ တစ်ယောက်က အသက်လေးဆယ်ကျော်ခန့် အသားမဲမဲ ဝဝဖြိုးဖြိုး အမျိုးသမီးဖြစ်သည်။ ရွှေဆွဲကြိုးအတုတ်ကြီးနှင့် လက်မှာလည်း လက်ကောက်များစွာ ဝတ်ဆင်ထားသည်။

"ငါလဲ မသိပါဘူး... ဘယ်သူတွေများပါလိမ့်..."

ဒေါ်ခင်ဝင်းသီလိုမျိုး ဖြစ်လေမည်လားဟု အေးမွန် ထိတ်လန့်မိသည်။

ထိုမိန်းမကြီးဘေးမှ ထိုင်ခုံတွင် အသက်လေးဆယ်ခန့် ယောကျ်ားတစ်ယောက် ထိုင်နေသည်။ ဘောင်းဘီရှည် စပို့ရှပ်နှင့် တုတ်တုတ်ဝဝပင် ဖြစ်သည်။ ထိုသူကိုလည်း အေးမွှန် မသိ။

"ကိုလင်းဇော်ဦး ရှိသလား..."

မိန်းမကြီးက မေးခွန်းနှင့်စသည်။

"ရှင်..."

အေးမွှန် အံ့အားသင့်ရပြန်သည်။

"ဘယ်လိုအရှုပ်တွေ ပေါ်ဦးမှာပါလိမ့်..."

အေးမွှန် စိတ်ရှုပ်ထွေးစွာ ခံစားရသည်။

"ဒီလကုန်ရင် ခြောက်လပြည့်တော့မယ်... အိမ်ကို ဆက်ငှားဦးမှာလား... ပြန်အပ်မှလား သိချင်လို့..."

မိန်းမကြီး ကြည့်နေသော မျက်လုံးများကို အေးမွှန် သဘောမကျပါ။

"ဘယ်အိမ်ကို ပြောတာလဲ..."

မိန်းမကြီးက သူ့ဘေးမှ အမျိုးသားကို လှည့်ကြည့်လိုက်သည်။ ကြည့်သောမျက်လုံးများမှာ အဓိပ္ပါယ်နှင့် အမျိုးသားက ခေါင်းညိတ်ပြသည်။





"ဒီအိမ်ကိုပြောတာ... အမကြီးက ဒီအိမ်ရှင်..."

"ဒါ... ဒါ... ကျ... ကျွန်မ... အိမ်..."

အေးမွှန်ပြောရင်း နှုတ်မရဲအောင် ဖြစ်လာရသည်။

မိန်းမကြီးက အေးမွှန်ကို စိတ်ပျက်စွာကြည့်ပြီး ခေါင်းကိုခါရမ်းလိုက်သည်။ ပြီးတော့ သူ့ဘေးမှလူကို လှည့်ကြည့်လိုက်သည်။

"ခင်ဗျားက ကိုလင်းဇော်ဦးနဲ့ ဘာတော်သလဲ..."

အမျိုးသားဖြစ်သူ၏ အမေးကို အေးမွှန် ဘယ်လိုဖြေရမှန်း မသိ။

"ကဲပါဗျာ... ကျွန်တော်ရှင်းအောင် ပြောပါ့မယ်..."

အမျိုးသားက သူ့ဘေးမှ သားရေအိတ်ပြားပြားကြီးကိုယူ၍ အထဲမှ စာချုပ်တစ်ခုကို ဆွဲထုတ်လိုက်သည်။

"ဒီအိမ်က ဒီအစ်မကြီးအိမ်... အဲဒါကို... ကိုလင်းဇော်ဦးက ခြောက်လစာချုပ်နဲ့ ငှားထားတယ်..."

"ရှင်..."

အေးမွှန်တစ်ကိုယ်လုံး တောင့်တောင့်တင်းတင်း ဖြစ်သွားရသည်။

"ဒီမှာကြည့်..."

စာချုပ်မိတ္တူကို အေးမွန်ရှေ့စားပွဲပေါ်မှာ ချပြသည်။ အေးမွန်ကြည့်သော်လည်း ဘာမျှမမြင်ပါ။ တစ်ကိုယ်လုံး ထူထူပူပူ ဖြစ်နေပြီ။

"တစ်လကို တစ်သောင်းနှစ်ထောင်နဲ့ ခြောက်လအတွက် ခုနှစ်သောင်းနှစ်ထောင် ကြိုပေးထားတယ်... ဆက်ငှားမယ်ဆိုရင် တစ်လကြိုတင်ပြောရမယ်... မငှားတော့ဘူးဆိုရင်လဲ တစ်လကြိုတင်ပြောရမယ်...

ဒါပေမဲ့ ဘာမှလာမပြောလို့ အခုလကုန်ဖို့က ဆယ်ရက်ပဲလိုတော့တယ်... ဆက်နေမယ်ဆိုရင်... နောက်ခြောက်လအတွက်စာချုပ်ရမယ် ဆက်မနေဘူးဆိုရင်တော့ ကျွန်တော်တို့နောက်တစ်ယောက်နဲ့ စာချုပ်ရမယ်... အဲဒါဆိုရင် ဒီလကုန်တဲ့နေ့မှာ ဒီအိမ်က ဖယ်ပေးရမယ်... နေမဲ့လူက ရှိနေလို့ အဲဒီကိစ္စလာမေးတာ..."

မှောက်သစ်ကိုင်းလွတ် အဖြစ်မျိုးသို့ ရောက်ရပြီဟု အေးမွန်နားလည်လိုက်ပါသည်။ လက်ထပ်စဉ်ကလည်း လင်းဇော်ဦးကို အယုံကြီးယုံ၍ လက်ထပ်စာချုပ်ကို ယူမထားခဲ့။ လက်ထပ်ပြီးပြီပဲ ခိုင်မာသည်ဟု ယူဆခဲ့သည်။ တကယ့်တကယ် အရေးကျတော့ ဘာမျှလက်ဆုပ်လက်ကိုင်မရှိ။ ယခုရန်ကုန်မှာ အိမ်ဝယ်ပေးသည်ဆိုတော့လည်း ကျေးဇူးတင်စွာနှင့် အိမ်ပေါ်မှာ တက်နေ





ခဲ့သည်။ ခုမှ လပြတ်နှင့်ငှားထားသော အိမ်မှန်းသိရသည်။

"လူလိမ်လူညာ အစကတည်းက ယာယီအစီအစဉ်နဲ့ ပေါင်းသင်းပြီး မလိုတဲ့အချိန်မှာ ခွာထုတ်ပစ်ဖို့ အစီအစဉ်ရှိတဲ့လူ..."

လင်းဇော်ဦးအကြောင်း ပိုပြီးသိလာသည်နှင့်အမျှ စက်ဆုပ်ရွံမုန်းစိတ်များ ပို၍ကြီးထွားလာရသည်။

"ဦးလင်းဇော်ဦးက ညီမကို ဘယ်လိုပြောထားလဲ..."

အမျိုးသမီးကြီးဆီသို့ အေးမွန်ကြည့်လိုက်သည်။

"ဘယ်လိုမှ မပြောပါဘူး... ဒီလကုန်တာနဲ့ ကျွန်မဖယ်ပေးပါ့မယ်..."

"လကုန်ရက်ညနေ နောက်ဆုံးထားပြီး ဖယ်ပေးရမှာနော်.."

အေးမွန် ခေါင်းညိတ်ပြလိုက်သည်။

"ဖယ်ပေးပါ့မယ်... စိတ်ချပါ.."

အေးမွန် ဘာကိုမျှ မခင်တွယ်တော့ပါ။ ဖွားဖွား စောစော ကွယ်လွန်သွားသည်ပင် ကောင်းသေးသည်ဟု နာကျည်းစွာ စဉ်းစားလိုက်မိပါသည်။

## အခန်း (၃၃)

လင်းဇော်ဦး ဝယ်ပေးထားသည့် စိန်လက်စွပ်နှင့် စိန်နားကပ်ကို ရှေ့မှာချပြီး မျက်ရည်ပေါက်ပေါက် ကျနေပြန်သည်။

"ယုတ်မာလိုက်တဲ့လူ..."

ကိုယ်က သူ့ကိုသိပ်အထင်ကြီးနေသည့်အချိန်မှာပင် သူက ကိုယ့်အပေါ်မှာ ရက်စက်စွာ လိမ်ညာခဲ့သည်။ စိန်နားကပ်နှင့် စိန်လက်စွပ်ကို မသင်္ကာ၍ ဆိုင်မှာ သွားစစ်ကြည့်တော့ အတုများဖြစ်နေသည်။ ကိုယ်က အစစ်လားမေးတော့ သူက စိတ်ဆိုးပြသေးသည်။ ဘောက်ချာပါပေးသည်။ လက်စွပ်က ရှစ်သောင်း၊ စိန်နားကပ်က တစ်သိန်းနှစ်သောင်း`ခုတော့ ရင်းနှီးစရာပင် ငွေများများ မရှိ။

"မမရယ်... ကားရောင်းလို့ရတဲ့ငွေနဲ့ အိမ်ရှေ့ပိုင်းမှာ အိမ်ဆိုင်လေးဖွင့်ရအောင်ပါ.. ကျွန်မဈေးရောင်းတတ်ပါတယ်.. ဒီနားက ဆင်းရဲသားလက်လုပ်လက်စား များတော့ ဈေးရောင်းရင်ကောင်းမှာပါ.."

ခင်မာက အေးမွန်ကို ကူညီချင်သည်။

"ပြီးတော့ ကျွန်မကိုပေးနေတဲ့ ထောင့်ငါးရာလဲ မပေးပါနဲ့... မမအေးအိမ်မှာပဲ အေးအေးဆေးဆေးနေ... ကျွန်မ ဈေးရောင်းကျွေးပါ့မယ်..."

အားပေးနေရှာသော ခင်မာ့ကို အေးမွန်ငေးမောစွာ ကြည့်နေမိသည်။

"ဪ... ခင်မာရယ်..."

စိတ်ထဲမှာ မြည်တမ်းလိုက်မိသည်။

"မဖြစ်သေးပါဘူး ခင်မာရယ်... မမအေး ပြန်အလုပ်လုပ်မှ ဖြစ်မှာပါ.."

အေးမွန် အမြင့်သို့ ရောက်ဖူးသည်။ အမြင့်မှာ စံစားဖူးသည်။ ခုတော့ အနိမ့်မှာရောက်နေရသည်။ အိမ်လည်း မရှိတော့ပါ။ ကားလည်းရောင်းလိုက်ရပြီ။ ကိုစန်းဝင်း ရှာဖွေစီစဉ်ပေး၍ မြောက်ဥက္ကလာမှာပင် အိမ်တစ်လုံး၏ အောက်ထပ်မှာ





ငှားနေရသည်။ အေးမွန် အရှုံးနှင့် မနေနိုင်။ အမြင့်ဘဝသို့ ပြန်ရောက်ချင်သည်။

ဤမျှအထိနာခဲ့ပြီးမှတော့ လှပသောအဆင်းကိုအရင်း အနှီးပြုပြီး အမြင့်ဘဝကိုရောက်အောင် ကြိုးစားချင်သည်။ ထူးပြီး နစ်နာစရာလည်း ဘာမျှမရှိတော့ပါ။

ကားရောင်းထားသည့်ငွေကို ဈေးရင်းမည့်အစား နိုင်ငံခြားသွားခွင့်ရအောင် ရင်းရမည်။ ယနေ့ညနေ ကိုစန်းဝင်း လာခေါ်မည်။ သူ့မိတ်ဆွေတစ်ယောက်၏ အဆက်အသွယ်နှင့် ဂျပန်ပြည်သွားခွင့်ရဖို့ သေချာသလောက်ဖြစ်နေပြီဟု ဆိုသည်။ ယနေ့ည ထိုလူများနှင့် တွေ့ရမည်။ ညစာကိုပင် သူတို့က ကျွေးမှာဖြစ်သည်။

"သေချာလိုက်စမ်းပါ.. ဂျပန်မှာ သုံးနှစ်လုပ်ပြီးလျှင် မြန်မာပြည်ပြန်လာ၍ ကုမ္ပဏီထောင်မည်။ အရောင်းဆိုင်ဖွင့်မည်ဟင်း.. အဲဒီအချိန်မှာ လင်းဇော်ဦးစီးပွားအကျနဲ့ ငါက စီးပွားအတက်ဖြစ်ရင်..."

အေးမွန် စိတ်ကူးယဉ်မိသည်။

လင်းဇော်ဦးကိုနိုင်ချင်သည်။ လင်းဇော်ဦးထက်သာ ချင်သည်။

"မမအေး ကောင်းစားရင်… ငါ့ညီမကိုလဲ အကောင်းဆုံး ထားမယ်… စိတ်ချ…"

သူ့အပေါ်မှာ စေတနာထားသော ခင်မာ့ကို ညီမ အရင်းလို စောင့်ရှောက်မည်ဖြစ်ကြောင်း ကျေညာလိုက်ခြင်း ဖြစ် ပါသည်။ ခင်မာကျေနပ်စွာ ပြုံးနေရှာသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၃၄)

စန်းဝင်းခေါ်သွားသော စားသောက်ဆိုင်ကို အေးမွန် တစ်ခေါက်မျှ မရောက်ဘူးသေးပါ။ အသစ်ဖွင့်သည်မှာ မကြာ သေးဟု စန်းဝင်းကပြောသည်။ ဆိုင်ရှေ့မှာရော ဆိုင်ထဲမှာပါ မီးရောင်စုံများ လှပစွာ ထိန်လင်းနေသည်။

ဆိုင်အပြင်အဆင်က ခမ်းနားသည် အထက်တန်းကျ သည်။ ကားရပ်နားရန်နေရာမှာ လှပသော ကားလေးများစွာ စီတန်းနေကြသည်။ စားပွဲများစွာမှာ စားသူတို့နှင့် စည်ကားနေ သည်။

ကြိုတင်မှာထားပြီးဖြစ်သော အခန်းနံပါတ်သုံးသို့ သွားကြသည်။ စန်းဝင်းနှင့် ချိန်းထားသူများ မရောက်ကြသေး။ အခန်းထဲမှာ စန်းဝင်းနှင့် အေးမွန်နှစ်ယောက်သာ ရှိသေးသည်။

စန်းဝင်းက စောင့်ရင်းနှင့် တိုက်ဂါးဘီယာတစ်ပုလင်းနှင့် သီဟိုဠ်စေ့ကြော်တစ်ပွဲ မှာလိုက်သည်။ စန်းဝင်းဘီယာသောက်နေချိန်မှာ အေးမွန်က သီဟိုဠ်စေ့ကြော်စားသည်။

သိပ်မစောင့်လိုက်ရပါ။ စန်းဝင်း၏မိတ်ဆွေ ကိုမင်းစိန် ရောက်လာသည်။ သူနှင့်အတူ လူတစ်ယောက်လည်း ပါလာသည်။ အသားမဲမဲနှင့် ဘောင်းဘီအညိုနှင့် စပို့ရှပ်အင်္ကျီနီနီရဲရဲကို ဝတ်ထားသည်။

"ဟာ... ကိုစန်းဝင်းတို့ ရောက်နေတာကြာပြီလား..."

ကိုမင်းစိန်က နှုတ်ဆက်သည်။

"မကြာသေးပါဘူး... ဒါပေမဲ့ ခင်ဗျားတို့ကို မတွေ့တော့ လန့်တောင်သွားတယ်... အေးကဟုတ်မှဟုတ်ပါ့မလားလို့ သံသယဖြစ်နေမှာစိုးလို့..."

"ဟာ... ဘာလို့မဟုတ်ရမှာလဲဗျာ... မသေချာရင်... မင်းစိန် ဘာမှမလုပ်ဘူး... ဒါကကိုယ့်လူရင်းတွေမို့ လုပ်ပေးရမှာ... ဟောဒါဘဲ ကျွန်တော်ပြောတဲ့ ကိုခင်မောင်တင့်ဆိုတာ..."

ကိုခင်မောင်တင်က ပြုံးပြသည်။ သွားများက ဖြူဖွေးညီညာသည်။ အသေအချာတိဖြတ်ထားသော နှုတ်ခမ်းမွေးက ပြုံးလိုက်၍ အပေါ်သို့ နည်းနည်းတက်သွားသည်။ လည်ပင်းမှာ ရွှေဆွဲကြိုးတုတ်တုတ်တစ်ကုံး ဆွဲထားသည်။ လက်မှာ ဟင်းချိန်းနှင့် စိန်လက်စွပ် ဝတ်ထားသည်။ ကိုစန်းဝင်းက ကိုခင်မောင်တင့်





နှင့် လက်ဆွဲနှုတ်ဆက်သည်။

"ဒါက... မအေးဆုမွန်ပါ..."

စန်းဝင်းက အေးဆုမွန်နှင့် မိတ်ဆက်ပေးသည်။

"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်..."

ခင်မောင်တင့်က အေးမွန်ကိုပါ လက်ဆွဲနှုတ်ဆက်သည်။

"ဝမ်းသာပါတယ်ရှင်..."

အေးမွန်ကလည်း လှပသောအပြုံးနှင့်

မင်းစိန်ရော ခင်မောင်တင့်ပါ အေးမွန်ကိုကြည့်ပြီး သဘောကျနေကြောင်း သူတို့မျက်လုံးများက သိသာနေသည်။

အေးမွန်က အပြာနုရောင်ဂျင်းဘောင်းဘီရှည်နှင့် တီရှပ်အဖြူဝတ်ထား၍ လှပသော ကိုယ်ခန္ဓာအချိုးအဆစ်ကို ပေါ်လွင်စေသည်။ မျက်နှာပေါ်မှာလည်း မိတ်ကပ်ကို နုနုညက်ညက်ကလေး လိမ်းချယ်ထားသည်။

အားလုံးက စားပွဲဝိုင်းမှာ ထိုင်မိကြပြီမို့... ကိုမင်းစိန်က စားပွဲထိုးကိုခေါ်ပြီး စားသောက်စရာများ မှာသည်။ သူတို့က ဝီစကီ သောက်ကြသည်။ အေးမွန်က အချိုရည်။

"ကိုမင်းစိန်ကို ကျွန်တော် ပြောထားတဲ့အတိုင်းပဲဗျာ... လောလောဆယ်တော့ ကျွန်တော်တို့ သုံးသိန်းပဲပေးနိုင်တယ်...

ဒါတောင် ကားရောင်းပေးရတာ... ကျန်တာလဲ မပျက်မကွက် ပေးမှာပါ..."

ကိုမင်းစိန်က ခင်မောင်တင့်ကို လှမ်းကြည့်လိုက်သည်။

"မင်းကိုငါပြောထားပြီးသားပဲ... နောက်ထပ် သုံးသိန်းကတော့ ဟိုမှာရောက်လို့... အလုပ်ရပြီး ငွေရရင် မင်းကို သုံးသိန်းပေးမယ်..."

ကိုခင်မောင်တင့် စဉ်းစားနေသေးသည်။ ပြီးမှ စန်းဝင်းနှင့် အေးမွန်ကို လှမ်းကြည့်လိုက်သည်။

"ဖြစ်ပါတယ်... ကိုမင်းစိန်နဲ့ ကျွန်တော်က ပြောရမဲ့လူတွေ မဟုတ်အောင် ခင်တာ..."

"ကျွန်တော် သဘောပေါက်ပါတယ်... လုပ်ပေးပါ့မယ်... ဟိုမှာ ကျွန်တော့်ညီရှိတယ်... ဒါပေမဲ့ အဓိက အရေးကြီးတာက ကျွန်တော့်ဆရာပါ.. ကျွန်တော့်ညီလဲ ကျွန်တော် ဂျပန်မှာရှိတုန်းက ခေါ်ထားပေးခဲ့တာပါ.. အခုဆိုရင် သူတောင် လေးနှစ်ရှိနေပြီ.. ဒီမှာ သူ့မိသားစုက သုဝဏ္ဏ မှာ ခြံနဲ့ တိုက်နဲ့ကားနဲ့ ငွေကလဲ သိန်းရှစ်ဆယ်လောက်တော့ စုမိနေပြီ..."

အေးမွန်အားကျမိသည်။





"ကိုခင်မောင်တင့်ကိုယ်တိုင် ကတော့ အဲဒီ နှစ်ဆလောက် ရှိမယ်... "

ကိုမင်းစိန်က သူ့လူ သူပင့် ပေးလိုက်သည်။ ကိုခင်မောင်တင့်က ဝန်ခံသည့်သဘောနှင့် ပြုံးနေသည်။

"ကဲဗျာ... ခင်ဗျား မြန်မာပြည် ပြန်လာတဲ့အကြောင်းသာ ပြောလိုက်ပါ.. "

ကိုမင်းစိန်က လိုရင်းကိုဖြတ်လိုက်သည်။

"ဟုတ်ပါတယ်... ကျွန်တော်ပြန်လာတာ ငါးလရှိပါပြီ... ကျွန်တော့်ဆရာက စားသောက်ဆိုင်ကြီးတစ်ခု တိုးဖွင့်တယ် အဲဒီဆိုင်မှာ နိုင်ငံခြားက မိန်းကလေးတွေ စုံစုံထားမှာ.. ညှိကြီး.. စားပွဲထိုး ညှိခံပေ့ါ.. တရုတ်... ဖိလိပိုင်... ကမ္ဘောဒီယား... ထိုင်း... ကိုရီးယား... အစုံရှိနေပြီ... မြန်မာမိန်းကလေးဆယ်ယောက်လိုချင်တာ ပြီးခဲ့တဲ့လကပဲငါးယောက် ပို့လိုက်တယ်... "

စောစောစီးစီး အဆက်အသွယ် မရရန်ကော ဟု အေးမွန် စဉ်းစားလိုက်မိသည်။

"အခုတသုတ် ငါးယောက်ပို့မှာ... လူက ဆယ်ယောက်ရှိနေတယ်... "

"ရှင်... "

ခင်မောင်တင့် ပြုံးသည်။

"အခု မအေးဆုမွန်နဲ့ဆိုရင်... ဆယ့်တစ်ယောက်ပေါ့.. "

"ပို့ရမှာက ငါးယောက်ပဲလား.. "

စန်းဝင်း ဖြတ်မေးသည်။

"ဟုတ်ပါတယ်... နောက်တစ်ယောက်ပြောထားတာလဲ ရှိသေးတယ်... မလွဲသာမရှောင်သာလူပဲ... အားလုံး ဆယ့်နှစ်ယောက်ပေါ့.. အဲဒီ ဆယ့်နှစ်ယောက်ကို ကျွန်တော်တို့ သင်တန်းပေးမယ်... ဘယ်လို ဝတ်ဆင်ရမယ်... ဧည့်သည်ကို ဘယ်လို ကြိုဆိုရမယ်... စားပွဲထိုးရာမှာ ဘယ်လို ဆက်ဆံရတယ်... လူကြီးဧည့်သည်.. လူငယ်ဧည့်သည် ဘယ်လို ဧည့်ခံရမယ်... ဒါတွေ... တစ်လသင်ရမယ်... သင်ပြီးမှ အဲဒီအထဲက ငါးယောက်နဲ့ အရံငါးယောက်ရွေးမှာ... "

အစွမ်းကုန် ကြိုးစားမည်ဟု အေးမွန် ဆုံးဖြတ်လိုက်သည်။

"မအေးဆုမွန်က အင်္ဂလိပ်လိုပြောတတ်တယ်မဟုတ်လား"

"နည်းနည်းပါးပါးပေါ့.. "

အေးမွန်က လျှော့ပြောသည်။

"နည်းနည်းမဟုတ်ပါဘူး... တော်တော်ပြောတတ်ပါတယ်"

စန်းဝင်းက ပြင်ဆင်ချက် ထုတ်နေသည်။





"အဲဒါဆိုရင်တော့ မအေးဆုမွန်က အရွေးခံရမှာ သေချာသလောက် ဖြစ်နေပါပြီ... ကျန်တာတွေက အင်္ဂလိပ်လို မပြောတတ်ဘူး.. အခုမှ စပီကင်ပါသင်ပေးနေရတာ.. "

အေးမွန် အားတက်ရသည်။

"ပြီးတော့... အခုမြင်ရတဲ့အတိုင်းနဲ့တင် ရုပ်ရည်ရော.. ဘော်ဒီစထရပ်ချာရော.. မအေးဆုမွန်က တော်တော်ကို ချောတာပဲ ကျွန်တော့်ဆယ့်နှစ်ယောက်ထဲမှာမအေးဆုမွန်ကို မှီတာ တစ်ယောက်မှ မပါဘူး... "

အေးမွန် သဘောကျမိသည်။ အရွေးခံရဖို့အတွက်လည်း မျှော်လင့်ချက် ရှိသွားသည်။

"အဲဒီတော့... "

ကိုမင်းစိန်က ထောက်ပေးသည်။

"အဲဒီတော့... ကျွန်တော်က အခုရှုပ်မှ နောင်ရှင်း ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်... "

"ပြောပါ.. "

"အခု သုံးသိန်းပေးမယ်... ဟိုရောက်မှ လုပ်ခနဲ့သုံးသိန်းပေးမယ်... ဆိုတာ.. ကျွန်တော်... ကိုမင်းစိန်နဲ့... ဟိုအကိုနဲ့ ရင်းနှီးလို့ လက်ခံတာပါ.. သွားချင်လွန်းလို့ ဆယ်သိန်းအထိပေးတဲ့ လူတွေရှိပါတယ်... "

"ဟုတ်ပါတယ်... ယုံပါတယ်... "

စန်းဝင်းက ထောက်ခံသည်။ ခင်မောင်တင့်က အေးဆုမွန်ကို လှမ်းကြည့်နေသည်။ စူးစူးစိုက်စိုက် ကြည့်နေခြင်း ဖြစ်၍ အေးမွန်ဘယ်လိုနေရမှန်းမသိ။

"မအေးဆုမွန် စိတ်မရှိပါနဲ့နော်... ကျွန်တော့်ကို မတ်တပ်ရပ်ပြပါ..."

"ပြလိုက်ပါ..."

ခင်မောင်တင့် တောင်းဆိုသည်ကို စန်းဝင်းက လိုက်လျော့စေချင်သည်။ အေးမွန်ရပ်ပြသည်။ အကျီကိုပါ ဆွဲဆန့် ပြုပြင်လိုက်သည်။ ခင်မောင်တင့် မျက်လုံးများ ကျွတ်ထွက်မတတ်ကြည့်နေသည်။

"နည်းနည်းလောက် လမ်းလျှောက်ပြပါ..."

"ပြလိုက်ပါ..."

ခင်မောင်တင့်တောင်းဆိုသည့်တိုင်း စန်းဝင်း၏ တိုက်တွန်းမှုက ထပ်ချပ်ပါလာသည်။ ခင်မောင်တင့်ကို လှမ်းကြည့်ပြီး အေးမွန် ပြုံးပြလိုက်သည်။ ခင်မောင်တင့်၏ သွားများအဖွေးသား ဖြစ်သွားသည်။ အခန်းထဲမှာပင် အေးမွန်လမ်းလျှောက်ပြသည်။

တစ်လှမ်း... နှစ်လှမ်း... သုံးလှမ်... လေးလှမ်း... ငါးလှမ်း...





"ရပါပြီ... မအေးဆုမွန် ပြန်လာထိုင်ပါ..."

အေးဆုမွန် ပြန်လျှောက်လာသည်။ နောက်ဖက်တူရူမှ မြင်ရသည်ကို အငေးသားကြည့်ခဲ့ကြသော ယောကျ်ားသားသုံးယောက်သည် ရှေ့ဖက်တူရူမှလည်း အားမနာတမ်း ကြည့်နေကြသည်။

"သေချာပါတယ်ဗျာ... မအေးဆုမွန်က ထိပ်ဆုံးရောက်နေမှာ သေချာသလောက် ဖြစ်သွားပါပြီ... တစ်ခုပဲဗျာ... ကျွန်တော် ပြောချင်တယ်..."

"ပြောပါ..."

စန်းဝင်းက ခွင့်ပြုသည်။

"ဒီ... ကျွန်တော့်အပေါင်းအသင်း ကိုမင်းစိန်... သူက ဆက်သွယ်ဆောင်ရွက်ပေးတာဆိုတော့..."

ခင်မောင်တင့်က ကိုမင်းစိန်ကို လှမ်းကြည့်သည်။

"ပြောပါရှင်..."

"မအေးဆုမွန် ဟိုရောက်လို့ လုပ်အားခရပြီးမှပါ ကိုမင်းစိန်ကိုလဲ... တစ်သိန်းပေးပါ..."

"ဟုတ်ကဲ့... ကျွန်မ ပေးပါ့မယ်..."

"ကဲ... အဲဒါဆိုရင်တော့ အလုပ်စကားပြောလို့ ပြီးသွားပါပြီ... မစားမသောက်ခင် ကွန်ဂရက်ကျူလေးရှင်း လုပ်လိုက်

ကြရအောင်…"

ခင်မောင်တင့် မတ်တပ်ရပ်၍ အားလုံးမတ်တပ်ရပ်လိုက်ကြသည်။ ခင်မောင်တင့်က အေးမွန်ကို လက်ဆွဲနှုတ်ဆက်သည် ပြီးတော့ ခင်မောင်တင့်နှင့် စန်းဝင်း၊ ကိုမင်းစိန်နှင့်အေးမွန် ကိုမင်းစိန်နှင့်စန်းဝင်း လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

အပျော်စိတ်ကြောင့် အေးမွန် ရင်ခုန်သံတွေ မြန်နေသည်။ အနာဂတ်အတွက် မျှော်လင့်ချက်ရောင်ခြည်များကိုလည်း မြင်ယောင်၍ ပျော်နေသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၃၅)

အချိန်က ည(၉)နာရီခန့်သာ ရှိသေးသည်။ သို့သော် လူနေရပ်ကွက်များ အစွန်ကျသော ခြံကြီးမှာ ဆိတ်ငြိမ်နေ၏။ တစ်ချက်တစ်ချက်တွင် ခွေးဟောင်သံ ထွက်လာသည်ကို ကြားရသည်။ ခြံကြီးမှာ မရမ်းပင်များ ပိတောက်ပင်ကြီးများနှင့် အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်နေသည်။ ခြံထဲမှာ မီးထွန်းထားခြင်းမရှိ၍ သစ်ပင်များမှာ မဲမဲအုပ်အုပ် ဖြစ်နေသည်။ အိမ်ကြီးထဲမှာတော့ မီးထွန်းထား၍ မီးရောင်များ ထွက်နေသည်ကို မြင်ရသည်။

အိမ်ကြီးမှာ နှစ်ထပ်အိမ်ဖြစ်သော်လည်း ပုံသဏ္ဌာန်က ခေတ်မီှိလှပခြင်းမရှိ။ အပြန့်ကျယ်ပြီး အမိုးပြားနိမ့်၍ ကုပ်ကုပ်ဝပ်ဝပ် ဖြစ်နေသည်။

သစ်ပင်များအောက်တွင် ရပ်ထားသော ကားငယ်

အချို့ကို အိမ်တွင်းမှထွက်လာသောမီးရောင်နှင့် မထင်မရှား မြင်ရသည်။

အပြင်ဘက်လမ်းပေါ်မှာ ဖြည်းဖြည်းမောင်းလာသော ကားတစ်စင်း ခြံဝင်းတံခါးရှေ့သို့ ရောက်လာသည်။ ခြံဝင်းတံခါးက ပိတ်၍သော့ခတ်ထားသည်။ ကားမောင်းသူက မီးကိုပိတ်ချည် ဖွင့်ချည်သုံးခါလုပ်ပြလိုက်သည်။ အိမ်ကြီး၏ဘေးမှာရှိသည့် အစောင့်တဲလေးမှ လူငယ်တစ်ယောက် ဝင်းတံခါးဆီသို့ အပြေးအလွှားရောက်လာ၏။ သူ့လက်ထဲမှာ သော့တစ်ချောင်း ပါလာသည်။

"ဘယ်သူတွေလဲ..."

အစောင့်က သော့မဖွင့်ခင် အပြင်မှကားဆီသို့ လှမ်းမေးသည်။

"မင်းအလုပ်မင်းလုပ်စမ်းပါ.. မွတ်တားရာ... တံခါးဖွင့်ရမှာ မင်းအလုပ်ပါ.."

"ဟုတ်ကဲ့ပါ.."

သူနာမည်ကို ခေါ်ပြောနေ၍ လာနေကျလူ ဖြစ်ရမည်ဟု မွတ်တားနားလည်လိုက်သည်။ သော့ဖွင့်ပြီး တံခါးနှစ်ဖက်စလုံးကို ကားဝင်သာအောင် ဖွင့်လိုက်သည်။ မော်တော်ကားက အိမ်ရှေ့ဆင်ဝင်အောက်ထိ မောင်းဝင်သွားသည်။ အောက်ထပ်တံခါးအဝင်မှာ ဂိတ်စောင့်ရှိသည်။





"ဟင်..."

ကားပေါ်မှဆင်းလာသူများကိုကြည့်ပြီး တံခါးစောင့်ထိတ်ထိတ်ပြာပြာဖြစ်သွားသည်။

"မင်းဘာသံမှမထွက်နဲ့.. ငြိမ်ငြိမ်လေးထိုင်နေမောင်သောင်းသူ့ကို ဖမ်းထားလိုက်... "

"ဟုတ်ကဲ့ဆရာ... "

ရဲသားတစ်ယောက်က တံခါးစောင့်ကို လက်ထိပ်ခတ်လိုက်သည်။

"ဆ[illegible]သောင်းလွှင်... မင်းအပါအဝင် လူခြောက်ယောက်ကို အိမ်ပတ်လည်မှာ နေရာယူလိုက်... ဘယ်သူမှ မလွတ်စေနဲ့... အားလုံးမိအောင် ဖမ်း... "

"ဟုတ်ကဲ့... ဆရာ"

ကားပေါ်မှ ရဲသား ငါးယောက် ထပ်ဆင်းလာကြသည်။ ဆင်ဝင်နားမှာ ကားရပ်သည်။ အရပ်ဝတ်နှင့် လူများ ကားပေါ်မှ ဆင်းလာကြသည်။

"မောင်သောင်း... ဂိတ်စောင့် မွတ်တားကိုရော... မင်းဖမ်းထားပြီလား"

"ဖမ်းပြီးပါပြီဆရာ"

ဂိတ်စောင့်မွတ်တားမှာ အိမ်တံခါးစောင့်ဘေးတွင်

လက်ထိပ်ခတ်လျက် ရှိနေပါပြီ။

"ကဲ... ဆရာတို့အဖွဲ့လဲရောက်ပြီ အားလုံးစုံပြီ.. အပေါ်တက်မယ်နော်... လာ... ရ. ၀. တအဖွဲ့ ရှေ့ကလာ..."

တိုင်ကြားစာတစ်စောင်ကြောင့် လမ်းညွှန်ချက်နှင့် အညီ စီမံချက်ဆွဲပြီး ရှောင်တခင် စစ်ဆေးမည့်အဖွဲ့ဝင်များ အိမ်ကြီးပေါ်သို့ လျင်မြန်စွာ တက်သွားကြသည်။ ခဏအတွင်းမှာပင် အပေါ်ထပ်မှ အော်သံဟစ်သံ၊ ပြေးလွှားသံ၊ ရုန်းကန်သံ၊ ပြောဆိုကြိမ်းမောင်းသံများ ဆူညံသွားသည်။

သို့သော် သိပ်မကြာလိုက်ပါ။ အားလုံးကို စနစ်တကျ ဖမ်းဆီးရမိသည်။ အိမ်နောက်ဖက်မလွယ်ပေါက်မှ ထွက်ပြေးသူနှစ်ယောက်ကိုလည်း ဆရာသောင်းလွင်တို့အဖွဲ့က ဖမ်းဆီးပြီး အပေါ်ထပ်သို့ ပြန်ခေါ်လာသည်။ တစ်ယောက်မှာ အသားမဲမဲ ရွှေဆွဲကြိုး... ရွှေလက်ပတ်ကြိုးများနှင့် ခမ်းနားနေသည်။

"မင်းနာမည်ပြော..."

ရဲအရာရှိက မေးသည်။

"မင်းနာမည်မေးနေတာ... ပြောလေ... နာမည် အမှန်အတိုင်းပြော... မညာနဲ့... တို့အားလုံး သိပြီးသား..."

"ခင်မောင်တင့်ပါ..."

"သူ... ပိုင်ရှင်ပဲ... သူ့ကို လက်ထိပ်ခတ်လိုက်..."





ရဲသားတစ်ဦးက ခင်မောင်တင့်ကို လက်ထိပ်ခတ်လိုက်သည်။

"နောက်တစ်ယောက်နာမည်..."

"စိုးကြီးပါ..."

"သူလဲ အရေးကြီးတယ်... လက်ထိပ်ခတ်လိုက်..."

စိုးကြီးလက်ထိပ်ခတ်ခံရသည်။ ညှိခမ်း ကြမ်းပြင်ပေါ်တွင် မိန်းကလေးများ တန်းစီထိုင်နေကြသည်။ မီးရောင်အောက်ဖြစ်၍ ခေါင်းငုံ့မျက်နှာဝှက်ပြီး တချို့က ငိုရှိုက်နေသည်။ တချို့ကတော့ ငိုခြင်း၊ ရှိုက်ခြင်းမရှိ ခေါင်းကိုသာ ငုံ့ထားသည်။

"သူတို့ကို နာမည်စာရင်းယူပြီး လိုတာတွေ မေးလို့ရပြီ..."

ရဲအရာရှိက အရပ်ဝတ်နှင့်လူကိုပြောသည်။

"ကဲ... ဒီဘက်ထိပ်ကစမယ်... မင်းနာမည်ဘယ်သူလဲ..."

မိန်းကလေးထံမှ ဖြေသံထွက်မလာ။

"မေးနေတာဖြေပါ.. ဒီဘက်ထိပ်က မိန်းကလေး..."

မေးသူလေသံက မာသည်။

"ဟေ့... မင်းကိုမေးနေတာ... ခုမှ ခေါင်းငုံ့မနေနဲ့... မျက်နှာမော့ပြီး မင်းနာမည်ဖြေလိုက်..."

ရဲသားတစ်ဦးက ထိပ်အစွန်မှ မိန်းကလေး၏ ပခုံးကို

ပုတ်ပြီးပြောသည်။

"အေးဆုမွန်ပါ.."

မိန်းကလေးက ခေါင်းမော့ပြီးဖြေသည်။

"ဟာ... အေးမွန်..."

"ဟင်... ကိုထွေး..."

ရဲအရာရှိပြုံးသည်။

"ဦးထွေးမြင့်နဲ့ အသိလား.."

"သိပ်သိတာပေါ့ စခန်းမှူးကြီးရာ..."

ထွေးမြင့်အသံများ တုန်နေသည်။ ရင်ထဲမှာ နာကျင်စွာ ခံစားရလွန်းသည်။ အေးမွန် မျက်ရည်မဆည်နိုင်အောင် ဖြစ်နေသည်။ ထွေးမြင့်ဘာမျှ ဆက်မမေးချင်တော့ပါ။ သို့သော် တာဝန်အရ မေးစရာရှိသည်များကို ဆက်မေးရသည်။

ဖြေသံများနှင့်ရောထွေးပေါ်ထွက်လာသော အေးမွန်၏ ငိုသံ ရှိုက်သံများသည် ထွေးမြင့်၏ နှလုံးသားကို ပြင်းထန်စွာ ထိမှန်နေကြသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



## အခန်း (၉၆)

ည(၁)နာရီကျော်မှ ထွေးမြင့်အိမ်ပြန်ရောက်သည်။ တစ်အိမ်လုံးမှာတစ်ယောက်တည်း။ ခါတိုင်းလည်း ဤသို့နေခဲ့ခြင်းဖြစ်ပါ၏။ ယနေ့ကျမှ အထီးကျန်ဘဝကို ပို၍ခံစားနေရသည်။ ရေအေးအေးတစ်ခွက်ကို သောက်လိုက်သည်။ ရင်ထဲမှာ ပူလောင်နေသည်က လျော့ပါးသွားခြင်းမရှိ။ တစ်ကိုယ်လုံး ပင်ပမ်းနွမ်းနယ်နေသည်။ သို့သော် ကိုယ့်ဘာသာ သိသည်။ အိပ်၍ရမည်မဟုတ်။ အိပ်ချင်စိတ်လုံးဝမရှိ။ အိပ်ရာပေါ်မှာပင် လှဲချင်စိတ်မရှိ။ ရင်ထဲမှာနာနေသည်။

"ဖြစ်မှဖြစ်ရလေ... အေးမွန်ရယ်..."

ဝမ်းနည်းကြေကွဲစွာ နှမျောတသဖြစ်ရသည်။ မြင်ခဲ့

ရသည့်မြင်ကွင်းများက မျက်စိထဲမှမထွက် ကြားခဲ့ရသည်များက နားထဲမှမထွက်။

"ဆိုးလိုက်တာကွာ... မယုံနိုင်စရာ..."

ထွေးမြင့်မယုံချင်။

"အေးမွန်ရယ်..."

အေးမွန်ကို အပြစ်တင်ရမည်လား... သနားရမည်လား... ဘယ်လိုသဘောထားရမှန်းပင်မသိ။ ပက်လက်ကုလားထိုင်ကို လှမ်းကြည့်လိုက်သည်။ သက်သက်သာသာ ထိုင်ရမည်ကိုပင် မထိုင်ချင်။ လူက မသက်မသာ ခံစားနေရသည်။

အပြင်ဘက်ဝရံတာကို ထွက်လိုက်သည်။ သစ်ပင်များနှင့် အုပ်ဆိုင်းနေသော ခြံကြီးထဲမှာ အလင်းရောင်မရှိ။ ဝရံတာမှာရှိနေသည့် သစ်သားကုလားထိုင်မှာထိုင်၍ ရှေ့တူရူသို့ ကြည့်နေမိသည်။

မှောင်အတိ ဖုံးလွှမ်းခဲ့သော အေးမွန်နှင့် သူ၏ အချစ်ဘဝအတွက် နာကျင်စွာ ခံစားရသည်။ လူကူးမျဉ်းကြားမှ ဖြတ်ကူးလာသည့် အေးမွန်၏ တင့်တယ်သောအလှ။

"ဩော်... ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့ ဘဝ..."

ချစ်သူကို နေ့စဉ်စောင့်ခဲ့ရသော ခံစားမှု။ မြင်လိုက်





ရသည်နှင့် ဝမ်းသာရသော ကြည်နူးမှု၊ ဒေါ်လှုပိုဆိုင်မှာ ထမင်းစားရင်း သီးစုံချဉ်ရည်ဟင်းမှာ လက်ချင်းဆုံတိုင်း ပြုံးခဲ့ကြရသည်။

အချစ်၏နက်ရှိုင်းသော ခံစားမှုများနှင့် အကြည့်ချင်းဆုံခဲ့ရသည်။ သန့်ရှင်းစင်ကြယ်ခဲ့သော အချစ်လှလှလေးများ။

ကုန်လွန်ခဲ့သော အတိတ်ကို လွမ်းမိသည်။ အပြောင်းအလဲများနှင့်အညီ အမှီလိုက်ဖို့ ကြိုးစားရင်း ဖြတ်လမ်းနည်းနှင့် အမြန်ဆုံးတိုးတက်ချင်စိတ်တွေ ဖြစ်လိမ့်မည်။ ရွှေကော်ဇောမှာ ရောနှော၍ထိုင်ရင်း ပြန်ထချင်စိတ်မရှိဖြစ်ခဲ့လိမ့်မည်။

ခုတော့...

အမြင့်ကို လှမ်းတက်ရာမှာ လမ်းကြောင်းမမှန်၍ အနိမ့်ဆုံးသို့ ပြုတ်ကျခဲ့ရပြီ။ ငိုရှိုက်သံများကို နားထဲမှာ ကြားနေရသည်။ ရှက်ကြောက်စွာ ခေါင်းငုံ့နေသော အေးမွန်ကိုမြင်နေရသည်။ သို့သော် တကယ်မြင်ရသည်က ညအမှောင်။

"ရင်နာစရာကောင်းလိုက်တာ အေးမွန်ရာ..."

မကျေနပ်စိတ်များ ဖြစ်လာရသည်။

"သန့်စင်တဲ့မေတ္တာနဲ့ မြတ်မြတ်နိုးနိုး ချစ်ခဲ့သူကိုပစ်ခွာပြီး ကုမ္ပဏီပိုင်ရှင်ရဲ့ အငယ်အနှောင်းဘဝကို ခံယူခဲ့တယ်... ကုမ္ပဏီပိုင်ရှင်ရဲ့ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ သူရဲ့ရုပ်ခန္ဓာကို လဲ

ခဲ့တယ်... အခုတော့ အဲဒီလူက ဘယ်မှာလဲ... စွန့်ပစ်သွားပြီလား... ကုမ္ပဏီပိုင်ရှင်နှင့် ဇာတ်လမ်းမည်သို့ စခန်းသိမ်းခဲ့သည်မသိ။ ပြန်တွေ့ရသည်က..."

"ဩော်... တိုက်တိုက်ဆိုင်ဆိုင် ငါကိုယ်တိုင်ပါတဲ့ ဖမ်းဆီးရေးအဖွဲ့နဲ့မှ ဆုံကြရတယ်..."

ဤမျှအခြေအနေဆိုးအောင် ပြောင်းလဲလာခဲ့ရမည့် ဖြစ်စဉ်များကို စဉ်းစားကြည့်တော့ အေးမွန်မည်မျှ ခံစားခဲ့ရမည်ကို တွေးမိလာသည်။

"ခုထက်ပိုပြီးဆိုတဲ့ဘဝတွေအထိ ဆက်ပြီးကျဆင်းနေဦးမယ်ဆိုရင်..."

အလွန်ချစ်ခဲ့သောချစ်သူမို့ မတွေးရက်။ တွေးမြင့်သက်ပြင်းချရသည်။

"ငါဘယ်လိုလုပ်သင့်သလဲ..."

သနားသည်မှအပ တိကျသောအဖြေမပေးနိုင်။ ရှေ့တစ်ဆင့်တက်ပြီး စဉ်းစားကြည့်သည်။

"ငါသူ့ကို ကယ်တင်နိုင်မလား..."

ကိုယ်ကသိပ်ချစ်ခဲ့ပါလျက် ကိုယ့်ကိုစွန့်ခွာရက်ခဲ့သည်။ မျှော်လင့်ချက်ကြီးစွာနှင့် တောင်ကြီးကိုလိုက်သွားစဉ်က တင်း





တင်းမာမာ ဆက်ဆံခဲ့သည်။ ခံစားရသည့်ဝေဒနာများက သက်သာရာပင်မရသေး။

"ပြောရက်လိုက်တာ... အေးမွန်ရာ..."

သူ့အလှည့်မှာတုန်းက စာနာမှုကင်းခဲ့သည်။ ကိုယ့်အလှည့်ကျတော့ ဥပေက္ခာအပြုရခက်နေသည်။ ဖမ်းထားမည့်သူမရှိလျှင် အောက်ကိုကျတဲ့ခဲတစ်လုံးနှယ် အဆီးအတားမရှိ ဆင်းသွားရတော့မည်။ တွေးမြင့် မတွေးနိုင်မမျိုနိုင် ခံစားနေရသည်။ ညအမှောင်ကိုကြည့်ရင်း သက်ပြင်းတွေ အခါခါချနေရသည်။ အဆိုးဆုံးအခြေအနေကို ရောက်နေသော ချစ်သူ၏ဘဝ။ ဘယ်သူမပြု သူ့ဘာသာပြုသောသူ့အမှု။

သို့သော် ကိုယ်ကကယ်မည်ဆိုလျှင် ကယ်နိုင်သည်။ ပြဿနာက ကိုယ့်ရှေ့မှာ လာရောက်နေပြီ။

"ကယ်မည်လား... ဥပေက္ခာပြုမည်လား..."

အမှောင်ထုအတွင်းမှာ အေးမွန်မျက်နှာလေးကို မြင်ယောင်လာရသည်။

ဆံပင်ရှည်နှင့်အေးမွန်...

ဆံပင်တိုနှင့်အေးမွန်...

မြင်းကျားမှာဖြတ်ကူးလာသောအေးမွန်...

တောင်ကြီးမှာ တင်းတင်းမာမာ ဆက်ဆံခဲ့သော အေးမွှန်…

ရင်ထဲမှာ ပူလောင်လာသည်။ ချစ်သောစိတ်နှင့် မုန်းချင်သောစိတ်၊ သနားသောစိတ်နှင့် နာသောစိတ်၊ အမြင့်မှကျလာသူကို ကြင်နာစွာ ထွေးပွေ့လိုစိတ်နှင့် နာကျင်စွာ ဥပေက္ခာပြုလိုစိတ်… ခေါင်းထဲမှာ ရှုပ်ထွေးနေသည်။ ရင်ထဲမှာ တင်းကျပ်နေသည်။ ဘာလုပ်ရမည်ကို မဆုံးဖြတ်နိုင်သည်က ပို၍ဆိုးသော ဝေဒနာဖြစ်လာသည်။ အမှောင်ထုအတွင်းမှာ အလင်းရောင်မတွေ့သေး။ အချိန်တွေကုန်၍ကုန်မှန်းမသိ။ ပင်ပမ်းဆင်းရဲစွာ ခံစားရသောည ဖြစ်သည်။ အိပ်ချင်စိတ်လည်းမရှိသေး။ အိပ်၍ရမည်လည်း မဟုတ်။ မြင်ခဲ့ရသော အေးမွှန်ပုံက မျက်စိထဲမှ ဖျောက်၍မပျောက်။ ကြားခဲ့ရသော ငိုရှိုက်သံများကလည်း နားထဲမှာရှိနေဆဲ…

“ငါ… ဘာဖြစ်လို့ ဒါတွေကိုမေ့လို့မရတာလဲ… ဒီလောက်တောင်ခံစားနေရတာလဲ…”

ကိုယ့်ဘာသာ ပြန်မေးမိသည်။

“ငါသူ့ကို သိပ်ချစ်ခဲ့လို့လား…”

မှန်သည် သိပ်ချစ်ခဲ့မိသည်။ လွယ်လွယ်ဖြေ၍ရသည်။





“ခုရော ချစ်နေသေးလား…”

ချစ်လည်းချစ်သည်။ နာလည်းနာသည်။ အဖြေက နှစ်ခုထွက်လာ၏။

“ဒါဖြင့် သူဒုက္ခရောက်နေတာကို သနားသလား…”

“သနားတယ်…”

လွယ်လွယ်ဖြေ၍ရသည်။

“သနားရင် သူ့ဘဝကို ကယ်တင်နိုင်မလား…”

သက်ပြင်းတစ်ချက် ထွက်ပေါ်လာသည်။

“ငါ့ကိုပစ်ခွာခဲ့တဲ့ စိမ်းကားမှုတွေကို ငါတကယ် ခွင့်လွှတ်နိုင်ပါ့မလား… အရင်ကလို ဖြူစင်သန့်ရှင်းမှု ရှိမနေတော့တာကိုသိတဲ့စိတ်က မနာမကျင် ပျော်ရွှင်နိုင်ပါ့မလား… ပတ်ဝန်းကျင်သိတဲ့လူတွေက ပြောတာဆိုတာတွေရော ခံနိုင်ပါ့မလား…”

တစ်ခုမှ လွယ်လွယ်ကူကူ မဖြေနိုင်ပါ။ သို့သော် သူ့ကိုလွမ်းနေသည်။ တမ်းတနေသည်။ သနားနေသည်။ သူ့အတွက် မအိပ်နိုင်အောင် ခံစားနေရသည်။ ထွေးမြင့်သက်ပြင်းတစ်ချက်ကို လေးလံစွာ ချလိုက်ရပြန်သည်။ ရင်ထဲမှာ တင်းကျပ်နေဆဲ ခေါင်းထဲမှာ ရှုပ်ထွေးနေဆဲ။ ခံစားရသော ဝေဒနာများက သက်

သာရာမရ။

"ကဲ... ဒါဖြင့်ရင်..."

ထွေးမြင့် နောက်တစ်မျိုး စဉ်းစားကြည့်ရပြန်သည်။ ဘယ်သူက ဘာပြောပြော... သူဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့... ငါသူ့ကို ဆက်ချစ်မယ်... အမှားတွေကို နားလည်ပြီး ငါ့ကိုအလေးအနက် ပြန်ချစ်မယ်... ငါတို့နှစ်ယောက် ဒီအိမ်လေးထဲမှာ အချစ်ဘဝ လေးကို လှလှပပ တည်ဆောက်ကြမယ်။ အရှုပ်ဆိုးခဲ့တာတွေ အကျည်းတန်ခဲ့တာတွေအားလုံးကိုမေ့ပြီး မေတ္တာအလှနဲ့ ဖုံးလွှမ်း ပစ်မယ်ဆိုရင်ရော..."

ရင်ထဲမှာမျှော်လင့်စိတ်နှင့် အားတက်မိသည်။

"အရှုပ်ဆိုးခဲ့တာတွေ... အကျည်းတန်ခဲ့တာတွေကို တ ကယ်မေ့နိုင်ပါ့မလား..."

သံသယအတွေးက ဝင်လာရပြန်သည်။

"အိမ်ထောင်ဘဝကျမှ တကယ်မမေ့နိုင်လို့ ခံစားချက်တွေ ဖြစ်လာရင်..."

ပင့်ကူအိမ်များ ရှုပ်ထွေးလာကြပြန်သည်။ ခေါင်းလေး ငုံ့၍ ငိုရှိုက်နေသော အေးမွန်ကိုမြင်လာသည်။

"အို... ငါတကယ်ချစ်ရင် တကယ်အနစ်နာခံသင့်တယ်...





သူဆက်ပြီး နစ်သည်ထက်နစ်မှာကို ကြည့်မနေသင့်ဘူး..."

စိတ်သဘောထားကြီးမားတဲ့ ယောက်ျားတစ်ယောက် အနေနဲ့မဟုတ်ရင်တောင် လူသားအချင်းချင်းဆိုတဲ့စိတ်နဲ့ စာ နာသင့်တယ်... စိတ်ထဲမှာ အေးချမ်းမှုလေးကိုခံစားလိုက်ရသည်။ ပြီးတော့သူဟာ တခြားလူမဟုတ်ဘူး... ငါသိပ်ချစ်ခဲ့တဲ့ ချစ်သူ... လင်းလက်သွားသော အရောင်လေးကို မြင်လိုက်ရသည်ဟု ထွေးမြင့်ခံစားရသည်။

"ဟုတ်တယ်... ငါသူ့ကို သိပ်ချစ်ခဲ့တယ်... ခုထိလဲ ချစ်နေ တယ်... ချစ်နေလို့သာ ဒီလောက်ခံစားနေရတာ..."

ထွေးမြင့်ကိုယ့်ဘာသာ နားလည်လာသည်နှင့် ဆုံး ဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချလိုက်နိုင်သည်။

"ငါ သူ့ကိုလက်ထပ်မယ်..."

ဒီအိမ်လေးမှာ သူနဲ့ငါ အတူနေကြမယ်။ ညှိုးနွမ်းနေ တဲ့သူ့ဘဝလေးကို ငါ့မေတ္တာနဲ့ အေးချမ်းအောင်လုပ်ပေးမယ်။ ပြန် လည်လန်းဆန်းလာမည့် အေးမွန်၏ ချစ်စဖွယ်မျက်နှာလေးကို မြင်ယောင်လာသည်။ ခေါင်းထဲမှာ ရှုပ်ထွေးနေသည်များရှင်းသွား သည်။ ပူလောင်ခြင်းများ ပျောက်သွားသည်။ ရင်ထဲမှာ အေးမြ သော ချမ်းမြေ့မှုကို ခံစားရသည်။ ရှေ့ဘက်တူရှုကို ကြည်လင် စိတ်နှင့် ကြည့်လိုက်သည်။

"ဩော်... အရှေ့ဘက်ကောင်းကင်မှာ အာရုဏ်ဦးရဲ့ ရောင်ခြည်တွေလာနေပြီကိုး..."

"စစ်ဆေးချက်ထဲမှာ သူ့အိမ်လိပ်စာရှိတယ်... ငါသူ့အိမ်ကို သွားတွေ့မယ်... သူ့ကိုလက်ထပ်ခွင့်တောင်းမယ်..."

ပျောက်ကွယ်ခဲ့သည်မှာ ကြာပြီဖြစ်သော အပျော်စိတ်ကို ခံစားရသည်။ ကြည်နူးမှုလေးပင် ကပ်ပါလာသေးသည်။ ခုမှ အိပ်ပျော်ချင်စိတ် ဖြစ်လာသည်။ အိပ်ရာဆီသို့သွား၍ အိပ်ရာပေါ်မှာ လှဲချလိုက်သည်။ သက်သက်သာသာ ရှိသည်။ လေးလံလာသော မျက်ခွံများက သူ့အလိုလိုပိတ်သွားကြပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



# အခန်း (၉၇)

မြောက်ဥက္ကလာပဝေဘာဂီရပ်ကွက်မှ အေးမွန်နေသော အိမ်ကလေးသို့ တွေးမြင့်ရောက်လာသည်။ အောက်ထပ်မှာ အေးမွန်တို့ငှားနေကြောင်း တွေးမြင့်သိထားသည်။

အေးမွန်ကို လက်ထပ်ခွင့်တောင်းရန် အခိုင်အမာဆုံးဖြတ်ထားသော်လည်း အမှုစစ်ဆေးနေဆဲဖြစ်၍ ငါးရက်ကြာသည်အထိ အေးမွန်ထံသို့မသွားနိုင်။ သွားရန်လည်းမသင့်။

ယခုမှသင့်သည့်အနေအထားသို့ ရောက်ရှိသည်မို့ လာခဲ့နိုင်ခြင်းဖြစ်သည်။ မိန်းကလေးများကို နိုင်ငံခြားပို့ပေးမည်ဟု လိမ်ညာလှည့်ဖျားပြီး အိမ်ကြီးတစ်အိမ်မှာထား၍ ဧည့်ကြို ဧည့်ပြုစုနည်း၊ စားပွဲထိုးနည်း လေ့ကျင့်သင်ကြားပေးသည်ဆိုကာ လာသောယောကျ်ားများနှင့် ပေါင်းသင်းဆက်ဆံနိုင်းသောကြောင့်

ခင်မောင်တင့်၊ မင်းစိန်နှင့် အပေါင်းပါငါးဦးတို့ကို ထိရောက်စွာ အပြစ်ပေးနိုင်ရန် တရားစွဲဆိုလိုက်ပြီ ဖြစ်သည်။

အိမ်ရှေ့သို့ရောက်သည်အထိ အေးမွန်ကို မတွေ့ရသေး။ အေးမွန်မျက်နှာလေးကို မြင်ချင်လှပြီ။ အိမ်ရှေ့မှာ မိန်းကလေးတစ်ယောက် အဝတ်လျှော်နေသည်။

"အေးမွန်ရှိလား..."

အဝတ်လျှော်နေသော ခင်မာက ထွေးမြင့်ကို မော့ကြည့်လိုက်သည်။

"ဟုတ်ကဲ့... အိမ်ထဲမှာရှိပါတယ်... ကျွန်မ..."

"ဩော်... နေပါ... လုပ်ပါ... ကျွန်တော်သွားလိုက်ပါ့မယ်"

ခင်မာက အဝတ်လျှော်ရာမှထမည်ပြု၍ ထွေးမြင့်တားလိုက်သည်။

"ဟုတ်ကဲ့... သွားလိုက်ပါ..."

ထွေးမြင့်အိမ်ထဲသို့ ဝင်လိုက်သည်။ အေးမွန်ကို မတွေ့ရ။ အိမ်ထဲမှာ အခန်းနှစ်ခုရှိသည်။ အခန်းထဲမှာရှိမည် ထင်သည်။

"အေးမွန်..."

ထွေးမြင့်ခေါ်ကြည့်သည်။ ထူးသံမကြားရ။

"အေးမွန်..."





အသံကိုပိုမြှင့်ခေါ်သည်။ ပြန်မထူး။

"အေးမွန်... ကိုထွေးပါ... ထွက်တွေ့ပါဦး... အေးမွန်ကို တွေ့ချင်လွန်းလို့ လာတာပါ..."

ဘာသံမျှမကြားရ။

"အေးမွန်အခန်းထဲမှာ ရှိတယ်ဆိုတာ သိထားပါတယ်... အေးမွန်ထွက်မလာရင် ကိုထွေးအခန်းထဲကို ဝင်လာရလိမ့်မယ်... အေးမွန်ကို တွေ့ချင်လွန်းလို့ပါ..."

"မတွေ့ချင်ဘူး... မတွေ့ချင်ဘူး... ပြန်သွားပါ..."

အခန်းထဲမှ အေးမွန်အသံ ထွက်လာသည်။ ငိုသံပါနေသည်။ နောက်ဆက်တွဲအဖြစ် ရှိုက်သံကိုပါ ထွေးမြင့် ကြားလိုက်ရသည်။

"အေးမွန် မုန်းအောင်ကိုထွေးဘာမှမလုပ်ခဲ့ပါဘူး... အေးမွန် မတွေ့ချင်လောက်အောင် ကိုထွေးမှာ ဘာအပြစ်တွေ ရှိလို့လဲ..."

"ဟုတ်တယ်... ကိုထွေးမှာ ဘာအပြစ်မှ မရှိဘူး... ဒါပေမဲ့ အေးမွန်မှာ အပြစ်တွေအများကြီးရှိတယ်... မတွေ့ချင်ဘူး"

"မဟုတ်ပါဘူး... အေးမွန်မှာလဲ ဘာအပြစ်မှမရှိပါဘူး... လူတွေဟာ မှန်တယ်ထင်လို့လုပ်ကြတာတွေမှာ... မှားတာတွေလဲရှိနိုင်တာပေါ့... မှားမှန်းသိရင် အမှန်ပြင်လို့ရပါတယ်..."

"အေးမွန် မှားတာတွေက အမှန်ပြင်လို့ မရတော့ဘူး... ကိုထွေးပြန်ပါ... ကိုထွေးကို အေးမွန်မတွေ့ချင်ဘူး..."

ငိုရှိုက်သံတွေက ပို၍အသံကျယ်လာသည်။ ထွေးမြင့် စိတ်မကောင်းဖြစ်ရသည်။ ကိုယ့်ဘာသာ ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့စဉ်က အေးမွန်ဘက်မှ ခက်ခဲမည်မထင်ခဲ့။ ခုတော့ တွေ့ခွင့် မြင်ခွင့်ရရန်အတွက်ပင် အခက်ကြုံနေရသည်။

"ကိုထွေးကို ခဏဖြစ်ဖြစ်တော့ တွေ့ခွင့်မြင်ခွင့်ပြုပါ အေးမွန်ရယ်... ကိုထွေးတွေ့ချင်လို့ပါ ဖြစ်ခဲ့တာတွေဟာ... အေးမွန်မှာ ဘာအပြစ်မှမရှိပါဘူး... အလိမ်အညာခံရတာတွေကြောင့် အေးမွန်မှားခဲ့ရတာတွေပါ... အဲဒါတွေအားလုံး ကိုထွေးနားလည်ပါတယ်..."

ထွေးမြင့်စကားကို သတိထားပြောရသည်။

"အလိမ် အညာခံရတာကိုက အေးမွန်အသုံးမကျလို့... အဲဒါတွေအားလုံး အေးမွန်မှာ အပြစ်ရှိတယ်... ကိုယ့်အပြစ်ကို အေးမွန်ပိုသိပါတယ်... ပြန်ပါကိုထွေးရယ်... အေးမွန်တောင်းပန်ပါတယ်..."

"မပြန်ပါရစေနဲ့ အေးမွန်ရယ်... ကိုထွေးနဲ့ အေးမွန်ဟာ သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါ... ခုချိန်ထိလဲ... ကိုထွေး အေးမွန်ကို သိပ်ချစ်ပါတယ်... ခဏလေးဖြစ်ဖြစ် တွေ့ခွင့်ပေးပါ အေးမွန်ရယ်..."





အေးမွန် ဘာမျှပြန်မပြောတော့ပါ... ငိုရှိုက်သံများသာ ကြားနေရသည်။

"အရေးကြီးတဲ့စကားတွေ ပြောစရာရှိလို့ပါ အေးမွန်ရယ်... နှစ်ယောက်စလုံးအတွက် အတူတိုင်ပင်ရမှာတွေမို့ပါ... ဒီတစ်ခါတွေ့ပြီးလို့ မတွေ့ချင်တော့ဘူးဆိုရင် ကိုထွေးနောက်ထပ်ဘယ်တော့မှ မလာတော့ပါဘူး..."

"အေးမွန် ကိုထွေးကိုမတွေ့ချင်တာ မဟုတ်ပါဘူး... မတွေ့ရဲတာပါ..."

ကြားနေရသည့် ငိုရှိုက်သံများအတွက် ထွေးမြင့် သနားမိသည်။

"မတွေ့ရဲစရာမရှိပါဘူး အေးမွန်ရယ်... တကယ်တမ်းကျတော့ ကိုထွေးနဲ့အေးမွန်ဟာ အရင်းနှီးဆုံးတွေပါ... ဒီလိုအချိန်မျိုးမှာ ကိုထွေးနဲ့မတိုင်ပင်ရင် ဘယ်သူနဲ့တိုင်ပင်မလဲ"

"အဲဒီလောက် ရင်းနှီးတဲ့လူအပေါ်မှာ အေးမွန်က မကောင်းခဲ့လို့ပါ..."

"ဟာ... အဲဒီလို မစဉ်းစားပါနဲ့ အေးမွန်ရယ်... ဒါတွေက ပြီးခဲ့ပါပြီ... လွန်ခဲ့တာတွေ ပြန်စဉ်းစားမနေပါနဲ့ အခုအချိန်မှာ ဘာလုပ်ရင်အကောင်းဆုံးဖြစ်မယ်ဆိုတာပဲ စဉ်းစားရမှာပါ... အဲဒါတွေပြောချင်လို့ပါ... ကိုထွေးအေးမွန်ဆီ လာခဲ့လိုက်မယ်..."

ထွေးမြင့်ထိုင်နေရာမှ ထလိုက်သည်။

"ဟင့်အင်း... မလာပါနဲ့... အေးမွန်လာပါ့မယ်..."

ငိုရှိုက်သံများနှင့်အတူ အေးမွန်အခန်းထဲမှ ထွက်လာသည်။ ယခင်ကထက် အေးမွန်အများကြီး ပိန်သွားသည်။

"သူ့ခမျာ ဘယ်လောက်ကြာအောင်များ မတရားအနိုင်းခံထားရလဲ မသိဘူး..."

အေးမွန်ကိုကြည့်ပြီး ထွေးမြင့်စိတ်မကောင်းဖြစ်ရသည်။ ညှိုးနွမ်းနေလျက်ပင် မျက်နှာလေးက အလှမပျက်သေး။ အေးမွန်က ဆက်တီခုံမှာ ထိုင်လိုက်သည်။ မျက်လွှာချလျက်၊ ခေါင်းငုံ့လျက်။ မျက်ရည်များက အဆက်မပြတ်ကျနေဆဲ။ တစ်ချက်တစ်ချက်မှာ ကိုယ်လေးသိမ့်သိမ့်ခါအောင် ရှိုက်သွားသည်။

မျက်ရည်သုပ်နေရသည်က လက်ကိုင်ပုဝါနှင့်မဟုတ်။ မျက်နှာသုပ်တဘက်ကြီးနှင့် ဖြစ်သည်။ အေးမွန်ကိုကြည့်၍ ထွေးမြင့် ရင်မှာ သနားကြင်နာစိတ်များစွာ ဖြစ်ရသည်။ အပြစ်တင်လိုစိတ်လည်းမရှိ။ အပြစ်မြင်စိတ်လည်းမရှိပါ။ ဤမိန်းကလေး၏ ဘဝကိုလှပစေရင်း နှစ်ဦးလုံး ဘဝလှပလိုစိတ်ဖြစ်လာရသည်။ ယခင်ကလိုပင် ချစ်မြတ်နိုးစိတ်အပြည့်ဖြစ်နေသည်ကိုလည်း ကိုယ့်ဘာသာ ကျေနပ်မိသည်။ အေးမွန်ကိုတွေ့မြင်ရပြီးမှ ဆုံးဖြတ်ချက်မှာ ပိုမိုပြတ်သားသွားသည်။

"ကိုထွေး... အေးမွန်ကို လက်ထပ်ချင်တယ်..."





ထွေးမြင့်က သွယ်ဝိုက်မနေတော့ပဲ လိုရင်းကို တိုက်ရိုက်ပြောလိုက်သည်။

"ရှင်..."

အေးမွန်ခေါင်းငုံ့၍ ရှိုက်နေရာမှ ထွေးမြင့်ကို အံ့အားသင့်စွာ ကြည့်လိုက်သည်။

"ကိုထွေးကိုလက်ထပ်ခွင့်ပြုပါလို့.. ခွင့်တောင်းတာပါ.."

အေးမွန်၏ နှုတ်ခမ်းလေးများ ဆတ်ဆတ်တုန်လာသည်။ မျက်ရည်များက အဆက်မပြတ်စီးကျနေကြသည်။

"အခုဆိုရင်... ကိုထွေးလဲ.. စီမံတစ်ဖြစ်ပြီဆိုတော့.. အင်းစိန်မှာ အိမ်လေးလဲတစ်လုံးရထားပါတယ်... လက်ထပ်ပြီးအဲဒီအိမ်လေးမှာ အတူနေကြမယ်နော်.."

ရင်ထဲမှာ အပျော်စိတ်ကြောင့် ထွေးမြင့်မျက်နှာ ကြည်လင်လန်းဆန်းနေသည်။ မျှော်လင့်ခြင်းအပြည့်နှင့် အေးမွန်ကို လှမ်းကြည့်နေသည်။ အေးမွန်ကတော့ ဝမ်းပမ်းတနည်းငိုရှိုက်နေရ၍ ဘာမျှပြန်မပြောနိုင်သေး။

"မငိုပါနဲ့တော့ အေးမွန်ရယ်... လက်ထပ်ပြီးရင် ကိုထွေးတို့နှစ်ယောက် မျှော်မှန်းခဲ့တဲ့အတိုင်း အချစ်အိမ်လေး တည်ဆောက်လို့ရပါပြီ..."

အေးမွန်ငိုရှိုက်ရင်းမှာပင် မျက်ရည်များကို တဘက်

နှင့်သုပ်၍ ထွေးမြင့်ကို လှမ်းကြည့်လိုက်သည်။

"အေးမွန်… ကိုထွေးကို လက်မထပ်နိုင်ဘူး…"

ပြောပြီးသည်နှင့် မျက်ရည်ကိုတဘက်နှင့်အုပ်ပြီး အသံထွက်အောင် ငိုကြွေးပါသည်။

"ဘာဖြစ်လို့လဲ… အေးမွန်ရယ်… ကိုထွေးကိုဘာများ မကျေနပ်တာရှိလို့လဲ…"

ထွေးမြင့်စိတ်မကောင်းဖြစ်ရသည်။

"လက်မထပ်နိုင်ဘူး… လက်မထပ်နိုင်ဘူး… ကိုထွေးကို အေးမွန် ဘယ်လိုမှ လက်မထပ်နိုင်ဘူး…"

အေးမွန် တူးတူးခါးခါးငြင်းသည်။

"မဟုတ်သေးပါဘူး… အေးမွန်ရယ်… အသေအချာပြန်စဉ်းစားပါဦး… နှစ်ယောက်စလုံးအတွက် အကောင်းဆုံးဖြစ်အောင်… စဉ်းစားပေးပါ…"

"မကောင်းဘူး… မကောင်းဘူး… လက်မထပ်နိုင်ဘူး…"

အေးမွန်အသံက ပိုကျယ်လာသည်နှင့်အမျှ ငြင်းသည်ကလည်းပို၍ပြတ်သားလာသည်။ ထွေးမြင့် စိတအားပျက်စွာနှင့် ပင့်သက်တစ်ချက်ရှူလိုက်ရသည်။

"လက်မထပ်နိုင်တဲ့အကြောင်းကိုလဲ ပြောပါဦး အေးမွန်ရယ်…"





အေးမွန်က ဘာမျှမပြော။ ငိုရှိုက်၍သာနေသည်။

"အဲဒါလောက်တော့ ကိုထွေးသိပါရစေ အေးမွန်ရယ်… ဘာလို့လက်ထပ်နိုင်တာကိုတော့ ပြောပါဦး…"

"လက်ထပ်ရင်… အေးမွန်ဘယ်တရားမလဲ… မလုပ်ဖူး… မလုပ်ဖူး… မတရားတာမလုပ်ဖူး…"

အေးမွန်ကို ထွေးမြင့်သနားကြင်နာစွာ ကြည့်နေမိသည်။

"အချစ်မှာ မတရားတာမရှိပါဘူး… အေးမွန်ရယ်… ကိုထွေး အေးမွန်ကို အရင်ကချစ်ခဲ့တဲ့အတိုင်း ခုလည်းချစ်နေတာပါပဲဘာမျှ လျော့မသွားပါဘူး… အရင်ကိုထွေး အခြေအနေက လက်မထပ်နိုင်သေးဘူး။ အခုလက်ထပ်နိုင်ပြီ။ ကိုထွေးကို လက်ထပ်ခွင့်ပြုပါ အေးမွန်ရယ် နော်… ကိုထွေးတောင်းပန်နေတာပါ…"

"ဖြစ်ပါဘူး… ကိုထွေးရယ်… ဘယ်လိုမှမဖြစ်ပါဘူး… အေးမွန် ခွင့်မပြုနိုင်ဘူး…"

အေးမွန်က အခိုင်အမာ ငြင်းသည်။

"အေးမွန် ကိုထွေးကိုမုန်းသွားလို့လား…"

"မမုန်းဘူး… မမုန်းဘူး… ကိုထွေးမှာ ဘာအပြစ်ရှိလို့ မုန်းရမှာလဲ… အေးမွန်ကသာ အပြစ်ရှိတာ…"

"ကိုထွေးကို အေးမွန်မချစ်နိုင်တော့လို့လား..."

အေးမွန် ထွေးမြင့်ကို လှမ်းကြည့်သည်။ မျက်ရည် များနှင့်ပြည့်လျှံနေသည့် မျက်လုံးများမှာ အချစ်၏လင်းလက်သော အရောင်များကို ထွေးမြင့်မြင်နေရသည်။ မျက်ရည်များကလည်း စီးကျနေသည်။ သို့သော် ထွေးမြင့်ကို အေးမွန်ကြည့်နေသည်။

"ပြောပါဦး... အေးမွန်ရယ်... ကိုထွေးကို မချစ်နိုင်တော့လို့လား..."

ထွေးမြင့်က ထပ်မေးသည်။ အေးမွန်၏ နှုတ်ခမ်းလေးများ တုန်နေသည်။

"ချစ်တယ်... ချစ်တယ်... အရင်ကထက် အဆများစွာ ပိုချစ်တယ်... ဒါပေမဲ့ လက်မထပ်နိုင်ဘူး..."

အေးမွန် ရှိုက်ကြီးတငင်ငိုရပြန်ပါသည်။

"အရင်ကထက် အဆများစွာပိုချစ်ရင် နှစ်ယောက်လုံးကို နှိပ်စက်သလိုဖြစ်အောင် မလုပ်ပါနဲ့ အေးမွန်ရယ်... ပြီးခဲ့တာတွေအားလုံးကို မေ့ပစ်လိုက်စမ်းပါ..."

"မမေ့နိုင်ဘူး... အေးမွန်မေ့ပစ်လို့မရဘူး..."

"မဟုတ်တာပဲ... အေးမွန်ရယ်... အဲဒါတွေမမေ့လို့ ဘာကောင်းကျိုးရမှာလဲ..."

အေးမွန်ဘေးမှခုံသို့ ထွေးမြင့်ပြောင်းရွှေ့ထိုင်လိုက်





သည်။

"အခုလို လက်ထပ်ခွင့်တောင်းတာလဲ ကိုထွေး လွယ်လွယ်စဉ်းစားပြီး လွယ်လွယ်တောင်းတာ မဟုတ်ပါဘူး... အချိန်အများကြီးယူရပါတယ်... အလေးအနက် စဉ်းစားပြီးမှ နှစ်ယောက်စလုံးအတွက် အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်တာပါ..."

"မကောင်းဘူး... အေးမွန်မကောင်းဘူး... အပြစ်ရှိတဲ့မိန်းမကိုယ့်ဘာသာ ထိုက်တန်အောင် ဒဏ်ခတ်ရမယ်..."

"ဒါဖြင့်ကိုထွေးက ဘာအပြစ်ရှိလို့ ဒဏ်အခတ်ခံရမှာလဲ..."

"ကိုထွေးဘာလို့ ခံရမှာလဲ..."

အေးမွန် နားမလည်။

"ခံရတာပေါ့... အေးမွန်ကို... ကိုထွေးသိပ်ချစ်တယ်... ဒါပေမဲ့ လက်မထပ်ရင် ကိုထွေးမှာ အပြစ်မရှိဘဲနဲ့ ဒဏ်ခတ်ခံရတာပေါ့... ကိုယ့်ချစ်သူကိုမရလို့ စိတ်ဆင်းရဲရတဲ့ဒဏ်ကို ကိုထွေးတစ်သက်လုံး ခံရမှာပေါ့..."

"မခံပါနဲ့ ကိုထွေးမခံရဘူး... အေးမွန်ထက်လှပြီး အေးမွန်ထက်သာတဲ့မိန်းမတွေ ကိုထွေးကြိုက်ရာရွေးယူပါ။ မသန့်ရှင်းတော့တဲ့ အေးမွန်ကို... ကိုထွေးမယူပါနဲ့..."

"တခြားမိန်းမတွေကိုမှ ကိုထွေးမချစ်ဘဲနဲ့... ကိုထွေး...

ချစ်တာက... အေးမွှန်ပဲ... ခုထိ အေးမွှန်တစ်ယောက်တည်းကိုပဲ..."

အေးမွှန်၏လက်ကလေးကို ထွေးမြင့်ဆုပ်ကိုင်ထားလိုက်သည်။ အေးမွှန်ငြင်းမည်ပြုပြီးမှ ရုန်းဖယ်နိုင်စွမ်းမရှိ။

"ကိုထွေးကို မနှိပ်စက်ပါနဲ့တော့ အေးမွှန်ရယ်... ဒီတစ်ခါတော့ ကိုထွေး... ဆန္ဒကို လိုက်လျောပါ... ကိုထွေးကို လက်ထပ်ခွင့်ပြုပါ..."

"ကိုထွေးရယ်... တော်ပါတော့... အေးမွှန်ရင်ကွဲပြီး သေရပါတော့မယ်..."

ထွေးမြင့်၏ရင်မှာ မျက်နှာအပ်၍ အေးမွှန် သိမ့်သိမ့်ရှိုက်ခါ ငိုချလိုက်ရပြန်ပါသည်။

"တိတ်ပါ... အေးမွှန်ရယ်... တိတ်ပါ..."

အေးမွှန်၏ကိုယ်လေးကို ထွေးမြင့်ထွေးပွေ့၍ ကျောပြင်လေးကို လက်ဖြင့်အသာအယာ ကြင်နာစွာ ပွတ်ပေးနေမိပါသည်။

❧ ✣ ❧ ✣ ❧ ✣ ❧



# အခန်း (၃၈)

အမျှော်ကြီးမျှော်ခဲ့သောနေ့သို့ ရောက်လာပြီမို့ ယနေ့ ထွေးမြင့် အပျော်ကြီးပျော်နေ၏။ နံနက်ခင်း၏ နေခြည်က ခါးတိုင်းထက် ပိုနွေးနေသည်။ နံနက်ခင်း၏ လေနုလေးကလည်း ခါတိုင်းထက်ပို၍ အေးမြလတ်ဆတ်နေသည်။ အိမ်ခေါင်းရင်း ပိတောက်ပင်ပေါ်မှ ပန်းရည်စုတ်ငှက်ကလေး၏ တေးဆိုသံပင် ခါတိုင်းထက်ပို၍ သာယာနေသည်။ တလောကလုံးသာယာပြီး မြင်မြင်သမျှ အကုန်လှသောနေ့ ဖြစ်သည်။ ယနေ့ အေးမွှန်နှင့် လက်ထပ်ရမည်။

ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မဟုတ်ပါ။ ဆယ်နာရီထိုးလျှင် မြောက်ဥက္ကလာပသို့သွား၍ အေးမွှန်ကို ခေါ်မည်။ မြောက်ဥက္ကလာတရားရုံးမှာပင် လက်ထပ်ကြမည်။ ပြီးလျှင်

အေးမွန်ကို ဤအိမ်ကလေးသို့ ခေါ်လာမည်။ သူ့ပစ္စည်းများကို ပါ ကားတစ်စီးငှား၍ အပြီးပြောင်းလာမည်။ ခင်မာက သူ့အမေ ရှိရာ မအူပင်မှ ခုနှစ်အိမ်တန်းရွာသို့ ပြန်မည်။ ဤအိမ်ကလေးကို ပင် အေးမွန်နှင့်ခင်မာတို့ လာကြည့်ပြီးကြပြီ။ အိမ်ကလေးကို ထွေးမြင့် မနေ့က ရှင်းလင်းထားသည်။ အိမ်ရှေ့မှ မြက်ပင် ခြုံ ပင်များပါ ခုတ်ထားပြီးဖြစ်၍ အိမ်ကလေးမှာ သပ်ယပ်သန့်ရှင်း စွာ နေချင်စရာဖြစ်နေသည်။

"ဒီအိမ်ကလေးဟာ မကြာခင်မှာ သာယာစိုပြေတဲ့ အချစ် အိမ်လေး ဖြစ်လာတော့မယ်..."

ဝရံတာမှာထွက်၍ အိမ်ရှေ့မှခြံကြီးဆီသို့ လှမ်းကြည့် လိုက်သည်။

အိမ်ရှေ့ခြံကြီးထဲမှာ နှစ်ထပ်အိမ်ကြီး ရှိသေးသည်။ သို့သော် လူကြီးဖြစ်သူက လာမနေ၍ ပိတ်ထားသည်။ အိမ်ကြီး နှင့် ထွေးမြင့်နေသော အိမ်ကလေးကြားမှာ မန်ကျည်းပင်၊ ပိန္နဲပင်၊ သရက်ပင်၊ ဒညင်းပင်၊ ဒန့်ဒလွန်ပင်၊ ဆီတ်ဖလူးပင်များ ရှိနေ သည်။

"ဒီခြံကြီးကလဲ... အာဒမ်နဲ့ အေဝတို့ရဲ့ အေဒင်ဥယျာဉ်ကြီး လို့ အချစ်ဥယျာဉ်ကြီးဖြစ်လာတော့မယ်..."

ထွေးမြင့်တက်ကြွနေ၍ စောစောစီးစီး ရေချိုးပြီးပြီ။





မနေ့ကပင် ရုံးမှာခွင့်တစ်ရက်တင်ထားခဲ့သည်။ ထွေးမြင့် မညာ ချင်၍ ခွင့်စာတွင်လက်ထပ်ရန်ဟူ၍ အမှန်အတိုင်း ဖော်ပြခဲ့ သည်။ ရုံးမှလူကြီးများနှင့် အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက် များက ထွေးမြင့်၏သန့်စင်သော မေတ္တာကို လေးစားစွာ ချီးကျူး ကြသည်။

အေးမွန်ကိုယ်တိုင်လည်း ထွေးမြင့်၏ မေတ္တာကို မှန်ကန်စွာနားလည်လာ၍ သိမ်ငယ်စိတ်များ လျော့ပါးလာပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်လာပြီ။

"သူ့ခမျာ... တော်တော်ပိန်းသွားရှာတယ်... အေးလေ... သူ ကြုံခဲ့ရတာတွေက ဝမ်းနည်းကြေကွဲစရာတွေဆိုတော့ စိတ် ထောင်းကိုယ်ကြေဖြစ်မှာပေါ့... ငါနဲ့လက်ထပ်ပြီးရင် ပျော် စရာကောင်းတဲ့အိမ်ထောင်ဘဝမှာ... အရင်ကလို ပြည့် ပြည့်ဖြိုးဖြိုးနဲ့ ပြန်လှလာရမှာပေါ့..."

အေးမွန်ကို အကောင်းဆုံးစိတ်ချမ်းသာအောင် ပြုစု စောင့်ရှောက်ရန် ထွေးမြင့် စဉ်းစားနေမိသည်။ (၈)နာရီခွဲသည် နှင့် အဝတ်အစားလဲသည်။ သတို့သားဝတ်စုံဟူ၍ အသစ်မဝယ် နိုင်ပါ။ မိမိမှာရှိသည့် အဝတ်များထဲမှ အကောင်းဆုံးကို ရွေး ချယ်ထားသည်။ တစ်ခါသာ ရေလျှော်ရသေးသော ရွှေဝါရောင် ပိုးတွဲလုံချည်ကို ဝတ်လိုက်သည်။ ခု-ဦးစီးဖြစ်စက အသစ်ချုပ်

ထားသော အသားရောင်တိုက်ပုံနှင့် ရှပ်အင်္ကျီလည်ကတုံးကို ဝတ်လိုက်သည်။ အသပ်ယပ်ဆုံးဖြစ်သွားပြီ။ ကိုယ့်ဘာသာ ကြည့်ပြီး သဘောကျနေမိ၏။ မြောက်ဥက္ကလာမှာ ဖောင်ကြီးတစ်ပတ်စဉ်ထဲမှ ဒု-ဦးစီးသူငယ်ချင်းနှစ်ယောက်ရှိသည်။ သူတို့ကို သက်သေအဖြစ် လက်မှတ်ထိုးရန် ပြောထားပြီးပြီ။ မြောက်ဥက္ကလာ အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးမှာ စောင့်နေကြမည်။ သူတို့နှင့် ရင်းနှီးသော ရ. ဝ. တ ဥက္ကဋ္ဌနှစ်ယောက်ကိုလည်း သူတို့ပင် တာဝန်ယူ၍ ခေါ်ခဲ့မည်။ အေးမွန်ကိုခေါ်ပြီး တရားရုံးအသွားမှာ သူတို့ကို ဝင်ခေါ်ရမည်။

"အင်း... ဆယ်နှစ်ရှိလောက်မှာ လက်ထပ်ပြီးမှာဆိုတော့ သူတို့ကို ထမင်းကျွေးရမယ်..."

အိတ်ထောင်ကို စမ်းကြည့်ရသေးသည်။ အိတ်ထဲမှာ ထောင့်ရှစ်ရာခန့်ရှိသည်။ လိုလိုမယ်မယ် ငွေစုငွေချေးမှ ချေးထားသော ငွေနှစ်ထောင် လက်ကိုင်အိတ်ထဲမှာပါသေးသည်။

"ကောင်းပါတယ်... မင်္ဂလာ... ထမင်းပွဲလေးပေါ့..."

ကိုးနာရီတွင် ထွေးမြင့် အိမ်မှထွက်လာခဲ့သည်။ ဘယ်သူမျှ အကူအညီမတောင်းချင်၍ အငှားကားတစ်စီးငှားသည်။

"မြန်းမြန်းသာမောင်း..."





လက်ထပ်ရန်သွားသည့် သတို့သားမို့ ထိခိုက်အန္တရာယ်မရှိချင်။ ကားလေးက ဖြည်းဖြည်းမှန်မှန် ပြေးနေ၏။ အေးမွန်နှင့် တွေ့ရတော့မည်။ လက်ထပ်ပြီးလျှင် ဇနီးအဖြစ် အတူနေရတော့မည်။ ထွေးမြင့်စိတ်ထဲမှာပျော်နေ၍ ရင်ခုန်သံများပင် မြန်နေသည်။

❁ ✣ ❁ ✣ ❁ ✣ ❁

## အခန်း (၉၉)

အေးမွန်တို့အိမ်ရှေ့မှာ ကားရောက်ပြီ။ ထွေးမြင့် လက်မှနာရီကို ကြည့်လိုက်သည်။ (၉)နာရီခွဲသာရှိသေးသည်။ အချိန်ကိုက်သည်။

"ဟွန်းသုံးချက်လောက် တီးလိုက်စမ်းပါဗျာ..."

"တီ... တီ... တီ..."

ကားသမားက ထွေးမြင့်ပြောသည့်အတိုင်း ပြုသည်။ မည်သူမျှ ထွက်မလာ။ ထွေးမြင့်ကားပေါ်မှ ဆင်းလိုက်သည်။

"ကားဆရာ ခဏစောင့်နေနော်... ဒီမှာတစ်ယောက် ခေါ်ပြီး ဆက်သွားမှာ..."

"ဟုတ်ကဲ့... စောင့်နေပါ့မယ်..."

ထွေးမြင့် အိမ်ခြံဝင်းထဲသို့ ဝင်လိုက်သည်။

"ဟ… ဘယ်သွားနေကြပါလိမ့်…"

အောက်ထပ်အိမ်တံခါးသော့ပိတ်ထားသည်။ အစော ကြီးပြင်ဆင်ပြီး၍ တံခါးပိတ်ပြီး အသင့်စောင့်နေသည်ထင်သော ကြောင့် အနီးဝန်းကျင်ကို လျှောက်ကြည့်သည်။ မတွေ့ရ။ ခင်မာ ဆိုသောမိန်းကလေးက မအူပင်ကို အစောကြီးထွက်သော သင်္ဘောနှင့်လိုက်မည်ဟု ပြောထားသည်ကို သတိရသည်။ ခင်မာ မရှိ၍ အိမ်တံခါးပိတ်ထားပြီး အနီးအပါး ဆိုင်တစ်ခုခုမှာ လိုအပ် တာများ သွားဝယ်နေလေသလား… ဆိုင်လေးများကိုလိုက်ကြည့် ရန် နောက်ပြန်လှည့်လိုက်သည်။

"အကိုကြီး… ဟိုအကိုကြီး… ခဏနေပါဦး…"

အိမ်ပေါ်မှ ခေါ်သံကြား၍ နောက်သို့လှည့်ကြည့်လိုက် သည်။ မိန်းကလေးတစ်ယောက် ခေါ်နေခြင်းဖြစ်သည်။

"အောက်ထပ်က မအေးဆုမွှန်ဆီလာတာလား…"

"ဟုတ်ပါတယ်…"

"နာမည်က ကိုထွေးမြင့်လား…"

"ဟုတ်တယ်…"

"ခဏလေးနော်…"

ထွေးမြင့်ရပ်စောင့်နေရသည်။ မိန်းကလေးက အိမ်





ပေါ်မှ ဆင်းလာသည်။ သူ့လက်ထဲမှာ စာတစ်စောင်။

"ကိုထွေးမြင့်ဆိုတာလာရင် ဒီစာပေးလိုက်ပါ… မှာသွား လို့…"

မိန်းကလေးက သူ့လက်ထဲမှစာကို ပေးသည်။

"သူဘယ်သွားလဲ…"

"မသိဘူး…"

"ဟင်…"

"ခင်မာရော…"

"သူလဲ မနက်အစောကြီးကပဲ မအူပင် ပြန်သွားပြီ…"

ထွေးမြင်စာကို အမြန် ဖောက်ဖတ်လိုက်သည်။

ကိုထွေး…

ကိုထွေးနဲ့လက်ထပ်ပြီး… ကိုထွေး မျှော်လင့်သလို အချစ် အိမ်လေးမှာ နှစ်ယောက်အတူ ပျော်ပျော်ရွှင်ရွှင် နေကြဖို့ အေးမွှန်လဲ ဆုံးဖြတ်ပြီးသားပါ…

အဲဒီရက်ကိုမျှော်ပြီး အေးမွှန် ကိုယ်တိုင်လဲ ပျော်နေခဲ့ တာပါ။

ဒါပေမဲ့ အေးမွှန်ကို ခွင့်လွှတ်ပါ… အေးမွှန်မှာ ကိုထွေး နဲ့လက်ထပ်နိုင်ခွင့် မရှိတော့ဘူး… ကိုထွေးက စိတ်သဘော

ထားကြီးစွာနဲ့ အေးမွန်ကို ခွင့်လွှတ်နိုင်ပေမဲ့ သဘာဝတရားက အေးမွန်ကို ခွင့်မလွှတ်ဘူး... ။

ကိုထွေးနဲ့လက်ထပ်ဖို့ သဘောတူပြီးတဲ့ နောက်တနေ့မှာပဲ... အေးမွန်စိတ်ထဲမှာ သံသယရှိလို့ ဆေးရုံကြီးတစ်ခုမှာ အေးမွန် ကျန်းမာရေး အခြေအနေကို သွားစစ်တယ်။ သွေးကိုပါ ဖောက်ယူထားလိုက်တယ်...

ကျန်တာအားလုံး ဘာမှ ထူးခြားမှု မရှိပါဘူး... သွေးစစ်ထားတာ မနေ့က ညနေကျမှ အဖြေသိရတယ်...

အေးမွန်သွေးထဲမှာ အိပ်ချ်အိုင်ဗွီပိုး တွေ့ရတယ်တဲ့...

တန်ပါတယ်... ကိုယ့်မိုက်ပစ်နဲ့ကိုယ် ခံပါမယ်။ ဒါပေမဲ့ အပြစ်မရှိတဲ့ ကိုထွေးကိုတော့ ကိုယ် မိုက်မဲခဲ့တဲ့ အပြစ်ဒဏ် မခံစေရဘူး။

အချိန်မှီ သိလိုက်ရတာကိုပဲ... ကိုထွေးအတွက် ဝမ်းသာလိုက်မိပါတယ်...

ဒါပေမဲ့... ကိုထွေးရယ်... ကိုထွေးနဲ့ ပေါင်းရဖို့ ကံဇာတာမပါတာကိုတော့ ဝမ်းနည်းလိုက်တာ... ကိုထွေးကိုလဲ သနားလိုက်တာ... အေးမွန် ကိုထွေးကို သိပ်ချစ်ပါတယ် အခုတကြိမ် ပြန်ချစ်ရတဲ့အခါမှာ ဘာနဲ့မှမတူအောင် လေးနက်တဲ့ မေတ္တာမျိုးနဲ့ချစ်တာပါ...





ကိုထွေးနဲ့အတူ ကိုထွေးရင်ခွင်မှာ နေချင်လိုက်တာ...

ဒါပေမဲ့ အေးမွန်ကို ခွင့်လွှတ်ပါ... ကိုထွေးရယ်... မနေ့ညက အေးမွန် တစ်ညလုံး ငိုပါတယ်... ကိုထွေးနဲ့ အတူနေခွင့် မရတော့တဲ့ဘဝမှာ အေးမွန် ဆက်ပြီးတော့လဲ အသက်မရှင်ချင်တော့ပါဘူး...

မခွဲခွာခင်မှာ ကိုထွေးမျက်နှာကို ခဏလေးဖြစ်ဖြစ် မြင်ချင်လိုက်တာ... အဲဒီ ဆန္ဒက အေးမွန် ရှူးမတတ် ခံစားရတယ်... ဒါပေမဲ့... ကိုထွေး ဒီစာဖတ်နေတဲ့အချိန်ဆိုရင် အေးမွန် အဝေးကြီးကို ရောက်နေပါပြီ။

အေးမွန် ဘယ်မှာရှိမယ်ဆိုတာ ဘယ်သူ့မှ မပြောခဲ့လို့ ဘယ်သူမှ မသိပါဘူး။

ကိုထွေး... အေးမွန်ကို လိုက်မရှာပါနဲ့... ကိုထွေး ဘယ်လိုမှ ရှာလို့ မတွေ့တဲ့နေရာထိ အေးမွန် သွားမှာပါ။

ကိုယ်သိပ်ပြီး ချစ်မြတ်နိုးတဲ့ လူနဲ့ကျမှ ပေါင်းခွင့်မရတဲ့ ကိုယ့်အဖြစ်ကို ဝမ်းနည်းကြေကွဲလို့ မဆုံးအောင် ခံစားရတယ်... နောင်ဖြစ်လေရာ ဘဝမှာ ပေါင်းရပါစေလို့ ဆုတောင်းခဲ့ပါတယ်...

သိပ်လွမ်းတာပဲ... ကိုထွေးရယ်...

သွားတော့မယ်ကွယ်

၄ သစ္စာပျက်မ၊ အမိုက်မ

အေးမွန်

ထွေးမြင့် မျက်လုံးအိမ်ထဲမှ မျက်ရည်များ ပြည့်လျှံလာကြပြီ။ စာလာပေးသော မိန်းကလေးက ဘေးမှာ ရပ်ကြည့်နေဆဲ။ ထွေးမြင့် မိန်းကလေးကို နှုတ်မဆက်နိုင်တော့ဘဲ ရုတ်တရက် လှည့်ထွက်လာခဲ့သည်။

သို့သော် လွင့်စင်ကျသွားသော မျက်ရက်စက်ကို မိန်းကလေး မြင်သွားမည် ထင်ပါသည်။ မတတ်နိုင်။ ကျန်သော မျက်ရည်များကို ထွေးမြင့် လက်ဖြင့်သုပ်ရင်း စောင့်နေသော မော်တော်ကားဆီသို့ သွားနေမိပါသည်။

❀ ✣ ❀ ✣ ❀ ✣ ❀



# အခန်း (၁၀၀)

မွန်းတည့်ချိန်မှ နေမင်းကြီးက ချစ်ချစ်တောက်လောင်ပူပြင်းနေ၏။ ရန်ကုန်မြို့၏ ကတ္တရာလမ်းမကြီးများမှာ အဆီးအတားမရှိ နေရောင်ကျရောက်နေ၍ အထက်ပူ အောက်ပူ သာမက လေပူနှင့် ကတ္တရာငွေ့ အပူအားဖြည့်ပြီး ပူလောင်နေသည်။

ကတ္တရာလမ်းပေါ်မှ မျဉ်းကြားပေါ် ဖြတ်လျှောက်နေတော့ ထွေးမြင့်၏ရင်ထဲမှာ ထိုအပူများထက် ဆယ်ဆကဲ၍ ပူနေသည်။

ဒေါ်လှပို ထမင်းဆိုင်သို့ လာတိုင်း အေးမွန် ဖြတ်နေကျ မျဉ်းဝါကြားပေးမှာ လျှောက်လှမ်းနေ၍ ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

"ဖြစ်ရလေတယ်... အေးမွန်ရယ်... "

ဆုံးရှုံးသွားပြီဆိုသော အသိက ထွေးမြင့် တစ်ကိုယ်လုံးမှာ အားမရှိတော့သလို ခံစားရသည်။

"အားလုံး ဆုံးရှုံးသွားပြီ... "

ထွေးမြင့်အတွက် မျှော်လင့်ချက် ရောင်ခြည်များ ပျောက်ကွယ်သွားလေပြီ။ အကြီးမားဆုံး အရှုံးမှာ ချစ်သူမျက်နှာလေးကို မခွဲခွာခင် တစ်ကြိမ်မျှပင် မမြင်လိုက်ရခြင်း ဖြစ်သည်။ မြင်လိုက်ချင်သည်။ တစ်သက်လုံး မှတ်မိနေအောင် အားပါးတရ ကြည့်လိုက်ချင်သည်။

သွားရှာပြီ။ ဘယ်သိုသွားမှန်းမသိ။ ဝတ္ထုများ၊ ရုပ်ရှင်များတွင် နောက်ဆုံးအခန်းမှာ ချစ်သူပျောက်ကို ရှာသောအခါ သူတို့နှစ်ဦး အမြတ်တနိုး ဆုံတွေ့လေ့ရှိသော နေရာလေးသို့ သွားရသည်။

ထိုနေရာလေးမှာ ချစ်သူကိုတွေ့၍ကြည်နူးပျော်ရွှင်စွာ ဇာတ်ပေါင်းသွားကြသည်ကို စဉ်းစားရင်း ထွေးမြင့်၏ ခြေလှမ်းများက ဒေါ်လှပိုဆိုင်ဆီသို့ ဦးတည်နေကြသည်။

"ဒေါ်လှပိုဆိုင်မှာ... အေးမွန်ရှိနေရင်... "

"အိပ်မက်အိုင်ဗွီပိုးရှိတယ်ဆိုတာ တကယ်မဟုတ်ဘဲ... ညာပြောတာပါဆိုရင်... "

မျှော်လင့်ချက်ကြီးစွာနှင့် ထွေးမြင့် စိတ်ကူးယဉ်ကြည့်လိုက်သေးသည်။ ဒေါ်လှပိုဆိုင်နှင့် နီးလာပြီ။ ဆိုင်ဆီသို့ လှမ်းကြည့်လိုက်သည်။

"အို... ဘယ်လို ဖြစ်တာပါလိမ့်... "

ထွေးမြင့် အံ့ဩရသည်။ ဒေါ်လှပို၏ ထမင်းဆိုင်လေး





မရှိတော့ပါ။ ထို ထမင်းဆိုင်လေး၏ တစ်ဖက်တစ်ချက်မှ တိုက်အဟောင်းကြီးများလည်း မရှိတော့ပါ။

ထိုနေရာတွင် အဆောက်အဦ အသစ်ကြီးတစ်ခု ဆောက်ရန် အောက်ခြေအဆင့်ပင် တည်ဆောက်ပြီး ဖြစ်နေပြီ။

"ဪ... ပြောင်းလဲတာတွေက မြန်လိုက်တာ... "

ထွေးမြင့်၏ ခြေလှမ်းများ နှေးကွေးလေးလံသွားကြသည်။ ဘယ်ကို ဆက်သွားရမှန်း မသိတော့ပါ။ အေးမွန်ကို အလွမ်းပြေ နေရာလေး တစ်နေရာ။

ထွေးမြင့် စဉ်းစားသည်။

"ရဲရင့် ရုပ်ရှင်ရုံ... "

ခေါင်းထဲမှာ ပေါ်လာသည်။ အေးမွန်နှင့် ပထမဆုံးအကြိမ် ရုပ်ရှင်အတူကြည့်ခဲ့သောနေရာ။

ခြေလှမ်းများကို နောက်ကြောင်းသို့ ပြန်လှည့်လိုက်သည်။ ဗိုလ်ချုပ်လမ်းမကြီးကို ဖြတ်ကျော်လိုက်သည်။ ရဲရင့်ရုပ်ရှင်ရုံဆီသို့ လှမ်းကြည့်လိုက်သည်။

"အို... ဖြစ်မှဖြစ်ရလေ... "

ထွေးမြင့် အံ့ဩရပြန်သည်။

ရဲရင့်ရုပ်ရှင်ရုံ မရှိတော့ပါ။ ထိုနေရာတွင် ဖြိုဖျက်ထားသော အပြိုအပျက်များကို ရှင်းလင်းနေကြပြီ။ အသစ်ဆောက်မည့် အဆောက်အဦ ပုံစံကို လမ်းဘေးမှာ ထောင်လျက်သားတွေ့ရသည်။ အေးမွန်ကို အလွမ်းပြေ ကြည့်စရာ နောက်တစ်

နေရာမှာလည်း ပျောက်ကွယ်သွားပြန်ပြီ။

"လွမ်းတယ် ကိုထွေးရယ်... "

အေးမွန်၏စာအဆုံးနားမှာ ရေးထားသည်ကို သတိရပြီး ရင်ထဲမှာ ဆွေးဆွေးမြေ့မြေ့ ခံစားရသည်။

ဒီဘဝမှာ အေးမွန်ကို ပြန်တွေ့ရဖို့ အခွင့်အရေး မရှိတော့ရုံသာမက အေးမွန်နှင့် ဆုံခဲ့ကြသော အချစ်နေရာလေးများကိုပင် ပြန်မြင်ရမည် မဟုတ်တော့ပါ။

"လွမ်းတယ်... အေးမွန်ရယ်..."

ထွေးမြင့် ကြေကွဲစွာ တမ်းတလိုက်မိသည်။

လယ်ကျွင်းသား ဇော်ချစ်
၅၃ (က) ခရေပင်လမ်း၊ ၂(ခ) ရပ်ကွက်
မင်္ဂလာဒုံ၊ ရန်ကုန်။

မြူးပန်းတောစ်ရာစာပေ